www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com



အောင်စေပိုင် စီစဉ်ဖန်တီးသည်

မဂ္ဂဇင်း

၂၀၁၄ ခုနှစ်၊ ဇူလိုင်လ
အတွဲ(၉)၊ အမှတ်(၁)

## ကျေးဇူးရှင်မိဘနှစ်ပါးအား ရိုသေမြတ်နိုး လက်ဆယ်ဖြာထိပ်မှာမိုး၍ ရှိခိုးပူဇော်ကန်တော့ပါ၏။

BURMESE CLASSIC

### သက်တော်မြဲဂါထာ

အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော၊
ယံ ပရူပက္ကမေန တထာဂတံ ဇီဝိတာ ဝေါရောပေယျ။
အနုပက္ကမေန ဘိက္ခဝေ တထာဂတာ ပရိနိဗ္ဗာယန္တိ။
ဧတေန သစ္စဝဇ္ဇေန သောတ္ထိ မေ ဟောတု သဗ္ဗဒါ။

### ဒို့တာဝန်အရေးသုံးပါး

| | | |
|---|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ... | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ... | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ... | ဒို့အရေး |

### ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်ကျင့်ဝတ်အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

www.burmeseclassic.com









# မာတိကာ

## ဘာသာရေးဘုရားသမိုင်း


- ဗားမဲ့ဆရာတော်စီရင်ပေးပြီး. . . . . ... မင်းထက်ကျော်(B.Sc) ၇
- မောင်းမကန်မျှော်ရစ်သို့တစ်ခေါက်. . . . . ... ဝင်းကိုဇော် ၂၅
- သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်သို့. . . . . ... မြမဥ္ဇူဝေ(ကျုံမငေး) ၆၀
- ဘုရားဖူးရင် ဝင်ကြွေးတွေမြေ(၂) ... သက်နှင်းဆွေ(ပုပ္ပါး) ၁၁၆
- လိုရာပြည့်စုံ မြို့မုံရွာရဲ့. . . . . ... အယ်ဒီတာတစ်ဦး ၁၂၆
- ကုသိုလ်တော်အစုံထူးလို့. . . . . ... ဗေဒသုတေသီဆရာမျိုး ၁၉၀


## ဘာသာရေးသုတ/ရသဆောင်းပါး


- ရွှေတိဂုံစေတီတော်ရှိ သာသနာစောင့်ပုဂ္ဂိုလ်များနှင့် ... ကိုမောင်သန်းဝင်း ၁၄
- တစ်ရာထက်မြတ်သောတစ်ရက် ... မေတ္တာရှင်ရွှေပြည်သာ ၁၉
- လောကရှိသတ္တဝါများကွဲပြားမှု ... တက္ကသိုလ်သျှင်သီရိ ၃၃
- ပရဟိတအောင်တော်မူစေတီတော်ကြီး ... စမအောင် ၃၆
- ဘိုးဘွားပူဇော် သံဝေဂအမျှဝေပွဲတော် ... မင်းတိုင်ပင်(မြရောင်မြေ) ၄၇
- သေမှာကြောက်သူနှင့် သေမှာမကြောက်သူ ... မောင်ထည်ဝါ(ပျော်ဘွယ်) ၅၆
- သံယောဇဉ်အနှောင်အဖွဲ့တွေနှင့်. . . . . ... ကြည်တင့်နိုင် ၆၄
- ကြာခိုငရဲနှင့် ရုစာမင်းသမီး ... ဓမ္မာစရိယဦးဌေးလှိုင် ၇၁
- ဝေယျာဝစ္စဆောင်ရွက်သော ဆရာတော်ကြီးနှစ်ပါး ... ဝေယံဦး ၈၆
- သက်တော်ရှည် သာယာကောင်းဆရာတော်ကြီးနှင့် ... ကိုနေဦးမောင်(ပခုက္ကူ) ၇၉
- ဩကာသကန်တော့ချီး(၅) ... ဆန်းဝင်းအောင်မြေ ၉၂
- ကျေးဇူးရှင် ဖြပ္ပာကြီး. . . . . ... ယောဂီစောလွင် ၁၈၀


BURMESE CLASSIC

## မန္တန်၊ ဂါထာ၊ ကျင့်စဉ်


- လာဘမုနိ ကက်ကင်းအမိဌာန်ကိုယ်တွေ့ ... ဆရာကြီးဦးအောင်မြိုင် ၁၇
- မဟာမြတ်မုနိ အဓိဌာန်ကျင့်စဉ် ... အောင်ကောင်းမြ(သာကေတ) ၃၀
- သောကမီးတွေငြိမ်းစေဖို့. . . . . ... ဇရာမြေထွန်းထွန်း ၄၀
- လေမုန်တိုင်းနှင့် မိုးကြိုးလွဲဂါထာတော် ... ကိုရွှေမြသန်း(သမိုင်း) ၆၈
- ဘုရားဂုဏ်တော်ရွတ်ကြမယ်. . . . . ... ကိုဖိုးတင်အောင် ၇၇
- စမဗဝ စမကြီးလေးလုံးနှင့်. . . . . ... ပေါ်လွင်ဦး(ရေး) ၉၀


## တိုင်းရင်းဆေး


- အမျိုးသားများအတွက်ဆေးဟင်းတစ်ခွက် ... လှစွမ်းမြင့်(နတ်မောက်) ၁၈၈
- နှလုံးနှင့် သွေးပေါင်ချိန် မြင့်တက်မှုကို. . . . . ... ကျော်မင်းသော် ၂၃၀
- ဆေးဖက်ဝင်ခရေ ... စိုးစိုး [illegible]
- အစာအိမ်တွင် အနာဖြစ်နေ၍. . . . . ... မောင်ကျော်(ဘီးလင်း) ၂၇၃
- လေးညှင်းပွင့်ငယ် ဆေးသုံးကြွယ် ... ကျော်စွာဟိန်း(ရွှေ[illegible]ကား) ၂၈၉
- ငါး၊ ငါးရှဉ့်တို့၏ ဆေးမြီးတိုအသုံးများ ... အောင်ဆ[illegible]လင်း(ဘီအေ)၃၃၁


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

## ဇာတ်ဝင်ရသ


- ရှင်သီဝလိမွေးနေ့ပွဲ ... စိတ်မိုး ၄၃
- သူတော်ကောင်းတို့ နှလုံးသား ... ပေါ်လွင်ဦး(ရေး) ၁၄၂
- ပဏ္ဍိတာနဥ္စသေဝနာ ... ပန်းတနော်နောင်လတ် ၁၅၇
- အကောင်းမြင်ဝါဒ ကုသိုလ်ရှင်သူဌေးကြီး ... ရွှေတာလေး(လွယ်လင်) ၁၆၉


## အထွေထွေသုတ၊ ရသဆောင်းပါး


- မကွေးမြို့နယ်၊ ဘုရားပြိုရွာ..... ... မကွေးလှမြင့် ၉၆
- စာအုပ်စင် ... သုတအံ့ ၁၀၉
- နေနတ်သားတင်မှ ပျောက်သောဝေဒနာ ... ညွန့်ဝင်း(နတ်တလင်း) ၁၃၃
- သတင်းပုံရိပ်များ ... မောင်ဝေအေး ၂၀၀
- ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝကံဇာတာ ... အောင်ဘုန်းမြင့်(ကချင်မြေ) ၂၀၈
- ဘဒ္ဒပီဌပလ္လင်တော် ... ကိုအေးမြင့်(ရှေး/သု) ၂၁၂
- နက္ခတ်သိပ္ပံရှုထောင့်အမြင်နှင့်..... ... ဦးဖေယျာကို ၂၃၈
- ရွှေဥဒေါင်းငှက်နှင့် မောရသနပလ္လင် ... ဇရာမြေကျော်ဝေ ၂၆၁
- ထူးဆန်းထွေလာ ဤကမ္ဘာ ... မောင်လင်းအောင် ၂၈၂


BURMESE CLASSIC

## ဂန္ထိရဆန်းကြယ်ဝတ္ထုများ


- အမှား ... အောင်ငြိမ်းလှိုင်(ဥက္ကလာ) ၁၀၀
- လမိုက်သောညတစ်ည ... ပေါ်လွင်ဦး(ရေး) ၁၁၂
- လူမစွမ်းမြွေ့မ ... မောင်မေတ္တာ(ရွှေဟသ်ာ) ၁၃၆
- မေ့မရနိုင်ပါ မြသီတာ ... ညီလေးငယ်(လယ်တော်) ၁၅၀
- အစစ်တစ်ခု အတုတစ်ထောင် ... လှကျော်ညွန့်(ရေကင်း) ၁၆၄
- လူမနေသောအိမ်ကြီး ... ဇော်မင်း(ဒဂုံမြောက်) ၂၆၃
- သူမ၏တောင်းပန်စာနှစ်စောင် ... ဂါဦးနွန်းကို ၁၇၄
- ထူးဆန်းအံ့ဖွယ်တောတွင်းဝယ် ... မြသိန်း ၂၀၄
- မသေဘဲ နာရေးဖြစ်ခဲ့စဉ်က ... မင်းဟိန်းထိဝ် ၂၂၀
- ချစ်သူ့လိပ်ပြာ ... မကွေးညိုစိမ့် ၂၃၃
- ဗျူဂွသေလာမိစ္ဆာ ... ဇလွန်ကျော်ဦး ၂၄၈
- ကျွန်မရဲ့ ပန်းကျိန်စာ ... ထန်းတပင်စန်းလွင် ၂၇၇
- ဝင်္ကြွေးတံ့တင် ရှိပါလျှင် ... မောင်အေးနှစ် ၂၉၁
- မြိုင်သာယာမှ သောတရှင် ... ဘိုဘို(ရွှေကံလှ) ၂၉၆
- တံခါးနောက်ကွယ်က တစ္ဆေလက်ပြက် ... မောင်မောင်ကြီး(လှိုင်နယ်မြေ) ၃၀၅








www.burmeseclassic.com

www.burmeseclassic.com



**အယ်ဒီတာချုပ်**
မောင်ညိုအေး (ပန်းတော)
**တာဝန်ခံအယ်ဒီတာ**
ပြည်စိုး (10 D)
**မျက်နှာဖုံးနှင့် အတွင်းဒီဇိုင်း**
ဟိန်းမင်းဇော်
**ကွန်ပျူတာစာစီ**
စန်းစန်းထွေး A7 Group
**ကြော်ငြာနှင့် ဖြန့်ချိရေး** - မိမိလေး ထုန်လေး
**ပြင်ပဆက်သွယ်ရေး** - ထင့်မင်းဆု
**မျက်နှာဖုံးဓာတ်ပုံဒီဇိုင်း** - ကျော်မင်းအောင်
**မျက်နှာဖုံးဝန်းရံ** - မောင်မြင့်ဌေး
**အတွင်းသရုပ်ဖော်ပန်းချီ**
ဝင်းသိန်း၊ အောင်နိုင်လတ်၊ ကျော်ဦး
ကျော်စိုးညိန်း၊ မောင်မြင့်ဌေး၊
ဆူးထက်အောင်၊ ပညတ်

**တန်ဖိုး** - (၂၂၀၀)ကျပ်
**အုပ်ရေ** - (၅၀၀)


**ထုတ်ဝေသူ**
ဦးညီဇော်ထွန်း (၀၄၃၃၇)
**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။
**အတွင်းဖလင်** - ကိုမျိုးညွန့် (A7 Group)
**စာအုပ်ချုပ်** - ဦးတင်လှ
**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်**
ဒေါ်ထွေးယုံ(တောင်းစံပုံနှိပ်တိုက်)၊
အမှတ်(၂၇၉/ခ) ၄၀-လမ်း၊
အမှတ်(၉)ရပ်ကွက်၊ ကျောက်တံတား။


| | |
|---|---|
| မန္တလေး | ထွန်းဦးစာပေ |
| | နဂါးစာပေ |
| ရှမ်းတောင်၊ ကယား | မိလျံနာစာပေ |
| မော်လမြိုင် | ကျော်ကျော် |
| ပြည် | သုခ၊ နေစေး |
| နေပြည်တော် | မြတ်ရွှေတောင်စာပေ |
| နေပြည်တော်ပျဉ်းမနား | ဖြိုးဝေလွင်စာပေ |
| ပဲခူး | သဇင် |
| ဟသ်ာတ | တာလေးမောင် |









## အဆောင်၊ အစီအရင်၊ ယတြာ


- စနေ အင်္ဂါ သားသမီးတို့နှင့်. . . . . ... ကိုသက်ရှည် ၁၈၇
- တောင်းတဲ့ဆုတိုင်းပြည့်ပါစေ ... နိယာမဆရာအောင်ကျော်မင်း ၂၂၇
- လာဘ်လာဘရွှင်လန်းစေမည့်. . . . . ... ရဲလေး(ဟသ်ာတ) ၂၃၂
- အကြံပြုစာမျက်နှာ ... ခေတ္တရာဆရာကျော် ၂၆၉
- နေ့အလိုက် ဥစ္စာပျောက်ဟောနည်း ... မင်းကြည်ဖြူ ၂၇၀
- အိမ်ထောင်ဖက် ရွေးချယ်မှန်ကြစေ. . . . . ... ကျော်မိုးလွင်(ဝါးခယ်မ) ၂၇၅
- နဂါးလှည့်လည်းကြည့်. . . . . ... မောင်တင်ကြွယ်(ပြည်) ၃၀၂
- ပျက်လျှင်ပြင်ကြည့် ပျက်မထိ ... ဦးကျော်(ပြည်) ၃၁၃


## အသုံးချပညာရပ်များ


- ၂၀၁၄၊ ဇွန်လ၊ ၁၂ ရာသီခွင်နှင့် သင့်ကံတရား ... တက္ကသိုလ်စိုးမိုးနိုင် ၁၄၅
- နာမက္ခရဆန်း ... ဂမ္ဘီရဆရာလှမျိုး ၁၆၁
- ၂၀၁၄၊ ဇွန်လ၊ ကောင်းကင်ဂြိုဟ် ရပ်ထည်မှု
  ၁၂ ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ ... ဦးဇေယျာကို ၂၃၈
- ဘဝပုစ္ဆာအဖြေရှာ ကဏ္ဍ ... ဆရာတက္ကသိုလ်စိုးမိုးနိုင် ၂၅၈
- ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း ... အောင်အတိတ်အောင်နိမိတ်ဆရာ ၃၀၈
- ၂၀၁၄၊ ဇွန်လအတွက် လိုအင်ဆန္ဒပြည့်ဝ
  အောင်မြင်စေမည့် (ကာ၊ကု၊ဖွင့်)နဝင်းယတြာအစီအရင်များ. . . ဆရာမြတ်ထွန်းခေါင် ၃၁၅


www.burmeseclassic.com


www.burmeseclassic.com



မျက်လုံးတော်ပွင့်ပြီး ပြုံးတော်မူနေသည့် အောင်သိဒ္ဓိစကြာရှင်ရုပ်ပွားတော်
မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်။

www.burmeseclassic.com

www.burmeseclassic.com




အောင်သိဒ္ဓိစကြာရှင်ရုပ်ပွားတော်

မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဆုတောင်းပြည့်ဘုရားကြီးကျောင်းတိုက်။


www.burmeseclassic.com

www.burmeseclassic.com

၈ - JUN 2014

# မားမဲ့ဆရာတော် စီရင်ပေးပြီး ဘုရင်မကြီး ရှင်စောပု ကိုးကွယ်ပူဇော်ခဲ့သော ဘုရားသုံးဆူနှင့် ထူးခြားမှုများ

မင်းထက်ကျော်(B.Sc)




လွန်ခဲ့သော နှစ်က စာရေးသူသည် မွန်ပြည်နယ်၊ ကျိုက်မရောမြို့နယ်၊ ဆုတောင်းပြည့် ဘုရားကြီးကျောင်းတိုက်သို့ ရောက်ရှိသွားပါသည်။ ထိုကျောင်းတိုက်ဝင်းအတွင်းတွင် ဆုတောင်းပြည့် ကျိုက်မရောဘုရား၊ နီးဘုရား၊ မဟာမြတ်မုနိဘုရား၊ နဂါးသိုက်ချုပ်ဘုရား စသည့် ဘုရား၊ စေတီတော်များ တည်ထားကိုးကွယ် ပူဇော်ထားပါသည်။ စာရေးသူ ရောက်ရှိချိန်တွင် ထူးခြားသော ဘုရားသုံးဆူကို ဒက္ခိဏာရာမိက ဓမ္မဗိမာန်တော်ကြီးတွင် ကြည်ညိုဖွယ်ဖူးတွေ့ရပါသည်။




www.burmeseclassic.com

www.burmeseclassic.com




ထို ဗိမာန်တော်ကြီးတွင် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများလည်း ညအိပ် တည်းခိုကြသည်။ တရားပွဲလည်း ကျင်းပတာ နာကြားရသည်။ ထိုဆုတောင်းပြည့် ကျောင်းတိုက်ကြီးတွင် ဆရာတော် ဘဒ္ဒန္တဝါရိန္ဒ (သဒ္ဓမ္မဇောတိကဓဇ)၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ကျောင်းထိုင်တော်မူပြီး နောက်ပိုင်း သာသနိက အဆောက်အအုံများ တိုးတက်ထင်ရှားလာပါသည်။ အထူးသဖြင့် မြေတူးရာမှ နဂါးဥများ ရရှိပြီး လေးကျွန်းစကြာ သစ္စာပန္နက် ဆုတောင်းပြည့် နဂါး






www.burmeseclassic.com

www.burmeseclassic.com









www.burmeseclassic.com

www.burmeseclassic.com

သိုက်ချုပ်ဘုရားတို့ တည်ထားနိုင်ခြင်းဖြစ်သည်။ ထို့ထက် ပိုမိုထူးခြားလာသည်မှာ ဖားမဲ့ဆရာတော်ဘုရားကြီး စီရင်ပေးတော်မူခဲ့ပြီး မွန်ဘုရင်မကြီး ရှင်စောပု ကိုးကွယ်ပူဇော်ခဲ့သည်။ အောင်သိဒ္ဓိ စကြာရှင်၊ အောင်သိဒ္ဓိ မေတ္တာရှင်၊ အောင်သိဒ္ဓိ သစ္စာရှင် ဘုရားသုံးဆူ အပူဇော်ခံ တန်ခိုးပြခြင်းများ ဖြစ်ပါသည်။



ရှေးအခါက မွန်တို့ဌာနေ ဟံသာဝတီတိုင်း နေပြည်တော်ကြီးတွင် ဖားလေးပါးတွင် တစ်ပါးပါဝင်သော ဖားမဲ့ဆရာတော်ကြီး သီတင်းသုံးနေတော်မူခဲ့ပါသည်။ တစ်နည်းအားဖြင့် ဟံသာဝတီ၊ ပဂံ၊ အင်းဝ ခေတ်သုံးခေတ်မီခဲ့သော ဆရာတော်ဖြစ်သည်။ ဆရာတော်သည် မြန်မာပြည်သူပြည်သားများ ကပ်သုံးပါးကျော်လွတ်စေရန်၊ တိုင်းပြည်ဖွံ့ဖြိုး တိုးတက်စေရန်၊ ခုနစ်နေ့သားသမီးများ စီးပွားရေး အဆင်ပြေစေရန် လောကီအစီအရင်များ ဆောင်ရွက်ပေးတော်မူခဲ့ပါသည်။ ထို့အပြင် မင်းဆရာတော်အဖြစ်လည်း ထင်ရှားခဲ့သည်။

လောကီပညာလိုက်စားသူများအနေဖြင့် ဖားမဲ့ဆရာတော်ကို မသိသူ မရှိကြပေ။ ဖားမဲ့တွင် အစစာလုံး "ဗ"နှင့် "ဘ"သာ ရေးသားမှု ကွာခြားတာ တွေ့ရပါသည်။ ဖားမဲ့ဆရာတော် စီရင်ပေးသော ဦးရွှေအိုးဘုရားမှာ အထူးထင်ရှားပါ





www.burmeseclassic.com

www.burmeseclassic.com



သည်။ ဗားမဲ့အစီအရင်ကျမ်းစာအုပ်များလည်း ယနေ့တိုင် မရှိးအောင် ဖတ်မှတ်လေ့လာရပါသည်။

မွန်ဘုရင်မကြီး ရှင်စောပု ဆိုလျှင်လည်း မသိ၊ မကြား ဘူးသူ မရှိပေ။ ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် ရှင်စောပု ဘုရားမှာ အဲ့ဖွယ်ကိုးပါးတွင် တစ်ပါးပါဝင်သည်။ "ရွှေတိဂုံ နှင့် ဘုရင်မကြီး ရှင်စောပု"အမည်ဖြင့် ဆရာ တက္ကသိုလ် စိုးမိုးနိုင်မှ စာအုပ်ထုတ်ဝေထားပါသည်။ အခြား ထင်ရှား သော ဆရာ၊ ဆရာမများမှလည်း "ရှင်စောပု"အမည်ဖြင့် လုံးချင်းဝတ္ထုရေးသားထုတ်ဝေထားပါသည်။

ဘုရင်မကြီး ရှင်စောပုသည် မိဖုရားဘဝရောက်ရှိရ သလို၊ ဘုရင်မကြီးဘဝဖြင့်လည်း နေထိုင်ရသူ ဖြစ်သည်။ ဟံသာဝတီဘုရင် ရာဇာဓိရာဇ်တွင် မိဖုရားသုံးပါး ရှိသည်။ မိဖုရား သုံးပါးအနက်က တလသုဒ္ဓမာယာမှာ သားတော် နှစ်ပါး၊ သမီးတော်တစ်ပါးတို့ကို ဖွားမြင်ခဲ့သည်။ သက္ကရာဇ် ၉၆၁ ခုနှစ်၊ ညောင်ရမ်းမင်းတရားကြီးလက်ထက်တွင်လည်း ဗားမဲ့ဆရာတော်မှာ မင်းဆရာတော်တစ်ဆူအဖြစ် ထင်ရှားခဲ့ ၍၊ ရှင်စောပုဘုရင်မကြီးလက်ထက် ဗားမဲ့ဆရာတော် စီရင် ပေးခဲ့သည်မှာ ဆက်စပ်မှု ရှိနိုင်ပါသည်။

အောင်သိဒ္ဓိစကြာရှင် မြတ်စွာဘုရား ပလ္လင်တော်တွင် အင်းအစီအရင်ပြုလုပ်ပေးပြီး အတွင်း၌ ဓာတ်တော် ဌာပနာ သည်ဟု သိရသည်။ အောင်သိဒ္ဓိ မေတ္တာရှင်၊ သစ္စာရှင် ဘုရားနှစ်ဆူဆိုလျှင် ရှင်စောပု၏ ဖခမည်းတော် ဗညားနွဲ့ လက်ထက်ကပင် ကိုးကွယ်ခဲ့သည်ဟု သိရပါသည်။ မွန် ဘုရင်မကြီး ရှင်စောပု ကိုးကွယ်ပူဇော်ခဲ့သော စေတီတော် တစ်ဆူကို မြေနီကုန်းတွင် ဖူးတွေ့ရသည်။ ရှင်စောပုဘုရင်မ ကြီးရုပ်ထုလည်း ရှိသည်။ ဘုရင်မကြီး ရှင်စောပုသည် ရတနာသုံးပါးကို လေးစားကြည်ညိုသည့် ဘုရားဒါယိကာမ ကြီးလည်း ဖြစ်သည်။ အောင်သိဒ္ဓိ စကြာရှင် မြတ်စွာဘုရား ကို နေ့ညမပြတ် ပူဇော်ခြင်း၊ သွားလေရာတွင် ထိပ်မှာ ထား ပင့်ဆောင် ပူဇော်ခြင်းတို့ ပြုလုပ်ခဲ့ပါသည်။ ဟံသာဝတီ သို့ စုန်ဆင်းချိန်၌ ကျိုက်မရောသို့ ရောက်သောအခါ စံပယ်ဂူ တွင် ဘုရားများကို သီတင်းသုံးစေသည်။

မွန်ဘုရင်မကြီးသည် သက္ကရာဇ် ၈၃၁၊ သက်တော် ၇၆ တွင် ရွှေတိဂုံစေတီတော်ကို ဦးခိုက်ရင်း ကံတော်ကုန် ခဲ့သည်။ ထိုဘုရားများကို ရန်ကုန်သို့ မပင့်ဆောင်ဘဲ ဂူထဲ တွင် ထားခဲ့သည်။

ခေတ်အဆက်ဆက် စံပယ်ဂူတောရတွင် သီတင်းသုံး တော်မူနေသော မြတ်စွာဘုရားဆင်းတုတော်များမှာ ကျိုက် မရော ဆရာတော်ဘုရားကြီးလက်ထက်တွင် သာသနာပွင့် လင်းလာပါသည်။ လွန်ခဲ့သော ၂နှစ်ကျော်ခန့်က ထိုဘုရား





www.burmeseclassic.com



သုံးဆူ ဒေသစာရီလှည့်လည် အပူဇော်ခံခဲ့ပါသည်။ ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ နေပြည်တော်၊ ပဲခူး၊ လှည်းကူး စသည့် မြို့ရွာဒေသအနှံ့အပြားသို့ လှည့်လည် အပူဇော်ခံခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်အနှံ့ တစ်အိမ်လျှင် သုံးရက်၊ ငါးရက်၊ ခုနစ်ရက်၊ ကိုးရက် စသည်ဖြင့် ပင့်ဆောင် ပူဇော်ကြပါသည်။ စာရေးသူအနေဖြင့်လည်း ပင့်ဆောင်ရာ မြို့နယ်အချို့သို့ ကိုယ်တိုင်သွားရောက် ပူဇော်ပြီး ဓာတ်ပုံရိုက် မှတ်တမ်းတင်ကာ သတင်းဆောင်းပါးရေးသားခဲ့ပါသည်။



ထိုသို့ ပင့်ဆောင် ပူဇော်ရာ နေအိမ်သို့ ရောက်သော အခါ ပင့်ဆောင်ပူဇော်သူ၏ သဒ္ဓါတရား၊ ပတ္တာန်းဆက်၊ သီလ ကုသိုလ်အရ အောင်သိဒ္ဓိစကြာရှင်ဘုရားသည် မျက်လုံးတော် ဖွင့်ခြင်း၊ ပြုံးတော်မူခြင်း၊ ရောင်ခြည်တော် ကွန့်မြူးခြင်း၊ ပန်းပွင့်ပုံတွေ ပေါ်ခြင်း စသည့် ထူးခြားမှုများ ကြုံတွေ့ကြ ရပါသည်။ သဃ်န်းကျွန်းဘက်ရှိ တိုက်အိမ်တစ်အိမ်တွင် ဘုရားလှူထားသော ရေတော်များ စကြာကဲ့သို့ လည်နေ သည်ကို စာရေးသူကိုယ်တိုင်မြင်ခဲ့ပါသည်။ အချို့အိမ်မှာ အမွှေးနံ့သာရနံ့ အမျိုးမျိုးရခြင်း၊ အချို့ မြင်တွေ့ ဖူးရပြီး မိမိတွင် ပါသော နားကပ်၊ လက်စွပ်၊ ဆွဲကြိုး၊ ရွှေငွေရတနာ ချွတ်လှူခြင်း၊ ရယ်ခြင်း၊ ငိုခြင်း၊ နဂါးသိုက်ဝင်ပူးခြင်း၊ ဘုရင်မ ကြီးဝင်ပူးခြင်း စသည့် ထူးခြားမှုများ ကြုံတွေ့ကြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဘွားသိဒ္ဓိစကြာရှင် မြတ်စွာဘုရားထံ သစ္စာဆို ဆုတောင်းမှုပြုသောကြောင့် ဆေးရုံတက် ခွဲစိတ်ရမည့် ဒေါ်မြတ်လေးတင် (ခ) မငယ် (ပွင့်သစ်စ အလှပြုပြင်ရေး) (မြောက်ဒဂုံ)မှာ မခွဲစိတ်ရဘဲ ရောဂါသက်သာပြီး ဆေးရုံမှ ပြန်ဆင်းခဲ့ရပါသည်။ ကျန်းမာရေးကိစ္စ၊ လူမှုရေးကိစ္စ၊ စီးပွားရေး၊ ပြည်ပခရီးကိစ္စ စသည်ဖြင့် ဆုတောင်းပြည့်ကြောင်း ကိုယ်တွေ့ အကျိုးထူး ခံစားရသူများ၏ ထောက်ခံချက်များကိုလည်း ဖတ်ရပါသည်။ စာရေးသူအနေဖြင့်လည်း နေအိမ်အား တိုက်ဆောက်ဖြစ်ပါက ဘုရားပင့် ပူဇော်မည်ဟု ဆုတောင်းမှုပြုခဲ့ရာ အိမ်ဖျက် တိုက်ခန်းဆောက်လုပ်ရန်ကိစ္စ ပေါ်လာပါသည်။

ဘွားသိဒ္ဓိစကြာရှင် ဘုရားသုံးဆူသည် ယခုအခါ တစ်အိမ်ပြီး တစ်အိမ် ဆက်တိုက်ဆိုသလို ကြွတော်မူနေရပါသည်။ ဘုရားသုံးဆူအား လှူဒါန်းသော ရွှေထည်ပစ္စည်းနှင့် ရတနာတို့အား ဘုရားတွင်ပင် ကပ်လှူ ပူဇော်ထားပါသည်။ ဆရာတော်အနေဖြင့် ဖြုတ်ယူ သိမ်းဆည်း၊ သုံးစွဲခြင်း မပြုကြောင်း ကတိသစ္စာပြုထားသလို၊ အခြား မည်သူ့ကိုမှုလည်း သိမ်းဆည်းခွင့် မပြုပေ။ ဘုရားပင့်ဆောင်မှုနှင့် ပတ်သက်၍ သာသနာ့အကျိုးဆောင် ဦးမြသွေးအား တာဝန်ပေးထားပါသည်။ ဘုရားပင့်ဆောင်ရာမှ ရရှိသော အလှူငွေများကို ဆရာတော်ကိုယ်တိုင် ကြွရောက်တော်မူပြီး ရေစက်ချ အလှူခံတော်မူသည်။ ထိုအလှူငွေများကို ကျိုက်မရောဘုရားကြီး ကျောင်းတိုက်ဝင်းအတွင်း သာသနာရေးဆိုင်ရာကိစ္စများ၊ ဘုရားတည် ကျောင်းဆောက်၊ သာသနိက အဆောက်အအုံ တိုးချဲ့ ပြုပြင်မွမ်းမံခြင်းများအတွက် ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်မြို့ မြေနီကုန်းဘက်ရှိ ရှင်စောပုဘုရားသို့ ကြွတော်မူစဉ် အလှူငွေ ၄၁ သိန်းရရာ စေတီတော် ရွှေသင်္ကန်း ကပ်လှူရန် ကျိုက်မရောဆရာတော်မှ ၁၁သိန်းကျပ်တိတိ ပြန်လှူပါသည်။ မှော်ဘီ ကြာကန်စု ဘွားသိဒ္ဓိတောရ ကျောင်းတိုက်သို့ ကြွတော်မူစဉ် မွှာရုံဆောက်ရန် ငါးသိန်း ကျပ်လှူခဲ့ပါသည်။ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ် ဗုဒ္ဓသာသနာ့မိတ္တ တန်ဆောင်းတွင် အပူဇော်ခံခဲ့ပါသည်။ ဘုရားဖူးများ နေ့စဉ် ကြိတ်ကြိတ်တိုး စည်ကားခဲ့ပါသည်။ စာရေးသူလည်း ရွှေတိဂုံစေတီတော်တွင် ညအိပ် ပူဇော်ခဲ့ပါသည်။ နံနက် ၄နာရီမှ ည ၁၀နာရီ ဘုရားတံခါးပိတ်သည် အထိ ဘုရားဖူးမပြတ်တာ အံ့သြစွာ တွေ့ရှိရပါသည်။

ဥဒ္ဒိဿစေတီတော်မြတ်သုံးဆူ ပင့်ဆောင် ပူဇော်ရာတွင် ဘုရင်မကြီး ရှင်စောပုပုံတော်နှင့် ပွဲလှူပေးရသည်။ ဘုရင်မကြီး ကိုင်ခဲ့သော ရွှေငွေကျောက်စီ သန်လျက်မှာလည်း စိတ်ဝင်စားဖွယ်ကောင်းလှပါသည်။ သန်လျက်ကိုင်ဆုတောင်းပါက လိုရာဆန္ဒများ လျင်မြန်စွာ ပြည့်ဝစေပါသည်။ ဘွားသိဒ္ဓိစကြာရှင်ဘုရားသုံးဆူ ပင့်ဆောင်ပူဇော်ရာတွင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးပွဲ၊ သာသနာပွဲ၊ ဘုရင်ကြီးပွဲ၊ နဂါးသိုက်စာ၊ သစ်သီး၊ ရေ၊ ပန်း၊ ဆီမီးတို့ လှူလျှင်လည်း ရပါသည်။ အလှူငွေ၊ လှူဖွယ်ပစ္စည်း၊ ဘာတွေ လှူရမည်၊ မည်ရွေ့မည်မျှ လှူရမည် စသည်ဖြင့် ကန့်သတ်ချက် မရှိပါ။ ဆင်းရဲချမ်းသာမရွေး ကြည်ညိုသဒ္ဓါစိတ်ဖြင့် ပင့်ဆောင် ပူဇော်နိုင်သည်။ ပင်ဆောင့်သူများ၏ အမည်စာရင်းများကို ကြိုတင်ပေးထားဖို့တော့ လိုပါသည်။

ယခုအခါ ကျိုက်မရောဘုရားကြီးဝင်းအတွင်းတွင် သုံးထပ်ကျောင်းတိုက်ကြီးနှင့် ရွှေတိဂုံပုံတူ စေတီတော်မြတ် တည်ထားပြီးသဖြင့် ၁၃၇၆ ခု၊ ကဆုန်လတွင် ထီးတင်ပွဲ ပြုလုပ် ပူဇော်ပါမည်။ ဘုရင်မကြီး ရှင်စောပု ကြည်ညို ပူဇော်ခဲ့သည့် ရွှေတိဂုံစေတီကို ပုံတူထု၍ အမှတ်တရ တည်ထားခြင်းလည်းဖြစ်ကြောင်း ဆရာတော်မှ မိန့်ဆိုပါသည်။

စာဖတ် ပရိသတ်များ ပင့်ဆောင် ပူဇော်လိုပါက ကျိုက်မရောဆရာတော် ဘဒ္ဒန္တဝါရိန္ဒ (သဒ္ဓမ္မဇောတိကဓဇ) ၀၉-၈၇၀ ၂၀၄၆၊ ၀၅၇-၈၆၀၃၃၊ ၀၉-၈၇၀ ၂၀၄၆ နှင့် သာသနာ့အကျိုးဆောင် ဦးမြသွေး ၇၃၅၀၆၇၃၆ တို့ထံ ဆက်သွယ် ပင့်ဆောင်နိုင်ပါသည်။

ရုပ်ပွားတော်မြတ် မကြွမီ ဘုရားပုံတော်ကို အာရုံပြု ပူဇော် ဆုတောင်းမှု ပြုနိုင်ပါသည်။ မိမိတို့နေအိမ် ဘုရားကျောင်းဆောင်၊ ဈေးဆိုင်၊ အလုပ်ဌာန၊ ကုမ္ပဏီရုံးခန်းတို့တွင် ပူဇော်ပါက စီးပွားဥစ္စာတိုးတက်စေပါသည် ■

* * *

မင်းထက်ကျော်(B.Sc)



www.burmeseclassic.com

www.burmeseclassic.com

# ရွှေတိဂုံစေတီတော်ရှိ
# သာသနာစောင့် ပုဂ္ဂိုလ်များနှင့်
# အစောင့်အရှောက် ပုဂ္ဂိုလ်များစွာ

ကိုမောင်သန်းဝင်း



www.burmeseclassic.com

www.burmeseclassic.com

မကြာသေးသော ရက်ပိုင်းလောက်က ရွှေတိဂုံစေတီတော်မြတ်ကြီးဆီသို့ ရောက်ဖြစ်သည်။ ရွှေတိဂုံရင်ပြင်ပေါ်ရှိ ဂမ္ဘီရနှင့် ဆက်နွယ်လျက်ရှိနေသော အစီအရင် ရုပ်တုများ ဟူသည့် စာတစ်ပုဒ်ရေးရန်အတွက်ဖြစ်သည်။ ဓာတ်ပုံမှတ်တမ်းနှင့်တကွ ဖော်ပြလိုခြင်းကြောင့် ဓာတ်ပုံပညာရှင်တစ်ဦးကို အကူအညီတောင်းခံ၍ ခေါ်ယူလာခဲ့သည်။

စုံလင်စွာ ရိုက်ယူနိုင်ရေးအတွက် ရွှေတိဂုံစေတီလုံခြုံရေးတစ်ဦးထံ မေးမြန်းမှုလည်း ပြုရသည်။ လုံခြုံရေးဝန်ထမ်း ယူနီဖောင်း၏ လက်မောင်းတွင် မနသသီဟ တံဆိပ်ကို တွေ့ရသည်။ အနှောင့်အယှက်၊ အတိုက်အခိုက်နှင့် ရန်အသွယ်သွယ်ကို ဖယ်ရှားနိုင်စွမ်းရှိသည့် အထိမ်းအမှတ်ဖြစ်သည်။ (မနသသီဟနှင့် ဆက်နွယ်သော ဇာတ်ကြောင်းရှိသည်။ စာလေးမည်စိုး၍ မဖော်ပြလိုတော့ပြီ။ စကားချပ်)

လုံခြုံရေးအစောင့်ဟူသည် သမားရိုးကျ လုံခြုံရေးနှင့် သမားရိုးကျမဟုတ်သော လုံခြုံရေးဟူ၍ ရှိသည်။ သမားရိုးကျ လုံခြုံရေးသည် တာဝန်ကျ ယူနီဖောင်းဖြင့် ထင်ထင်ပေါ်ပေါ် တာဝန်ယူ စောင့်ကြပ်ခြင်းဖြစ်သည်။ သမားရိုးကျမဟုတ်သော လုံခြုံရေးသည်ကား သာမန် ဘုရားဖူးလာသူအဖြစ် အသွင်ယူကာ စောင့်ကြပ်ခြင်းပင် ဖြစ်သည်။

မြင်တွေ့နိုင်သော အစောင့်အရှောက်နှင့် မမြင်မတွေ့နိုင်သော အစောင့်အရှောက်ဟူ၍လည်း ရှိသည်။

တစ်ခါက မိတ်ဆွေသူငယ်ချင်းတစ်ယောက် ရွှေတိဂုံစေတီရှိ နောင်တော်ကြီးဘုရားတွင် ပုတီးစိပ်သည်။ ည ၉ နာရီခန့်ဖြစ်သည်။ ပုတီးစိပ်စဉ် အိပ်ငိုက်မလိုဖြစ်သွားသည်။ ထိုစဉ် တစ်စုံတစ်ယောက်က သူ၏ ဇက်ပိုးကို လာရိုက်သည် ဟူ၏။ လှည့်ပတ်ကြည့်တော့ ဘယ်သူ့ကိုမှ မတွေ့။ သို့ဖြင့် ကြောက်လန့်ပြီး ထပြန်ခဲ့ရသည်ဟု ဆိုပါသည်။ မေးမြန်းကြည့်တော့ ဆီဘီယာနှစ်ခွက်သောက်ထားကြောင်း၊ ထိုအများကြောင့် ဖြစ်နိုင်ကြောင်း ပြောလေ၏။ ဒါသည် မမြင်မတွေ့နိုင်သော အစောင့်အရှောက်ဖြစ်ပေလိမ့်မည်ဟု ကောက်ချက်ချမိလေ၏။

လေ့လာမိသလောက် ရွှေတိဂုံစေတီတော်မြတ်ကြီးတွင် အစောင့်အရှောက်များ၊ သာသနာစောင့် ပုဂ္ဂိုလ်ကြီးများ ရှိနေကြောင်း သိရသည်။ ဗဟုသုတဖြစ်ဖွယ်နှင့် အများ တစ်စုံတစ်ရာ မပြုမိကြစေရန် တင်ပြပါမည်။

## စောင်းတန်းလေးသွယ်ကို စောင့်ရှောက်နေတော်မူလျက်ရှိသော တာဝန်ခံ ဘိုးဘိုးကြီးများ

အရှေ့ဘက် စောင်းတန်းတွင် တာဝန်ယူ စောင့်ရှောက်လျက်ရှိနေသော ဘိုးဘိုးကြီးသည် "ဆံဒွန်သုဒ္ဓါဒေဝ" ဘိုးဘိုးကြီးဖြစ်သည်။ သက်တော်မှာ အနှစ် ၉၀၀ ကျော်ရှိသည်။

အနောက်ဘက် စောင်းတန်းကို တာဝန်ယူ စောင့်ရှောက်လျက်ရှိနေသော ဘိုးဘိုးကြီး၏ ဘွဲ့တော်အမည်မှာ "ဝဂ္ဂဘာဒေဝ ဘိုးဘိုးကြီး" ဟူ၍ဖြစ်သည်။ သက်တော်မှာ အနှစ် ၉၀၀ ကျော်သည်။

တောင်ဘက် စောင်းတန်းတွင် "စိတ္တရဒေဝ ဘိုးဘိုးကြီး"က တာဝန်ယူ စောင့်ရှောက်လျက်ရှိနေသည်။ သက်တော်မှာ အနှစ် ၉၀၀ ကျော်သည်။

မြောက်ဘက် စောင်းတန်းတွင် တာဝန်ယူ စောင့်ရှောက်လျက်ရှိနေသော ဘိုးဘိုးကြီးမှာ "ဗလကဒေဝ ဘိုးဘိုးကြီး"ဖြစ်ပြီး သက်တော်မှာ အနှစ် ၈၀၀ ကျော်သည်။

## ရင်ပြင်တော်(ကုန်းတော်)တစ်ဝှမ်းလုံးကို စောင့်ရှောက်နေလျက်ရှိကြကုန်သော နတ်ဒေဝါ၊ နတ်ဒေဝီများ

နတ်ဒေဝါ စုစုပေါင်း အပါး ၃၅၀၀ ရှိသည်။ သောတာပန်အရိယာ နတ်ဒေဝါပေါင်း (၁၀၀) ပါဝင်လျက်ရှိသည်။ ရင်ပြင်တစ်ဝှမ်း ဖြန့်ကျက် စောင့်ရှောက်တော်မူကြသည်။

နတ်ဒေဝီ စုစုပေါင်း အပါး ၃၅၀၀ ရှိနေသည်။ သောတာပန် နတ်ဒေဝီအပါး (၇၈)အပါးအဝင်ဖြစ်သည်။ ရင်ပြင်တော်တစ်ဝှမ်း ဖြန့်ကျက် တာဝန်ယူ စောင့်ရှောက်လျက်ရှိကြသည်။

နတ်ဒေဝါတို့အား တာဝန်ယူ ကြီးကြပ်ရသော အကြီးအကဲ နတ်ဒေဝါ နတ်သားကြီးတစ်ပါးရှိနေသည်။ ဘွဲ့အမည်မှာ "ဘိဒကဒေဝ နတ်သားကြီး"ဟူ၍ဖြစ်သည်။ သက်တော်မှာ အနှစ် ၁၂၀၀ ကျော်ရှိသည်။

နတ်ဒေဝီတို့၏ အကြီးအမှူးသည်ကား "ဂန္ဓရဒေဝီ" ဟူသည့် နတ်ဒေဝီ နတ်သမီးကြီးဖြစ်သည်။ သက်တော်မှာ အနှစ် ၇၀၀ ကျော်ရှိသည်။


## ရွှေတိဂုံကုန်းတော်ပေါ်ရှိ နတ်ဘီလူးကြီးများ

ရွှေတိဂုံကုန်းတော်ပေါ်တွင် ရှိနေသော ဒေဝကုမ္ဘဏ် နတ်ဘီလူးကြီးတို့၏ အရေအတွက်မှာ စုစုပေါင်း အပါး



www.burmeseclassic.com

www.burmeseclassic.com



(၅၀၀) ဖြစ်သည်။ စောင့်ကြပ်လျက် ရှိနေကြသည်။

ရွှေတိဂုံကုန်းတော်ပေါ်တွင် ရှိနေသော ဒေဝီကုမ္ဘဏ် နတ်ဘီလူး မယ်တော်ကြီးပေါင်း အပါး (၂၀၀) ဖြစ်သည်။ နေရာမလပ် တာဝန်ယူ စောင့်ကြပ်လျက်ရှိနေကြသည်။

သောတာပန် အရိယာ ဒေဝကုမ္ဘဏ် နတ်ဘီလူးကြီးပေါင်း အပါး(၅၀)သည်လည်း စောင့်ကြပ်လျက် ရှိနေကြသည်။

သောတာပန် အရိယာ ဒေဝီကုမ္ဘဏ် နတ်ဘီလူး မယ်တော်ကြီးပေါင်း အပါး(၂၅၀)တို့သည်လည်း တာဝန်ခွဲဝေ စောင့်ကြပ်လျက် ရှိနေကြသည်။

ဒေဝကုမ္ဘဏ် နတ်ဘီလူးကြီးများ၏ အကြီးအမှူး နတ်ဘီလူးကြီးတစ်ပါးကလည်း ကြီးကြပ်လျက် ရှိနေသည်။ နတ်ဘီလူးကြီး၏ ဘွဲ့တော်အမည်မှာ "ဟိတောသရဒေဝကုမ္ဘဏ် မဟာရာဇာ"ဟူ၍ဖြစ်သည်။ သက်တော်မှာ အနှစ် ၁၂၀၀ ကျော်သည်။ သောတာပန် နတ်ဘီလူးကြီးလည်း ဖြစ်သည်။

**ရွှေတိဂုံကုန်းတော်ပေါ်ရှိ နတ်နဂါးကြီးများ**

ရွှေတိဂုံကုန်းတော်ပေါ်တွင် နေရာမလပ် စောင့်ရှောက်လျက်ရှိကြကုန်သော နတ်နဂါးကြီးများ များစွာရှိသည်။ အောက်ဖော်ပြပါအတိုင်းဖြစ်သည်။

* နတ်နဂါးဒေဝါပေါင်း ၄၂,၀၀၀ ရှိသည်။
* နတ်နဂါးဒေဝီပေါင်း ၁၆,၅၇၇ ရှိသည်။
* အနာဂါမ်အရိယာ ဒေဝနာဂါ နတ်နဂါး (၂)ပါးရှိသည်။
* အသဒါဂါမ်အရိယာ ဒေဝနာဂါ နတ်နဂါးပေါင်း ၃၀၀၀ ရှိသည်။
* သောတာပန်အရိယာ ဒေဝနာဂါ နတ်နဂါးပေါင်း ၇၀၀၀ ရှိသည်။
* သကဒါဂါမ် အရိယာ ဒေဝီနာဂါ နတ်နဂါးပေါင်း ၃၇၀ ရှိသည်။
* သောတာပန်အရိယာ ဒေဝီနာဂါ နတ်နဂါးမယ်တော်ပေါင်း ၁၂၀၀ ရှိသည်။
* ဒေဝါနာဂါ နတ်နဂါးအပေါင်းတို့၏ အကြီးအမှူး နတ်နဂါးမင်းကြီးတစ်ပါး။ ဘွဲ့တော်အမည်မှာ "သုဘောဂ ဒေဝ နာဂါ မဟာရာဇာ"ဟူ၍ဖြစ်သည်။ အနာဂါမ် အရိယာလည်း ဖြစ်သည်။

ရွှေတိဂုံ ဆံတော်ရှင် စေတီတော်မြတ်ကြီးတွင် ကြီးကြပ်စောင့်ရှောက်ကြကုန်သော ဘိုးဘိုးကြီးများ၊ နတ်ဒေဝတာများ၊ နတ်ဘီလူးများ၊ နတ်နဂါးများ နေရာမလပ် ရှိနေကြသည်ကို သိမြင်လောက်ပေပြီ။ သို့ဖြင့် အများမခံဟု ဆိုရပေမည်။ ဖြူစင်သော အကျင့်မြတ်တို့ဖြင့် ကျင့်ကြံအားထုတ်ကြဖို့ပဲ ဖြစ်သည် ■

* * *

ကိုမောင်သန်းဝင်း




www.burmeseclassic.com

www.burmeseclassic.com

# လာဘာမုနိ ဂုဏ်ဂုဏ်ဂင်းအဓိဋ္ဌာန်ကိုယ်တွေ့

ဆရာကြီး ဦးအောင်မြင့် (လက္ခဏာဗေဒင်ပညာသုတေသီ)




ကိုယ့်လုပ်ငန်းမှာ ငွေဝင်သိပ်နည်းလာတဲ့ အခါမျိုး၊ နေ့စဉ် ငွေဝင်\လာဘ်ရွှင်ဖြစ်နေရာက ငွေမဝင်၊ လာဘ်မရွှင်တဲ့ နေ့ရက်တွေ များလာတဲ့အခါမျိုး၊ ကြုံရတဲ့အခါမျိုးမှာ ကျွန်ုပ်အနေနဲ့ လာဘာမုနိဘုရားအဓိဋ္ဌာန်တွေ လိုက်ဝင်လေ့ရှိပါတယ်။ အဲဒီ အဓိဋ္ဌာန်ခရီးစဉ်မှာ ထူးခြားတဲ့ ကိုယ်တွေ့ဖြစ်ရပ်လေးတစ်ခုကို တင်ပြလိုပါတယ်။

မနုဖြူဇာတိ စားသောက်ဆိုင်လုပ်ငန်းရှင်တစ်ဦးရဲ့ လမ်းညွှန်မှုကြောင့် ဧရာဝတီတိုင်းဒေသကြီး၊ မနုဖြူမြို့နယ်၊ ကျိုက္ကလွန်ဗွန်းဘုရားကို ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွင်းက သွားရောက်ခဲ့ပါတယ်။ မနုဖြူ ကျိုက္ကလွန်ဗွန်း



www.burmeseclassic.com

www.burmeseclassic.com



စေတီတော်ရင်ပြင်အနီး စောင်းတန်းထိပ်မှာ ကြယ်နီတန်ဆောင်းနဲ့ ထိပ်တန်း တန်ဆောင်းကို ရှာရပါတယ်။

ထိပ်တန်း တန်ဆောင်းအတွင်းမှာ ဆုတောင်းပြည့် လာဘမုနိဘုရားရုပ်ပွားတော်ကို ဖူးမြင်ရပြီး၊ ကြယ်နီတန်ဆောင်းအတွင်းမှာတော့ လာဘမုနိ နဂါးရုံဘုရားရုပ်ပွားတော်ကို ဖူးမြင်ရပါတယ်။

ပထမဆုံး ကြယ်နီတန်ဆောင်းထဲကို ဝင်ပြီး လာဘမုနိ နဂါးရုံဘုရားရုပ်ပွားတော်ကို ဆွမ်း၊ ပန်း၊ ရေချမ်း စသည်ဖြင့် အဆင်ပြေရာ လှူဒါန်းပြီး (၁၀၈)လုံး မွှေးနံ့သာပုတီးနဲ့ အောက်ပါ ဂါထာတော်ကို ပုတီးသုံးပတ်စိပ်ပွား ပူဇော်ပါတယ်။

***နမောဗုဒ္ဓါယျသိဒ္ဓံ (ပုတီးတစ်လုံးချ)။***

***ဝိနော်မယုံ လာဘံ ဒေတု (ပုတီးတစ်လုံးချ)။***

***ဟေိသုခံ ဝိယံ မမ (ပုတီးတစ်လုံးချ)။***

အဲဒီနောက် မေတ္တာပွားခြင်း၊ အမျှပေးဝေခြင်း၊ လိုရာဆုတောင်းခြင်းတို့ ပြုပါတယ်။

ထို့နောက် ထိပ်တန်းတန်ဆောင်းထဲကို ဒုတိယအနေနဲ့ ဝင်ပြီး ဆုတောင်းပြည့် လာဘမုနိရုပ်ပွားတော်ကို ဆွမ်း၊ ပန်း၊ ရေချမ်း စသည်ဖြင့် အဆင်ပြေရာ လှူဒါန်းပါတယ်။ (၁၀၈)လုံး မွှေးနံ့သာပုတီးနဲ့ အောက်ပါ ဂါထာတော်ကို ပုတီးသုံးပတ်စိပ်ပွား ပူဇော်ပါတယ်။

***ဟေိ သုခံ ဝိယံ မမ (ပုတီးတစ်လုံးချ)။***

***နမော ဗုဒ္ဓါယျသိဒ္ဓံ (ပုတီးတစ်လုံးချ)။***

***ဝိနော် မယုံ လာဘံ ဒေတု (ပုတီးတစ်လုံးချ)။***

ပုတီးစိပ်ပြီးတော့မှ မေတ္တာပွားခြင်း၊ အမျှပေးဝေခြင်း၊ လိုရာဆုတောင်းခြင်း ပြုပါတယ်။ အဲဒီ ဗုဒ္ဓရုပ်ပွားတော်တစ်ဆူစီကို ဓာတ်ပုံရိုက်ယူခဲ့ပြီး အိမ်ရှိ ဘုရားစင်မှာ တင်ထားပါတယ်။ မနက်တိုင်း လာဘမုနိ နဂါးရုံဘုရားရှေ့မှာ စိပ်ပွားခဲ့တဲ့ ဂါထာတော်ကို ပုတီးသုံးပတ်စိပ်ပြီး၊ ညတိုင်း ဆုတောင်းပြည့် လာဘမုနိဘုရားရှေ့မှာ စိပ်ပွားခဲ့တဲ့ ဂါထာတော်ကို ပုတီးသုံးပတ်စိပ်ပါတယ်။ မေတ္တာပွားခြင်း၊ အမျှပေးဝေခြင်း၊ လိုရာ ဆုတောင်းခြင်းတို့ ပြုပါတယ်။

အဓိဋ္ဌာန် စ,ဝင်တဲ့နေ့မှ သုံးရက်အတွင်း ငွေဝင် ပိုများလာပါတယ်။ အဓိဋ္ဌာန် ၉ရက်ပြည့်တော့ ငွေဝင် လာဘ်ရွှင် သိသိသာသာဖြစ်လာတယ်။ အဓိဋ္ဌာန် ၉ရက်သုံးလီပြည့်တော့ ရပ်နားပါတယ်။ ငွေဝင် လာဘ်ရွှင်၊ ယခင်အတိုင်း ပိုကောင်းလာပြီး ပုံမှန်ဖြစ်လာလို့ပါ။

**လာဘမုနိ** နဂါးရုံဘုရား။

ဆုတောင်းပြည့် **လာဘမုနိဘုရား။**

အဲဒီ ရုပ်ပွားတော်နှစ်ဆူရဲ့ ဘွဲ့အမည်မှာ ပါတဲ့ "လာဘမုနိ" ဆိုတဲ့ စာလုံးဟာ တစ်ဆူမှာ **ရှေ့** တစ်ဆူမှာ **နောက်** ဖြစ်နေလို့ ဗေဒင်ပညာအရ ကက်ကင်းလို့ တင်စား သတ်မှတ်ရခြင်း ဖြစ်ပါတယ်။

စာဖတ်သူများ လက်တွေ့ ဆောင်ရွက်ကြည့်ပါ ■

* * *

ဆရာကြီးဦးအောင်မြင်
(လက္ခဏာဗေဒင်ပညာသုတေသီ)



www.burmeseclassic.com

www.burmeseclassic.com

# တစ်ရာထက် မြတ်သော တစ်ရက်



www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်…

မာရ်ငါးပါးဟူသည်

***ဒေဝပုတ္တမာရ်***

***ကိလေသမာရ်***

***ခန္ဓမာရ်***

***မစ္စုမာရ်***

***အဘိသင်္ခါရမာရ်***

ဒေဝပုတ္တမာရ် ဟူသည် မာရ်နတ်ကို ဆိုလိုသည်။

ကိလေသမာရ်ဟူသည် ကိလေသာဆယ်ပါးကို ဆိုလိုသည်။

ခန္ဓမာရ် ဟူသည် ရလာသော ခန္ဓာကို ဆိုလိုသည်။

မစ္စုမာရ် ဟူသည် သေခြင်းတရားကို ဆိုလိုသည်။

အဘိသင်္ခါရမာရ် ဟူသည် ဘဝကို လိုချင်၍ ပြုသော ကုသိုလ်ကံကို ဆိုလိုသည်။

**သိုက်စောင့်၊ ဥစ္စာစောင့်ဖြစ်ရခြင်း အကြောင်းအရင်း**

သိုက်စောင့်၊ ဥစ္စာစောင့်များအကြောင်းကို လူတိုင်းကြားဖူးကြသည်။ အဘယ်ကြောင့် ထိုသို့ သိုက်စောင့်၊ ဥစ္စာစောင့်ဖြစ်ရသနည်း။ အဖြေကား မိမိလှူဒါန်းထားသော ဘုရား၊ ဗုဒ္ဓပန၊ ရတနာပစ္စည်းများအပေါ် စွဲလမ်း တမ်းမက်သောစိတ်ကို မပယ်သတ်နိုင်သောကြောင့်ပင်တည်း။ ဒါနသည် အတုယူသင့်သော ဒါန၊ အတုမယူသင့်သော ဒါနဟူ၍ ရှိပြီး သုံးမျိုးစီ ရှိ၏။

အတုယူသင့်သော ဒါနများမှာ ပါရမီထိုက်သော ဒါန၊ ဉာဏ်ယှဉ်သော ဒါန၊ ကာလဒါနတို့ ဖြစ်သည်။ အတုမယူသင့်သော ဒါနများမှာ ပါရမီမထိုက်သော ဒါန၊ ဉာဏ်မယှဉ်သော ဒါန၊ အကာလဒါနတို့ ဖြစ်သည်။ ပါရမီထိုက်သော ဒါနဟူသည် စ,လှူစဉ်ကတည်းက လောက ကောင်းစားရေးအတွက်သာ ဖြစ်သည်။ ငါကောင်းစားရေးအတွက် မဟုတ်။ လောကကောင်းစားဖို့ ဦးတည်လိုက်သည်နှင့် ငါကောင်းစားဖို့စိတ်ကို ပယ်သတ်ပြီးသားဖြစ်သွားသည်။

ငါဟူသည် ဒိဋ္ဌိကိလေသာ။ ကောင်းစားဖို့ဟူသည် လောဘကိလေသာ၊ လောကကောင်းစားဖို့ ဦးတည်ပြီး လှူသော ဒါနမှန်သမျှ ဒိဋ္ဌိနှင့် လောဘကို တဒင်္ဂအားဖြင့် ပယ်သတ်ပြီးဖြစ်သည်။ ထို့ကြောင့် ဝိပဿနာသဘောသို့ သာဓကတစ်ခု ထုတ်ပြအံ့။ တက်လမ်း ဆောက်လုပ်ရေး ကုမ္ပဏီမှ ဦးရှိန်ဝင်းဟု ဆိုလျှင် မြန်မာတစ်ပြည်လုံး သိကြသည်။

ဦးရှိန်ဝင်း ပြခဲ့သော ဒါနများစွာထဲမှ ပါရမီထိုက်သော ဒါနတစ်ခုကို သူပြောပြခဲ့သည့်အတိုင်း ပြန်လည် တင်ပြပေအံ့။

"ပြီးခဲ့တဲ့ လအနည်းငယ်က တပည့်တော် မင်းတပ်မြို့မှာ သီတဂူဆရာတော်ဘုရားကြီး တာဝန်ပေးချက်အတိုင်း သီတဂူ စက္ခုဒါန ဆေးရုံကြီး သွားဆောက်ရတယ် ဘုရား။ ဆရာတော်ကြီးက ပြည်နယ်နှင့် တိုင်း (၁၄)ခုမှာ စက္ခုဒါန ဆေးရုံ (၁၄)ရုံ ဆောက်ချင်တာ ဘုရား။

ချင်းပြည်နယ်အတွက်ကတော့ မင်းတပ်မြို့မှာ ဆောက်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဆရာတော်ကြီးက ငါက သိန်းတစ်ထောင်ထည့်မယ်။ မင်းကလည်း သိန်းတစ်ထောင်ထည့်ပြီး သိန်းနှစ်ထောင်နဲ့ ပြီးအောင် ဆောက်ပါလို့ အမိန့်ရှိလိုက်ပါတယ်။

ဆေးရုံက အခန်းပေ ၃၀၊ အလျားပေ ၁၂၀ လောက် ရှိပါတယ်။ ဆောက်လုပ်ရေးပစ္စည်းတွေက ပခုက္ကူကနေ တစ်ဆင့် မင်းတပ်ကို သယ်ရပါတယ်။ လမ်းက တအားဆိုးတော့ နှစ်ညအိပ် သုံးရက်လောက် ကြာပါတယ်။ ဒါကြောင့် သယ်ယူစရိတ်တွေ မြင့်တက်ပြီး သိန်းနှစ်ထောင်လောက် ကုန်မယ်လို့ မှန်းတဲ့ ဆေးရုံဟာ သိန်းပေါင်း ၃၆၀၀ ကျော်လောက် ကုန်သွားပါတယ်။ ဒီအလှူဟာ လူသားတွေအတွက် ကျေးဇူးအများဆုံးဆိုတာ သိတဲ့အတွက်ကြောင့် သိန်းပေါင်း ၃၆၀၀ ကျော်ကို တပည့်တော်တစ်ဦးတည်းပဲ လှူလိုက်ပါတယ်။

ဆရာတော်ကြီးကတော့ ခွဲစိတ်ပစ္စည်းအစုံအလင် ကျပ်သိန်းပေါင်း ၁၅၀၀ ဖိုးလောက်ကို လှူဒါန်းပေးပါတယ်။ အခုဆိုရင် မျက်စိဝေဒနာရှင်တွေကို စတင် ခွဲစိတ်ပေးနေပါပြီ။ လောကအတွက် အကျိုးလည်း ရှိ၊ ကုသိုလ်လည်း ရတဲ့ အလှူဖြစ်တဲ့အတွက်ကြောင့် လှူခွင့်ရတာကိုပဲ တပည့်တော်အနေနဲ့ ဝမ်းသာလို့ မဆုံးပါဘူး ဘုရား။ ဒါ့အပြင် မင်းတပ်မြို့နယ်ထဲမှာ ပျက်စီးယိုယွင်းနေတဲ့ စာသင်ကျောင်းတွေကိုလည်း ပြင်ဆင်ဆောက်လုပ်ဖို့ စီစဉ်နေပါပြီ ဘုရား။

မြန်မာပြည်ထဲမှာ ချင်းလူမျိုးတွေဟာ အဆင်းရဲဆုံး ဖြစ်မယ်လို့ ထင်တယ် ဘုရား။ ချင်းပြည်နယ်ထဲမှာ ထမင်းကို ဆားဖြူးစားနိုင်ရင် သူဌေးလို့ သတ်မှတ်ပါတယ်။ ထမင်းကို



www.burmeseclassic.com

www.burmeseclassic.com

လှူတိုင်း မစားနိုင်ကြဘူး ဘုရား။ ဒါကြောင့် ချင်းပြည်နယ်က ကလေးအများစုဟာ အာဟာရချို့တဲ့ပြီး ကြုံလှီနေကြတယ်။ ချင်းပြည်နယ်အတွင်းက ကလေးငယ်တွေ လိုအပ် သလောက် သောက်ဖို့အတွက် ပဲနို့ရည်တွေကိုလည်း တပည့် တော် အမြဲတမ်း လှူနေတယ် ဘုရား"

အထက်ဖော်ပြပါ ဦးရှိန်ဝင်း၏ အလှူမျိုးသည်ကား စ,လှူစဉ်ကတည်းက လောက ကောင်းစားဖို့ အဓိက ထား သောကြောင့် ပါရမီထိုက်သော ဒါနပင် ဖြစ်၏။ ပါရမီထိုက် သော ဒါနသည် လှူချမ်းသာ၊ နတ်ချမ်းသာကိုလည်း ပေး၏။ နိဗ္ဗာန်ရောက်ဖို့ ကြီးစွာသော အထောက်အပံ့ကိုလည်း ဖြစ် စေ၏။ ပါရမီ မထိုက်သော ဒါနအချို့ကိုလည်း သာဓကပြအံ့။

## ငါကောင်းစားရေးဒါန

ချင်းပြည်နယ်အတွင်းရှိ မြို့တစ်မြို့မှာ သူဌေးကြီး တစ်ဦးသည် ရှင်ပြု ရဟန်းခံပွဲ အလှူကြီးတစ်ခုပြုလုပ်၏။ ကျပ်သိန်းပေါင်း နှစ်ထောင်ကျော်ခန့် ကုန်၏။ အဓိက ကုန် သောအချက်မှာ နိုင်ငံကျော် အဆိုတော်များကို ငှားပြီး စတိတ်ရှိုးပွဲကြီး သုံးရက်ခန့် ကျင်းပခြင်းပင် ဖြစ်၏။ ထို စတိတ်ရှိုးအဆိုတော်များအတွက် သိန်းပေါင်း တစ်ထောင့် ငါးရာခန့် ကုန်ကျသည်ဟု သိရ၏။ ဤအလှူမျိုးကား ကုသိုလ်လည်း မရ၊ အကျိုးလည်း မရှိပေ။

စ,လှူစဉ်ကတည်းက ငါကောင်းစားဖို့၊ ငါကျော်ကြား ဖို့ဟူသော အတ္တလောဘစိတ်များ ကြီးစိုးနေသောကြောင့်ပင် တည်း။ ထို့ကြောင့် ကမ္ဘာတွင် အလှူဒါနအပြုဆုံးမှာ မြန်မာ ဖြစ်သော်လည်း အဆင်းရဲဆုံးမှာလည်း မြန်မာများသာ ဖြစ် နေခြင်းပင်တည်း။

ဉာဏ်ယှဉ်သော ဒါနဟူသည် အလှူပြုတော့မည်ဆို လျှင် လောကအတွက်၊ သာသနာအတွက် ကျေးဇူးများသည့် နေရာကို ရွေးချယ်ပြီး လှူဒါန်းခြင်းမျိုးပင် ဖြစ်၏။ သာဓက အားဖြင့် မက်(စ်)မြန်မာ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်သည် အမှန်တကယ် လိုအပ်နေသော ကလေးဆေးရုံကြီးတစ်ခုကို ရန်ကင်းမြို့တွင် ဆောက်လုပ် လှူဒါန်းပေးခဲ့သည်။ ခုတင် ၅၀၀ ဆံ့ဖြစ်ပြီး၊ ကုန်ကျစရိတ် သိန်းပေါင်း ၈၀၀၀ ကျော်ဟု သိရသည်။ ဤဒါနမျိုးကား ဉာဏ်ယှဉ်သော ဒါနပင်ဖြစ်၏။

ဉာဏ်ယှဉ်သော ဒါနကို ပြုခဲ့သူများသည် ဖြစ်ရာ ဘဝတွင် ပစ္စည်းဥစ္စာပေါများ ချမ်းသာသည့်အပြင် ဉာဏ် ပညာထက်မြက်ခြင်းဟူသော အကျိုးထူးတစ်ခုကိုပါ ပိုမိုရရှိ



သည်။ ထိုဉာဏ်ယှဉ်သော အလှူရှင်များသည် ဘုရားရှင်၏ တရားကို တစ်ကြိမ်နာကြားရုံဖြင့် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ကို ရတတ်ကြသည်။ ဒေါက်တာ နန္ဒမာလာဘိဝံသ စစ်ကိုင်း တောင်ရိုး မြစကြာ ပရိယတ္တိ စာသင်တိုက် ဆရာတော်၊ မေတ္တာရှင် ရွှေပြည်သာ ဆရာတော်တို့ ဦးဆောင်သော စစ်ကိုင်းတောင်ရိုး မေတ္တာရှင် ဖောင်ဒေးရှင်းအဖွဲ့မှ အကျိုး ဆောင် ဦးကောဝိဒ ပြုလုပ်ခဲ့သော ဉာဏ်ယှဉ်သော ဒါန အချို့ကို တင်ပြပေအံ့။

စစ်ကိုင်းမြို့ ဇိနောဒယ ပရိယတ္တိစာသင်တိုက်၊ စစ် ကိုင်းမြို့ မြစကြာ ပရိယတ္တိစာသင်တိုက်၊ စစ်ကိုင်းမြို့ အောင်မြေဦး ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၊ မန္တလေး မိုးရိပ်တိုက်သစ်၊ ယာနကျောင်းဆောင် စာချစာသင် သံဃာ တော်များအတွက် အမှန်တကယ် လိုအပ်နေသော ရေသန့် ရေအေးစက် လေးလုံးတို့ကို ဒါယကာ၊ ဒါယိကာမများနှင့် အတူ ဦးဆောင်လှူဒါန်းခဲ့သည်။ စစ်ကိုင်းမြို့တွင် အပြစ်မရှိ ဘဲ ဒဏ်ခတ်ခံရသော ရွာလေးတစ်ရွာရှိသည်။

ထိုရွာကို "မြရတနာရွာ"ဟု ခေါ်သည်။ အနာကြီး ရောဂါသည် မိသားစုပေါင်း ၁၅၀ ကျော် နေထိုင်ကြသည်။ အနာကြီးရောဂါဟူသည် ကူးစက်လွယ်သော ရောဂါမဟုတ် ပေ။ ထို့ကြောင့် အနာကြီးရောဂါသည် မိဘနှစ်ပါးမှ မွေးလာ သော သားသမီးများတွင် ယင်းရောဂါ ပါမလာပေ။ ယခုအခါ



www.burmeseclassic.com

www.burmeseclassic.com

တွင် ထိုရွာ၌ အနာကြီးရောဂါကြောင့် လက်တို၊ ခြေတိုဖြစ်နေသည်မှာ ၅ဦးခန့်သာ ရှိတော့သည်။ ကျန်ပုဂ္ဂိုလ်များအားလုံး တခြားရပ်ကွက်သားများနှင့် ဘာမျှ မထူးခြားတော့ချေ။ သို့သော် ဆေးပညာ ဗဟုသုတ မရှိမှု၊ စာဖတ်နည်းမှုတို့ကြောင့် အနာကြီးရောဂါသည်ဆိုလျှင် မြန်မာအများစုက သေလောက်အောင် ကြောက်တတ်ကြသည်။

ထိုရောဂါဖြစ်လျှင် အိမ်မှ နှင်ထုတ်လိုက်သည်က များသည်။ သေချာဆန်းစစ်ကြည့်လျှင် အနာရောဂါ တကယ်ကင်းစင်သောနေရာမှာ အနာကြီးရောဂါသည်တို့ နေထိုင်သောရွာများပင်ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ထိုရွာသူရွာသားအားလုံး အနာကြီးရောဂါပျောက်သော NDT ဆေးပေါင်းကို သောက်ပြီးသူများချည်းဖြစ်သောကြောင့်ပင်တည်း။ လူကောင်းများ နေသော ရပ်ကွက်ထဲ၊ ကျေးရွာထဲတွင်ကား အနာကြီးရောဂါပိုး ရှိနိုင်သေးသည်။

## စာမသင်ရတာ နှစ် ၄၀ ကြာ

အဘယ့်ကြောင့်ဆိုသော် ထိုရပ်ကွက်ထဲ၊ ရွာထဲ၌ နေကြသူများတွင် တစ်ယောက်စ၊ နှစ်ယောက်စ၌ အနာကြီးရောဂါပိုးရှိနေနိုင်သောကြောင့်ပင်တည်း။ ထိုရပ်ကွက်မှ ကလေးများကို မြို့က ဝိုင်းပယ်ထားကြသည်။ စာသင်ကျောင်းများတွင် အအပ်မခံကြ။ ထို့ကြောင့် ထိုရွာမှ ကလေးငယ်များသည် ဆယ်စုနှစ် လေးစုအထိ စာမသင်ကြရပေ။ ထိုကလေးငယ်များသည် စာမသင်ကြရသဖြင့် စာမတတ်ကြ။ စာမတတ်ကြသဖြင့် စာမဖတ်နိုင်ကြ။ စာမဖတ်နိုင်ကြသဖြင့် ရုပ်အာဟာရသာရှိပြီး၊ နာမ်အာဟာရ မရှိခြင်းကြောင့် စိတ်ဓာတ်အဆင့်အတန်းများ နိမ့်ကျပြီး ကလေးအများစုမှာ တောင်းစားရသော ဘဝသို့ ရောက်ကြရသည်။

ထိုအဖြစ်ဆိုးကို သိသွားသော စာရေးဆရာကြီး ချစ်စံဝင်းက တိုင်းမှူး ဗိုလ်ချုပ် သာအေးထံ မြရတနာမှ ကလေးငယ်များ၊ စာသင်ခွင့်ရရေးအတွက် အကူအညီတောင်းခံခဲ့သည်။ ထိုအခါ တိုင်းမှူးက မြရတနာရွာအတွင်း မူလတန်းကျောင်းတစ်ကျောင်း ဆောက်လုပ် ပညာသင်ယူခွင့်ပေးခဲ့သည်။ ဤသည်မှာ ဆရာကြီး ချစ်စံဝင်း၏ ဆိုလိုချက်ကို တိုင်းမှူးက အမိပ္ပာယ်ကောက် လွဲသွားခဲ့ခြင်းဖြစ်သည်။

ဆရာကြီး ချစ်စံဝင်း အမှန်တကယ်ဖြစ်စေလိုသည်ကား၊ မြရတနာမှ ကလေးငယ်များ တခြားရပ်ကွက်မှ စာသင်ကျောင်းများတွင် စာသင်ခွင့် ရစေလိုခြင်းဖြစ်သည်။ သို့မှသာ လူ့လူချင်း တန်းတူညီမျှဖြစ်သွားပေမည်။ ယခုသော်ကား မြရတနာမှာပင် စာသင်ကျောင်း ဆောက်လိုက်ခြင်းကြောင့် ထိုရွာမှ ကလေးငယ်များကား တခြားရွာမှ ကျောင်းသားများနှင့် ဆက်ဆံခွင့်မရဘဲ အပစ်ပယ်ခံ အထီးကျန်ဘဝမှာပင် ဆက်လက်နေရခြင်းပင် ဖြစ်၏။

၂၀၁၀-၂၀၁၁ ပညာသင်နှစ်မှ စ၍ လေးတန်းမှ ခြောက်တန်းအထိ ဆက်လက်သင်နိုင်ရန် မေတ္တာရှင် ရွှေပြည်သာ ဆရာတော်နှင့်အတူ ဦးဆောင်၍ ဆရာမအင်အား ထပ်ဖြည့်ပြီး သင်ကြားစေခဲ့သည်။ ဆရာ၊ ဆရာမ့လစာ တစ်လတစ်သိန်းကိုလည်း လစဉ် ထောက်ပံ့ခဲ့သည်။ ခုနစ်တန်းကျောင်းသူ ကျောင်းသား ၈ယောက်အတွက်လည်း တခြားအထက်တန်းကျောင်းများတွင် တက်ရောက်နိုင်ရန် တစ်သိန်းအလှူရှင် ၈ဦးကို ရှာ၍ ကူညီထောက်ပံ့နေပြီဖြစ်သည်။ ထိုရွာတွင် အခက်အခဲတွေ့နေသော သောက်ရေ၊ သုံးရေအတွက်လည်း စင်ကာပူမှ အလှူရှင်ဖြစ်သော မောင်ကိုကြီးနှင့်အတူ ဦးဆောင်၍ စက်ရေတွင်း၊ ရေကန်၊ ကွန်ပရက်ဆာ၊ အင်ဂျင်၊ ဒိုင်နမိုများ၊ စုစုပေါင်း တန်ဖိုး ကျပ်သိန်း ၅၀ ခန့် လှူဒါန်းပေးခဲ့သည်။

ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင် မင်းထက်ကျော်ဇင်မှ ဦးဆောင် မ,တည်၍ ရေလောင်းကုဋီ နှစ်ခန်းတွဲကိုလည်း ဆောက်လုပ်လှူဒါန်းနေပြီဖြစ်သည်။ မြရတနာရွာအတွင်း ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းကိုလည်း ဦးကောဝိဒမှ ဦးဆောင်၍ နှစ်ကြိမ်တိုင်တိုင် ပြုလုပ်ပေးပြီးဖြစ်သည်။ ဤကား လောကအတွက်၊ သာသနာအတွက် ကျေးဇူးများသော၊ ဉာဏ်ယှဉ်သော ဒါနများပေတည်း။

မော်လမြိုင်မှ ဒါယကာကြီးတစ်ဦး၏ ဉာဏ်ယှဉ်သော ဒါနကိုလည်း ထိုဒါယကာကြီး လျှောက်ထားသည့်အတိုင်း ပြန်လည်တင်ပြပါအံ့။

"တပည့်တော် စီးပွားရေးအဆင်ပြေတော့ တပည့်တော်ဇာတိ ရွာဦးကျောင်းမှာ သိန်းနှစ်ထောင်ကျော်တန် နှစ်ထပ်တိုက် ကျောင်းကြီးဆောက်လုပ်ဖို့ စိတ်ကူးရခဲ့တယ်။ ရွာဦးကျောင်းမှာက သံဃာနှစ်ပါးလောက်ပဲ ရှိတယ်။ ဆောက်ပြီးသား တိုက်ကျောင်း လေးကျောင်းလောက် ရှိတယ်။ ဒါပေမယ့် အဲဒါတွေကို တပည့်တော် သတိမထားမိဘူး။ ကိုယ်လှူချင်တာ၊ ကုသိုလ်ရချင်တာတစ်ခုပဲ သိတယ်။ အဲဒီအချိန်မှာ ဆရာတော် ဟောတဲ့ ဗုဒ္ဓအလိုကျ ဒါနပြုနည်း တရားခွေလေးကို နာရတယ်။ အဲဒီ တရားကို နာပြီးမှ ကုသိုလ်လည်းရ၊ အကျိုးလည်း ရှိ၊ အင်္ဂါနှစ်ချက်နဲ့ ညီတဲ့ နေရာတွေမှာ လှူရကောင်းမှန်း သိလာခဲ့တယ် ဘုရား။



www.burmeseclassic.com

www.burmeseclassic.com

တပည့်တော် အရင်လှူခဲ့သမျှ အများစုဟာ ကုသိုလ်သာ ရပြီး အကျိုးမရှိတာတွေက များတယ် ဘုရား။ အခုလည်း ရွာဦးကျောင်းမှာ တပည့်တော် ကျောင်းဆောက်လှူမယ်ဆိုရင် ကုသိုလ်တော့ ရမှာပဲ။ ဒါပေမယ့် အကျိုးမရှိနိုင်ဘူး ဘုရား။ ဘာကြောင့်လဲဆိုတော့ တပည့်တော် ဆောက်တဲ့ ကျောင်းမှာ သီတင်းသုံးမယ့် သံဃာမရှိတဲ့အတွက်ကြောင့်ပါပဲ။ ဒါကြောင့် တပည့်တော် ရွာဦးကျောင်းမှာ ကျောင်း မဆောက်တော့ဘဲ မော်လမြိုင်မြို့ပေါ်က မဟာမြိုင် စာသင်တိုက်ကြီးမှာ နှစ်ထပ်ကျောင်းကြီး ဆောက်လုပ်လှူဒါန်းလိုက်တယ် ဘုရား။



တပည့်တော် ကျောင်းကြီး ဆောက်ပြီးပြီးချင်း စာသင်သား သံဃာတွေ သီတင်းသုံးလိုက်ကြတာ နှစ်ထပ်ကျောင်းကြီး ပြည့်သွားတာပဲ ဘုရား။ တပည့်တော်မှာ ကြည်နူးပီတိဖြစ်လိုက်ရတာ။ ဒီလို တကယ်လိုအပ်တဲ့နေရာ လှူမိတော့ တပည့်တော်အတွက် ကုသိုလ်လည်းရ၊ သာသနာအတွက် အကျိုးလည်းရှိ ဖြစ်သွားတာပေါ့ ဘုရား"

**သံဃာရှစ်ပါးနှင့် တိုက်ကျောင်း လေးဆယ်**

ဉာဏ်မယှဉ်သော ဒါနအချို့ကို ဖော်ပြပေအံ့။

ပဲခူးတိုင်းအတွင်းရှိ မြို့နယ်တစ်ခုတွင် အရိယာအဖြစ် ကျော်ကြားသော ဆရာတော်တစ်ပါးရှိသည်။ စိတ်ကောင်းရှိပြီး အကျင့်သီလနှင့်လည်း ပြည့်စုံသည်။ ထိုဆရာတော် ကျောင်းတွင် သံဃာတော် ရှစ်ပါးခန့်သာ ရှိသော်လည်း ဆောက်လုပ်လှူဒါန်းထားသော တိုက်ကျောင်းပေါင်း အလုံး ၄၀ ကျော်ရှိသည်။ ဤကဲ့သို့သော ကျောင်းမျိုး၌ ကျောင်း ဆောက်လှူခြင်းအားဖြင့် ကုသိုလ်ရသော်လည်း အကျိုးကား မရှိပေ။ အဘယ်ကြောင့်နည်း။ သီတင်းသုံး နေထိုင်မည့် သံဃာတော်များ မရှိသောကြောင့်ပေတည်း။

လိုအပ်သောနေရာ၌ ရွေးချယ်ပြီး လှူဒါန်းသော ဒါန မျိုးကို "ကာလဒါန"ဟု ခေါ်သင့်သည်။ မလိုအပ်ဘဲ ရမ်းလှူသော ဒါနမျိုးကိုကား "အကာလဒါန"ဟု ဆိုသင့်သည်။ ကာလဒါနတစ်ခုကို သာဓက ပြရလျှင် မန္တလေးမြို့မှ ဦးဘုန်းမြင့်အောင် ဟူသော အမျိုးသားကြီးတစ်ယောက်သည် မျက်စိ မမြင်ရ၍ အခက်အခဲရှိနေသော လူနာတစ်ဦးအား ဦးကောဝိဒ၏ အကူအညီကို ယူ၍ စစ်ကိုင်းမြို့ "ဒေါ်မေချိုချိုအေး" ဆေးရုံခန်းတွင် မျက်စိနှစ်ဖက်လုံး ခွဲစိတ်ကုသပေးခဲ့သည်။ ဤကာလဒါနမှာ အကာလဒါနကို အကြောင်းပြု၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။

ပြည်ပနိုင်ငံမှ အမျိုးသမီးတစ်ဦးသည် ဗေဒင်ဆရာ၏ စေခိုင်းမှုကြောင့် ဘုရားတွင် ဆီမီး ကိုးထောင် ပူဇော်ချင်ကြောင်း ဦးကောဝိဒထံ အကြောင်းကြားလာသည်။ ထေရဝါဒ မှတ်ကျောက်စာအုပ်ကို ဖတ်ထားသော ဦးကောဝိဒက ယခုလို ပြန်လည်ရှင်းပြခဲ့သည်။

"ဒါယိကာမကြီး… ဘုရားပေါ်မှာ ဖယောင်းတိုင်တွေ၊ ဆီမီးခွက်တွေ ကိုးထောင်၊ ကိုးခွက် ထွန်းညှိပူဇော်မယ်ဆိုရင် ကုသိုလ်တော့ ရပါတယ်။ ဒါပေမယ့် အကျိုးသိပ်မရှိဘူး။ နာမည်ကြီး စေတီရင်ပြင်တစ်ခုမှာ ဆီမီး ကိုးထောင် ပူဇော်တာ ဦးဇင်း တွေ့ဖူးတယ်။ မီးပူဇော်ပွဲလည်း ပြီးရော၊ စေတီရင်ပြင်မှာ ဖယောင်းစက်တွေ၊ ဆီတွေ ညစ်ပေကျန်ခဲ့တယ်။ အဲဒါတွေကို သန့်ရှင်းရေးလည်း လုပ်မသွားကြဘူး။ သေချာ တွေးကြည့်ရင် ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာဖြစ်သွားနိုင်တယ်။ တကယ်ဆိုရင် လျှပ်စစ် ဆလိုက်မီးကြီးတွေက ဖယောင်းတိုင်မီး အတိုင်ပေါင်း တစ်သောင်းထက်မကအောင် လင်းပါတယ်။ ဖယောင်းတိုင်မီးထွန်းမည့်အစား ဆလိုက်မီးကြီး တစ်ညလောက် ပူဇော်လိုက်ရင် အကုန်ကျလည်း နည်းပြီး ကုသိုလ်လည်း ပိုရနိုင်ပါတယ်။ ဘုရားရင်ပြင်တော် ပေါ်မှာလည်း မညစ်ပေတော့ဘူးပေါ့။ ဒီ့ထက် အကျိုးရှိအောင် လှူချင်တယ်ဆိုရင် မျက်စိမခွဲနိုင်တဲ့အတွက် အမှောင် လောကထဲမှာ နေ,နေရတဲ့ နွမ်းပါးတဲ့ မျက်စိဝေဒနာရှင်တွေ



www.burmeseclassic.com

www.burmeseclassic.com

အများကြီး ရှိပါတယ်။ အဲဒီ ဝေဒနာရှင် နှစ်ယောက်၊ သုံးယောက်လောက်ကို မျက်စိ အလင်းရအောင် ခွဲစိတ်ပေးလိုက်မယ်ဆိုရင် ကုသိုလ်လည်း ရမယ်၊ အကျိုးလည်း ရှိမယ်။ ဘုရားရှင် သက်တော်ထင်ရှားရှိမည်ဆိုလျှင်လည်း သာဓုခေါ်ပါလိမ့်မယ်"

ထိုကဲ့သို့ ရှင်းပြသော်လည်း ထိုအမျိုးသမီးကြီးက မလိုက်နာခဲ့ပေ။ ထိုအလှူရှင်သည် ထိုဆီမီးနှင့် ဖယောင်းတိုင်ဖိုးအတွက် သုံးသိန်းအကုန်အကျခံမည်ဟု ဆိုခဲ့သည်။ ထိုသုံးသိန်းနှင့် မျက်စိခွဲစိတ်ပေးမည်ဆိုလျှင် လူ ၉ယောက်ယောက်ကို ခွဲစိတ်ပေးနိုင်ပေသည်။ ထို ပြည်ပနိုင်ငံမှ အမျိုးသမီးကြီးက မလှူနိုင်ကြောင်း ငြင်းလိုက်သဖြင့် မန္တလေးမြို့မှ ဦးဘုန်းမြင့်အောင် (လမင်းသာ အီလက်ထရောနစ်)မှ ဝင်ရောက်လှူဒါန်းပေးခြင်းဖြစ်သည်။

## ဖိုးသူတော်စကား နားဝယ်ထားသူ

တကယ်ဖြစ်ရပ်လေးတစ်ခုကို မှတ်သားရဖူးသည်။ တစ်ခါက ရွာတစ်ရွာတွင် ဘုန်းကြီးကျောင်းရှိသော်လည်း ကျောင်းထိုင်မည့် ဘုန်းကြီး မရှိသဖြင့် စာမတတ် ပေမတတ်၊ အံအိပ်အစားအလုပ်ကိုသာ လုပ်တတ်သော ဖိုးသူတော်က ကျောင်းစောင့်ရသည်။ ထိုကျောင်းဝိုင်းထဲတွင် ဂေါတမ ဘုရားအလောင်း သုမေဓာရှင်ရသေ့က ဒီပင်္ကရာဘုရားရှေ့တွင် ခန္ဓာကိုယ်ကို တံတားခင်းပြီး လှူဒါန်းနေသော ရုပ်တုကြီး ရှိသည်။ သုမေဓာရှင်ရသေ့၏ ဘေးတွင်လည်း ပါရမီဖြည့်ဘက်ဖြစ်လာမည့် ယသော်ဓရာအလောင်း သုမိတ္တာအမျိုးသမီးလေးက ကြာပွင့်များကို ကိုင်လျက်ပုံလည်း ပါရှိသည်။

တစ်ရက်တွင် ဘာမျှမသိသော အမျိုးသမီးကြီးတစ်ဦး ရောက်လာပြီး ဘာမျှ မတတ်သော ဖိုးသူတော်ကို ယခုလို မေးမြန်းလေ၏။

"ဦးသူတော်··· ဒီရုပ်တုကြီး သုံးခုရဲ့ နောက်ကြောင်း ဇာတ်လမ်းကို သိရင် ပြောပြပေးပါ ဘုရား"

"ဒါယိကာမကြီး · · · ဝမ်းလျားမှောက်နေတာက ကိုရင်လေးတစ်ပါးရဲ့ ရုပ်ထုပဲ။ မတ်တတ်ရပ်နေတာက ကျောင်းထိုင်ဘုန်းကြီးတစ်ပါးရဲ့ ရုပ်ထုပဲ။ ဘေးက ထိုင်နေတာက ကိုရင်လေးရဲ့ အမေပဲ။ ကိုရင်လေးက ဘုန်းကြီးအတွက် လှူထားတဲ့ ထန်းလျက်တွေကို ခိုးစားတဲ့အတွက်ကြောင့် ဘုန်းကြီးက ရိုက်မလို့ လုပ်နေတာ။ ဘေးက ကိုရင်လေးရဲ့ အမေက ကိုရင်လေးကို မရိုက်ဖို့ ငိုယိုပြီး တောင်းပန်နေတာ။ သိပ်သနားစရာကောင်းတဲ့ ဇာတ်လမ်းလေးပေါ့"

ဖိုးသူတော်၏ မဟုတ်မဟတ် ရှင်းပြချက်ကို အမျိုးသမီးကြီးက အမှန်တကယ် ထင်မှတ်ပြီး မျက်ရည်များဝိုင်းကာ သနားနေရှာသည်။ လဲကြွတ် ဇာတ်လမ်းကိုလည်း တကယ်ထင်နေရှာသည်။ လအတန်ကြာသောအခါ စာတတ်ပေတတ် ဘုန်းကြီးတစ်ပါးရောက်လာသဖြင့် ဖိုးသူတော်မှာ လူဝတ်လဲပြီး သူ့အိမ်သို့ ပြန်သွားခဲ့သည်။

တစ်ရက်တွင် ဖိုးသူတော်၏ လဲကြွတ် ဇာတ်လမ်းကို ခံတွင်းတွေ့ခဲ့သော အမျိုးသမီးကြီး ထိုကျောင်းသို့ ရောက်လာပြန်သည်။

ကျောင်းသို့ ရောက်သည်နှင့် ကျောင်းထိုင် ဘုန်းကြီးအသစ်အား ရုပ်ထုသုံးခု၏ နောက်ကြောင်း ဇာတ်လမ်းကို ထပ်မံ မေးမြန်းပြန်သည်။ သူသည် ဒုတိယအကြိမ် ကရုဏာရသကို ခံစားချင်ဟန် ရှိ၏။ စာတတ်ပေတတ် ဆရာတော်ကား ဝမ်းလျားမှောက်နေသူမှာ ဘုရားအလောင်း သုမေဓာရှင်ရသေ့ဖြစ်ပုံ၊ မတ်တတ်ရပ်နေသူမှာ ဒီပင်္ကရာဘုရားရှင်ဖြစ်ပုံ၊ ဘေးမှာ ထိုင်နေသူမှာ ပါရမီဖြည့်ဘက် သုမိတ္တာဖြစ်ပုံတို့ကို အမှန်အတိုင်း ရှင်းပြလေ၏။

ထိုအခါ အမှားကို ခံတွင်းတွေ့ထားသည့် အမျိုးသမီးကြီးသည် အမှန်ကိုကား အရသာခံတတ်တော့ဟန် မတူ။ ထို့ကြောင့် အမှန်အတိုင်း ရှင်းလင်းဟောပြသော ကျောင်းထိုင်ဘုန်းကြီးကို ယခုလို မကျေမနပ် ပြန်လျှောက်ပြီး ကျောင်းမှ ထွက်သွားလေ၏။

"ဖိုးသူတော် ပြောတဲ့ ဇာတ်လမ်းပဲ ကောင်းတယ်။ ဆရာတော် ပြောတဲ့ ဇာတ်လမ်းက ဘာမှ အရသာမရှိဘူး"

ဟူ၏။

ပြခဲ့သည့် ဥပမာအတိုင်းပင် ယခုခေတ် ဗုဒ္ဓဘာသာဝင်အများစုသည် ဘာမှမသိသော အမျိုးသမီးနှင့် တူ၏။ မိမိတို့ ကိုးကွယ်သော သံဃာတော်များ၏ စကားကို သေချာ မနာယူဘဲ အကြားအမြင်ဆရာ၊ ဗေဒင်ဆရာ၊ ဓာတ်ဆရာတို့၏ စကားကိုသာ နာယူကြသည်မှာ ဝမ်းနည်းဖွယ် ကောင်းလှသည်။■

* * *


မေတ္တာရှင်ရွှေဝြည်သာ



www.burmeseclassic.com


www.burmeseclassic.com

တနင်္သာရီတိုင်းဒေသ ကြီး၊ ထားဝယ်မြို့သို့ ရောက်ဖူးကြသူတိုင်း မောင်းမကန် ပင်လယ်ကမ်းခြေသို့ ရောက်ဖူးကြမည်သာ ဖြစ်ပါသည်။ လှိုင်းလုံးများ အဆက်မပြတ် ပုတ်ခတ်နေသော မောင်းမကန်ကမ်းခြေ၏ လှပသော ရှုခင်းများနှင့် အရသာရှိ၍ ဈေးနှုန်းသက်သာသော ပင်လယ်အစားအစာများကြောင့် ထားဝယ် မောင်းမကန်သို့ မြန်မာပြည်အနှံ့မှ လာရောက်လည်ပတ်အနားယူ အပန်းဖြေကြသူများသည် နွေ မိုး ဆောင်း မပြတ် အမြဲရှိနေတတ်ပေသည်။




# မောင်းမကန် မျှော်ရစ်သို့ တစ်ခေါက်

ဝင်းကိုဇော်



www.burmeseclassic.com


www.burmeseclassic.com



လွန်ခဲ့သောလက ထားဝယ်သို့ ကျွန်တော်ရောက်ရှိသွားခဲ့ပါသည်။ ကော့သောင်းမြို့တွင် တာဝန်ကျနေသော ကျွန်တော့်သားက ထားဝယ်တွင် သင်တန်းတစ်ခုတက်ရန် ရောက်ရှိနေသဖြင့် သားကို တွေ့ရန် ကျွန်တော် ရန်ကုန်မှ ထားဝယ်သို့ လိုက်သွားခဲ့ခြင်းဖြစ်ပါသည်။ ထားဝယ်သို့ ရောက်ခိုက် သာယာလှပသော မောင်းမကန်ပင်လယ်ကမ်းခြေသို့ သွားရောက်လည်ပတ်ရင်း မောင်းမကန်အနီးမှ ရှေးဟောင်း "မျှော်ရစ်စေတီတော်"အား သွားရောက်ဖူးမြော် ကြည်ညိုခွင့် ရရှိခဲ့ပါသည်။

ထားဝယ်မြို့မှ အနောက်မြောက်ယွန်းယွန်းသို့ ၄၅မိနစ်ခန့်မျှ ကားမောင်းသွားလိုက်သည်နှင့် မောင်းမကန်ရွာသို့ ရောက်ရှိသွားပါသည်။ မောင်းမကန်ရွာမှတစ်ဖန် အနောက်ဘက်စူးစူးသို့ ကားဆက်မောင်းလာခဲ့ရာတွင် လမ်းခွဲနှစ်ခုကို တွေ့ရပါသည်။ လက်ယာဘက်လမ်းသည် မောင်းမကန်ကမ်းခြေသို့ သွားသောလမ်းဖြစ်ပြီး လက်ဝဲဘက်လမ်းမှာမူ မြတ်စွာဘုရားရှင်၏ ဆံတော်အစစ်နှစ်ဆူ ကိန်းဝပ်တည်ထားသော "နဂါးရစ်" ခေါ် "မျှော်ရစ်စေတီ"သို့ သွားရာလမ်းဖြစ်ပေသည်။

မောင်းမကန်ရွာကို ကျော်လိုက်သည်နှင့် တနင်္သာရီ





www.burmeseclassic.com

www.burmeseclassic.com





ကမ်းမြောင်ဒေသ၏ လှပသော ကမ်းရိုးတန်းစပ်ကို စတင်တွေ့မြင်ကြရပါသည်။ ကမ်းရိုးတန်းတစ်လျှောက် ကမ်းပါးနှင့်အပြိုင် ၁၅မိနစ်ကျော်ကျော်လောက် ကားကို ဆက်မောင်းလာခဲ့ရာတွင် ကားလမ်းက ကမ်းနံဘေးတစ်ခုတွင် အဆုံးသတ်သွားသည်ကို တွေ့ရပါသည်။ ရှေ့တည့်တည့်တွင်မူ လှိုင်းများ တဝုန်းဝုန်းရိုက်ပုတ်နေသော ကမ်းခြေကိုလည်း မြင်နေကြရပါ၏။ ကမ်းခြေမှ တော်တော်လှမ်းလှမ်းရှိ ရေလယ်မှ ကုန်းမြင့်ပေါ်တွင် တည်ထားသော မျှော်ရစ်စေတီတော်ကို လှမ်း၍ ဖူးတွေ့ကြရပါသည်။


ကမ်းခြေမှသည် ရေလယ်ဆီသို့ အုတ်တံတားတစ်စင်း ထိုးထားပါသည်။ တံတားအရှည်က ပေ ၃၀၀ ကျော်လောက်ရှိမည်ဟု ခန့်မှန်းမိပါသည်။ ထိုတံတားပေါ်မှ ကျွန်တော်တို့ ဖြတ်လျှောက်လာခဲ့ရာတွင် တံတားအဆုံး၌ မျှော်ရစ်စေတီတော်ကုန်း၏ ခြေရင်းသို့ ရောက်ရှိသွားပါတော့သည်။ စေတီတော်ကုန်းပေါ်သို့ တက်ရန် ပြုလုပ်ထားသော အုတ်လှေကားကို တစ်ထစ်ချင်း ဖြတ်လျှောက်ကာ ကျွန်တော်တို့ စေတီတော်တည်ထားရာ ကုန်းမြင့်ပေါ်သို့ တက်ရောက်ခဲ့ကြပါသည်။ လေကလည်း တဝူးဝူးတိုက်ခတ်နေသကဲ့သို့ လှိုင်းလုံးများကလည်း တဝုန်းဝုန်းပုတ်ခတ်လျက် ရှိနေပါသည်။ ကျောက်တုံးကြီးများက စေတီတော်တည်ထားရာ ကုန်းမြင့်၏ အောက်ခြေတွင် တစ်ခုပေါ် တစ်ခုဆင့်နေကြပြီး အရောင်များက မည်းနက်နေကြပါသည်။ ထိုကျောက်တုံးကြီးများကို လှိုင်းလုံးများက ရိုက်ခတ်ကာ ရေမွှာများ ပြန့်ကျဲသွားသည်ကို မြင်ရသည်မှာ မျက်စိပသာဒ ရှိလှပါတော့သည်။

မျှော်ရစ်စေတီတော်ရင်ပြင်ပေါ်သို့ ရောက်လျှင် စေတီတော်ရှေ့ရှိ ဘုရားဝတ်ပြုရာအဆောင်မှ မျှော်ရစ်စေတီတော်နှင့် ဗုဒ္ဓရုပ်ပွားတော်တို့ကို ဖူးပြီးနောက် အောက်ဘက်သို့ဆင်းကာ ကျောက်တုံးကြီးများပေါ်တွင် ထိုင်ရင်း ပင်လယ်ပြင်ကို ကျွန်တော်တို့ ကြည့်နေကြပါသည်။ ပင်လယ်ပြင်ကြီးက မျက်စိတစ်ဆုံး ကျယ်ဝန်းလှပါသည်။ လှိုင်းလုံးများကလည်း ပင်လယ်ပြင်အဝေးဆီမှ အရှိန်ဖြင့် ပြေးလာကြကာ ကမ်းကို တဝုန်းဝုန်းမြည်အောင် ရိုက်ခတ်လျက် ရှိနေပါသည်။

◈◈◈

မျှော်ရစ်စေတီကို ရှေးယခင်က နဂါးရစ်စေတီဟု ခေါ်တွင်ခဲ့ပါသည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ဂေါတမ ဗုဒ္ဓမြတ်စွာသည် သဗ္ဗညုတ ရွှေဉာဏ်တော်ကို ရရှိကာ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူပြီးနောက် ဥက္ကလာပြည်မှ တဖုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်တို့အား





www.burmeseclassic.com

www.burmeseclassic.com




ဆံတော်မြတ်ရှစ်ဆူ ပေးသနားလိုက်ခြင်းကို အားလုံး သိရှိပြီးဖြစ်ပါ၏။ ညီနောင်နှစ်ဦးတို့၏ အပြန်ခရီးဝယ် မဇ္ဈိမတိုင်း၊ အဇ္ဈတ္တနာဂရ ပြည့်ရှင်မင်း၏ တောင်းပန်မှုကြောင့် ဆံတော်နှစ်ဆူကို ပူဇော်ခွင့်ပြုပေးခဲ့ကြပြီး၊ ကျန် ဆံတော် ခြောက်ဆူကို ပင့်ဆောင်ကာ ရာမညတိုင်းသို့ ဆက်လက်ရွက်လွှင့်ခဲ့ကြသည်။ ရာမည မရောက်မီ လမ်းခရီးတွင် သမုဒ္ဒရာလှိုင်းလေ အစဉ်မသင့်သဖြင့် ယခု ထားဝယ်မြို့နယ်၊ မောင်းမကန်ဒေသရှိ နဂါးရစ်မော်တွင် ခရီးတစ်ထောက်နားပြီး တစ်ညတာမျှ ရပ်နားခဲ့ကြပါသည်။



နဂါးရစ်မော်တွင် ခရီးတစ်ထောက် ကွန်းထောက်နေစဉ်ဝယ် တောင်စောင့် နတ်နဂါးတို့က ဆံတော်နှစ်ဆူကို ပင့်ယူ ပူဇော်ခဲ့ကြပါသည်။ (ထိုဆံတော်မြတ်များကို နဂါးတို့က ကုန်သည်ညီနောင် မသိအောင် ခိုးယူသွားခဲ့ကြသည်ဟုလည်း အဆိုရှိပါသည်။) ဆံတော်မြတ်များကို နဂါးတို့ ရစ်ပတ် စောင့်ရှောက် ကိုးကွယ်ထားသောကြောင့် နဂါးရစ်မော်ဟု ခေါ်တွင်ခဲ့ခြင်း ဖြစ်ပါသည်။

(ကျန်ရှိသော ဆံတော်လေးဆူကို ပင့်၍ ကုန်သည်ညီနောင်တို့ ခရီးဆက်ခဲ့ရာတွင် ရာမညတိုင်းသို့ ရောက်ရှိလာသောအခါ ဥက္ကလာမင်းကြီးက သိင်္ဂုတ္တရကုန်းတော်တွင် ဌာပနာလျက် ရွှေတိဂုံစေတီတော်မြတ်ကြီးကို တည်ထား ကိုးကွယ်ခဲ့လေသည်။)





နဂါးရစ်မော်တွင် နဂါးတို့ သိမ်းယူထားသော ဆံတော်ရှင်မြတ်များကို ဌာပနာထားသည့် ဌာပနာတိုက်ကို အလောင်းစည်သူမင်းကိုယ်တိုင် လာရောက်ဖူးမြော် ကြည်ညိုခဲ့ပါသည်။ သိကြားမင်းက ညွှန်ပြသဖြင့် ဖောင်စကြာဖြင့် လှည့်လည်လာရောက် ဖူးမြော်ခဲ့ပြီး ဆံတော် ဌာပနာတိုက်ပေါ်တွင် စေတီတော်တစ်ဆူကို တည်ထားခဲ့ပါသည်။ ယခု ကျွန်တော်တို့ ဖူးမြင်နေရသော စေတီတော်သည် အလောင်းစည်သူမင်း တည်ထားတော်မူခဲ့သည့် စေတီတော်ပင် ဖြစ်ပါသည်။ စေတီတော်တည်နေစဉ် အချို့သော ဘုရင့်နောက်လိုက်များက မိမိတို့ တိုင်းဌာနေကို လွမ်းဆွတ် တ,သ ညည်းညူကြသည်ကို အလောင်းစည်သူမင်းမြတ် ကြားသိသောအခါ ထိုသူတို့အား ရာဇဒဏ်ချထားပြီး နတ်မော်ရစ်တွင် ထားရစ်ခဲ့လေသည်။ ဘုရင်မင်း၏ ဖောင်တော်ထွက်ခွာသွားသောအခါ ကျန်ရစ်သူများက ဖောင်စကြာကို ငေးမောကော မျှော်ရင်း ကျန်နေရစ်ခဲ့ကြသဖြင့် "မျှော်ရစ်"ဟု အမည်တွင်ခဲ့ရပါသည်။

ယခုအခါတွင်မူ ထိုနေရာသည် တံငါလှေများ ရစ်ပတ်သွားလာနေကြရာ မော်အငူလေးတစ်ခုဖြစ်နေသောကြောင့် "မော်ရစ်"ဟုလည်း ခေါ်တွင်ကြပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



မျှော်ရစ်မှ အနောက်မြောက်ယွန်းယွန်း ပင်လယ်ပြင်ကို လှမ်းကြည့်လိုက်ပါက မောင်းမကန် ကမ်းခြေကို ထင်ရှားစွာ မြင်နေကြရပါသည်။ အလောင်းစည်သူမင်း ဖောင်စကြာဆိုက်စဉ် မောင်းမမိဿံများ ရေကစားကြသည့်နေရာဖြစ်သောကြောင့် ရေကစားခြင်းကို အစွဲပြု၍ မောင်းမကန်ဟု ခေါ်တွင်သည်ဟုလည်း အဆိုရှိပါသည်။

ကျွန်တော်တို့သည် မျှော်ရစ်ခေါ် မော်ရစ်ခေါ် နဂါးရစ်စေတီတော်အား ဖူးမြော်ပြီးနောက် လာလမ်းအတိုင်း ကားကို ပြန်မောင်းလာခဲ့ကြပါသည်။ မောင်းမကန်ရွာအထွက်လမ်းခွဲတွင် မောင်းမကန် အပန်းဖြေကမ်းခြေဘက်သို့ ကွေ့ကာ ကားမောင်းခဲ့ပြီး မောင်းမကန်ကမ်းခြေသို့ ဝင်ရောက်ခဲ့ကြပါသည်။ မောင်းမကန်ကမ်းခြေမှ မျှော်ရစ်စေတီတော်ဆီသို့ လှမ်း၍ ဖူးမြော်ကြည့်ရာ တောင်ကုန်းပေါ်မှ စေတီတော်ကို ထင်ရှားစွာ ဖူးတွေ့ကြရပါသည်။ စေတီတော်ခြေရင်းသို့ သွယ်ထားသည့် အုတ်စောင်းတန်းကိုလည်း ခပ်ဝါးဝါးမြင်ကြရပါသေးသည်။

မောင်းမကန်မှ အပြန်တွင် နာမည်ကျော် မောင်းမကန် ရေပူစမ်းသို့ ဝင်ရောက်ခဲ့ကြပါသည်။ မောင်းမကန် ရေပူစမ်းတွင် ရေချိုးပါက ခရုသင်းစွဲနေသူများပင် ရောဂါများ ပျောက်ကင်း ကောင်းမွန်သည်ဟု ငယ်စဉ်က ကြားဖူးခဲ့ပါသည်။ ရေပူစမ်းမှ ထွက်လာသောရေများကို ပိုက်များဖြင့် သွယ်တန်းကာ ကန်အတွင်းထည့်ထားပြီး တစ်ခါချိုးလျှင် ငွေတစ်ရာနှုန်း ကောက်ခံရာ ရေချိုးနေကြသူ ယောကျ်ား၊ မိန်းမများကို အများအပြားတွေ့ခဲ့ရပါသည်။ ရေပူစိမ်လိုကြသူများအတွက် ရေပူကန်တွင် အခမဲ့ စိမ်ခွင့်ပြုထားပါသည်။ သို့သော် ကန်အတွင်းသို့ လူတစ်ကိုယ်လုံးဆင်းစိမ်၍ ရလောက်အောင် ရေကန်က မနက်သဖြင့် ခြေထောက်များကိုသာ စိမ်ခဲ့ရသည်။

(ထိုင်းနိုင်ငံ၊ ရနောင်းခရိုင်ရှိ ရေပူစမ်းတွင်မူ လူများ တစ်ကိုယ်လုံးဝင်ရောက် စိမ်နိုင်ရန်အတွက် ရေပူများကို ပြွန်ဖြင့် သွယ်ကာ လူအများ ဆင်းစိမ်နိုင်လောက်သော အုတ်ရေကန်ကြီးကို ပြုလုပ်ပေးထားသဖြင့် ထိုကန်အတွင်း ဆင်းကာ ရေပူစိမ်နိုင်ခဲ့သည်ကို တွေ့ခဲ့ဖူးပါသည်။)

ကန်ဘေးရှိ အုတ်ပေါင်ပေါ်တွင် ထိုင်ကာ ရေပူကန်အတွင်းသို့ ခြေထောက်ချလိုက်သည်နှင့် မခံမရပ်နိုင်အောင် ပူသွားပါသည်။ ခြေထောက်ကို ရေပေါ်သို့ ဆွဲမတင်ဘဲ ဆက်စိမ်ထားလိုက်ရာတွင် တဖြည်းဖြည်း အပူသက်သာလာပြီး ခြေချောင်းနှင့် ခြေဖမိုးများ ရဲလာသည်ကိုလည်း မြင်နေရပါသည်။ ရေက ကြည်လင်နေသဖြင့် ရေမှော်ပင်လေးများကိုပါ မြင်နေကြရပါသည်။ အတန်ကြာအောင် စိမ်ပြီးနောက်တွင် တစ်ကိုယ်လုံး ပေါ့ပါးသွားပါသည်။ ရေပူစိမ်ပြီးနောက် ခြေထောက်များကို ရေအသန့်ဖြင့် ဆေးပြီး ကျွန်တော်တို့ ပြန်လာချိန်တွင် နေအတော်စောင်းနေပြီဖြစ်ပါတော့သည်။

◈◈◈

ထားဝယ်သို့ ရောက်ခိုက် မောင်းမကန်သို့လည်း သွား ရေးပေါင်း မျှော်ရစ်စေတီကိုလည်း ဖူး၊ ရေပူစမ်းတွင်လည်း ရေစိမ်ခဲ့ရသည့် ဤခရီးစဉ်အား ကျွန်တော် မမေ့နိုင်အောင်ပင် အမှတ်တရဖြစ်မိပါတော့သည်■

* * *

ဝင်းကိုအောင်



www.burmeseclassic.com

www.burmeseclassic.com

# မဟာမြှတ်မုနိအဓိဋ္ဌာန်ကျင့်စဉ်

အောင်ကောင်းမြ (သာကေတ)

"မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ဆရာတော်ကြီး



"ကျက်သရေထိုးဂါထာတော်"
အဓိဋ္ဌာန မဟာထေရ၊
မဟာဇေယျ သိဒ္ဓိနာမံ။
နိစ္စံ ဝန္ဒာမိ အာစေရံ၊
ဘဝတု သဗ္ဗမင်္ဂလံ။
တစ်နေ့လျှင်(၅)ကြိမ်

တစ်နေ့တွင် ကျွန်ုပ်နှင့် ဓမ္မမိတ်ဆွေများသည် မော်ဘီမြို့မှအပြန် မြောက်ဥက္ကလာပရှိ မဟာကျိန်ဘုရားကြီးကို ဝင်ရောက် ဖူးမြော်ကြပါသည်။ ထိုဘုရားကြီးကို ရေဝေးသွားတိုင်းကားပေါ်မှ လှမ်းဖူးခဲ့ရတာ ကြာပြီ။ အချိုကလည်း အတွေးများ၊ အယူမှားစွာဖြင့် ကျိန်စာတိုက်ထားသော ဘုရားဟု



www.burmeseclassic.com

www.burmeseclassic.com

ပြောသည်။ ဘာကို ကျိန်စာတိုက်တာလဲဆိုတော့ လေယာဉ်ပျက်ကျတုန်းက ပါသွားသော အရာရှိ ကတော်တွေက သူတို့ မကျေနပ်တဲ့ ပုဂ္ဂိုလ်တွေကို ကျိန်စာတိုက် ဆုတောင်းပြီး တည်ထားသည်ဟု ဆိုသည်။ အမှန်မှာ ဤသို့မဟုတ်ပေ။ အဓိဋ္ဌာန် ဆရာတော်ဘုရားကြီးမှ ရေးယခင် ရခိုင်ဘုရားများလက်ထက်တော်က ဘုရားများဦးခေါင်းထက်ပေါ်တွင် တင်ပြကျိန်ဆိုသည် (သို့မဟုတ်) သစ္စာဆိုခဲ့သည့် ရုပ်ပွားတော်မျိုးဆိုလျှင် ကောင်းလိမ့်မည်ဟု စေတနာပေါ်သည့်အလျောက် မြန်မာနိုင်ငံသူ၊ နိုင်ငံသားများအကျိုးတာ ယခုလက်ရှိနေရာ၌ မဟာကျိန်သစ္စာရှင် ရုပ်ပွားတော်ကြီးကို တည်ထားရခြင်းဖြစ်သည်။ ဘုရားကြီး၏ ညာဏ်တော်မှာ ၁၂၉ ပေ ဖလက်မရှိပြီး ပလ္လင်တော်အမြင့်မှာ ဖလက်မ၊ အလျား ၉၀ ပေ၊ အနံ ၅၀ ပေ၊ ဓမ္မစက်အမြင့် ၃ပေ၊ ကိုယ်လုံးတော်အမြင့် ၉၉ ပေ၊ ဒူးတော်အကျယ် ၇၂ပေ၊ အမြင့် ၁၈ ပေဖြစ်ကြောင်း ဖော်ပြထားသည်။

ကျွန်ုပ်တို့လည်း ဘုရားကြီးကို လှည့်ပတ်ဖူးပြီး ပြန်လာခဲ့ကြပါသည်။ ဘုရားပုံတော်ရောင်းသောဆိုင်မှ စာအုပ်တစ်အုပ်နှင့် ပုံတော်တွေ ဝယ်ယူခဲ့သည်။ အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ရေးထားသော အဓိဋ္ဌာန်ကျင့်စဉ်နှင့် ဘုရားသမိုင်းအကျဉ်းစာအုပ်လည်း ဝယ်ယူခဲ့သည်။ ထိုစာအုပ်တွင် အဓိဋ္ဌာန်ဆရာတော်ကြီး၏ သာသနာပြုလုပ်ငန်းများ၊ ကုသိုလ်ကောင်းမှုပြုနေပုံများ၊ သာသနာ့အကျိုးဆောင်ရွက်မှုများကို အသြွယ်ရာ ဖတ်ရပါသည်။

စစ်တွေမြို့ အကျိန်းတော်ကုန်း၊ ကန်တော်ငယ်အနီး၌ ကောခန့်ရှိသော သာသနာ့မြေပေါ်တွင် သာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် နောင်တစ်ခေတ် သမိုင်းတွင် ထင်ရှားစေမည့် စတုရန်းပေ ၄၀၀၀၀ ရှိ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန် သိမ်တော်ကြီးတစ်ဆောင်ကို ကျပ်သိန်းပေါင်းများစွာ အကုန်အကျခံကာ တည်ဆောက်ထားသည်။ ဒကာ၊ ဒကာမတို့ထံမှ လှူဒါန်းကြသော အလှူငွေများကို တစ်လလျှင် မြန်မာငွေကျပ် ၃၅သိန်းခန့် လစဉ်လတိုင်း ပညာသင်ထောက်ပံ့ကြေးငွေ ပေးကမ်းခြင်း၊ ကျန်းမာရေးအတွက် အခမဲ့ ဆေးကုသပေးခြင်း၊ ဘုရား၊ စေတီ၊ ဘုန်းကြီးကျောင်း၊ ဓမ္မာရုံ၊ သိမ်၊ စာသင်ကျောင်း၊ လမ်း စသည့် အလှူအမျိုးမျိုးကို သိန်းပေါင်းမြောက်မြားစွာ အကုန်အကျခံကာ လှူဒါန်းပေးနေခြင်း၊ သိန်းပေါင်းများစွာဖြင့် စာသင်ကျောင်း ဆောက်လုပ်ပြီးသော်လည်း ကိုယ်ပိုင် (ပုဂ္ဂလိကပိုင်)အဖြစ် မထားဘဲ သံဃိကပိုင်၊ အများပိုင်၊ ကျောင်းသားသာဝင်များအားလုံးပိုင် ပုံစံဖြင့်သာ ထားရှိခြင်း၊ အဓိဋ္ဌာန်ကျင့်စဉ်ဝင်၍ သက်သတ်လွတ် ဘုဉ်းပေးခြင်း၊ မေတ္တာပွားခြင်း စသည်တို့ကို မပြတ်ဆောင်ရွက်လျက်ရှိပါသည်။

စာရေးသူတို့လည်း ‘ထိုဘုရားကြီး တည်ရှိရာ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်သို့ ဒုတိယအကြိမ်ရောက်ဖြစ်သည်။ ဘုရားကြီးအောက်ခြေတွင် ပြုလုပ်ထားသော ပလ္လင်တော်ကြီးမှာ ဓမ္မာရုံကျောင်းတော်ကြီးပုံစံဖြစ်နေပါသည်။ ပတ်ပတ်လည်တွင် ရှစ်သောင်း ဘုရားပုထိုးတော်များ တည်ထားတာ တွေ့မြင်ရသည်။ နှေးသ အခါမရွေး ဘုရားဖူးကားများ ရပ်ထားတာ တွေ့ရသည်။ အဓိဋ္ဌာန်ဆရာတော်၏ ကြေးရုပ်ထုတော်နှင့် ပုံတော်ကိုသာ ဖူးတွေ့ရသည်။

စာရေးသူလည်း အဓိဋ္ဌာန်ဆရာတော် ချီးမြှင့်သော မဟာမြတ်မုနိအဓိဋ္ဌာန်ကျင့်စဉ်ကို ၁၃၇၅ ခု၊ ဝါတွင်းကာလတစ်လျှောက် သက်သတ်လွတ်စားကာ ကျင့်ကြံအားထုတ်ခဲ့ပါသည်။ ထိုအဓိဋ္ဌာန်ဆောင်ရွက်ပြီးသောအခါ ကိုယ်စိတ်နှစ်ဖြာ ပို၍ကျန်းမာချမ်းသာလာပါသည်။ အကြံအစည်ရည်ရွယ်ချက်များလည်း အောင်မြင်လာသည်။

ဆရာတော်ဘုရားအနေဖြင့် မိမိသည် မဟာဇေယျသိဒ္ဓိကျင့်စဉ်ခေါ် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို ကျင့်ကြံကြိုးစားအားထုတ်နေသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်နှင့်အညီ မြတ်စွာဘုရားကိုယ်တော်တိုင် သက်တော်ထင်ရှားရှိစဉ်ကပင် ကိုယ်စားတော်အဖြစ် သွန်းလုပ်တော်မူခဲ့သော၊ တစ်နည်းအားဖြင့် သက်တော်အရှည်ဆုံး ရုပ်ပွားတော်တစ်ဆူလည်း ဖြစ်တော်မူသည့် မဟာမြတ်မုနိ ကြေးဆင်းတု ရုပ်ပွားတော်တစ်ဆူကို မိမိကြွရောက်တော်မူရာ အရပ်ဒေသတိုင်းသို့လည်းကောင်း၊ အဓိဋ္ဌာန်တော်ဝင်စဉ်ကာလတစ်လျှောက်လုံးတွင် လည်းကောင်း၊ မိမိနှင့် မကွဲမကွာ ဦးထိပ်ထား၍ ပင့်ဆောင် ပူဇော်လျက် မြန်မာနိုင်ငံတစ်ဝန်း ဒေသစာရီ ကြွချီတော်မူပြီး သတ္တဝါအနန္တတို့အား မေတ္တာတရားချီးမြှင့်ခြင်းဖြင့် အပူဇော်ခံလျက် ရှိနေပါသည်။ မဟာမြတ်မုနိဟူသည် လောကီအနေဖြင့် ၅တေးအစ စနေအဆုံးဖြစ်သည်။ အင်္ဂါ၊ ဗုဒ္ဓဟူးသက်ရောက်နေချိန် ၅၇ အတွဲအရ အထူးအဓိဋ္ဌာန်ဝင်သင့်ပါသည်။

## မဟာမြတ်မုနိအဓိဋ္ဌာန်ကျင့်စဉ်

ပထမအဆင့် ၃ရက်။ တစ်ရက်လျှင် စိပ်ပုတီး သုံးပတ် (သို့မဟုတ်) သုံးနာရီကျစီ “ဘဂဝါ”ဟု ပွားများ။

ဒုတိယအဆင့် ၅ရက်။ တစ်ရက်လျှင် စိပ်ပုတီး ငါးပတ် (သို့မဟုတ်) ငါးနာရီကျစီ “မုနိဘဂဝါ”ဟု ပွားများ။

တတိယအဆင့် ၇ရက်။ တစ်ရက်လျှင် စိပ်ပုတီး



www.burmeseclassic.com

www.burmeseclassic.com

ခုနစ်ပတ် (သို့မဟုတ်) ခုနစ်နာရီကျစီ "မဟာမုနိ ဘဂဝါ"ဟု ပွားများ။

စတုတ္ထအဆင့် ၉ရက်။ တစ်ရက်လျှင် စိပ်ပုတီး ကိုးပတ် (သို့မဟုတ်) ကိုးနာရီကျစီ "ဥုံ မုနိ မဟာမုနိ မုနိ"ဟု ပွားများ။

ကျင့်စဉ်ကာလအတွင်း အနန္တော အနန္တငါးပါးကို မပြစ်မှားရပါ။ ငါးပါးသီလမြဲခြင်း၊ သက်သတ်လွတ် ဆားဟင်း စားသုံးခြင်း၊ ဤသစ္စာခုနစ်ချက်ကို ခံယူထားရမည်။ စာရေးသူ အနေဖြင့် ပုတီးပတ်ရေ (၃၊ ၅၊ ၇၊ ၉)ကိုသာ စိပ်ရပါသည်။ နာရီဖြင့် မပြုလုပ်နိုင်ပါ။ စာဖတ်ပရိသတ်လည်း စုစုပေါင်း ပုတီး ၂၄ပတ်၊ ၂၄ရက်ပြီးပါက ထူးခြားမှု ကြုံတွေ့ရပါမည်။ သက်သတ်လွတ်စားပြီး ပုတီးစိပ်ပါ။ အဓိဋ္ဌာန်ဆောက်တည်၍ ပြီးဆုံးတိုင်း ပြီးဆုံးတိုင်း ဤ မဟာမြတ်မုနိဂါထာတော်များကို ရွတ်ဖတ်၍ အဓိဋ္ဌာန်မှ ထပါ။

**မဟာမြတ်မုနိဂါထာတော်များ**

ဥုံ မုနိပါဒေ သွားဟုံဟုံ (သုံးကြိမ်ရွတ်ရမည်)။

(၁) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာလာဘော။

(၂) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာသုခေါ။

(၃) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာဘောဂေါ။

(၄) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာဖလော။

(၅) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာယသော။

(၆) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာပညော။

(၇) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာတေဇော။

(၈) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာဣန္ဒော။

(၉) မဟာမုနိ၊ မဟာပုညော၊ မဟာတေဇော၊ မဟိဒ္ဓိကော၊ မယုံဒီပေါ၊ မယုံနာထော၊ မယုံဒေဝါ၊ မဟာဇယော။

ဥုံ မဟာမုနိ ဘဂဝါ နိစ္စံပါလေတု မံသဒါ (သုံးကြိမ်ရွတ်ဆိုရမည်)။

**မေတ္တာပို့ အမျှဝေ**

အကျွန်ုပ်ပြုလုပ်ရသော ကုသိုလ်ကံ၏ အဖို့ဘာဂကို မိခင်၊ ဖခင်၊ ဆရာရှင်နှင့်တကွ ကိုယ်စောင့်နတ်၊ မဟာမြတ်မုနိသိမ်တော်စောင့်နတ်၊ ရွာစောင့်နတ်၊ မြို့စောင့်နတ်၊ ပြည်စောင့်နတ်၊ တောစောင့်နတ်၊ ရေစောင့်နတ်၊ သာသနာတော်စောင့်နတ်၊ အာကာသစိုး၍၊ ဘုမ္မစိုး၍၊ ရုက္ခစိုး၊ နဂါး၊ ဂဠုန်၊ ကုမ္ဘဏ်၊ ယက္ခ၊ ဂန္ဓဗ္ဗနှင့် စတုလောကပါလ၊ သုံးဆယ့်တစ်ဘုံ ကျင်လည်နေကြကုန်သော ဒုက္ခိတ၊ သုခိတ၊ ဝေနေယျ သတ္တဝါအပေါင်းတို့အား အမျှပေးဝေလိုက်ပါ၏။ အမျှ…အမျှ…အမျှ…ယူတော်မူကြပါကုန်လော့။ အမျှရကြ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာ ရှင်လန်းနိုင်ကြပါစေသော်။

သူတော်စင်၊ သူတော်ကောင်းအပေါင်းတို့ ပေးပို့လိုက်သော ဆုထူးဆုမြတ်များကို မေတ္တာ ဘာဝနာတို့ကိုလည်း သာဓု…သာဓု…သာဓုပါ ဘုရားဟူ၍ အဓိဋ္ဌာန်မှ ထကြပါကုန်။

ကြီးပွားတိုးတက်လိုသူတိုင်း ဤ မဟာမြတ်မုနိအဓိဋ္ဌာန်ကို အမြဲဆောင်ထားကြပါ။

**အဓိဋ္ဌာန်တော်၏ အကျိုး**

(၁) ကမ္ဘာတစ်လွှား၊ ထင်ရှားဂုဏ်အင်၊ မဟာမုနိမည် ရှိရပ်ရှင် အာရုံပြုလျက်၊ ထိပ်ထက်မှာ တင်၊ အဓိဋ္ဌာန်မြတ် ပွားလျက် သူတော်စင်။

(၂) သုံး၊ ငါး၊ ခုနစ်၊ ကိုး တစ်မျိုးမျိုးပင်၊ စည်းကမ်းတကျ ပွားများကြလျှင်၊ ဘေးဒဏ်ရန်ကျိုး ကပ်ဆိုးမဝင် ချမ်းသာရောက်၊ မျက်မှောက် အခုမှာပင်။

(၃) ရာထူးလည်း တိုး၊ လာဘ်မိုးမြိုင်မြိုင်၊ အာဏာ လွှမ်းမိုး၊ တန်ခိုးတက်နိုင်၊ ပြည်ရွာအတွင်း၊ သတင်းပျံ့ကြိုး အံ့မခန်း ထူးဆန်း ရွှေဘုန်းလှိုင် ■

* * *

အောင်ကောင်းမြဲ(သာ



www.burmeseclassic.com

www.burmeseclassic.com

# လောကရှိသတ္တဝါများကွဲပြားမှု

တက္ကသိုလ်သျှင်သီရိ



www.burmeseclassic.com

www.burmeseclassic.com

အရှင်ဂေါတမ သည် သတ္တဝါတို့၏ နာမ် ပိုင်းဆိုင်ရာ သဘာဝတို့ကို…

(၁) နာမ်ချည်းသက်သက် ဆိုင်ရာအပိုင်း။

(၂) နာမ်နှင့် ရုပ် ရောစပ်လျက်ရှိသော အပိုင်းဟူ၍ အပိုင်းကြီးနှစ်ပိုင်းခွဲပြီး ဖော်ထုတ်ဟောပြောခဲ့ပါသည်။

အကြောင်းအကျိုး ဆက်စပ်မှုတို့၌ ပင်ရင်းမူလ သဘာဝတရားမှာ စိတ်၊ စေတသိက်၊ ရုပ်တို့ ဖြစ်ပါသည်။

စိတ်သည် ပင်ကိုယ်မူလ ပကတိ သဘာဝအားဖြင့် အလွန်သန့်ရှင်းဖြူစင်သောသဘော၊ ပြိုးပြိုးပြက်ပြက်အရောင် ထွန်းလျက် ပြောင်လက်ထွန်းလင်းသော သဘောလက္ခဏာတို့နှင့် ပြည့်စုံပြီး ကြံစည်တတ်၊ တီထွင်တတ်၊ ထိုးထွင်း ဖန်တီးတတ်သော စွမ်းရည်သတ္တိနှင့် ပြည့်ဝ စုံလင်သော ဂုဏ်အင်္ဂါအရည်အချင်းရှိပါသည်။

ဤလောက၌ အလွန်စိတ်ကူးယဉ်ကောင်းသော ကမ္ဘာကျော် ပန်းချီဆရာကြီးတို့ ရေးသားခြယ်လှယ်မွမ်းမံထားသော ပန်းချီကားချပ်ကြီးများသည် အလွန်ပင် ထူးဆန်း၍ ရင်သတ်ပေးမော ပြောဟောချီးကျူး၍မကုန်နိုင်အောင် ဆန်းကြယ်လှပပါသည်။

ယနေ့ခေတ် အင်တာနက်ဆက်သွယ်ရေး နည်းပညာများ၊ လူအများသေစေသော အဏုမြူဗုံးများ စသည်တို့သည် အလွန်ပင် အံ့ဩထူးဆန်းဖွယ် ကောင်းလှပါသည်။

ထိုအရာများကို ဖန်တီးတည်ဆောက်သူသည် စိတ်မှ တစ်ပါး အခြားမရှိသောကြောင့် စိတ်သည် ဖန်ဆင်းသူ၊ ကမ္ဘာ့ သံယံဇာတ ထာဝရ ဇာတ်ကောင်ကြီးဖြစ်ပြီး အလွန်ပင် ဆန်းကြယ်ထူးလှသော သဘာဝဇာတ်ပင် ဖြစ်ပါသည်။

စိတ်သည် ထိုသို့သော အပြင်လောကအသွင်အပြင်ကိုသာ ဖန်ဆင်းတည်ဆောက်တတ်ပြန်သည်သာ မဟုတ်သေး။ လူ၊ နတ်၊ ဗြဟ္မာ၊ တိရစ္ဆာန်၊ ငရဲ စသော သတ္တလောကကြီးကိုလည်း ဖန်ဆင်း စီမံနိုင်ပါသည်။

သတ္တဝါကောင်တွေ အမျိုးမျိုးဖြစ်ပေါ်လာအောင် တစ်ကောင်နှင့် တစ်ကောင် အသွင်အပြင်အမျိုးအစား၊ အမူအရာ၊ အနေအထားမတူအောင် ဖန်ဆင်းမှုသည် အထူးမြူးဖန်ဆင်းတည်ဆောက်သည့်ထက်ပင် ဆန်းကြယ်လှပါသည်။

ဤကဲ့သို့ သတ္တဝါတွေ ဆန်းဆန်းကြယ်ကြယ် တစ်ဦးနှင့် တစ်ဦး၊ တစ်ကောင်နှင့် တစ်ကောင် မတူကြရအောင် ဖြစ်ရသည်ကို အရှင်ဂေါတမက -

*မောတ့ မောတ့ သမ္မယုတ္တကာနံ မွှောနံ ဝံသမှုတ္တာနဋ္ဌ ရူပါနံ မောတ့ယောနံ ပစ္စယော။*

ဟူ၍ ဟောတော်မူသောအကြောင်းဖြစ်သော ကံတရားတို့၏ ဆန်းကြယ်မှုကြောင့် အကျိုးဖြစ်သော ရုပ်ကောင်တွေ ဆန်းကြယ်ရသည်။ ထူးခြားနေရသည်။ တစ်ကောင်နှင့် တစ်ကောင် မတူဖြစ်နေကြရပါသည်။

ဤနေရာတွင် ပကတိဖြူစင်သောစိတ်ကို အရောင်ဆိုးပေးသော စေတသိက်တရားတို့ကိုလည်း သိထားရန် လိုအပ်ပါသည်။ လောကဥပမာ- ပန်းချီကားသဘောနှင့် ပြောရလျှင် စိတ်သည် ပကတိ ဖြူစင်သန့်ရှင်းသော ကြည်လင်သည့် ရေနှင့်တူ၍ စေတနာ အစရှိသော စေတသိက်တရားတို့သည် ဆေးရောင်စုံတို့နှင့် တူလှပါသည်။

ပန်းချီဆရာသည် ပန်းချီကားတစ်ချပ်ကို ရေးဆွဲရာ၌ ရောင်စုံ ဆေးမှုန့်တို့ကို ရေဖြင့် ရောနှောဖျော်မှသာလျှင် မိမိ အလိုရှိအပ်သော မိမိစိတ်က ကြံစည်တွေးတော စီစဉ်ထားသော တောတောင်ရေမြေ ရှုမျှော်ခင်းတို့ကို ရေးဆွဲဖန်တီးရာ၌ ပေါ်လွင်စွာ အရုပ်ထင်လာသကဲ့သို့ စိတ်တရားကို ဖန်တီးစီစဉ်၍ ရေးဆွဲရာ၌လည်း ရောင်စုံဆေးမှုန့်တို့နှင့် အလားတူသော စေတသိက်တရားများ မပါလျှင် စိတ်အလိုရှိတိုင်း သတ္တဝါကောင်တွေ မဖြစ်ပေါ်လာနိုင်ပါချေ။

ရောင်စုံဆေးမှုန့်တို့နှင့်တူသော စေတသိက်တရားတို့တွင် စေတနာဟု ခေါ်ထားသော တရားတစ်ခုရှိပါသည်။

ယင်းစေတနာသည် အသင်းအဖွဲ့တစ်ခုတွင် ခေါင်းဆောင်သူနှင့် အလားတူပါသည်။ အသင်းအဖွဲ့တစ်ခု၏ လုပ်ငန်းတွင်ကျယ်မှု၊ အလုပ်ပြီးစီးမှုသည် ခေါင်းဆောင်သူ သွက်လက်ချက်ချာမှု အောင်မြင်နိုင်သည်။

ထို့အတူ စိတ်၊ စေတသိက်၊ ရုပ်တို့ စုဝေးရာ အစိုင်အခဲတစ်ခုတွင် စေတနာသည် အရေးအကြီးဆုံး ခေါင်းဆောင်သူ ဖြစ်ပါသည်။

သူ၏ လှုံ့ဆော်မှု၊ နှိုးကြားအောင် ပြုလုပ်ဆောင်ရွက်မှုကြောင့် ကြွင်းကျန်သော တရားအပေါင်းတို့၏ လုပ်ငန်းကိစ္စတာဝန်သည် ပြီးပြည့်စုံကြရပါသည်။

ထိုစေတနာဟု ခေါ်သော စေတသိက်တရားလေးကိုပင် လောကလူအများက "ကံ"ဟု ခေါ်ဝေါ်နေကြပါသည်။

စိတ်သည် အဓိက ပြဋ္ဌာန်းထားသော တရားဖြစ်သည်။ စိတ်သည် ပန်းချီဆရာ ဆေးခြယ်ရာ၌ ရေကဲ့သို့ဖြစ်၍ ယင်းနှင့် ယှဉ်ဘက် တရားတို့သည် စေတသိက်နှင့် အလား



www.burmeseclassic.com

www.burmeseclassic.com

တူပါသည်။

ဆေးနှင့် ရေ ခွဲခြားမရ။ နှစ်ခုပေါင်းစပ်မှသာ အရောင်ဖြစ်နိုင်သကဲ့သို့ စိတ်၊ စေတသိက်တရားတို့သည် ခွဲခြား၍ မရပါ။

ထိုစိတ်၊ စေတသိက်တရားတို့ တွဲစပ်ဖြစ်ပေါ်ရာဝယ် စေတနာဟူသော ကံတရားသည် လှုံ့ဆော်သူ၊ အလုပ်တစ်ခုကို ကိုယ်ထိလက်ရောက် လုပ်ကိုင်နိုင်အောင် အားပေးသူဖြစ်သည်။

လောကဥပမာကြည့်လျှင် မိမိအိမ်၌ သူခိုးဝင်ရောက်ခိုးယူနေသည်ကို မြင်ရသောသူသည် သူခိုး ခိုးနေသည်ကို သိသော်လည်း စေတနာံတည်းဟူသော ကိုယ်ထိလက်ရောက်လုပ်မှုဟူသောကံက တစ်စုံတစ်ရာမလုပ်ဘဲ ကြည့်ရုံသာ ကြည့်နေပါက သူခိုး ခိုးမှုကို သိရုံသာ သိပါမည်။ ဤကား စိတ်တရား၏ လုပ်ငန်းဖြစ်ပါသည်။

စေတနာဟူသော ကံတရား၏ လှုံ့ဆော်ချက်အရ ထိုသူခိုးကို ဖမ်းယူရန်သော် လည်းကောင်း၊ ထွက်ပြေးရန် ခြိမ်းခြောက်မှုသော်လည်းကောင်း ပြုလုပ်မှသာလျှင် သူခိုးကို မိမိအလိုရှိသည့်အတိုင်း ပြုလုပ်ပြီးစီးစေနိုင်၏။

ထို့ကြောင့် ရုပ်-နာမ်အစိုင်အခဲကြီးတွင် စေတနာသည် လှုံ့ဆော်ရေးသမားကြီးဖြစ်၍ သူ့ကြောင့်ပင် သတ္တဝါတို့ ထူးခြားဆန်းကြယ်စွာ ဖြစ်နေရပါသည်။

သတ္တဝါ သူငါတို့၌ ထိုစေတနာကံသည်သာလျှင် ဥစ္စာရှိပါသည်။ ထိုကံသာလျှင် အမွေခံ ခွဲဝေယူရပါသည်။ ကံလျှင် အကြောင်း၊ အဆိုးအကောင်း အပေါင်းမှန်ပါသည်။ သတ္တဝါတိုင်း ကောင်းဆိုးကံသာ ကိုးကွယ်ရာ သေချာလှသည်ဟု ဗုဒ္ဓက ဟောကြားခဲ့ပါသည်။

အယုတ်၊ အမြတ်နှစ်ပါးကို ကံဟူသော စေတနာက ခွဲခြားပေးထားပါသည်။

* သူတစ်ပါးအသက်ကို သတ်ခဲ့သူသည် ယခုဘဝ အသက်တိုပါမည်။
* သူတစ်ပါးကို ညှင်းဆဲခဲ့သူသည် ယခုဘဝ ရောဂါထူပြောပါမည်။
* သူတစ်ပါးအပေါ်၌ ဒေါသကြီးခဲ့သူသည် ယခုဘဝ အဆင်းပလုဖြစ်ပါမည်။
* သူတစ်ပါးအပေါ်၌ ဖြူစူမှုရှိခဲ့သူသည် ယခုဘဝ တန်ခိုးသြဇာအခြံအရံနည်းပါးမည်။
* ပေးကမ်းစွန့်ကြဲလှူဒါန်းမှု နည်းခဲ့သူသည် ယခုဘဝ ဆင်းရဲပါမည်။
* သူတစ်ပါးအပေါ်၌ မာနကြီးခဲ့သူသည် ယခုဘဝ အမျိုးယုတ်၌ ဖြစ်ပါမည်။
* ပညာရှိကို မမှီဝဲခဲ့သူသည် ယခုဘဝပညာနည်းသူ ဖြစ်ရပါမည်။

ကံဟူသော စေတနာ မတူမှုကြောင့် လူလူချင်း၊ သတ္တဝါအချင်းချင်း မတူကြသည်မှာ မှန်ပါသည်။

ယင်းကံဟူသော စေတနာသည် သတ္တဝါတို့၏ ခန္ဓာကိုယ်အတွင်းဝယ် မည်သည့်နေရာ၌ တည်ပါသနည်းဟု မေးရန်ရှိပါသည်။

လောကဥပမာစကားအရ ပြောရလျှင် ညဥ့်အချိန်တွင် စာရေးချင်သူတစ်ဦးသည် မီးထွန်းလိုက်သည်။ စာရွက်ယူပြီး ခွက်ထဲမှ မင်တံယူကာ စာရေးသည်။ စာရေးပြီးသောအခါ ခွက်နှင့် မင်တံကို သိမ်း၊ မီးမှုတ်ပြီး အိပ်လိုက်သည်။

စိတ်နှင့် ခန္ဓာကိုယ်ဟူသော မင်တံနှင့် ခွက်ကို သိမ်းဆည်းသည်။

စေတနာနှင့် တူသော မီးကို ငြိမ်းလိုက်သည်။

ကာယကံနှင့်တူသော လက်က စာမရေးတော့ပါ။

သို့သော် အကျိုးတရားဆိုသောစာသည် စာရွက်ပေါ်၌ ကျန်ရစ်ခဲ့သည်။ ထိုစာသည် နှစ်ကာလရှည်ကြာစွာ ထင်နေပါမည်။ တည်နေပါမည်။

စေတနာဆိုသော ကံအကျိုးတရားသည် ထိုနည်းတူပင် ဖြစ်ပါမည်။

ကံအကျိုးတရားတည်ရာနှင့် ပတ်သက်၍ ဥပမာထပ်ပေးရလျှင် ဘွဲ့ရပညာအရည်အချင်း ဆိုသည်များသည် ဦးနှောက်ထဲမှာ ရှိသလား၊ ဝမ်းထဲမှာ ရှိသလား၊ အသည်းနှလုံးထဲမှာ ရှိသလားဆိုတာကို မပြနိုင်ပါ။ သို့သော် ထိုဘွဲ့ ပညာအကျိုးကား သေသည်အထိ ခံစားရပါသည်။

ဤလောကတွင် လေဆိုသောအရာ တည်ရှိသည်ကို လက်ခံကြသည်။ သို့သော် ထိုလေ၏ တည်ရာကို အတိအကျမဆိုနိုင်၊ မပြောနိုင်သလို ကံသည် တည်ရှိသည်။ ကံ၏ တည်နေရာကို မပြောပြနိုင်ပါ။

ကံ၏ တည်ရာကို မသိရသော်လည်း ကံက အမှန်ရှိသည်။ ကံက သံသရာတစ်လျှောက်လုံး မိမိပြုသော ကောင်းမှု၊ မကောင်းမှုအလိုက် အကျိုးပေး၍သာ ဤလောက၌ သတ္တဝါတို့ ကွဲပြားခြားနားနေကြပါသည်။

* * *

တက္ကသိုလ်သျှင်သီရိ (မွှာစရိယ-ဘီအေ)



www.burmeseclassic.com

www.burmeseclassic.com

# ပရဟိတ အောင်တော်မူ စေတီတော်ကြီး

စမဒေအာဝီ



မေလ ၅ရက်နေ့၊ ညနေ ၅နာရီခွဲကျော်လောက်တွင် ရန်ကုန်မြို့ နေရာတော်တော်များများတွင် မြေငလျင်လှုပ်ခတ်ခဲ့၏။ မြေငလျင်သတင်းကို သိချင်စိတ်ဖြင့် အင်တာနက်ကို အချိန်ပြည့် သုံးဖြစ်သည်။

အဓိကကျကျ လှုပ်ခတ်သွားသည်က ထိုင်းနိုင်ငံ မြောက်ပိုင်း၊ ချင်းရိုင်မြို့တွင်ဖြစ်သည်။ အဲဒီနားက ငလျင်ပြတ်ရွေ့ကြောမှာ ရွှေတြိဂံပြတ်ရွေ့ကြောပင် ဖြစ်သည်။ မြန်မာပြည်က အဖျားခတ်သွားသည့်သဘောပင်။ ငလျင်လှုပ်တာ ကောင်းသော နိမိတ်တော့ မဟုတ်။ လက်ပံတောင်းတောင်ရှိ လယ်တီဆရာတော်ဘုရားကြီး သီတင်းသုံးခဲ့ရာ သာသနာ့သမိုင်းဝင် လယ်တီသိမ်နှင့် စေတီကို ဖြိုချ အစဖျောက်ပြီးသည်နှင့် ငလျင်လှုပ်တာ သွားတိုက်ဆိုင်နေ၏။

ငလျင်သတင်းကို စောင့်ဖတ်ရင်းကပင် နာရေးကူညီမှုအသင်း ရန်ကုန်၏ အင်တာနက် စာမျက်နှာကို ဝင်ဖတ်ဖြစ်မိသည်။ ရေးသားသူက ကျွန်တော်တို့ ငယ်စဉ်က အားကျနစ်ခြိုက်ခဲ့သည်။ မင်းသားကြီး ကိုကျော်သူ ရေးထားသော ပရဟိတ အောင်တော်မူစေတီအကြောင်းပင် ဖြစ်သည်။

◈◈◈

"မိမိဖြတ်သန်းခဲ့ရသော ပရဟိတနယ်တစ်လျှောက် တွေ့ကြုံခံစားခဲ့ရသည့် အခက်အခဲမှန်သမျှတို့အား ကျော်ဖြတ်နိုင်ခဲ့သည်မှာ မြတ်စွာဘုရားရှင်၏ တန်ခိုးတော်၊ မြတ်စွာဘုရားရှင် ဟောကြားခဲ့သည့် သစ္စာတရားတို့ကြောင့်ပင် ဖြစ်ကြောင်း ရဲရဲကြီး ဝန်ခံပါသည်"ဟု ကိုကျော်သူက ပြောထားသည်။

သူ ဆက်ပြောသော စကားများက ပရဟိတလုပ်ကိုင်နေသူများအတွက်ရော၊ အခြားသူများအတွက်ပါ လိုက်နာမှတ်သားသင့်သည်ဟု ထင်၏။

"ပရဟိတသမားများအဖို့ အခြားသော ဘဝရပ်တည်မှုပြုလုပ်နေကြသောသူများထက် သစ္စာဆိုရာတွင် ပိုမိုထိရောက်သောအကျိုး ခံစားနိုင်သည်ဟု ကျွန်တော်ယုံကြည်သည်။ ပရဟိတသမားဆိုသည်မှာ သီလလုံခြုံရခြင်း၊ ဘဝတစ်ခုလုံး အနစ်နာခံ စွန့်လွှတ် စွန့်စားကြရကာ၊ အများအကျိုးအတွက်



www.burmeseclassic.com

www.burmeseclassic.com



မိမိတို့၏ အတွေ့များကို ဖြတ်ကာ၊ မြင့်မြတ်လှသော လူသားချင်း စာနာစိတ်၊ ကိုယ်ချင်းစာစိတ်တို့ဖြင့် လုပ်ကိုင်ပေးနေရသော ဘုရားချစ်သည့်သူများဖြစ်သောကြောင့်ပင်"ဟု ဆိုထား၏။

◈◈◈

လွန်ခဲ့သော သုံးနှစ်ခန့်က ကိုကျော်သူ စိတ်ထဲမှာ အတွေးတစ်ခုပေါ်၏။ ပရဟိတ စိတ်ဝင်စားသူများအတွက်၊ ပရဟိတ လုပ်ကိုင်နေကြသူများအတွက် တိုင်တည် ဆုတောင်း မေတ္တာပို့ သစ္စာဆိုနိုင်မည့် အထင်ကရနေရာတစ်ခု ဖြစ်လာရေးပင် ဖြစ်သည်။ ထိုစိတ်ကူးကပင် ပရဟိတ အောင်တော်မူ စေတီတော်ကြီးဖြစ်လာစေဖို့ အခြေခံ





အကြောင်းရင်းဖြစ်လာစေသည်။

၂၀၁၄ နှစ်ဆန်းပိုင်းမှာ ကိုကျော်သူ ပြည်မြို့သို့ ရောက်သွားခဲ့၏။ ရွှေဘုံသာမုနိဘုရားကို ဖူးပြီး ဖိုးဦးတောင်စေတီကို သွားရောက်ဖူးမြော်ဖြစ်သည်။ ရွှေဘုံသာမုနိဘုရားနှင့် မိုးဦးတောင်စေတီတို့အကြားရှိ တောင်ကုန်းတစ်ခုကို မျက်စိကျသည်။ ပိုင်ရှင်ဖြစ်သူ ဦးအောင်နိုင်ဆိုသူကလည်း ကိုကျော်သူ ဆန္ဒပြည့်ဝစေရန်အတွက် မြေ ၄ ကေကို ပါရမီဖြည့် လှူဒါန်းသည်။

ဘုရားတည်ရန်အတွက် ရေရရှိဖို့ အဓိကကျသည်။ တောင်ကုန်း တောင်တန်းများ များပြားသောနေရာဖြစ်၍ ရေတူးဖော်ဖို့က အခက်အခဲရှိသည်။ တစ်နေ့ လေးငါးနှစ်သားကလေးတစ်ဦး တောင်ပေါ်သို့ ရောက်လာပြီး···

"အဘတို့ ဘာလုပ်နေတာလဲ"

ဟု မေးလာ၏။ ရေတူးဖို့အတွက်ဟု ပြောသောအခါ ကလေးကပင်···

"ရေက ဟိုနားမှာ ရှိတယ်။ သူ့အလိုအလျောက် မြေကြီးထဲက ရေထွက်နေတာ အများကြီးပဲ"

ဟု ပြောကာ ရေရှိသည့် နေရာကို ညွှန်ပြ၏။ သွားရောက် ကြည့်ရှုကြသောအခါတွင် ရေများ ကြည်လင်အေးမြ



www.burmeseclassic.com

www.burmeseclassic.com



စွာ ထွက်ရှိနေတာကို တအံ့တသြမြင်တွေ့လိုက်ကြတော့၏။ ဒါက ပထမဆုံး ထူးခြားမှုပင်။

◈◈◈

သာသနာပြု ဘုရားတည်မည့် တောင်ကုန်းတော်အား "ပရဟိတ တောင်ကုန်းတော်"ဟု အမည်ပေးလိုက်ပြီး စေတီတော်ဘွဲ့အမည်ကိုတော့ ရွှေပေါက်ပင် ဆရာတော်ကြီး၏ ဩဝါဒအတိုင်း "မဟာပဏ္ဍိတ ပရဟိတ အောင်တော်မူ စေတီတော်"ဟု အမည်သတ်မှတ်ခဲ့ကြသည်။

ဒုတိယ ထူးခြားချက်ကတော့ ဗောဓိညောင်ပင်







ပင်ဖြစ်၏။

သာသနာနယ်မြေတွင် ဗောဓိညောင်ပင်ကို စိုက်ပျိုးလို၏။ ပခုက္ကူဆရာတော်ကြီး (အနိစ္စဆရာတော်ကြီး) မပျံလွန်မီကပင် "ဟို...နွတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနဲ့ လူကြီးကို သွားပေးလိုက်ပါ"ဟု တပည့်များကို မိန့်ခဲ့သည်။ ဆရာတော်ကြီး ပျံလွန်တော်မူသောအခါ နိဗ္ဗာန်ယာဉ်အား ကိုကျော်သူကိုယ်တိုင် မောင်းနှင်ပေးခဲ့၏။

ယင်း ဗောဓိညောင်ပင်ပေါက်မှာ ရာဇဝင်သမိုင်းကြီးလှ၏။ ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံသို့ သွားရောက်လည်ပတ်စဉ်က အိန္ဒိယဝန်ကြီးချုပ်ကိုယ်တိုင် အမှတ်တရ မြင့်မြတ်လှသော လက်ဆောင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်အား ပေးခဲ့ခြင်းပင်။ ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင် မြန်မာပြည်သို့ ပင့်ဆောင်လာခဲ့ပြီး ဆရာတော်ကြီးအား လှူဒါန်းဆက်ကပ်ခဲ့ခြင်းဖြစ်သည်။

ဆရာတော်ကြီး၏ မိန့်မှာချက်အတိုင်း ပဋ္ဌာန်းစာပေတိုက် ပိုင်ရှင် ဦးအောင်သူမှ ကိုကျော်သူထံသို့ လာရောက် အပ်နှံခဲ့သည်။ ထူးခြားလှသော ဗောဓိညောင်ပင်အား ၂၀၁၄၊ မေလ ၁၃ရက်၊ ကဆုန်လပြည့်နေ့တွင် ပရဟိတ ကုန်းတော်မြတ်၌ မြေချ စိုက်ပျိုးမည်ဖြစ်ကြောင်း သိရ၏။

◈◈◈

တတိယ ထူးခြားမှုမှာတော့ ဘုရားတည်ရန် သာသနိက အဆောက်အအုံများ ဆောက်လုပ်ရန်အတွက်ပင် မကဘဲ၊ ဘုရားဖူးများ အလွယ်တကူ လာရောက်ဖူးမြော်နိုင်ရန်အတွက် မော်တော်ကားလမ်းဖောက်ဖို့အတွက်ပဲ ဖြစ်၏။

လိုအပ်သော စက်ယန္တရားကြီးများမှာ ပြည်မြို့ရှိ ကြည်သာအေးမြ ဆရာတော်၏ ကျေးဇူးတော်ကြောင့် အလွယ်တကူရရှိပြီး အောင်မြင်စွာ လမ်းဖောက်နိုင်ခဲ့ခြင်းပင် ဖြစ်သည်။

- စေတီတော်ကြီး တည်ဆောက်ရာတွင် နာရေးကူညီမှု အသင်း(ရန်ကုန်)သို့ လှူဒါန်းထားသည့်ငွေများကို လုံးဝ အသုံးပြုမှာ မဟုတ်ကြောင်း သိရသည်။ စေတီတော်အတွက်




www.burmeseclassic.com

www.burmeseclassic.com









သီးခြား ရည်စူးလှူဒါန်းသည့်ငွေများဖြင့်သာ တည်ထားကိုးကွယ်မည်ဖြစ်ကြောင်း သိရသည်။

◈◈◈

ပရဟိတစိတ်ထား အများအတွက် သစ္စာဆိုရာ အောင်မြေ၊ ပရဟိတ အောင်တော်မူ စေတီတော်မြတ်ကြီးကို ကိုကျော်သူ ဦးစီးပြီး တည်ထားကိုးကွယ်မည့်အကြောင်းကို ဖတ်ရသောအခါ ဝမ်းသာပီတိဖြစ်ရုံမက၊ သာဓုအကြိမ်ကြိမ် ခေါ်ဆိုဖြစ်ပါသည်။

ကိုကျော်သူ ရေးသားထားသည်ကို ဖတ်ရှုပြီး အများသူငါ ဖတ်ရှုသိရှိနိုင်စေရန် ဒိနအကျိုးပြု ဝေမျှ ရေးသားလိုက်ရခြင်းဖြစ်ပါသည်။

စာဖတ်သူများအနေဖြင့် ကြည်ညို သဒ္ဓါပေါက်ပြီး လှူဒါန်းကုသိုလ် ထည့်ဝင်လိုကြပါက အောက်ပါ နေရာများ၊ လူပုဂ္ဂိုလ်များထံသို့ ဆက်သွယ်နိုင်ပါကြောင်းကိုလည်း အသိပေး စကားပြောရင်း နိဂုံးချုပ်လိုက်ရပါသည်။

(၁) ဦးစိုးမိုးနိုင်၊ မိုးမေတ္တာ နာရေးကူညီမှုအသင်း(ပြည်)၊ ဖုန်း ၀၉-၄၂၃၆၇၅၉၄၅

(၂) ဦးညီညီအောင်၊ ၀၉-၄၂၃၆၇၀၁၁၁

(၃) ကိုသူရိန်ဝင်း၊ သုခကုသိုလ်ဖြစ် ဆေးခန်း(ပဲခူး)၊ ၀၉-၄၃၀၁၆၁၉၇

(၄) ကိုအောင်ဇော်၊ ၀၉-၅၁၅၈၈၉၀

(၅) မဝင်းလဲ့ဇင်၊ ၀၉-၄၂၀၀၀၈၃၄၂

(၆) ကိုမျိုး(မြန်မာစာ)၊ ပေါ်ပြူလာ ဂျာနယ်၊ ၀၉-၅၁၀၃၆၄၆

(၇) ကိုအောင်သူ(ပဋ္ဌာန်းစာပေတိုက်)၊ ရန်ကုန်မြို့ ၀၉-၂၀၂၃၇၅၃

(၈) ဦးထွန်းဦး (ထွန်းဦးစာပေ၊ မန္တလေး)၊ ၀၉-၂၀၀၅၈၂၈

(၉) ဒေါက်တာ မောင်မောင်သန်း၊ အလုံမြို့နယ်၊ ရန်ကုန်၊ ၀၁-၂၂၉၆၅၂

(၁၀) ကိုညွန့်ဝင်း(ထိပ်တန်းတော်ဝင်စတိုး၊ နတ္တလင်း)၊ ၀၉-၄၃၀၂၈၇၇၇ ■

* * *

စမအောင်



www.burmeseclassic.com

www.burmeseclassic.com

ဗုဒ္ဓစန္ဒေ အနုပ္ပန္နေ၊ ဗုဒ္ဓါဒိစ္စေ အနုဂ္ဂတေ၊ တေသံ သဘာဂဓမ္မာ၊ နာမ မတ္တံ န နာယတိ။

**ဗုဒ္ဓ** ဆိုတဲ့ နေမင်းကြီး ဖြစ်ထွန်းမလာရင်၊ **ဘုရား** ဆိုတဲ့ လမင်းကြီး ပေါ်ထွက်မလာရင် အဲဒီ "သဒ်တဓမ္မ" တရားတွေရဲ့ နာမ ပညတ်တွေကို သိခွင့်လေးတောင် မရနိုင်တော့ပါ။ နိဗ္ဗာန်ရောက်စေဖို့ မဂ်လမ်း၊ ဖိုလ်လမ်းဆိုတာ ဝေလာဝေးပေါ့။ ဒါကြောင့် ဗုဒ္ဓသည် (ဓမ္မိဿရ၊ ဓမ္မဥဿျှာင်၊ ဓမ္မအဓိပတိ) တရားအပေါင်းရဲ့ အကြီးအမှူးတရားပိုင်ရှင် "ဓမ္မနေမင်းကြီး"ပဲ ဖြစ်ပါတယ်။ မြတ်ဘုရားပွင့်လို့သာ တရားနာကြားသိ



# သောကမီးတွေ ငြိမ်းစေဖို့ မေတ္တာပွားများကြပါစို့

▌ရောမြေ ထွန်းထွန်း▐



www.burmeseclassic.com

www.burmeseclassic.com

ခွင့်ရကြတာမို့ ဘုရားပွင့်ရခြင်းသည်ပင်လျှင် သတ္တလောကကြီးရဲ့ အကျိုးစီးပွားချမ်းသာမြတ်အတွက် လာဘ်တစ်ပါးဖြစ်ပေတယ်။ ဗုဒ္ဓရဲ့ ဂုဏ်တော်တွေကို ဦးထိပ်ထားပြီး တရားဘာဝနာလုပ်ကြစမ်းပါ။ လုပ်စေချင်ပါတယ်။ ဗုဒ္ဓသည် ဓမ္မနေမင်းကြီးဆိုတာ မမေ့ပါနဲ့။ ဘုရားပွင့်လို့ သိခွင့်၊ ကျင့်ခွင့်၊ နာကြားခွင့်၊ ခိုလှုံခွင့်ရရှိတဲ့ သုံးလောကထွတ်ထားရှင်တော်မြတ်ဘုရားရဲ့ ဝိသေသကို ဓမ္မနဲ့ ကျေးဇူးဆပ်နိုင်ကြဖို့ပါပဲ။ ဒါမှသာ ပူဇော်အထူးကို ပူဇော်တယ်လို့မည်ပါတယ်။ မိမိတို့အသွေးအသား နှလုံးသားတို့ဖြင့်အထွတ်အမြတ်ဆုံးဖြစ်တဲ့ ဗုဒ္ဓ၊ ဓမ္မ နှစ်ဌာနကိုလည်း ပူဇော်ပြီးသားဖြစ်သွားပါတော့တယ်။ ဒါကြောင့်…

"သုံးသွယ်ဂုဏ်ထူး မြတ်ကျေးဇူး၌၊ ရှင်မြူးရမ်းမွေ့တထေ့ထေ့လျှင်၊ မမေ့စေရာ စေတနာနှင့်၊ အိပ်ကာ ရှိခိုးတုပ်ဝပ်ကျိုးလျက်၊ နိုးလည်း ညွတ်ယိုင်၊ တိုင်လည်း ညွတ်ခါ၊ ရပ်လည်း ညွတ်တွား၊ သွားလည်း ညွတ်ခွေ၊ နေလည်း ညွတ်ရုံး၊ မေတ္တာကုံးသို့ ဝပ်ခင်းကော်ရော်၊ ရှိပူဇော်၍၊ ထိပ်ပေါ် လက်အုပ် ညွတ်စေမင်း"

ဟု ဆိုသည့်အတိုင်း လောကသုံးပါး အတုမရှိ မြတ်ဘုရား၏ ဓမ္မတရားတော်ကို ဦးစွာပထမ ရှိခိုးပါတယ်။ ဟောဖော်ညွှန်ပြ မြတ်သံဃာကိုလည်း ရှိခိုးပါတယ်။

ဤသို့ ဦးစွာ ပဏာမ သရဏဂုံသုံးပါးကို ရှိခိုးရခြင်းသည် ဗုဒ္ဓဘာသာနွယ်ဝင် သူတော်စင်များ၏ နေ့စဉ် ထာဝရအလုပ်ဖြစ်ပေတယ်။

အဘယ်ကြောင့်ဆိုသော် လူသတ္တဝါတို့မှာ အူဝဲ… အူဝဲ…ဟု ငိုသံနှင့်အတူ သတ္တလောကကြီးထဲသို့ စတင်မွေးဖွားရောက်ရှိစဉ်အချိန်မှ စ၍ လောဘ၊ ဒေါသ၊ မောဟတည်းဟူသော အမိုက်တရားတွေနဲ့ စတင်ခဲ့ရခြင်းဖြစ်ပြီး ရှေ့ဆက် လျှောက်လှမ်းမယ့် ဘဝတစ်လျှောက်လုံးမှာ သာယာချမ်းမြေ့မှု မရှိပါဘဲ လောကဓံတရား တစ်ဆယ့်တစ်မီးတွေ တောက်လောင်ပြီး ဘဝနိဂုံးချုပ်ရပြန်တယ်။ ဒီနေရာမှာ အလျဉ်းသင့်၍ တစ်ဆယ့်တစ်မီးအကြောင်းကို ရှင်းပြပါဦးမယ်။

(၁) ရာဂမီး - တပ်မက်လိုချင်မှုဆိုသည့် မီး။
(၂) ဒေါသမီး - မိမိလုပ်တိုင်း မဖြစ်လို့ စိတ်မှာထိခိုက်ဆင်းရဲရသည့် မီး။
(၃) မောဟမီး - အကြောင်းအကျိုး၊ အကောင်းအဆိုးကို မသိနိုင်အောင် ဖုံးလွှမ်းထားလို့ ဖြစ်ပေါ်ရတဲ့ မီး။
(၄) ဇာတိမီး - အဖန်ဖန် အသစ်အသစ်ဖြစ်ရခြင်းဆိုတဲ့ ပဋိသန္ဓေတည်နေရခြင်းဆိုတဲ့ မီး။
(၅) ဇရာမီး - အချိန်မဆိုင်းဘဲ အိုမင်းရင့်ရော်ရခြင်းဟူသည့် မီး။
(၆) မရဏမီး - သေအံ့ဆဲဆဲတွင် ခံစားရသည့် မီး (မလွဲမသွေ အမြဲသေရတယ်ဆိုတဲ့ မီး)။
(၇) သောကမီး - မိမိတို့ တွယ်တာမှုများကြောင့် မိမိမှာ ဝမ်းနည်းပူဆွေးရသည့် မီး။
(၈) ပရိဒေဝမီး- မိမိမှာ ပူဆွေးဝမ်းနည်းမှုဖြစ်ရုံသာမက၊ တစ်ဆင့်တက်ပြီး ငိုကြွေးရခြင်းဆိုသည့် မီး။
(၉) ဒုက္ခမီး - မိမိခန္ဓာမှာ ဆင်းရဲမှုဖြစ်ပေါ်ရသည့်မီး။
(၁၀) ဒေါမနဿမီး - မိမိစိတ်မှာ ဆင်းရဲမှုဖြစ်ရသည့် မီး။
(၁၁) ဥပါယာသမီး - မိမိမှာ စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်ရလွန်းမက ဖြစ်သည့်အခါ အသက်ပင်မရှူနိုင်လောက်အောင် ဆို့တက် မေ့လျော့သွားသည်အထိ ပူဆွေးခြင်းဖြစ်ရသည့် မီးတို့ပင်ဖြစ်သည်။

လူသတ္တဝါဘဝသို့ ရောက်ရှိသူတိုင်း မလွဲမသွေခံစားရတဲ့ တစ်ဆယ့်တစ်မီးတွေပါပဲ။ ထိုမီးတွေ တောက်လောင်ပြီး ကျင်လည်နေရတဲ့ လူ့ဘဝကြီးမှာ လူသားတို့သည် တစ်ဦးကို တစ်ဦး ထောက်ထားညှာတာမှု မရှိ သူတစ်လူ ငါတစ်မင်းနဲ့ လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာနတွေ တက်ပြီး အမျိုးမျိုးအဖုံဖုံပြုလုပ်နေကြတယ်။ တချို့ကလည်း ပေဖြစ်တုန်း ခံမယ်၊ တူဖြစ်လာရင် အစွမ်းရှိသလောက် ထုနက်မယ်ဟု ကြိမ်းဝါးကြတယ်။ အဲဒီလူတွေရဲ့ စိတ်သန္တာန်မှာ မေတ္တာတည်းဟူသော သနားကြင်နာစိတ်တွေ မရှိကြပါ။ ဘာကြောင့် ဒေါသတရားတွေ ထားနေကြပါသလဲ။ ဘာကြောင့် အသိခေါက်ခက် အဝင်နက်ကြပါသလဲ။ ကျွန်တော်တို့ရဲ့ သုံးလောကထွတ်ထား မြတ်ဘုရားဟာ အရာရာကို သနား သည်းခံပြီး မေတ္တာတည်းဟူသော အောင်လက်နက်ကြီးကို လက်ကိုင်ထားပြီး အတွင်းအပြင် အောင်ခြင်းရှစ်ပါးရှိခဲ့ပေတယ်။ တရားသဘောတွေနဲ့ ဟောကြားပြသ ဆုံးမခဲ့ပေတယ်မဟုတ်လား။ သာဓကပေါင်းများစွာကို တွေ့မြင်ကြားသိခဲ့ပြီးဖြစ်၍ အထူးတင်ပြစရာမရှိပေ။

ဗုဒ္ဓမြတ်စွာ ဟောကြား ဆုံးမခဲ့တဲ့ တရားတော်တွေများစွာတွင် မေတ္တာဓာတ်၏ အစွမ်းက တုနှိုင်းယှဉ်ပြစရာ



www.burmeseclassic.com

www.burmeseclassic.com

မရှိပေ။ ရခဲလှသော လူ့ဘဝလေးကို တစ်ခဏတာ ရရှိလာချိန်မှာ လူသားတို့သည် တစ်ဦးနှင့် တစ်ဦး မေတ္တာတရား၊ သနားကြင်နာတဲ့ နှလုံးသားနဲ့ ယှဉ်ကာ ခွင့်လွှတ် သည်းခံကြမယ်ဆိုရင် အလွန်တရာ ကောင်းလှပေမယ်။ တစ်ဦးအပေါ် တစ်ဦး မေတ္တာ၊ စေတနာ၊ မုဒိတာ မထားနိုင်၊ သည်းခံ ခွင့်လွှတ်မှု မရှိပါက မိမိတို့ လိုချင်လှပါတယ်ဆိုတဲ့ ငြိမ်းချမ်းခြင်းတရားကို ရပေမည်မဟုတ်ပါ။ နေ့စဉ်နှင့်အမျှ ကျင်လည်နေကြရတဲ့ လူ့လောက၊ လူ့ဘဝကြီးမှာ လောဘမီးတွေ တောက်လောင်၊ ဒေါသမီးတွေ လောင်မြိုက်၊ မောဟမီးတွေနဲ့ ပူလောင်နေပါက နောင် ရောက်ရှိရမယ့် ဘဝတွေမှာ ငြိမ်းအေးမှု မရှိပါဘဲ ပို၍ပို၍သာ မီးသံသရာဒုက္ခထဲမှာ ဝဲလည်နေရမှာ အမှန်ပင်ဖြစ်ပေတယ်။ အရမလွယ်၊ ဘဝတိုတဲ့ လူ့ဘဝထဲမှာ မြတ်ဘုရားရဲ့ တရားတွေကို သံဃာတော်အရှင်သူမြတ်တွေက ဟောဖော်ညွှန်းပြ ဆိုဆုံးမမှုကို နာယူမှတ်သား ကျင့်ကြံပွားများ အားထုတ်သင့်ပေတယ်။

ရရှိလာတဲ့ လူ့ဘဝ အချိန်တိုကလေးအတွင်းမှာ တစ်ဦးအပေါ် တစ်ဦး မေတ္တာထားကာ မေတ္တာပွားနိုင်ကြစေရန် မြတ်ဘုရား၏ သာသနာအတွင်းမှာ မေတ္တာကို ပွား၊ အကျိုးများ၊ မေတ္တာကို ခြံ့ ဘေးရန်လုံ၊ မေတ္တာသိဒ္ဓိ အတုမရှိ မေတ္တာ သတ္တော အနန္တောဟု ဆိုသည့်အတိုင်း မေတ္တာပို့၊ မေတ္တာပွားပုံကို ရေးသားလိုက်ပါတယ်။

### ပါဠိလို မေတ္တာပို့ခြင်း၊ မေတ္တာပွားခြင်း

အဟံ အဝေရော ဟောမိ၊ အဗျာပဇ္ဇော ဟောမိ၊ အနီဃောဟောမိ၊ သုခီ အတ္တာနံ ပရိဟရာမိ။

မာတာပိတု အာစရိယ၊ ဉာတိမိတ္တ၊ သမ္ဗဟာ၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု သုခီ အတ္တာနံ ပရိဟရန္တု။

အာရက္ခ ဒေဝတာ၊ ဘုမ္မဋ္ဌ ဒေဝတာ၊ ရက္ခဋ္ဌ ဒေဝတာ၊ အာကာသဋ္ဌ ဒေဝတာ၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီအတ္တာနံ ပရိဟရန္တု။

သဗ္ဗေသတ္တာ၊ သဗ္ဗေပါဏာ၊ သဗ္ဗေဘူတာ၊ သဗ္ဗေပုဂ္ဂလာ၊ သဗ္ဗေအတ္တ ဘာဝ ပရိယာပန္နာ၊ သဗ္ဗာ ဣတ္ထိယော၊ သဗ္ဗပုရိသာ၊ သဗ္ဗေအရိယာ၊ သဗ္ဗေအနရိယာ၊ သဗ္ဗေဒေဝါ၊ သဗ္ဗေမနုဿာ၊ သဗ္ဗေဝိနိပါတိကာ၊ အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု၊ ဒုက္ခာ မုစ္စန္တု၊ ယထာလဒ္ဓ သမ္ပတ္တိတော မာဝိဂစ္ဆန္တု ကမ္မဿကာ။

မိမိတို့မှာ နေ့စဉ်နှင့်အမျှ သားရေး သမီးရေး၊ အိမ်ထောင်ရေးတို့အတွက် လောဘ၊ ဒေါသ၊ မောဟတွေ ဖုံးလွှမ်းပြီး လောင်မြိုက်နေသည့်အတွက် ရတက်မအေးနိုင်။ ပူဆွေးသောကဖြစ်နေရတဲ့ အချိန်တွေက များပြီး၊ အားလပ်ချိန်တွေမှာ စေတနာအရင်းခံပြီး မေတ္တာ ဘာဝနာပွားများကြစေရန် မယဒေဝပျို့မှာ မန်လည်ဆရာတော်ဘုရားကြီးက ဤသို့ သတိပေး နှိုးဆော်ပြန်တယ်။

***ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိဝေါ၊***
***ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။***

ဘိက္ခဝေ - ငါ၏ ချစ်သား ရဟန်းများတို့၊ ဟန္ဒဒါနိ-ယခုအခါ၌၊ အဟံ - ငါဘုရားသည်၊ ဝေါ - သင် ချစ်သားတို့ကို၊ အာမန္တယာမိ - လေးဆယ့်ငါးဝါကာလပတ်လုံး ဟောတော်မူအပ်သော တရားအပေါင်းတို့ကို လိုရင်းကြီး အကျဉ်းချုပ် နိဂုံးအုပ် စကားကို ဟောထားခဲ့ပေအံ့။ သင်္ခါရ ဘုံသုံးပါး၌ ရုပ်နာမ်တရား နှစ်ပါးတို့သည်၊ ဝယဓမ္မာ - အဖန်တလဲလဲ ပျက်တတ်သော သဘောရှိကုန်၏။ (ဝါ) အဖန်တလဲလဲ ပျက်စီး၍နေသောကြောင့် မမြဲခြင်း အနိစ္စ၊ ဆင်းရဲခြင်း ဒုက္ခ၊ အစိုးမရခြင်း အနတ္တသဘောရှိကုန်၏။ တုံ့မှေ့ - သင်ချစ်သားရဟန်းတို့သည်၊ အပ္ပမာဒေန - ရုပ် နာမ် နှစ်ပါးတို့၏ ပျက်စီးခြင်းကင်းရာ ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကြီးကို လျင်မြန်စွာ ရောက်အောင် သီလ သမာဓိ ဝိပဿနာဉာဏ်တို့ကို မမေ့မလျော့၊ မပေါ့သော သတိတရားဖြင့်၊ သမ္ပာဒေတ-နေ့ညမစဲ၊ အမြဲမကွာ၊ ပြည့်စုံအောင် ကြိုးစား၍သာ နေကြကုန်လော့။

တုန့်နှိုင်းမယှဉ်သာသည့် မေတ္တာ၊ ဘာဝနာတရားကိုသာ ပွားများ အားထုတ်ကြသောကြောင့် မိမိတို့ကိုယ်တွင်းကိုယ်ပ၊ အိမ်တွင်းအိမ်ပ နှစ်ဌာနတို့၌ ဘေးအန္တရာယ် ရန်စွယ်ရှင်းပြီး အလုပ်အကိုင် စီးပွားများ တိုးတက်၍ ကောင်းကျိုးချမ်းသာကျက်သရေမင်္ဂလာအပေါင်းတို့နှင့် ပြည့်စုံကာ တရားဓမ္မများကို ကျင့်ကြံပွားများ အားထုတ်နိုင်ကြပါစေ ■

အားလုံး လိုရာဆန္ဒနှင့် ပြည့်ဝကြပါစေ

* * *

ဓရာဓမြဲထွန်းထန်း

ကျမ်းကိုး

- မယဒေဝပျို့ (မန်လည်ဆရာတော်ဘုရားကြီး၏ တရားပေါင်းချုပ်)။



www.burmeseclassic.com

www.burmeseclassic.com

# စိတ်မိုး

## ရှင်သီဝလိမွေးနေ့ဆွမ်းအလှူ။



အခါတစ်ပါး၌ လောက၏ အကြီးအမှူးဖြစ်သော ဗုဒ္ဓဘုရားရှင်သည် ကုဏ္ဍဓာန တောအုပ်၌ သီတင်းသုံးလျက်ရှိတော်မူစဉ် ဤဇာတ်လမ်းကြုံရဆုံရခြင်းဖြစ်သည်။

ထိုအခါ ကောလိယမြို့သူ "သုပ္ပဝါသာ" မင်းသမီး၏ ဝမ်းအိမ်၌ ကိုယ်ဝန်ပဋိသန္ဓေတည်နေ စွဲပြီးသည်။ ထိုကိုယ်ဝန်သားကား "ရှင်သီဝလိ"လောင်းလျာ ဖြစ်သည်။

သုပ္ပဝါသာ လောကိယ မင်းသမီးဟူသည် သိမ်မွေ့နူးညံ့ခြင်း၊ သဘောထား မြင့်မြတ်ခြင်း၊ ရတနာသုံးပါး၌ ဆည်းကပ်ကိုးကွယ်ခြင်းတို့ဖြင့် အပ်နှင်း ထုံမွှမ်းအပ်သော သကျသာကီဝင် မင်းသမီးဖြစ်သည်။

ထူးခြားသည်ကား သုပ္ပဝါသာ ကောလိယ မင်းသမီး



www.burmeseclassic.com

www.burmeseclassic.com



၏ ဝမ်းအိမ်၌ ရှင်သီဝလိလောင်းလျာ ကိန်းဝပ် ပဋိသန္ဓေတည်နေချိန်မှစ၍ သုပ္ပဝါသာ မင်းသမီးထံသို့ လက်ဆောင်ပဏ္ဏာများ အဆက်မပြတ်ရောက်ရှိသဖြင့် သုပ္ပဝါသာမင်းသမီးလည်း ရှေးကထက် ပို၍ကြွယ်ဝ ချမ်းသာသည်။

ထို့ပြင် သုပ္ပဝါသာ မင်းသမီး၏ လက်ဖြင့် မျိုးစေ့သီးနှံစပါးတို့ကို ကိုင်တွယ် ထိတွေ့စေ၍ လယ်မြေတို့၌ ကြဲချသောအခါ မျိုးစေ့တစ်စေ့မှ အပင်အညှောက် တစ်ရာတစ်ထောင်ပေါ်ထွက်သည်။ မင်းပယ်တစ်ပယ်မျှ ကျယ်ဝန်းသော လယ်ယာမြေတစ်ကွက်၌ပင် စပါးလှည်းအစီး ငါးဆယ်၊ ခြောက်ဆယ် ထွက်ရှိသည်။ ထိုအခါ သုပ္ပဝါသာ မင်းသမီး၏ ဘုန်းကံအစွမ်းကို ထင်ရှားစွာ သိရသဖြင့် ဝိုင်းဝန်းချီးမွမ်းခြင်း ခံရသည်။

ထို့ပြင် သုပ္ပဝါသာ မင်းသမီး၏ လက်ဖြင့် စပါးကျီတံခါးတို့ကို ကိုင်တွယ် ထိတွေ့စေလျက် စပါးများ ထုတ်ယူသုံးစွဲသောအခါ ယုတ်လျော့ခြင်း မရှိ။ ကျီ၌ ပြည့်မြဲ ပြည့်လျက်ရှိသည်။ ထို့ပြင် ထမင်းတစ်အိုးချက်၍ "မင်းသမီး၏ဘုန်းကံတည်း"ဟု ပြောဆိုကာ လာရောက်သမျှ ပရိသတ်တို့အား ကျွေးမွေးပေးလှူသော်လည်း မကုန်ခန်းဘဲ ထမင်းအိုး၌ ပြည့်မြဲ ပြည့်လျက်ရှိသည်။ စင်စစ်၊ ဤသို့ဖြစ်ရခြင်းကား ရှင်သီဝလိလျောင်းလျာ ကိုယ်ဝန်သား၏ ဘုန်းကံကြောင့်ဖြစ်သည်။

◈◈◈

သို့သော် သုပ္ပဝါသာမင်းသမီး ကိုယ်ဝန်ဆောင်ကာလ ကိုးလလွန် ဆယ်လရောက်၍ မွေးဖွားချိန်တန်သော်လည်း သုပ္ပဝါသာ မင်းသမီးကား မမွေးဖွားသေး။ နွေ၊ မိုး၊ ဆောင်း ဥတုရာသီ ရွေ့ပြောင်းသော်လည်း ရှင်သီဝလိလောင်းလျာကား မမွေးဖွားရသေး။

ပူနွေးခြင်း၊ အေးချမ်းခြင်း၊ ရေလျှံခြင်း၊ ရေခန်းခြင်း၊ ရွက်ဟောင်းကြွေခြင်း၊ ရွက်နုဝေခြင်း စသော သဘာဝရုပ်ရည်တို့နှင့် အကြိမ်ကြိမ်ကြုံတွေ့၍ ကျော်ဖြတ်ခဲ့ရသော ရက်၊ လ၊ ဥတုရာသီတို့ကို နှစ်ပရိစ္ဆေဒဖြင့် ဖွဲ့စည်းရေတွက်လျှင် ခုနစ်နှစ်တိတိရှိပြီဖြစ်သည်။

တစ်ဖန် ခုနစ်နှစ်ပြည့်၍ ခုနစ်ရက်တာကာလ ဖြတ်ကျော်ရစဉ် တွေဝေမိန်းမောခြင်း(ဂဗ္ဘမူဠ္ဟဒုက္ခ)ဝေဒနာ ပြင်းစွာခံစားရသဖြင့် ဆင်းရဲခြင်းအထွဋ်အထိပ်သို့ ရောက်သည်။

ဤသို့ သုပ္ပဝါသာ မင်းသမီး ကိုယ်ဝန်ဆောင်ဒုက္ခ ခုနစ်နှစ်နှင့် ခုနစ်ရက် ခံစားရခြင်း၊ ရှင်သီဝလိလောင်းလျာလည်း ကျဉ်းမြောင်းသော ဝမ်းအိမ်၌ ခုနစ်နှစ်နှင့် ခုနစ်ရက် ဒုက္ခခံစားရခြင်းတို့ကား သူတစ်ပါးတို့၏ ပယောဂ မဟုတ်။ သူတို့သားအမိ ပြုခဲ့သော အကုသိုလ်ကြောင့်သာ ဖြစ်သည်။

◈◈◈

သုပ္ပဝါသာ မင်းသမီးနှင့် ရှင်သီဝလိလျောင်းလျာတို့သည် အတိတ်ကာလ၌ ဗာရာဏသီမင်း၏ မိဖုရားနှင့် သားတော်ဖြစ်ခဲ့ဖူးသည်။ အခါတစ်ပါး ကောသလမင်းသည် စစ်ချီဝင်ရောက် တိုက်ခိုက်ခြင်းကြောင့် ဗာရာဏသီမင်း စစ်ရှုံး၍ ကောသလမင်း၏ လက်အောက်သို့ နိုင်ငံတော် ကျရောက်ခဲ့ရသည်။

ထိုအခါ သားတော် ဗာရာဏသီမင်းသားကား ထွက်ပြေး လွတ်မြောက်၍ စစ်အင်အား စုစည်းကာ ချီတက်လာရောက်ပြီးလျှင် ကောသလမင်းအား "မြို့ကို အပ်မည်လော၊ စစ်ခင်းမည်လော"ဟု ရာဇသံပေး အရေးဆိုသည်။

ထိုအကြောင်းကို မြို့တွင်းရှိ မယ်တော် မိဖုရားကြီး သိရှိသဖြင့် စစ်ခင်းလျှင် မြို့သူမြို့သားတို့ သေကြေ ပျက်စီးမည်ဖြစ်၍ စစ်မခင်းဘဲ မြို့ဝင် တံခါးပေါက်တို့ကို ပိတ်ဆို့ရန် အကြံပြုသည်။ သားတော် မင်းသားလည်း မယ်တော် အကြံပြုသည့်အတိုင်း ဆောင်ရွက်သည်။

ဤသို့ဖြင့် မြို့တံခါးတို့ကို ပိတ်ဆို့၍ ခုနစ်နှစ်နှင့် ခုနစ်ရက်ကြာသောအခါ မြို့သူမြို့သားတို့က မခံနိုင်ဘဲ ကောသလမင်း၏ ဦးခေါင်းကို ဖြတ်၍ မင်းသားအား ဆက်သကာ မြို့ကို အပ်နှင်းလေသည်။

ဤသို့ပြုခဲ့သော မကောင်းမှုကံကြောင့် ဝိပါက်ကြမ္မာ မလွတ်သာ၍ ဘဝသံသရာ၌ ငရဲနှင့် ကြုံတွေ့ ခံစားရပြီးနောက် ကြွင်းကျန်သော အကုသိုလ်အကျိုးဆက်ဖြင့် သားအမိနှစ်ယောက်စလုံး ခုနစ်နှစ်နှင့် ခုနစ်ရက် ပင်ပန်းဆင်းရဲစွာ ဝဋ်ဒုက္ခခံစားခဲ့ရခြင်းဖြစ်သည်။

သုပ္ပဝါသာ မင်းသမီးသည် အချိန်ကာလ အရှည်လျားဆုံး ကိုယ်ဝန်ဆောင် အမျိုးသမီးဖြစ်ခဲ့ရသည်။

◈◈◈

သုပ္ပဝါသာ မင်းသမီးသည် ခုနစ်နှစ်နှင့် ခုနစ်ရက် ကိုယ်ဝန်ဆောင်ရစဉ် ကြံ့ခိုင်ရည်ရှိစေရန် ကောင်းသော စိတ်အာရုံ မွေးမြူကျင့်သုံးခြင်းသည် သင့်လျော်မြင့်မြတ်၍ ချီးမွမ်းဖွယ်ရာဖြစ်သည်။

"သမ္မာသမ္ဗုဒ္ဓေါ ဝတ သော ဘဂဝါ၊ ယောဣမဿ ဧဝ
ရူပဿ ဒုက္ခဿပဟာနာယ ဓမ္မံဒေသေတိ"

အကြွင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှာ တရားဟော၏။ ထိုမြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com



သည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွတကား။

"သုပ္ပဋိပန္နောဝတ တဿဘဂဝတော သာဝကသံဃော။
ယောဣမဿဝေရူပဿ ဒုက္ခဿ ပဟာနာယပဋိပန္နော"

အကြင် သံဃာတော်သည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှာ ကောင်းစွာ ကျင့်တော်မူ၏။ ထိုမြတ်စွာဘုရား၏ သာဝက သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား။

"သုသုခံ ဝတတံ နိဗ္ဗာနံ၊ ယတ္ထိဒံ ဝေရူပံ ဒုက္ခံ နသံဝိဇ္ဇတိ"

အကြင်နိဗ္ဗာန်၌ ဤသို့သဘောရှိသော ဆင်းရဲမရှိ။ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာပေစွတကားဟု ဤသို့ စိတ်အာရုံဖြင့် ကျင့်ကြံ၍ သုပ္ပဝါသာမင်းသမီးသည် ကာလရှည်လျားစွာ ကိုယ်ဝန်ဆောင်ရသော ဆင်းရဲဒုက္ခကို သည်းခံသည်။

သုပ္ပဝါသာမင်းသမီးသည် ကိုယ်ဝန်ဆောင်ဒုက္ခ အထွင့်အထိပ်ရောက်ရှိ ခံစားရစဉ်၌ပင် ခံစားရသော ဝေဒနာတို့ကို ဥပေက္ခာပြု၍ စိတ်အာရုံ ကောင်းစွာ ကြည်စေလျက် "မသေမီ အသက်ရှင်ဆဲ၌ အလှူဒါနပြုဦးအံ့"ဟု ကြံစည်ကာ မိမိ၏ အရှင်သခင် ကြင်ယာတော် မင်းယောက်ျားအား အနီးသို့ လာရောက်စေပြီးလျှင်…

"အရှင်ခင်ပွန်း… ဗုဒ္ဓဘုရားကျောင်းတော်သို့ သွားပါလော့။ မြတ်စွာဘုရားခြေတော်၌ ဦးခေါင်းဖြင့် ရှိခိုးပါလော့။ အနာရောဂါကင်းခြင်း၊ ဆင်းရဲကင်းခြင်း၊ လျင်စွာ ထနိုင်ခြင်း၊ ခွန်အားရှိခြင်း၊ ချမ်းသာစွာ နေရခြင်းတို့ကို မေးလျှောက်ပါလော့"

"အရှင်မြတ်ဘုရား… ကောလိယမင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။ အနာရောဂါကင်းရှင်းခြင်း၊ ဆင်းရဲကင်းခြင်း၊ လျင်စွာ ထနိုင်ခြင်း၊ ခွန်အားရှိခြင်း၊ ချမ်းသာစွာ နေရခြင်းတို့ကို မေးလျှောက်လိုက်ပါ၏ဟု လျှောက်ထားပါလော့"

"သုပ္ပဝါသာ မင်းသမီးသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၏။ ခုနစ်ရက်ပတ်လုံး ကိုယ်ဝန်ကြောင့် မိန်းမောတွေဝေရ၏။ သုပ္ပဝါသာမင်းသမီးသည် ကြမ်းကြုတ်စပ်ရှားသော ဆင်းရဲဝေဒနာကို ထိတွေ့ ခံစားရသောအခါ အကြင်မြတ်စွာဘုရားသည် ဤသို့သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှာ တရားဟော၏။ ထိုမြတ်စွာဘုရားသည် ကိုယ်တော်တိုင် သစ္စာလေးပါးကို ထိုးထွင်း၍ သိတော်မူပေစွတကား"

"အကြင်သံဃာတော်သည် ဤသို့ သဘောရှိသော ဆင်းရဲကို ပယ်ခြင်းငှာ ကောင်းစွာ ကျင့်တော်မူပေ၏။ ထိုမြတ်စွာဘုရား၏ တပည့် သံဃာတော်သည် ကောင်းစွာ ကျင့်တော်မူပေစွတကား"

"အကြင်နိဗ္ဗာန်၌ ဤသို့ သဘောရှိသော ဆင်းရဲ မရှိ။ ထိုနိဗ္ဗာန်သည် အလွန်ချမ်းသာပေစွတကားဟု ဤသုံးပါးသော ကြံစည်ခြင်းတို့ဖြင့် သည်းခံ၏ဟု လျှောက်ပါလော့။ မြတ်စွာဘုရားမိန့်ကြားတော်မူသော စကားတို့ကိုလည်း မှတ်သား၍ အကျွန်ုပ်အား ပြောကြားပါလော့"

ဟု မာကာ ဗုဒ္ဓကျောင်းတော်သို့ စေလွှတ်လိုက်လေသည်။

◈◈◈

ကြင်ယာတော် ကောလိယမင်းသား မဟာလိသည် ကောလိယမင်းသမီး သုပ္ပဝါသာ၏ စကားကို မြတ်စွာဘုရားထံ သွားရောက်ချဉ်းကပ်ပြီးလျှင် မြတ်စွာဘုရားအား ရိုသေစွာ ရှိခိုးလျက် လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်က…

"ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစေသတည်း။ ရောဂါကင်းသော သားကို ဖွားမြင်စေသတည်း"

ဟု မိန့်မြွက်တော်မူသည်။

ယင်းသို့ မြတ်စွာဘုရား မိန့်မြွက်သည်နှင့် ကြည်ပြုံ

www.burmeseclassic.com

နက် ကောလိယမင်းသမီး သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ရောဂါကင်းသောသားကို ဖွားမြင်လေသည်။

ကောလိယမင်းသားလည်း မြတ်စွာဘုရားရှင်၏ စကားကို နှစ်သက်ဝမ်းမြောက်၍ မြတ်စွာဘုရားအား ရှိခိုးပြီးလျှင် အိမ်သို့ ပြန်သည်။

အိမ်သို့ ရောက်သောအခါ ရောဂါကင်းသော သားကို ဖွားမြင်ပြီးသော၊ ရောဂါမရှိမူ၍ ချမ်းသာသော ကောလိယမင်းသမီးကို မြင်ရသဖြင့် အလွန်နှစ်သက် ရွှင်လန်းလေသည်။

◈◈◈

ကောလိယမင်းသမီး သုပ္ပဝါသာသည် ခင်ပွန်းသည် ကောလိယမင်းသား မဟာလိအား တစ်ဖန်ခေါ်၍ ...

"အရှင်ခင်ပွန်း... မြတ်စွာဘုရားထံသို့ သွားရောက်၍ ကျွန်မ၏ စကားဖြင့်...

"အရှင်မြတ်ဘုရား...ကောလိယ မင်းသမီး သုပ္ပဝါသာသည် မြတ်စွာဘုရား၏ ခြေတော်တို့ကို ဦးခေါင်းဖြင့် ရှိခိုးပါ၏။ သုပ္ပဝါသာသည် ခုနစ်နှစ်ပတ်လုံး ကိုယ်ဝန်ဆောင်ရ၏။ ခုနစ်ရက်ပတ်လုံး မီးမဖွား တွေဝေရ၏။ ယခု သုပ္ပဝါသာသည် ရောဂါမရှိမူ၍ ချမ်းသာစွာ ရောဂါကင်းသော သားကို ဖွားမြင်ပါ၏။ သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဘုရားအမှူးရှိသော ရဟန်းသံဃာတော်တို့ကို ဆွမ်းစားပင့်ဖိတ်ပါ၏။ အရှင်မြတ်ဘုရားသည် ရဟန်းသံဃာနှင့် အတူတကွ ကောလိယမင်းသမီး သုပ္ပဝါသာ၏ ဆွမ်းတို့ကို ခုနစ်ရက်ပတ်လုံး သည်းခံတော်မူပါရန်" လျှောက်ထားလော့"

ဟု မှာကြားလေသည်။

ကောလိယမင်းသား မဟာလိသည် ကောလိယမင်းသမီး သုပ္ပဝါသာ၏ စကားကို မြတ်စွာဘုရားထံသို့ တစ်ဖန် သွားရောက်ပြီးလျှင် မှာကြားသည့်အတိုင်း လျှောက်ထားလေသည်။

ထိုအခါ ဗုဒ္ဓဘုရားရှင်သည် ရှေးဦးစွာ ပင့်အပ်သော ဆွမ်းအလှူရှင်တို့အား ဆိုင်းငံ့စေ၍ သုပ္ပဝါသာ ကောလိယ မင်းသမီး၏ ဆွမ်းအလှူကို သည်းခံတော်မူသည်။

ဤနည်းဖြင့် "ရှင်သီဝလိ မွေးနေ့အလှူ"ဟူ၍ ပေါ်ပေါက်လာခြင်းဖြစ်သည်။ အလှူရှင် သုပ္ပဝါသာသည် ခုနစ်ရက်ပတ်လုံး ဗုဒ္ဓအမှူးရှိသော ရဟန်းသံဃာတော်တို့အား ဆွမ်းဘောဇဉ် အာဟာရတို့ကို အထူးစီရင်၍ လှူဒါန်းဆက်ကပ်လေသည်။

သားငယ်ကိုလည်း ဗုဒ္ဓ ရဟန်းသံဃာတို့အား ရှိခိုးဂါဝရပြုစေသည်။ သုပ္ပဝါသာမင်းသမီး၏ သားရတနာသည် ဆွေတော်မျိုးတော်တို့၏ စိုးရိမ်ပူပန်ခြင်းကို ငြိမ်းအေး ချမ်းမြေ့စေခြင်းကြောင့် "သီဝလိ"ဟူ၍ ရွေးချယ် နာမည်ပေးကြသည်။

သီဝလိသူငယ်သည် ခုနစ်နှစ်နှင့် ခုနစ်ရက်မျှ အမိဝမ်း၌ ကိန်းအောင်းရ၍ ဖွားမြင်စအချိန်ပင် ခုနစ်နှစ်အရွယ်ဖြစ်ခြင်းကြောင့် ကလေးသူငယ်တို့ ပြုအပ်သော အမှုကိစ္စတို့ကို သွက်သွက်လက်လက် ဆောင်ရွက်နိုင်ခြင်းရှိလေသည်။

ထို့ကြောင့် မွေးနေ့အလှူပွဲ၌ သီဝလိ သူငယ်သည် သံဃာတော်တို့အား သောက်တော်ရေ ဆက်ကပ်ခြင်းစသော လျှောက်ပတ်ရာတို့ကို ပြုသဖြင့် မိဘဆွေမျိုးတို့၏ စိတ်ဝယ် ကြည်နူး ဝမ်းမြောက်ကြရသည်။ အထူးကား သုပ္ပဝါသာ မင်းသမီး လှူဒါန်းသော ဤသီဝလိ မွေးနေ့ပွဲ အလှူ၌ ဗုဒ္ဓ၏ လက်ယာတော်ရံ အရှင်သာရိပုတ္တရာ မထေရ်မြတ်သည် သီဝလိသူငယ်အား ရှင်ပြုခွင့်ရ၍ ရှေးဦးစွာ ဆံပယ်သောအခါ၌ ရှင်သီဝလိသည် သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်အားဖြင့် ဆင့်ကဲဆင့်ကဲ ဉာဏ်စဉ်တက်၍ အရဟတ္တဖိုလ်သို့ ရောက်သည်။ နောင်အခါ လာဘ်လာဘပေါ်များခြင်းအရာ၌ ဧတဒဂ်ဘွဲ့ရရှိသည်။ သုပ္ပဝါသာ ကောလိယမင်းသမီးလည်း မွန်မြတ်သော ဝတ္ထုလှူဒါန်းခြင်းအရာ၌ ဧတဒဂ်ဘွဲ့ ရရှိသည်။ -

ဤသို့ ခုနစ်ရက်ပတ်လုံး လှူဒါန်းသည့် ရှင်သီဝလိ မွေးနေ့ပွဲအလှူသည် ထူးခြားသော ဖြစ်စဉ်တို့ဖြင့် ထင်ရှားသည်။

◈◈◈

သုပ္ပဝါသာ မင်းသမီးသည် ဧတဒဂ်ဘွဲ့ထူးရ အမျိုးကောင်းသမီးဖြစ်သောကြောင့် ရှင်သီဝလိသည်လည်း မိကောင်းဖခင်၏ သားရတနာဖြစ်သည်။

တစ်ဖန် ရှင်သီဝလိသည် ဧတဒဂ်ဘွဲ့ထူးရ ကိလေသာ စင်ကြယ်သော သားရတနာ ရဟန္တာဖြစ်ခြင်းကြောင့် မယ်တော် သုပ္ပဝါသာမင်းသမီးသည်လည်း သားကောင်းရတနာ၏ မိခင်ဖြစ်ရသည်။

ထို့ကြောင့် ဤသာသနာ၌ ဧတဒဂ်ဘွဲ့အား အမေ တစ်ခု၊ သား တစ်ခုရသဖြင့် ရှင်သီဝလိနှင့် မယ်တော် သုပ္ပဝါသာ ကောလိယမင်းသမီးကို ထူးခြားသော သားအမိဖြစ်ကြောင်း ရှင်သီဝလိမွေးနေ့အလှူနှင့် ဆက်စပ်၍ ဖော်ညွှန်း သိစေအပ်ပါသည်။ (အံ-ဋ္ဌ- ၁/ ဓမ္မပဒ၊ ဋ္ဌ-၂)■

* * *

စိတ်ဦး



www.burmeseclassic.com

www.burmeseclassic.com

# ဘိုးဘွားပူဇော် သံဝေဂမမွ အမျှဝေပွဲတော်

မင်းတိုင်ပင် (မြရောင်ခြေ)

ဆရာတော် မုံရွာနေဇာ၏ ဘိုးဘွားပူဇော် သံဝေဂမမွ အမျှဝေပွဲတော်သို့ လိုက်ပါရန် ရဟန်းစာဆိုရှင် ဆရာတော် ဘဒ္ဒန္တဇနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ) မုံရွာနေဇာ ဆရာတော်မှ အကြောင်းကြားလာပါ၏။ စာရေးသူနှင့်အတူ ဆရာမောင်တည်အေးပါ လိုက်ပါမည်ဆိုသည့်အတွက် မပျက်မကွက် လိုက်ပါမည်ဖြစ်ကြောင်း ပြန်ကြားလျှောက်ထားစေခဲ့ပါသည်။

၂-၄-၂၀၁၄ ရက်နေ့ နံနက် ၁၀နာရီအချိန် ဆရာတော်သီတင်းသုံးရာ ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၂)ဝိုင်း၊ အောင်စန္ဒာသိဒ္ဓိကျောင်းတိုက်သို့ သွားရောက်ခဲ့ပါသည်။ ဆရာတော်ကျောင်း၌ အာဟာရသုံးဆောင်ပြီး နေ့လယ် ၂နာရီအချိန်တွင် ဆရာတော်နှင့်အတူ အလှူပွဲသို့ လိုက်ပါဆောင်ရွက်ကြမည့် ပုဂ္ဂိုလ်များ အသီးသီးရောက်ရှိလာပြီးနောက် လှူဖွယ်ပစ္စည်းများ တင်ဆောင်ကာ ရန်ကုန်-ပြည်လမ်းအတိုင်း ခရီးနှင် ထွက်ခွာခဲ့ပါတော့သည်။

ခရီးစဉ်မှာ ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ခုနစ်ကျိုက်အရှေ့ ရွာ၊ အောင်မြေဝေယံ ဘုန်းတော်ကြီး










www.burmeseclassic.com

www.burmeseclassic.com


ကို ပြောင်းစီးကြသည်။ တိုက်ကြီးမြို့မှ စာရေးဆရာ ကောင်းကင်ပြာပါ လိုက်ပါကူညီမည်ဖြစ်၍ ပို၍ပင် အားပြည့် သွားခဲ့ရပါသည်။ မှတ်တမ်းတင် ဗီဒီယိုဓာတ်ပုံများလည်း ရိုက် ခဲ့ကြပါသည်။


ဆိုင်ကယ်များမှ ရှေ့ဆောင်၍ သာသနာ့အလံတော် တလူလူနှင့် တိုက်ကြီး ဥတို-အဖျောက်လမ်းအတိုင်း ခရီး နှင်ခဲ့ရာ ညနေ ၄နာရီခွဲအချိန်တွင် ရေပေါ်သောင်တံတားအနီး မှ ခနစ်ကျိုက်အရှေ့ရွာသို့ မြေကြီးလမ်းအတိုင်း ဖုန်ထူထူ၊ ချိုင့်ခွက်နက်နက်နှင့် နှစ်မိုင်ခွဲခန့်ခရီးကို လိပ်သွား‌သွားရင်း













ကျောင်းသို့ သွားရောက်ရန်ဖြစ်သည်။ ညနေ ၃နာရီခွဲအချိန် တွင် တိုက်ကြီး အဖျောက်လမ်းခွဲသို့ ရောက်သောအခါ ခနစ်ကျိုက်အရှေ့ရွာမှ ပရဟိတလူငယ်များက သာသနာ့ အလံတော်များ စိုက်ထူ၍ မော်တော်ဆိုင်ကယ်အစီး ၅၀ခန့် ဖြင့် လာကြိုနေကြပါသည်။ အမှန်မှာ ကြည်နူးစရာကောင်း သော ပွဲလေးဖြစ်ပါ၏။ ထို့အတူ တိုက်ကြီးမြို့မှ ဦးစိုးမြင့်၊ ဗိုလ်ကြီး ဦးအောင်မြင့်(ငြိမ်း) နှင့် ဒကာ၊ ဒကာမများက တောင်းအေ့(စ်)ကားတစ်စီးနှင့် လိုက်ပါ ပို့ဆောင်မည်ဖြစ်၍ စာရေးသူနှင့် ဆရာ မောင်တည်အေးတို့က ထိုကားကလေး



www.burmeseclassic.com


www.burmeseclassic.com


ပန်းတိုင်အောင်ပွဲခံခဲ့ရသည်မှာ အချိန်တစ်နာရီလောက် ပို ကြာသွားပါတော့၏။

ညနေ ၆နာရီအချိန်တွင် ရောက်လိုလှသည့် အောင်ပွဲခံ စင်မြင့်သို့ ရောက်စဉ် ဆီးကြိုနေသော အမျိုးသမီးများ ရှေ့ဆွဲကြိုးနှင့် ကြိုးတား၍ ပျော်ပွဲဆင်ကြပါသည်။ ဆရာတော် မုံရွာနေဇာအား ထီးဖြူတော်နှင့် ပင့်ဆောင်ကြိုဆိုကာ အောင်မြေဝေယံကျောင်းကြီးအောက်ထပ်တွင် ခေတ္တနားနိုကြပါသည်။ ကျောင်းရှေ့ လမ်းပေါ်တွင် လမ်းနှစ်ဖက်ချိတ်ဆွဲထားသည့် ဆိုင်းဘုတ် စီနိုင်းကြီးမှ "သက်ကြီးပူဇော်ပွဲနှင့် မိဘ ဆရာသမား ခုနစ်နေ့သားသမီးများအား အမှူဝေပွဲ"ဟူသော













ခေါင်းစဉ်ကို ဖတ်လိုက်ရတော့ တစ်ကြိမ်တစ်ခါမှ မကြုံဘူးသော အလှူပွဲမျိုးကို ယခုကြုံနေရပါသည်။ ရင်ထဲမှာတော့ ဖော်မပြနိုင်အောင် ပီတိတွေ တဖွားဖွားပေါ်လာပါတော့သည်။ ဆရာတော်ရဲ့ အလှူသည် ထူးခြားမွန်မြတ်လှပါသည်။ အံ့သြဖွယ်ရာ အလှူကြီးပင် ဖြစ်နေပါတော့သည်။

**ဓမ္မသဘင် ဆင်ယင်ပွားများ**
**အိုပယ်မဖြစ်ကြစေဖို့ တရား**

"၂-၄-၂၀၁၄၊ ည ၇နာရီခွဲအချိန်၊ ခုနစ်ကျိုက်အရှေ့ရွာ အောင်မြေဝေယံကျောင်းတိုက်ကြီးအတွင်းရှိ ပရဝုဏ်ဓမ္မသဘင်ဆင်ယင်ကျင်းပရာ ဓမ္မာသန ပလ္လင်တော်ကြီးနှင့်


www.burmeseclassic.com

www.burmeseclassic.com


အဂ္ဂိရ ဖွဲ့စည်းပေးထားသော ပရဟိတ လူငယ်အဖွဲ့မှ အမျိုးသား၊ အမျိုးသမီး ၆၀ ခန့်ရှိကြောင်း သိရသည်။ ဤလူငယ်လေးများသည် ယနေ့လူငယ်၊ နောင်ဝယ် လူကြီး၊ ဗုဒ္ဓ၏ အဆုံးအမကို ခံယူပြီး အမျိုးဘာသာ သာသနာတော်မြတ်ကြီးကို ပခုံးပြောင်း တာဝန်ယူကြမည့်သူများ ဖြစ်နေပါ၏။ ခုနစ်ကျိုက်ရွာ၏ ဘာသာ၊ သာသနာအရေးကား စိုးရိမ်ပူပန်ရာမရှိ၊ ယဉ်ကျေးလိမ္မာသော လူငယ်လူရွယ်လေးများပင် ဖြစ်နေပါတော့သည်။

ဤကျောင်းတော်တိုက်ကြီးအတွင်း၌ ဆရာတော် မှီခိုနေထိုင်သည့် ဖခင်ကြီး ဦးကောင်းတင်နှင့်အတူ ၁၃နှစ်တာမျှ














မဏ္ဍပ်တော်ကြီးအတွင်းသို့ ဓမ္မဒေသနာ၊ ဓမ္မသာဝနာ၊ တရားတော်မြတ် နာယူနိုင်ရန် ရွာများမှ ခြေလျင်နှင့် တစ်မျိုး၊ ဆိုင်ကယ်နှင့် တစ်သွယ်၊ အမျိုးမျိုး ဝင်လာမစဲ တသဲသဲပင် ဖြစ်နေသဖြင့် ဗုဒ္ဓ၏ တရားတော်မြတ်အပေါ် ယုံကြည်သက်ဝင်သော မြန်မာလူမျိုး ဗုဒ္ဓဘာသာများဖြစ်သည်ကို တွေ့ရှိရသဖြင့် ကြည်နူးမိ၏။ ဝမ်းသာမိ၏။ သာဓုခေါ်မိ၏။ ရွာသူရွာသား၊ လူကြီးလူငယ်များကလည်း နေရာထိုင်ခင်းနှင့် ကြိုဆိုသူ၊ အလှူခံဌာနတွင် တာဝန်ယူ ဆောင်ရွက်ကြသူ၊ ရေသန့်ဘူးနှင့် အချိုရည်များ ကမ်း၍ လှူဒါန်းသူ၊ ရေနွေးကြမ်းနှင့် ကွမ်းယာ ညှော်ခံသူတို့သည် ဆရာတော် ဘဒ္ဒန္တ



www.burmeseclassic.com

www.burmeseclassic.com

သီတင်းသုံး နေထိုင်ရာ အောင်မြေဖြစ်ခဲ့ပါသည်။ ဖခင်ကြီး သက်ရှိထင်ရှားရှိခဲ့စဉ်က ဆွမ်း၊ ကွမ်း ဝေယျာဝစ္စ၊ ကျန်းမာရေးကအစ အားလုံး လှူဒါန်းကူညီခဲ့ဖူးသူ ရဟန်းဒါယကာ၊ ဒါယိကာမ အလှူ့ရှင်များသည်လည်း သက်ရှိထင်ရှား ကျန်ရှိနေသူများ ရှိသလို တမလွန်ဘဝပြောင်းရွှေ့သွားသူများလည်း ရှိပါသည်။ ထို့ကြောင့် ထိုသူများ ကောင်းရာ သုဂတိဘုံသို့ ရောက်ရှိပါစေခြင်းဟု ရည်ရွယ်မှန်းဆပြီး ဆရာတော်ကိုယ်တိုင် ဦးဆောင်၍ လှူဒါန်းသည့်ပွဲဖြစ်ပါသည်။


ည ၇နာရီခွဲအချိန်တွင် ဓမ္မပူဇာသဘင် ဆင်ယင်ကျင်းပနိုင်ရန် အကျိုးတော်ဆောင်အဖွဲ့သားများက ဝတ်စုံများနှင့်














မင်္ဂလာရှိရာ ဓမ္မသနပလ္လင်တော်သို့ ပင့်ဆောင်ကြရာ၌ ကနက္ကတံ ထီးတော်နှစ်လက်ဖြင့် ဓမ္မကထိက ဆရာတော်ဖြစ်သော ဘဒ္ဒန္တဇနိန္ဒာသာရ မုံရွာနေဇာ ဆရာတော်မှ ကြွရောက် အပူဇော်ခံပြီး တရားတောင်းဖြင့် ပူဇော်ကြ၏။ မေတ္တာပို့ ဆုတောင်းကြ၏။ ထို့နောက် ကြွရောက်လာသော တရားနာပရိသတ်များမှ ငါးပါးသီလခံယူကြပြီးနောက် ဆရာတော်မှ "အိုပယ် မဖြစ်ကြစေဖို့" တရားတော်ကို ဓမ္မရသ စုံလင်စွာဖြင့် ~ပောဖော်ညွှန်ပြ ဆိုဆုံးမတော်မူခဲ့ပါသည်။ ထိုည၌ ဓမ္မပူဇာအလှူတော်ငွေ ၄သိန်းခန့် ရရှိခဲ့ရာ ဆရာတော်၏ ကျောင်းတော်ကြီး ပြင်ဆင်ရန်အတွက် အလှူတော်ငွေ




www.burmeseclassic.com


www.burmeseclassic.com




ထို့နောက် ကြွရောက်လာကြသော ပင့်သံဃာတော် ၂၅ပါး၊ အဘိုးအဘွား ၃၉ဦးတို့နှင့်အတူ ညည့်ပရိသတ် အလှူရှင်များက အသီးသီးနေရာယူကြပါသည်။


နံနက် ၈နာရီအချိန်တွင် အခမ်းအနားကို စတင်ကျင်းပရာ အခမ်းအနားမှူး ဆရာတော်မှာ ဦးရေဝတ(အောင်သပြေ ဆရာတော်)ဖြစ်ပြီး အစီအစဉ် (၁၀)ရပ်ဖြင့် ကျင်းပမှာဖြစ်ကြောင်း အောင်မြင်သည့်အသံဖြင့် ကြေညာခဲ့ပါသည်။ အစီအစဉ်အရ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုပြီး ဖွင့်လှစ်တော်မူပါသည်။ ဒီနောက် ဆရာတော်များထံမှ ငါးပါးသီလခံယူခြင်း၊ ဆရာတော်များမှ မေတ္တာသုတ် ရွတ်ဖတ်











တစ်သိန်း ပြန်လည်၍ လှူဒါန်းခဲ့ပါသည်။ တရားပွဲကို ည ၁၁နာရီအချိန်၌ ပြီးစီးအောင်မြင်ခဲ့ပါသည်။

**သိက္ခာထပ်မြတ် ဘိုးဘွားပူဇော် အမျှဝေပွဲတော်**

၃-၄-၂၀၁၄၊ နံနက် ၇နာရီအချိန်တွင် ခဏ္ဍသိမ်တော်ကြီး၌ ပင့်သံဃာတော်တော် ၂၅ပါးနှင့်အတူ ဘဒ္ဒန္တဇနိန္ဒသာရ (သဒ္ဓမ္မဇောတိကဓဇ) စာဆို မုံရွာနေဇာ ဆရာတော်နှင့် ရဟန်းနှစ်ပါးတို့အား သိက္ခာထပ်ပွဲတော်ကျင်းပရာ ၈နာရီ ၈ချိန်၌ ဆရာတော်နှင့်တကွ သိမ်ဆင်း ပင့်သံဃာတော်များ အားလုံးအား လှူဖွယ်ဝတ္ထုများဖြင့် လောင်းလှူ ပူဇော်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com


ပူဇော်ခြင်း၊ ပင့်သံဃာတော် ၂၅ပါးတို့အား သင်္ကန်းဒွိုက် ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား တစ်ပါးချင်းစီသို့ ဆက်ကပ်လှူဒါန်းခြင်း၊ စာရေးတံမဲဖောက်ခြင်း၊ သက်ကြီး ဘိုးဘွား ၃၉ဦးတို့အား လှူဖွယ်ဝတ္ထုငွေနှင့် ပစ္စည်းများ လှူဒါန်းခြင်း၊ ထို့နောက် အဘိုးအဘွားများကိုယ်စား အဘိုး ဦးချစ်သန်း (၇၉)နှစ်မှ ကျေးဇူးတင်စကားပြောကြားခြင်းနှင့် မုံရွာနေဇာ ဆရာတော်မှ ဩဝါဒမိန့်ကြားပြီး ဖခင်ကြီး ဦးကောင်းတင်နှင့် တကွ ကွယ်လွန်သွားပြီဖြစ်သော ရဟန်းဒါယကာ၊ ဒါယိကာမများနှင့် ကျေးဇူးရှိခဲ့သူများအားလုံးတို့ကို အမျှအတန်းပေးဝေ၍ လှူဖွယ်ဝတ္ထုအစုစုတို့အား ရေစက်သွန်းချ အမျှပေးဝေ














ခဲ့ကြပါသည်။

ထို့နောက် အောင်မြေဝေယံကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တအင်္ဂရမှ လှူတန်းရသည့်ကိစ္စအား ရှင်းလင်းမိန့်ကြားပြီး အောင်မြေဝေယံအကျိုးတော်ဆောင် လူငယ် ပရဟိတအဖွဲ့ ဥက္ကဋ္ဌ ဦးတင်မောင်မြင့်မှ ကျေးဇူးတင်စကားပြောကြားပြီးနောက် အခမ်းအနားကို ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ ရုတ်သိမ်းခဲ့ကြပါသည်။ အလှူအမ ဒေါ်ကြည်ကြည်စန်းမှ ရွှေမိုးငွေမိုးများ ရွာသွန်းဖြိုးပါသည်။


- ရေစက်ချအပြီး အဘိုးအဘွားများနှင့်အတူ ဆရာတော်များကို မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြပါသည်။ ဇန



www.burmeseclassic.com

www.burmeseclassic.com





ဆွမ်းဆက်ကပ်လှူဒါန်းကြပြီး အတိုးအဘွားနှင့် ညှော်ပရိသတ်များကို ရွှေရင်အေးတိုက်ကျွေး ညှော်ခဲ့ပြီးနောက် နေ့လယ်စာ အာဟာရဒါန ထမင်းသုံးဆောင်စေခဲ့ပါသည်။ ဆရာတော်များ ကျောင်းတိုက်အသီးသီးသို့ ပြန်လည်ကြွရောက်ခဲ့ကြသလို၊ အဘိုးအဘွားများကိုလည်း မော်တော်ဆိုင်ကယ်များနှင့် အိမ်တိုင်ရာရောက် ပရဟိတလူငယ်များက ပို့ဆောင်ပေးခြင်းမှာ ကြည်နူးဖွယ်ရာပါ။

**ရာဇဝင်ထင်ရှား လှိုင်မြို့တည်ထား**

ထို့နောက် စာရေးသူတို့သည် လှိုင်မြစ်၏ အရှေ့ဘက်ကမ်းရှိ **"ကျိုက်မွန်ပိုင်းစေတီတော်ကြီး"**ကို ဖူးမြော်ရန်အတွက် ဦးသိန်းဟန်၏ ဆိုင်ကယ်နှင့် ထွက်ခဲ့ကြသည်။ ခုနစ်ကျိုက်အရှေ့ကျောင်းတိုက်ဆရာတော် ဦးပညာသီရိမှ လိုအပ်သမျှ ရှင်းလင်းမိန့်ကြားပေးပါသည်။

"ဒီစေတီတော်ကြီးဟာ အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်ခဲ့တယ်လို့ သိရပါတယ်။ ယခင်က ဘုရားဝတ်တိုကြီးဖြစ်လို့ ဒီ ခုနစ်ကျိုက်အရှေ့ရွာက ဦးရွှေအိုင်+ ဒေါ်ရွှေမှုံတို့က ပြန်လည်တည်ထားခဲ့ရာမှာ ဉာဏ်တော်က ၃၇ တောင်ခန့် ရှိပါတယ်။ ထီးတော်က ကြေးထီးတော်ကြီးဖြစ်ပါတယ်။ ရွှေသင်္ကန်းတော်လည်း ဆက်ကပ်ပါတယ်။ ဒီကျောင်းတိုက်ကြီးကတော့ ဆရာတော် သုံးဆက်ဖြစ်ခဲ့ပါပြီ။ ဦးစန္ဒဝရ၊ ဦးတေဇနှင့် ယခုဆရာတော်လက်ထက်အထိတော့ မှတ်မိပါတယ်"

ထို့နောက် ဦးသိန်းဟန်နှင့်အတူ ဦးကံသိန်းကပါ လိုအပ်သမျှ ဖြေရှင်းပြောကြားပေးပါသည်။

ထို့နောက် စာရေးသူတို့သည် ကျောင်းသို့ ပြန်၍ တစ်ဖက်ကမ်းရှိ **"ကျိုက်ကွန်းသနော်ဘုရားကြီး"**အား မှတ်တမ်းဓာတ်ပုံရိုက်နေစဉ် ထိုရွာမှ ဦးစိုးမြင့်က လာရောက်၍ သမိုင်းကြောင်း ပြောပြပါသည်။

"ဒီစေတီတော်ကြီးက ကျိုက်ကွန်းသနော်လို့ ခေါ်ပါတယ်။ အလောင်းစည်သူမင်းကြီးနောက်က အမတ်ကြီး တစ်ပါးဟာ ကွမ်းစားရင်း လှိုင်မြစ်ထဲမှာ ကွမ်းတံတွေးထွေးမိတယ်။ ဒါကို အစွဲပြုပြီး လှေပေါ်မှာ အမတ်ကြီး ကွမ်းစားအမှတ်တရအနေဖြင့် လှေဆိုက်တဲ့ နေရာမှာ ဘုရားတည်ကိုးကွယ်ခဲ့ရာမှ အစွဲပြုပြီး "ကျိုက်ကွန်းသနော်"လို့ ဆိုပါတယ်။ ဉာဏ်တော် ၇၉ တောင်ဖြစ်ပါတယ်။ ၁၃၅၉ ခုနှစ်မှာ ဦးမြဆိုင် + ဒေါ်သန်းမေတို့က စတင်ပြုပြင်လို့ ၁၃၆၀ခု၊ တပေါင်းလဆန်း ၁၄ရက်နေ့မှာ ထီးဟောင်းကို ရွှေမှုင်ကပ်လှူ ပူဇော်ပါတယ်။ အဲဒီမှာ အောင်သုခကျောင်းတိုက်နဲ့ စိတ္တသုခသောတာ့ကနေ စာသင် ပျိုးဥယျာဉ်တည်ထောင်ထားပါတယ်ဗျာ"

"ဟုတ်ကဲ့ ဦးစိုးမြင့်၊ ကျေးဇူးတင်လှပါတယ်"

"ဆရာတို့ မြို့ရိုးကို သွားကြဦးမှာလား"

"ဟုတ်ကဲ့၊ သွားချင်ပါတယ်။ ဘယ်သူလိုက်ပို့မှာလဲ ခင်ဗျာ"

"ကိုသိန်းဟန်ပဲ တာဝန်ယူပါလိမ့်မယ်"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

စာရေးသူတို့နှင့် ဦးသိန်းဟန်တို့ မြို့ရိုးဘက်သို့ ဆိုင်ကယ်တစ်စီးနှင့် ထွက်ခဲ့ကြ၏။ နောက်တော့ နေကတော့ ပူလောင်ဆဲ။ ခရမ်းလွန်ရောင်ခြည်ကို အန်တုလို့ နှစ်မိုင်ယောက်ခရီးကို ဖုန်ထူထူ လမ်းကြမ်းကြမ်းထဲမှာ အပင်ပန်းခံကာ စီးခဲ့ရ၏။ ဦးသိန်းဟန်က ဆိုင်ကယ်စီးရင်း စကားပြောသည်။

"ဆရာရေ…ခု ခင်းနေတဲ့ လမ်းက. နှစ်မိုင်လောက်ရှည်တယ်။ အဲဒါ မြို့နယ်က သိန်း ၂၀၊ ရွာက ၁၀ သိန်းနဲ့ အလှူခံပြီး ဂဝံကားတစ်စီး ကိုးသောင်းကနေ တစ်သိန်းအထိပေးပြီး လမ်းလုပ်သားတွေပြီးတော့ ကျွန်တော် တာဝန်ယူခင်းနေတာပါ။ ဒီလမ်းကောင်းသွားရင်တော့ အားလုံးသွားရေး



www.burmeseclassic.com

www.burmeseclassic.com

လာရေး ကောင်းပါပြီဗျာ။ နောက်ထပ် လှူမယ့် အလှူရှင်တော့ ဖိတ်ခေါ်ချင်ပါတယ်"

"ဟုတ်ကဲ့ ဦးသိန်းဟန်၊ အောင်မြင်ပါလိမ့်မယ်။ တတ်နိုင်သလောက် ကူညီပေးပါ့မယ်ခင်ဗျာ"

"ဟုတ်ကဲ့၊ ကျေးဇူးတင်လှပါတယ်"

"ဟိုးမှာ အဲဒီကိုင်းတော ညို့ ညို့တန်းတန်းကြီးက နန်းတော်ကုန်းလို့ ခေါ်ပါတယ်။ ဘာမှ တူးလို့ ဆွလို့ မရပါဘူး"

"ဟုတ်လား။ ဒါဆို လှိုင်နန်းတော်ဟောင်းနေရာပေါ့"

"ဟုတ်ပါတယ်။ ဟိုးရှေးရာဇဝင်မှာ မင်းရမ်းကား ဆိုတာ နေသွားတာတဲ့။ ကျောင်းကို ပြန်ရောက်ရင် ဦးစိုးမြင့်တို့၊ ဒေါ်ကြည်လှိုင်တို့ကို မေးကြည့်ပါ။ သူတို့က ရှေ့မီနောက်မီတွေပါဗျာ"

"သမိုင်းပြောနိုင်ရင်တော့ မှတ်တမ်းတင်ရတာ လွယ်တာပေါ့"

"ဟုတ်ကဲ့၊ ဒါက **ရန်လုံးနိုင်ကျေးရွာ**လို့ ခေါ်ပါတယ်။ ဟိုဘက်ကမ်းမှာရှိတဲ့ စေတီကြီးက "အောင်ချမ်းသာစေတီ" လို့ ခေါ်ပါတယ်။ ဒီဘက်ကမ်းက စေတီက "ဖောင်တော်ဦး" တဲ့။ ဟိုစေတီက "ဖောင်တော်ဆိုက်စေတီ"လို့ ခေါ်ပါတယ်။ အလောင်းစည်သူမင်းလက်ထက်က တည်ထားလို့ ခုလို့ မြဲမြဲထားတာပါ။ ဒီစောင်းတန်းက မြို့ရိုးကျောင်းကို ဝင်တာပါ။ ဟိုဟာက မြို့ရိုးကြီးဗျ။ အဲဒါ လေးဘက်လေးတန်ရှိပါတယ်။ အားလုံး ကေ ၄၀ ကျယ်ဝန်းပါတယ်။ ဒီမြို့ရိုးပေါ်မှာ အခု ကျောင်းကြီးတည်ထားတာပါ။ ဟိုဘက်မှာကလည်း ကျောင်းကြီးတစ်ကျောင်းရှိပါသေးတယ်"

"ဟုတ်ကဲ့ ဦးသိန်းဟန်၊ မြို့ရိုးပေါ် လျှောက်ကြည့်ရအောင်ဗျာ"

"ဟုတ်ကဲ့၊ လာ···လာ၊ သွားစို့"

"ဟိုမှာက ရေတွင်းတစ်တွင်းပါလားဗျ"

"အဲဒါ နန်းမြို့တွင်းပါ။ ရေကန်ကတော့ သားတော်၊ သမီးတော်ရေကန်ဖြစ်ပါတယ်"

"ဒါ ရေးအုတ်ချပ်ကြီးတွေပဲ၊ နည်းတာကြီး မဟုတ်ဘူးနော်"

"လာ···ဆရာ၊ ကျောင်းပေါ်တက်၊ ဆရာတော် ပြန်ရောက်ပြီနဲ့ တူတယ်"

ဆရာတော် ပြန်ရောက်နေပြီဖြစ်၍ ဝတ်ဖြည့်ကာ ထိုင်နေကြစဉ်···


"ဒကာကြီးတို့က ရန်ကုန်က ထင်ပါရဲ့။ ဦးဇင်းလည်း အဲဒီအလှူက ပြန်ကြွလာတာ"


"မှန်ပါ ဘုရား"

"ကဲ - ဒီကျောင်းတိုက်ကြီးမှာ ဦးဇင်းက ၁၃၄၆ခုနှစ်က စပြီး သီတင်းသုံးပါတယ်။ ဘွဲ့က ဦးဝါယမပါ။ မှတ်မိတာက ဂျပန်တော်လှန်ရေးတုန်းက တော်လှန်ရေး ရဲဘော်တွေက ဂျပန်စစ်သားတစ်ယောက်ကို သတ်ပြီး ထားခဲ့လို့ ဂျပန်က သဘော်နဲ့ တက်လာပြီး ဒီကျောင်းက ဆရာတော် ဦးလက္ခဏနဲ့ အသက်ကြီး ရွာသားတွေကို ဖမ်းပြီး သတ်ပစ်လိုက်တယ်။ ဒီနေရာက တော်လှန်ရေးစတဲ့ နေရာတဲ့ဗျာ"

"မှန်ပါ ဘုရား၊ အမိန့်ရှိပါ"

"ခုမှ သွားရေးလာရေး နည်းနည်းလွယ်ကူတာပါ။ ခေါင်ပါတယ်။ အသိဉာဏ် ဗဟုသုတရှိဖို့ လိုပါတယ်။ ခု ဦးဇင်း





www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ထားပါတယ်။ တတ်နိုင်သလောက် ဆောင်ရွက်နေပါတယ်"

"ကလေးကောင်းမှ လူကြီးကောင်းမှာပါ ဘုရား"

"ဟုတ်ပါတယ် ဒကာတို့"

စာရေးသူတို့ ကျောင်းတိုက်ရှေ့ မြို့ရိုးနှင့် ကျုံးဟောင်း နေရာကို လိုက်ကြည့်မိ၏။ တစ်ချိန်က လှိုင်မြို့တော်ဟောင်း နေရာဆိုတာ ရာဇဝင်တွင်ခဲ့တဲ့ လှိုင်ထိပ်ခေါင်တင်ရယ်၊ ကနောင်မင်းသားကြီးရယ် အစချီတဲ့ "စိန်ခြူးကြာညောင်၊ လရောင်တွေ လင်းပါလို့၊ မှန်ရွှေကူ ပြတင်းရယ်က၊ မယ်ခု မျှော် သုံးချက်စည်ခေါ် ရိုက်ဆောင်ကာ ညှင်းတယ်လေး၊ လင်းလုပေါ့နော်"တဲ့။ "ဥက္ကာသုံးဆယ်၊ အပျိုတွေ ပေါပါတဲ့ လှိုင်ဘောလယ်"ဆိုတာလည်း ကြားဖူးပါ၏။ ယခုတော့ ရာဇဝင်ထဲက လှိုင်မြို့တော်က သမိုင်းပျောက်လုမတတ်ပါ။

တည်းသည့် ကျောင်းသို့ ပြန်ရောက်သော် ဦးစိုးမြင့် နှင့် ဒေါ်ကြည်လှိုင်တို့ကို အဆင်သင့် တွေ့ရ၏။ အားလုံးက နေပူထဲမှ ပြန်လာသည့် စာရေးသူတို့အား အံ့ဩသော မျက်နှာများနှင့် ကြည့်နေကြပါ၏။

"နေပူလိုက်တာ ဆရာတို့ရယ်။ မြို့ရိုးကြီးတွေ့ခဲ့ရဲ့လား"

"ဟုတ်ကဲ့၊ တွေ့ခဲ့ပါတယ်"

"ဒီလို ဆရာရဲ့။ လက်ဆင့်ကမ်း သမိုင်းပေါ့။ "မင်းရမ်းကား" ထီးနန်းစိုက်တဲ့ မြို့ဟောင်းလို့ ဆိုပါတယ်။ မင်းရမ်းကား လို့ ခေါ်ပေမယ့် "မင်းရန်ကာ"လို့လည်း ပြောပါတယ်။ တစ်နေ့မှာ ရွာထဲ လှည့်လည်ပြီးနေရင်း ဟောဒီ ခနစ်ကျိုက် အရှေ့ရွာက မစံထယ်နဲ့ မစံပယ် ညီအစ်မနှစ်ယောက်ကို တွေ့သွားတယ်။ မစံထယ်က အကြီး၊ မစံပယ်က အငယ်။ မင်းအာဏာနဲ့ မစံပယ်ကို မိဖုရားအရာမြှောက်ဖို့ သဲဖြူခင်း၊ ရာဇမတ်ကာပြီး ငှက်ပျောပင်ပါ စိုက်၊ နေ့ကောင်းရက်မြတ် ရွေးနေတုန်း သားတော်နဲ့ မစံပယ်က ချစ်ကြိုးသွယ်နေကြ တော့ ခိုးရာလိုက်ပြေးကြတယ်။ အဲဒါ မြင်းနဲ့ ပြေးရင်း အဖလုံ့ပြီဆိုတဲ့ နေရာမှာ ခိုနားတော့ ဖလုံ့တဲ့။ နောက်တော့ လဟာယယ်ကွင်းကြီးတန်း ဘူးဝမှာ မြို့တည်နေရင်း ဖခင်က ဆင်နဲ့ လိုက်တာ မိသွားတော့ နှစ်ယောက်စလုံးကို လှံနဲ့ ထိုးသတ်ခဲ့တယ်။ အဲဒီနေရာမှာ မြက်မပေါက်ဘူးတဲ့ဗျ"

"ဟုတ်ကဲ့ ဦးစိုးမြင့်၊ သနားစရာကောင်းလွန်းလှပါတယ်"

"ဒီလို သားရေ အမေတို့ရွာက သာမန်ရွာမဟုတ်ဘူး။ လှိုင်မြစ်ရိုးတစ်လျှောက် စစ်ချီရာဒေသက ဟံသာဝတီခေတ်ကနေ ယနေ့ခေတ်အထိပဲ။ လှိုင်မြစ်က တော်လှန်ရေးနေရာပါကွယ်။ သားတို့ရောက်ပြီးပြီထင်ပါရဲ့။ နန်းတော်ရာကြီးတွေ၊ ရှေးခေတ်က မင်းကြီးတွေ ဝတ်တဲ့ လက်ဝတ်လက်စားတွေ နဲ့ ရွှေစလွယ်ကြီး ရဖူးတယ်တဲ့။ နောက်ပြီး ဟံသာဝတီမင်း တို့၊ ရှင်စောပုတို့လည်း နေခဲ့ဖူးတယ်တဲ့"

"ဟုတ်ကဲ့ပါ အမေ၊ ကျေးဇူးတင်ပါတယ်။ ရာဇဝင်ရှိ ခဲ့တာဆိုတော့ သမိုင်းဝင် ကမ္ဘည်းပေါ့"

"ကျွန်တော်တို့ ဆရာတော့်အလှူကို လာရင်း အမေ တို့တွေနဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ သမိုင်းဝင်ဒေသကြီး ဆိုတော့ အားလုံး မင်းမျိုးမင်းနွယ်နဲ့ မကင်းကြဘူးထင်ပါရဲ့။ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တွေ ဖော်ထုတ်နိုင်ပါစေ။ ဘာသာ၊ သာသနာ လေးစားကြည်ညိုနိုင်ပါစေ။ အမေတို့ အားလုံး သက်တော်ရာကျော်ရှည်ပါစေလို့ ဆန္ဒပြုရင်း ကျွန်တော်တို့ နှုတ်ဆက်ခဲ့ပါတယ်ခင်ဗျာ"

◈◈◈

ဆရာတော် မုံရွာနေဇာ၏ ဘိုးဘွားပူဇော် သံဃေဇမ္မ အမှုဝေပွဲတော်သို့ သွားရောက်ခဲ့သော စာရေးသူတို့ ကား ကလေးသည် ညနေ ၄နာရီအချိန်တွင် ခနစ်ကျိုက်အရှေ့ ရွာသူရွာသားများအား လက်ပြ နှုတ်ဆက်ရင်း မဟာရန်ကုန်မြို့ တော်သို့ အပြန်ခရီးနှင်ခဲ့ကြပါတော့သည် ■

ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု


* * *

မင်းတိုင်ပင်(မြဲရောင်စမြဲ)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

■

လူ့ဘဝသို့ ရောက်ရှိလာကြသော လူသားမှန်သမျှတို့သည် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သေခြင်းကို မုချ ရင်ဆိုင်တွေ့ကြုံကြရမည့် သံသရာ ခရီးသည်များပင် ဖြစ်သည်။ ဤကား ပုထုဇဉ်လူသားတိုင်း မလွဲမသွေ ဖြစ်သန်းရမည့် ဓမ္မတာသဘောပင် ဖြစ်သည်။ လူသားတိုင်းက သေခြင်းတရားကို ကြောက်ရွံ့ထိတ်လန့်ကြသည်။ သေခြင်းတရားကို မည်သူမျှ မကြားလို၊ မတွေ့လိုကြပါ။ အချို့ဆိုလျှင် သေခြင်းအကြောင်းကို တွေးပင် မတွေးဝံ့ကြပါ။ သူတစ်ပါးက သေခြင်းအကြောင်းကို ပြောလျှင် အမင်္ဂလာနိမိတ်မရှိဟု ဆိုတတ်ကြသည်။

မြတ်ဗုဒ္ဓက သေခြင်းအကြောင်းနှင့် စပ်လျဉ်း၍ သေခြင်းကို မကြောက်ရန်၊ မလန့်ရန်နှင့် မပြတ်သော သတိဖြင့် အမြဲဆင်ခြင်ဂျက် သေရဲသူအဖြစ် အဆင်သင့်ဖြစ်နေစေရန်အတွက် အဘိဏှသုတ်၌···

* ငါသည် အိုခြင်းသဘောရှိသည်။ အိုခြင်းဇရာသဘောကို မလွန်ဆန်နိုင်ပါ။
* ငါသည် နာခြင်းသဘောရှိသည်။ နာခြင်းဗျာဒိသဘောကို မလွန်ဆန်နိုင်ပါ။
* ငါသည် သေခြင်းသဘောရှိသည်။ သေခြင်း မရဏသဘောကို မလွန်ဆန်နိုင်ပါ။
* ငါသည် ခပ်သိမ်းသော၊ ချစ်ခင်နှစ်သက်ကုန်သော၊ နှလုံးကို ပွားစေတတ်ကုန်သော ဆွေမျိုးခင်ပွန်းတို့နှင့် အရပ်တစ်ပါးပြောင်းရွှေ့သွား၍ ရင်ကွဲ ကွဲရခြင်းသည် လည်းကောင်း···

ဖြစ်တတ်ချေသည်ဟု နေ့ညမပြတ် ဆင်ခြင်နေရန် ဟောကြားခဲ့သည်။ ထို့အပြင်···

* ငါ့အား ကံသာလျှင် ဥစ္စာရှိ၏။
* ငါ့အား ကံသာလျှင် အမွေခံရှိ၏။
* ငါ့အား ကံသာလျှင် အကြောင်းရင်းခံ ရှိ၏။
* ငါ့အား ကံသာလျှင် အဆွေအမျိုးရှိ၏။
* ငါ့အား ကံသာလျှင် ကိုးကွယ် လဲလျောင်းရာရှိ၏။
* ကောင်းသည်လည်း ဖြစ်သော၊ မကောင်းသည်လည်းဖြစ်သော အကြောင်းကံကို ပြုသည်ဖြစ်ငြားအံ့၊ ထိုကောင်းမှု, မကောင်းမှု၏ ကောင်းမွေ၊ ဆိုးမွေသည် ဖြစ်ရအံ့ဟူ၍ ဆင်ခြင်အပ်၏···

ဟု မြတ်ဗုဒ္ဓက လမ်းညွှန်မှာကြားခဲ့သည်။ တစ်ဆက်တည်းမှာပင်···

* သေခြင်းတရား မရောက်သော နေရာသည် မရှိ။
* သေခြင်းတရားသည်ကား နိုင်မြဲသော တရားဖြစ်သည်။
* ငါ၏ အသက်ရှင်မှုကား မမြဲ၊ ငါ၏ သေခြင်းတရားသည် အချိန်အခါမရွေး နေရာဒေသမရွေးဖြစ်လတ္တံ့ဟူ၍ သေခြင်းသဘောတရားကို ဆင်ခြင်သုံးသပ်နေသူသည် အကျိုးရှိသော နေခြင်း၊ မြတ်သော နေခြင်းဖြင့် နေသူဖြစ်၍ နေရဲသူဖြစ်ပါသည်။
* တမလွန်ဘဝအတွက် ကောင်းမြတ်သော သေခြင်း၊ မြင့်မြတ်သော သေခြင်းဖြင့် သေရန် အဆင်သင့်ဖြစ်နေသူကို သေရဲသူဟု ခေါ်သည်။ ကျွန်ုပ်တို့သည်လည်း နေရဲသူလည်း ဖြစ်အောင်၊ သေရဲသူလည်း ဖြစ်အောင် ကြိုးစားနေရပါမည်။

အင်္ဂုတ္တိုရ် အဘယသုတ်၌ ပုဏ္ဏားတစ်ဦးက မေးလျှောက်ထားမှုကို အကြောင်းပြု၍ မြတ်ဗုဒ္ဓက သေမှာကြောက်သူနှင့် သေမှာ မကြောက်သူတို့ကို အောက်ပါအတိုင်း လမ်းညွှန်ဟောကြားခဲ့ပါသည်။

* ဇနီးမယား သမီးသားနှင့် စီးပွားဥစ္စာ အိမ်ရာရွှေငွေစသည်များကို စွဲလမ်းမှုအားကြီးသောသူသည် သေလုနီးအချိန်၌ ထိုကာမဂုဏ်များနှင့် ခွဲခွာရတော့မည်ဟု ပူပန်ကြောင့်ကြပြီး သေရမည်ကို ကြောက်နေသည်။ ထိုသူကို "မဲ့သေ သေရသူ"ဟု ခေါ်သည်။
* လောကီအာရုံ ကာမဂုဏ်တို့ဟူသည် မသေခင် ခဏလေး သုံးစွဲရသောအရာများဖြစ်သည်။ သေခဲ့လျှင် ထားခဲ့ရမည့် မမြဲသော အရာများသာဖြစ်သည်။ ငါက မခွဲလည်း သူက ခွဲမည်။ မီးကို မလောင်ခင်က တားဆိုသကဲ့သို့ တရားနှင့် ဆင်ခြင်ထား၍ ကာမဂုဏ်တို့ကို အစွဲအလမ်းမကြီးသောသူသည် သေရမည်ကို မကြောက်တော့ပါ။ ယင်းကို "ပြုံးသေ သေရသူ"ဟု ခေါ်သည်။
* ဘဝကို တပ်မက် နှစ်သက်မှု အားကြီး၍ မိမိကိုယ်မိမိ စွဲလမ်းချစ်ခင် သာယာမက်မောနေသဖြင့် သေရတော့မည်ဆိုလျှင် အပူကြီး ပူ၊ အကြောက်ကြီး ကြောက်နေရသည်။ ထိုသူသည် သေရမည်ကို ကြောက်နေလေ၏။ ယင်းကို "မဲ့ပြီး သေရသူ" ဟု ခေါ်သည်။



www.burmeseclassic.com

www.burmeseclassic.com



* မိမိကိုယ်ကို မစွဲလမ်း၊ ဤကိုယ်သည် ငါမဟုတ်၊ ရုပ်နှင့် နာမ် ဖြစ်ပျက်မှုဘဝတည်းဟု ဆင်ခြင်ဉာဏ်ပွားများထားသောသူသည် သေရမည်ကို မကြောက်ပါ။ ယင်းကို "ပြီးသေ သေရသူ"ဟု ခေါ်သည်။
* သူ့အသက်သတ်ခြင်း စသော ဒုစရိုက်မှုတို့ကို ပြုလုပ်သောသူသည် သေခါနီးအချိန်တွင် မိမိပြုလုပ်ထားသော အကုသိုလ်အမှုများကို သတိရပြီး ငါသေလျှင် အပါယ်ငရဲရောက်တော့မည်ဟု တွေးတော စဉ်းစားမိပြီး စိုးရိမ်သောကတွေ ဖြစ်လာသည်။ ထိုသူသည် သေရမည်ကို ကြောက်နေလေ၏။ ယင်းကို "မဲ့ပြီး သေသူ"ဟု ခေါ်ပါသည်။
* အကုသိုလ်ရှောင်၊ ကုသိုလ်ဆောင်ပြီး နေသောသူသည် မိမိသေခါနီးအချိန်၌ မိမိတွင် ဒါန၊ သီလ ကောင်းစွာရှိနေ၍ ငါသေလျှင် သုဂတိဘုံရောက်မှာပဲဟု အောက်မေ့ သတိရပြီး သေရမည်ကို မကြောက်တော့ပါ။ ယင်းကို "ပြီးသေ သေရသူ"ဟု ခေါ်ပါသည်။
* ကုသိုလ်၊ အကုသိုလ် အကျိုးရှိတယ်ဆိုတာ ဟုတ်ရဲ့လား။ သစ္စာလေးပါး မဂ္ဂင်ရှစ်ပါးဆိုတာရော ဟုတ်ရဲ့လား၊ နိဗ္ဗာန်ရှိတယ်ဆိုတာရော သေချာရဲ့လား ဟု ယုံမှားသံသယရှိနေပြီး မည်သည့် ဒါန၊ သီလကိုမျှ မပြုဘဲ နေသူသည် သေခါနီးကာလဝယ် မကောင်းသော အာရုံများ ထင်ဟပ်လာ၍ ပူပန်ကြောင့်ကြမှုများ ဖြစ်လာပြီး သေရမည်ကို ကြောက်နေ၏။
* ကုသိုလ်၊ အကုသိုလ်အကျိုးများကို သိရှိထားပြီး ဒါန၊ သီလ၊ ဘာဝနာ တရားများကို ယုံမှားသံသယမရှိ ကောင်းစွာ ကျင့်သုံးနေထိုင်သူသည် သေခါနီးအချိန်တွင် ကောင်းသော အာရုံများ ထင်လာသဖြင့် သေရမည်ကို မကြောက်တော့ပါ···

ဟူ၍ ဖြစ်သည်။

မိမိတို့သည် ထိုကဲ့သို့ သေရမှာ ကြောက်သူ၊ မကြောက်သူ (ပြီးသေ၊ မဲ့သေ) နှစ်မျိုးတွင် သေရမည်ကို မကြောက်သောသူဘဝရောက်အောင်၊ ပြီးသေ သေသူဖြစ်အောင် သေခြင်းကို သတ္တိရှိရှိ ရင်ဆိုင်ပြီး ဘဝကူးနိုင်အောင်၊ နောက်ဆုံး နိဗ္ဗာန်ရောက်သည်အထိ ကုသိုလ်တရားများကို ကြိုးစား အားထုတ်ကြရမည်ဖြစ်သည်။

လောက လူသားသတ္တဝါများသည် အို၊ နာ၊ သေဟူသော အကြောင်းတရားများကို တစ်နေ့သော ကာလတွင် ကေန်မုချ တွေ့ကြုံကြရမည်ဖြစ်သည်။ ဒုက္ခခပ်သိမ်း ချုပ်ပြတ်ငြိမ်းသည့် အေးငြိမ်းရာအမှန် မြတ်နိဗ္ဗာန်သို့ ရောက်ရှိမှသာ အို၊ နာ၊ သေခြင်း ကင်းဝေးမည်ဖြစ်သည်။ ဘုရား၊ ရဟန္တာများသော်မှ အဆိုပါ သေခြင်းတရားကို မလွန်ဆန်နိုင်ပါချေ။ "ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်။ အသေမဦးမီ ဉာဏ်ဦးဆောင်၍ ကြိုတင် ကောင်းမှု ကြိုးစားပြုလော့"ဟူသော မိုးကုတ်ဆရာတော်ကြီး ဦးဝိမလ၏ ဆုံးမဩဝါဒနှင့်အညီ ကျွန်ုပ်တို့အားလုံး ကုသိုလ်ကောင်းမှုများကို ကြိုးစား အားထုတ်နေကြရမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။■

* * *

မောင်ထည်ဝါ(ပျော်ဘွယ်)




www.burmeseclassic.com


www.burmeseclassic.com

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်မှ

# သမိုင်းဝင် ရွှေမြင်တင်တောင်မြတ်သို့ ဘုရားဖူးတစ်ခေါက်

■ မြမဥ္စူဝေ (ကျုံမငေး) ■



မန္တလေးတိုင်းဒေသကြီး၊ ရမည်းသင်းမြို့သို့ အမှတ်မထင် ရောက်ခဲ့ရပါသည်။ ခရီးစဉ် ကြိုတင်စီစဉ်ထားခြင်း မရှိဘဲနှင့် အတူခရီးသွား သီလရှင်ဆရာလေး ဒေါ်ခေမာဝတီ၏ ဒါယကာမှ ပင့်ဖိတ်သောကြောင့် တစ်ညအိပ်ခရီးရောက်ခဲ့ရာ အချိန်ရှိသေးသဖြင့် ရမည်းသင်းမြို့၏ သာသနာ့သမိုင်းဝင် ရွှေမြင်တင်တောင်တော်မြတ်သို့ ဘုရားဖူးတစ်ခေါက် ရောက်ခဲ့ရပါသည်။

ရမည်းသင်းမြို့၏ အရှေ့ဘက် ၇မိုင်ခရီးအကွာခန့်တွင် တည်ရှိနေသော ရွှေမြင်တင်တောင်မြတ်ကို အဝေးမှပင် လှမ်းမျှော်မြင်နေရပြီး ကြည်ညိုဖွယ်ကောင်းနေပါသည်။ သာသနာနှစ် ၂၂၄ ခုနှစ်တွင် စေတီပေါင်း ရှစ်သောင်းလေးထောင် ဒါယကာမင်းကြီး သီရိဓမ္မာသောကမင်းမှ တည်ထား ကိုးကွယ်ခဲ့သော စေတီဖြစ်ပါသည်။


ပုဂံခေတ် အနော်ရထာမင်းအပါအဝင် ခေတ်အဆက်ဆက် လှူဒါန်းခဲ့သော စေတီကြီးငယ်အဆူဆူနှင့် ရုပ်ပွားဆင်းတုအဆူဆူကိုလည်း ရွှေမြင်တင်စေတီတော် သာသနိကနယ်မြေအတွင်း များစွာဖူးတွေ့ခဲ့ရပါသည်။ များစွာသော စေတီများကို လေ့လာဖူးမြော် မှတ်သားလိုက်သောအခါ…


* ရွှေမြင်တင်တောင်မြတ် တောင်ထိပ်တွင် စေတီတော်ပေါင်း ၄၉ ဆူ၊
* မြောက်ဘက် တောင်ခြေရင်း၌ မဟာအဘယလဒ္ဓိဗျာနမာတု ဆုတောင်းပြည့်စေတီတော်နှင့် စေတီရန်




www.burmeseclassic.com

www.burmeseclassic.com







၁၁၀ ဆူ၊


* ရွှေမြင်တင်စေတီအလယ်တောင်တွင် စေတီပေါင်း ၁၃၁ ဆူ၊ ရုပ်ပွားတော် ၂ဆူ၊
* အနောက်ဘက် တောင်ခြေရင်း၌ စေတီပေါင်း ၃၁ဆူ။ ဇရပ်ကြီးငယ် ၁၇လုံး။
* တောင်ဘက် တောင်ခြေရင်း၌ စေတီတော်ကြီး ၁၅ဆူ။ အရန်စေတီငယ် ၅၀၉ ဆူ၊
* အာရုံခံ တန်ဆောင်း ဇရပ် ၁၇လုံး။
* တောင်ခြေတွင် ရဟန်း သံဃာများ သီတင်းသုံး တော်မူလျက်ရှိသော ကျောင်းပေါင်း ၂၀ ဆူ၊
* စေတီရင်ပြင်၌ ဆုတောင်းပြည့် ရုပ်ပွားတော်ကြီး ၁၅ ဆူ···

ဟူသော များလှစေတီ၊ ရုပ်ပွား၊ ကျောင်းဇရပ်များဖြင့် တင့်တယ်စွာ တည်ရှိနေပါသည်။ မြို့နဲ့လည်း မဝေးလှသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



တောင်ဟု ဆိုသော်လည်း တောင်တက် စကြံလမ်းမှာ အမိုးပါ လမ်းကလေးလည်းဖြစ်သဖြင့် ဘုရားဖူးများအတွက် နားနားနေနေ တက်ရောက်နိုင်သော တောင်မြတ်ဖြစ်ပါသည်။ စာရေးသူအနေဖြင့် အချိန်ကို ငဲ့ကာ နေမစောင်းခင် ခပ်သုတ်သုတ် ဘုရားဖူးရင်း မှတ်တမ်းဓာတ်ပုံများကို ရိုက်ယူခဲ့ရာ၊ ကျန်နေသည်များလည်း ရှိနေပါသည်။ သို့ပါ၍ ဒုတိယမှသည် အခါပေါင်းများစွာ ဖူးမြော်ရပါစေကြောင်း အဓိဋ္ဌာန်ဆုတောင်းဖြင့် ပြန်ခဲ့ရပါသည်။

တည်းခိုရာသို့ ရောက်မှ ဒေသခံများအား မေးမြန်းမိရာ ရွှေမြင်တင် တောင်မြတ်၏ ကျန်ရှိနေသော သမိုင်းကြောင်းကို သိရသည်မှာ ရှေးလူကြီးသူမများမှ ရွှေမြင်တင် စေတီတော်၏ မူလ ဒါယကာမှာ သိကြားမင်းဖြစ်ပြီး "သိကြားမင်းတည် ဘုရား"ဟု အမည်တွင်ခဲ့သည်။ နောက် အလှူရှင် စေတီများရှင် သီရိဓမ္မာသောကမင်းမှ ထပ်မံ တည်ထားခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ထပ်မံ၍ အနော်ရထာမင်း၊ ကျန်စစ်သားမင်း၊ အလောင်းစည်သူမင်း၊ နရပတိစည်သူမင်း၊ မင်းကြီးစွာစော်ကဲ၊ မိုးညှင်းမင်းတရားကြီး၊ အတုလဒေဝီမိဖုရား၊ သီဟပတေ့ဘွဲ့ခံ ပခန်းမင်း၊ သာလွန်မင်း၊ ဘိုးတော်ဘုရားနှင့် နောက်ဆုံးဒါယကာ ရသေ့ကြီး ဦးခန္တီအထိ မင်းဆက်များစွာ သာသနာပြုရာ မြေမြတ်၊ တောင်မြတ်ဖြစ်ပါသည်။

ယခုအချိန်ထိ ရသေ့ကြီး ဦးခန္တီကောင်းမှု သာသနိက အဆောက်အအုံများစွာ ရှိနေပါသေးသည်။ သက္ကရာဇ် ၁၈... ခုနှစ်တွင် ရသေ့ကြီး ဦးခန္တီ လှူဒါန်းခဲ့သော စောင်းတန်းကြီး မှာလည်း ယနေ့တိုင် ဘုရားဖူးများ ခိုနားရာအဖြစ် တွေ့မြင် နိုင်ပါသည်။ မူလဉာဏ်တော်ထက်တိုး၍ စေတီတော်ကြီး အား ယခု ဖူးမြော်ရသည့် ဉာဏ်တော်သို့ တိုးမြှင့်မွမ်းမံခဲ့သည် မှာလည်း ရသေ့ကြီး ဦးခန္တီပင် ဖြစ်ပါသည်။

ရွှေမြင်တင်တောင်တော်တွင် တည်ရှိ စံပယ်နေသော ရွှေစေတီတော်မြတ်မှာ ဘုရားရှင်၏ အသွေးတော်၊ အသား တော် ဓာတ်မြတ်များဖြင့် ဌာပနာ၍ တည်ခဲ့သောကြောင့် အလွန်တန်ခိုးကြွယ်ပြီး ဆုတောင်းလည်း အလွန်ပြည့်... ကြောင်း ပြောကြပါသည်။ ရွှေမြင်တင်စေတီတော်၏ နှစ်စဉ် မပျက် ကျင်းပမြဲ ဘုရားပွဲတော်ကာလသည် တပေါင်းလဆန်း ၁၂ရက်နေ့မှစ၍ လပြည့်ကျော်အထိ ၇ရက်၊ ၉ရက် ကျင်း... ပြုလုပ်လေ့ရှိပါသည်။


မန္တလေးတိုင်းအတွင်း အလွန်စည်ကားသော ဘုရားပွဲ... ဗုဒ္ဓစရိယာပွဲများတွင် ရမည်းသင်းမြို့နယ်၊ ရွှေမြင်တင်တောင် မြတ်ဘုရားပွဲလည်း အပါအဝင်ဖြစ်သောကြောင့် ဘုရားပွဲချိန်... အရောက် တစ်ခေါက်လောက်သွားနိုင်ရန် စာရေးသူ ကျွန်...






www.burmeseclassic.com

www.burmeseclassic.com





တောင်းဆုခြွေ အမိတ္တာန်ပြုန်ခဲ့ပါသည်။

ညနေစောင်းအချိန် ရွှေမြင်တင်တောင်၏ စိမ်းစိုစို သစ်ပင်များဖြင့် မြင်တွေ့ရမှုသည် အလွန်အေးချမ်းလှကြောင်း ပြောမိသောအခါ မြို့ခံ မိတ်ဆွေများက ရွှေမြင်တင်တောင် နှင့် ဘုရားကုန်းတော်သည် အင်ကြင်း၊ သရဖီ၊ မဟာလှေကား ပန်းများ အလွန်ပေါများပြီး ဆေးဖက်ဝင်အပင်များဖြစ်သော ဆေးကုလားမပင်၊ ဝံအူပင်၊ တံစို့ထိုး၊ လက်တုပ်ကြီး စသော အပင်များနှင့် ဂမုန်းမျိုးစုံပေါက်နေကြောင်း၊ မိုးတွင်းအခါတွင် တိုင်းရင်းဆေးဆရာကြီးများ ဆေးပင်ရှာရာလည်း ဖြစ်သည် ဟု ဆိုပါသည်။

ရမည်းသင်းမြို့သို့ ရောက်ခဲ့စဉ် ခပ်သုတ်သုတ်ဖူးခဲ့ရသော ရွှေမြင်တင်တောင်တော်မြတ်ရှိ ရွှေမြင်တင်စေတီတော်နှင့် ဆုတောင်းပြည့်စေတီတော်၊ ရုပ်ပွားတော်များအား စိတ်ဖယ် ရည်မှန်း၊ ဦးတင်မျှော်မှန်း၍ လေ့လာမိသမျှ ရေးသားပူဇော်ရခြင်းသည် စာရေးသူ ကျွန်မအဖို့ လွန်စွာမှပင် ကြည်နူးဝမ်းသာဖြစ်ရပါသည်။ ခရီးသွားဖော် သီလရှင်ဆရာလေး ဒေါ်ခေမာဝတီနှင့် ဒါယကာ ဦးဆင့်မိသားစုကိုလည်း ကျေးဇူးအထူးပင် တင်ပါကြောင်း ကျေးဇူးစကားဆိုအပ်ပါသည် ■

* * *

မြမဥ္ဇူခေ(ကျုံမငေး)

www.burmeseclassic.com

သံယောဇဉ်အနှောင်အဖွဲ့တွေနှင့်

# ကြည်ညိုစဖွယ် ဖူးတွေ့ခဲ့ရသည့် ရှင်ကုသလ သာမဏေငယ်

ကြည်တင့်နိုင်



သာမဏေဘွဲ့မှာ ကိုရင် ကုသလဖြစ်ပြီး ငယ်နာမည်မှာ မောင်ခင်ဝင်းဖြစ်သည်။ မွေးချင်းသုံးဦးအနက် ဒုတိယမြောက် သားရတနာဖြစ်သည်။ ကိုရင် ကုသလ၏ ခမည်းတော်နှင့် မယ်တော်မှာ နေပြည်တော် တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်နေ ဦးသန်းကျော်- ဒေါ်ကြည်ငွေးဖြစ်သည်ဟု သိရသည်။

ကိုရင်လေး ကုသလမှာ အသက် (၁၁)နှစ်ကျော်ရှိပြီ။ သို့သော် ကိုရင်လေးမှာ အများနည်းတူ ထွားကျိုင်းမှု မရှိရှာပေ။ အရပ်အမောင်းမှာ ၃ ပေကျော်ကျော်သာ ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



မှိ့သော ကိုယ်ခန္ဓာအဆစ်အချိုးနှင့် တစ်မျိုးတော့ ချစ်ဖွယ်ကောင်းလှသည်။ မျက်နှာလေးနှင့် အသားအရေမှာ ဖြူဖွေးပြည့်သည်။ စင်ကြယ် သန့်ရှင်းသည်။ စိပ်ပုတီးလေးကို ကိုင်၍ တရားအားထုတ်နေပုံမှာ သာသနာတော်နှင့် ဆီလျော်နေလှသည်။

ကိုရင်လေး ရှင်ကုသလကို မိခင်ဖြစ်သူမှ ပိုးမွေးသလို ဂရုစိုက် ပြုစုကျွေးမွေးခဲ့ရသည်။ မွေးစတွင် ကျီးအာသီးအရွယ်မျှသာ ရှိသည်။ သားငယ်၏ အကြောအမျှင်အသေးများမှစ၍ အူသိမ်အူမ အတွင်းကလီစာများကိုပင် မြင်နေရသည်ဆို၏။ မိခင်နို့ရည်ကို မစို့နိုင်သဖြင့် ဂွမ်းဖြင့် တို့ကာပါးစပ်အတွင်းသို့ နို့ရည်စက်များ ချပေးခဲ့ရသည်။ အသက်ရှင်သန်ရန် မျှော်လင့်ချက် မထားခဲ့သော်လည်း ကြီးမားသော ...မေတ္တာသံယောဇဉ်ကြောင့် သားငယ်ဖြစ်သူမှာ အသက်ရှင်သန်ခဲ့ရသည်ဆိုလျှင် မှားမည်မထင်ချေ။ မိခင်၏ သံယောဇဉ် အကြင်နာမေတ္တာတရားများကို ကိုရင် ကုသလအနေ... ...ခု ပစ္စက္ခဘဝသည်သာမကဘဲ၊ အတိတ်ဘဝဟောင်း ...ည်း ရရှိခဲ့သည်။ ဤအဖြစ်အပျက်သည်ပင်လျှင် ကိုရင် ... ထူးဆန်းသော ဂမ္ဘီရဖြစ်စဉ်များဟုဆိုသော် ရနိုင်မည် ထင်သည်။

ကိုရင်လေး၏ ဘဝဟောင်းမှ မိခင်ဖြစ်သူသည် ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့အနီးရှိ ကျောက်ရဲကွင်းရွာလေးမှ "မချိုသက်လှိုင်" ဖြစ်သည်ဟု ဆိုသည်။

ကိုရင်လေးကို ကိုယ်ဝန်ဆောင်ထားစဉ်အတွင်း မိခင်ဖြစ်သူ ဒေါ်ကြည်ငွေးမှာ ထူးဆန်းသော အိပ်မက်ကို မကြာခဏ မြင်မက်သည်။ ချောမောလှပသော ရှမ်းအမျိုးသမီးငယ်တစ်ဦးသည် ချစ်စရာကောင်းလှသော လသားအရွယ်ကလေးငယ်တစ်ယောက်ကို ရင်ခွင်မှာ ပိုက်၍ ရောက်လာသည်။

"ညီမလေး··· အစ်မရဲ့ သားလေးကို ညီမလေးဆီမှာ ထားခဲ့မယ်။ ဂရုတစိုက် မွေးပေးပါနော်"

ဟု ခဏခဏပြောသည်။

"သားလေးကို လူ့ဘောင်ရဲ့ အရှုပ်အထွေးတွေကြားမှာ မပျော်မွေ့စေချင်ဘူး။ သာမဏေဝတ်နိုင်တဲ့ အရွယ်မှာ ရှင်ပြုပေးပြီး သာသနာ့ဘောင်မှာ နေခွင့်ပေးပါ ညီမရယ်"

ဟု အတန်တန်မှာရှာသည်။

"သားငယ်လေးကို ရှင်ပြုပေးတဲ့အချိန်မှာ ကုသိုလ်ကောင်းမှုတွေရဲ့ အကျိုးကို အမျှပေးဝေပါ ညီမ။ အဲဒီအချိန်ကျမှ အစ်မလည်း သာဓုခေါ်ဆိုနိုင်ပြီး ကောင်းမွန်သော ဘုံဘဝကို ရောက်မှာပါ"

ကိုရင်ငယ် ကုသလ၏မိခင် မကြည်ကြည်ငွေးသည်





www.burmeseclassic.com

www.burmeseclassic.com

ဤအိပ်မက်ကို မက်ပြီး မကြာမီ၊ သူမ၌ ကိုယ်ဝန်တည်လာသည်။ ထူးဆန်းသည်မှာ အဆိုပါ အိပ်မက်ကို မကြာခဏဆိုသလို မက်လေ့မက်ထရှိခြင်းပင် ဖြစ်သည်။

အိပ်မက်ကား ဆွတ်ဖျံ့လွမ်းမောဖွယ်ကောင်းသော ကြေကွဲဖွယ်ရာ ရုပ်ရှင်ကားတစ်ကားကို ကြည့်ရှုနေရသကဲ့သို့ ခံစားရသည်။

ရှေးဆန်လှသော ရှမ်းတိုင်းရင်းသားမျိုးနွယ်စု၏ မဟာဆန်သော ကျွန်းစံအိမ်ကြီးတစ်အိမ်တွင်းမှ ပုံရိပ်သဏ္ဍာန်များ လှုပ်ရှားပြေးလွှားနေကြပုံများနှင့်အတူ မီးခိုးလုံးကြီးများ၊ မီးတောက်မီးလျှံများကြားမှ သနားစဖွယ် ရင်ခွင်မှာ ပိုက်ထားသော လသားအရွယ် ကလေးငယ်တစ်ဦး၏ မိခင်ဖြစ်သူသည် ဓားကိုင် လူဆိုးများ၏ လက်ချက်ကြောင့် လဲကျသွားသည့် ဖြစ်စဉ်များကို မြင်တွေ့နေရသည်။

ဤကဲ့သို့ အိပ်မက်များ၏ ခြောက်ချားဖွယ်အဖြစ်ကြောင့် ညဘက်ရောက်ရမည်ကို စိုးရိမ်သည်အထိဖြစ်လာသည်။ မည်သို့ပင်ဖြစ်စေ၊ ရှင်ကုသလ၏ မိခင်သည် လစေ့သည်နှင့် ကလေးငယ်ကို လွယ်ကူစွာပင် မွေးဖွားလာခဲ့သည်။ သို့သော် ကလေးငယ်မှာ အမျှားနည်းတူ ထွားကျိုင်းမှု မရှိရှာ။ ကိုးအာသီးအရောင်ရှိသော သခွားသီးအလုံးကြီးတစ်လုံး အရွယ်မျှသာ ရှိသည်။ နို့စက်ရည်ကို ဂွမ်းဖြင့် တို့၍ ပါးစပ်အတွင်းသို့ အစက်ချ တိုက်ကျွေးခဲ့ရသည်။ မည်သို့ပင်ဖြစ်စေ၊ မိခင်၏ ဂရုတစိုက် ပြုစုယုယ ကျွေးမွေးစောင့်ရှောက်မှုဖြင့် ကိုရင် ကုသလ လူ့ဘဝတွင် အသက်ရှင်ခွင့်ရခဲ့သည်။ ၉နှစ်သားအရွယ်သို့ ရောက်ခဲ့ပြီဖြစ်သည်။ ရှင်ပြုရန် အချိန်တိုင်ပြီတည်း။ ဤသို့သောအချိန်မှာပင် ကိုရင် ကုသလ၏ ဘဝဟောင်းမှ မိခင်ဖြစ်သူက အိပ်မက်ပေးလာပြန်သည်။

အိပ်မက်တွင် ယခုဘဝ မိခင်ဖြစ်သူ မကြည်ငွေအား သားငယ်ကို ရှင်ပြုရန် အချိန်တိုင်ပြီဖြစ်ကြောင်း၊ ရှင်ပြုပွဲအလှူတွင် ကုသိုလ်ကောင်းမှုပြုရန်အတွက် လှူဖွယ်ဝတ္ထုများ ပေးမည်ဖြစ်ကြောင်း၊ သားလေး ရှင်ပြုပွဲကို ကိုယ်တိုင်ကိုယ်ကျ လာရောက်၍ ရေစက်ချမည်ဖြစ်ကြောင်း ပြောကြားပြန်ပါသည်။

တစ်ဆက်တည်းမှာပင် သူမ၏ သားငယ်ဖြစ်သူ ကိုရင်လေးမှာ ဘဝဟောင်းမှ မိမိ၏ ရင်သွေးငယ်ဖြစ်ကြောင်း၊ မိမိတို့ ဘိုးဘွားပိုင်အိမ်ကြီးတွင် နေထိုင်စဉ် လက်နက်ကိုင်ရှမ်းဓားပြများ၏ တိုက်ခိုက်မှုကြောင့် မိသားစုဝင်များ သေဆုံးခဲ့ရကြောင်း၊ သူမနှင့် သားငယ်လေးတို့မှာလည်း အတူတူပင် ဘဝကူးခဲ့ကြောင်း၊ သားငယ်လေးမှာ လူ့ဘဝသို့ ရောက်ရှိသွားပြီဖြစ်သော်လည်း မိမိမှာ သားသံယောဇဉ်ကြောင့် မလွတ်မကျွတ်ပုံရှိနေကြောင်း ပြောပြခဲ့ပြန်ပါသည်။

အဆိုပါ အိပ်မက်ကို မက်ပြီးနောက် မကြာမြင့်မီ အချိန်ကာလတွင် ကိုရင်လေး ကုသလ၏ မိခင်ဖြစ်သူ မကြည်ကြည်ငွေအိမ်သို့ မြဝတီကျောင်းတိုက်မှ နောင်တော်ဖြစ်သူ ဆရာတော် ဦးပဏ္ဍိဝ ကြွရောက်တော်မူလာသည်။ ဆရာတော်မှာ ကိုရင်လေး ကုသလ၏ ဦးရီးတော်၊ မိခင်ဖြစ်သူ၏ အစ်ကိုရင်းဖြစ်သည်။ ဆရာတော်သည် ရောက်ရောက်ချင်းဆိုသလိုပင် နှမဖြစ်သူအား ထူးဆန်းသော ဖြစ်စဉ်ကို အောက်ပါအတိုင်း ပြောပြလေတော့သည်။

“ငါ့ကျောင်းကို ရှမ်းပြည်နယ်က ဆိုပဲ။ ဒါယိကာမလေးတစ်ယောက်နဲ့ ရှမ်းအဘိုးအိုတစ်ဦးရောက်လာတယ်။ အရှင်ဘုရားဆီကို ရောက်အောင်လာခဲ့တာပဲတဲ့။


- လှူဖွယ်ဝတ္ထုအနေနဲ့ ရှမ်းပြည်နယ်ထွက် ကိုးကန့်လက်ဖက်ခြောက်ထုပ်တွေ ပါလာလေရဲ့။ ရှမ်းအဘိုးအိုကြီးနဲ့ ပါလာတဲ့ အမျိုးသမီးလေးက တော်တော်လှတယ်ကွဲ့။ အစိမ်းရောင်ဝတ်စုံလေးနဲ့ ရွှေချည်ထိုး ပဝါလေးကို ခေါင်းပေါင်းထားတယ်။





www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးအဖွဲ့နဲ့ ပါလာတယ်ဆိုပြီး သိပ်မကြာပါဘူး၊ ပြန်သွားကြလေရဲ့။ ထူးခြားတာက သူတို့ပြန်သွားပြီးနောက် ပိုင်း သူတို့လှူခဲ့တဲ့ လက်ဖက်ခြောက်အိတ်လေးတွေထဲမှာ လက်ဖက်ခြောက်တွေနဲ့ ရောနှောပြီး ပောခ်ဒီ ရတနာတွေ ပါလာတယ်ကွဲ့။

ငါ့ညီမလေးလည်း သားလေးကို ရှင်ပြုဖို့ အလှူလုပ် မယ်ဆိုတော့ အတော်ပဲ၊ အလှူထဲ ထည့်လိုက်ပေါ့။ ရွှေငွေ ရတနာဆိုတာ ရဟန်းတွေနဲ့ မအပ်စပ်ဘူးလေ"

ဆရာတော်သည် ပြောပြောဆိုဆို လက်စွပ် ၉ကွင်း၊ လက်ကောက် ၉ရန်နှင့် နားကပ်များ၊ ဆွဲကြိုးများ ပါသော ရတနာထုပ်ကို ညီမဖြစ်သူ မကြည်ငွေအား ပေးအပ်ကာ ကျောင်းသို့ ပြန်ကြွသွားလေသည်။

မကြည်ငွေမှာ အိပ်မက်တွင် မိမိအား ပြောကြားခဲ့ သော သားငယ်လေး၏ ဘဝဟောင်းမှ မိခင်ဖြစ်သူ မချိုသက် ရိုင်၏စကားကို ပြန်လည်ကြားယောင်နေမိသည်။

သူ့စကားအတိုင်း ကတိတည်စွာ အလှူပွဲအတွက် သူပိုင် ပစ္စည်းဥစ္စာများကို လာရောက်ပေးကမ်းသွားခြင်း ဖြစ်ကြောင်း နားလည်သဘောပေါက်မိသည်။ သို့ဖြစ်၍ မကြာမြင့်မီ ရက်ပိုင်းအတွင်း သားငယ်လေးဖြစ်သူ မောင်ခင် ဝင်းအား 'ရှင်ပြုပွဲ မြိမ့်မြိမ့်သဲ ကျင်းပကာ သာသနာ့ဘောင် အတွင်းသို့ သွတ်သွင်းလိုက်တော့သည်။

ထူးခြားသည်ကား ရှင်ပြုအလှူမင်္ဂလာပွဲ စီတန်းလှည့် လည်စဉ် သင်္ကန်းပရိက္ခရာကိုင်စဉ်မှ စ၍ အလှူရေစက်ချပွဲ ကြီး ပြီးစီးသည်အထိ မကြည်ငွေမှာ ပင်ကိုယ်စိတ်ပျောက် ကာ မည်သည့်ဖြစ်စဉ်ကို သတိမရဘဲ ရှိနေခြင်းပင်ဖြစ်သည်။ လူမှာ လှုပ်ရှားသွားလာနေသော်လည်း မိမိလုပ်ကိုင် ဆောင် ရွက်နေသမျှ ဘာမျှ မမှတ်မိခြင်းပင် ဖြစ်သည်။

ရေစက်ချ၍ အမျှပေးဝေပြီး သာဓု အနုမောဒနာခေါ် သံများ ပြီးဆုံး၍ ပြောရိုက်တီးပြီးချိန်မှ ပြန်လည် သတိရလာ ခြင်းဖြစ်သည်။ ကိုရင်လေး ကုသလ၏ ဘဝဟောင်းမှ မိခင် ဖြစ်သူသည် ဘဝသစ်မှ မိခင်ဖြစ်သူ၏ ခန္ဓာကိုယ်တွင်းသို့ ဝင်ရောက်ပူးကပ်၍ သူမ၏ သားငယ် ရှင်ပြုအလှူပွဲကို ပါဝင်ဆင်နွှဲသွားခြင်းပင် ဖြစ်လေသည်။ ကိုရင်လေး ရှင်ပြုပွဲပြီး သည့်အချိန်မှစ၍ မိခင်ဖြစ်သူ မကြည်ငွေမှာ ဘဝဟောင်းမှ ကိုရင်လေး၏ မိခင်ဖြစ်သူအကြောင်းကို အိပ်မက်တစ်စုံ တစ်ရာမက်ခြင်း မရှိတော့ချေ။

တစ်ခါတစ်ရံ လူ့လောကဌ် ထူးဆန်းသော ဖြစ်စဉ်များ သည် အမှန်တကယ်ကြုံတွေ့ခဲ့ကြရသည်။ ကိုရင်လေး ရှင်ကုသလ၏ ဖြစ်စဉ်မှာလည်း ထူးခြား ဆန်းကြယ်နေရာ ဤအဖြစ်အပျက်ကို လေ့လာရေးသား ခံစားတင်ပြလိုက်ရ ခြင်းဖြင့် မွေးမိခင်များ၏ သံယောဇဉ်အနှောင်အဖွဲ့များကို ဘဝ ခြားနေသည့်တိုင် မေတ္တာစွမ်းအားအဖြစ် ကူညီစောင့်ရှောက်မှု ပြုသွားပုံသရုပ်ကို ပီပြင်စွာ ကြည်နူး ဦးခိုက်လိုက်ရပါတော့ သည်။

ဤဆောင်းပါးဖြစ်မြောက်ရန် ကိုယ်တိုင်ကိုယ်ကျ လိုက်လံရှင်းလင်း ပို့ဆောင်ပေးသော နေပြည်တော် တပ်ကုန်း မြို့မှ ကဗျာဆရာ လွမ်းနဒီလင်း၊ အစစအရာရာ ကူညီမှုပေးခဲ့ သည့် ပဏ္ဍိတာနန္ဒကျောင်းတိုက်မှ ဆရာတော် ပဏ္ဍိတာနန္ဒ (စာရေးဆရာ၊ ကဗျာဆရာ မြက်ဘုန်းတပ်ကုန်း)နှင့် ကိုယ်ရေး ဖြစ်စဉ်ဓာတ်ပုံများ အသုံးပြုခွင့်ပေးသည်။ မြဝတီကျောင်း တိုက်မှ ဆရာတော် ဦးပဉ္ဇာဝနှင့် ကာယကံရှင် မိသားစုများ အား ကျေးဇူးများစွာ တင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါ သည်။ ■

* *. *

ကြည်တင့်နိုင်



www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ပျဉ်ပုံကြီး စံပြကျေးရွာရှိ ဗုဒ္ဓမြတ်စွာတော်ကိန်းဝပ်ရာ တောရစွယ်တော်ကျောင်းတိုက်၏ နှစ်စဉ်ပြုမြဲဖြစ်သည့် ဂါဆုန်ညောင်ရေသွန်းပွဲတော် သို့ သွားရောက်၍ ညောင်ရေသွန်းလောင်း အလှူဒါနပြုအပြီး အပြန်ခရီး မစခင် ညီမငယ်တစ်ယောက်လို ခင်မင် ရင်းနှီးနေသည့် ပျဉ်ပုံကြီးကျေး ရွာနေ အလယ် တန်းပြ

# လေနုကိုင်းရဲ့ ဒိုးငြိမ့်နဲ့ ဂီတာတော်

ကိုငွေမြသန်း



www.burmeseclassic.com

www.burmeseclassic.com

ဆရာမ၊ ကဗျာဆရာမလေး လွှမ်းပိုးအိမ်နှင့် စကားစပ်မိရာမှ မိမိ၏ ငယ်သူချင်းလည်းဖြစ်၊ စာရေးဖော်ရေးဖက်လည်း ဖြစ်သည့် စာဆိုအရှင်ထံသို့ လမ်းမကြုံသော်လည်း လမ်းကြုံအောင် အကွက်ဆင်၍ စာရေးဆရာ ကြည်တင့်နိုင်၊ ဇာတ်ညွှန်းရေးဆရာ ခရမ်းသစ်လွင်တို့နှင့်အတူ သွားရောက်ဖူးပတ်တွေ့ဆုံခဲ့မိသည်။

စာဆိုအရှင် သီတင်းသုံးနေထိုင်ရာ ပဲခူးတိုင်းဒေသကြီး၊ ဒိုက်ဦးမြို့နယ်၊ အဗျားငှက်ချေးဝင်းကျေးရွာ၊ ကျောင်းကြီးကျောင်းတိုက်သည်ကား ရှေးနှစ်ပေါင်း ၁၀၀ ကျော်က ရှေးဟောင်းကျောင်းကြီးဖြစ်နေမှန်း ရောက်သွားမှပင် သိရ မြင်ရတွေ့ရတော့သည်။

စာဆိုအရှင် ညွှန်းပြသည့် ကျောင်းပရဝဏ်အတွင်းမှ ရှေးဟောင်း ကိုးနဝင်းစေတီတော်(ဂျပန်ခေတ်အတွင်းက ဗုံးသီး ကျည်မခဲ့ပါ) နှင့် စစ်တောင်းမြစ်ရေကို ဆန်တက်လာသည့် ရှေးဟောင်း ဥပဂုတ္တမထေရ်ရုပ်ထုပုံတော်တို့ကို ဖူးမြော်ကြည်ညိုအပြီး စာဆိုအရှင် ညှဉ့်ခံ ကျွေးမွေးသည်များကို စားသုံးရင်း စကားဝိုင်းဖွဲ့မိရာတွင်တော့ . . .

"ကျောင်းကြီးက အိုနေပြီလေ။ မိုးယိုတဲ့ နေရာက ယိုပြီး ယိုင်တဲ့ နေရာက ယိုင်ပေါ့။ ဒါကြောင့် ဒီကျောင်းကြီးရဲ့ ခေါင်းရင်းဘက်မှာ ပေ (၁၂၀ × ၇၀) ဓမ္မာရုံအသစ်တစ်လုံး စ,ဆောက်နေပြီလေ။ ဓမ္မာရုံကြီး ပြီးသွားမှ ဒီကျောင်းထဲက ပစ္စည်းတွေ အဲဒီကို ရွှေ့ ဦးဇင်းတွေ၊ ကိုရင်တွေ သီတင်းသုံးဖို့ နေရာချပြီးမှ ဒီကျောင်းကြီးကို ပြန်ပြင်ရမယ်လေ။ ဓမ္မာရုံမပြီးခင်တော့ ဒီကျောင်းကြီးဘက် ဘယ်လှည့်လို့ ပြီးမလဲ။ သီတင်းသုံးဖို့နဲ့ ပစ္စည်းထားဖို့ အခက်အခဲတွေ့သွားမယ်လေ။ ဒါကြောင့်မို့ ဓမ္မာရုံကြီးကို မြန်မြန်ပြီးချင်နေတယ်။



ဦးဇင်းရဲ့ ဆရာတော်ကလည်း ဦးဇင်းလိုပဲ မြန်မြန်ပြီးချင်မှာပေါ့။ ဒကာတို့ရဲ့ စာပေအသိုင်းအဝန်းကလည်း နိဗ္ဗာန်အကျိုးဆောင်ပေးပါဦး။

ကိုယ်က အခု တစ်ခုခိုင်းလိုက်ပြီဆိုတော့ တစ်ခုပြန်ပေးလိုက်ဦးမယ်။ ဂမ္ဘီရဆန်းကြယ်မင်္ဂလင်း ပရိသတ်အတွက် အန္တရာယ်ကင်းလက်ဆောင် "သိရည္သိဂါထာ (မိုးကြိုးလွှဲဂါထာ)နဲ့ လေမုန်တိုင်းကြီးလွှဲ ရွှေနယား သဘော်မစားဂါထာပါ။

ကိုယ်လည်း ပဲခူးမြို့ သာသနာ့လင်းရောင်ကြည် ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တ ကောဝိဒ ဘိဝံသရဲ့ အန္တရာယ်ကင်းဂါထာပေါင်းစုံထဲက ကူးထားတာ"

ဤသို့ဖြင့် မိမိရရှိလာခဲ့သော ဂါထာတို့အား ပြန်လည်ရေးသားဖော်ပြရင်းဖြင့် ဓမ္မာရုံဆောက်လုပ်နေရာသို့ ဂမ္ဘီရဆန်းကြယ်မင်္ဂလင်းမှတစ်ဆင့်သော် လည်းကောင်း၊ တိုက်ရိုက်ဆက်သွယ်၍သော် လည်းကောင်း၊ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ပါ၏။

◈◈◈

လေမုန်တိုင်းကြီးလွှဲ
ရွှေနယားသဘော်မစား ဂါထာ

*ဣတိပိသော သမ္ဗုဒ္ဓေ သားရွှေခဲ*
*အသွားမတော် သွားမိသော်၊ ဂုဏ်တော် တံမြက်လှဲ။*
*အစားမတော် စားမိသော်၊ ဂုဏ်တော် တံမြက်လှဲ။*
*အအိပ်မတော် အိပ်မိသော်၊ ဂုဏ်တော် တံမြက်လှဲ။*
*အတက်မတော် တက်မိသော်၊ ဂုဏ်တော် တံမြက်လှဲ။*
*အစီးမတော် စီးမိသော်၊ ဂုဏ်တော် တံမြက်လှဲ။*
*ဗုဒ္ဓံလွှဲ ဓမ္မံရှဲ သံဃံဖဲ့။*
*ငါ၏ အမိန့်တော်မဟုတ်၊ ဘုရားအမိန့်တော်*
*ရှောင်ကြ ရှားကြ ဖယ်ကြ။*
*ရန်သူအကြား၊ ငါ့အကြား ဘုရားငါးဆူခြား သွားပာ။*

လေမုန်တိုင်းတိုက်လာလျှင် ဓားမကိုင်၊ တုတ်ကိုင်၍ လေမုန်းတိုင်းလာရာဘက်သို့ ကြည့်၍ဆိုပါလေ။ သဘော်၊ လှေ၊ မော်တော်ကား၊ လေယာဉ်ထွက်ခါနီး ဆိုပါလေ။ ဘေးအန္တရာယ်လွတ်မြောက်နိုင်၏။

သိရည္သိဂါထာ (မိုးကြိုးလွှဲဂါထာ)

*သိရည္သိ မေ ဗုဒ္ဓသေဋ္ဌော၊ သာရိပုတ္တော စ ဒက္ခိဏေ*
*ဝါမအံသေ မောဂ္ဂလာနော၊ ပုရတော ပိဋကတ္တယံ။*
*ပစ္ဆိမေ မမ အာနန္ဒော၊ စတုန္နံသာ ဒီဏာသဝါ*

www.burmeseclassic.com

*သမန္တာ လောကပါလာစ၊ ဣန္ဒာဒေဝါ သမြဟ္မကာ။*
*ဓေတသံ အာနုဘာဝေန၊ သဗ္ဗေဘယ ဥပဒ္ဒဝါ*
*အနေက အန္တရာယာပိ၊ ဝိနဿန္တု အသေသတော။*

မေ - ဘုရားတပည့်တော်၏ သိရသို့ - ဦးခေါင်းရတနာမြတ်အင်္ဂါထက်၌၊ ဗုဒ္ဓသေဋ္ဌော - သစ္စာလေးပါး မြတ်ဘုရားကို သိမြင်ပေတတ် ဘုရားမြတ်သည်၊ တိဋ္ဌတု - တည်တော်မူပါစေသတည်း။

မောဂ္ဂလာ နေ့ာစ - တန်ခိုးအရာ ဧတဒဂ်ရ မောဂ္ဂလာန မဟာထေရ်မြတ်သည်လည်း၊ ဝါမအံသေ - လက်ဝဲတစ်ဖက် ပခုံးထက်၌၊ တိဋ္ဌတု - တည်တော်မူပါစေသတည်း။

ပုရတော - ရှေ့မှ၊ ပိဋကတ္တယံ - သုတ်ဝိနည်း အဘိဓမ္မာသုံးဖြာ ပိဋကတ် တရားမြတ်သည်၊ တိဋ္ဌတု - တည်တော်မူပါစေသတည်း။

အာနန္ဒော - လုပ်ကျွေးအလိမ္မာ အရှင်အာနန္ဒာမထေရ်သည်၊ မမ - တပည့်တော်၏ ပစ္ဆိမေ - ကျောကုန်းတစ်ဖက် အပေါ်ထက်၌၊ တိဋ္ဌတု - တည်ပါစေသတည်း။

ခီဏာသဝါ - အာသဝေါကင်းကွာ ရဟန္တာအရှင်မြတ်တို့သည်၊ စတုဒ္ဒိသာ - ဝန်းကျင်ပတ်ချာ အရပ်လေးမျက်နှာ၌၊ တိဋ္ဌန္တု - တည်တော်မူကြပါစေကုန်သတည်း။

ဣန္ဒာဒေဝါ သမြဟ္မကာ - သိကြားမင်း၊ နတ်မင်း ဗြဟ္မာမင်းနှင့် တကွကုန်သော နတ်မြတ် နတ်ကောင်း နတ် အပေါင်းတို့သည်လည်း၊ သမန္တာ - ထက်ဝန်းကျင်မှ၊ တိဋ္ဌန္တု - တည်ကြပါစေကုန်သတည်း။

ဓေတသံ - ထိုဘုရားရဟန္တာ ပိဋကတ်သုံးပုံ နတ်သိကြား ဗြဟ္မာအပေါင်းတို့၏ အာနုဘာဝေန - တန်ခိုးရှိန်စော် အာနုဘော်ကြောင့်၊ သဗ္ဗေဘယဥပဒ္ဒဝါ - အလုံးစုံသော ဘေးဥပဒ်တို့သည် လည်းကောင်း၊ အနေကအန္တရာယာပိ - တစ်ပါးမက များလှသောင်းပြောင်း အန္တရာယ်အပေါင်းတို့ သည်လည်း၊ အသေသတော - အကြွင်းအကျန်မရှိသောအား ဖြင့်၊ ဝိနဿန္တု - ပျောက်ပျက်ကြပါစေကုန်သတည်း။

(**စကားချပ်။** ■ ဓမ္မာရုံဆောက်လုပ်ရန်အတွက် စာဆိုအရှင်အား ဆက်သွယ်လှူဒါန်းရန် လိပ်စာမှာ **အရှင် ပညာနန္ဒ၊ ကျောင်းကြီးကျောင်းတိုက်၊ အံဗျားငှက်ချေ ဝင်းကျေးရွာ၊ ဝေါမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။** ဖုန်း ၀၉-၄၂၈၁၉၀၇၁၆ ဖြစ်ပါသည်။) ■

* * *

ကိုရွှေမြသန်း(သမိုင်း)


ဆရာမကြီး နီယာမ ဒေါ်စန်းငွေ၏ တပည့်ရင်း

**နီယာမ ဆရာအောင်ကျော်မင်း**

**သာစိတ္တဆန်းဇေဒင်**

- သင့်ကလေးကို အစစအောင်မြင်၍ ပွင့်သည့်ပန်းတိုင်းမွှေးသည့်အလား ကံကောင်းပျော်ရွှင်စေသူ ဖြစ်စေလိုပါသလား။ ဆရာထံလာပြီး အမည်တောင်းခံပါ။
- စာမေးပွဲအောင်ဖို့၊ ကျန်းမာဖို့၊ ချမ်းသာဖို့၊ အိမ်ထောင်ရေးသာယာဖို့၊ အမှုအခင်းအနိုင်ရစေဖို့၊ ဘေးအန္တရာယ် အနှောင့်အယှက်ကင်း၍ နိုင်ငံခြားခရီး အမြန်ရောက်စေဖို့၊ မိမိချစ်သူ နွေးထွေးသော မေတ္တာဖြင့် သံယောဇဉ် ကြီးစေဖို့၊ ဆေးရုံတက်၍ ခွဲစိတ်ကုသရာ၌ အောင်မြင်ရွှင်လန်းကျန်းမာ၍ မုချ အသက်ရှည်စေဖို့ စသည်တို့ကို ယတြာအစစ ပြုလုပ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

ရေဥက္ကံ၊ သောင်ကြီးလေးရပ်ကွက်၊ ချယ်ရီဦးလက်ဖက်ရည်ဆိုင်ရှေ့၊ မြသဇင်လမ်း၊
ပန်းသဇင်အဆောင်(အပေါ်ထပ်)၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။

■ **ဆက်သွယ်ရန်ဖုန်း - ၀၉ ၃၁၅၉၃၉၅၂** ■




www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာစရိယ
ဦး[illegible]

တမလွန်ဘဝခရီးနှင့်
ဘဝလွှတ်မြောက်ရေး(၃)

# ကြာခိုငရဲ 'နှင့်' ရှစာမင်းသမီး



သူတစ်ပါးသားမယားကို ပြစ်မှား ကျူးလွန်မိခဲ့ဖူးသော ပရဒါရ = (သူတစ် ပါး သားမယား)ကံကြောင့် လူပင်ဖြစ် သော်လည်း နပုံးပဏ္ဍုက်၊ သို့မ ဟုတ် မိန်းမသာဖြစ်ရတတ်သည်။

မိထိလာပြည်"အင်္ဂတိ" မင်းကြီး၏ သမီးတော် "ရု စာ"မင်းသမီးလည်း တစ်ခု သောဘဝ ရွှေပန်းထိမ် သည်သား ဖြစ်စဉ်က သူတစ်ပါးသားမယား ကို ကျူးလွန်ခဲ့မိ၍ မင်းသမီး ဖြစ် သည်ကို ပြန် လည်သတိရ၏။ ဇာတိဿရဉာဏ် ရရှိသူဖြစ်၍ ရှေးဘဝများကိုလည်း ဆဲက်၍ကြည့်မြင်နိုင်သည်။

သူတစ်ပါး သားမယားကို ပြစ်မှားကျူးလွန်မိ၍ ရွှေပန်း ထိမ်သည်သားဘဝမှသေလျှင် "ရောရုဝငရဲ"၌ နှစ်ပေါင်းများ စွာ ခံစားရပုံ၊ ထိုငရဲမှ လွတ် လာပြီးနောက် ထိုအကုသိုလ် အရှိန်ကြောင့် ဆိတ်၊ မျောက်၊ နွားဘဝများ၌ အထီးဖြစ်ရသော်လည်း သင်းကွပ်ခြင်း၊ ဝှေးစေ့ ထုတ်ခြင်း ခံရပုံ၊ နွား သေ၍ လူဖြစ်လာ ရသော်လည်း၊

www.burmeseclassic.com

www.burmeseclassic.com

"နုံးပဏ္ဍုတ်" (မိန်းမ မဟုတ်၊ ယောက်ျား မဟုတ်) ဖြစ်ရပုံ၊ ကုဋေရှစ်ဆယ်ကြွယ်ဝသော သူဌေးသားဘဝတစ်ခုက ဒါန၊ သီလ စသည်ကို ပြုခဲ့ဖူးသဖြင့် တာဝတိံသာ၌ နတ်ဖြစ်ရသော်လည်း သိကြားမင်း၏ အလုပ်အကျွေးနတ်သမီးလေးကြိမ်၊ "ဇဝနနတ်သား"၏ ဇနီး တစ်ကြိမ်ဖြစ်ပြီးနောက် ရစာမင်းသမီးဖြစ်လာရပုံတို့ကို သိမြင်နိုင်၏။

အထိုက်အလျောက် "ကံအကြောင်းနှင့် ကံအကျိုးကို" ခွဲခြားနိုင်အောင် သိမြင်သူဖြစ်၍ ဘဝသင်ခန်းစာအရ ရစာမင်းသမီး သေလွန်သောအခါ (ကံ၊ ကံ၏ အကျိုးကို အမှန်တကျ သိမြင်သူဖြစ်သဖြင့် တာဝတိံသာ၌ တန်ခိုးကြီးသော နတ်သားဖြစ်ရ၏။

ရစာမင်းသမီး (သို့မဟုတ်) သူတစ်ပါးသားမယားအား ပြစ်မှားကျူးလွန်မိခဲ့သူ ရွှေပန်းထိမ်သည်သားဟူသည် အခြားမဟုတ်၊ ရှင်အာနန္ဒာ၏ နစဉ်ကာလက တစ်ဘဝသာဖြစ်ပေ၏။ (ဇာတ်အဋ္ဌကထာ - ၇၊ ၁၀၆။)

ဤကား ဇာတိဿရဉာဏ်ဖြင့် ဘဝကို အမှန်တကျသိ၍ "သမ္မာဒိဋ္ဌိ" ဖြစ်ပုံတည်း။

### နွားကို သတ်၍ အမတ်ဖြစ်ရသူ

"အလာတ"ခေါ်သော အမတ်သည်လည်း ဇာတိဿရဉာဏ်ရရှိသူဖြစ်၏။ သို့ရာတွင် အမှန်တကျ မပြည့်စုံသော အသိအမြင်ကြောင့် မိစ္ဆာဒိဋ္ဌိဖြစ်ရဖူး၏။

၎င်းအမတ်သည် ကဿပဘုရားရှင်၏ စေတီတော်၌ အနော်ဇာပန်းဆိုင်း တင်လှူ ပူဇော်ဖူး၏။ အခြားသောဘဝတစ်ခု၌ နွားသတ်သမားဖြစ်ဖူး၏။ သို့ရာတွင် ပန်းလှူခဲ့သော ဘဝကို မမြင်၊ နွားသတ်သမားဘဝကိုသာ မြင်ရသဖြင့် လက်ရှိ အမတ်ဘဝနှင့် ဆက်စပ်ရှုမြင်သောအခါ "နွားသတ်၍ အမတ်ဖြစ်သည်" ဟု အယူမှားလေ၏။

"ကံ၊ ကံ၏ အကျိုးမရှိ၊ မကောင်းတာ လုပ်သော်လည်း မကောင်းတာ မဖြစ်"ဟု သူ၏ အသိအမြင်ကို အထင်ကြီးကာ မိစ္ဆာဒိဋ္ဌိဖြစ်ရရှာ၏။

ထို "အလာတ"အမတ်ကား ဒေဝဒတ်၏ ဘဝတစ်ဇာတ်တည်း။

### အလှူရဲ၍ ကျွန်မဲ့ဖြစ်ရသူ

ထိုမှတစ်ပါး ရှင်မောဂ္ဂလာန်အလောင်းဖြစ်သူ "ဗီဇက" မည်သော ကျွန်တစ်ယောက်သည် ကဿပဘုရားရှင်လက်ထက်က နွားပျောက်ရာစဉ် "ခရီးသွား ရဟန်းတစ်ပါးက လမ်းခရီးမေးမြန်းသည်ကို (မချေမင် "ကျွန်"ဟူသော အသုံးအနှုန်းဖြင့်) ဆဲရေးခဲ့ဖူး၏။

သို့သော် ထိုဘဝတစ်ဇာတ်ကို မမြင်။ ကောင်းမှုများစွာပြုခဲ့ဖူးသော သူဌေးကြီးဘဝတစ်ခုကိုသာ မြင်၍ "ကုသိုလ်များစွာလုပ်ခဲ့မိ၍ ကျွန်ဖြစ်ရသည်"ဟု ကံ၊ ကံ၏အကျိုးကို ကျော်လွှားကာ မိစ္ဆာဒိဋ္ဌိ ဖြစ်ခဲ့ရဖူးလေသည်။ (မဟာနာရဒကဿပအဋ္ဌကထာ၌ အကျယ်ရှုပါ။)

(စတ္တာလီသနိပါတ် - သရဘင်္ဂဇာတ်၌လည်း) ကုမ္မဝတီတစ်ပြည်လုံး သူတော်ကောင်း ရသေ့ကို ပြစ်မှား၍ ရာထူးတိုးသည်၊ ရန်အောင်၍ ရတနာရွှေမိုး ငွေမိုးရွာသည်ဟု အယူအမှတ် တစ်ချက်လွဲကာ ဆင်းရဲသေကြေ၍ ငရဲကျကုန်ရသည်။

ထို့အတူ မစင်ကြယ်သော ဘဝအမြင်များနှင့် ဤဇာတိဿရဉာဏ်များလည်း အယူအဆများယွင်းစေတတ်သဖြင့် ကံ-ကံ၏အကျိုးကို ကျော်လွန်ကာ မိစ္ဆာဒိဋ္ဌိဖြစ်တတ်ပုံကို သတိမူကြကုန်ရာ၏။

### အမေရိကန်ဗိုလ်ချုပ်ကြီး ပက်တန်

"သိပ္ပံထွန်းကားသော နိုင်ငံများ "လူဝင်စား"အပေါ် ထင်မြင်ပုံကို အစပိုင်း၌ အနည်းငယ်ပြခဲ့ပြီ။

အမေရိကန်မှ စိတ်ပညာဆိုင်ရာ ပါမောက္ခတစ်ဦးဖြစ်သူ "ဒေါက်တာ စတီးဗင်ဆန်" ဆိုသူသည် လူဝင်စားများအကြောင်းကို အထူးသုတေသနပြုနေသူဖြစ်၏။ လွန်ခဲ့သောနှစ်ပိုင်းက မြန်မာနိုင်ငံသို့ လာရောက်၍ လူဝင်စားများအကြောင်း လေ့လာဆွေးနွေးခဲ့သည်။ မြန်မာအပါအဝင်အာရှနိုင်ငံများ၌ အကြိမ်ကြိမ်လေ့လာပြီးပြီဟု သိရပေသည်။

ဒေါက်တာ စတီးဗင်ဆန် မလာမီ၊ ၎င်း၏ ကိုယ်စားလှယ်တစ်ဦးက...

မြန်မာပြည်အရပ်ရပ်မှ လူဝင်စားပေါင်း ဆန်ခါတင်သုံးရာ ရွေးချယ်ထားပြီးပါပြီ။ ဒေါက်တာ စတီးဗင်ဆန်လာလျှင် ဘာများ ဆွေးနွေးရန် ရှိပါသလဲ"ဟုလည်း ကျွန်ုပ်တို့အား မေးမြန်းရာ...

"ကျွန်တော်တို့လို နိုင်ငံမှာ လူဝင်စား ပြဿနာမရှိပါဘူး"ဟုပင် စကားပြန်ကာ "ဗုဒ္ဓ၏ နိယာမ သဘောများ"ကို ဆက်လက်၍ စာတွေ့ လက်တွေ့ လေ့လာသင့်ကြောင်း အကြံပြုခဲ့ရပေသည်။

သိပ္ပံထွန်းကားသော နိုင်ငံများ၌ လူဝင်စားများကို စိတ္တဇရောဂါရှိသူဟုပင် သတ်မှတ်ထားကြရာ မိဘများမှာ ဆေးဖိုးမတတ်နိုင်သဖြင့် လူဝင်စား မွေးလာမည်ကိုပင် စိုးရိမ်နေကြရသည်။



www.burmeseclassic.com

www.burmeseclassic.com

ထိုမျှလောက် ရုပ်ဆန်လွန်းသူများအကြားတွင် မည်သူ တွေက မည်သို့ဆိုစေ၊ မိမိ၏ ဘဝပေးအသိကို ရဲဝံ့စွာ ကြေညာရဲသူတစ်ဦးလည်း ရှိပေသေးသည်။

သူကား အခြားသူမဟုတ်။ အမေရိကန် စစ်ဗိုလ်ချုပ် ကြီး "ပက်တန်"ပင်တည်း။

ပက်တန်၏ အတ္တုပ္ပတ္တိဇာတ်လမ်းကို ဘိုင်စကုပ်ရိုက် ပြသည်အထိ ဖြစ်ခဲ့လေသည်။

ပက်တန်သည် ဒုတိယ ကမ္ဘာစစ်ကြီးအတွင်းက အာဖရိက ရှေ့တန်း စစ်မျက်နှာတွင် တာဝန်ကျစဉ် မိတ်ဆွေ တစ်ဦးက သူ၏ ဘဝပေး စစ်ပါရမီရှိပုံကို ချီးကျူးပြောဆို ရာ···

"ဟုတ်ပါတယ်။ မိတ်ဆွေထင်သလိုပါပဲ။ နပိုလီယံ လက်ထက်တုန်းကလည်း ကျုပ်ဟာ စစ်ဗိုလ်ချုပ်တစ်ဦးပါပဲ" ဟု ခပ်တည်တည်ပင် ပြောပြလေ၏။

တစ်ဖက်သား ယုံသည်၊ မယုံသည် သူ့အလုပ် မဟုတ်ချေ။

ပထမ ကမ္ဘာစစ်အတွင်းက ပက်တန်သည် အင်္ဂလန်ရှိ စစ်ဌာနချုပ်တစ်ခုသို့ လျှို့ဝှက်ကိစ္စတစ်ခုအတွက် ရောက်လာ ရသည်။ ပက်တန်သည် ဤဌာနသို့ ရှေးကလည်း တစ်ခေါက် မျှ မရောက်ဘူးချေ။ မိုးမှောင်ကျသော ညဖြစ်နေ၍ ပတ်ဝန်းကျင်ကို စူးစမ်းလှည့်ရှုလိုစိတ်ကို မျိုသိပ်ထားရ၏။ သို့သော် ပါးစပ်ကမူ ဖွင့်၍ စကားဆန်းတစ်ခုပြောမိလေသည်။

"ဒီနေရာဟာ ရှေးနှစ်ပေါင်း နှစ်ထောင်ကျော်က ရောမ စစ်သည်တွေ ဗြိတိန်ကျွန်းကို ဝင်ရောက်တိုက်ခိုက် သိမ်းပိုက် တုန်းက စစ်စခန်းဆောက်တဲ့ နေရာပါပဲကလား" .

အင်္ဂလန်စစ်ဌာချုပ်မှ အရာရှိများက အံ့အားသင့်ပြီး "ဘယ်လို လုပ်စားလဲဟ"ဟူသောအကြည့်ဖြင့် ကြည့်နေစဉ် ပက်တန်က ဆက်၍···

"ရောမ လူမျိုးတွေ ဆောက်ထားတဲ့ ဇာတ်ရုံကြီးဟာ ဒီအနားတင်ပဲဗျ"

ဟု သူမျက်စိထဲတွင် မြင်ယောင်နေသည့်အတိုင်း နှုတ်ရွတ်ပြောနေပြန်သည်။ ထိုအခါ စစ်ရုံးအရာရှိများက -

"ဒီနားမှာ ဘာဇာတ်ရုံမှ မရှိဘူး"

ဟု ငြင်းဆိုကြလေသည်။

ပက်တန်ကား လွန်ခဲ့သော နှစ်ပေါင်း ၂၀၀၀ ကျော် ကာလ၊ ရောမတို့ ဗြိတိန်သိမ်းစဉ်ကလည်း ဗိုလ်ချုပ်ကြီး" တစ်ဦးပင် ဖြစ်ခဲ့လေသတဲ့။

သို့ရာတွင် စိတ်ပညာရှင်တို့ကမူ "ပက်တန်ဟာ ငယ်ငယ်က သမိုင်းတွေ၊ စစ်ရေးရာဇဝင်တွေ များများဖတ် လာလို့ နေမှာပါ"ဟု မှတ်ချက်ပေးနေကြတုန်းပင်။ မည်သူ ကမျှ ပက်တန်လို ပုဂ္ဂိုလ်ကြီးတစ်ဦးကို "ဦးနှောက် ချွတ် ယွင်းနေသော စိတ္တဇ ဝေဒနာရှင်"ဟု ပြောဆိုဝံ့ကြဟန် မတူချေ။

**မျောပါနေသည့် သံသရာခရီးရှည်ကြီး**

ပက်တန်ကို ကြည့်ပါလျှင် "ဘဝပေး စစ်ပါရမီရှိသူ" ဟု ဆိုရပေလိမ့်မည်။ ပထမကမ္ဘာစစ်တုန်းကလည်း စစ် ဗိုလ်ချုပ်၊ ယခုလည်း စစ်ဗိုလ်ချုပ်၊ ဟိုးလွန်ခဲ့တဲ့ နှစ်ပေါင်း နှစ်ထောင်ကျော်ကလည်း စစ်ဗိုလ်ချုပ်။

ထိုမျှသာမက၊ လူ့သမိုင်းတစ်လျှောက်ရှိ သမိုင်းဝင် စစ်ပွဲတိုင်းတွင် ပက်တန်သည် စစ်ဗိုလ်ချုပ်ကြီးဖြစ်ခဲ့သော ဟူ၏။

သတ္တဝါတို့သည် မိမိစိတ်ဆန္ဒ ဦးတည်ကာ ဖြစ်လိုရာ မှန်သမျှ ဖြစ်နိုင်ပုံ၊ ဖြစ်တတ်ပုံကို သင်ခန်းစာယူသင့်ပေ သည်။

လူမျိုး၊ သတ္တဝါ၊ ပညတ်၊ သဏ္ဌာန်မျှသာ ကွဲလွဲနိုင်စေ ကာမူ၊ စိတ်အလျဉ် ကံတရား၏ ဆောင်ရွက်ပုံများမှာ အဆင့်ဆင့်အားဖြည့်လျက် "အာသေဝနပစ္စည်း"ဆက်ကာ ကိုယ်ဖြစ်ချင်တာ ဖြစ်နေကြပေ၏။ သို့သော် မတော်တဆ ဖြစ်နေရသည်ဟု အမှုမဲ့ အမှတ်မဲ့ နေကြလေသည်။

တစ်နည်းအားဖြင့်ဆိုသော် သတ္တဝါတို့ဟူသည် တစ်စုံ တစ်ခုသော အဖြေအတွက် ပါရမီမပြည့်မချင်း ဆည်းပူးနေ ကြရလေသည်။ ကာသိုလ်အကျိုးကြီးတစ်ခုဖြစ်ပေါ်လာစေရန် ဘဝပေါင်းများစွာ အရင်းအနှီးပြု၍ ဆည်းပူးကြရ၏။ အကု သိုလ်လည်း ထိုနည်းပင်တည်း။

ကံတရား၏ အစီအမံကို ကြံစည်၍ မရစကောင်းချေ။

ဘုရားရှင်လက်ထက်တော်က "နကုလပိတာ" ဇနီး မောင်နှံသည် ဘဝငါးရာပတ်လုံး ဘုရားရှင်၏ မိဘများဖြစ်ခဲ့ ကြဖူးသည်ဟု ဆိုလေသည်။

သထုံပြည်ကြီးကို စတင်တည်ထောင်သော မင်းမှ အစ နောက်ဆုံး မနူဟာမင်းအထိ အဆက်ဆက်စိုးစံခဲ့သော မင်းပေါင်း ငါးဆယ်ကျော်တို့မှာလည်း မိမိတို့၏ မျိုးမတ် မိဖုရား အခြွေအရံအသီးသီးဖြင့် သထုံပတ်ဝန်းကျင်ရှိ တော တောင်စိမ့်မြိုင်တခို၌ သူ့အုပ်စုနှင့်သူ နတ်၊ နတ်စိမ်း၊ ပြိတ္တာ များချည်းဖြစ်နေသည် ဆိုလေသည်။

_ (ရဟန္တာနှင့် ပုဂ္ဂိုလ်ထူးများ တတိယပိုင်း ညောင်လွန် ဆရာတော်အခန်း ကြည့်ပါလေ။)

ယင်းသို့ဆိုသော်၊ ငါးရာ့ငါးဆယ် ဇာတ်တော်များကို



www.burmeseclassic.com

www.burmeseclassic.com



ကြည့်ပါလျှင်လည်း ဘုရားရှင်၏ လက်လှမ်းတမီ ပရိသတ်များအကြောင်းကိုချည်း ဇာတ်ပေါင်းထားသည်ကို တွေ့မြင်နိုင်သည်။ ယခု လူဆိုးတို့သည် ရှေးကလည်း ဆိုးခဲ့ကြဖူးပြီ။ ယခု လူကောင်းတို့သည် ရှေးကလည်း ကောင်းခဲ့ကြဖူးပြီ။

မကောင်းသေးသောသူများ သတိသံဝေဂယူကာ အချိန်ကောင်းခိုက်တွင် ကောင်းအောင် လုပ်ရန်လည်း သင်ခန်းစာပေးသကဲ့သို့ ရှိပေသည်။

စွန်းလွန်းဆရာတော် "အာသေဝနပစ္စည်း" သဘောဟောပြရာ၌ "ရှေးက ဝက်သားစားဖူးလို့ ခု စားချင်တာ။ ခွေးသားတော့ မစားခဲ့ဘူးလို့ မစားချင်ဘူး" မိန့်ဆိုသည်ကို သတိပြုမိပေသည်။ ထိုဆရာတော်လည်း ဘဝငါးရာတွင် လူ့ဘဝ နှစ်ဘဝသာ ရခဲ့သည်ဟု မိန့်တော်မူခဲ့လေသည်။

ငါးရာ့ငါးဆယ်ဇာတ်တော်များကို ကြည့်ပါလျှင် အမှန်တကယ်ဖြစ်ပျက်ခဲ့ခြင်းမရှိဘဲ အဘိုးက မြေးကို လိမ္မာစေရန် ပုံပြော၍ ဆုံးမခြင်းမျိုး မဟုတ်နိုင်သည်ကိုလည်း ချဲ့ထွင်ရှုမြင်သာလှပေသည်။

ဘဝပေါင်း ငါးရာ့ငါးဆယ်သည် အစမထင်သော ဘဝသံသရာတစ်ခွင်၌ ချဉ့်ကြည့်သောအခါ နမူနာပြရုံကလေးမျှသာ ရှိပေသေးသည်။ နှစ်ပေါင်း တစ်ထောင်သည် သမိုင်းအမြင်၌ ဘာမျှမကြာ။ သို့သော် လူတစ်ဦး၏ ဘဝသက်တမ်းနှင့် ခွဲဝေကြည့်ပါလျှင် (လူချည်းဖြစ်စေဦး) ဘဝဇာတ်ပေါင်း ထောင့်ငါးရာခန့်ရှိသွားနိုင်ပေသည်။

## အပါယ်လေးပါး၊ ကစ်သုံးပါး၊ သုံးပါး မူလကြောင့်

စင်စစ် မတည်မြဲသော၊ မရေရာသော၊ မခိုင်မာသော ဘဝကူးအဆက်တို့သည် ကြက်သီးထဖွယ်ကောင်းလှသည်။ တစ်စုံတစ်ခုသော ကောင်း, မကောင်းကံများ အကျိုးပေးရန် အကြောင်းလုံလောက်လာပါလျှင် နိဗ္ဗာန်သည် တစ်လံမျှသော ဤခန္ဓာကိုယ်ထဲ၌ပင် ရှိသကဲ့သို့၊ ပိုးမျိုး ရှစ်ဆယ်ဟူသော အပါယ်လေးပါး အဝင်အပါ တိရစ္ဆာန်ဘုံလည်း တစ်လံမျှသော ဤခန္ဓာကိုယ်ထဲ၌ပင် ရှိပေသည်။

လူတိုင်း လူတိုင်း၌ မနာလိုခြင်း၊ ဝန်တိုခြင်း၊ ကုန်းတိုက်ခြင်း၊ လောဘ၊ ဒေါသ၊ မောဟကြီးခြင်းတို့သည် ဤခန္ဓာအစုဥ၌ အမြစ်းဝင် ရိုက်ခတ်နေပေ၏။

(၁) မနာလို ဝန်တိုခြင်းနှင့် လောဘကြီးခြင်းသည် ဒုဗ္ဘိက္ခန္တရ(အစာငတ်) ကပ်ဘေးကြီးနှင့် ပြိတ္တာအသုရကာယ်ဘုံသို့ ဦးတည်နေ၏။

(၂) ဒေါသကြီးခြင်းသည် သတ္ထန္တရ (လက်နက်) ကပ်ဘေးကြီးနှင့် ငရဲဘုံကို ဦးတိုက်နေ၏။

(၃) မောဟကြီးခြင်းသည် ရောဂန္တရ (အနာရောဂါ) ကပ်ဘေးကြီးနှင့် တိရစ္ဆာန်လောကသို့ ခေါင်းဆိုက်နေ၏။ (ငရဲဘုံမှတစ်ပါး ကျန်အပါယ်သုံးမျိုးကား ဘုံသီးခြား မရှိ။)

## အနေချောင်လျှင် အသေကျဉ်မည်

အထက်ပါ "အဘိဓမ္မာ နိယာမ"ကို ကြည့်ပါလျှင် သတ္တဝါတိုင်းအတွက် အပါယ်လေးပါးဘေးကြီးသည် အလွန်နီးကပ်လျက် စောင့်နေ၏။ ထို့ကြောင့်လည်း "ဓမ္မပဒ အဋ္ဌကထာ ဆရာကြီး"က...

"မေ့မေ့လျော့လျော့နေသူ၊ သတိလက်လွတ် (အမှတ်လွတ်)နေသူအတွက် အပါယ်လေးပါးဘေးကြီးသည် ကိုယ်ပိုင်အိမ်သဖွယ်ဖြစ်၏"

ဟု မိန့်တော်မူခဲ့သည်။

လူတို့သည် အချိန်ရှိသမျှ ကိုယ်၊ နှုတ်၊ စိတ်၊ မျက်စိ၊



www.burmeseclassic.com

www.burmeseclassic.com

နာ။ နာ၊ ခန္ဓာကိုယ်တစ်ခုလုံး လောဘ၊ ဒေါသ၊ မောဟ စသော ကိလေသာမီးတို့သာ တဟုန်းဟုန်းလောင်မြိုက်ခြင်း ခံနေကြရ၏။ ငရုပ်သီးထဲက ပိုးကဲ့သို့ဖြစ်၍ လောင်မှန်းပင် မသိကြ။

ထို့ကြောင့်လည်း သာသနာတော်နှင့် တွေ့ခိုက် သတိဖြင့် ပယ်သတ်ရသော နည်းလမ်းကြီးကို ရနေပါလျက် အခွင့်ကောင်းကြီးဟု မမြင်။ "ခက်ခဲသည်၊ ငါတို့အရာမဟုတ်" စသည်ဖြင့် ဆင်ခြေတက်ကာ မလုပ်ဖြစ်ကြ။ ကိလေသာတို့သည် လောင်ချင်တိုင်း လောင်ခွင့်ရနေကြကုန်၏။

တစ်သက်လုံး သတိလက်လွတ် ပေါက်လွတ်ပဲစားနေသူအတွက် သေခါနီးမှ ကမန်းကတန်းလုပ်ရသော ဘုရား တရား အာရုံသည် အဘယ်မှာ ထိထိမိမိရှိနိုင်ပါမည်နည်း။ ရတနာသုံးပါးနှင့် ကင်းကွာနေသူတို့အတွက်ကား ဆိုဖွယ်ရာ မရှိပြီ။

လူတိုင်းလူတိုင်းသည် သေလောက်အောင် ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် ရောဂါကြောင့်သာ မချိမဆံ့ သေကြရသူချည်းဖြစ်၏။ သက်သောင့်သက်သာဖြင့် အသက်ထွက်ကြသူဟူ၍ ရှားလှပေသည်။ အလူးအလဲနေရသော ထိုအချိန်မျိုးတွင်၊ လူတို့သည် အလိုလိုစိတ်ဆိုး စိတ်တိုနေတတ်ကြ၏။ သူတစ်ပါးလက်ချက်ကြောင့် ခံရသော် ဆိုဖွယ်ရာမရှိ။

စိတ်ဆိုးစိတ်တိုခြင်း မဟုတ်လျှင်လည်း ကြောက်လန့်၍ ငိုယို၍ နေတတ်ကြသည် ကြောက်လန့်ခြင်းကိုလည်း "ဆုတ်နစ်သော ဒေါသ"ဟု အဘိဓမ္မာကဆို၏။ သေရမည်ကို ဘယ်မျှလောက် ကြောက်ကြပါသနည်း။ သားသတ်ရုံသို့ ဆွဲသွင်းခံရသော ဆိတ်တို့၊ နွားတို့နှင့် ဘာမျှမထူးပေ။ "သေတစ်နေ့ မွေးတစ်နေ့" ဆိုသူများ အကြောက်ဆုံးပင်တည်း။

အချို့ကား ရောဂါနှင့် ဒဏ်ရာက ပြင်းထန်လေ၊ ချစ်ခင်သူတို့၏ ယုယမှုကို ခံယူချင်လေ ဖြစ်နေတတ်၏။ ဒါမှ သက်သာသည်ဟု ထင်သည်။ ပြောင့်စူးရာ ဆူးနှင့် ထွင်သကဲ့သို့သာ ဖြစ်၏။ မခွဲနိုင် မခွာရက်၊ နှစ်သက်တွယ်တာမှု (လောဘတဏှာ)တို့သာ ပိုလာတော့သည်။

အချို့ကား ရောဂါဒဏ်ရာ ပြင်းထန်လွန်းအားကြီး၍ သတိမူပင်မရ။ မိန်းမောတွေဝေကာ မောဟကြီးနှင့်သာ သေကြရ၏။

စေဒနာကို ကျော်လွန်အောင် ရှုပွားခြင်း၊ ဝေဒနာကို အမှတ်ကဲ(လျစ်လျူရှု၍) ထွက်လေ ဝင်လေကိုသာ မှတ်သားခြင်း စသော လေ့ကျင့်ခန်းများကို ငယ်ရွယ်ကျန်းမာစဉ်က မလုပ်ခဲ့မိသူတိုင်း သေခါနီးတွင် မလွဲမသွေ ရင်ဆိုင်ရမည့် လောဘ၊ ဒေါသ၊ မောဟတို့ကို ရှောင်လွှဲရန် မလွယ်ကူပါချေ။

ယင်းသို့ ဆိုသော် အဘိဓမ္မာနိယာမ၏ ခွဲတမ်းအရ အပါယ်လေးဘုံ တစ်ဘုံဘုံတွင် မစုန်ချင်၍ ရနိုင်ပါမည်လော။

## ဘက်စုံအမြင်ရှာသင့်ပြီ

မြတ်စွာဘုရားရှင်သည် ဖြစ်ပျက်နေသော စိတ်တလုံးလုံး၏ အကျိုးပေးပုံ(သင်္ခါရလောက)ကို အသေးစိတ်မြင်တော်မူသည်။

ရေကြီးရှစ်ထပ်နှင့်တကွ ပင်လယ်ကမ်းခြေ ဟိမဝန္တာ စသော စိမ့်ကြီးမြိုင်ကြီးများ၌ ဆင်းရဲစွာ နေထိုင်ရသော ပြိတ္တာ၊ အသူရကာယ်များ၊ ပုံသဏ္ဌာန်အဆင်းအမျိုးမျိုး ဖြစ်နေရသော တိရစ္ဆာန်များ။ လူ၊ နတ်၊ ဗြဟ္မာ အားလုံး (သတ္တလောက)ကိုလည်း အကြောင်းနှင့်တကွ အသေးစိတ် သိမြင်တော်မူ၏။

လူ့ဘုံ၊ နတ်ဘုံ၊ တောတောင်ရေမြေ သမုဒ္ဒရာ ဩကာသလောကကြီးတစ်ခုလုံးကိုလည်း အကြွင်းမဲ့ ကုန်စင် သိမြင်တော်မူသည်။ အဘယ့်ကြောင့် နိမ့်သည်၊ မြင့်သည်၊ ဘယ်တုန်းကတော့ ဘယ်လို၊ ဘယ်တော့ ဘယ်သို့ဟုလည်း အသေးစိတ် သိမြင်တော်မူ၏။ သစ်ပင် စသည်တို့ကို အဘယ်ကြောင့် ဖြူသည်၊ နီသည်၊ အခေါက်၊ အပွေး၊ အရွက် အဘယ့်ကြောင့် ပါသည်, မပါသည်၊ ထူသည်, ပါးသည်, ကျားသည်၊ ဆူးရှိသည်, မရှိသည်။ အဘယ်ကြောင့် ဆူးအဖျားချွန်သည်မှအစ အသေးစိတ် သိမြင်တော်မူသည် ချည်းသာဖြစ်သည်။ ယင်းကို "အနေကဓာတု နာနာဓာတု ဉာဏ်တော်"ဟု ခေါ်သည်။

ရုပ်ဝတ္ထုကိုသာ အထိုက်အလျောက် တွက်ချက်နိုင်၍ တစ်စွန်းတစ်စမျှသော အသိဖြင့် ဘူမိဗေဒ၊ သတ္တဗေဒ၊ ပါဏဗေဒနှင့် စိတ္တဗေဒ စသော ပညာရပ်တို့၏ အဆိုအမိန့်ကိုလည်း တရားသေ မစွဲကိုင်သင့်ကြလေပြီ။

ပင်လယ်ခရီး ခေတ်စားစဉ်က ပင်လယ်နှင့် ကမ်းစပ်ရှိ သတ္တဝါအမျိုးမျိုးတို့ကို လည်းကောင်း၊ ဘူမိဗေဒ (တောင်တက်) စသည် လေ့လာကြသောအခါ ဟိမဝန္တာ၌ "နှင်းလူ" ခေါ် သတ္တဝါအမျိုးမျိုးတို့ကို လည်းကောင်း၊ တွေ့ကြုံခဲ့ကြဖူးရာ ခေတ်အဆက်ဆက် မှတ်တမ်းများပြုစုထားခဲ့ကြလေသည်။

သို့ရာတွင် လူတို့သည် လူတို့၏အသိဖြင့် မျောက်မှ လူဖြစ်လာသည်ဟု (အီဗော်လူရှင်းသီဝရီ)ကို ဆုပ်ကိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com

အရာရာကို ထိုအမြင်ဖြင့်သာ ဆင်ခြင်ကြည့်ရှုကြရာ၊ ထိုအမြင်များသည် တဖြည်းဖြည်း ကျဉ်းမြောင်းမှုန်း သိလာကြလေပြီ။

ထို့ကြောင့် မပြည့်စုံသေးသော၊ အကြွင်းမဲ့ ပြည့်စုံလာလိမ့်မည်ဟု မမျှော်လင့်စကောင်းသော မည်သည့် ဝိဇ္ဇာအမြင်၊ သိပ္ပံအမြင်ကိုမဆို တရားသေ ဆုပ်ကိုင်ကာ သတ္တဝါအကြောင်း ဤကမ္ဘာလောကကြီးအကြောင်းတို့နှင့် စပ်ဆိုင်လာသောအခါ အကြွင်းမဲ့ ကုန်စင် သိမြင်တော်မူသော သဗ္ဗညုတဉာဏ်ကြီးကို မထေမဲ့မြင် မပြုသင့်ကြပေ။

"ဓမ္မစကြာတစ်ခုပဲ ဘုရားဟော"ဟု ဆိုချင်သူများကပင်လျှင် ဓမ္မစကြာလာ "ပေါ်နေဘ္ဘဝိက = တမလွန်"ဆိုသော စာပိုဒ်ကို ချန်လှပ်၍ လက်ခံနေကြလေသည်။ သဗ္ဗညုတဉာဏ်သခင် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ စကား သုတေသနပညာရှင်တို့ကြားတွင် မှားသွားမှာ စိုးရိမ်နေကြလေသည်။ အမှန်အမှားကိုလည်း မိမိတို့၏ "ကြိုက်, မကြိုက်"နှင့်၊ သို့မဟုတ် ယာယီအမှန်တရားများနှင့်သာ တိုင်းတာတတ်ကြရာ ထိုပညာရှိမျိုးတို့ဘေးမှလည်း ဝေးစွာ ရှောင်ကြဉ်ကြကုန်ရာ၏။

သတ္တဝါတို့၏ စိတ်သည်လည်း အလွန်သိမ်မွေ့သိခက်လှ၏။ ကံတရားတို့၏ အကျိုးပေးသည်လည်း ဆန်းကြယ်လှပေသည်။

ဤနေရာ၌ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောကြားတော်မူသော "ဓမ္မစကြာတရားတော်"မှ -

"စွဲလမ်းတက်မက်မှု ရှိနေသေးသူမှန်သမျှ ဘဝသစ်ဖြစ်ရပုံ၊ တမလွန်ဘေးကြီး၏ ကြက်သီးထခမန်း ကျောချမ်းဖွယ်ကောင်းပုံ" ကိုယ်တွေ့ဝတ္ထုများကို ဆက်လက် ဖတ်ရှုစေလိုပါသည်။

(၁၃၂၄ ခုနှစ်က ဟောပြော၍ ၁၃၃၇ ခုနှစ် ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။)

စာတွေ့ လက်တွေ့ ပြည့်စုံတော်မူကြသော သူတော်ကောင်း ပညာရှိကြီး၏ အဆုံးအမ အဆိုအမိန့်များကို လေးစားကျိုးနွံစွာ လိုက်နာမှတ်သား၍ "ကိုယ်တွေ့ ဘက်စုံ သိမြင်နိုင်သူ"များဖြစ်အောင် ကြိုးစားကြရာသည်။ ဘဝတစ်သက်လျှာသည် တိုတောင်းလှ၏။ ခိုင်မာမှု မရှိပါချေ။ အသိဉာဏ် လမ်းချော်စရာ ခေတ်မီနည်းပညာတို့သည်လည်း ရှုပ်ထွေးလှပေ၏■

* * *

ဓမ္မာစရိယ ဦးဓွေးလှိုင်






www.burmeseclassic.com

www.burmeseclassic.com



# ဘုရားဝတ်တော်ရွတ်ကြမယ်

ကိုဖိုးတင်အောင်

မင်းခယောက်ျား ကမ်းနားသစ်ပင်တဲ့။ သူ့ဆန်စား ရဲ့ ဆိုသည့်အတိုင်း ကျွန်တော်ဟာ အစိုးရဝန်ထမ်းတစ်ဦးပါ။ ကျွန်တော်တို့ တစ်ရုံးလုံး တည်ဆောက်ရေးလုပ်ငန်းတွေ ပြီးသွားတော့ တောင်ငူမြို့မှာ သွားရောက် ထမ်းဆောင်ရ တယ်။

ဟိုမှာကလည်း ဆောက်လက်စဖြစ်တဲ့ ခပေါင်းဆည် ကလည်း ရှိသေးတယ်။ ကျွန်တော်တို့အတွက် နေဖို့ရာကို တော့ သက်ဆိုင်ရာကနေ ၅ခန်းတွဲ တိုက်ခန်းတွေမှာ ချထား ပေးပါတယ်။ ရေမီးအစုံပါပဲ။ ကျွန်တော်လည်း ကျွန်တော့် မိသားစုနဲ့အတူ တစ်ခန်းရပါတယ်။

ကျွန်တော်က ဘုရားအလုပ်၊ တရားအလုပ်ကို နေ့စဉ် ပုံမှန် ကျင့်ကြံ ကြိုးကုတ်နေတဲ့သူမို့လို့လားတော့ မပြော တတ်ပါဘူး။ ကျွန်တော်တို့ကို ပေးတဲ့ မြေနေရာပေါ်ကို ခြေချလိုက်တာနဲ့ တစ်ပြိုင်နက် စိတ်ထဲမှာ မသိုးမသန့်ကြီး ဖြစ်သွားတယ်။

နောက်မှ သိရတာက အခုမြေနေရာက သင်္ချိုင်းကုန်း ဟောင်းကို ဖျက်ဆီးပြီး ဝန်ထမ်းတွေ နေဖို့အတွက် အသစ် ပြန်လည်ပြုပြင်ထားတဲ့ မြေနေရာတဲ့။

ဘယ်လိုပဲ ဖြစ်စေပေါ့လေ။ ကျွန်တော့်မှာကလည်း သားနဲ့ သမီးနှစ်ယောက်က ပါလာလေတော့ ညမိုးချုပ်ခဲ့ရင် အိမ်ထဲကနေ အိမ်ပြင်မထွက်ဖို့ မှာကြားရပါတယ်။ ကလေး တွေတင်မှ မဟုတ်ပါဘူး။ မိန်းမကိုလည်း ခဏခဏမှာကြား ရတယ်။ သူက မှောင်ရင် အခန်းနီးချင်းတွေရဲ့ အခန်းကို သွားလည်လေ့ရှိတယ်။ ဒါက မိန်းမသဘာဝပဲလေ။ အပြစ် တော့ မပြောကောင်းပါဘူး။

ကျွန်တော်ကတော့ ဘာဆိုတာမှ မပြောပါဘူး။ မိုးမပြိုမြေပြိုခဲ့ရင်ရှိသော်။ ဒါလေးတစ်ခုပါပဲ။ လောကကြီးမှာ မြင်အပ်၊ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တွေကလည်း အရှိသားလား။ ကျွန်တော် ကတော့ မကြောက်ပါဘူး။ ကိုယ်က ကုသိုလ်စိတ်ကို မွေး နေတဲ့သူပဲ။

ကျွန်တော့်အနေနဲ့ စေတနာသဒ္ဓါတရားကောင်းကောင်း နဲ့ သည်ပုဂ္ဂိုလ်တွေကို မေတ္တာပို့လွှတ်ဖို့က အရေးကြီးပါ တယ်။ ဒါဆိုရင် ကိုယ့်အတွက် ဘာအန္တရာယ်ရှိမှာမှတ်လို့။

ကျွန်တော်က ည ဗနာရီထိုးတာနဲ့ တစ်ပြိုင်နက် ဘုရား ဝတ်တက်လေ့ရှိတယ်။ ဒါဟာ ကျွန်တော် အမြဲတမ်းလုပ်နေ ကျအလုပ်ပါ။ ပါရမီဆိုတာ မြင့်မြတ်သူတွေရဲ့ အလုပ်ပါ။



www.burmeseclassic.com

www.burmeseclassic.com

မြင့်မြတ်သူတွေရဲ့ အလုပ်တွေကို လုပ်နိုင်စေဖို့ ကုသိုလ်မျိုးစေ့တွေ ကြဲချပေးလိုက်တဲ့ အဖေနဲ့ အမေ့ကိုတော့ ကျွန်တော့် တစ်သက် ကျေးဇူးတင်လို့ မဆုံးပါဘူး။

ကျွန်တော်က ဘုရားဝတ်တက်တော့မယ်ဆိုရင် ပထမဦးဆုံး မိမိရဲ့ ခန္ဓာကိုယ်ကို ဆေးကြောသန့်စင်ပြီး အဝတ်ဖြူ ဒါမှမဟုတ် ယောဂီရောင်အဝတ်တစ်ခုခုကို ဝတ်ပြီးမှ ဘုရားရှေ့မှာ ဝတ်ပြုလေ့ရှိပါတယ်။

ပထမဦးစွာ မိမိစိတ်ထဲမှာ ဘုရားကို အာရုံပြု၊ ညဆိုတော့ ရေချမ်း၊ ပန်း၊ ဆီမီး ဒါတွေနဲ့ပဲ ဘုရားရှင်ကို အာရုံပြုပြီး ဒါနပြုပါတယ်။ ပြီးမှ ကိုယ်နိုင်ရာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ တစ်ပါးပါးကို ဆောက်တည်။ ပြီးမှ လိုသောဆုတွေကို တောင်းပါတယ်။

ဘုရားဝတ်တက်ပြီးမှ ကိုယ်ကြိုက်ရာ ဂါထာတော်တွေကို ရွတ်ဖတ်ခဲ့ပါတယ်။ အဓိဋ္ဌာန်အနေနဲ့ ဝတ်ပြုနေတဲ့အချိန်မှာတော့ ဘုရားစင်ရှေ့မှ ထသွားခြင်းကို မပြုခဲ့ပါဘူး။ ကျွန်တော် အမြဲတမ်း ရွတ်ဖတ် ပူဇော်ခဲ့တဲ့ ဂါထာတော်ကတော့ **ဘုရားဂုဏ်တော်ကိုးပါး**ပဲ ဖြစ်ပါတယ်။

သည်ဂုဏ်တော်ဟာ ဘုရားရှင်ရဲ့ ကျေးဇူးတော်တွေကို တစ်နည်းအားဖြင့် မိမိစွမ်းနိုင်သလောက် ပြန်ဆပ်တာပဲလို့ ထင်ပါတယ်။

ဘုရားဂုဏ်တော်ကိုးပါးကို ကျွန်တော် အသက်ရှင်နေသမျှ အမြဲတမ်းလိုလို ရွတ်ဖတ် ပူဇော်ခဲ့ပါတယ်။ လိုင်းခန်းမှာလည်း ရွတ်သလို၊ ရုံးမှာလည်း ရွတ်လေ့ရှိပါတယ်။ ဒီဂါထာတော်ကို ကျွန်တော့်အသက် ၆၆ နှစ်ဆိုလျှင် ၆၆ခေါက်ပြည့်အောင် ရွတ်ဆိုခဲ့ပါတယ်။ တစ်ခေါက်ရွတ်ဖတ် ပူဇော်ပြီးတိုင်းမှာ ကျွန်တော့်ရှေ့မှာ ချထားတဲ့ လက်ကိုင်ပဝါအဖြူထည်လေးထဲမှ ကျောက်စရစ်ခဲအဖြူတစ်လုံးကို ယူပြီး ဘေးမှာ ချထားတဲ့ ဖလားခွက်ထဲ ထည့်လိုက်တော့တာပါပဲ။

၆၆ ခေါက်ရွတ်ဆိုပြီးခဲ့ရင် ကျွန်တော့်ရဲ့ ဘုရားဝတ်တက်မှုက ပြီးဆုံးသွားခဲ့ပါပြီ။ ပြီးမှ ဖလားထဲက ကျောက်စရစ်ခဲတွေကို လက်ကိုင်ပဝါထဲ ပြန်ထည့်ပြီး ဘုရားစင်ထက်ရှိ သူ့နေရာမှာ ပြန်ထားလိုက်ပါတယ်။

သည်ကျောက်စရစ်ခဲလေးတွေရဲ့ စွမ်းပုံကိုလည်း ပြောပါဦးမယ်။ နေ့စဉ်နေ့တိုင်းလိုလို သည်ကျောက်စရစ်ခဲလေးတွေနဲ့ စခန်းသွားနေတော့ ကြာလာတော့ သူတို့မှာလည်း မမြင်နိုင်တဲ့ စွမ်းအင်တွေ ရနေပြီလို့ ကျွန်တော်ထင်လိုက်ပါတယ်။

တစ်ညမှာ ကျွန်တော်တို့ လိုင်းခန်းမှာ နေတဲ့ ကျွန်တော်တို့ရဲ့ B.C (ဗွာနခွဲစာရေး) တစ်ယောက် ဘာဖြ တယ် မဆိုနိုင်ပါဘူး။ ဗိုက်အောင့်တဲ့ ရောဂါဖြစ်ပါလေရော တစ်ယောက်တည်း အော်နေလိုက်တာ။ ဖြစ်တဲ့ အချိန်က လည်း ညကြီးသန်းခေါင်။ ကျွန်တော်တို့ နေတဲ့ နေရာ ဆေးရုံကလည်း အတော့်ကို အဝေးသားလား။

B.C ဆိုပေမယ့် ကျွန်တော့်ထက် အသက်အများကြီး ငယ်ပါတယ်။ ကျွန်တော်လည်း မနေနိုင်တော့၊ အိပ်နေတဲ့ မိန်းမကို နှိုးပြီး B.C ရှိရာအခန်းကို အပြေးလေး လာခဲ့မိ တယ်။ လက်ထဲမှာကတော့ လိုရမယ်ရဆိုသလို ကျောက် စရစ်ခဲတွေကိုထုပ်ထားတဲ့ အထုပ်ကလေးကို ယူလာခဲ့ပါတယ်။

ဟိုရောက်တော့ B.C လည်း မူးမူးယားယား ခတ်လို့ နေ တယ်။ ချက်ချင်းပဲ မိန်းမအကူအညီနဲ့ B.C ကို ပွေ့ချီ ဘုရားစင်ရှေ့ရှိရာ ခေါ်ဆောင်လာပြီး ပက်လက်အနေအထား နဲ့ လက်အုပ်ချီထားခိုင်းလိုက်ပါတယ်။

ပြီးမှ ဘုရားဂုဏ်တော်ကိုးပါးကို နှုတ်ကနေ အဆက် မပြတ်ရွတ်ရင်း သူ့နဖူးကိုလည်း ကျောက်စရစ်ခဲတွေ ထုပ် ထားတဲ့ လက်ကိုင်ပဝါအထုပ်ကလေးနဲ့ တို့ကာ တို့ကာ ပေးလိုက်ပါတယ်။

ခဏကြာတော့ B.C လည်း အိပ်ပျော်သွားခဲ့ပါတယ်။ သည်တော့မှ ကျွန်တော်တို့လင်မယားလည်း ကိုယ့်အခန်း ရှိရာ ကိုယ်ပြန်လာခဲ့ပါတယ်။

မနက်မိုးလင်းတော့ B.C တို့ လင်မယားနှစ်ယောက် ကျွန်တော့်အခန်းရှိရာကို ရောက်လာပြီး စားကောင်းသောက် ဖွယ်တွေနဲ့ ကန်တော့နေလိုက်တာလေ။

ဆိုတော့ ဓမ္မမိတ်ဆွေများကိုလည်း ဘုရားဂုဏ်တော် ကိုးပါးကို အမြဲရွတ်ဖတ် ပူဇော်စေချင်ပါတယ်။ ကောင်းတာ လုပ်တဲ့သူကတော့ ကောင်းတာကိုပဲ ခံစားရမှာပါ။

**တန်ခိုးထက်မြက်တဲ့ ဘုရားဂုဏ်တော်ကိုးပါး**

အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊
သုဂတော၊ လောကဝိဒူ၊ အနုတ္တရောပုရိသ၊ ဓမ္မ သာရထိ
သတ္ထာဒေဝ မနုဿနံ၊ ဗုဒ္ဓေါ ဘဂဝါ။ ။

(တစ်ခေါက်လျှင် တစ်လုံး

ဤဂါထာတော်ရဲ့စွမ်းအားဟာ ဘုန်းတန်ခိုးကြီးခြင်း၊ ဩဇာအာဏာသက်ရောက်ခြင်း၊ အောင်မြင်မှုကို ရရှိခြင်း၊ ရောဂါဘယ ကင်းဝေးစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ရရှိတတ်ပါတယ်။ ရွတ်နိုင်၊ ဖတ်နိုင်၊ ပူဇော်နိုင်ကြပါစေ

* * *

ကိုမိုးတင်အောင်




www.burmeseclassic.com

www.burmeseclassic.com

## သက်တော်ရှည် သာယာကောင်း ဆရာတော်ကြီးနှင့်

# ဘုရားတော်စင်တို့ မွေ့လျော်ရာ သာယာကောင်းကျောင်းတော်ဓလေ့

■ ကိုနေဦးမောင် (ပခုက္ကူ) ■




ဝါဆိုလဆန်းရက်ပိုင်းက ဖြစ်သည်။ ဆရာ ဒေါက်တာ သက်လွင် အိမ်ရောက်လာသည်။

"နေဦးမောင် . . . လိုက်ခဲ့ဦးကွ။ သာယာကောင်း ဆရာတော်ကြီးကို ဝါဆိုသင်္ကန်းသွားကပ်မလို့။ မင်းလည်း စာရေးစရာရတာပေါ့"

ဟုတ်ပါသည်။ ဆရာသက်သည် တကူးတက အမှတ်တရ သူ့ကားနှင့် အိမ်တိုင်ရာရောက် လာခေါ်သည်မို့ ကျေးဇူး အထူးတင်စွာဖြင့် နှစ်ခါမခေါ်ခင် ကားပေါ် တက်လိုက်ခဲ့၏။

ကားပေါ်တွင် ဦးချက်ဖောင်း၊ ဦးကျော်ဝင်း၊ ဦးအောင် ငြိမ်းတို့ ပါလာ၏။ သူတို့ကား ဆရာသက်နှင့် ငယ်ပေါင်းများ



www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ကြသည်။ ဆရာသက် သွားလေရာ လိုက်ပါသူများတည်း။ မိမိလည်း ဂန္တီရဆန်းကြယ်မဂ္ဂဇင်းအတွက် ရေးရန် ဆောင်းပါးတစ်ပုဒ်ရပြီမို့ ကျေနပ်ပီတိဖြစ်မိသည်။

သာယာကောင်း ဆရာတော်ကြီးသည် သာယာကောင်းတောင် တောရကျောင်း၌ သီတင်းသုံး ပျော်မွေ့နေသော သူတော်စင် ရဟန်းမြတ်ဖြစ်၏။ သက်တော် ၉၀ ကျော်နေပြီဖြစ်သည်။ သာယာကောင်းတောင်သည် မြိုင်မြို့နှင့် ၁၀မိုင်အကွာ၊ အမြင့်ပေ (၁၂၂၂)တွင် တည်ရှိသော တောင်လည်း ခင် အမှတ်(၂) စက်မှုဝန်ကြီးဌာန၏ အိမ်ရာစခန်းမျာ[...] တွေ့ရသည်။ သာယာကောင်းတောင်နှင့် တောင်ကြောတ[...] လုံး ဩဇာသီးများ လှိုင်လှိုင်သီးသည့် ဒေသဖြစ်သည[...] သိရပြန်သည်။ သာယာကောင်း ဩဇာသီးမှာ အလွန်[...] ၍ အလုံးလည်း ကြီးသည်။ သူတော်ကောင်း သူတော်[...] များ နေထိုင် သီတင်းသုံး၍လား၊ ရေခံ မြေခံကောင်း၍[...] မသိ၊ သနပ်ခါးနှင့် ဩဇာပင်များ ဖြစ်ထွန်းရှင်သန် အောင်[...] လှသည်။



ဖြစ်သည်။ ပခုက္ကူနှင့် မြိုင်သည် ၂၃မိုင်ခန့် ကွာဝေးပြီး မြိုင်မရောက်ခင် ပုသိမ်-မုံရွာလမ်းမအတိုင်း ဘယ်ဘက်ချိုးပြီး ကားမောင်းရသည်။ မြိုင်နှင့် ပခုက္ကူ တစ်နာရီ ကားမောင်းရသည်။ ချိုင်စောက် ရေန်မှော်ကို ဖြတ်သန်းရသည်။ ချိုင်စောက် ရေန်မှော်ကား စီးပွားဖြစ်ထွန်းအောင် ရေနံ မရရှိလင့်ကစား တစ်နေ့ ၅ဂါလံနီးပါး ရရှိနေသော ရေနံမှော်ဖြစ်သည်။ ရေနံတူးနေသော လူ ၁၀၀ ခန့်ကို မြင်တွေ့ခဲ့ရသည်။ ချိုင်စောက်မှ ဖြတ်သန်းလာပြီး ၁၅မိနစ်ခန့် ကားမောင်း၍ တောလမ်းအတိုင်း နာရီဝက်ခန့် ဆရာတော်ကြီး သီတင်းသုံးရာ သာယာကောင်းတောင်သို့ ကားမောင်းရသည်။ တောလမ်းမဝင်


"နေဦးမောင်… ဟောသည်နေရာမှာ ငါ တစ်[...] ရောက်တုန်းက အရှည်ပေ ၁၀၀ ရှိတဲ့ အင်ကြင်းကျောက်[...] ကြီး ရှိတယ်။ တစ်ပင်လုံး ကျောက်ဖြစ်နေတာ။ အခု[...] ကွာ၊ မသမာသူတွေ ဖျက်ဆီး ယူငင်လို့ တစ်ပိုင်းတစ်[...] ကျန်တော့တယ်"

မိမိလည်း ဆရာသက် ပြောပြသည့် အင်ကြင်း[...] ကျောက်ဖြစ်ရုပ်ကြွင်းဟု မှတ်တမ်းတင်ချင်သော်လည်း [...] ဟူ၍ မယ်မယ်ရရ မဖော်ပြနိုင်သောကြောင့် ဓာတ်ပုံရို[...] ခြင်းအား လက်လျှော့ခဲ့ရ၏။ ကျောက်ဖြစ်နေသော အင်[...] ပင်ကြီးကို လေ့လာကြည့်ခြင်းဖြင့် အညာ[...]၊ ဒေသ[...]



www.burmeseclassic.com

www.burmeseclassic.com




လွန်ခဲ့သော နှစ်ပေါင်း သိန်းသန်းကြာကပင် တည်ရှိသော နယ်မြေကြီးဖြစ်ခဲ့၏။ ပုပ္ပါးတောင်မှာ တွေ့ရသော မီးသင့်ကျောက်မျိုးများလည်း အများဆုံးတွေ့ရ၏။ သာယာကောင်းတောင်အနီးတွင် ကျောက်ခွဲနေသော ကျောက်များအား လေ့လာကြည့်ရာတွင်လည်း သက်ရင့် သဲကျောက်များဖြစ်နေသည်ကို တွေ့ရပြန်ပါသည်။

မိမိတို့ ဂျစ်ကားသည် သာယာကောင်း တောအုပ်ကို ဖြတ်သန်း၍ တောင်ထိပ်သို့ တက်နေပြီဖြစ်သည်။ ရှေ့တွင် သီလရှင်ဆရာလေးနှစ်ပါးနှင့် ဆရာတော်တစ်ပါးက ပြုံးရွှင်စွာ ဆီးကြို၍ နှုတ်ခွန်းဆက်ကြသည်။

"ထင်တဲ့အတိုင်းပဲ၊ ဒကာကြီး ဒေါက်တာ် သက်လွင်တို့ကို ဆရာတော်ကြီးက ကနေ့ ပခုက္ကူက ဒကာတွေ လာလိမ့်မယ်လို့ မိန့်ထားတာ"

သက်တော်ငယ်ငယ် ဦးဇင်းလေးက ဆီးကြိုမိန့်သည်။ သာယာကောင်း တောင်နှင့် ရွာသည် အတော်ကလေးလှမ်းသည်။ အိမ်ခြေ ၁၀၀ ကျော်မျှသာ ရှိသည်။ မြင်းမြို့နယ်တွင် ရှင်မတောင် ၁၇၂၃ ပေ၊ မြင်တောင် ၁၂၅၈ ပေ၊ နှမ်းစကျင်းတောင် ၁၄၄၅ ပေ၊ သာယာကောင်းတောင် ၁၂၂၂ ပေဟူ၍ တောင်လေးတောင်ရှိသည်။



www.burmeseclassic.com



မိမိတို့အဖွဲ့သည် ဆရာသက် ဦးဆောင်မှုနှင့် သာယာကျောင်းတောင် ဆရာတော်ကြီးကို ဖူးမြော်ကြည်ညိုကြသည်။ သက်တော် ၉၀ ကျော် ရှိလင့်ကစား၊ ဆရာတော်ကြီးသည် ကျန်းမာ နုပျိုနေဆဲဖြစ်သည်။

◈◈◈

ဆရာတော်ကြီးသည် အသက် ၁၃နှစ်သားဘဝကပင် သာသနာ့ဘောင်ဝင်ခဲ့၍ ရဟန်းဝါ ၇၀ ကျော်ပြီဖြစ်သည်။ ရဟန်းဘွဲ့တော်မှာ ဘဒ္ဒန္တတိက္ခ ဖြစ်သည်။ ဆရာတော်ကြီးအား ကောဇာ ၁၂၈၀ ပြည့်နှစ်၊ သီတင်းကျွတ်လဆန်း ၁ရက်နေ့၌ ခမည်းတော် ဦးရ၊ မယ်တော် ဒေါ်စုတို့မှ ဖွားမြင်သန့်စင်သည်။ ဇာတိရပ်ရွာမှာ မြိုင်မြို့နယ်၊ ဖက်ပင်ရွာဖြစ်သည်။ အသက် ၁၃နှစ်တွင် သာယာကောင်းကျောင်းဆရာတော် ဦးနာဂထံ၌ သာမဏေဘောင်သို့ ဝင်ခဲ့ပါသည်။ အသက် ၂၀ အရွယ်၌ ဦးဖိုးညိမ်း + ဒေါ်ဝါပွင့်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက်ရှိတော်မူခဲ့ပါသည်။

ရဟန်းဖြစ်ပြီးနောက် မဟာဝိဇယာရာမ အရှေ့တိုက်တော်ကြီး ပခုက္ကူမြို့၌ ပိဋကတ်သုံးပုံ၊ နိဿယငါးရပ်ကို စာဆိုသံယာအဖြစ် စာဝါလိုက်ခဲ့သည်။ စာချ သံယာဖြစ်ရန် စာတော်ရမည်ဖြစ်သည်။ စာချဆရာတော်ကြီးမှ စာဆိုသံယာအဖြစ် ရွေးချယ်တာဝန်ပေးထားသော ဆရာတော်ဟု ဆို[illegible]ပါသည်။ ဂျပန်ဖက်ဆစ်ခေတ်တွင် ကျွဲတဲရွာကြီး၌ ဖုံးနို[illegible] ပရိယတ္တိစာပေများကို လေ့လာလိုက်စားခဲ့ရသည်။ ထို့နော[illegible] မြင်းခြံ စွန်းလွန်းဆရာတော်ကြီး၏ ဝိပဿနာစုနည်[illegible] နည်းနိဿယများကို ကျင့်ကြံ အားထုတ်တော်မူခဲ့သည်[illegible]

ထိုမှတစ်ဖန် မဟာစည်ရိပ်သာ နယ်လှည့် ကထိ[illegible] ဦးပညာဝါနှင့် တွေ့ဆုံပြီး မဟာစည် ဝိပဿနာရှုနည်းမျာ[illegible] လေ့လာမှတ်သားခဲ့သည်။ ပညာ၊ သီလ၊ ဝီရိယကော[illegible] ကောင်းဖြင့် မဟာစည်နည်းအတိုင်း ဝိပဿနာအလုပ်တ[illegible] ကို စောက်ချလုပ်ကိုင် ကျင့်ကြံခဲ့သည်။ ပွားများခဲ့သည်[illegible]

ဆရာတော်ကြီးသည် ကိုယ်တိုင်ကျင့်ကြံ၍ အာ[illegible]



www.burmeseclassic.com

www.burmeseclassic.com




တင်းတိမ်ခြင်းမရှိဘဲ၊ မဟာစည် ဆရာတော်ဘုရားကြီးထံ သွားရောက်ပြီး စနစ်တကျ နည်းနာနိဿယ ခံယူကျင့်ကြံခဲ့သည်။ ရန်ကုန်မှအပြန် ကျွဲတဲရွာ၌ မဟာစည် သာသနာ့ရိပ်သာဖွင့်လှစ်၍ ရဟန်းရှင်လူ သီလရှင်အပေါင်းအား တရားပြခဲ့သည်။

ယောဂီများအား တရားစခန်းဖွင့်လှစ် ပို့ချသည့်အပြင် ရဟန်းသာမဏေ သီလရှင်များကိုလည်း ပရိယတ္တိစာဝါများကို ပို့ချပေးခဲ့သည်။ ၁၉၆၂ ခုနှစ်၌ ထူးဆန်းသော အိပ်မက်အရ မြိုင်နယ် သာယာကောင်းတောင်သို့ သာသနာပြုရန် တပည့် ရဟန်းနှစ်ဦးနှင့်အတူ ကြွရောက် သီတင်းသုံးခဲ့သည်။

သ်ာသနာ့အောင်မြေအဖြစ် သာယာကောင်းတောင်အား စေတီ ပုထိုး ကျောင်းကန် တိုက်တာများနှင့် စည်ကား တိုးတက်စေခဲ့သည်။ သာယာကောင်းနယ်တစ်ဝှမ်း သာသနာ ပွင့်လန်းစေခဲ့သည်။ အိပ်မက်အရ ရဟန္တာတစ်ပါး၏ ခြေတော်ရာကို ရှာဖွေရာ တွေ့ရှိသဖြင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။ ခြေတော်ရာမှာ အရှည် တစ်ပေသာသာရှိပြီး လက်ဝဲ ခြေတော်ရာဖြစ်သည်။ ခြေတော်ရာစေတီကိုလည်း ဆရာတော်ကြီးမှ တည်ထား ကိုးကွယ်ခဲ့သည်။

ခြေတော်ရာ ထင်ကျန်ရစ်သော ကျောက်သား၏ သက်တမ်းကို လေ့လာကြည့်ရှုသည့်အခါ နှစ်ပေါင်း ကြာမြင့်လှပြီဖြစ်ကြောင်း လေ့လာသိရှိရ၏။ ဒေသခံများကမူ ပေါင်လောင်ရှင် ကဿပ မထေရ်ကြီးဟု ယူဆယုံကြည် ဦးခိုက်ကြသည်။ ခြေတော်ရာစေတီအနီး၌ စတုဒိသာ ပြည်လုံးချမ်းသာ ရေးဟောင်းစေတီကို ဖူးတွေ့ရသည်။ သမိုင်းကျောက်စာရေးထိုးထားရာ ကျောက်စာအရ ပေါက္ကံပြည် အလောင်းစည်သူမင်း၏ မြေး၊ နရသူမင်း၏ သားဖြစ်သော နရပတိစည်သူမင်းလက်ထက် ဤတောင်၏ အရှေ့ဘက်တွင် တစ်ဂါ





www.burmeseclassic.com

www.burmeseclassic.com

ဝှတ်ခွဲခန်းအကွာ၊ သက္ကလာရှာ၌ နေထိုင်သော နရပတိစည်သူမင်း၏ ယောက္ခမ မိဖုရားငယ် စောဖြူ၏ ဖခင် တောင်သူကြီး ဦးရွှေခန့်သည် ရွာသူကြီး ဖိုးတလုတ်အား အမှူးထားကာ၊ များစွာသော ဓာတ်တော်၊ မွေတော်၊ ရွှေငွေရတနာတို့ကို နက်စွာသော ဌာပနာတိုက်၌ သွင်းလှူ၍ ခိုင်မြဲစွာ သစ္စာဓိဋ္ဌာန်ပြု တည်ထားခဲ့ကြောင်း ဖတ်ရှုရ၏။ ပါရမီရှင်အဆက်ဆက်တို့က စေတီတော်အား စောင့်ရှောက် ပြုပြင်ခဲ့ကြောင်းလည်း သိရပြန်သည်။

မိမိသည် စေတီတော်ကို အာရုံပြု ဦးခိုက်ကြည်ညိုလျက် အတွင်းမှ ဆင်းတုတော်ကို ဖူးမြော်လေ့လာပါသည်။ ကုန်းဘောင်ခေတ် ဗဒုံမင်းလက်ထက် အေဒီ ၁၈၀၀ ခန့်၊ လွန်ခဲ့သော နှစ် ၂၀၀ ကျော်မှ ဆင်းတုတော်ဟု ယူဆမိရပါ၏။ ဤသည်တို့ကို ကြည့်ရခြင်းအားဖြင့် ဤဒေသတွင် သာသနာပြုပုဂ္ဂိုလ်များ ရောက်ရှိကျင့်ကြံ ပြုပြင်ပြန့်ပွားအောင် ဆောင်ရွက်နေသည်မှာ နှစ်ပေါင်း (၂၀၀)မက ရှိလှပြီဟု သိရှိရပြန်ပါသည်။ ထိုစေတီအနီး တောင်ပိုင် မောင်နှမတို့၏ ပုံတော်ကို တွေ့မြင်၍ မေတ္တာပို့မိရ၏။ မောင်တော် မောင်ခင်ရွှေနှင့် နမတော် မယ်ခင်မေ ဟု သိရသည်။

မိမိနှင့် ဆရာသက်သည် ဤတောင်တွင် ရေ မည်ကဲ့သို့ ရရှိသုံးစွဲသနည်းဟု ဆရာလေး သီလရှင်တစ်ပါးအား စူးစမ်းမေးမြန်းရာ···

"ရေတော့ မပြောပါနဲ့၊ အခက်ခဲဆုံးပါပဲ။ ရေကားတစ်စီးကို အနည်းဆုံး တစ်သောင်းခွဲ ပေးဝယ်ရတယ်။ ရေအခက်အခဲကြောင့် ဆရာတော်ကြီးတွေ မနေနိုင်ဘူး။ သာသနာမပြုနိုင်ကြဘူး။ စက်မှု (၂) နယ်မြေကတော့ ရေသွယ်ကားကြီးတွေနဲ့ ရေလာလှူကြတာတော့ ရှိတယ်။ ထူးထူးခြားခြား ကျောက်ရေတွင်းလေးတစ်တွင်းရှိတယ်။ ညှော်မများရင်တော့ သုံးလောက်ပါတယ်။ ဒါပေမယ့် ဆရာတော်ကြီးရဲ့ သီလဂုဏ်၊ သမာဓိဂုဏ်၊ ဘုရားတန်ခိုးတော်ကြောင့် ဘုရားဖူးတွေကတော့ မပြတ်ပါဘူး ဆရာကြီးတို့"

ဟု ဆရာလေးတစ်ပါးက ရှင်းပြပါသည်။

ရေအခက်အခဲအတွက် ဆရာသက်မှ သူ၏သား ကိုစိုးမိုး + မစုဝေဖြိုး၊ သပြေညိုမိသားစုနာမည်ဖြင့် ငွေကျပ်တစ်သိန်းနှင့် ဘီလပ်မြေ ၅အိတ်အား ရေကန်တစ်ကန်အတွက် လှူဒါန်းခဲ့၏။ ဆရာသက်နှင့်အတူ မိမိတို့လည်း အလှူပွဲ ွင် ပါဝင်သောကြောင့် ရေအကျိုးဆယ်ပါးပြည့်မည်မှာ သေချာလှပါ၏။

ကျောက်ရေတွင်းကြီး နှစ်တွင်းအနီးတွင် ထူးထူးဆန်းဆန်း ဘိုးတော်နတ်ရုပ်ကို တွေ့ရှိရာ အလောင်းစည်သူ နတ်ဘိုးတော်ဟု ကပ္ပိယကြီးတစ်ဦးက ဆိုပြန်ပါသည်။ ဆရာတော်ကြီးအား အိပ်မက်ပေး၍ နတ်နန်းတောင်းရာမှ ဆရာတော်ကြီးက နတ်နန်းပေးထားရခြင်းဖြစ်သည်။

လူ၏ အရပ်အမောင်းနှင့် ပုဂံနေပြည်တော်သို့ လက်ညှိုးညွှန်နေပုံ ထုလုပ်ထားသည်။ နတ်သမိုင်းတွင် စည်သူနတ်ဟု ခေါ်ဆိုရေးသားကြသည်။ နတ်ကန္နားပေးရာ၌ မည်သည့်နတ်ကို ပင့်ပင့်၊ မဏိစည်သူနတ်ကို အရင်ဦးစွာပင့်ရသည်။ အပြင် ၃၇ မင်း နတ်စာရင်းတွင် အချုပ်ဖြစ်သည်။ သာသနာတော်ကို စောင့်ရှောက်သော နတ်ဟုလည်း သိရ၏။

"ပုဆိုးကွက်ကျယ်၊ ဝတ်တိုင်းငယ်ထည်သည်၊ ဘယ်ညာသိုင်းလို့ လှိုင်းကွက်မှောင်နှင့်၊ ပန်းရောင်ငယ်မှ ရော့ရည်ပိတ် ကန့်လွန်းပြန်၊ ကေနံကို ကိုယ်ဟန်ပါးနှင့် ရွှေခါးစည်းလို့···"

ဟူသော နတ်သံကို မိမိ အမှတ်ရမိသည်။ သာယာကောင်းတောင်ပေါ်မှ ကြည့်လျှင် ပုပ္ပားတောင်၊ ရှင်မတောင်၊ ပုဂံညောင်ဦးမြို့များကို ရှုချင်စဖွယ် မြင်တွေ့ ကြည်နူးရ၏။ အလွန်သာယာလှ၏။ ထို့ကြောင့်ပင် သာယာကောင်းတောင်ဟု ဆိုလေရော့သလားဟု မိမိအတွေးဝယ် ခံစားရ၏။

နေညိုအယွန်းဝယ် မိမိတို့သည် ဆရာတော်ကြီး၏ ပြည့်စုံစေသတည်းဟူသော ဆုတောင်းမှုနှင့်အတူ ရင်ဝယ် တသိမ့်သိမ့် ပီတိစိမ်းလျက် ပခုက္ကူမြို့သို့ ပြန်ခဲ့ကြပါတော့သည်။ သီလရှင်ဆရာလေးများ၊ ဦးဇင်း၊ ကိုရင်၊ ကပ္ပိယကြီးတို့က လက်တပြပြနှင့် အဝေးမှ မှန်ဝါးကျန်ခဲ့လေပြီတည်း■


* * *

ကိုနေဦးမောင်(ပခုက္ကူ)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

## ဝေယျာဝစ္စဆောင်ရွက်သော ဆရာတော်ကြီးနှစ်ပါး

ဝေယံဦး

ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်၏ ထီးတော်
ရှိ အာဇာနည်လမ်းပေါ်က မင်္ဂလာဗျူဟာအသင်းချ
ဓမ္မစာပေများကို သင်ကြားပေးလျက်ရှိပါသည်
ယဉ်ကျေးမှုသင်တန်း၊ အဘိဓမ္မာသင်တန်း၊ ဋီကာ
တန်း၊ ဝိသုဒ္ဓိမဂ်သင်တန်း၊ ဝတ်ရွတ်စဉ်သင်တ



www.burmeseclassic.com

www.burmeseclassic.com

သင်တန်း၊ ပဋ္ဌိစ္စသမုပ္ပါဒ်သင်တန်း၊ အခြေခံ ဗုဒ္ဓဘာသာ အင်္ဂလိပ်စာသင်တန်း စသည် စသည် သင်ကြားပို့ချပေးလျက် ရှိပါသည်။ ထို့နောက်တစ်ဖန် အခါတော်နေ့ ပူဇော်ပွဲများ၊ ဆွမ်းလှူပွဲ၊ ဆွမ်းတော်ကြီးတင်ပွဲ၊ ဆရာတော်ကြီးများမှ ဩဝါဒ ခံယူပွဲ၊ သာမဏေကျော် စာတော်ပြန်ပွဲ စသည် စသည် ကျင်းပပြုလုပ်ကြပါသည်။

ယခင်အခါက လယ်တီမူ အနာဂါမ်ဆရာ သက်ကြီးနည်းစီပသသနာ တရားစခန်းများလည်း ကျင်းပပါသည်။ မင်္ဂလာဗျူဟာ ဝတ်အသင်းသားများက ဝါတွင်းကာလအတွင်း ရွှေတိဂုံစေတီ၊ မဟာဝိဇယစေတီများတွင် သွားရောက် ဝတ်ရွတ်ကြပါသည်။ လစဉ် နှစ်ကြိမ်ကျ ရွှေတိဂုံစေတီတော် အလျှံခုံနှုတွင် ဝတ်ရွတ်စဉ်သင်တန်းပြ ဆရာ ဦးကျော်မြိုင်က ဦးဆောင်၍ မင်္ဂလာဗျူဟာအသင်းသူ အသင်းသားများက ပါဝင်ကုသိုလ်ယူ ဝေယျာဝစ္စဆောင်ရွက်ပေးကြပါသည်။ စာရေးသူလည်း မင်္ဂလာဗျူဟာအသင်းချုပ်တွင် ဓမ္မစာပေများကို သင်ကြားရင်း ဆရာ ဦးကျော်မြိုင်ခေါင်းဆောင်သော ဝေယျာဝစ္စများ ဆောင်ရွက်လာခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီဖြစ်ပါသည်။ စာရေးသူမှာ အသက်အရွယ်က ဇရာသို့ ရောက်လာပြီး ကျန်းမာရေးကြောင့် မင်္ဂလာဗျူဟာအသင်းချုပ်မှ ဝေယျာဝစ္စဆောင်ရွက်မှုမှ အနားယူခဲ့သည်မှာ ကြာပြီဖြစ်သော်လည်း လွန်ခဲ့သော ၁၉၉၈ ခုနှစ်က မင်္ဂလာဗျူဟာ အသင်းချုပ်တွင် လယ်တီမူ အနာဂါမ်ဆရာ သက်ကြီးနည်းစီပသနာတရားစခန်းကျင်းပစဉ်က မမေ့နိုင်သောအကြောင်း အရာတစ်ခုကို တင်ပြပေးချင်ပါသည်။

အထူးသဖြင့် သာရေးနာရေးကိစ္စများတွင် လူတိုင်း ရှောင်ချင်သော အလုပ်ဆိုတာ ရှိပါသည်။ တံမြက်စည်းလှည်း ကျင်းခြင်း၊ ပန်းကန်ဆေးခြင်း၊ အိုးများ ဆေးကြောခြင်း၊ ချက်ပြုတ်ကြော်လှော်ခြင်းကိစ္စတို့ ဖြစ်သည်။ အထူးသဖြင့် ဘုန်းတော်ကြီးကျောင်းများတွင် တံမြက်စည်းလှည်း၊ ကုဋီဆေးကြောခြင်းကို လုံးဝမလုပ်ချင်ကြပေ။ လူနည်းစုသာ အားကျိုးမာန်တက် ဆောင်ရွက်ကြသည်ကို စာရေးသူတွေ့ဖူးသည်။ မင်္ဂလာဗျူဟာအသင်းချုပ်သည် ဓမ္မစာပေ သင်ကြားသော ကျောင်းဖြစ်၍ တရားစခန်းဖွင့်မည်ဆိုတော့ ဝေယျာဝစ္စကိစ္စ အတော်ဂယက်ရိုက်သွားသည်။ ဝေယျာဝစ္စအဖွဲ့ခေါင်းဆောင် ဆရာ ဦးကျော်မြိုင်နှင့် ဝေယျာဝစ္စအဖွဲ့သားများမှာ အတော် ပင်ပန်းသွားကြသည်။ အချက်အပြုတ်ကိစ္စကို အင်းစိန် ဖော့ ကန်းလမ်းနေ ဒေါ်အေးရီ၊ ဒေါ်သန်းသန်းနုတို့က ဦးဆောင်၍ ဝေယျာဝစ္စဆောင်ရွက်လိုသူများ ခေါ်လာပြီး ဆောင်ရွက်ကြပါသည်။ ဤတွင် တရားစခန်းဖွင့်ရာမှာ အထူးသဖြင့် ရေရရှိရေး၊ အိမ်သာများ သန့်ရှင်းရေးကိစ္စမှာ အလွန်အရေးကြီးပါသည်။ ဝေယျာဝစ္စဆောင်ရွက်ရာမှာ အမာခံ ပုဂ္ဂိုလ်များမှာ ကျော်ဝင်းနိုင်၊ မမိမိချို၊ မအမာဆွေနှင့် စာရေးသူတို့ဖြစ်သည်။ စာရေးသူတို့မှာ အကြမ်းရော အနုပါ ဆောင်ရွက်ရပါသည်။ ဆွမ်းချက်ကိစ္စကို စာရေးသူနှင့် ကျော်ဝင်းနိုင်က ဆောင်ရွက်သည်။ လမ်းမတော်မြို့နယ်က ညီအစ်မသုံးဦးဖြစ်သော နှင်းနှင်းအေး၊ ယဉ်ယဉ်အေး၊ မြတ်မြတ်အေးတို့ကလည်း ကုသိုလ်အရေးမို့ ဘက်ပေါင်းစုံက ပါဝင်ကုသိုလ်ယူ ဆောင်ရွက်ပေးကြသည်။

တရားစခန်းကျင်းပသောရက်များတွင် အထူးခြားဆုံး ဝေယျာဝစ္စဆောင်ရွက်သူမှာ မမိမိချိုဖြစ်ပါသည်။ အစားလည်း နည်း၊ အအိပ်လည်း နည်းပြီး ချက်ပြုတ်ရာမှာလည်းကောင်း၊ ယောဂီများအား ကျွေးမွေးရာမှာ လည်းကောင်း၊ သန့်ရှင်းရေး ဆောင်ရွက်ရာမှာ လည်းကောင်း တက်ကြွရွှင်လန်းပါဝင် ဆောင်ရွက်နေသည်ကို စာရေးသူတွေ့မြင်ပါသည်။ ယောဂီများ ရေချိုးရရှိရေးကိစ္စ၊ ယောဂီများ၏ အဝတ်အစားများ လျှော်ဖွပ်ရေးကိစ္စပါ ဆောင်ရွက်ပေးပါသည်။

အထူးခြားဆုံး အဖြစ်အပျက်တစ်ခုမှာ တရားစခန်း ကျင်းပသော သုံးရက်မြောက်နေ့ နံနက်ပိုင်း ဂနာရီခန့်တွင် အသက် ၇၀ကျော်အရွယ်ရှိ အမျိုးသားကြီးတစ်ဦးသည် သူ၏ အိပ်ရာနေရာတွင် ဝမ်းများ ထွက်ကျပြီး လူကလည်း မထနိုင်ဖြစ်ရသည်။ အနံ့အသက်ဆိုးကြောင့် မည်သူကမျှ ထိုယောဂီကြီးနား မကပ်ဝံ့ကြ။ အကူအညီပေးဖို့ ဝေလာဝေး။ ဤသို့သောအခြေအနေကို ဖြေရှင်းပေးလိုက်သူကတော့ ဝေယျာဝစ္စအဖွဲ့ဝင် မမိမိချိုပဲ ဖြစ်ပါသည်။ ယောဂီအမျိုးသားကြီးအား တွဲထူပြီး ရေချိုးသောနေရာသို့ တွဲခေါ်သွားပြီး အညစ်အကြေးများကို သန့်ရှင်း၊ အဝတ်အစားလဲလှယ်ပေး၊ အိပ်ရာခင်းများကို လျှော်ဖွပ် နေပူလှန်း၊ မကောင်းသော အနံ့အသက်များပျောက်အောင် ဆေးဖြန်းနှင့် အလုပ်ရှုပ်နေပါတော့သည်။

ဤဖြစ်ရပ်သည် သာမန်ကြည့်က မထူးဆန်းသော်လည်း အံ့ဖွယ်ကောင်းသော ကိစ္စဖြစ်ပါသည်။ သွေးသား မတော်စပ်သူ၏ အညစ်အကြေးကို သန့်ရှင်းရေးပြုဝံ့သူမှာ လောကမှာ အရှားသား။ မမိမိချို၏ စိတ်ထားကို စာရေးသူ ချီးကျူးမိပါသည်။ သူများ မလုပ်ဝံ့သောကိစ္စကို သူမက ဆောင်ရွက်သွားခြင်းမဟုတ်ပါလား။

ယခုအခါ မမိမိချိုသည် သီလရှင် "ဒေါ်ကုသလဝတီ" အမည်ဖြင့် လယ်တီမူ အနာဂါမ်ဆရာ သက်ကြီးနည်း



www.burmeseclassic.com

www.burmeseclassic.com

ဝိပဿနာအဖွဲ့ချုပ်က တာဝန်ပေးချက်ရ တရားစခန်းဖွင့်သော ရိပ်သာများသို့ သွားရောက်၍ တရားစခန်းဝင်သော ယောဂီများကို တရားပြသလျက်ရှိပါသည်။

ဝေယျာဝစ္စအလုပ်သည် သာသနာ့အတွက်ရော၊ လူမှုရေးအတွက်ပါ အကျိုးရှိစေပါသည်။ စာရေးသူ လည်း မင်္ဂလာဗျူဟာအသင်းချုပ်တွင် လည်းကောင်း၊ ရပ် ကွက်သာရေးနာရေးကိစ္စ နာရေးကိစ္စတို့တွင် လည်းကောင်း အားတက်သရော ဆောင်ရွက်ပေးခဲ့ဖူးပါသည်။ ဘာ့ကြောင့် ဝေယျာဝစ္စအလုပ်ကို လုပ်ဆောင်ရသလဲ မေးက ကုသိုလ်လိုချင်၍ ဖြစ်တယ်ဟု စာရေးသူ ဖြေရလိမ့်မည်။ လူတို့၏ အခက်အခဲကို ကူညီခြင်းသည် မင်္ဂလာမဟုတ်ပါလား။ စာရေးသူအဖို့ ဤလောက်ပဲ တွေးမိသည်။

ဤနေရာ၌ စစ်ကိုင်းတောင်ရိုး "လှေသင်းမင်းကျောင်း ဆရာတော်ဘုရားကြီး" နှင့် "လယ်တီဆရာတော်ဘုရားကြီး" နှစ်ပါးတို့၏ ဝေယျာဝစ္စကုသိုလ်ဆောင်ရွက်ပုံကို တင်ပြချင်ပါသည်။

လှေသင်းမင်းကျောင်း ဆရာတော်သည် ဧရာဝတီမြစ်အတွင်းသို့ ရေချိုးဆင်းလေ့ရှိရာ ရေမျောလာသော ထင်းများကို ကမ်းပေါ်၌ ဆယ်ယူ စုပုံထားပြီး နည်းနည်းချင်း ကျောင်းသို့ ထမ်းသယ်၏။ ဆောင်းအခါ သံဃာများ မီးလှုံရန် ကျောင်းတွင်း၌သာမက ကျောင်းပေါက်မှ ဝတ်ချက်ရွာအထိ နှစ်မိုင်ခန့် လမ်းတစ်လျှောက် မီးဖိုများ ဖိုပေး၏။ ဘုရားကိုလည်း မီးပုံလှူ၏။ ယုတ်စွအဆုံး ခွေးများအတွက်ပင် မီးဖိုပေးလေ့ရှိသည်။

ဧရာဝတီမြစ်ထဲမှ သဲများကို ထမ်းသယ်၍ ကျောင်းဝင်း၌ ခင်းထား၏။ တစ်နေ့ နည်းနည်းဖြင့် လှည်းအစီးပေါင်း တစ်ထောင်ခန့်ရှိသည်။ ကျောင်းဝင်းတစ်ပြင်လုံးနှင့် သံဃာများ ဆွမ်းခံကြွရာ နှစ်မိုင်ခန့် လမ်းတစ်လျှောက်လုံး နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် တံမြက်လှည်း၏။ အလိုအလျောက် သန့်ရှင်းနေသည် ဖြစ်စေ၊ အခြားသူများက လှည်းထားသည် ဖြစ်စေ၊ ပြောင်နေသော်လည်း ထပ်၍ လှည်းမြဲ လှည်း၏။ "ကာယ ဝေယျာဝစ္စ သေနာသန ကုသိုလ်ဇောဖြစ်သဟဲ့" ဟု မိန့်တော်မူသည်။

ကျောင်းတိုက် သံဃာများအတွက် ချိုးရေ၊ သုံးရေ၊ သောက်ရေ အားလုံး မိုးမလင်းမီ ခပ်ထည့်နှင့်ပြီးဖြစ်လေသည်။ သံဃာငယ်များက သိ၍ ဦးအောင် ခပ်ထည့်ထားလျှင်လည်း ထိုရေများကို ဘုရားလှူပြီး ဧရာဝတီမြစ်သို့ ဆင်းကာ ခပ်မြဲ ခပ်ထည့်တော်မူသည်။ ရေတစ်အိုးပြည့်ရန် မလွယ်ကူချေ။

သံဃာများ သုံးရန် ဒန်ပူတံ ကင္ဒတံများကိုလည်း
သောင်းသိန်းချီ၍ ကိုယ်တိုင်သပ်တော်မူ၏။ ဘုရားရှင်ကိုလည်း
ဆီမီး၊ ပန်း၊ ရေ လှူရိုးလှူစဉ်မျှမက ရာသီဥတုအလိုက်
ဆောင်းအခါ မီးဖို၍ လှူခြင်း၊ နွေအခါ ယပ်လေခတ်၍
လှူခြင်းများကိုလည်း ပြုတော်မူသည်။

ထိုအလုပ်များကို ကျောင်းထိုင် အဓိပတိ သက်ရှယ်
ကြီး ဆရာတော်ကြီးတစ်ပါးအဖြစ်ဖြင့် လုပ်နေခြင်းဖြစ်၏
တစ်ဖက်က စာချ၊ တရားဟော၊ စာရေး(ကျမ်းပြုခြင်း)နှင့်
တရားအားထုတ်ခြင်းများလုပ်သည့်ကြားက **လုပ်တော်မူသော်**
လည်း လူသိမခံ၊ ရဟန်းငယ်များ အိပ်ရာက နိုးမှသာ ရေ
ခတ်ပြီး တံမြက်လှည်းပြီး မီးဖိုပြီးဖြစ်နေသည်ကို အမြဲတွေ့
နေကြရ၏။ မအိပ်မနေ အလုပ်လုပ်တော်မူသည်။

ရတနာသုံးပါးအတွက် သံဃာများအတွက် ဤမျှ အနစ်
နာခံတော်မူသော်လည်း မိမိအတွက် အခြားသူများ တာဝန်
တက်မည်ကို နည်းနည်းကလေးမျှ လိုလားတော်မမူ၊ တစ်ချိန်
တွင် ဝမ်းသွန်းရောဂါဖြစ်၍ သေမည်ထင်သဖြင့် သုသာန်သို့
ဒရွတ်ဆွဲ အထောက်ထောက်နားရှိ ညတိတ်တဆိတ် ထွက်
သွား၏။ မိုးလင်း၍ ရှာကြသောအခါ မြေပုံတစ်ခု၌ ခေါင်းဆိုက်
မြောနေရင်း "ငါသေရင် မင်းတို့ ဒုက္ခမများအောင်လို့" ဟု
မိန့်တော်မူသည်။

လယ်တီဆရာတော်လည်း ရတနာသုံးပါးဝတ်ကြီး
အနှစ် ၂၀ကျော် လုပ်တော်မူသည်။ မုံရွာမြို့တွင်းသို့ ဆွမ်း
ကြွတိုင်း ရေအိုး၊ တံမြက်စည်းများကိုပါ သပိတ်အိတ်နှင့်
အတူ ယူဆောင်ကြွသွားလေ့ရှိ၏။ ရွှေစည်းခုံဘုရားအနီး
တစ်ရပ်တစ်သူခန့် ချောက်ကြီးများကို မြေဖို့ခြင်း၊ လမ်းခင်း
ခြင်း၊ မိမိကျောင်းတွင်းမျှမက မြို့တွင်းကျောင်းများ၌ပင် ကျ
မှအစ ရေခပ်လောင်းထည့်ခြင်း၊ တံမြက်လှည်းခြင်းများ ပြု
လုပ်ပြီးမှ ဆွမ်းခံတော်မူသည်။

ခန္ဓာကိုယ်အရာ နွားကြီးကို တန်အောင် နိုင်းပေးမှ
ဟုလည်း ကျူးဝါးတော်မူလေ့ရှိသည်။ နေ့စဉ်နှင့်အမျှ ထ
ရောက်ရေခပ်၊ တံမြက်လှည်းနေသော လယ်တီဆရာတော်
အား မြို့တွင်း ကျောင်းခံ ဘုန်းကြီးများက ကြားလျှင် အား
လာကြသဖြင့် -

"လယ်တီ ဘုန်းကြီး. . . ဒီလို မလုပ်ပါနှင့်။ သည်
ပါတော့။ တော်လောက်ပါပြီ" ဟု တောင်းပန်ကြရာ -

"တပည့်တော်ကို သနားရင် ခွင့်ပြုပါ။ တစ်သံသ
တပည့်တော်ရဲ့ လက်တွေ၊ ခြေတွေဟာ သားကို မ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ပဲ ဖြစ်ခဲ့ရပါတယ်။ ကံကောင်းထောက်မလို့ သာသနာ နှင့် ကြုံတုန်း သာသနာ့ကျွန်၊ သံဃာ့ကျွန်အမှု ပြုခွင့်ပေးကြ ပါ ဘုရား”ဟု ပြန်လည်တောင်းပန်၍ လုပ်မြဲ လုပ်တော်မူ သည်။

သံဃာများကို ဆွမ်းခံကျွေးရုံမျှမက ဆွမ်းစားပြီးလျှင် လည်း သံဃာများ စားသောက်သည့် ခွက်ပန်းကန်များကိုပင် ကိုယ်တော်တိုင် ဆေးကြောလိုက်သေးသည်။

သံဃာများ နေထိုင်မကောင်းလျှင် မည်မျှလောက် ကြောက်စရာကောင်းသော ကူးစက်ရောဂါကြီးပင် ဖြစ်စေ၊ ကိုယ်တိုင် သူနာပြုလုပ်၏။ လေသင်မ်င်းကျောင်း ဆရာတော် အား သေလျှင် အလောင်းကို ကိုယ်တိုင်ထမ်း၍ သုသာန်သို့ သဂြိုဟ်တော်မူသေးသည်။

ဤကဲ့သို့သော ဒါန၊ ဝေယျာဝစ္စ(သီလ)ကို ဆရာတော် ကြီးနှစ်ပါးက ဘာ့ကြောင့်ပြုလုပ်ပါသလဲ။ ဂမ္ဘီရဆန်းကြယ် စာဖတ်ပရိသတ်များ သိချင်ကြပေလိမ့်မည်ဟု စာရေးသူ ယုံ ကြည်မိပါသည်။

ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို သိ၍ဖြစ်ပါသည်။

ဝေယျာဝစ္စ(သီလ)ဖြင့် ကိလေသာကို တိုက်ပွဲဝင်တော် မူခြင်းပင် ဖြစ်ပါသည်။ မိမိကဲ့သို့ အသက်၊ သိက္ခာ၊ အသိ ဉာဏ်ပညာ မကြီးကြသေးသော ရှင်ငယ်၊ ရဟန်းငယ် (သံဃာ)တို့ကို အလေးအမြတ် တန်ဖိုးထားခြင်း။

ထိုသံဃာတော်များအတွက် အမှန်တကယ်လိုအပ် ချက်များကိုသာ ပေးလှူပြုလုပ်ခြင်း၊ ကမ္မဋ္ဌာန်းထိုင်လျှင် ပြီး ပါပဲဟု ယူဆတော်မမူဘဲ အချိန်အခါ အခြေအနေပေး သလောက် ဒါနမှစ၍ ပါရမီလုပ်ငန်းတို့ကို မလွှတ်တမ်း ဆိုတော်မူခြင်း ဖြစ်ပါသည်။

ဤနေရာတွင် ငွေကြေးချမ်းသာကြွယ်ဝမှ လှူမယ်၊ အိုးထီပေါက်မှ လှူမယ်ဆိုသောသူများ အတုယူရန် အချက် ဖြစ်ပါသည်။ မိမိကိုယ်မိမိ အထပ်ထပ်စစ်ကြောမေးမြန်းကြည့် ပါ။

ဒီဘဝမှာ ငါသည် ဝေယျာဝစ္စ(သီလ)ကို ဆောင်ရွက်ပူး ပြီးသလား။ အကယ်၍ မဆောင်ရွက်ရသေးလျှင် ဆောင်ရွက် ပေးလိုက်ပါ။ သံဃာတော်များ ရှင်ငယ်များ သီတင်းသုံးသော ဘုန်းတော်ကြီးကျောင်းများတွင် ချုံနွယ်များ ရှင်းလင်းပေးခြင်း၊ အမှိုက်လှည်းကျင်းခြင်း၊ ကုဋီများ သန့်ရှင်းရေးဆောင်ရွက် ခြင်း ဆွမ်းစားပြီး ပန်းကန်များ ဆေးကြောခြင်း စသော ကုသိုလ်ကောင်းမှုတို့သည် ငွေကြေးရှိမှ ဆောင်ရွက်ရသော အလုပ်မဟုတ်ပါ။ ဘုရားစေတီရင်ပြင်တော်တွင် သန့်ရှင်းရေး ဆောင်ရွက်သော ဝေယျာဝစ္စ(သီလ)ကုသိုလ်လည်း ထို့အတူ ပင်။ ဝေယျာဝစ္စကုသိုလ်သည် လူတိုင်းမလုပ်ကြသော မလုပ် နိုင်သော ကုသိုလ်ဖြစ်ပါသည်။

အလှူပွဲတစ်ခုတွင် လာရောက်ကြသောသူအများစုမှာ ဟိုလိုလို ဒီလိုလိုနှင့် ဟိုစကားပြော ဒီစကားပြော စားသောက် ပြီး ပြန်သွားသူက များပါသည်။ တစ်ခါက ဆရာဒကာဖြစ် သော သံဃာတော်တစ်ပါးက စာရေးသူအား မိန့်ကြားဖူးရာ မှာ -

“တစ်ခါက ဦးဇင်း သီတင်းသုံးနေတဲ့ ကျောင်းမှာ အလှူပွဲတစ်ခုပြုလုပ်တယ်။ ပင့်သံဃာအပါး ၂၀လောက်ရှိ မယ် ဒကာ ဝေယံဦး။ ဖြစ်ပုံက ဆွမ်း၊ ဆွမ်းဟင်းကပ်တာ လေ။ ဆွမ်းလိုက်ပွဲက အနားမှာ ချမထားဘူး။ စားပွဲခုံပေါ်မှာ လည်း တင်မထားဘူး။ အဲဒီမှာ ဆွမ်းစားနေတုန်းမှာ ပင့် သံဃာတွေထဲက ဆွမ်းဘုဉ်းတာ ဆွမ်းဘုဉ်းတာ ဆွမ်းလိုက် ပေးရတော့မယ်။ အဲဒါကို ဦးဇင်းက မြင်တယ်။ ဟို-ဒီကြည့် လည်း ဆွမ်းလိုက်ပွဲကို မတွေ့ဘူး။ သံဃာတော်တွေ ဆွမ်း ဘုဉ်းပေးနေစဉ် အနားမှာ လူပုဂ္ဂိုလ်ဆိုလို့ တစ်ယောက်မှ မရှိဘူး။ ဝေယျာဝစ္စဆောင်ရွက်ဖို့ ဝေလာဝေး။ ဦးဇင်းတို့ရဲ့ နောက်ဘက်မှာ ဒကာ၊ ဒကာမတွေ အယောက် ၃၀နီးပါးရှိ မယ်။ ဝိုင်းဖွဲ့စကားပြော အချိုမုန့်ဝေစား၊ ရေနွေးကြမ်းသောက် နဲ့ တရုန်းရုန်းပဲ။ ဦးဇင်းလည်း အတော်စိတ်ပျက်သွားတယ်။ ကံကောင်းချင်တော့ ရတ်တရက် ဦးဇင်းရဲ့ ဆွမ်းဒကာမ ဝါဝါကို တွေ့လိုက်တယ်။ ဦးဇင်းလည်း မသိမသာ လက်ဟန် နဲ့ လှမ်းခေါ်ပြီး ဆွမ်းလိုက်ခိုင်းရတယ်။ ပင့်သံဃာတွေအပေါ် ဂရုမစိုက် မရိုမသေပြုရာရောက်မှာ စိုးရိမ်စိတ်ကနေ ဝမ်းသာ သွားတယ်။ အဲဒါကြောင့် ဝေယျာဝစ္စအလုပ်ဟာ အရေးကြီး တယ်လို့ ဒကာ ဝေယံဦးကို ဦးဇင်းက ပြောချင်တာ”

ထို့ကြောင့် သူတော်ကောင်းများ ကျင့်ကြံအားထုတ် သော ပုညကြိယာဝတ္ထု ၁၀ပါးထဲက တစ်ပါးအပါအဝင်ဖြစ် တဲ့ ဝေယျာဝစ္စ ကုသိုလ်ရအောင် ဆောင်ရွက်ကြစေရန် ဂမ္ဘီရ စာဖတ်ပရိသတ်တို့ကို စာရေးသူက တိုက်တွန်းနှိုးဆော် လိုက်ချင်ပါသည်။

* * *

ဝေယံဦး


ကိုးကား

- ဓမ္မာစရိယ ဦးဌေးလှိုင်၏ ရတနာသုံးပါးကျေးဇူး



www.burmeseclassic.com

www.burmeseclassic.com



# စ . ဓ . ဗ . ဝ စမကြီးလေးလုံးနှင့် ကိုးနဝင်းအဓိဋ္ဌာန်

■ ပေါ်လွင်ဦး (ရေး) ■

သံသရာခရီးသွား ကျွန်ုပ်တို့ လူသားတိုင်းသည် အတိတ်ဘဝက မိမိတို့ပြုခဲ့သော ကောင်းမှုကုသိုလ်ကံများ ရှိသကဲ့သို့၊ မိမိတို့ မထင်မှတ်ဘဲ ပြုလုပ်ခဲ့သော မကောင်းမှု အကုသိုလ်ကံများလည်း ရှိကြပါသည်။ မိမိသည် ယခုလက်ရှိ အခြေအနေတွင် ကုသိုလ်ကောင်းမှု မည်မျှပင် ပြုလုပ်သော်လည်း မိမိတို့ ပြုလုပ်ခဲ့သော အကုသိုလ်ကံက အကျိုးပေးချိန် တန်လာလျှင် ဆင်းရဲဒုက္ခမျိုးစုံ ကြုံတွေ့လာရတတ်သည်။ ထိုအခါမှ ဗေဒင်မေးခြင်း၊ ယတြာချေခြင်း၊ ကြိုပ်စာကျွေးခြင်းတို့ ပြုလုပ်ကြလေသည်။

အကုသိုလ်ကံကြွေးများ ပ,ပျောက်သွားစေရန် ဘုရား၊ တရား၊ သံဃာ၊ ရတနာသုံးပါးအား ရည်စူး၍ အလှူဒါန ကုသိုလ်ကောင်းမှုများ ပြုလုပ်ခြင်း၊ ဂုဏ်တော်ရည်မှန်း ပုတီးစိပ်ခြင်း၊ ဒဿမထတရား ဘာဝနာတရား ပွားများအားထုတ်ခြင်းတို့သည် မကောင်းမှု အကုသိုလ်ကံကို အထမမြောက်စေဘဲ၊ ကောင်းမှုကုသိုလ်ကံတို့ကြောင့် ဘေးအပေါင်း၊ ရန်အပေါင်း၊ အန္တရာယ်အပေါင်းတို့မှ ကင်းဝေးစေသည်။


www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် ရှေးဆရာကြီးများ စီရင်ထားသော စ·ဓ·ဗ·ဝ အဓိဋ္ဌာန်ပုတီးစိပ်ခြင်းကို ယုံကြည်စွာ ကျင့်ကြံပွားများအားထုတ်ခြင်းဖြင့် မကောင်းသော အကုသိုလ်အရှိန်အဝါ ေမှးမှိန်၍ ကောင်းကျိုးဟူသမျှ လိုတိုင်း ရရှိနိုင်သည်။

မိမိတို့၏ ဖြိုးပြက်စားသက်ရောက်ညှဲလျှင် ဖြစ်စေ၊ အလုပ်အကိုင် အကြံအစည်တို့ အထမမြောက်ဘဲ ပျက်စီးလျှင် ဖြစ်စေ၊ စ·ဓ·ဗ·ဝ ပုတီးစိပ်နည်းကို ယုံကြည်စွာ ကျင့်ကြံအားထုတ် ပွားများခြင်းဖြင့် မိမိတို့၏ အလုပ်အကိုင် စီးပွားရေး၊ ကျန်းမာရေးမှအစ ကံပွင့် အောင်မြင် တိုးတက်လာမည်။ ထိုသို့ ကျင့်ကြံ အားထုတ်ရာတွင် စ·ဓ·ဗ·ဝ အဓိပ္ပာယ်အကျဉ်းချုပ်ကိုတော့ သိရှိရန် လိုအပ်သည်။

**စ·ဓ·ဗ·ဝ ဂါထာ**

*စက္ခုံ မာစရ မာစိတ္တော၊*

*ဓမ္မည္ခု ဓမ္မ သာမိကော။*

*ဗလူပေဓတာ ဗလဓရော၊*

*ဝရဒေါ် ဒေတု မေ ဝရံ။*

စ,အက္ခရာ၏ အဓိပ္ပာယ်မှာ စက္ခုတစ်ထောင်ကို အမြင်ဆောင်တော်မူ မြတ်စွာဘုရားကို ရှိခိုးပါ၏။

ဓ,အက္ခရာမှာ တရားအားလုံးကို သိမြင်တော်မူသဖြင့် တရားပိုင်ရှင်ဖြစ်သော မြတ်စွာဘုရားအား ရှိခိုးပါ၏။

ဗ,အက္ခရာ၏ အဓိပ္ပာယ်မှာ အားတော်နှစ်ပါး အားတော်ငါးပါး အားတော် ဆယ်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား ရှိခိုးပါ၏။

ဝ,အက္ခရာ၏ အဓိပ္ပာယ်မှာ အောင်ဆုအမျိုးမျိုးတို့ ပေးတော်မူနိုင်သော မြတ်စွာဘုရားအား ရှိခိုးပါ၏ဟု ဆိုလိုသည်။

စ·ဓ·ဗ·ဝ ကို လက်တွေ့ အားထုတ်ရာတွင်···

(၁) စ·ဓ·ဗ·ဝ ဟု ဆိုပြီး ပုတီးတစ်လုံးချပါ။ (စ, အက္ခရာအတွက် ပုတီးတစ်ပတ်စိပ်ပါ။)

(၂) စ·ဓ·ဗ·ဝ ဟု ဆိုပြီး ပုတီးတစ်လုံးချပါ။ (ဓ, အက္ခရာအတွက် ပုတီးတစ်ပတ်စိပ်ပါ။)

(၃) စ·ဓ·ဗ·ဝ ဟု ဆိုပြီး ပုတီးတစ်လုံးချပါ။ (ဗ, အက္ခရာအတွက် ပုတီးတစ်ပတ်စိပ်ပါ။)

(၄) စ·ဓ·ဗ·ဝ ဟု ဆိုပြီး ပုတီးတစ်လုံးချပါ။ (ဝ, အက္ခရာအတွက် ပုတီးတစ်ပတ်စိပ်ပါ။)

တစ်နေ့လျှင် ပုတီး (၄)ပတ်စိပ်ရမည်။ မိမိမွေးနေ့မှ စ၍ အဓိဋ္ဌာန်ဖြင့် စိပ်ပါ။ အဓိဋ္ဌာန်ဖြင့် စိပ်ရာတွင် အချိန်မှန်မှန် ပုတီးအပတ်ရေ တိကျစေရမည်။

အဓိဋ္ဌာန်ယူထားသော ကိုးရက်အတွင်း မေတ္တာသုတ်ရွတ်ဖတ်ပွားများနိုင်လျှင် ပို၍ကောင်း၏။ သက်သတ်လွတ်စားနိုင်လျှင် စားပါ။ ကိုးရက်ပေါင်း ကိုးကြိမ်ပြည့်အောင် အားထုတ်ပါ။ ရက်ပေါင်း (၈၁)ရက်ရမည်။ ပုတီးပတ်ရေ (၃၂၄)ပတ်ရမည်။

ရက်ပေါင်း ၈၁ ရက်တွင်···

၈ + ၁ = ၉

ပုတီးပတ်ရေပေါင်း ၃၂၄ ပတ်မှာ···

၃ + ၂ + ၄ = ၉

ရက်ပေါင်း (၉) နှင့် အပတ်ရေပေါင်း (၉) ပေါင်းလျှင် (၁၈) ရမည်။

(၈ + ၁) ပြန်ပေါင်းသော် (၉)ဂဏန်းပြန်ရမည်။

စ·ဓ·ဗ·ဝ ကိုးနဝင်း ပုတီးစိပ်နည်းဖြစ်သည်။ နေ့စဉ်နံနက်၊ ည ၃၁ ဘုံရှိ ဝေနေယျ၊ ဒုက္ခိတ၊ သုခိတ သတ္တဝါတို့အား မေတ္တာပို့ အမျှဝေပါ။

ဤနည်းဖြင့် စာရေးသူသည် တစ်ချိန်က လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးမှအစ အရာရာနိမ့်ပါး ဒုက္ခရောက်နေစဉ် ရွှေတိဂုံစေတီတော်အရှေ့ဘက်ထောင့်တွင် ပုတီးစိပ်စဉ် ယောဂီရောင် အထက်အောက် ဆင်တူဝတ်ထားသော ပုဂ္ဂိုလ်တစ်ဦးမှ ပေးသော ပုတီးစိပ်နည်းဖြစ်သည်။ စာရေးသူသည် ယုံကြည်စွာနှင့် ကျင့်ကြံပွားများခဲ့ရာ အစစအရာရာ အခက်အခဲတို့ကို ကျော်ဖြတ် အောင်မြင်ခဲ့လေသည်။

ထို့ကြောင့် စာဖတ်သူအပေါင်းအား ဘဝတွင် အခက်အခဲများ ကြုံတွေ့လာပါက ကျင့်ကြံပွားများ အားထုတ်လျှင် အရာရာ အောင်မြင်လာမည်မှာ မြေကြီးလက်ခတ်မလွဲပင် ဖြစ်သည်။ ■

* * *

ပေါ်လွင်ဦး(ရေး)



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်···

မဂ်တရားဆိုတာ သောတာပတ္တိမဂ်၊ သကဒါဂါမိမဂ်၊ အနာဂါမိမဂ်၊ အရဟတ္တမဂ် ဆိုတဲ့ မဂ်လေးပါးရှိတဲ့ ဉာဏ်ကို ဆိုတာဖြစ်ပါတယ်။ အလားတူ ဖိုလ်တရားဆိုတာလည်း သောတာပတ္တိဖိုလ်၊ သကဒါဂါမိဖိုလ်၊ အနာဂါမိဖိုလ်၊ အရဟတ္တဖိုလ် ဆိုတဲ့ ဖိုလ်လေးပါးမှာ ရှိတဲ့ ဉာဏ်ကို ဆိုလိုတာဖြစ်ပါတယ်။

ဒီနေရာမှာ မဂ်-ကိလေသာတို့ကို ပယ်ပုံအား နားလည်သလောက် ရှင်းပြပါမယ်။ ကိလေသာကို ပယ်ရာမှာ လောကီကုသိုလ်တွေကလည်း ပယ်နိုင်ပါတယ်။ ဒါပေမယ့် လောကီကုသိုလ်တွေနဲ့ ပယ်မှုဟာ တဒင်္ဂမျှသာ ဖြစ်ပါတယ်။ ထို လောကီကုသိုလ်တွေရဲ့ ပယ်မှုဟာ အနုသယခေါ် ကိန်းအောင်းနေတဲ့ အငုတ်ဓာတ်ကို အသေမသတ်နိုင်သဖြင့် နောက်ထပ် ပြန်ပေါ်လာရစမြဲဖြစ်ပါတယ်။ မဂ်၏ ပယ်ခြင်းမှာမူ အနုသယခေါ် အငုပ်ဓာတ်ကိုပင် အပြတ်သတ်နိုင်၍ အကယ်စင်ကြယ်သော တရားဖြစ်ပါတယ်။

အနုသယအကြောင်း အနည်းငယ် ရှင်းရလျှင် ကိလေသာတရားတွေမှာ ဝီတိက္ကမ-ကျူးလွန်ခြင်းအဆင့်၊ ပရိယုဋ္ဌာန-အကြွသောင်းကျန်းသည့်အဆင့်၊ အနုသယ-ကိန်းဝပ်သည့်အဆင့်ဟူ၍ အဆင့်သုံးဆင့်ရှိရာတွင် အနုသယအဆင့်ကို ပယ်နိုင်မှ လုံးဝပယ်သည်ဟု ဆိုရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မဂ်စိတ်ဖြင့် ဒိဋ္ဌိ ဝိစိကိစ္ဆာ ကိလေသာနှစ်ပါးကို အကြွင်းမဲ့ အနုသယအဆင့်အထိ ပယ်လိုက်နိုင်ခြင်းကို ဆိုလိုပါတယ်။

မဂ်ကုသိုလ်မှတစ်ပါး ဖြစ်တဲ့ အခြားကုသိုလ်တွေဟာ ပြီးနောက် တစ်ခါတည်း အကျိုးပေးခြင်းမျိုး မရှိပါ။ ချက်ချင်း အကျိုးပေးတဲ့ ဒိဋ္ဌဓမ္မဝေဒနီယကံမျိုးမှာပင် နစ်၊ လ၊ ရက်၊ နာရီ မိနစ် ကွာခြားဆိုင်းငံ့ပြီးမှ အကျိုးပေးတတ်ပါတယ်။ ဤ မဂ်စိတ်မှာမူ မိမိမဂ်စိတ်ဖြစ်ပြီးလျှင်ပြီးချင်း ကာလ မခြားဘဲ အကျိုးပေးတတ်ပါတယ်။ ဤသည်မှာ ထူးခြားတဲ့ အချက်တစ်ရပ်ဖြစ်ပါတယ်။ ထို့ကြောင့် ကိလေသာ ပယ်ရေးမှာ မဂ်သည် တစ်ခါတည်း၊ တစ်ကြိမ်တည်းနှင့် အပြီးသတ် အကြွင်းမဲ့ ပယ်နိုင်ခြင်း ဖြစ်ပါတယ်။

မဂ်ပယ်ခြင်းကြောင့် ဖြစ်လာရတဲ့ အငြိမ်းဓာတ်အရသာကို ဖိုလ်က ခံစားရပါတယ်။ အကြောင်းကောင်းလျှင် အကျိုးကောင်းစမြဲဖြစ်ရာ၊ အကြောင်းမဂ်ကို ချီးမွမ်းလျှင် အကျိုးမဂ်ဖိုလ်ကိုလည်း အဝိနာဘာဝနည်း(မကင်းတဲ့ နည်း)ဖြင့် ချီးမွမ်းပြီးဖြစ်တော့သည်ဟု မှတ်ယူရပါမည်။

ဒီလို မဂ်ရဲ့ အရှိန်အဝါရှိမှုကြောင့် မဂ်ပုဂ္ဂိုလ်ကို ကမ္ဘာအား ဟန့်တားနိုင်တဲ့ ပုဂ္ဂိုလ်ဟုပင် ခေါ်ကြပါတယ်။ မိမိ၏ အခြားမဲ့၌ ကေန်ပုံသေ အကျိုးကို ပေးတတ်သောကြောင့် မဂ်ဖြစ်လာသောအခါ ဖိုလ်ဖြစ်မလာရန် တားမြစ်နိုင်သော ပုဂ္ဂိုလ်တစ်စုံတစ်ရာ မရှိနိုင်ပေ။ ထို့ကြောင့် မဂ်ပုဂ္ဂိုလ်ကို ဌိတကပ္ပီ-တည်နေသော ကမ္ဘာရှိသော ပုဂ္ဂိုလ်၊ ပျက်တော့မည့် ကမ္ဘာကိုပင် မပျက်သေးအောင် တန့်ရပ်ထားနိုင်သော ပုဂ္ဂိုလ်ဟု ဟောဆိုထားပါတယ်။

တရားရှုမှတ်နေသော ပုဂ္ဂိုလ်သည် မဂ်သို့အဆိုက်၊ ကမ္ဘာကလည်း လောင်ကျွမ်း ပျက်စီးနေချိန်ရောက်နေလျှင် ဖိုလ်မရောက်သေးခင် ကမ္ဘာမပျက်သေးဘဲ ဆိုင်းငံ့နေရခြင်းကို ဆိုလိုသည်။ လုံးလုံး ကမ္ဘာမပျက်အောင် တားထားနိုင်ခြင်းမျိုးကား မဟုတ်ပါ။ အမှန်ကတော့ သာသနာတော်ရှိစဉ် ကမ္ဘာဖျက်သည်ဟူ၍လည်း မရှိပါ။ ဒါပေမယ့် ဒီအဖြစ်မျိုးဖြစ်ခဲ့သော် မဂ်ပုဂ္ဂိုလ်မှာ အန္တရာယ်မဖြစ်နိုင်။ အန္တရာယ်မရှိသည်၏အဖြစ်ကို ပြလို၍ ဌိတကပ္ပီ ဟု ဟောခြင်းဖြစ်ပါတယ်။ ဖိုလ်အကျိုးကို ပေးရန်မှာ ကာလမခြားဘဲ တစ်ဆက်တည်းအကျိုးကို ပေးနိုင်ခြင်းအား ဆိုလိုပါတယ်။

မဂ်သည် ချက်ချင်း အကျိုးပေးမြဲဖြစ်ရာ မဂ်ပြီးလျှင် ဖိုလ် နှစ်ကြိမ် သုံးကြိမ်ဆက်ဖြစ်ရပါတယ်။ ထိုဖိုမှ စ၍ သောတာပတ္တိဖလ-သောတာပတ္တိဖိုလ်၌ တည်သော ပုဂ္ဂိုလ်ဟု ဆိုရပြီး၊ ဖိုလ်ပုဂ္ဂိုလ်ကိုပင် သောတာပန်ဟု ခေါ်ခြင်းဖြစ်ပါတယ်။ မဂ်ခဏသည် မပြောပလောက်သော အခိုက်အတန့်သာဖြစ်၍ ဖိုလ်နှင့် ပေါင်းကာ ပုဂ္ဂိုလ်တစ်ဦးတည်းဆိုလျှင် မဖြစ်နိုင်ဘူးလားဟု မေးရန် ရှိပါ၏။ မဂ်သည် ခဏမျှသာ ဖြစ်ပေမယ့်၊ ထိုခဏအတွင်းဖြစ်ရသော မဂ်အာနုဘော်ကား အလွန်ကြီးမားလှပါတယ်။

မဂ်နှင့် ဖိုလ်ကား အခြေအနေမတူ၊ ခြားနားကွဲပြားချက်ရှိပါတယ်။ မဂ်က ကိလေသာကို ပယ်နိုင်သော သတ္တိမျိုး ဖိုလ်၌ မရှိ။ မဂ်က ကိလေသာကို ပယ်လိုက်သဖြင့် ထို ကိလေသာတွေ ငြိမ်းအေးမှု(နိဗ္ဗာန်)အရသာ ခံစားရမှုတွေကို ဖိုလ်က ဆက်၍ သိမ်းပိုက်ခြင်းသာ ဖြစ်ပါတယ်။ လောက၌ ကောင်းကျိုးပြုခိုက် ကောင်းမှုပြုသူဖြစ်၍ နောင် အကျိုးခံစားရသူအဖြစ် အကြောင်းအကျိုးအရ ပုဂ္ဂိုလ်တစ်ဦးစီ ကွဲပြားသလို၊ ဤတွင်လည်း အကြောင်းမဂ်နှင့် အကျိုးဖိုလ်အရ ပုဂ္ဂိုလ်ကွဲရခြင်းတို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

### သောတာပတ္တိမဂ် ပုဂ္ဂိုလ်

သောတာပတ္တိမဂ် ပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်စိတ်ဖြစ်ပေါ်နေခိုက်မှုသာ ဖြစ်ပါတယ်။ ထိုမဂ်စိတ်ဖြစ်ပေါ်နေချိန်တွင် ဒိဋ္ဌိကိလေသာနှင့် ဝိစိကိစ္ဆာ ကိလေသာတို့ကို အကြွင်းမဲ့ ပယ်လိုက်ပါတယ်။ ကျန် ကိလေသာကိုမူကား အကြွင်းမဲ့ ပယ်နိုင်စွမ်း မရှိသေးပါ။ အပါယ်သို့ ရောက်စေနိုင်သော စွမ်းရည်ကိုသာ ပယ်လိုက်နိုင်ပါသေးတယ်။

### သောတာပတ္တိဖိုလ် ပုဂ္ဂိုလ် (သောတာပန်ပုဂ္ဂိုလ်)

သောတာပတ္တိဖိုလ် ပုဂ္ဂိုလ်ဆိုသည်မှာ သောတာပတ္တိမဂ်စိတ်ဖြစ်ပြီး၍ သကဒါဂါမိမဂ်ဖြစ်အံ့ဆဲဆဲအချိန်ထိ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည် သောတာပတ္တိမဂ်စိတ်ဖြစ်စဉ်က အပါယ်သို့ ကျစေနိုင်သော စွမ်းရည်များကို ပယ်ခဲ့ပြီးဖြစ်သောကြောင့် အပါယ်သို့ မကျနိုင်တော့ပြီဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည် ကာမဘုံတွင် အများဆုံး ခုနစ်ဘဝဖြစ်နိုင်သေး၍ ဗြဟ္မာဘုံ၌မူ ဘဝပေါင်းများစွာဖြစ်နိုင်ပါသေးတယ်။ သောတာပန် သုံးမျိုးရှိကြောင်း အကျဉ်းမှတ်ပါ။

### သောတာပန်ပုဂ္ဂိုလ် သုံးမျိုး

၁။ ဧကဗီဇ သောတာပန် - သောတာပန်ဖြစ်ပြီးနောက် ဒုတိယဘဝ၌ ရဟန္တာဖြစ် ပရိနိဗ္ဗာန်စံလတ္တံ့သော သောတာပန်ဖြစ်ပါသည်။ ပဋိသန္ဓေမျိုးစေ့ နောက်တစ်ကြိမ်သာ ရှိသော သောတာပန်ဟု ဆိုလိုပါသည်။

၂။ ကောလံကောလ သောတာပန် - သောတာပန်ဖြစ်ပြီးနောက် (၂၊ ၃၊ ၄၊ ၅၊ ၆)ဘဝဖြစ်ပြီးမှ ရဟန္တာဖြစ်ပြီး ပရိ နိဗ္ဗာန်စံလတ္တံ့သော သောတာပန်ဖြစ်ပါတယ်။ တင့်တယ် ကောင်းမွန်သော ကာမသုဂတိအမျိုး၌ ဖြစ်၍ တင့်တယ် ကောင်းမြတ်သော ထိုအမျိုး၌ ဖြစ်သော (အမျိုးကောင်း၌ဖြစ်သော) သောတာပန်ဟု ဆိုလိုပါသည်။ နှစ်ဘဝမှ ခြောက်ဘဝအထိ ကာမသုဂတိဘုံ၌ ဖြစ်သော သောတာပန်ဟု ဆိုလိုသည်။ (မဟာသုတ ဒီပနီကျမ်းစာ ၃၇၀)။

၃။ သတ္တက္ခတ္တုပရမ သောတာပန် - သောတာပန်ဖြစ်ပြီးနောက် နှစ်ဘဝဆက်ပြီး၍ ရဟန္တာအဖြစ် ပရိနိဗ္ဗာန်စံလတ္တံ့သော သောတာပန်၊ နောက်ထပ် ပဋိသန္ဓေ ခုနစ်ကြိမ် အတိုင်းအရှည်ရှိသော သောတာပန်ဟု ဆိုလိုပါသည်။



### သကဒါဂါမိမဂ်

သကဒါဂါမိမဂ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်စိတ်ဖြစ်ပေါ်ခိုက်သာ ဖြစ်ပါတယ်။ ထိုမဂ်စိတ်ဖြစ်ပေါ်နေချိန်တွင် သောတာပတ္တိမဂ် ပယ်ခဲ့စဉ်က ကြွင်းကျန်ရစ်သော ကိလေသာများကို အားနည်းရုံ (ဝါ) ခေါင်းပါးရုံသာ ထပ်မံ၍ ပယ်နိုင်ပါသည်။ အကြွင်းမဲ့ ပယ်နိုင်သော ကိလေသာ ဟူ၍ သီးခြားမရှိပါ။

### သကဒါဂါမိဖိုလ်သဒါဂါမ်ပုဂ္ဂိုလ်)

သကဒါဂါမိဖိုလ် ပုဂ္ဂိုလ်သည် သကဒါဂါမိမဂ်စိတ်ဖြစ်ပြီး၍ အနာဂါမိမဂ်စိတ်ဖြစ်အံ့ဆဲဆဲအချိန်ထိ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည် ကာမဘုံ၌ တစ်ကြိမ်သာ ဖြစ်ခွင့်ရှိ၍၊ ဗြဟ္မာဘုံတွင်မူကား အကြိမ်များစွာဖြစ်ခွင့် ရှိပါတယ်။

### အနာဂါမိမဂ်ပုဂ္ဂိုလ်

အနာဂါမိမဂ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်စိတ် ဖြစ်ပေါ်နေခိုက်မှုသာ ဖြစ်ပါတယ်။ အနာဂါမိမဂ်စိတ်သည် ကာမဂုဏ်တို့၌ စွဲလမ်းသော ကာမရာဂနှင့် စိတ်ဆိုးစိတ်ညစ်ဖြစ်သော ဒေါသမူစိတ်များကို အကြွင်းမဲ့ ပယ်ပါတယ်။

### အနာဂါမိဖိုလ်ပုဂ္ဂိုလ် (အနာဂါမ်ပုဂ္ဂိုလ်)

အနာဂါမ်ဖိုလ်ပုဂ္ဂိုလ်သည် အနာဂါမိမဂ်စိတ်ဖြစ်ပြီး အရဟတ္တမဂ်စိတ်ဖြစ်အံ့ဆဲဆဲအချိန်ထိဖြစ်သည်။ ထိုပုဂ္ဂိုလ်သည် ကာမဘုံတို့၌ စွဲလမ်းသော ကာမ ရာဂတို့များ အနာဂါမိမဂ်စိတ်ဖြစ်စဉ်က အကြွင်းမဲ့ ပယ်ခဲ့တဲ့အတွက်

www.burmeseclassic.com

ကာမဘုံ၌ ထပ်၍ ပဋိသန္ဓေနေခွင့် မရှိတော့ပေ။ အနာဂါမိဖိုလ်ပုဂ္ဂိုလ်များ သေလျှင် ဗြဟ္မာဘုံ၌သာ ဖြစ်ရပါတော့တယ်။ ရူပရာဂနှင့် အရူပ ရာဂကို မပယ်နိုင်သေးတဲ့အတွက် ရူပ၊ အရူပဘုံတို့မှာ ပဋိသန္ဓေနေရပါတော့တယ်။

### အရဟတ္တမဂ်ပုဂ္ဂိုလ်

အရဟတ္တမဂ်ပုဂ္ဂိုလ်သည် အရဟတ္တမဂ်ဖြစ်ပေါ်ခိုက်သာ ဖြစ်ပါတယ်။ အရဟတ္တမဂ်စိတ်သည် အနာဂါမိမဂ်ပယ်စဉ်က ကြွင်းကျန်ရစ်ခဲ့သော ကိလေသာများကို အကြွင်းအကျန်မရှိအောင် ပယ်လိုက်ပါတယ်။

### အရဟတ္တဖိုလ်ပုဂ္ဂိုလ် (ရဟန္တာပုဂ္ဂိုလ်)

အရဟတ္တဖိုလ်ပုဂ္ဂိုလ် အရဟတ္တမဂ်ဖြစ်ပြီး၍ ပရိနိဗ္ဗာန်စံသည်အထိ ဖြစ်ပါတယ်။ ထိုပုဂ္ဂိုလ်သည် တစ်စုံတစ်ခုသောဘုံ၌ာန၌ ပဋိသန္ဓေနေနိုင်ခွင့် မရှိတော့ပေ။ အဘယ်ကြောင့်ဆိုသော် အရဟတ္တမဂ်စိတ်ဖြစ်စဉ်က ပဋိသန္ဓေ၏ အခြေခံဖြစ်သော ကိလေသာမှန်သမျှ အကုန်စင်အောင် ပယ်ခဲ့ပြီးဖြစ်သောကြောင့်ပင် ဖြစ်၏။

### အဂ္ဂဒက္ခိဏေယျာ (အမြတ်ဆုံး အလှူခံ ပုဂ္ဂိုလ်)

အမှိုက်သရိုက် ကင်းရှင်း၍ သန့်ရှင်းတဲ့ လယ်မြေဟာ ၎င်းအကျိုးခံ စိုက်ပျိုး ကြဲချလိုက်တဲ့ မျိုးစေ့မှန်သမျှတွေကို ထွားကြိုင်း သန်မာပြီး များစွာသော အပင်အသီးတွေ တိုးပွားများစေသလို၊ ဒီနည်းအတူ ကိလေသာအညစ်အကြေးကင်းသဖြင့် သန့်ရှင်းစင်ကြယ်သော စိတ်အစဉ်ရှိတဲ့ ရဟန္တာပုဂ္ဂိုလ်ကို လှူဒါန်းပူဇော်ရာ၌ အကျိုးများစွာ ရစေနိုင်တဲ့အတွက် အလှူခံ ပုဂ္ဂိုလ်တို့တွင် "အမြတ်ဆုံး အလှူခံ" ပုဂ္ဂိုလ်ဖြစ်တယ်လို့ ဂုဏ်ယူရမှာ ဖြစ်ပါတယ်။

ဒါကြောင့်က စာရေးသူတို့တစ်တွေသည် ပရိယတ္တိရော၊ ပဋိပတ္တိပါ ထွန်းလင်းနေသော မြန်မာပြည်မှာ ကံကောင်းထောက်မ၍ လူဖြစ်လာကြရာ၌ ဘုရားသာသနာတော်နှင့် တွေ့ခိုက် အပါယ်မလားရအောင် အနည်းဆုံး သောတာပန်အဆင့်ရောက်ရှိသည်အထိ ကြိုးပမ်းကြပါရန် တိုက်တွန်းလိုက်ရပါသည် ■

ရွှေလ ဆက်ပါဦးမည်

* * *

ဆန်းဝင်း(အောင်မြေ)


သင့်ဘဝကို မြန်နိုးမြင့် အောင်မြင်ချင်တယ်ဆိုရင်

ခေတ္တာရာဆရာကျော်

[အာကာသနက္ခတ္တဗေဒကျွမ်းကျင်ပညာရှင်]

နှင့် ဆွေးနွေးတိုင်ပင်ဖို့ မမေ့ပါနှင့်.....

သင့်ဘဝတိုးတက်ပြောင်းလဲစေမည့် အချိန်ကောင်း။

အခါကောင်းကို ဆရာက တိတိကျကျသိနေသည်။

သင့်ဘဝတက်လမ်းတံခါးကို ဆရာကူညီ၍ ဖွင့်ပေးမည်။

ဟောစာတမ်း၊ အမည်ပေး ပို့ပေးသည်။

Open Daily

အမှတ် (၁၄၃၂)၊ ဂန္ဓမာလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၁-၅၇၄၆၄၂၊ ၀၉-၇၃၁၀၆၃၅၄၊ ၀၉-၂၅၀၂၇၃၆၇




www.burmeseclassic.com

www.burmeseclassic.com

ခံပေါ်

မကွေးလှမြင့်

# မကွေးမြို့နယ် ဘုရားပျို့ရွာ ကြံစုဖန်ခါး

အလွန်ပူအိုက်သော နေ့တစ်နေ့တွင် ကျွန်ုပ်သည် အိမ်ရှေ့ရေတမာပင် အရိပ်အောက်၌ ထိုင်နေစဉ် အိမ်ရှေ့သို့ ဗင်ကားတစ်စီးထိုးဆိုက်လာ၏။ ကားထဲမှ အသားညိုညို ဥပမိရုပ်ကောင်းကောင်း လူတစ်ဦးဆင်းလာ၏။ ကျွန်ုပ်က ထိုလူအား နေရာထိုင်ခင်းပေးကာ ဖော်ဖော်ရွေရွေ နှုတ်ဆက်ပါသည်။ ထိုလူ၏အမည်မှာ ဦးဘိုးအောင်ဖြစ်၏။ အသက်က ၆ဝနီးပါးရှိပြီဖြစ်၏။ ဦးဘိုးအောင်သည် မကွေးမြို့နယ်၊ ဘုရားပျို့ကျေးရွာဇာတိဖြစ်၏။ ယာမြေဧက ၁ဝဝကျော်ပိုင်ဆိုင်သော တောင်သူကြီးတစ်ဦးဖြစ်သော်လည်း မကွေးမြို့ ရန်ပယ်ရပ်ကွက်တွင် နေထိုင်လျက် ပွဲရုံလုပ်ငန်းလုပ်ကိုင်နေသူဖြစ်ပါ၏။ တစ်ဖက်ကလည်း သူပိုင် မြေယာများကို လူငှားဖြင့် လုပ်ကိုင်လျက်ရှိရာ တစ်နှစ်လျှင် နှမ်းတင်းရေ တစ်ထောင်ကျော်ရသော လူချမ်းသာတစ်ဦးဖြစ်၏။ ထို့ပြင် ဦးဘိုအောင်သည် မကွေးတိုင်း သမဝါယမအသင်းစုချုပ် လီမိတက်၏ ဥက္ကဋ္ဌတာဝန်ကို ယူထားသူလည်း ဖြစ်ပါ၏။

သူလာသောကိစ္စများမှာ သူစိုက်ပျိုးထားသော နှမ်းခင်းများအခြေအနေကို သွားကြည့်ရန် ကျွန်ုပ်အား အဖော်ခေါ်ခြင်းဖြစ်ပါသည်။ ကျွန်ုပ်မှာ အလုပ်အားနေသဖြင့် သူ့ကားဖြင့် ဘုရားပျို့ကျေးရွာသို့ လိုက်ပါသွားခဲ့သည်။ ဘုရားပျို့ကျေးရွာသည် မကွေးနှင့် ၁ဝမိုင်ခန့်သာ ဝေးပါသည်။ ကျွန်ုပ်တို့သည် ကံပြား-နေပြည်တော် ကားလမ်းအတိုင်း မောင်းခဲ့ရာ နာရီဝက်အတွင်း ဘုရားပျို့ကျေးရွာသို့ ရောက်ရှိခဲ့ပါသည်။ ဦးဘိုအောင်၏ နှမ်းခင်းကြီးမှာ တမျှော်တခေါ် အဆုံးအစမရှိ ကျယ်ပြောလှပါသည်။ နှမ်းပင်များမှာလည်း လူတစ်ရပ်ခန့် အမြင့်ရှိပြီး သန်မာထွားကြိုင်းလှပါသည်။

ထို့နောက် ဦးဘိုအောင်သည် ကျွန်ုပ်အား သူ့ရွာတွင် နံနက်စာဖြင့် ကျွေးမွေးညှော့ခဲ့ပြီး ရွာထိပ်၌ ရှိသော မူလ မြသလွန်စေတီသို့ လိုက်ပါ ပို့ဆောင်ပေးသည်။ ဘုရားရင်ပြင် အရှေ့မြောက်ထောင့်တွင် အလွန်ကြီးမားသော ဖန်ခါးပင်ကြီး တစ်ပင်ကို တွေ့ရပါသည်။ "ကြံစု" ဖန်ခါးသီးများကို ဖျာပေါ် တွင် သပ်ရပ်စွာ စုပုံ၍ လက်ရွေးစင် အလုံးလှလှများကို တင်းတောင်းဖြင့် စနစ်တကျ သိမ်းဆည်းထားခြင်းကို တွေ့ ရပါသည်။

မူလ မြသလွန်စေတီကား ရွှေရောင်ဖြင့် ဝင်းပလျက် ကြည်ညိုဖွယ်ကောင်းလှပါ၏။ ဘုရားကို အာရုံပြုရင်း ကျွန်ုပ်၏ အတွေးများ ပျံ့လွင့်သွားခဲ့ပါသည်။

◆◆◆

လွန်ခဲ့သော နှစ်ပေါင်း ၂၅ဝဝကျော်က ဤနေရာ ဤဒေသသည် ကြံစုဖန်ခါးတောအုပ်ကြီးဖြစ်ခဲ့လိမ့်မည်။ ဤ တောအုပ်၌ ဘီလူးမောင်နှမ ၆ယောက် နေခဲ့လိမ့်မည်။ သူတို့ အမည်မှာ ဘောကျော်၊ ဘောသော၊ ဘောသူရ၊ ဘောသာရ နှင့် ယက္ခသာဂီ၊ ယက္ခဒါလီတို့ ဖြစ်၏။ မြတ်စွာဘုရား၊ မင်း ဘူး၊ စက္ကိန်းတဲတောင်ပေါ်၌ သီကြားမင်း လျှုဒါန်းသော မြသား သလွန်ထက်၌ သီတင်းသုံးနေတော်မူကြောင်း သိကြသည် ဘီလူးညီနောင် လေးယောက်တို့သည် ရောဝတီမြစ်ကို ဖြတ် ကျော်ကာ ကြံစုဖန်ခါးသစ်သီးဝလံတို့ဖြင့် ဆက်ကပ်လှူဒါန်း ကြသည်။ ထို့နောက် မြတ်စွာဘုရားထံ ကိုးကွယ်ရေး လျှောက်ထား တောင်းပန်ကြ၏။ မြတ်စွာဘုရားသည် သိကြား မင်း လှူဒါန်းသော မြသလွန်တော်ကို ဘီလူးညီနောင်တို့အား စွန့်ကြဲတော်မူ၏။ ဘီလူးညီနောင်တို့သည် မြသလွန်တော်ကို

www.burmeseclassic.com

ပင့်ဆောင်လျက် မိမိတို့နေရင်း တောအုပ်သို့ ပြန်လာခဲ့၏။ ထို့နောက် မြသလွန်စေတီကို ဌာပနာလျက် မြစေတီကို တည်ထားကိုးကွယ်ကြ၏။ သိကြားမင်းသည် စေတီတော် တည်ထားရာ ဒေသရင်းမဟုတ်သောကြောင့် စေတီကို ဖြို ဖျက်ကာ မြသလွန်စေတီကို နဂုတ္တမတောင်သို့ ပင့်ဆောင် တော်မူလာခဲ့၏။

မဟာသက္ကရာဇ် ၁၅၀ခုနှစ်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံ ဝင်တော်မူပြီး ၂နှစ်အကြာတွင် ဘောကျော်၊ ဘောသော ...လုံးညီနောင် လူဝင်စား နှစ်ဦး၊ သုဘောဂသူဌေးကြီးသမီး ...ဍ္ဍဝတီ၊ မဟာဂါမ ရွာသူရွာသားများ၊ သိကြားမင်း၊ ဝိဿ ...ကြီး တပသီအပေါင်းတို့က မကွေးမြို့ နဂုတ္တမတောင်ထိပ် ...တွင် မြသလွန်စေတီကို တည်ထားတော်မူခဲ့၏။ ပထမစေတီ ...တော်ကို သိကြားမင်း ဖြိုဖျက်ခဲ့သော ကြစုတောအုပ်နေရာ ...တွင် ရှာတည်ကြသောအခါ ဘုရားဖြိုဟု အမည်သညာခေါ် ...တွင်ခဲ့၏။ ယခုအခါ ထိုနေရာ၌ ဘုရားဖျို(တောင်ရွာ)၊ ဘုရား ဖျို(မြောက်ရွာ)ဟု ပြောင်းလဲခေါ်ဝေါ်ခဲ့ကြ၏။ နောင်သောအခါ ...နေရာတွင် မူလ မြသလွန်စေတီကို တည်တော်မူရာ ...စေတီအနီးတွင် ကြစုဖန်ခါးအလိုအလျောက်ပေါက်ခဲ့၏။

ကြစုဖန်ခါးသည် အခွံပါး၍ အသားထူသည်။ ကြစုဖန်ခါး ...အစ်မှာ ဘုရားဖျိုကျေးရွာဒေသဝန်းကျင်၌သာ ရှိကြောင်း ...သည်။ ကြစုဖန်ခါးမှာ ဆေးဖက်ဝင်သည်။ အာနိသင်မှာ ...ကို တောက်စေ၏။ မျက်စိကို ကောင်းစေ၏။ အရေပြား ... ကိုယ်ရေဝါ၊ မြင်းသရိုက်၊ ဒူလာပါဒရက်၊ ဖန်ခါးသီး ... ဝမ်းဗိုက်ရောဂါများကို အကျိုးပြုသည်။ ကြေကျက် ...သည်။ ကြေကျက်သောအခါ ချို၏။ ပျို့အန်ခြင်းကို ... ရေငတ်ပြေသည်။ နှုတ်ချိုမြိန်စေသည်။ လေကို ...စေ၏။ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ထိုးအောင့်ခြင်း၊ ...ခြင်းတို့ကို ပျောက်စေသည်။ ဖန်ခါးသီးကို တိုင်းရင်း ...အဖြစ် ပြုရည်၊ ထောပတ်တို့နှင့် တစ်နှစ်တိတိ နေ့စဉ် ...ပြီး အစာကြေပြီးစတွင် နွားနို့ကဲ့သို့ အဆီအဆိမ့် ...ကာ အရွယ်နုပျို၍ အသက်ရှည်စေသည်။ ဖန်ခါးသီး ...စွာစားသုံးပါက ခွန်အား သတ္တိတိုးပွား၍ အိုမင်း ...ခြင်းကို ကာကွယ်နိုင်ပါသည်။ ဖန်ခါးသီးမှုန့်နှင့် မုန်ကူ ...တို့ကို ဆတူရော၍ နံနက်တိုင်း စားသုံးပါက ...စေခြင်း၊ ချောင်းဆိုးရောဂါ၊ ကိုယ်ရေဝါရောဂါ၊ နလုံး ...ရောဂါ၊ အရေပြားရောဂါများကို ပျောက်ကင်း ...သည်။ စိမ်ရေကြည်နှင့် မျက်စဉ်းခတ်သော် ...တွင်ကိုက်ခဲခြင်းကို ပျောက်စေပါသည်။ ဖန်ခါး သီးအခြောက်မှုန့်နှင့် အုန်းဆီရော၍ မီးလောင်ဖုများကို လိမ်းပေးလျှင် အနာသက်သာစေ၏။ ဖန်ခါးသီး၊ သစ်ဆိမ့်သီး၊ ဆီးဖြူသီး သုံးမျိုးကို အမှုန့်ပြု ဆတူရောစပ်ထားသော တြိဖလ ဆေးလျက်ဆားသည် အိုမင်းရင့်ရော်ခြင်းကို တားဆီးနိုင်၏။ ခွန်အားသတ္တိတိုးပွားစေသည်။ အရွယ်နုပျိုစေ၏။ ဖန်ခါး အစေ့ကို ဝက်ခြံအမြစ်မထွက်ပါက ဆန်ဆေးရည်နှင့် သွေး လိမ်းရသည်။ ဖန် ခါးစေ့အတွင်း၌ နူညံ့သော အ ဆန်ရှိသည်။ ထို အဆန်သည်လေ နှင့် သည်းခြေကို ပယ်တတ်၏။

ဖန်ခါးရွက် ကို ဝမ်းနှုတ်ဆေး၊ သွေးဆေး၊ လေ ဆေး၊ မျက်စိနာ ပျောက်ဆေးတို့ အဖြစ် ဖော်စပ် သုံးစွဲနိုင်သည့်အ ပြင် မီးယပ်၊ ဒူ လာ၊ လိပ်ခေါင်း ရောဂါပျောက် ဆေးများတွင် သုံး နိုင်သည်။ ဖန်ခါး ပင်၏ အခေါက် ကိုပြုတ်သောက် သော် ဝမ်းလျှော ဝမ်းကိုက်ရောဂါ ပျောက်ကင်းစေ နိုင်၏။ ထို့ပြင် ထိခိုက်ဒဏ်ရာ အနာတရဖြစ်ပါ က အခေါက်ကို ကြိတ်၍ အုံပေးလျှင် သွေးထွက်လွန်ခြင်းကို ရပ်တန့်စေနိုင်၏။

ဖန်ခါးသီးကို စား၍ နွားကျင်ငယ်ရေ ၃၀ ဂရမ်ကို တစ်နေ့ သုံးကြိမ်သောက်ပါ။ နှစ်ရက် သုံးရက်ဆက်စားသော် ဆင်ခြေထောက်ရောဂါပျောက်မည်။ ဆေးစားစဉ် ချဉ်၊ အာလူး၊ ငှက်ပျောသီးများ မစားရ။ ဖန်ခါးသီး၊ တောကြက်မောက်မြစ်၊ လက်ထုတ်ခေါက်၊ ပေါက်မြစ်၊ ဆောင်းမေးခါး၊ မိတ္တ်၊ ဆေး ပဇွန်အားလုံး ဆတူယူကာ ညက်စွာ အမှုန့်ပြု၍ အဝတ်ပါး နှင့် စည်းပြီး ပုလင်းတွင် လုံစွာထားပါ။ နေ့စဉ် ဆေးမှုန့် ၄ ဂရမ်ကို ရေနွေးနှင့် သောက်ပါ။ လေရောဂါသက်သာပျောက် ကင်းစေသည်။ ဤဆေးသည် မယုံနိုင်လောက်အောင် အစွမ်း ထက်သည်။ အနည်းဆုံး တစ်လတိုင်အောင် သောက်ရမည်။ ဖန်ခါးသီးအသေး နှစ်လုံး သုံးလုံးခန့်ကို ဝါးစားလျှင် ဝမ်းဗိုက်၌ ဖြစ်ပွားသော ရောဂါဟူသမျှ သက်သာစေ၏။ ဆီးဝမ်းအလိုလို မှန်လာမည်။ လေထိုးလေအောင့် ပျောက်ကင်းမည်။ ခန္ဓာကိုယ် တွင်းမှ သွေးများ သန့်စင်လာမည်။ မျက်စိကြည်လင်မည်။ မျက်မှန်တပ်ခြင်းမှ ကင်းလွတ်မည်။

ဖန်ခါးပင်၏ ရုက္ခဗေဒအမည်မှ Terminalia Chebula ဟိန္ဒီဘာသာဖြင့် ဟရ-ရ်၊ အင်္ဂလိပ်ဘာသာဖြင့် Myrobalen ဟု ခေါ်သည်။ ဖန်ခါးပင်မှာ မျိုးကွဲများစွာရှိပြီး အဓိက ၇မျိုး ကို ခွဲခြားနိုင်သည်။ သဘောဖန်ခါး၊ ကဘူလ်ဖန်ခါး၊ ကြစုဖန် ခါး၊ တောဖန်ခါးဟူ၍ ဖြစ်၏။

ဖန်ခါးပင်ကို မြန်မာနိုင်ငံတွင် ပေ ၁၀၀၀ မှ ပေ ၃၅၀၀ အမြင့်တွင် တွေ့ရှိရ၏။ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ တွင် အများအားဖြင့် ပေါက်ရောက်သည်။ နိုင်ငံခြား တိုင်းပြည်



www.burmeseclassic.com

www.burmeseclassic.com

များအနက် အာဖဂန်နစ္စတန်နှင့် အိန္ဒိယတို့တွင်လည်း ဖန်ခါးပင်များ ပေါက်ရောက်မှုရှိကြောင်း သိရသည်။

ဖန်ခါးပင်သည် အလွန်မြင့်သော အပင်ကြီးမျိုးဖြစ်သည်။ ပေ ၆၀ မှ ၈၀အထိ မြင့်သည်။ အမြင့်သည် မြေကြီးထဲသို့ နက်သွားသည်။ အခက်အလက်များ နူးညံ့သည်။ အရွက်သည် ရွက်ထီးဖြစ်၍ နှစ်တန်စီ ရွက်ဆိုင်မကျတကျထွက်သည်။ ရွက်နုစည်းညာသည့် သဏ္ဍာန်ရှိပြီး ၃လက်မမှ ၈လက်မအထိ ရှည်သည်။ ဖန်ခါးသီးမှာ အရွယ်အစားအမျိုးမျိုး အမည်အမျိုးမျိုးရှိသည်။ အချို့အသီးမှာ အလုံးကြီး၍ အသားထူသည်။ အချို့မှာ အခွံပါး၍ အစေ့မာသည်။ များသောအားဖြင့် ထိပ်နှစ်ဖက်ချွန်းချွန်းပုံသဏ္ဍာန်ရှိကာ ကွမ်းသီးအရွယ်ရှိသည်။ အရောင်မှာ အစိမ်းရင့်ရောင်၊ အချို့မှာ အစိမ်းဝါရောင်ရှိသည်။ ဖန်ခါးသီး၏ အရသာမှာ ဖန်၏၊ ခါး၏၊ ချဉ်၏၊ စပ်၏၊ ပူ၏။ ဝိပါကဥ္စ ချို၏။ မကွေးဖန်ခါးသည် ချဉ်ဖန့်ဖန့်ကလေးဖြစ်၍ အခြားဖန်ခါးများထက် နာမည်ကြီးသည်။ ငါးပိရည်နှင့် တို့စားလျှင် အရသာထူးကဲလှသည်။ ထို့ပြင် အသီးကို ဆားရည်စိမ်၍ စားသုံးနိုင်သည်။ ဖန်ခါးသားသည် မာ၍ ကြမ်းသည်။ သစ်သားမှာ ညိုဖြောက်ယောင်ဖြစ်သည်။ အရောင်တင်နိုင်သော်လည်း ပြုပြင်ရန် ခက်ခဲ၏။ ဖန်ခါးသားကို အိမ်ဆောက်ရာတွင် ထုတ်၊ လျောက်၊ ယက်မ၊ အကာထရံတို့ကဲ့သို့ အကြမ်းအထည်များအဖြစ် အသုံးပြုကြသည်။ အိမ်ထောင်ပရိဘောဂအဖြစ် နွားလှည်း၊ မြင်းလှည်း၊ လော်တက်များကို ဖန်ခါးသားဖြင့် ပြုလုပ်ကြသည်။ ဖန်ခါးသားကို ပုဆိန်ရိုး၊ ဓားရိုး၊ ဆောက်ရိုး စသည်ဖြင့် သုံးကြသည်။ အိန္ဒိယဖန်ခါးမျိုးသည် သားရေနယ်ရာတွင် အသုံးဝင်သည်။

ကျွန်ုပ်အား အပြန်တွင် ဘုရားလူကြီး ဦးအောင်မြင့်နှင့် ဦးကျောက်ခဲတို့က ဖန်ခါးသီးအလုံးလုလု လက်ရွေးစင် သုံးပြည်ခန့်ကို ပလတ်စတစ်အိတ်နှင့် ထုပ်ပိုး၍ ပေးလိုက်ပါသည်။ ကျွန်ုပ်လည်း ခင်မင်သော မိတ်ဆွေများကို မွေ လက်ဆောင်အဖြစ် ခွဲဝေပေးလိုက်ပါသည်။

* * *

မကွေးလှမြင့်


" အာစရိယဂုဏံ အပဟံ ဝန္ဒာမိ "

# ဂမ္ဘီရဆရာလှမျိုး (B.Sc) လယ်ပြ(ငြိမ်း)

## ဂမ္ဘီရအမည်ခွဲ - အောင်ကောင်းမြ (သာကေတ)

(၇)နေ့သားသမီးများ ဘဝတစ်သက်တာ ဆောင်ရန် ရှောင်ရန်နှင့် အကျိုးပေးလုပ်ငန်း၊ စီးပွားရေး အိမ်ထောင်ရေး၊ တစ်နှစ်တာဆောင်ရန် ရှောင်ရန်နှင့် လုပ်ငန်းစီးပွားအခြေအနေ ကြိုတင်သိထားစေရန် ဆန်းကျမ်း + သင်္ချာတ် ပညာရပ်များဖြင့် ညှိနှိုင်းတွက်ချက်ပေးမည်။ ချစ်သူအိမ်ထောင်ဘက်များအတွက် မင်္ဂလာ နဝင်းနှင့် မင်္ဂလာအစီအရင်၊ နဝင်းဓာတ်ယတြာအဖြေရှာ (ကျန်းမာရေး၊ လူမှုရေး)၊ ကံပွင့်လာဘ်ပွင့် အန္တရာယ်ကင်း အစီအရင်များ အထူးဆောင်ရွက်ပေးသည်။

**(၁)နှစ်စာ ဟောစာတမ်း၊ ကလေး၊ ဆိုင်၊ လုပ်ငန်း အမည်ပေး၊ မင်္ဂလာအခါရွေး (မွေးဖွားမည့်ရက်ရွေးခြင်း) စနစ်တကျတွက်ချက်ရေးသားပေးမည်။ ရပ်ဝေးမှ မေးလိုက ငွေကြိုတင်ပေးပို့ ကိုယ်တိုင်လာလိုပါက ကြိုတင် ဖုန်းဆက်သွယ်ပါ)**

ဟောခန်းလိပ်စာ

အမှတ် (၁၇)၊ အောင်သပြေအနောက် (၁)လမ်း၊ ၇/အရှေ့ရပ်ကွက်၊ သာကေတမြို့။

ဖုန်း - ၀၉၄၂၀၀၄၇၈၆၉

**လမ်းညွှန်**

၃၅၊ ၆၅၊ ၃၂၊ ရွှေညော့သည်(၂)၊ ၄၈(အထူး)၊ ၁၇၃၊ ၂၁၆၊ ၅၇၊ ၁၄၆၊ ၈၉၊ ၄၆(စိမ်း)၊ ၁၈၁ ကားများစီး၊ တာမွေ-သန်လျင်-ကျောက်တန်း-ခရမ်း-သုံးခွကားများစီးပါက (၈)ဂိတ်မှတ်တိုင်ဆင်းပါ။

၃၄၊ ၆၂၊ ၁၀၆ ကားများစီးပါက ဓမ္မာရုံမှတ်တိုင်ဆင်းပါ။




www.burmeseclassic.com

www.burmeseclassic.com

ပုရောဟိတ်လက္ခဏာဆရာကြီး ဆရာစန္ဒြ၏သား

# ဆရာဒေဝ A.G.T.I (Civil)

လက္ခဏာနှင့် နက္ခတ်ဗေဒင်ပညာရှင်

| | | |
|---|---|---|
| ၂၉ | ၁၄ | ၆ |
| လ ၅ | | ၃ |
| | ၀ | ၈ |

အမှတ် ၇၅၊ ဓမ္မစေတီလမ်း(တော်လှန်ရေးပန်းခြံရှေ့) *Sweet Centre* နှင့် ကပ်လျက်
ဓမြနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း -၅၀၅၁၇၁၊
E.mail; sayadeva@myanmar.com.mm, Internet- http://www.sayadeva.com

## လှင်မိုးကို မှန်ပြန်ပြီ

ဆရာဒေဝသည် (၂၃-၆-၉၉)နေ့ထုတ် သဘင်အနုပညာဂျာနယ်တွင် 'လွင်မိုး အကယ်ဒမီ ဘယ်တော့ရမလဲ' ဆောင်းပါးနှင့် (၁၉၉၉)ခု၊ စက်တင်ဘာလတွင် ထုတ်ဝေသော ရွက်နုဝေမဂ္ဂဇင်းတွင် 'စွယ်စုံရတဲ့ လွင်မိုး' ဆောင်းပါးတို့တွင် အသက်(၃၀)မှ (၃၅) နှစ်အတွင်း ကံလမ်းကြောင်း သုံးထပ်ဖြစ်ပေါ်၍ ရုပ်ရှင်လောကရဲ့ အမြင့်ဆုံး အကယ်ဒမီ ဆုကြီးကို ရရှိမှာဖြစ်ပြီး၊ အကယ်ဒမီတစ်ခုပဲရမှာလား၊ အကယ်ဒမီဆုများရဲ့ပိုင်ရှင်ဖြစ်မလား ဟု အတိအကျဖော်ပြခဲ့ပါသည်။

(၂၀၀၀)ခု၊ ဒီဇင်ဘာလ(၂၈)ရက်နေ့၊ အကယ်ဒမီဆုပေးပွဲတွင် လွင်မိုးသည် အသက် (၃၀ ကျော်အချိန်) သရုပ်ဆောင် အကယ်ဒမီဆုကြီးကို ရရှိသွားခဲ့၍ ဆရာဒေဝ၏ ဟောကြားချက်မှာ လွင်မိုးကို မှန်ပြန်ပြီဖြစ်သည်။ ယခုအခါ လွင်မိုးသည် အကယ်ဒမီ (၃)ဆုပင် ရရှိသွားပြီဖြစ်သည်။

ယခင်ကလည်း စိုးမြတ်သူဇာကို (၁၉၉၈) ဧပြီလထုတ် ရွက်နုဝေမဂ္ဂဇင်းတွင် ကြိုတင်၍ အကယ်ဒမီဆုကြီးကို (၂၈)နှစ်မှ (၃၃)နှစ်အတွင်း ထပ်မံရရှိမည်ဟု ဟောကြားခဲ့ရာတွင် မှန်ကန်ခဲ့ပါသည်။ (၁၉၉၇)ခုနှစ်တွင် 'အကယ်ဒမီရဦးမည့်ဇင်ဝိုင်း' ခေါင်းစဉ်ဖြင့် ပေါ်ပြူလာဂျာနယ်တွင် ကြိုတင်ဟောခဲ့ရာ မှန်ကန်ခဲ့ပါသည်။ အားလုံးမှာ တစ်နှစ်ခွဲကျော် ကြိုတင်ဟောကြားခဲ့ခြင်းဖြစ်၍ အကယ်ဒမီပွဲနီးမှ ခန့်မှန်းဟောကြားခြင်းမဟုတ်ပါ။ ဤသို့ မှန်အောင်ဟောကြားနိုင်တဲ့ ဆရာဒေဝထံလက္ခဏာဗေဒင် မေးကြပါရန် လေးစားစွာဖိတ်ခေါ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လူ့ဘုံ၊ လူ့ဘဝ၊ လူ့လောကကြီးထဲကို လူသားတွေဟာ ဒေါသ၊ လောဘ၊ မောဟ၊ အတ္တ၊ မာန်မာနဆိုတဲ့ အမှားတွေနဲ့ တစ်ခဏတာ မှားဖို့ ရောက်လာခဲ့ကြသလားဆိုတာ ကျွန်တော် တစ်ခါတစ်ခါ တွေးကြည့်နေမိတယ်။ ဘာကြောင့်လဲလို့ ဆိုပါလျှင် အဲဒီအမှားတွေကို ကျွန်တော်အပါအဝင် လူသားအားလုံး(ဘုရား၊ ရဟန္တာ၊ သူတော်ကောင်းတို့မှအပ) အနည်းနှင့် အများ ကျူးလွန်တတ်ကြလို့ပါပဲ။

တချို့က အမှားကို အမှားမှန်းသိတယ်။ သို့သော် ကျူးလွန်ကြတယ်။ တချို့ကျပြန်တော့ မထင်မှတ်တဲ့ အ... မှာ ဖြစ်ပေါ်လာတဲ့ စိတ်ဆန္ဒနှင့်အ... လျှပ်တစ်ပြက် အရှုမဲ့ အမှတ်မဲ့ ... လွန်တတ်ကြပြန်ရော။ တချို့ကျ...

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်က အမှားတစ်စုံတစ်ရာ ကျူးလွန်ခြင်းမရှိခဲ့ပေမယ့် ကိုယ်နဲ့ပတ်သက်တဲ့ ဆက်နွယ်သူတစ်ဦးတစ်ယောက်ရဲ့ အမှားတွေကြောင့် ကိုယ့်မှာ လာပြီး ခံစားပေးဆပ်ရတဲ့ အမှားဝဋ်ကြွေးဆိုတာကလည်းရှိပါသေးတယ်။

အခု ကျွန်တော်ရေးပြချင်တာက အဲဒီလို ကိုယ်က အမှားတစ်စုံတစ်ရာ မကျူးလွန်ခဲ့ပေမယ့် ကိုယ်နဲ့ ပတ်သက်သူ၊ ချစ်ရတဲ့ ဇနီး



# ဇော်ငြိမ်းလှိုင်

၊၃ဣလာ၊

# တာမှား

မယားတစ်ယောက်ရဲ့ အမှားတွေကြောင့် မထင်မှတ်တဲ့ အချိန်တိုလေးအတွင်းမှာ တစ်ဘဝစာ ခံစားသွားရလေသူ လူတော်လူကောင်း လူပြီး ဖြစ်တဲ့ သိုင်းဆရာကြီးတစ်ဦးရဲ့ ဝမ်းနည်းကြေကွဲဖွယ်ရာ ဘဝနေဝင်ချိန် ဇာတ်လမ်းလေးတစ်ပုဒ်ပဲ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

၉၀ လောက်က ဖြစ်ပါတယ်။ ကျွန်တော့်ကိုယ်တွေ့မဟုတ်သော်လည်း အဲဒီအချိန်အခါက ဆရာကြီးရဲ့ သားတပည့်တစ်ဦးဖြစ်သူ(ကွယ်လွန်သူ) သိုင်းဆရာကြီး တွံတေး ဆရာစိန်နှင့် ကျွန်တော့်ဖေဖေ။ ပြီးတော့ မျက်မြင်သက်သေဖြစ်တဲ့ ကျွန်တော့်မေမေတို့ရဲ့ ပြောပြချက်တွေအရ ပုံပြင်မဟုတ်တဲ့ တကယ်ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ်ကို ကျွန်တော် ရင်နှင့်အမျှ ခံစားသိရှိခွင့် ရရှိခဲ့ပါတယ်။

တွေးကြည့်မိတယ်။ အဲဒီ အမှားဆိုတဲ့ စကားလုံးလေး နှစ်လုံးဟာ အမှန်တကယ်ပဲ ကြောက်စရာကောင်းလှပါလားလို့။ ဘယ်လောက်ထိအောင် ကြောက်စရာကောင်းလိုက်သလဲဆိုရင် မှားသူရဲ့ နောက်ကွယ်မှာ အဲဒီအမှားအတွက် အသက်ပေးသူက ပေးရတယ်။ တစ်ဘဝစာပေးသူက ပေးရတယ်။ တစ်သက်တာ ခွေးသူတွေက ခွေးရတယ်။ အမှန်ပြောရရင် အဲဒီအမှားဆိုတာ သံသရာသော်လည်း လည်နိုင်တယ်။ အပါယ်ဘုံသို့လည်း သွားနိုင်တယ်။ အသေအချာ အနိုင်အမာပြောဆိုနိုင်တာကတော့ အမှားဆိုတာ နိဗ္ဗာန်ဘုံနဲ့ ဝေးပါတယ်။

နောက်ဆုံးတော့ ဘယ်လိုပဲ မှားမှား၊ အမှားဆိုတာ အမှန်မဖြစ်လေတော့ ခံစားရတဲ့သူတွေသာ တန်ရာတန်ကြေး အမှားဝင့်ကြွေး ပေးဆပ်ပေရော့။ ဩော်…အမှား…အမှား…ကြောက်စရာကောင်းလှပါတကား။

◈◈◈

တွံတေးမြို့ပေါ်မှာ သူ့ခေတ် သူ့အချိန်အခါက သိုင်းဆရာကြီး ဦးငရေးဆိုလျှင် မသိသူ မရှိသလောက်ပါပဲ။ ပညာခြုံလုံပါတယ်။ ကာယသိဒ္ဓိကလည်း ကောင်း၊ ပညာကလည်း စုံလင်အောင် မွှေနောက်တတ်ကျွမ်းသူမို့ "ငရေး-ဟော့"ဆိုရင် ပွဲပြီးပါတယ်။ စိတ်ဓာတ်ကလည်း ခိုင်မာတယ်။ အမျိုးချစ်သူပီပီ မတော်မတရား စော်ကားမလာနဲ့ "မြန်မာ့သွေး နီတယ်ဟေ့"လို့ ကြွေးကြော်တတ်သူပါ။ မှန်တယ်ထင်ရင် ခေါင်းငုံ့ခံမနေတတ်ဘူး။ ဟုတ်တာပြောပြီး မှန်အောင် နေတတ်တာ သူ့အကျင့်။ မိဘနဲ့ ဆရာသမား၊ ပညာကို စော်ကားလာသူမှန်သျှ "ငရေး"နဲ့ ဆုံချင်သလား၊ ခေါင်းပြင်ထားဟေ့လို့ ဆတ်ဆတ်ထိမခံ အမှန်ကို အမှန်အတိုင်း ခပ်ကြမ်းကြမ်းလေး ပြောဆိုတတ်သူဟာ ငရေး ပါ။

သူ့အသက် ၄၀ ကျော်အထိ တစ်ကိုယ်ရေ တစ်ကာယ နေထိုင်ပြီး တပည့်တွေရှိရာ အနယ်နယ်အရပ်ရပ် ဆီသို့သာ လှည့်လည် ပညာသင်ကြားရင်း ရှိးသားစွာ ဝမ်းစာရှာပါတယ်။

ဒီလိုနဲ့ တစ်နေ့ ရှမ်းပြည်ဘက်ကို သူရောက်လာတယ်။ အဲဒီအချိန်က ရှမ်းပြည်တောင်ပိုင်းဘက်မှာ ရှမ်းတရုတ်ပညာရှင်တစ်ဦးဖြစ်တဲ့ အသက် ၆၀ ကျော် သိုင်းဆရာကြီး ဦးအိုက်ပန် ဆိုတာ ရှိနေတယ်။ ငရေးက ရှမ်းတရုတ်ပညာဆိုတာ ဘာလဲလို့ သိပ်သိချင်နေတယ်။ အဲဒီတော့လည်း တစ်နေ့ သိုင်းဆရာကြီး ဦးအိုက်ပန်ရှေ့မှောက် သူဆိုက်ဆိုက်မြိုက်မြိုက်ရောက်သွားပါတော့တယ်။

"ဟော့ကောင်လေး… ငရေးတဲ့လား"

"ဟုတ်ပ…ဦးအိုက်ပန်။ ဂုဏ်ယူရေးကြီး သက်လုံကောင်းရမယ် ဆိုတဲ့ တွံတေးက သိုင်းဆရာ ငရေး ဆိုတာ ကျုပ်ပါပဲ"

"ကောင်းပါ့ကွာ။ ပျော်စရာပဲဟေ့။ ယောက်ျားဆို သန်သန်မာမာရှိမှ၊ သိုင်းသမားတစ်ယောက် ဆိုတာကလည်း ကျားကျားလျားလျားရှိမှ ငါကကြိုက်တယ်။ မင်းရဲ့ ဥပဓိရုပ်နဲ့ ကိုယ်ဟန် ကိုယ်ထားကို ငါကြိုက်သွားပြီဟေ့။ ကောင်းတယ်ကွာ၊ သိပ်ကောင်းတယ်"

ဆိုပြီး တဟားဟားနဲ့ ရယ်နေပါတယ်။

"ဆရာကြီး ဦးအိုက်ပန်"

"ဟော…၊ ပြော…ကောင်လေး"

"ကျုပ်တစ်ခုမေးမယ်။ ရှမ်းတရုတ်ပညာဆိုတာ ဘာလဲ"

"ဩော်…ရှမ်းတရုတ်ပညာတဲ့လား။ မင်း အခုမှ ကြားဖူးတယ် ထင်ပါရဲ့။ အေး၊ ရှမ်းတရုတ်ပညာဆိုတာ အလွန်ပွဲသိမ်းမြန်တဲ့ ပညာတစ်ရပ်ပဲကွဲ့။ ပျော့ရင် ဖယောင်း၊ မာရင် သံချောင်းတဲ့။ အပျော့နဲ့ အမာ ဟန်ချက်ညီညီ အချိုးကျစွာ တွဲဖက်ပေါင်းစပ်ထားတဲ့ ကိုယ်လုံ သိုင်းကွက်တွေပဲကောင်လေးရဲ့"

"ကောင်းပြီ ဆရာကြီး ဦးအိုက်ပန်။ အဲဒီ ရှမ်းတရုတ်ပညာကို ကျုပ်လက်တွေ့ မြင်ချင်ပါတယ်၊ တွေ့ချင်ပါတယ်၊ လေ့လာချင်ပါတယ်။ ဆရာကြီးဝန်မလေးဘူးဆိုရင် ပြသပေးပါ"

"ဟားဟားဟား…စကားပြောကောင်းတဲ့ ငရေးပါလားဟေ့။ အေး မင်းမျက်နှာပေါ်မှာ ဒီပညာနဲ့ ပတ်သက်ပြီး သိချင်၊ မြင်ချင်၊ စမ်းသပ်ချင်နေတယ်ဆိုတာ မင်း မပြောခင်ကတည်းက ငါသိနေတယ်။ ကောင်းပြီ ငရေး မင်းကို အထင်သေး စော်ကားတာတော့ မဟုတ်ဘူး။ ဒါကိုတော့ မင်းယုံ။ ကဲ-မင်းကြိုက်ရာ လက်နက်တစ်ခုခုယူ၊ ငါ မင်းကို လက်ချည်းသက်သက်ယှဉ်မယ်။ ဘယ်လိုလဲ ငရေး"

လို့ ဆရာကြီး ဦးအိုက်ပန် ပြော



www.burmeseclassic.com

လိုက်တော့ ငရေးရဲ့ ဒေါသ ငယ်ထိပ်ထိအောင် ရောက်သွားတယ်။ အထင်သေးရန်ကောလို့ တွေးပြီး ထောင်ထားတဲ့ သိုင်းကစားတုတ်ကို ဖျတ်ခနဲ လှမ်းယူလိုက်တယ်။ စိတ်ထဲကလည်း "တွေ့ကြတာပေါ့ကွာ၊ ခံနိုင်ရင် ခံပေရော့"လို့ ပြောနေမိပါတယ်။ ပြီးတော့ နှစ်ယောက်သား မြေပြန့် တစ်နေရာဆီသို့ ဦးတည်လျှောက်လှမ်းသွားကြတယ်။ ရောက်တော့…

"ကဲ - အဆင်သင့်ဆိုရင် ကျုပ်သာပြီ ဆရာအိုက်ပန်း"

လို့ ပြောပြောဆိုဆို ငရေးက သူ အတက်ကျွမ်းထားတဲ့ တုတ်သိုင်းပညာနဲ့ တုတ်ကို မွှေ့ယမ်းရင်း စကားဆိုလိုက်တော့…

"ကောင်းပြီ ငရေး ဝင်ရဲက ဝင်ခဲ့တော့"

လို့ ဆရာကြီး ဦးအိုက်ပန်းက ပြောရင်း အမာခံ ခြေစုံခင်းလို့ အသင့်ကြိုလိုက်ပါတယ်။

အဖြစ်အပျက်လေးက မြန်လိုက်တာ။ မျက်စိတစ်မှိတ် လျှပ်ထစ်ပြက်ပဲ။ ရေပက်လို့ မဝင်ဘူးဆိုတဲ့ တုတ်ချက် လှည့်ချက်တွေက မြန်မှ မြန်။ တဝီဝီအော်မြည်နေတဲ့ အသံကိုသာ ကြားနေရပါတယ်။ သို့သော် ဆရာကြီး ဦးအိုက်ပန်အနားလည်း ရောက်ရော၊ အံ့ဩလောက်အောင် ငရေးလက်က တုတ်ဟာ အဝေးကို လွင့်ထွက်သွားပါတယ်။ ငရေး အံ့အားသင့်နေတုန်း ဆရာကြီး ဦးအိုက်ပန်ရဲ့ ခြေစောင်းက ငရေးရဲ့ မျက်နှာနားက ဝိုးခနဲ ပွတ်ထွက်သွားပါတယ်။ ငရေး သိလိုက်ပါပြီ။ ဆရာကြီး ဦးအိုက်ပန်သာ တကယ် ဆော်ခဲ့ရင် ခုလောက်ဆို သူ့မေးရိုး ကျိုးသွားမည်ပဲ။

"ဘယ်လိုလဲ ငရေး။ ရှမ်းတရုတ်ပညာဆိုတာ ဒါပဲပေါ့။ အေး၊ မင်းရဲ့ တုတ်ရေးပညာကလည်း မသေးဘူးဆိုတာ ငါ ဝန်ခံပါတယ်"

"ကျုပ် ရှုံးပါတယ် ဆရာကြီး ဦးအိုက်ပန်။ ကျုပ်ဘဝမှာ အရှုံးနဲ့ ရင်ဆိုင်ရတာ ဒါ ပထမဦးဆုံးပါပဲ"

လို့ ပြောရင်း ဆရာကြီး ဦးအိုက်ပန်ရှေ့မှာ ဒူးတုတ် ထိုင်ချလိုက်ပါတယ်။ ပြီးတော့…

"ကျုပ် ဒီပညာကို သင်ချင်ပါတယ်။ တတ်မြောက်ချင်ပါတယ်။ ကျုပ်ကို တပည့်အဖြစ် လက်ခံပေးပါ ဆရာကြီးခင်ဗျား"

လို့ ပြောလိုက်တော့…

"သြော်…ငရေး…ငရေး၊ လူကလည်း ငယ်၊ ပညာကလည်း ကြွယ်ပါပေ့။ သိုင်းပညာကို မင်း သိပ်ချစ်တယ်၊ သိပ်မြတ်နိုးတယ်ဆိုတာ ငါသိပါတယ်။ မင်းလိုရင် ငါပေးရတာပ။ သို့သော် ပညာဆိုတာ ဆုံးခန်းတိုင်မှ ကောင်းတာကွဲ။ အချိန်ယူရလိမ့်မယ်။ ၁-နှစ်လား၊ ၂နှစ်လား၊ ၃နှစ်လားဆိုတာ မင်းအပေါ်မှာ မူတည်တယ်။ ကဲ- မင်း ဆုံးဖြတ်ပေရော့"

"ကျေးဇူးကြီးလှပါတယ် ဆရာကြီး ဦးအိုက်ပန်။ ဆရာကြီး လက်ခံပြီဆိုမှတော့ အချိန်ဆိုတာ ငရေးအတွက် ဝန်မလေးပါဘူး။ ကျုပ်က တစ်ယောက်တည်းသမား၊ ဂန္တဝီ သိုင်းသမားဆိုလေတော့ ကြုံရာ ကျရာ နေရာမှာ ပျော်ပျော်နေတတ်သူပါ"

လို့ ပြောရင်း ကျေနပ်စွာ ပီတိတွေနဲ့ ဆရာကြီး ဦးအိုက်ပန်ကို ကြည့်ပြီး ပြုံးနေပါတော့တယ်။

◈◈◈

ဒီလိုနဲ့ ပညာသင်ကြားနေလိုက်တာ သုံးနှစ် သုံးမိုးဆိုတဲ့ အချိန်တွေဟာ တရွေ့ရွေ့ကုန်ဆုံးခဲ့ပါပြီ။ သင်ယူခဲ့တဲ့ ပညာတွေကလည်း ပြည့်သောအိုးပမာရှိခဲ့ပြီပေါ့။ ဆရာကြီး ဦးအိုက်ပန်သည် ဆရာရေးအား သားတစ်ယောက်လို ချစ်ခြင်းတွေနဲ့ ပညာကုန်၊ ထန်ကုန်၊ မာန်ကုန်အောင် ဖြည့်ဆည်းပေးနိုင်ခဲ့ပါတယ်။ ပမာနိုင်းရသော် ဆရာကြီး ဦးအိုက်ပန်သည် ဆရာရေးအား "မြင်းတစ်ကောင်အား ချိတပ်ပေးလိုက်သလို ကျားတစ်ကောင်အတွက် တောင်ပံနှစ်ဖက်တပ်ပေးလိုက်သည့်နှယ် ဖြစ်ပါတယ်။ ပို၍အင်အားဖြစ်ခဲ့သည်မှာ ဆရာရေးသည် ဆရာကြီး ဦးအိုက်ပန်ထံမှ ကာယသိဒ္ဓိဆေးပညာများကို အိတ်သွန်ဖာမှောက် ထပ်ဆင့်ရရှိလိုက်ခြင်းပင် ဖြစ်ပါတယ်။ အဲဒီတော့လည်း ဇမ္ဗူတစ်လွှ သူမတူအောင် ဖြစ်ခဲ့ပေါ့။ ခုတော့ ပညာစုံပြီဖြစ်တဲ့ တပည့်ကို ဆရာကြီး ဦးအိုက်ပန် လက်လွှတ်လို့ နေရပ်ပြန်ခိုင်းခဲ့ပါပြီ။

ဆရာတပည့်နှစ်ဦး တစ်ဦးကို တစ်ဦးကြည့်ပြီး ကြေကွဲဝမ်းနည်းကြပေမယ့် အချိန်တန် အိမ်ပြန်ရမယ်ဆိုတာ သိနေကြလေတော့…

"ကဲ - ပြန်ပေတော့ လူလေး။ ဘဝတစ်သက်တာမှာ အောင်မြင်မှုများစွာနဲ့ ကျန်းမာချမ်းသာပါစေ။ လူလေးက ငယ်သေးတော့ စိတ်ကို ထိန်းပါ။ ဒီပညာနဲ့ မည်သူ့ကိုမှ မတော်မတရား မစော်ကားမိစေနဲ့။ အနန္တော အနန္တငါးပါး မမေ့နဲ့။ ဒေါသ၊ မောဟ၊ လောဘ၊ အတ္တ၊ မာန်မာနတွေ ချိုးနှိမ်နိုင်ပါစေ။ အနိုင်ရတိုင်း အနိုင်မယူချင်နဲ့။ မေတ္တာထားရင် မေတ္တာပြန်ရတတ်တယ် ဆိုတာ ယုံ။ လူလေး ဒီက ပြန်သွားရင် ဘဝလက်တွဲဖော်ရှာပါ။ အောက်ပြည်အောက်ရွာကို ငါ တစ်နေ့ရောက်ခဲ့ရင် လူလေးကို တစ်အိုးတစ်အိမ်ထောင်နဲ့ ငါမြင်ချင်တယ်။ ကဲ…ကဲ…သွား



www.burmeseclassic.com

www.burmeseclassic.com

တော့။ အချိန်ဆိုတာ တန်ဖိုးရှိတယ်။ လူလေးလည်း အချိန်ရရင် ငါ့ဆီ လာခဲ့။ ငါလည်း အချိန်ရရင် လူလေးဆီ အရောက်လာခဲ့မှာပါ"

"ကောင်းလှပါပြီ ဆရာအဖေ။ သား သွားပါတော့မယ်။ အထူးသဖြင့် ကျန်းမာရေးကို ဂရုစိုက်ပါ။ ပြန်တွေ့ရမယ့် တစ်နေ့ကိုသာ သား စောင့်မျှော်နေပါ့မယ်"

လို့ ပြောရင်း ဝေ့သီလာတဲ့ မျက်ရည်တွေကို ပုတ်ခတ် ပယ်ဖျောက်ရင်း သက်ပြင်းချလို့ ဆရာကြီး ဦးအိုက်ပန်ကို နောက်ဆုံးအနေနဲ့ ဦးချ ကန်တော့လိုက်ပါတယ်။

◈◈◈

တွံတေးမြို့ကို ပြန်ရောက်တော့ ခဏသာ အနားယူပြီး ယခင်နည်းတူ တပည့်တွေရှိရာ ခရီးနှင်လို့ သူ့ တတ်မြောက်လာတဲ့ ရှမ်းတရုတ် သိုင်းပညာ အမွေအနှစ်တွေကို ဆင့်ပွားသင်ကြားတော့တာပါပဲ။ ဆရာရေးရဲ့ သိုင်းကစားပုံဟာ အင်မတန်မှ တိကျသေချာပြီး သိုင်းဟန်၊ သိုင်းမာန်တွေကလည်း မြင်ရသူရင့်ကို လှုပ်ကိုင်နိုင်စွမ်းရှိပါတယ်။ အထင်သေးပြီး သူ့ပညာကို စမ်းဖို့ နေနေသာသာ သူ့ရဲ့ လျင်မြန်လှတဲ့၊ မာန်ပါလှတဲ့ ကစားပုံ၊ ကစားကွက်တွေကို ကြည့်ပြီး တော်ရုံတန်ရုံ ဖြုန်သွားကြတယ် ဆိုပါတယ်။

ခုဆို သူ ရှမ်းပြည်က ပြန်ရောက်တာ ၂နှစ်ကျော်သွားခဲ့ပါပြီ။ အဲဒီ ၂နှစ်ကျော်သွားခဲ့ပါပြီ။ အဲဒီ ၂နှစ်ဆိုတဲ့ အချိန်အတောအတွင်းမှာ သူ့ဘဝလည်း ပြောင်းလဲခဲ့ပါတယ်။ သူ့ဆရာကြီး ဦးအိုက်ပန် မှာလိုက်တဲ့ စကားအတိုင်း သူ အိမ်ထောင်ပြုလို့ တစ်အိုးတစ်အိမ်ဖြစ်နေပါပြီ။ ရှုထားတဲ့ ချစ်ဇနီးလေးက သူ့ထက် အသက် ၁၅နှစ်



လောက် ငယ်ပါတယ်။ ဆရာရေး ကံကောင်းတာလား၊ ကံဆိုးတာလား မပြောတတ်ပါ။ နှလုံးသား ဖြူစင်သူမို့ ငယ်သူကို အသနားပိုခဲ့တယ်လို့ ထင်ပါရဲ့။ အလိုလိုက်ထားလိုက်တာလည်း လွန်ရော။ သူ့ဇနီးလေးက မင်္ဂလာဒုံအလွန် ထောက်ကြံ့မရောက်ခင် ပျဉ်းမပင်ရွာသူပါ။ ရွာအဝင်မှာ ရော်ဘာတောကြီး ရှိပါတယ်။ အဲဒီ ရော်ဘာတောကြီးဆုံးတော့မှ ဆရာရေးရဲ့ ဇနီးရွာ။ အဲဒီ ရော်ဘာတောကြီးကတော့ ဆရာရေးအတွက် အင်မတန်မှ တန်ဖိုးရှိလှတဲ့ အရိပ်ရ သိုင်းကစားကွင်းကြီးတစ်ခုပမာ ဖြစ်ခဲ့ပါတယ်။ အဲဒီ ရော်ဘာတောမှာ လုပ်ငန်းခွင် ဝင်နေကြတဲ့ ယောက်ျားမှန်သမျှ ဆရာရေးရဲ့ တပည့်တွေချည်းပဲ။ (အဲဒီ တပည့်တွေထဲမှာ ကျွန်တော့်ဖေဖေလည်း ပါခဲ့ပါတယ်။)

အဲဒီတော့လည်း ဇနီးနဲ့ ပျော်၊ တပည့်တွေနဲ့ ပျော်နေတဲ့ ဆရာရေးရဲ့ ဘဝလေးဟာ ဘယ်လိုပဲ ကြည့်ကြည့် ပီတိတွေနဲ့ ဝေနေမှာပဲ ဖြစ်ပါတယ်။ သို့သော် တစ်နေ့ ဆရာရေးရဲ့ အရိပ်ရ သိုင်းကစားကွင်းလေး ရှိရာသို့ မထင်မှတ်ဘဲ ရှမ်းပြည်က သိုင်းဆရာကြီး ဦးအိုက်ပန် ရုတ်တရက် ရောက်ရှိခဲ့ပါတယ်။ အချိန်က နေညိုချိန်၊ သည်အချိန်ကို မညီတညီ။ မြွေးရိုင်းသွင်းချိန်လို့ ဆိုပါတော့။ ပ

အလင်းရောင်က ပျောက်တော့မယ်လေ။ ဆရာရေးရဲ့ သွန်သင်ပြသနေတဲ့ သိုင်းကွက်တွေကို ရော်ဘာပင်တစ်ပင် အကွယ်က ငေးကြည့်နေတဲ့ ဆရာကြီး ဦးအိုက်ပန်။ ဆရာရေးရဲ့ ပွဲသိမ်းချိန်ကို ပင် မစောင့်နိုင်တော့။

"ဟိတ်···လူလေး ငရေး"

လို့ အသံသြသြကြီးနဲ့ ခေါ်လိုက်ပြီး ရော်ဘာပင်အကွယ်က ထွက်လိုက်ပါတယ်။

"ဟာ···ဆရာအဖေ၊ ဒါ ဆရာအဖေရဲ့ အသံ၊ ဆရာအဖေ"

လို့ အားရဝမ်းသာခေါ်လိုက်ပြီး ဆရာကြီးရှိရာ ပြေးသွားခဲ့ပါတယ်။

"ဟားဟားဟား···ဟုတ်ပ···ဟုတ်ပ။ ဆရာအဖေပါ လူလေးရေ ဆရာအဖေပါ"

လို့ ပြောပြီး ဆရာတပည့် နှစ်ယောက် တစ်ဦးကို တစ်ဦး အားရဝမ်းသာ ပွေ့ဖက်ထားကြပါတယ်။

"ဝမ်းသာလိုက်တာ ဆရာအဖေရယ်···ဝမ်းသာလိုက်တာ။ ဟေ့···တပည့်တို့···ဒါ ငါ့ဆရာ၊ ရှမ်းပြည်က ဆရာကြီး ဦးအိုက်ပန်ဆိုတာပဲ။ ဆရာကြီးကွ"

လို့လည်း လှမ်းပြောလိုက်ရော တပည့်တွေအားလုံး အားရဝမ်းသာပြေးလာကြပြီး ပြိုင်တူ ဂါဝရပြုလိုက်ကြပါတယ်။ ဒီအချိန်မှာ ဆရာတပည့်နှစ်ဦးရဲ့ ဝမ်းသာအားရ ရယ်မောသံတွေက ရော်ဘာတောကြီးတစ်ခုလုံး လွှမ်းခြုံသွားတယ်ထင်ပါရဲ့။

◈◈◈

ခုဆို ဆရာကြီး ဦးအိုက်ပန် ရောက်ခဲ့တာ တစ်လပြည့်တော့မယ်။ မနက်ဖြန်ဆို တစ်လပြည့်ပြီ။ အဲဒီညမှာပဲ ဆရာကြီးက ပြန်တော့မယ်ဆိုတဲ့ အကြောင်းအရာကို ပြောလာတော့ ဆရာရေး



www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲ ဝမ်းနည်းသွားလိုက်တာ။

“ဆရာအဖေရယ်…နေပါဦး”

လို့ အတန်တန်တားပေမယ့်…

“အေး၊ နေချင်သပေါ့ကွယ်။ ဒါပေမယ့် နောက်ကြောင်းကိစ္စလေးတွေက ရှိသေးတယ်။ ပြန်မှ ဖြစ်မယ် လူလေး။ ငါရောက်တာလည်း ကြာခဲ့ပေါ့။ လူလေး လိုက်ပို့ပေးလို့ ဘုရားစုံလည်း ဖူးပြီးပြီ။ ကျေနပ်ပါ လူလေးရယ်။ နောက်တစ်ခါရောက်ခဲ့ရင် ဆရာအဖေ အကြာကြီးနေပါ့မယ်။ ခုတော့ လူလေး ပြန်ဦးကွဲ့။”

လို့ နှစ်သိမ့်စကားဆိုလိုက်တော့ ဆရာရေး ဘာမှမတတ်နိုင်တော့ပါ။ ဆရာကြီးရဲ့ မျက်နှာကိုသာ ငေးမောကြည့်ရင်း မျက်ရည်များသာ ဝဲနေပါတော့တယ်။

ဒီည ဆရာရေး အိပ်မပျော်ပါ။ မနက်ဆို ဆရာကြီး ပြန်တော့မယ်ဆိုတဲ့ အသိနဲ့ သက်ပြင်းတွေ ချလိုက်၊ ထိုင်လိုက်၊ ပြန်အိပ်လိုက်ဆိုတော့ အနားက သူ့ဇနီးလေး အိပ်ရေးပျက်ပြီပေါ့။

“ကိုကြီးရေး…ဘာတွေဖြစ်နေတာလဲ။ စံပယ်ဖြို အိပ်မရဘူး ကိုကြီးရယ်”

“ဟုတ်တယ် စံပယ်။ ကိုကြီးရေးလည်း အိပ်မရဘူးဖြစ်နေတယ်။ မနက်ဆို ဆရာကြီးက ပြန်တော့မယ်။ တားလို့လည်း မရ၊ ဆီးလို့လည်း မရဆိုတော့ ကိုကြီးရေး ဆရာကြီးအတွက် စိတ်မကောင်းဘူးဖြစ်နေတယ်။ ဆရာကြီးအတွက် ဘာလုပ်ပေးရမလဲ ဆိုတာ စဉ်းစားမရအောင် ဖြစ်နေတယ်။ ဆရာကြီး ပြန်တော့မယ်ဆိုတော့ ဘာလုပ်ရမှန်း မသိတော့ပါဘူး စံပယ်ရယ်”

“ဒါများ ကိုကြီးရေးရယ်၊ ခက်တာ မှတ်လို့။ ရှိတာလေးနဲ့ တော်ရုံသင့်ရုံဆို ပြီးပြီပေါ့”

“အို…ဘယ်လိုပြောလိုက်တာလဲ စံပယ်ရယ်။ လွယ်လွယ်လေး မပြောလိုက်ပါနဲ့။ ကိုကြီးရေး…ဆရာကြီးထံမှာ ဆရာကြီးကျွေးတဲ့ ထမင်းကို စားပြီး ဆရာကြီးပေးတဲ့ ပညာတွေကို သင်ယူခဲ့တာ သုံးနှစ်သုံးမိုး။ အဲဒီအချိန်တွေကို စံပယ်ဖြို အားနာစိတ်လေး ထားပေးပါ။ ပေါ့ပေါ့တန်တန် မပြောလိုက်ပါနဲ့ စံပယ်ရယ်”

“ဒါဆို ကောင်းပြီ ကိုကြီးရေး၊ ကိုကြီးရေးက ဘယ်လိုလုပ်ချင်လို့တုန်း”

“စံပယ့်ဆီမှာ ကိုကြီးရေး ပေးထားတဲ့ ပိုက်ဆံ ဘယ်လောက်ရှိသေးလဲ”

“အို… ဘာတွေလုပ်မလို့လဲ ကိုကြီးရယ်။ ငွေတော့ မပေးလိုက်ပါနဲ့။ တခြားတစ်ခုခုဆို စံပယ်လုပ်ပေးပါ့မယ်”

“မရဘူး စံပယ်။ ကိုကြီးရေး ဆရာကြီး လိုရာသုံးဖို့ ငွေပဲ ပေးလိုက်ချင်တယ်။ ဘာလဲ…စံပယ်၊ ငွေဆိုလို့ တွန့်တိုနေတာလား။ လူမသေ ငွေမရှားပါဘူး စံပယ်ရယ်။ ကိုကြီးရေး မသေသရွေ့ ငွေရှာနိုင်ပါတယ်”

“မပေးနိုင်ဘူး ကိုကြီးရေး၊ မပေးနိုင်ပါဘူး။ ငွေရှိပါတယ်။ ဒါပေမယ့် ဒီငွေက စံပယ် ဘယက်တစ်ကုံးလုပ်ပေးမလို့ စုထားတာ။ သူ့ကို ပေးလိုက်ရင် စံပယ် ဘာနဲ့ သွားလုပ်မတုန်း။ ဒီမှာ ကိုကြီးရေး… စံပယ်က ငယ်ပါသေးတယ်။ လှချင်ပချင်ပါတယ်၊ မပေးနိုင်ဘူး ကိုကြီးရေးရေ၊ မပေးနိုင်ပါဘူး။ တွန့်တိုတယ်လို့ ထင်ရင်လည်း ထင်ပါတော့”

“ရော…ခက်လိုက်ပါတဲ့ စံပယ်ရယ်။ ကိုကြီးရေးပြောတာ စံပယ် သဘောမပေါက်ဘူး ထင်ပါရဲ့။ စံပယ် လိုချင်ရင် ဘယက်တစ်ကုံးမကဘူး၊ နှစ်ကုံး သုံးကုံး ကိုကြီးရေး လုပ်ပေးနိုင်ပါတယ်။ ခုတော့ ကိုကြီးရေးရဲ့ ဆန္ဒကို တစ်ကြိမ်တစ်ခါပဲ ဖြည့်ဆည်းပေးပါ။ မနက်ကျရင်သာ အဲဒီငွေကို ပေးပါနော်။ ကိုကြီးရေး တောင်းပန်ပါတယ်ကွယ်”

လို့ တိုးတိုးလျလျ ညင်ညင်သာသာ အကြိမ်ကြိမ်အခါခါ ပြောဆိုနေလိုက်တာ လင်းကြက်တွန်သံ ကြားရတဲ့အထိပါပဲ။ နောက်ဆုံး ပြောမရ၊ ဆိုမရ၊ ချော့မရတဲ့အခါကျမှ ဆရာရေး နောက်ဆုံး ရာဇသံထုတ်လိုက်ပါတယ်။

“ကောင်းပြီ စံပယ်၊ မနက်ကျရင်သာ ငွေပေးပါ။ ဒါ ကိုကြီးရေးရဲ့ နောက်ဆုံးစကားပါပဲ”

လို့ ခပ်ထန်ထန် ခပ်ပြတ်ပြတ် ပြောလိုက်တော့…

“ပေး…ပေး၊ အကုန်သာ ပေး။ ရှိသမျှအားလုံးသာ ပေးလိုက်ပါတော့ ကိုကြီးရေးရယ်”

လို့ ပြောပြောဆိုဆို ဆောင့်ဆောင့်အောင့်အောင့်နဲ့ တစ်ဖက်သို့ ဇတ်ခနဲ လှည့်သွားပါတော့တယ်။

◈◈◈

မနက်မိုးလင်းခဲ့ပါပြီ။

ညကတည်းက တိတ်ဆိတ်ငြိမ်သက်သွားတဲ့ စကားသံနှင့်အတူ မျက်နှာထားတော်ဆူဆူနဲ့ မစံပယ်ဖြို တစ်ယောက် အိပ်ခန်းထဲက အိမ်ပြင် မထွက်တော့။ ဆရာရေးကသာ ဆရာကြီး ဦးအိုက်ပန် ပြန်ဖို့အတွက် ပစ္စည်းတွေ သိမ်းရင်း လိုအပ်တာတွေ ဖြည့်လုပ်ပေးနေပါတယ်။ အားလုံးပြီးတော့ ဆရာကြီးကို ဘုရားခန်းမှာ ထိုင်စေကာ၊ ရှိသေစွာ လက်စုံမိုးလို့ ဦးသုံးကြိမ်ချ ကန်တော့လိုက်ပြီး အိပ်ခန်းထဲက ထွက်



www.burmeseclassic.com

www.burmeseclassic.com

မလာတဲ့ စံပယ်ဖြူကို လှမ်းပြောလိုက်ပါတယ်။

"စံပယ်ရေ... ကိုကြီးရေးကို ပိုက်ဆံလာပေးပါ။ ဆရာကြီးကို ကန်တော့မလို့"

သို့သော် စံပယ်ဖြူတစ်ယောက် အသံလည်း ပြန်မပေး၊ လှုပ်လည်း တုတ်တုတ်မှ မလှုပ်။ အတန်ကြာတော့...

"စံပယ်ရေ.. ကိုကြီးရေး ပြောတာ ကြားလား။ ပိုက်ဆံမြန်မြန်ယူပြီး ထွက်လာခဲ့"

လို့ ပြောလိုက်တဲ့ ဆရာရေးရဲ့ စကားသံလည်း ဆုံးရော...

"ရော့၊ တော့်ပိုက်ဆံ"

ဆိုပြီး စံပယ်ဖြူရဲ့ ခပ်ထန်ထန် စကားသံနဲ့အတူ အိပ်ခန်းဆီးကို ကျော်ပြီး ပစ်ပေးလိုက်တဲ့ ပိုက်ဆံထုပ်လေးဟာ ဆရာရေးနဲ့ ဆရာကြီး ဦးအိုက်ပန် ကြား ဖုတ်ခနဲဆို ပြုတ်ကျလာပါတယ်။ အဲဒီအချိန်ဟာ ဆရာရေး ထောင်းခနဲ ဒေါသထွက်သွားသလို၊ ဆရာကြီး ဦးအိုက်ပန်လည်း ကွက်ခနဲ မျက်နှာပျက်သွားပါတော့တယ်။

ဆရာရေး "တောက်" တစ်ချက် ခပ်ပြင်းပြင်းလေး ခေါက်လိုက်ပြီး ဇတ်ခနဲ ထ,မယ်လုပ်တော့...

"လူလေး... ပြီးသွားပြီကွဲ့၊ ဒေါသဖြေပါ"

လို့ ဆရာကြီး ဦးအိုက်ပန်က အေးအေးဆေးဆေးပဲ စကားအရာနဲ့ တားလိုက်ပါတယ်။ ပြီးတော့မှ နှစ်ခြိုက်စွာ ပြုံးနေပါတော့တယ်။ အဲဒီအပြုံးကို ဆရာရေး ကောင်းကောင်းသိတယ်။ ဖြန်းခနဲ ကြက်သီးမွေးညင်းတွေ ထသွားတယ်။ ဆရာကြီးနဲ့ နေခဲ့တာ သုံးနှစ်သုံးမိုး။ ဆရာကြီး သိပ်စိတ်ဆိုးသွားရင် ခုလိုအပြုံးမျိုး ပြုံးတတ်ပါတယ်။

"မိုက်လိုက်တာ စံပယ်ဖြူရယ်။ ရက်စက်လိုက်တာနော်။ အလိုလိုက်လို့ အမိုက်စော်ကားလိုက်တယ် ထင်ပါရဲ့။ ခွင့်လွှတ်ပါ ဆရာအဖေရယ်၊ သား တောင်းပန်ပါတယ်နော်"

လို့ မချိတင်ကဲ ပြောလိုက်တော့...

"မတောင်းပန်နဲ့ လူလေး။ ဒါ ပြီးပြီးသားကိစ္စလို့ ငါပြောပြီးပြီလေ။ ဝမ်းမနည်းပါနဲ့ လူလေးရယ်။ ကဲ - ဆရာအဖေသွားတော့မယ်။ လူလေးရဲ့ ပိုက်ဆံ ပြန်သိမ်းလိုက်ပါ။ ဆရာအဖေ လက်မခံပါရစေနဲ့။ ဆရာအဖေရဲ့ အကြောင်းကို လူလေး သိပါတယ်။ တို့ ရှမ်းလူမျိုးတွေဆိုတာ ကတိသစ္စာ တည်သူတွေပါ။ ဆုံးဖြတ်ပြီးပြီဟေ့ ဆိုရင်လည်း ဆုံးခန်းတိုင်အောင် လုပ်တတ်ပါတယ်။ အဲ...ဖြစ်လာမယ့် အကျိုးဆက်ကိုလည်း တာဝန်ယူဖို့ ဝန်မလေးဘူးကွဲ့။ ကဲ - လူလေး လာခဲ့ မင်းရဲ့ ဦးခေါင်းထက်မှာ ဆရာအဖေ နောက်ဆုံး ဆေးတစ်စက်တင်ခဲ့မယ်"

လို့ ပြောပြောဆိုဆို ရှမ်းလွယ်အိတ်ကြီးထဲက ဘီလူးခေါင်းရုပ်ပါတဲ့ နှစ်ခွ ကြေးစုတ်တံကြီးကို ထုတ်ပြီး ရဲရဲနီနေတဲ့ ဟင်္သာပြဒါးခွက်ထဲက ဆေးကို တို့လိုက်ကာ ခပ်မြန်မြန်၊ ခပ်ဆတ်ဆတ်လေး ဆေးတစ်ပေါက် ပေါက် ထည့်လိုက်ပါတယ်။

"ဒုတ်" ဆိုတဲ့ အသံနှင့်အတူ ဆေးတစ်စက် ဖျင်းခနဲ ဦးရေဖျားထဲ တိုးဝင်သွားတာ ဆရာရေး သိလိုက်တယ်။ ပြီးတော့ သူ့ရဲ့ နှလုံးသားတစ်စုံဟာ တဇတ်ဇတ်ခုန်သွားတာလည်း သတိထားမိလိုက်ပါရဲ့။

◈◈◈

ဆရာကြီး ဦးအိုက်ပန် ပြန်သွားပြီး နောက်တစ်နေ့က စလို့ ဆရာရေးရဲ့ အနေအထိုင်နဲ့ အပြောအဆိုတွေ တစ်စတစ်စ ပြောင်းလဲသွားပါတယ်။ စံပယ်ဖြူကိုလည်း သူ စကားမဆိုတော့။ ဟိုးအဝေးကြီးကိုသာ လှမ်းမျှော်ကြည့်ရင်း တစ်ယောက်တည်း ငေးငေး ငိုင်ငိုင်နဲ့။ တစ်ခါတစ်ခါ စိတ်နဲ့ ကိုယ် မကပ်သလိုပဲ။ ပိုဆိုးတာက လပြည့်လကွယ်နေ့တွေဆို ထိန်းမရတော့။ ခုတော့ စံပယ်ဖြူလည်း မရှိတော့ပြီ။ ဆရာရေးကို ကြောက်ပြီး သူ့မိဘတွေဆီ ပြန်သွားလေရဲ့။ ဆရာရေးကို ပြုစုနေကြတာ သူ့တပည့်များပဲ ဖြစ်ပါတယ်။ သို့သော် ဆရာရေး စိတ်ဖောက်လာရင် ဘယ်သူမှ အနားမကပ်ရဲကြ။ ခပ်ဝေးဝေးကသာ ကြည့်ရှု စောင့်ရှောက်နေကြရပါတယ်။

ဆရာရေးရဲ့ ခြေတွေ လက်တွေဟာ အင်မတန်မှ မာကျောလှပါတယ်။ သစ်ပင်တစ်ပင်ကို စိတ်ရှိလက်ရှိ ခုတ်လိုက်ရင်၊ သို့မဟုတ် အားပါးတရ ထိုးနက်လိုက်ရင် အသားအခေါက်တွေ ဖွာခနဲ ဖွာခနဲ ကွာကျတဲ့အထိ ပြင်းပါတယ်။ ပြီးတော့ ကန်သင်းရိုးတွေဆိုရင်လည်း ပြန့်ကြဲ လွင့်စဉ်ကုန်တဲ့အထိ ခြေဖောင်း၊ လက်ဖောင်းထက်ပါတယ်။ သို့သော် သည်လက်၊ သည်ခြေတွေနဲ့ မည်သူ့ကိုမျှ အကြောင်းမဲ့ မစော်ကားတတ်ပါ။ သတိ အင်မတန်ကောင်းပါတယ်။ သူ့အဖြစ်က ပြောရရင် လုံးလုံးလျားလျား သတိမဲ့သွားတာမျိုး မဟုတ်သလို၊ လူကောင်းတစ်ယောက်နယ် ရှိနေသည်လည်း မဟုတ်ပြန်ပါဘူး။ သတိကပ်လိုက်၊ သတိလွှတ်လိုက် ဖြစ်နေတဲ့ အနေအထားပါ။ လသာတဲ့ ရက်တွေဆို ဝါးပိုးဝါးပင်ထိပ်ဖျားပေါ် တက်ပြီး တစ်ပင်နဲ့ တစ်ပင် ချည်နှောင်ပြီး အကျအနထိုင်ကာ သီချင်းတွေ အော်ဆိုတတ်ပါတယ်။ တပည့်တွေက ဝိုင်း



www.burmeseclassic.com

www.burmeseclassic.com

...ကြီးနဲ့ . . .

"ဆရာ ဆင်းခဲ့ပါ၊ ဆင်းခဲ့ပါ ...ရာ"

လို့ အတန်တန်ခေါ်သံကြား ...င် . . .

"အေး၊ ငါလာပြီဟေ့"

ဆိုပြီး အဲဒီ ဝါးပင်ထိပ်ဖျားက ...ခနဲ ခုန်ချတတ်ပါတယ်။ တပည့် ...တွက . . .

"အမလေး . . . ဆရာသေပါပြီ"

ဆိုပြီး ပြေးသွားကြတော့ တပည့် ...ရှ အနားမရောက်ခင် သူက ဖုတ် ...ခါလို့ ခပ်တည်တည်ပဲ ထသွားခဲ့ ...တယ်။ တပည့်တွေမှာတော့ ပါးစပ် ...ဟောင်းသားနဲ့ တအံ့တသြကျန်ခဲ့ကြ ... သူ ဒီလိုမျိုးလုပ်တာ တစ်ခါ ... မကတော့ဘူး။ မှတ်မှတ်ရရပြော ...င် တစ်နေ့ သရက်ပင်ပေါ် တက်ပြီး ...ဆို ခုန်ချလိုက်တာ သရက်ကိုင်း ...ရှ ကျိုးကျသံနဲ့အတူ ဝုန်း . . . ဒိုင်း ...တဲ့ အသံတွေနဲ့ လုံးထွေးပြီး သူ ...လာတယ်။ ဒါကို ရုတ်တရက် လှမ်း ...လိုက်တဲ့ မီးထွက်ပြီးခါစ သွေးနန ...နဲ့ ဒေါ်လေး မမျှင်ဟာ သွေး ...သွားလိုက်တာ သတိကို မေ့ ...။

◈◈◈

ဒီနေ့ လကွယ်နေ့။

အချိန်အားဖြင့် ညဉ့်သန်းခေါင်ယံ ...။ ဆရာရေးနှင့်အတူ တပည့် ...ယောက် နှစ်ခြိုက်စွာ အိပ်ပျော်နေ ...တယ်၊ ဒါပေမယ့် ဆရာရေး ...ရုတ် လန့်နိုးလာတယ်။ ဖော့ချွေး ...ည်း ပြန်လို့။ သူ အိပ်မက်မက် ...။ အိပ်မက်ထဲမှာ ဆရာကြီး ...ပ်နက ဘီလူးရုပ်ခေါင်းပါ ကြေး ...ကြီးနဲ့ ဆေးနီကြောင်တွေ သူ့ ...ယ်လုံးကို ထိုးပေးနေတယ်။ အဲဒီလို ထိုးပေးနေတဲ့ ဆေးနီကြောင်တွေကို သူ အသေအချာကြည့်လိုက်တော့ ဆေးနီတွေက သွေးနီနီတွေ ဖြစ်သွားတာ သူ တအံ့တသြနဲ့ ကြည့်နေမိတယ်။ သူ့တစ်ကိုယ်လုံးမှာ သွေးတွေချည်းပဲ။ ဒါနဲ့ သူ လန့်နိုးလာတယ်။ ဟုတ်များ ဟုတ်နေသလားလို့ သူ့ကိုယ်သူ စမ်းသပ်ကြည့်တော့ ချွေးတွေသာ ရွှဲနစ်နေတာ တွေ့ရတယ်။

"ဟင်း"ခနဲ သက်ပြင်းချရင်း အိပ်ရေးမှာ ရှိတဲ့ သောက်ရေအိုးစင်ကို သူ ထွက်လာတယ်။ အဲဒီအချိန်မှာ ရော်ဘာတောကြီးရှိရာဘက်ကို သူ အမှတ်မထင်ကြည့်လိုက်တော့ ရှမ်းဝတ်စုံနဲ့ ရှမ်းလွယ်အိတ်ကြီး လွယ်ပြီး ဆရာကြီး ဦးအိုက်ပန် ရော်ဘာတောထဲ ဖြည်းညင်းစွာ ဝင်ရောက်သွားနေတာ တွေ့လိုက်ရတယ်။

"ဟာ . . . ဆရာအဖေ၊ ဆရာအဖေပါလား"

လို့ အားရဝမ်းသာ ပြောဆိုရင်း သူပြေးလိုက်သွားတယ်။ သူ့စိတ်ထဲမှာ ဆရာကြီး ဦးအိုက်ပန်ကို တွေ့နေရတယ်။ ဒါပေမယ့် အနားရောက်လိုက် ပျောက်လိုက်ဖြစ်နေတယ်။

ခုဆို ဆရာရေး ပြေးလွှား အော်ဟစ် ရှာဖွေနေတာ ရော်ဘာတစ်တောလုံးပင် ဆုံးခဲ့ပေါ့။ ခုတော့ မောလည်း မော၊ ရေကလည်း ဆာ၊ သူ့တစ်ကိုယ်လုံးမှာလည်း ချွေးတွေက ရွှဲနစ်လို့။ ပြီးတော့ အမှောင်ထဲမှာ ပြိုလဲကျခဲ့တာကလည်း အကြိမ်ကြိမ်အခါခါ။ အစားအစာဆိုတာကလည်း စားတစ်လှည့်၊ မစားတစ်လှည့်မို့ ပိန်ကျသွားတဲ့ သူ့ရုပ်သွင်ဟာ ဖုန်တွေ၊ သဲတွေနဲ့။ ခုဆို လူရုပ်ပင် မပီပြင်တော့။

အဲဒီတော့လည်း စိတ်ပျက်အားငယ်စွာ ရော်ဘာပင်တစ်ပင်အောက်မှာ ခွေပစ်လက်ပစ် ထိုင်ချလိုက်တယ်။ နှုတ်ကတော့ "ဆရာအဖေ . . . ဆရာအဖေ"နဲ့ တမ်းတမ်းတတ ခေါ်နေဆဲပါလေ။ ဒီအချိန်မှာ "ကိုကြီးရေး"လို့ ခေါ်လိုက်တဲ့ စံပယ်ဖြူအသံကို ကြားလိုက်သလိုပဲ။

"ဟင် . . . စံပယ်ဖြူ . . . စံပယ်ဖြူ၊ မင်း ငါ့ဆီကို မလာခဲ့နဲ့၊ မလာခဲ့နဲ့ စံပယ်ဖြူ၊ မင်းက နာမည်ကသာ စံပယ်ဖြူ စိတ်ထားမှ မဖြူဘဲ။ ငါ မင်းကို ရွံတယ်၊ ကြောက်တယ်၊ မုန်းတယ် စံပယ်ဖြူ၊ ဝေးဝေးနေပါ၊ ဝေးဝေးသွားပါ။ ငါ့နားကို မလာနဲ့၊ သွား . . . သွား"

လို့ ပြောရင်း တောက်တစ်ချက် ခပ်ပြင်းပြင်းလေး ခေါက်ကာ၊ ထိုင်နေရာမှ ဝုန်းဆို ထလိုက်ပြီး စိတ်ရှိလက်ရှိ တွေ့သမျှ ရော်ဘာပင်တွေကို ခြေထောက်နဲ့ ခတ်၊ လက်သီးနဲ့ ထိုးနက်နေလိုက်တာ ရော်ဘာသီးလေးတွေက တဖုတ်ဖုတ်ကြွေ၊ ရော်ဘာခေါက်လေးတွေက တဖွားဖွားလွင့်၊ ရော်ဘာစေးလေးတွေက တစ်စက်စက်နဲ့ ဖြူဖွေးစွာ စီးဆင်းကျနေလေရဲ့။

စိတ်ကျေနပ်သွားတော့မှ သူ ရော်ဘာတောကို ကျောခိုင်းလိုက်တယ်။ သူ့ရှေ့မှာ လှမ်းမြင်နေရတာက ပြည်လမ်းမကြီး။ ပြည်လမ်းမကြီးဆိုတာ အဲဒီအချိန်အခါက ညဘက်ဆို လူသွားလူလာ မရှိတဲ့ နေရာ။ ကားသွားကားလာကလည်း ကျဲ။ ခုတော့ မှောင်နဲ့ မဲမဲမှာ ဆရာရေးတစ်ယောက်တည်း ဖိနပ်မပါ၊ လက်ဗလာနဲ့ မင်္ဂလာဒုံ ဝါယာလက်ဘက်ဆီသို့ ဦးတည်လျှောက်လှမ်းခဲ့ပါတယ်။ နှုတ်ကလည်း "ဆရာအဖေ . . . ဆရာအဖေ"နဲ့ တမ်းတမ်းတတ ဖွဖွကလေး ရွတ်ဆိုစဉ်ပင်။

ဒီလိုနဲ့ ငွေယားတောင်နားကို သူ ရောက်လာတယ်။ ရောက်ခါနီး တောင်



www.burmeseclassic.com

www.burmeseclassic.com

အတက် တစ်ဆစ်ချိုး လမ်းအကွေ့လေး ရောက်တော့ ဆရာရေးရဲ့ ခြေလှမ်းတွေဟာ နှေးလာတယ်။ မျက်စိတွေကလည်း လေးလာတယ်။ ပင်ပန်းနွမ်းနယ်ခဲ့လေသမျှ ခန္ဓာကိုယ်က အနားယူချင်ခဲ့ပြီလေ။ အဲဒီတော့လည်း ကားလမ်းရဲ့ အလယ်ခေါင် မကျတကျနေရာလေးမှာ အသာလေး မှေးလို့ ခေါင်းချလိုက်ပါတယ်။ တစ်ခဏတာအတွင်းမှာပဲ ဆရာရေး နှစ်ခြိုက်စွာ အိပ်ပျော်သွားလေရဲ့။

◈◈◈

မနက်မိုးလင်းတော့ ငွေယားတောင်နားမှာ ကားကြိတ်ပြီး သေနေတဲ့ လူသေအလောင်းတစ်လောင်းတွေ့တယ်ဆိုတဲ့ သတင်းက အနီးအနားရွာတွေအထိ ပျံ့နှံ့သွားပါတယ်။ ညကတည်းက ဆရာရေး ပျောက်လို့ လိုက်ရှာနေတဲ့ သူ့တပည့်တွေ အပြေးအလွှားသွားကြည့်ကြတော့ ဟုတ်ပါတယ်၊ ဆရာရေးမှ ဆရာရေးအစစ်ပါ။

ခုတော့ ဆရာရေး အမှန်တကယ်ပဲ ကွယ်လွန်ခဲ့ပါပြီ။ သူချစ်တဲ့ မဲစံပယ်ဖြူနဲ့ သူချစ်တဲ့ တပည့်တွေအားလုံးကို ထားပြီး သူထွက်သွားခဲ့ပါပြီ။ အရာရာဟာ တွေးကြည့်ရင် ဝမ်းနည်းကြေကွဲဖွယ်ရာ ကောင်းလှပါတယ်။ မထင်မှတ်တဲ့ "အမှားလေး"တစ်ခုကြောင့် ဖြစ်ပေါ်လာတဲ့ ဝဋ်ကြွေးတစ်ခုကို ဆရာရေး ပေးဆပ်သွားခဲ့ရတာပါ။

◈◈◈

လူဆိုတာ အမှားနဲ့ မကင်းနိုင်ကြဘူး။ မှားတတ်ကြတယ်ဆိုတာကို ကျွန်တော်သိပါတယ်။ သို့သော် ဆင်ခြင်တုံတရားတွေနဲ့ ဖြစ်ပေါ်လာမယ် ဒေါသ၊ မောဟ၊ လောဘ၊ အတ္တ၊ မာ မာန ဆိုတဲ့ အကုသိုလ် ညဉ်ဆိုးတွေ ကို သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ အကြ နာ၊ မေတ္တာ၊ စေတနာ၊ သဒ္ဓါ၊ မုဒိတာ ဆိုတဲ့ ကောင်းမြတ်သော ဗြဟ္မစို တရားတွေနဲ့သာ လွှမ်းခြုံလိုက်နိုင်မယ် ဆိုပါလျှင် အမှားကွယ်ပျောက် အမှ ရောက်သွားမှာ အသေအချာပါ ကျွန်တော် တွေးတောဆင်ခြင်မိရင်း သတိတရားနဲ့ သတိထားမိတာက တော့…

"ဩော်… အမှား…အမှာ ကြောက်စရာကောင်းလှပါတကား"

* * *

အောင်ငြိမ်းလှိုင်(ဉက္ကာ


# ဆရာကြီးရာဇာဇော်ဝင်း (LL.B.)

နာမည်ပေးကင်ပွန်းတပ် နက္ခတ္တဗေဒအတြားအမြင် လျှို့ဝှက်နက်နဲသောပညာဖြင့် အနာဂတ်ဟောကိန်း



ရင်သွေးငယ်များနာမည်ပေးခြင်းကင်ပွန်းတပ်ရက်အခမဲ့ရွေးပေးခြင်းရှေ့မှ
နာမည်လှလှလေးများရွေးချယ်ပေးခြင်းရင်သွေးငယ်များဘဝတစ်သက်တာ
စာတမ်းကုမ္ပဏီများနာမည်ရွေးခြင်းကုန်အမှတ်တံဆိပ်များအောက်ခံအရောင်
များကုမ္ပဏီဖွင့်ပွဲအချိန်၊နာရီ၊နေ့ရက်များမြန်မာဇာတာအင်္ဂလန်ဇာတာ
ဟောစာတမ်းအင်္ဂလိပ်ဟောစာတမ်းနိုင်ငံခြားမှမြန်မာများအတွက်နာမည်
စသည့်နာမည်ပေးပါရဂူဆရာကြီးတစ်ဦးဖြစ်ပါသည်(ဘဏ်ပူဇော်ခ၇၀၀၀
သံတမန်ဝန်ထမ်းအင်္ဂလိပ်နာမည်နှင့်မိဘနာမည်တွဲဖက်၍အထူးဆော
ပေးခြင်း ကိုယ်ဝန်ဆောင်မိခင်များခွဲစိတ်မွေးဖွားမည့်ရက်ကောင်းရက်
နာရီမိနစ်စက္ကန့်အပါအဝင်လိုအပ်သောယတြာများOGဆရာဝန်နှင့်တိုင်ပင်
ဆက်သွယ်နိုင်သည်လူကြီးများအတွက်ရက်လနှစ်ပိုင်းခြားထားသောဟော
များ လက္ခဏာဖြင့်ဟောခြင်း ဓါတ်ပုံဖြင့်ဟောခြင်း မွေးသက္ကရာဇ်ဖြင့်ဟော
အကြားအမြင်ဖြင့်ဟောခြင်းနိုင်ငံခြားသဘောသားများလိုင်းကောင်းကောင်း
နိုင်ငံခြားသွားသူများမိမိရောက်သည့်နိုင်ငံတွင်အဆင်ပြေစေရန်ချစ်သူမော
စုံတွဲဇာတာစစ်ဆေးခြင်းအကြွေးပြန်ရစေရန်အမှုနိုင်/မနိုင်ပညာရေးထူးချွ
မရှိအိမ်ထောင်ရေးတွင်အနှောင့်အယှက်များဖယ်ရှားပေးခြင်းရှုပ်ရည်ချော
သော်လည်းအဆင်မပြေဖြစ်နေသည်လူပျိုကြီးအပျိုကြီးများကံပွင့်အောင်
ခြင်းအိမ်ခြံကားရောင်းထွက်စေရန်ဆောင်ရွက်ပေးခြင်းအင်းပညာဝိဇ္ဇာအ
ပညာခေတ်ရိုက်ဓါတ်ဆင်ပညာများဖြင့်ဆရာထံရောက်လျှင်သင်အောင်မြ
မည်ဟုမှတ်ပါ(နှုတ်ဟောဘဏ်ပူဇော်ခ၅၀၀၀ကျပ်)နာမည်ပေးခြင်းနှင့်ဟော
များ ဒီနေ့အပ်လျှင်မနက်ဖန်ရမည်နယ်သို့VPLဖြင့်လည်းကောင်းဘဏ်
လျှင်ချက်ချင်းပို့ပေးမည်နယ်မှမွေးသက္ကရာဇ်နေ့ရပ်လိပ်စာဖော်ပြ၍မေး
သည်ရန်ကုန်မြို့အတွင်းနာမည်ပေးနှင့်ဟောစာတမ်းများကိုငွေကြိုပေးစ
မည်ဖုန်းသာဆက်လိုက်ပါတိုက်(၃၅)မြေညီထပ်(၈၇)လမ်းမင်္ဂလာဈေးဥ

ရန်ကုန်မြို့။(ပိတ်ရက်မရှိ) ☎ 01- 394727, 399426, 09-73009994, 09-73078260, 09-5152




www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ် စာအုပ်စင်

သုတအံ့




ဂမ္ဘီရ ဆရာလုမျိုး (B.Sc) ၏

## နဝင်းပညာ ဓာတ်ယတြာများ


ခုနစ်နေ့သားသမီးများအားလုံးအတွက် ကောင်းကျိုးဝေဆာစေသော နဝင်းပညာဓာတ်ယတြာများ စာအုပ်ထွက်ရှိလာသည်။ ရေးသားသူမှာ ဂမ္ဘီရ ဆရာလုမျိုး(B.Sc) ဖြစ်သည်။

ရှေးခေတ် မင်းစိုးရာဇာများသည် ဇာတာစန်းလဂ် မကောင်းသည့်အခါတွင် သစ်ခက်တဲနန်းထိုးပြီး ဥပုသ်အဓိဋ္ဌာန်ဝင်၏။ ထိုသစ်ခက် တဲနန်းမှာ ဆောင်ပန်း၊ နင်းကြမ်းသစ်သားများဖြင့် ဆောက်ထားသော တဲနန်းဖြစ်၏။ ယနေ့ခေတ်တွင်လည်း နဝင်းစီးယတြာကို ပြုလုပ်ကြပေမယ့် ယခုစာအုပ်တွင် ခုနစ်နေ့သားသမီးများအတွက် လက်တွေ့အသုံးချနိုင်သော နဝင်းယတြာများကို ရှင်းလင်းစွာ ဖော်ပြပေးထားသည်။

မြန်မာ့ရိုးရာ နဝင်းယတြာကို လေ့လာလိုသူများအား လက်တွေ့ အသုံးချလိုသူများ ဝယ်ယူသိမ်းဆည်းသင့်သော မြန်မာ့ရိုးရာ ဗေဒင်ပညာစာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

"ကြံတိုင်းအောင်"စာစဉ်မှ ထုတ်ဝေပြီး တစ်အုပ်လျှင် (၂၀၀၀)ကျပ်ဖြင့် ဝယ်ယူရရှိနိုင်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

---




ဆရာ လယ်ဇင်ဟိန်းထက် ၏

## မဟာဗုဒ္ဓဝင် ကဗျာပန်းအသွင်

မဟာဗုဒ္ဓဝင်အား ကဗျာအဖြစ် ရေးဖွဲ့ထားသော ဓမ္မရသ ကဗျာစာအုပ် ထွက်ရှိလာသည်။ ရေးသားပြုစုသူမှာ ဆရာ လယ်ဇင်ဟိန်းထက် ဖြစ်သည်။ ဗုဒ္ဓဝင်ကို ကဗျာပုံစံဖြင့် ရှင်းလင်းလွယ်ကူ မှတ်သားနိုင်စေရန် ရည်ရွယ်ရေးဖွဲ့ထားခြင်း ဖြစ်သည်။

ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး၏ ဇိနတ္ထပကာသနီကျမ်းကို မှီငြမ်းပြုစု ရေးသားထားသော ဗုဒ္ဓဝင် ဓမ္မရသ ကဗျာရှည်ကြီးဖြစ်သည်။

မြတ်စွာဘုရား၏ အလောင်းတော်ဘဝမှာ ပါရမီဖြည့်ပုံ၊ ဖွားမြင်တော်မူပုံ၊ ဘုရားအဖြစ် ပွင့်တော်မူပုံတို့ကို ခေါင်းစဉ် (၁၂၈)ခုဖြင့် စနစ်တကျ ရေးဖွဲ့စပ်ဆိုထား၏။ လူငယ်များအနေဖြင့် ပြောင်းလဲလာသော လူမှုဝန်းကျင်ပုံသဏ္ဌာန်အရ ဘာသာတရားအပေါ် အလေးအမြတ်ထားခြင်း အားနည်းလာကြသည့်အချိန်အခါမျိုးတွင် ဤကဗျာရှည်ကြီးကို ဖတ်ရှုခြင်းဖြင့် ယုံကြည်သဒ္ဓါစိတ်များ ဖြစ်လာစေရန် မျှော်လင့်ဆန္ဒပြုကြောင်း ပြည်သူ၏ အားထုတ်မှု ရည်ရွယ်ချက်ပင်ဖြစ်သည်။

ဝေါဟာရအသုံးအနှုန်း ကဗျာစပ်ဆိုပုံများမှာ ရှင်းလင်းလွယ်ကူပြီး ကဗျာရသမြောက်သည့်အတွက် လူငယ်၊ လူကြီးမရွေး ဖတ်ရှုသိမ်းဆည်းသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။

"မိုးခင်းစာပေ" ဉယျာဉ်အမှတ်(၄)အဖြစ် ရွှေခေတ်စာပေမှ ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ (၁၅၀၀)ကျပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အရှင်မဃဝိသာရ (ယောကိုယ်တော်) ၏

## မေတ္တာမျက်ဝန်း

ဆရာတော် အရှင်မဃဝိသာရ(ယောကိုယ်တော်) ၏ မေတ္တာမျက်ဝန်းဆိုသည့် စာအုပ်ထွက်ရှိလာသည်။ ဆရာတော်ကိုယ်တိုင် ရေးသားထားသည့် ပွဲဦးထွက် ဓမ္မရသ စာအုပ်ဖြစ်သည်။

ပါဠိစကားဖြစ်သော "ပိယစက္ခု"ကို အဓိပ္ပာယ် ဆီလျော်အောင် "မေတ္တာမျက်ဝန်း" ဟု အမည်ပေးထားခြင်းဖြစ်သည်။ ပိယ-ချစ်ခင်နှစ်သက်သော၊ စက္ခု-မျက်ဝန်း၊ မျက်လုံး ဟု အဓိပ္ပာယ်သက်ရောက်၏။ မေတ္တာမျက်ဝန်းဖြင့်သာ ကြည့်မှုသာ၊ လောကကို အထု ဆင်နိုင်ကြောင်းကို စာဖတ်သူများ နားလည် ရှင်းလင်းအောင် ရေးဖွဲ့ထား၏။

"ဘယ်နေရာကြည့်ကြည့်၊ ဘယ်အချိန်ကြည့်ကြည့် ချစ်စိတ်နဲ့ ကြည့်ရင် ချစ်စရာကို တွေ့ရမှာပဲ။ မုန်းစိတ်နဲ့ ကြည့်ရင်တော့ မုန်းစရာအကွက်ကို တွေ့ရမှာပဲ။ အရာအားလုံးကို ချစ်လို့ ရသလို၊ မုန်းလို့လည်း ရပါတယ်။ ချစ်စိတ်၊ မုန်းစိတ် ဆိုတာ ကိုယ့်စိတ်ရဲ့ ဖန်တီးမှုပါပဲ"

ဟု ဆရာတော်က ဆိုထား၏။

မေတ္တာမျက်ဝန်း၊ အနီးနှင့်အဝေး၊ သုံးနှင့်လေး၊ အပြန်အလှန်မေတ္တာ၊ မေတ္တာလက်ဆောင်ပေးရအောင်၊ ရင်တွင်း မေတ္တာ၊ မေတ္တာ၏ သဘာဝအမှန်တရား၊ မေတ္တာစကားများဟူ၍ အပိုင်း (၇)ပိုင်းဖြင့် ဖော်ပြထားသည်။

မေတ္တာစာစဉ်မှ ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးမှာ (၇၀၀)ကျပ်ဖြစ်သည်။

---




ဝသုန်ဟိန်းထက် ၏

## ငွေကြေးကိစ္စ အခက်ကြုံနေလျှင်

ဆရာ ဝသုန်ဟိန်းထက်သည် ဂမ္ဘီရဆန်းကြယ် မဂ္ဂဇင်းတွင် ရေးသားနေသော ပင်တိုင် ကလောင်ရှင်တစ်ဦးဖြစ်သည်။ သူ့လုံးချင်းစာအုပ်လေးမှာ ဆက်တိုက်ဆိုသလို ထွက်ရှိလာပြီး ပရိသတ်အနိုင်အမာရထားသူလည်း ဖြစ်သည်။ ယခု "စိန်မိုးယံ"စာပေ ထုတ်ဝေလိုက်သည့် "ငွေကြေးကိစ္စ အခက်ကြုံနေလျှင်"ဆိုသော စာအုပ်ထွက်ရှိလာ သည်။

ငွေကြေးကိစ္စ၊ လာဘ်လာဘကိစ္စနှင့် ပတ်သက်သော လူတိုင်း သိထားသင့်သည့် အဆောင်၊ အစီရင်၊ ဂါထာများ စုစည်းထုတ်ဝေလိုက်ခြင်းဖြစ်သည်။

လာဘ်နေအရပ် သိကြေး၊ ပုဆိုးရွှေရကိန်းတွင် လုပ်ဆောင်ပါ၊ ငွေဝင် ဂါထာ ရွတ်ပွားပါ၊ လာဘ်ရှင် ဓာတ်ပန်း လူတိုင်းသုံးပါ၊ ကိုးနဝင်းလေးထပ် ငွေဝင်ဓာတ်၊ ငွေဝင် ဖယောင်းတိုင် ပြုလုပ်ပုံ စသည်ဖြင့် စီးပွားရေး ငွေရေးကြေးရေး ပတ်သက် သော ဆောင်းပါး (၁၆)ပုဒ်ကို စုစည်းထုတ်ဝေထားသည်။

စိန်မိုးယံစာပေမှ ထုတ်ဝေဖြန့်ချိပြီး ရောင်းဈေးတန်ဖိုးမှာ (၁၀၀၀)ကျပ် ဖြစ်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com

KIDSZONE®
Baby Fancy World


(1) Junction Square Level (2), C-228 C-235 C-248, Kamaryoot Tsp. Yangon.
(2) Taw Win Center Level (2), 3084-3085, Da Gon Tsp. Yangon.
Ph : 09 524 2121, 09 4922 1290

www.burmeseclassic.com

www.burmeseclassic.com

# လမိုက်သော ညတစ်ည

ပေါ်မှုန်း




www.burmeseclassic.com

www.burmeseclassic.com

ကြာတော့ ကြာခဲ့ပါပြီ။ လွန်ခဲ့သော ၂၅နှစ်လောက်က ဖြစ်၏။ မေ့ားလိုက်ပြီဆိုသော်လည်း တစ်ခါစ်ရဲ့ သတိရနေဆဲပါ။ ပရလောကများအကြောင်းသည် အလွန်အံ့ဖွယ် ကောင်းလှပါသည်။ မျက်မြင်ကိုယ်တွေ့ ကြုံရဲ့သူများ ဗုန် အေမကာ၊ များပြားသည်။

လကွယ်ညတစ်ညဖြစ်သည်။ ကွယ်ညဟု ဆိုသည့်အတိုင်း ညည် တိတ်ဆိတ်မှောင်မိုက်လွန်းလှည်။ ကောင်းကင်တွင် မိုတ်တုတ်တ်တုတ် ကြယ်ကလေးများ လင်းည်တစ်ခါ၊ မှုန်တစ်လှည့်နှင့် ပုဇဉ်းရင်အော်သံတို့မှတစ်ပါး အမှောင်မည်းည်း အတိရှိနေ၏။ ကျွန်ုပ်သည် အိပ်ပျော်နိုင်သေးချေ။ ပက်လက် ကုလားင်ပေါ် ထိုင်လျက် ကောင်းကင်ရှိကြယ်ကလေးများကို မော့ကြည့်ရင်းစိတ်ကူးယဉ်လျက် လမိုက်ည၏ရသာကို ခံစားနေတော့သည်။

ထိုစဉ် အတွေးထဲတွင် စိတ်ကူးပေါ်လာ၍ စာရေးရန် တိုင်ကပ် နာရီကိုကြည့်သော်လည်း ည ၁၂နာရီထိုး မိနစ်အနည်းငယ်သာ လိုတော့သည်။ ရုတ်တရက် မီးပျက်သွားသဖြင့် မရေးဖြစ်တော့ချေ။

"ဟင်း…"

ကျွန်ုပ်သည် သက်ပြင်းရှည်ချပြီး မှောင်ထဲတွင် ဆက်ထိုင်နေလိုက်သည်။

"ဒေါက်…၊ဒေါက်…ဒေါက်"

အိမ်၏ အောက်ဘက်မှ တံခါးခေါက်သံကြား၍ လက်နှိပ်ဓာတ်မီးကို ယူကာ အိမ်အောက်ထပ်သို့ ဆင်းလာခဲ့သည်။

"ဘယ်သူလဲ"

"ကျွန်တော် ညီလတ်ပါ ကိုကို"

ကျွန်ုပ်သည် ညီဖြစ်သူအား တံခါးဖွင့်ပေးလိုက်တော့သည်။

"ညီလတ်… မင်း ဘယ်က လှည့်ဝင်လာတာလဲ၊ ညအချိန်မတော် ကွာ"

"မင်းကို သတိရလွန်းလို့ပါကွာ"

ကျွန်ုပ်လည်း ညီလတ်အပြောကြောင့် တစ်ချက်တွေဝေပြီ တွေးတော နေစဉ် တပည့်ဖြစ်သူ ဇော်မြင့်က အိပ်ရာမှ နိုးလာပြီး အနားသို့ ရောက်လာသည်။

"မောင်ဇော်မြင့်…စားသောက်စရာ တစ်ခုခုလုပ်ကွာ"

"ဟုတ်ကဲ့ အစ်ကိုကြီး"

ဟု ဆိုကာ မောင်ဇော်မြင့်က မီးဖိုခန်းထဲသို့ ဝင်သွားလေသည်။

ကျွန်ုပ်တို့ ညီအစ်ကိုသည် တစ်ဦးနှင့် တစ်ဦး စကားမပြောဘဲ ဧည့်ခန်းအတွင်း ထိုင်နေရင်း ညီလတ်က စ၍…

"ကိုကို… မင်း ဇော်တော်နေနိုင်တာပဲကွာ။ မိဘညီအစ်ကို မောင်နှမတွေ ရှိပါသေးလားဆိုပြီး စိတ်ထဲမှာ ရှိရဲ့လား"

ညီလတ်ပြောသလို ဟုတ်ပါသည်။ ကျွန်ုပ်အိမ်နှင့် အဆက်အသွယ် ပြတ်နေသည်မှာ ၂နှစ်ကျော်ခန့် ရှိပါပြီ။

"အေးပါကွာ။ ငါလည်း သတိရပါတယ်"

ကျွန်ုပ်သည် ယခုကဲ့သို့ ည အချိန်မတော် လာလည်သော ညီဖြစ်သူကို သံသယအကြည့်ဖြင့် ကြည့်မိသည်။ ညီလတ်သည် အင်္ကျီအဖြူ လည်ကတုံးနှင့် ကချင်ပုဆိုးအပြာကွက်ကို သေသပ်စွာ ဝတ်ဆင်ထားသော်လည်း သူ၏ မျက်နှာမှာ သွေးမရှိသကဲ့သို့ ဖြူဖတ်ဖြူရော်နှင့် ဖြစ်သည်။

မောင်ဇော်မြင့်သည် စားစရာ လက်ဖက်ရည်နှင့် မုန့်တို့ကို ယူလာပြီး စားပွဲပေါ်သို့ တင်ကာ…

"ကိုကြီး… ဘာနိုင်းစရာရှိသေးလဲ"

"မရှိတော့ပါဘူးကွာ"

ဟု ပြောလိုက်သဖြင့် မောင်ဇော်မြင့်သည် ဘာမျှ စပ်စုမေးမြန်းခြင်း မရှိဘဲ သူ့အခန်းသို့ ပြန်ဝင်သွားလေသည်။

"ကဲ…ငါညီ၊ စားရင်းသောက်ရင်း စကားပြောကြတာပေါ့"

"ကိုကိုရာ…အိမ်ကို မလာနိုင်လည်း ဖုန်းဆက်လို့ ရပါတယ်"

"အေးပါကွာ။ ငါ ဖုန်းဆက်လိုက်ပါ့မယ်"

"မေမေကတော့ မင်းကို သတိရကြောင်း အမြဲတမ်း ပြောတယ်"

"မေမေတို့ရော နေကောင်းကြရဲ့လား"

"အင်း။ နေကောင်းပါတယ်။ မင်းလည်း တစ်ယောက်တည်းနေတာ ကျန်းမာရေး ဂရုစိုက်ဦး"

ထိုအချိန် လျှပ်စစ်မီးများ ပြန်လင်းလာသဖြင့် ညီလတ်က…

"ငါ အိမ်သာတက်ဦးမယ်"

ဟု ပြောပြီး အနောက်ဘက်သို့ ထသွားလေသည်။

ကျွန်ုပ်လည်း ညီလတ်အကြောင်းကို တွေးနေမိသည်။ ကျွန်ုပ်တို့ ညီအစ်ကို မောင်နှမ လေးဦးထဲတွင် ညီလတ်က တတိယမြောက်ဖြစ်သည်။ ဆေးလိပ်၊ အရက်၊ လောင်းကစားက စပြီးကင်းသူ၊ လူရိုးလူကောင်း တစ်ယောက်ဖြစ်သည်။ အချိန်မတော် ည ၁၂နာရီအချိန် လာရောက်သည်မှာ တစ်ခုခုပဲဟု ကျွန်ုပ်ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် မည်မျှကြာအောင် သူ့အကြောင်းကို တွေးနေမိသည် မပြောတတ်ချေ။ သတိပြန်ဝင်လာသော် အိမ်သာဘက်သို့ လိုက်သွားပြီး တံခါးခေါက်လိုက်သည်။

"ဒေါက်...ဒေါက်..."

"ညီလတ်...ညီလတ်"

အထဲမှ ပြန်ထူးသံ မကြားရသဖြင့် အိမ်သာတံခါးကို တွန်းလိုက်ရာ အလွယ်တကူ ပွင့်သွားလေသည်။ အိမ်သာထဲတွင် မည်သူမျှ မရှိချေ။ ကျွန်ုပ်သည် စဉ်းစား၍ မရအောင် ဖြစ်နေသည်။ မောင်ဇော်မြင့်ကို အော်ခေါ်၍ မောင်ဇော်မြင့် ထွက်လာပြီး...

"ဘာဖြစ်လို့လဲ ကိုကြီး"


"ညီလတ် အိမ်သာတက်မယ်ဆိုပြီး ပျောက်သွားတယ်"

ကျွန်ုပ်တို့ ဆရာတပည့် နှစ်ယောက် အိမ်၏ အပေါ်ထပ်၊ အောက်ထပ်အနှံ့ ရှာကြသော်လည်း မတွေ့ချေ။ နောက်ဆုံး လက်နှိပ်ဓာတ်မီးကိုယ်စီဖြင့် ခြံထဲ ဆုင်းရှာရှာ မတွေ့ချေ။

ကျွန်ုပ်တို့သည် အိမ်ထဲ ပြန်ဝင်လာပြီး အမောဖြေကာ စဉ်းစားနေမိသည်။ ညီလတ် ပျောက်ဆုံးသွားပုံမှာ စဉ်းစားရ ခက်လှသည်။ မရိုးသားဘူးဟု စိတ်ထဲတွင် ထင်နေမိသည်။ ည ၁၂ နာရီအချိန် မည်ကဲ့သို့ ရောက်လာသနည်း။ အိမ်သာသို့ ဝင်သွားပြီး ကျွန်ုပ်ကိုယ်တိုင် အိမ်ရှေ့တွင် ထိုင်နေသောကြောင့် အိမ်ရှေ့မှ ပြန်ထွက်သွားသည်မှာ မဖြစ်နိုင်။ အိမ်အနောက်ဘက်က ထွက်သွား၍လည်း မရပါ။ ထို့ကြောင့် ညီလတ်တစ်ယောက် ပျောက်ချင်းမလှ ပျောက်သွားသည်မှာ ထူးဆန်းလှသည်။

"ကဲ - မောင်ဇော်မြင့်၊ သွားအိပ်ချေကွာ"

"ဟုတ်ကဲ့ ကိုကြီး"



မောင်ဇော်မြင့် ထွက်သွားပြီး ကျွန်ုပ်တစ်ယောက်တည်း ပက်လက်ကုလားထိုင်ပေါ် ထိုင်တွေးနေရင်း အိပ်ပျော်သွားတော့သည်။

◈◈◈

နံနက် အိပ်ရာက နိုးသည်နှင့် ကျွန်ုပ်သည် မျက်နှာပင် မသစ်နိုင်သေးဘဲ ညက ညီလတ် ပျောက်သွားသော အကြောင်းကို သဲလွန်စ ရလိုရငြား လိုက်ရှာနေမိသည်။ ဧည့်ခန်းထဲ စားပွဲပေါ်တွင် ကျွန်ုပ်တို့ ညီအစ်ကိုနှ ယောက် သောက်စားထားသော လ ဖက်ရည်နှင့် မုန့်အကြွင်းအကျန်မှ ၍ မည်သည့် သဲလွန်စမျှ မရချေ ကျွန်ုပ်သည် အိမ်ကို ဖုန်းဆက်သေ လည်း အဆက်အသွယ်မရခဲ့ချေ။ ထ အချိန်က ရန်ကုန်နှင့် ကျွန်ုပ် နေထိုင် ရာ ဒေသသည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲလှသည်။ ကျွန်ုပ်သည် မည်ကဲ့သို့ ဆောင်ရွက်ရမည်ကို စဉ်းစားရင်း အချိန်သာ ကုန်ခဲ့သည်။ အဖြေကား မရပါ။

နံနက် ၁၀နာရီအချိန်တွင် ခြံမှ လူခေါ်ခေါင်းလောင်းသံ ကြားသဖြင့် မောင်ဇော်မြင့်သည် ခြံတံခါးသွားဖွင့်ပေးလိုက်သည်။ စာပို့သမားတစ်ယောက် ဝင်လာပြီး...

"ဦးမြင့်မောင် ရှိပါသလားခင်ဗျာ"

"ဟုတ်ကဲ့ ရှိပါတယ်။ အိမ်ထဲကို ကြွခဲ့ပါ"

စာပို့သမားသည် ကျွန်ုပ်အား ဦးမြင့်မောင်ဆိုတာ အစ်ကိုကြီးလားဟု မေး၍ ကြေးနန်းစာကို ပေးလေသည်။

ကျွန်ုပ်သည် ကြေးနန်းစာကို ဖတ်ရင်း ပူထူသွားပြီး ခေါင်းနပမ်းကြီးသွားလေသည်။ ကြေးနန်းစာမှာ...

"ကိုကြီး... ညီလတ်ဆုံးပြီ အသုဘချရန် စောင့်နေသည်။ အမြန်လာ"

ကျွန်ုပ် ဘာလုပ်ရမည်မှန်း မသိတော့ချေ။ ရန်ကုန်သို့ လိုက်သွားရန် ဆုံးဖြတ်ပြီး...

"မောင်ဇော်မြင့်ရေ... ရန်ကုန်သွားဖို့ ပြင်ကွာ"

"ဟုတ်ကဲ့ ကိုကြီး"

ထို့နောက် ကျွန်ုပ်နှင့် မောင်ဇော်မြင့်သည် လမ်းတွင် ကားငှါးတစ်လုံးစီ မောင်းရင်း ရန်ကုန်သို့ ဆင်းလာခဲ့



www.burmeseclassic.com

www.burmeseclassic.com

ည်။ အိမ်ကို ရောက်သည်နှင့် အိမ်
ပြင်တွင် ညီလှတ်၏ အလောင်းကို
ပ်ရပ်စွာ ပြင်ထားသည်။ ကျွန်ုပ်သည်
မ်ထဲသို့ မဝင်သေးဘဲ အလောင်းရှိ
သို့ လာပြီး အလောင်းပေါ်တွင် လွှား
ထားသော ပိတ်ဖြူစကို ဖယ်လိုက်စဉ်
ကျွန်ုပ်နှင့် ဇော်မြင့်သည် အလွန်အံ့သြ
သွားလေသည်။

အလောင်းတွင် ဝတ်ဆင်ထား
သည်မှာ ညက ကျွန်ုပ်တို့ တွေ့မြင်ရ
သည့်အတိုင်း လည်ကတုံးအင်္ကျီဖြူနှင့်
ချင်ပုဆိုးကွက်လေးကို ဝတ်ဆင်
ထားသောကြောင့်ပင် ဖြစ်သည်။

အိမ်ထဲသို့ ရောက်သော် ကျွန်ုပ်
သည် ညီမဖြစ်သူအား အကျိုးအကြောင်း
ကို မေးလေသည်။

"ကိုလတ်… ဘယ်လိုဖြစ်ရတာ
လဲကွာ"

"မနေ့ညက ခေါင်းမူးတယ်…
မူးတယ်ဆိုပြီး လဲကျသွားတယ်။ ဒါနဲ့
ချက်ချင်း ဆေးရုံကို ပို့လိုက်ကြတယ်။
ဆေးရုံရောက်တော့ အသက်မရှိတော့
ဘူးလေ။ အာရုံကြောပြတ်သွားတယ်လို့
ဆရာဝန်က ပြောတယ်"

ကျွန်ုပ်က ညက အဖြစ်ကို ပြော
ပြရာ အားလုံး အံ့အားသင့်ပြီး…

"ညီမဖြစ်သူက သူ မဆုံးခင်
တစ်ရက်က ကိုကိုဆီ သွားဦးမှပဲလို့
ပြောနေတယ်"

"ဘုရား…ဘုရား"

ဝိညာဉ်လောက၊ ပရလောက
သားများဆိုတာ အမှန်တကယ်ရှိနေ
ပါလားဟု တွေးတောပြီး မနေ့က
ကျွန်ုပ်တွေ့ခဲ့ရသော အဖြစ်မှာ ကျွန်ုပ်
တစ်ယောက်တည်း မဟုတ်ဘဲ၊
မောင်ဇော်မြင့်ပါ နှုတ်ဆက်ခဲ့မှုများကို အတူတကွ မြင်
ခဲ့ရသောကြောင့် အိပ်မက်မဟုတ်တာ
သေချာသည်။

ကျွန်ုပ်တို့ နေထိုင်သော လူသား
များ ပတ်ဝန်းကျင်တွင် မယုံနိုင်လောက်
အောင် ဂမ္ဘီရဆန်သော အဖြစ်အပျက်
များ ရှိနေကြောင်း တွေးမိရင်း ကွယ်
လွန်သွားသော ညီဖြစ်သူအား ကျွန်ုပ်
ပြုသမျှ ကုသိုလ်ကောင်းမှုကို ရင်ထဲမှ
အမျှ…အမျှ…အမျှ ပေးဝေမိပါသည်။
ညီလတ်တစ်ယောက် ရောက်လေရာ
ဘဝမှ အမျှရ၍ ကိုယ်စိတ်နှစ်ဖြာ
ကျန်းမာချမ်းသာပါစေဟု ဆုတောင်းပေး
လိုက်ပါသည်■

* * *

ဓပါ လွှင်ဦး(ရေး)


ကိုယ်ဝန်ဆောင် မိခင်လောင်းများ
ကိုယ်စိတ်ချမ်းသာစေဖို့

▶ ဉာဏ်ရည်ထက်မြက် သွက်လက်ချက်ချာ၊ ကျန်းမာသန်စွမ်း၊ ချမ်းသာကြီးပွား၊ မိဘကျေးဇူးသိတတ်တဲ့ သား
ကောင်း၊ သမီးကောင်းရတနာများဖြစ်အောင်၊ ကိုယ်ဝန်ခွဲစိတ်မွေးဖွားရမယ့်နေ့ရက် အချိန်အခါကောင်း (ဆရာဝန် သတ်
မှတ်ပေးသော ဂျူဒီတ်အတွင်း)ရွေးချယ်ပေးနိုင်ပါတယ်။ နောက်ထပ် ကလေးယူချင်သေးတယ်ဆိုရင် နောက်ယူမယ့်
ကလေးဟာ ယောက်ျားလေးဖြစ်စေချင်သလား/မိန်းကလေးဖြစ်စေချင်သလား…လိုတာဖြစ်အောင် ယခုကလေး
ကိုယ်ဝန်ခွဲစိတ်မွေးနေ့ ရွေးချယ်မှုက အရေးကြီးပါသည်။

(ရန်ကုန်းပြည်နီးပါး မှန်ကန်ကြောင်း အာမခံသည့် ကံကြမ္မာအဟောလက်ဆောင် ထည့်ဟောပေးပါတယ်)
(နယ်ဝေးမြို့များမှလည်း ဆက်သွယ်နိုင်သည်)။

ဆရာကြီးဦးအောင်မြိုင်(ဥပဒေဘွဲ့)(လက္ခဏာဗေဒင်ပညာသုတေသီ)

အမှတ်(၈၄၃)၊ ဦးဝိစာရလမ်း၊ (၃၄)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။
☎ - ၀၁-၅၈၆၇၀၄၊ - ၀၉ ၇၃၀ ၀၅၉၂၄၊ ၀၉ ၅၀ ၆၂၈၄၃၊ ၀၉ ၅၁၇၇၆၂၂

နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိဖွင့်သည်။
ယုံကြည်အားကိုးမှုသာ လာခဲ့ပါ။




www.burmeseclassic.com

www.burmeseclassic.com

# ဘုရားဖူးရင်း

# ဝင်္ကြေးတွေဖြေ (၂)

သက်နှင်းဆွေ၊ပုပ္ပါး



ယခင်လမှ အဆက်··· ◀◀◀

(၁)

ကျွန်တော်သည် ဘုရားကြီး၏ အဂ်ါထောင့် တန်ဆောင်းတစ်ဆောင်၏ အရိပ်တွင် ပီတိစိတ်ဖြင့် ရပ်နေမိ၏။ ဘုရားကြီး၏ရှေ့တွင် ဘုရားဖူးတွေ ပိုမိုစည်ကားလာသည်။ ရှင်ပြုပွဲမှ ရှင်လောင်းလှည့်သူတွေကလည်း တစ်ဖွဲ့ပြီး တစ်ဖွဲ့ရောက်လာတာ မြင်နေရသည်။ ရွှေထီးဆောင်းထားသည့် မောင်ရှင်လောင်းတွေ၊ နားသမည့် နားတွင်းသမီးလေးတွေ၊ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်တွေ၊ ပြီးတော့ အနယ်နယ်အရပ်ရပ်က လူတန်းစားစုံ ဘုရားဖူးတွေ။

ကျွန်တော်သည် ဟိုဟိုသည်သည် လှည့်လည် ရင်း ဘုရားဈေးတန်းတစ်နေရာမှ ရေသန့်ဘူးတစ်ဘူး လိုက်ပြီး ဘုရားကြီးထဲသို့ ပြန်ဝင်လာသည်။ သို့ အေးအေးလူလူ ဘုရားထိုင်ဖူးဖို့၊ အဓိဋ္ဌာန်ဝင်ဖို့ နေ မလွယ်တော့ဘူး။ လူတွေက များပြားလွန်းနေသည်။

အပြင်တွင် နေရှိန်ကလည်း ပိုရင့်လာသည်။ တော်သည် သစ္စာအဓိဋ္ဌာန်ဝင်ဖို့ ကိစ္စကိုပင် စိတ်အား သွားမိပြန်သည်။ အမှန်ကို ဝန်ခံရလျှင် ကျွန်တော် အဓိဋ္ဌာန်ဝင်ဖို့အတွက် အတော်ဝန်လေးနေပြီဖြစ်၏။ သို့ ရန်ကုန်မှ မန္တလေးသို့ တကူးတကရောက်လာပြီးမှ ဘုရား



www.burmeseclassic.com

www.burmeseclassic.com



ဖူးပြီး မပြန်ချင်။ ကျွန်တော့်အားနည်းချက်ကြီးတစ်ခုမှာ ယခုလို လွန်စွာ တိုးတက်နေသည့်ခေတ်ကြီးမှာ လေအိတ်၊ အဲယားကွန်း ဘတ်စ်ကားကြီးတွေနှင့် သူသူငါငါ အလွယ်တကူ သက်တောင့်သက်သာ ခရီးသွားနိုင်ပါလျက် ကျွန်တော်က မသွားနိုင်။ ခရီးတစ်ခုသွားဖို့ အတော်အားယူရသည်။ ဘာမှကြီးကြီးမားမားရောဂါ မရှိပေမယ့် ဘတ်စ်ကားကြီးဖြင့် ခရီးမသွားနိုင်။ သည်းခြေ အားနည်းတာပဲလား၊ နှလုံးအားနည်းတာပဲလား မသိ။ ထိုဒဏ်တွေကို မခံနိုင်။ ယခုလို မန္တလေးကို တစ်ခေါက်ရောက်ဖို့ပင် အချိန်အတော်ယူခဲ့ရသည် မဟုတ်ပါလား။

ကျွန်တော်သည် ဘုရားကြီး၏ရှေ့မှ ဘုရားဖူး လူအုပ်ကြီးကို ငေးကြည့်ပြီး ငိုင်တွေနေမိ၏။ အဓိဋ္ဌာန်ဝင်ဖို့ အထူးရည်ရွယ်ကာ ရောက်လာခဲ့ပြီးမှ လှည့်ပြန်သွားလို့ မဖြစ်။ ကျွန်တော့်စိတ်ထဲမှာ လှိုင်ခဲတည်းလည်း ဖြစ်နေတာကို ယတိပြတ် ဆုံးဖြတ်လိုက်မိသည်။ ဘုရားကြီး၏ ရှေ့တည့်တည့်မှာပဲ မျက်နှာတော်ကို ကျကျနနဖူးမြင်ရင်း သစ္စာပြုမည်။ အဓိဋ္ဌာန်ပြုမည်။ အေးအေးလူလူ ထိုင်လို့ ရမည့်နေရာတစ်နေရာကို မရမချင်း စောင့်မည်။ ကျွန်တော်သည် ဆုံးဖြတ်ချက်တစ်ခုနှင့်အတူ လူအုပ်ထဲသို့ တိုးဝင်လိုက်၏။ အမျိုးသားတွေ ဘုရားထိုင်ဖူးရန် နေရာ၏ ဘေးဘက်တွင် ရပ်နေမိ၏။ စိတ်ရှည်လက်ရှည်စောင့်နေမိ၏။ နာရီဝက်လောက် ကြာတော့ ဘုရားဖူး လူအုပ်ကြီးက နည်းနည်းပါးလျသွားသည်။ ထိုအခိုက်မှာပဲ ဘုရားရှေ့မှ ပန်းအိုးကြီးအနီးမှာ တစ်နေရာစာ ရလိုက်ပါသည်။ ကျွန်တော်သည် ရှေ့ဘူးကို ဖွင့်ကာ ရေကပ်လှူ၏။ သစ္စာပြုနေကျ ကြေးဖလားလေးကို ထုတ်ကာရေထည့်ပြီး ရှေ့မှာ အသင့်ချထားလိုက်သည်။

မဟာမုနိဘုရားကြီး၏ မျက်နှာတော်ကြီးက ဝင်းပကြည်လင်နေသည်။ အထူးတည်ကြည် နက်ရှိုင်းသည့် မဟာကရုဏာအပြုံးတော်က မျက်ဝန်းတော်မှာ သပ္ပာယ်လှစွာ ထင်ဟပ်နေသည်။

ကျွန်တော်သည် ဘုရားရှင်အား သက်တော်ထင်ရှားဖူးမြင်နေရဘိသည့်အလား၊ ပျပ်ဝပ်ရိုကျိုးစွာ ကန်တော့လိုက်မိပြန်၏။ ရတနာသုံးပါးမှ အစပြုလျက် မိဘဆရာသမားတွေကိုလည်း ကန်တော့လိုက်၏။ ဤဘဒ္ဒကမ္ဘာမှာ ပွင့်ထွန်းခဲ့သည့် ဘုရားလေးဆူ ရှင်တော်မြတ်တို့အားလည်း ကန်တော့၏။ ပြီးလျှင် ဘုရားရှင်ကိုယ်တော်မြတ်ကြီးအား သက်တော်ထင်ရှားအလား၊ အသိသက်သေထားကာ ဘဝအဆက်ဆက်သံသရာအဆက်ဆက်မှ မသိမိုက်မား တွေဝေခဲ့သည့် အလျောက် ရတနာတော်မြတ်သုံးပါးနှင့်တကွ မိဘဆရာအစရှိသည့် ခင်ပွန်းကြီးဆယ်ပါးအပေါ် ကျူးလွန် ပစ်မှားမိခဲ့သမျှ အပြစ်တို့ကို လှိုက်လှဲသည့်စိတ်ဖြင့် ဝန်ချတောင်းပန်၏။ သစ္စာနှင့် စပ်ယှဉ်၍ ဖြစ်စေ၊ ကျမ်းသစ္စာကျိန်ဆိုမှုတို့နှင့် စပ်ယှဉ်၍ ဖြစ်စေ၊ အယူဝါဒလွဲမှားမှုနှင့် စပ်ယှဉ်၍





www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေ၊ ဆုတောင်းမှားခြင်းနှင့် စပ်ယှဉ်၍ ဖြစ်စေ၊ (လောကီ၊ လောကုတ္တရာ နှစ်ဖြာ နှစ်ဝသော ကောင်းကျိုးစီးပွားကို ပျက်ပြားစေနိုင်သည့်၊ ညစ်နွမ်းစေနိုင်သည့်၊ မှေးမှိန်စေနိုင်သည့်) ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော အမှားအယွင်းတို့ ရှိခဲ့သမျှ နက်နဲသောစိတ်ဖြင့် ဝန်ချတောင်းပန်လိုက်သည်။

ထိုမှတစ်ဖန် ဤလောကရှိ သုံးဆယ့်တစ်ဘုံသားတို့နှင့် ကျွန်တော့်ကြားတွင် ဒေါသ အာဃာတ၊ ဝင့်ကြွေး၊ နှုတ်ကြွေး၊ ပစ္စည်းကြွေးတို့ ရှိခဲ့ပါက ကျွန်တော်လွှန်သမျှ ဝန်ချတောင်းပန်လိုက်သည်။ ကျွန်တော်ကလည်း စိတ်နလုံးကို ဖြေလျှော့ချကာ သည်းခံခွင့်လွှတ်ကြောင်း အတည်ပြုပေးလိုက်မိသည်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ကိုယ်စားမဟာမြတ်မုနိဘုရားကြီး အသိသက်သေဖြစ်ပါစေသတည်း။

ကျွန်တော်သည် ထိုသို့ ဝင့်ကြွေးဖြေခြင်းမှ အစပြုလျက် ကျွန်တော် ဖြည့်ကျင့်နေကျ သစ္စာအဓိဋ္ဌာန်တို့ကို တစ်ဆင့်ပြီးတစ်ဆင့် ကျင့်လှမ်းနေမိလေပြီ။ သစ္စာအဓိဋ္ဌာန် တစ်ခုပြုပြီးတိုင်း ရှေ့ရှိ ဖလားထဲမှ သစ္စာရေစင်ကို တစ်ငုံ သောက်သည်။ ထိုအချိန်တွင် ကျွန်တော့်ဘေးမှ ထူထပ်များပြားလှသည့် ဘုရားဖူး လူအုပ်ကြီးကိုလည်း သတိမရတော့။ နွေ၏ အပူရှိန်ကိုလည်း သတိမရတော့။ ကျွန်တော်နှင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီး၏ ကြားမှာလည်း ဘာအပဟန်အတားမှ မရှိတော့။ ထိုအချိန်ပိုင်းတစ်လျှောက်လုံး ကျွန်တော်သည် ဘုရားရှင်၏ မဟာကရုဏာရင်ငွေ့တော်ရိပ်နှင့်အတူ အေးချမ်းသွားပြီဖြစ်၏။ ကျွန်တော်ဖြည့်ကျင့်နေကျ သစ္စာအဓိဋ္ဌာန်တွေကို ဘုရားရှင်ကိုယ်တော်မြတ်ကြီးကိုယ်တိုင် အသိသက်သေ ပြုပေးတော်မူလိုက်ပြီဟုလည်း ကျွန်တော့်စိတ်က နိုင်နိုင်ကျည်ကျည် မှတ်ယူထားလိုက်ပြီဖြစ်၏။

ထိုအနေအထားကို ကျွန်တော်ပင့်ဖိတ်ထားသည့် လောကစောင့်ကြပ် သိကြား နတ်ဖြူဗြဟ္မာတွေ ပုဂ္ဂိုလ်မြတ်ကြီးတွေကလည်း အသိသက်သေပြုထားပြီဟု ကျွန်တော် ယုံကြည်စွဲမှတ်လိုက်၏။

ပြီးလျှင် ကျွန်တော်သည် အရဟံဂုဏ်တော်မြတ်ကို ပုတီးသုံးပတ်တိတိ ဖြည်းဖြည်းမှန်မှန်ပွားထုံကာ ဘုရားရှင်ကို ပူဇော်နေမိပြန်၏။ ဤသို့ဖြင့် ကျွန်တော်ဖြည့်ကျင့်ပွားထုံချင်သမျှတို့ကို အေးအေးလူလူနှင့် အောင်အောင်မြင်မြင် ဖြည့်ကျင့်နိုင်ခဲ့ပြီဖြစ်သည်။

ကျွန်တော်သည် ထိုနေရာမှ အထူးကြည်နူး အေးချမ်းစွာဖြင့် ထွက်ခဲ့ပါသည်။ ဘုရားဖူးသူတွေက ထုနှင့် ထည်နှင့် များပြားနေဆဲပင်ဖြစ်သည်။


(၂)

"ဘုရားကြီးရဲ့ အောင်မြေက ဘယ်နေရာလဲဗျာ"

တာဝန်ကျ ဘုရားလုံခြုံရေးဝန်ထမ်း အစ်ကိုကြီးတစ်ယောက်ကို ကျွန်တော်မေးလိုက်ခြင်းဖြစ်သည်။



www.burmeseclassic.com



"ဘုရားကြီးရဲ့ နောက်ကျောဘက်တည့်တည့်ဟာ အောင်မြေအစစ်ပဲဗျ။ အဲဒီမှာ တီဗွီတစ်လုံးတပ်ထားတယ်။ အောင်မြေနင်းပြီး ဆုတောင်းနေတဲ့သူတွေလည်း ရှိတယ်။ ဒါ အောင်မြေပဲ"

လုံခြုံရေးဝန်ထမ်း အစ်ကိုကြီးက ပြောပြောဆိုဆိုနှင့် အသေအချာလိုက်ပြပေးသည်။ ကျွန်တော်သည် သူ ညွှန်ပြသည့် ဘုရားကြီး၏ နောက်ကျောဘက် အနောက် ဘက်မုခ်သို့ ရောက်သွား၏။

တွေ့ပါပြီ၊ ဂန္ဓကုဋိတိုက်အတွင်း၊ ဘုရားကြီး၏ နောက် ကျောကပ်လျက်တွင် တီဗွီကြီးတစ်လုံးတပ်ဆင်ထားသည်။ ဘုရားဖူးရန် နေရာထိုင်ခင်းကိုလည်း အသေအချာ ပြင်ဆင် ထားသည်။ အောင်မြေတွင် အဓိဋ္ဌာန်ဝင်နေသူတွေ အတော် များများရှိနေသည်။ အများစုမှာ အမျိုးသမီးတွေဖြစ်၏။ အောင်မြေနင်းကာ ဘုရားဖူးနေသူတွေ၊ အဓိဋ္ဌာန်ဝင်နေသူ များ ရှေ့တွင် နေရာက ကျယ်ကျယ်ဝင့်ဝင့် လွတ်နေသည်။ ကျွန်တော်သည် ထိုနေရာတွင် ဝင်ထိုင်လိုက်၏။ ဘုရားကြီး အား ထပ်မံ၍ ကန်တော့လိုက်၏။ ပြီးလျှင် ကျွန်တော့် ရေတော်ခွက်ကို ထုတ်ကာ ရေထည့်လိုက်သည်။ ပြီးလျှင် ဘုရားကြီး၏ကျောဘက်မှ နံရံတွင် ကာရံထားသည့် သံပန်း တံခါးကြားထဲသို့ လက်လျှိုလိုက်သည်။ သံပန်းအကာအရံ တွင်လည်း ရွှေတွေ ချထားသည်။ ကျွန်တော်သည် ရေစင်ခွက်

ကို သံပန်းတံခါးအတွင်းသို့ လက်လျှိုကာသွင်းရင်း ဘုရား ကြီး၏ ပလ္လင်ခြေတွင် ရေစက်သွန်းချ အမျှပေးဝေနေမိ၏။

ယနေ့ ယခု ကျွန်တော်ပြုဖြစ်သမျှ။

လူမှန်းသိတတ်စအရွယ်မှ စပြီး သည့်အချိန်အထိ ကျွန်တော်ပြုခဲ့ဖူးသမျှ။

ထိုထိုသော ကုသိုလ်ကောင်းမှု အစုစုတို့ကို မိဘဘိုး ဘွား၊ ဆရာသမားများနှင့်တကွ သုံးဆယ့်တစ်ဘုံသားအား လုံးကို လိုက်လှဲသောစိတ်ဖြင့် ရေစက်ချ အမျှပေးဝေနေမိ၏။ အပါယ်ဘုံသားတွေပါ မကျန်၊ အကြားအလပ် မရှိကြစေဖို့ တိုင်တည်ကာ ရေစက်ချ အမျှပေးဝေနေမိ၏။

ကျွန်တော် ဆောင်ရွက်နေတာကို အနီးအနားမှ တွေ့ နေ၊ မြင်နေရသည့် လူတွေကလည်း ငေးကြည့်နေကြမည် အမှန်။ သာဓုခေါ်ဆိုနေကြသူတွေလည်း ရှိနိုင်သည်။ သို့ မဟုတ် နတ်တွေ၊ ဗြဟ္မာတွေ ဖြစ်စေ၊ အပါယ်ဘုံသားတွေ ဖြစ်စေ၊ ကြားသိသူတွေက သာဓုခေါ်ဆိုကာ ကုသိုလ်မျှယူ နေကြမည်ဟုလည်း ကျွန်တော် ယုံကြည်ပါသည်။

အဝေးအနီးမှ အားလုံးသော သတ္တဝါ အနန္တတို့သည် ကျွန်တော် ကုသိုလ်ဝေမျှသည်ကို သိသည် ဖြစ်စေ၊ မသိ သည် ဖြစ်စေ ကျွန်တော်နှင့် ထပ်တူရရှိကြပါစေသတည်း။ အမှန်တကယ်လည်း ရရှိစေချင်လှသည်။

အောင်မြေတွင် ရေစက်ချ အမျှပေးဝေပြီးသည်နှင့် ဘုရားကြီးအတွက် ချိတ်ဆွဲပူဇော်ထားသည့် စံပယ်ပန်းတချို့





www.burmeseclassic.com

www.burmeseclassic.com



ကို အောင်ပန်းအဖြစ် တရိုတသေ စွန့်ယူလိုက်သည်။ ကျွန်တော် သစ္စာအဓိဋ္ဌာန်အောင်မြင် ပြီးမြောက်သွားလေပြီ။

ကျွန်တော်သည် တန်ဆောင်းထဲမှ ထွက်ကာ ရာဟုထောင့်မှ ခေါင်းလောင်းကြီးဆီသို့ လျှောက်ခဲ့မိ၏။ နေ့ခင်းဆယ့်နှစ်ရာရီထိုးတော့မည် ထင်၏။ နေက စူးစူးရှရှပူနေပြီ။ နေပူရှိန်ပြင်းပြင်းထဲတွင် ကျွန်တော်က အေးချမ်းစွာပင် ခေါင်းလောင်းထိုးကာ ကုသိုလ်ဝေမျှနေဖြစ်ပြန်၏။ ကျွန်တော့်၏ ကုသိုလ်ဝေမျှမှု ခေါင်းလောင်းသံတို့သည် စကြဝဠာတိုက်တစ်သောင်း ပျံ့နှံ့သွားပြီထင်သည်။ စကြဝဠာအနန္တသို့ ပျံ့နှံ့သွားပြီဟုလည်း စိတ်က ယုံကြည်နေမိပြန်သည်။

(၃)

ကျွန်တော့်စိတ်တွေ လွတ်လပ်ပေါ့ပါးနေသည်။ နှစ်လများစွာ ရည်ရွယ်ထားသည့် အလုပ်တစ်ခု အောင်မြင်ပြီးမြောက်သွားလေပြီ။

ကျွန်တော်သည် ဘုရားကြီးကို ရှေ့တည့်တည့်မှ ရပ်ပြီး ဖူးလိုက်ပြန်၏။ ပြီးတော့ ဘုရားကြီး၏ လက်ျာဘက်နံပါး (တောင်ဘက်) မှ၊ နောက်ကျောဘက်(အောင်မြေအနီး)မှ၊ လက်ဝဲဘက်(မြောက်ဘက်)မှ လှည့်ပြီး ဖူးနေမိပြန်သည်။

ကျွန်တော်သည် ဘုရားကြီးကို ကျေနပ်အားရအောင် ကြည့်ညို ဦးတင်ပြီးနောက်၊ လျှပ်စစ်မီးအတွက်၊ ငွေပဒေသာပင်အတွက် စသည်ဖြင့် အလှူငွေတို့ကို တတ်နိုင်သမျှ ထည့်လှူဖြစ်၏။ ပြီးမှ ဂန္ဓကုဋိတိုက်ကြီးထဲမှ ထွက်ခဲ့ကာ ရာဟုထောင့်ရှိ ကြေးစည်ကြီးကို သွားကြည့်သည်။ မောင်းကြီးကိုလည်း ကြည့်သည်။ ပြီးလျှင် ကြေးခြသေ့်ရုပ်တု၊ လူရုပ်တု၊ ဆင်ရုပ်တုတွေကို တစ်ခုချင်းစီ လိုက်ပြီးကြည့်နေမိသည်။ နိုင်ငံခြား ခရီးသွားတွေရော၊ မြန်မာပြည်အရပ်ရပ်က ဘုရားဖူးတွေရော ပြည့်လျှံနေသည်။

ထို ကြေးခြသေ့်ရုပ်တု၊ ဆင်ရုပ်တု၊ ကြေးရုပ်တုတို့က ရက္ခပူရတိုင်း၊ ဓညဝတီပြည်မှ ဘုရားကြီးကို ပင့်ဆောင်လာစဉ်ကတည်းက သယ်ဆောင်လာသည့် ရုပ်တုတွေဖြစ်သည်။ အသက်ဝင်နေသည့် ရုပ်တုကြီးတွေဟု လူတွေက ယုံကြည်နေကြ၏။ ထိုရုပ်တုကြီးတွေကို ပွတ်သပ်ပြီး ဆုတောင်းပါက ကိုယ့်မှာ ရှိသည့် အနာရောဂါတွေ ပျောက်ကင်းစေသည့် အစွမ်းသတ္တိရှိသည်ဟု ခေတ်အဆက်ဆက် လူတွေက သက်ဝင် ယုံကြည်ခဲ့သည်။


ဗိုက်မှာ ရောဂါရှိသူတွေက ဗိုက်ကို ပွတ်ပြီး ဆုတောင်းကြသည်။ မျက်စိမကောင်းသူတွေက မျက်စိကို ပွတ်သပ်ပြီး ဆုတောင်းကြသည်။ တချို့ကလည်း အားလုံးကောင်းချင်သည့်အတွက် လက်လှမ်းမှီရာ ကိုယ်အင်္ဂါတွေကို ပွတ်သပ် ဆုတောင်းနေကြတာ တွေ့ရသည်။ ရုပ်တုတွေက နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကြာခဲ့ပြီဖြစ်၍ ကျိုးပဲ့နေကြသည်။ တချို့နေရာတွေက ပေါက်ပြဲနေကြသည်။ လူတွေ ပွတ်သပ် တောင်းဆုပြုထားသည့်နေရာတွေက ပြောင်လက်နေသည်။





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ထိုတန်ဆောင်းမှ ထွက်ခဲ့သည်။ မဟာမြတ်မုနိဘုရားကြီး၏ သမိုင်းပြတိုက်ထဲသို့ ဝင်ခဲ့မိပြန်သည်။ ပြတိုက်ထဲမှ မဟာမြတ်မုနိဘုရားကြီး၏ သမိုင်းဖြစ်တော်စဉ် ပန်းချီကားကြီးတွေကို စိတ်ဝင်တစားကြည့်ကာ ကြည်ညိုနေမိပြန်သည်။

ဤမဟာမြတ်မုနိရုပ်ရှင်တော်မြတ်ကြီးသည် မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး သက်တော်ထင်ရှားရှိစဉ်ကတည်းက သွန်းထု ပူဇော်ထားခဲ့သည့် ဘုရားရှင်၏ကိုယ်ပွားတော်အစစ်ဖြစ်၏။ ဘုရားရှင်ကိုယ်တော်တိုင် ဤရုပ်ပွားတော်မြတ်ကြီးကို ရင်ငွေ့တော် အပ်နှင်းပေးခဲ့ခြင်းလည်း ဖြစ်သည်။

မြတ်စွာဘုရားရှင်သည် သာဝတ္ထိပြည်မှ ရက္ခပူရတိုင်း ဓညဝတီပြည်သို့ နောက်လိုက် ရဟန်းငါးရာနှင့် ဒေသစာရီ ကြွချီတော်မူခဲ့သည်မှအစ စန္ဒသူရိယမင်းက ဘုရားရှင်အား ဖူးတွေ့ကာ ဤရုပ်ပွားတော်မြတ်ကြီးကို ဘုရားရှင်၏ ကိုယ်ပွားတော်အဖြစ် သွန်းထုခဲ့ပုံ၊ ရင်ငွေ့တော် ခိုလှုံခဲ့ပုံ၊ ဘိုးတော်ပဒုံမင်းတရားကြီးက မန္တလေးသို့ ပင့်ဆောင်လာခဲ့ပုံ အသီးသီးကို ပန်းချီကား မှတ်တမ်းများတွင် ဖူးတွေ့ ကြည်ညိုနေမိ၏။ မန္တလေးနေပြည်တော်မှ မင်းအဆက်ဆက် အမျိုးမျိုးပူဇော်ခဲ့ပုံ ပန်းချီကားတွေကိုလည်း ဖူးတွေ့ရသည်။

ဘုရားဖူးနေရင်း ကျွန်တော့်စိတ်တွေက ငယ်ဘဝထဲသို့ ပြန်ရောက်သွားပြန်သည်။

"မန္တလေး မဟာမြတ်မုနိဘုရားကြီးက ဟိုးရှေးရှေးတုန်းကဆိုရင် လိုအပ်တဲ့အခါတိုင်း စကားပြောတော်မူတယ်တဲ့ကွယ့်။ လူတွေ ဥပါဒ်အန္တရာယ်ကျရောက်တော့မယ်ဆိုရင်လည်း သတိပေးတော်မူခဲ့တယ်တဲ့။ နောက်ပိုင်းရောက်တော့ လူတွေက ကျွဲပျောက်၊ နွားပျောက်ကိစ္စတွေကအစ ဘုရားကြီးဆီ လာပြီး တိုင်တည်နေကြလို့ မြတ်စွာဘုရားရှင်က နှုတ်မိန့်စကား ဖွင့်ဟခွင့်ကို ပြန်ပိတ်သွားတော်မူခဲ့တာတဲ့။ ဟိုရှေးတုန်းကဆို အကြောင်းထူးရှိတိုင်း မျက်လုံးတော်လည်း ဖွင့်တယ်။ နှုတ်တော်က စကားတော်လည်း မိန့်ဟတတ်တယ်ဖွဲ့။ ရှေးကလူကြီးသူမတွေ ပြောခဲ့တာပဲ"

ကျွန်တော့်အဘွားက ထိုသို့ ပြောပြခဲ့ဖူးသည်။ ထိုစဉ်တုန်းက လူမမယ်ကလေးအရွယ်ပဲ ရှိသေးသည်။ အံ့ဩစိတ်လည်း ဖြစ်ခဲ့သည်။ ဘုရားကြီးကိုလည်း ဖူးတွေ့ချင်စိတ်တွေ ပြင်းပြင်းပြပြဖြစ်ခဲ့ဖူးသည်။ ကျွန်တော့်အဘွားသာမက၊ အဖေတို့ကလည်း ထိုသို့ပြောပြခဲ့ဖူးသည်။

လွန်ခဲ့သည့် နှစ်ပေါင်း ၂၅၀၀ ကျော်က အကြောင်းတွေဖြစ်၍ ဟုတ်နိုင်သည်၊ မဟုတ်နိုင်သည်ကို မခန့်မှန်းနိုင်။ အထူးသဖြင့် အတုမရှိသည့် ဘုရားရှင်၏ အနန္တတန်ခိုးတော်ဖြစ်၍ ကျွန်တော်တို့လို သာမန်ဉာဏ်ဖြင့် ဉာဏ်မမှီနိုင်တာလည်း အမှန်ပင်ဖြစ်သည်။

ဘာပဲဖြစ်ဖြစ် ဘုရားရှင်ကိုယ်တော်တိုင် ကိုယ်ပွားတော်အဖြစ် ရင်ငွေ့တော် အပ်နှင်းကာ ကိုးကွယ်ဆည်းကပ်ရာအဖြစ် ခွင့်ပြုထားခဲ့သည့် ရုပ်ရှင်တော်မြတ်ကြီးကို သက်တော်ထင်ရှား ဘုရားရှင်အဖြစ် ကျွန်တော်တို့ ကိုးကွယ်ဆည်းကပ်ခွင့်ရနေသည့် ဂုဏ်သိက္ခာ ထူးကို ကြည်ကြည်နူးနူး ကျေနပ်နေမိပြန်ပါသတည်း။

*အခုလုံးသတ္တဝါ ချမ်းသာပါစေ*


* * *

သက်နှင်းဆွေ(ပုပ္ပါး)



www.burmeseclassic.com

www.burmeseclassic.com



# နက္ခတ်သိပ္ပံရှုထောင့်အမြင်နှင့် တိုင်တည်ဆုတောင်းအဓိဋ္ဌာန်ပြုခြင်း

အပိုင်း (၂)

ဦးဇေယျာကို (နက္ခတ်သိပ္ပံ)

သစ္စာပြု အဓိဋ္ဌာန်တိုင်တည်ရာတွင် မြန်မာနိုင်ငံ၏ ဇေယျာအတွင်းမှ ဖြတ်သန်းသွားပြီး အကျိုးထူးရရှိနိုင်သော နက္ခတ်များအား အောက်ပါအတိုင်း တင်ပြအပ်ပါသည်။

(၁) **အဿဝဏီနက္ခတ်။** မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၄၀ မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး တောင်တွင်းကြီးမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ နေပြည်တော်အနီးတစ်ဝိုက်အတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် အဆောက်အအုံ အကူအညီကောင်းများ ရရှိရေးအတွက် ဆုတောင်းမေတ္တာပို့ သစ္စာပြု အဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၂) **ကြတ္တိကာနက္ခတ်။** မြောက်လတ္တီတွဒ် ၂၄ ဒီဂရီ ၀၁မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး စစ်ကိုင်းတိုင်း ပင်လယ်ဘူးမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ ရှမ်းပြည်နယ်မြောက်ပိုင်း၊ စစ်ကိုင်းတိုင်း အလယ်ပိုင်းဒေသများနှင့် ချင်းပြည်နယ်မြောက်ပိုင်းအတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် ငွေကြေးစီးပွား ပြည့်စုံကြွယ်ဝရေးအတွက် ဆုတောင်းမေတ္တာပို့ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၃) **ရောဟဏီနက္ခတ်။** မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၂၇ မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး ဖားအံ၊ ရန်ကုန်၊ မအူပင်နှင့် ပုသိမ်မြို့များပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ ကရင်ပြည်နယ်အလယ်ပိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းအောက်ပိုင်း အနီးတစ်ဝိုက်အတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် ပူပန်သောကပြဿနာများ ငြိမ်းချမ်းရေးအတွက် ဆုတောင်းမေတ္တာပို့ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၄) **ဖုဿျှနက္ခတ်။** မြောက်လတ္တီတွဒ် ၁၈ဒီဂရီ ၁၅မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး ပဲနွယ်ကုန်း၊ ကြို့ပင်ကောက်နှင့် မြန်အောင်မြို့များပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ ကရင်ပြည်နယ်မြောက်ပိုင်း၊ ပဲခူးတိုင်း မြောက်ပိုင်းနှင့် ဧရာဝတီတိုင်းအထက်ပိုင်း၊ ရခိုင်ပြည်နယ်အောက်ပိုင်း အနီးတစ်ဝိုက်အတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် မိမိအမြန်ဖြစ်လိုသော လိုအင်ဆန္ဒပြည့်ဝ အောင်မြင်ရေးနှင့် ရာထူးဘုန်းကံ မြင့်မားတိုးတက်ရေးအတွက် ဆုတောင်း မေတ္တာပို့ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၅) **အဿလိဿနက္ခတ်။** မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၅၇ မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး တနင်္သာရီမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ တနင်္သာရီတိုင်းအောက်ပိုင်း အနီးတစ်ဝိုက်အတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် နေ့စဉ်နေ့ ကြုံကြိုနေသည့် မိမိဆောင်ရွက်ကြိုးပမ်းမှုများ အခက်အခဲ ချောမွေ့ရေးအတွက် ဆုတောင်း မေတ္တာပို့ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

(၆) **မာဃနက္ခတ်။** မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၀၅မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး တနင်္သာရီမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ တနင်္သာရီတိုင်းအောက်ပိုင်းအနီးတစ်ဝိုက်အတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် ရာထူးဘုန်းကံဩဇာ အရှိန်အဝါတိုးတက်မြင့်မားရေးအတွက် ဆုတောင်းမေတ္တာပို့ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၇) **ပြုဗ္ဗဖလ္ဂုဏီနက္ခတ်။** မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၃၉မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး တောင်တွင်းကြီးမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ နေပြည်တော်အနီးတစ်ဝိုက်အတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် ကံကောင်းတိုးတက် ကြီးပွားအောင်မြင်မှုများ ရယူပိုင်ဆိုင်နိုင်ရေးအတွက် ဆုတောင်း မေတ္တာပို့၊ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၈) **ဥတ္တရဖလ္ဂုဏီနက္ခတ်။** မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၄၃ မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး ထားဝယ်မြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ တနင်္သာရီတိုင်း အထက်ပိုင်းဒေသများအတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် ကံကောင်း တိုးတက် ကြီးပွားအောင်မြင်မှုများ ရယူပိုင်ဆိုင်နိုင်ရေးအတွက် ဆုတောင်း မေတ္တာပို့၊ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၉) **သွာတိနက္ခတ်။** မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၁၉မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး နေပြည်တော်ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ ကယားပြည်နယ်၊ မန္တလေးတိုင်း အောက်ပိုင်း၊ မကွေးတိုင်း အောက်ပိုင်း၊ ရခိုင်ပြည်နယ်အလယ်ပိုင်းဒေသများအတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် ပဋိပက္ခ၊ အမှုပြဿနာများ အဆင်ပြေ ချောမွေ့စေရေးအတွက် ဆုတောင်း မေတ္တာပို့၊ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၁၀) **ဓနသိဋ္ဌိနက္ခတ်။** မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၉ မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး ဘုရားသုံးဆူနှင့် ရေးမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ ကရင်ပြည်နယ်အောက်ပိုင်း၊ မွန်ပြည်နယ်အောက်ပိုင်း၊ တနင်္သာရီတိုင်း အထက်ပိုင်းဒေသများအတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ် မွန်းတည့်ချိန်တွင် စီးပွားဓန ဖွံ့ဖြိုးတိုးတက်ကြီးပွားအောင်မြင်စေရေးအတွက် ဆုတောင်းမေတ္တာပို့၊ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၁၁) **ပြုဗ္ဗဘဒြပိုဒ်နက္ခတ်။** မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး ဘုရားသုံးဆူနှင့် ရေးမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ ကရင်ပြည်နယ်အောက်ပိုင်း၊ မွန်ပြည်နယ်အောက်ပိုင်း၊ တနင်္သာရီတိုင်း အထက်ပိုင်းဒေသများအတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် အမှုသောက အမှုပြဿနာများမှ လွတ်မြောက် ငြိမ်းချမ်းရေးအတွက် ဆုတောင်း မေတ္တာပို့၊ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

(၁၂) **ဥတ္တရဘာဒြပိုဒ်နက္ခတ်။** မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၂မိနစ်မှ နေ့စဉ် ဖြတ်သန်းနေပြီး ဘုရားသုံးဆူနှင့် ရေးမြို့ပေါ်မှ တိုက်ရိုက်ဖြတ်သန်း၍ ကရင်ပြည်နယ်အောက်ပိုင်း၊ မွန်ပြည်နယ်အောက်ပိုင်း၊ တနင်္သာရီတိုင်း အထက်ပိုင်းဒေသများအတွက် အကျိုးသက်ရောက်မှု ရှိစေပါလိမ့်မည်။ ယင်းနက္ခတ်မွန်းတည့်ချိန်တွင် အေးချမ်းသာယာတည်ငြိမ်မှု ရရှိစေရေးအတွက် ဆုတောင်းမေတ္တာပို့၊ သစ္စာပြုအဓိဋ္ဌာန် တိုင်တည်နိုင်ပါသည်။

ဖော်ပြပါ နက္ခတ် (၁၂)လုံးသည် မြန်မာနိုင်ငံ၏ ရေယာနယ်နိမိတ်အဝန်းအဝိုင်းထဲမှ နေ့စဉ် ဖြတ်သန်းနေသော နက္ခတ်များဖြစ်ပြီး နိုင်ငံနေရာဒေသ မွန်းတည့် ဦးခေါင်းထိပ်တည့်တည့်သို့ နက္ခတ်များ ရောက်ရှိချိန်သည် စွမ်းအင်သိဒ္ဓိထူးများ ပေးနိုင်သော အချိန်ကာလဖြစ်ပေသည်။ အဆိုပါ နက္ခတ်များ မိမိတို့၏ ဦးခေါင်းထိပ်တည့်တည့်သို့ ရောက်ရှိပြီး မြန်မာနိုင်ငံမှ ဖြတ်သန်းချိန် အချိန်ကာလများအား စာရေးသူ လစဉ် တွက်ချက် ဖော်ပြပေးထားသော ကောင်းကင်မွန်းတည့်နက္ခတ်ဝင်ထွက်ချိန်များတွင် မိမိတို့ မွေးဖွားခဲ့ချိန် လဂ်အသီးသီးအလိုက် အရေးကြီးကိစ္စများ သစ္စာပြုအဓိဋ္ဌာန်နိုင်ပါသည်။


ဆက်လက်၍ နေ့သားသမီးများအတွက် အရေးကြီးကိစ္စအသီးသီးအလိုက် အရေးကြီး ဆောင်ရွက်မှုနှင့် သစ္စာအဓိဋ္ဌာန်ပြု တိုင်တည်ဆုတောင်းမှုတွင် ပြည့်ဝ အောင်မြင်နိုင်သည့် နက္ခတ်ပညာနည်းစနစ်တစ်ရပ်အား တင်ပြဆွေးနွေးလိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ဥပမာ - တနင်္ဂနွေနေ့ သားသမီးတစ်ဦးသည် မိမိ၏ အကြံအစည်များ ပြည့်ဝ အောင်မြင်ရန်အတွက် အရေးကြီး အလုပ်ကိစ္စများအား မြန်မာ့မွန်းတည့် မိုးကောင်းကင်၌ တနင်္ဂနွေ ဖြတ်သန်းချိန်ဖြစ်သည့် မွန်းတည့် ၁၂နာရီအနီးဝန်းကျင်၌ ဆောင်ရွက်နိုင်ပါသည်။ ထိုသို့ ဆောင်ရွက်ရာ၌ တနင်္ဂနွေဂြိုဟ်၏ ရောက်ရှိနေသော ရာသီဘာဝအား၏ အားအင်အရ ဉစ်အား၊ တြိဂုဏ်အား၊ ကာသစ်အား၊ ဝဂ္ဂုတ္တမအားများနှင့် နိစ်အား၊ ပြအားများ ကွာခြားချက်ရှိသော်လည်း မွန်းတည့်ရောက် ဂြိုဟ်တို့၏ အားအနည်းအများအလိုက် ကောင်းကျိုးများအား ရရှိစေပါလိမ့်မည်။ အလားတူစွာ၊ ကျန်သည့် နေ့နံဂြိုဟ်များဖြစ် သည့် တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ၊ စနေနှင့် ရာဟုနေ့ သားသမီးများမှာလည်း မိမိတို့ မွေးနံဂြိုဟ်များ မွန်းတည့်ကောင်းကင်သို့ ရောက်ရှိချိန်၌ မိမိတို့၏ လိုအင်ဆန္ဒများအား ဆုတောင်းအဓိဋ္ဌာန်ပြု အကောင်အထည်ဖော် ဆောင်ရွက်နိုင်ပေသည်။ အလားတူစွာ၊ မိမိဆောင်ရွက်လိုသော အကြောင်းကဏ္ဍအသီးသီးအတွက်လည်း သက်ဆိုင်ရာ ဘာဝသခင်ဂြိုဟ်များ အမြင့်မားဆုံး မိုးတည့် မိုးကောင်းကင်၌ ရောက်ရှိမည့်အချိန်ကာလများတွင် ဆောင်ရွက် ကြိုးပမ်းနိုင် ပါသည်။



မိမိတို့၏ ဦးခေါင်းထိပ်တည့်တည့်သို့ ဂြိုဟ်နက္ခတ်များ ကျော်ဖြတ်ချိန်တွင်
အရေးကြီးလုပ်ငန်းကိစ္စဆောင်ရွက်မှုနှင့် သစ္စာအဓိဋ္ဌာန် တိုင်တည်ဆုတောင်းမှုများ
ဆောင်ရွက်မှု သရုပ်ပြပုံ။


သို့ပါ၍ အရေးကြီးကိစ္စများအတွက် သစ္စာပြု အဓိဋ္ဌာန်တိုင်တည်ရာတွင် ဦးခေါင်းထိပ်တည့်တည့်တွင် မိမိတိုင်တည် လိုသည့် ဂြိုဟ်နက္ခတ်များ ရောက်ရှိနေရန် အရေးကြီးလှပြီး၊ အရေးကြီးကိစ္စများ သစ္စာပြုလိုပါက သီလ သမာဓိ စင်ကြယ်ရန် ဦးစွာပထမ ကြိုးပမ်းကျင့်ကြံရပါလိမ့်မည်။ အနည်းဆုံး တစ်ပတ်ခန့် ကြိုတင်၍ သီလ သမာဓိ ကိုယ်ကျင့် တရားများအား ထိန်းသိမ်းထားသင့်ပါသည်။ ဆုတောင်းများ ပြည့်ဝ အောင်မြင်စေရန်အတွက် ကောင်းကင် စကြဝဠာမှ နတ်ဖြဟ္မာများမှ လူသား ပုထုဇဉ်များအား ကူညီစောင့်ရှောက် ဖန်တီးပံ့ပိုးပေးနိုင်ပေရာ ယင်းတို့အား မေတ္တာပို့ အမျှ အတန်းပေးဝေပြီးမှသာ မိမိလိုအင်ဆန္ဒများအား ဆုတောင်းသစ္စာပြုသင့်ပေသည်။ ဆုတောင်းအဓိဋ္ဌာန် တိုင်တည်သစ္စာပြုမှုများ ၌ အကျိုးထူးစေရန်အတွက် နက္ခတ်သိပ္ပံရှုထောင့်အမြင်မှ မိမိဉာဏ်မီသလောက် အကြံပြု ရေးသား တင်ပြအပ်ပါသည်။

*****



www.burmeseclassic.com

www.burmeseclassic.com



မဟာအဘယမုနိ ဓာတ်ပေါင်းစုရုပ်ပွားတော်
ရွှေစည်းခုံစေတီတော်၊ မုံရွာမြို့။

www.burmeseclassic.com

www.burmeseclassic.com

# လိုရာပြည့်စုံ မြို့မုံရွာရဲ့ ရွှေစည်းခုံ


**အယ်ဒီတာတစ်ဦး**

ဂမ္ဘီရဆန်းကြယ်နှင့် ဘဝသစ်အဖွဲ့သားများ ဘုရားဖူးခရီးအတူသွားခဲ့သည့် အကြောင်းများကို လစဉ်ရေးမည်ဟု စိတ်က ကြံရွယ်သော်လည်း ထင်တိုင်း မပေါက်ခဲ့ပေ။ စိတ်ကသာ ဆန္ဒစောနေပြီး လက်က မရောက်ဖြစ်။


ဒီတစ်လတော့ မုံရွာမြို့မှာ နှစ်ညအိပ်ခဲ့သော်လည်း ပြန်ခါနီး အချိန်ပိုင်းလေးရောက်မှ ဖူးမြော်ဖြစ်ခဲ့သည့် ရွှေစည်းခုံဘုရားဖူးကို ရေးဖြစ်တော့သည်။

ဒီတစ်ကြိမ် မုံရွာမြို့ကို ရောက်ဖြစ်တာ ဒုတိယအကြိမ်ဖြစ်သည်။ ပထမအကြိမ်တုန်းက မုံရွာကို ဖြတ်သွားပြီး ဖိုလ်ဝင်တောင်ဆီ ခရီးဆက်သောကြောင့် ရွှေစည်းခုံစေတီတော်မြတ် ရှိမှန်းတောင် မသိခဲ့။ ဒီတစ်ကြိမ်မှာတော့ မုံရွာမြို့ဝင်ကတည်းက ရွှေစည်းခုံစေတီကို သတိထားဖြစ်သည်။ မုံရွာမှာ နှစ်ညအိပ်ဖြစ်သော်လည်း မရောက်ဖြစ်တဲ့ မုံရွာမြို့ကို နှုတ်ဆက်ခါနီးကျမှ ဖူးမြော်ဖြစ်တော့သည်။

◈◈◈









www.burmeseclassic.com

www.burmeseclassic.com





မုံရွာမြို့ကို မရောက်ခင် လမ်းခရီးတစ်လျှောက်မှာပင် နှစ်အစိတ်ကျော် လူချင်းဝေးခဲ့သော သူငယ်ချင်း ရွှေကြီး (ခင်မောင်ရွှေ)က ဖုန်းဆက်လာသည်။ သူ့ကိုလည်း ကျွန်တော်က အရမ်းတွေ့ချင်နေ၏။ ကျွန်တော်တို့ ဘုရားဖူးခရီး ထွက်လာကြောင်းကို ရွှေကြီးက သတင်းကြိုရထား၍ ဖုန်းဆက်ခြင်းဖြစ်သည်။ မုံရွာတွင် ပထမဆုံး အိပ်ဖြစ်သောည မှာပင် ညနက်သည်အထိ ရွှေကြီးနှင့် စကားပြောဖြစ်ခဲ့ကြသည်။ ရွှေစည်းခုံဘုရားကို ဖူးဖြစ်အောင် ဖူးသွားဦးနော်ဟု ရွှေကြီးက ပြောခဲ့သေး၏။

ခရီးစဉ် ပြီးဆုံး၍ ရန်ကုန်သို့ ပြန်ခါနီး မနက်ခင်းမှာပင်







www.burmeseclassic.com

www.burmeseclassic.com



ဘုရားဖူးကားက ရွှေစည်းခုံစေတီတော်ဆီသို့ လိုက်ပို့ပေး မနက်လင်း အိပ်ရာထကတည်းက ဘာမှ မစားမသောက် ရသေးသောကြောင့် အတူပါလာသူ တော်တော်များများက ဘုရားမဖူးဘဲ အဆာပြေစာ စားကြသောက်ကြ၏။


ကျွန်တော်တို့ လူစုကတော့ ဘုရားကို အရင်ဖူးကြ သည်။ ဘုရားပရဝဏ်ရှေ့ရောက်တော့ အလင်းရောင်က သဲသဲကွဲကွဲမရှိ။ ဘုရားဖူးနေရင်းကပင် နေရောင်က မြင့်လာ သည်။ ဘုရားတွေ စုံအောင်ဖူးရင်း ဓာတ်ပုံမှတ်တမ်းတင် ဖြစ်သည်။ အိပ်ရာထစ ဆာလောင်မှုကိုပင် မေ့လျော့သွား ရသည်။

◈◈◈

မြန်မာပြည်ရှိ စေတီဘုရားများသည် သူ့သမိုင်းနှင့်သူ့ အတည်တကျရှိပြီးသား။ ရွှေစည်းခုံစေတီတော်မှာ ရာဇဝင် အဆက်ဆက်၊ မင်းအဆက်ဆက် ကိုးကွယ်ပူဇော်ခဲ့သော ရှေးဟောင်းသမိုင်းဝင် စေတီတစ်ဆူဖြစ်သည်။


ရွှေစည်းခုံစေတီတော်သမိုင်းကတော့ အခြား ဘုရား သမိုင်းများနှင့် မတူဘဲ တစ်မူထူးခြားသည်ကို တွေ့ရှိခဲ့ရ


မဟာသက္ကရာဇ် ၁၄၇ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၉ရက်၊ ဂေါတမဘုရားရှင်လက်ထက်မှာ သာဝတ္ထိပြည်



www.burmeseclassic.com

www.burmeseclassic.com







www.burmeseclassic.com

www.burmeseclassic.com



ကောသလမင်းကြီး၏ တောင်းဆိုမှုကြောင့် ကပိလဝတ်ပြည် သာကီဝင်မျိုး မဟာနာမ်မင်းက ၎င်းနှင့် နာဂပုဏ္ဏာကျွန်မမှ ဖွားသည့် "ဝါသဘခတ္တိယာ"အမည်ရှိတဲ့ သတို့သမီးကို ပေး ဆက်လိုက်ရာမှ ဒီဇာတ်လမ်းက အစပြုခဲ့ခြင်းဖြစ်၏။

ကောသလမင်းကြီးနှင့် ဝါသဘခတ္တိယ မိဖုရားတို့မှ ဖွားမြင်သော "ဝိဋဋူဘ"မင်းသား အရွယ်ရောက်လာသော အခါ အဘိုးအဘွားရှိရာ ကပိလဝတ်ပြည်သို့ အလည်သွားခဲ့ ၏။ သာကီဝင်မင်းများသည် အဘိုးအဘွား၊ ဦးရီးများကိုသာ ကန်တော့ခံစေပြီး အခြားသူများအားလုံးကို ရှောင်၍နေစေခဲ့ ၏။ အကြောင်းမှာ ကျွန်မမှ မွေးသောသားဖြစ်၍ 'ရှိခိုးရန် မသင့်'ဟု ယူဆသောကြောင့်ဖြစ်၏။

အပြန်ခရီးတွင် ဝိဋဋူဘ၏ မင်းချင်းတစ်ဦးက လက် နက်ကျန်ခဲ့၍ ပြန်လာယူစဉ် မင်းသားနေထိုင်ခဲ့သော ဗိုလ်တဲ ရှိ ပျဉ်ချပ်ခင်းနေရာကို ရေနှင့် ရောထားသည့် နို့ရည်များဖြင့် ဆေးကြောရင်း ကျွန်မ၏ သား ဝိဋဋူဘအား ဆဲရေးနေသည့် အသံများကို ကြားခဲ့ရသည့်အတိုင်း မင်းသားအား ပြန်လျှောက် တင်ခဲ့၏။

ဝိဋဋူဘမင်းသားလည်း ထိုစကားကို ကြားပြီး အမျက် ဒေါသထွက်ကာ "ဤသာကီဝင်တို့သည် ငါထိုင်ခဲ့သော ပျဉ် ချပ်ခင်းနေရာကို နို့ရည်ဖြင့် ဆေးစေဦး၊ ငါ မင်းဖြစ်လျှင် သာကီဝင်တို့၏ လည်ချောင်းသွေးကို ယူ၍ ငါထိုင်သော ပျဉ်ချပ်ကို ဆေးမည်"ဟု ရန်ငြိုးထားခဲ့၏။

◈◈◈

ဝိဋဋူဘမင်းသား အမှန်တကယ်ပင် ရေမြေသခင် ဘုရင်ဖြစ်လာခဲ့ချေပြီ။ စိတ်ဒဏ်ရာ ရန်ငြိုးကို လက်တွေ့ အကောင်အထည်ဖော်တော့၏။ သာကီဝင်တို့ကို သွေးကြော ဆပ်ဖို့ ပြင်ဆင်လေ၏။


ဝိဋဋူဘဘုရင်၏ အကြံမှာ ချက်ချင်းတော့ အထ မမြောက်ခဲ့ချေ။ ဤအဖြစ်အပျက်ကို သိနေသော မြတ်စွာ ဘုရားရှင်က သာကီဝင်မင်းတို့၏ ပြည်နယ် နယ်နိမိတ်အစ တွင် ရောက်‌ရောက်နေသောကြောင့် မြတ်စွာဘုရားကို ဖူး မြော်ပြီး ဝိဋဋူဘဘုရင်၏ စစ်တပ်များက နစ်ကြိမ် သုံးကြိမ်





www.burmeseclassic.com

www.burmeseclassic.com





ဒိုင် တပ်ဆုတ် လှည့်ပြန်ခဲ့ကြရ၏။

လေးကြိမ်မြောက်မှာတော့ မြတ်စွာဘုရားရှင်လည်း တားဆီး မကာကွယ်နိုင်တော့ပေ။ အငြိုးအတေးစိတ်ကြောင့် င် နို့စို့ကလေးများပါမကျန် သာကီဝင်တို့၏ လည်ချောင်း သွေးများ မြေပြင်မှာ ရဲရဲနီသွားတော့၏။

သာကီဝင် မဟာနာမ်မင်းကြီး၏ တူတော်များဖြစ်ကြ သန်သော သကျဗျာလ ညီနောင်သုံးပါးတို့မှာ ဝိဋူဍဘ၏ ရန်ဘေးမှ ကင်းလွတ်ရာသို့ ပြေးလွှားရင်း မြန်မာပြည်မြောက် ပိုင်း ချင်းတွင်းမြစ်ဖျားသို့ ရောက်ရှိခဲ့၏။ ထိုမှ ချင်းတွင်းမြစ် အထက်သို့ ဆန်တက်ခဲ့ကြပြန်သည်။

ထိုကာလမှာပင် အရှေ့အရပ် ကောင်းကင်မှ ရောင်စဉ်



ခြောက်သွယ် အလင်းတန်းကို ဖူးတွေ့ကြရ၏။ ထို့ကြောင့်ပင် ယခု မုံရွာမြို့တည်ရာအရပ်သို့ ပြောင်းရွှေ့ စခန်းချပြီး၊ နောင်အခါ ဗုဒ္ဓသာသနာတော်ကြီး စည်ပင်ထွန်းကားရန်အလို့ငှာ ဘုရားစေတီတစ်ဆူကို တည်ထားကိုးကွယ်ရန် စီမံခဲ့ကြ၏။

◈◈◈

ရွှေစည်းခုံ ရင်ပြင်တော်ရှိ လျှပ်စစ်မီးတိုင် ငြိမ်းသွားလေသည်။ နံနက်ခင်း ကြည်လင်သော နေရောင်အောက်မှာပင် ရွှေစည်းခုံ ပရဝုဏ်အတွင်းရှိ စေတီပုထိုး ရုပ်ပွားတော်များကို တစ်ဝကြီး ဖူးမြော်ရသည်။ ဘုရားမဖူးမီက ဆာလောင်နေခဲ့ခြင်းကိုပင် မေ့မေ့လျော့လျော့ဖြစ်ခဲ့ရသည်။

ပဌမဦးစွာ သကျဗျာလ ညီနောင်သုံးပါးတို့နှင့် အပေါင်းအပါတို့မှ ရွှေနားတောင်း၊ ရွှေနားပန် အစရှိသည့် လက်ဝတ်ရတနာများနှင့် ဓာတ်သားကိုးပါး ရုပ်ပွားတော်ကို ဌာပနာပြုပြီး ကိုးတောင်ပြည့် စေတီတော်ကို ဦးစွာတည်ခဲ့သည်ဟု ဆို၏။

အခုအချိန်မှာတော့ ကြည်ညိုသပ္ပာယ်စရာကောင်းသော ရွှေစည်းခုံစေတီတော်မြတ်နှင့်အတူ အခြား သာသနိကအဆောက်အဦနှင့် ရုပ်ပွားတော်များကို ကျွန်တော်တို့ ဖူးတွေ့နေရခြင်းဖြစ်၏။

သကျဗျာလ ညီနောင်သုံးပါး၏ စေတီတည်ခဲ့ရာ၌ အဓိဋ္ဌာန်သစ္စာပြုခဲ့သော စကားများကြောင့်ပင် ရွှေစည်းခုံအား ကြည်ညို ဖူးမြော်သူများအဖို့ အကျိုးထူးများ ရရှိစေမှာ သေချာ၏။


**“ဤစေတီသည် မရည်ရွယ် မတောင့်တဘဲ ဘုရားတန်ခိုးတော်တို့ကြောင့် အလိုလိုပေါ်ထွန်းလာရပေသည်။ ထူးခြားအံ့ဖွယ် အချင်းအရာတို့ကြောင့် နောင်အရှည် သာသနာတည်၍ ဤဘုရားနှင့် စင်သမျှ**



www.burmeseclassic.com

www.burmeseclassic.com





**လောကီ၊ လောကုတ္တရာ ချမ်းသာသုခ ကောင်းကျိုး အဝဝကို ရရှိခံစားကြရမည် ဖြစ်ပေသည်။ ဤနေရာ၊ ဤဒေသသို့ မှီခိုလာကြကုန်သော လူမျိုးမရွေး ပုဂ္ဂိုလ်တို့သည် အစစအလီလီ အကြံအစည်တိုးတက်ကြီးပွားသူများ ဖြစ်ကြပေမည်"**

မုံရွာမြို့သည် ပျူမြို့ဟောင်းဖြစ်သည့် ဟန်လင်းနှင့် မဝေးကွာလှ။ ဟန်လင်း ပျူမင်းတို့က ချင်းတွင်းမြစ်ကို ယခု မုံရွာမြို့တည်ရာမှ လှေဖြင့် ကူးဖြတ်ပြီး ဗိုလ်ဝင်တောင်သို့ ဘုရားဖူးသွားကြရာမှ "လှေကူးရွာ"ဟု တွင်ခဲ့ကြောင်း ဆို၏။

တစ်ဖန် ပုဂံကျောက်စာများတွင် မုံရွာကို "မုန်ရွာ"ဟု ရေးထိုးကြောင်း သိရပြန်သည်။

မြန်မာနိုင်ငံတွင် "စည်းခုံစေတီ"များစွာရှိ၏။ "စည်းခုံ" ဆိုသည်မှာ စဲခုံ၊ သောင်ခုံ၊ သဲခုံဟု အဓိပ္ပာယ်ရ၏။ မြစ်ချောင်း၊ အင်းစပ်၊ သဲသောင်ခုံများနှင့် ကုန်းမြေ ကုန်းမြင့်နေရာများတွင် စည်းခုံစေတီများ တည်ရှိတတ်ကြသည်။ ဗေဒင်၊ ယတြာအလိုအရ နေ့နံလိုက်၍ တည်ထားတတ်သည်ကိုလည်း တွေ့ရသည်။ "စည်းခုံ"ဟူသော ဝေါဟာရမှာ ဇယဘုမိ (အောင်မြေ)ဟု အနက်ဆောင်၏။

မုံရွာ ရွှေစည်းခုံစေတီတော်တွင် နရပတိစည်သူ၏ ကုသိုလ်တော်များ၊ ပင်းယခေတ်၊ အင်းဝခေတ် မင်းများ၏ ကုသိုလ်များစွာရှိနေသည်ဟု ဆို၏။ မိုးညှင်းမင်း၏ ကုသိုလ်တော်များလည်း ရှိနေ၏။ သာလွန်မင်းနှင့် ဘိုးတော်ဘုရားတို့၏ မွမ်းမံကုသိုလ်တော်များလည်း မှတ်တမ်းမှတ်ရာအဖြစ် ရှိနေ၏။

မုံရွာနှင့် ရွှေစည်းခုံစေတီတော်မြတ်ကြီးအကြောင်း ပြောကြဆိုကြရာတွင် လယ်တီဆရာတော်ကြီး၏ အကြောင်းကို ချန်လှပ်ထား၍ ရမည်မထင်။ လယ်တီဆရာတော် အလောင်းအလျာ "ရှင်ဉာဏဓဇ"မန္တလေး နေပြည်တော်မှ ထွက်ခွာပြီး ရွှေစည်းခုံကျောင်းတိုက်သို့ ကြွရောက် သီတင်းသုံးသည့် နေ့ရက်မှာ ၁၈၈၃၊ ဇန်နဝါရီလ ၂၂ရက်ဟု မှတ်သား သိခွင့်ရခဲ့၏။ သီပေါမင်း ပါတော်မူပြီးနောက် ၁၈၈၇၊ ဖေဖော်ဝါရီလ ၁၅ရက်တွင် ရွှေစည်းခုံကျောင်းတိုက်မှ လယ်တီတောအရပ် (ယခု ဦးပိုင်နှင့် ဝမ်ပေါင်တို့၏ ဖြိုချ ဖျက်ဆီးခြင်းခံရသော လယ်တီသိမ်နှင့် စေတီ)သို့ ပြောင်းရွှေ့ သီတင်းသုံးခဲ့၏။ လယ်တီဆရာတော်ဘုရားကြီး ထင်ပေါ် ကျော်ကြားလာသည်နှင့်အမျှ ရွှေစည်းခုံစေတီတော်မြတ်မှာလည်း ပို၍ စည်ပင်တိုးတက်လာကြောင်း တွေ့ရ၏။

ရွှေစည်းခုံစေတီပရဝုဏ်အတွင်းမှာ ရှေးလက်ရာ ရုပ်ပွားတော်များ များစွာရှိလေ၏။ ရွှေဘုန်းတောက် မံဘုရား ရုပ်ပွားတော်ရှိသည်။ အမရပူရခေတ် လက်ရာတော် "ဇိနမာန်အောင်စေတီ" နှင့် ၁၉ ရာစု လက်ရာဖြစ်သော ကွမ်းထောင်စေတီလည်း ရှိသည်။

ဇေယျာဘုမ္မိ အောင်မြေအမှန်တွင် တည်ထားခဲ့သော ရွှေစည်းခုံ၊ ကိုးနဝင်းအထပ်ထပ်ဖြင့် ထူးမြတ်စွာ တည်ထားသော ရွှေစည်းခုံ၊ နှစ်ရှည်တည်တံ့ပြီး ဓာတ်တော် မွေတော်များ ကိန်းဝပ်ရာ ရွှေစည်းခုံထံတော်ပါးမှာ ဆွမ်း၊ ပန်း၊ ရေချမ်း ဆီမီးတို့အား ကပ်လှူဒါန်းပြီး မိမိရည်မှန်းရာကို အဓိဋ္ဌာန်ပြု၍ သစ္စာပန္နက်တိုင်ပြီး ဆုတောင်းပါက ကောင်းကျိုးဆန္ဒမှန်သမျှ ပြည့်ဝစေသောကြောင့် စာဖတ်ပရိသတ်များအနေဖြင့် ခရီးကြုံခိုက်မှာ သွားရောက်ဖူးမြော်ကြပါရန် တိုက်တွန်းလိုက်ရပါသည်။■

* * *

အယ်ဒီတာတစ်ဦး



www.burmeseclassic.com

www.burmeseclassic.com


ယနေ့ခေတ်လို သိပ္ပံပညာရပ်များ သူမတူအောင် ဆန်းပြား ထွန်းကားလာသည့်အချိန်တွင် ရေးရိုးစွဲ အယူအဆ များကို ပစ်ပယ်ဖို့ ပြောကြသည်။ ထိုကိစ္စသည် အရာခပ်သိမ်း၊ အခါခပ်သိမ်းတော့ မဖြစ်နိုင်ပါ။ ရှေးလူကြီးသူမများကလည်း "ရှေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မကြွယ်နဲ့"ဟု ဆို ခဲ့ကြသည်မဟုတ်လော။ ထိုစကားကို ဝေဖန် သုံးသပ်ကြည့် လျှင် မည်မျှပင် ခေတ်မီ တိုးတက်လာသည့် ကာလဖြစ်ပါ စေ၊ "ရှေးထုံးလည်း ပယ်သင့်မှ ပယ်၊ ဈေးသုံးလည်း ကြွယ် သင့်မှ ကြွယ်"ဟု ဆိုရပေလိမ့်မည်။ ဤသို့ နိဒါန်းချီ ရေးသား ခြင်းသည် စာရေးသူတွင် ရှေးရိုးရှေးထုံး အယူအဆ အလုပ် အကိုင်နှင့် ပတ်သက်၍ လိုက်နာမှတ်သားစရာတစ်ခု တင်ပြ ရန် ရှိသောကြောင့်ပင်။ မည်သို့ပင် ကာလကြာညောင်း ဟောင်းနွမ်းပါစေ၊ အစဉ်အဆက် မပျက်မကွက် လိုက်နာ ဆောင်ရွက်ရမည့် ရှေးထုံးများ ရှိနေပါသည်။ ဤသို့ ရှေးထုံး များစွာရှိသည့်အနက် အချို့ကိစ္စတို့သည် ဂမ္ဘီရဆန်စွာ ထူးခြား ဆန်းကြယ်နေသည်ကို တွေ့ရသည်။

စာရေးသူသည် အလုပ်ပိတ်ရက် တနင်္ဂနွေနေ့တွင် ဇာတိချက်ကြွေ မွေးရပ်မြေ ကျောင်းကြီးရွာသို့ သွားခဲ့သည်။ ကျောင်းကြီးရွာအနောက်ပိုင်းရှိ စာရေးသူ၏ မိတ်ဆွေများ နေအိမ် သို့ ဝင်ပြီး အိမ်ပေါ် တန်းမတက်သေးဘဲ တပိုတပါးသွားရန် နောက်ဖေးဘက် လှည့်ခဲ့သည်။ တောအရပ်ဒေသဆိုတော့ အပေါ့အပါးသွားရုံလောက်ကိစ္စဆိုလျှင် ရေကြီးခွင်ကျယ်လုပ် ၍ ရေအိမ်သို့ တက်မနေတော့ပါ။ အနောက်ဖေး တောစပ် ဦးပင် ငုတ်တုတ်ထိုင်လိုက်သည်။ ထိုစဉ် မိခင်ကြီးက…

"ဟဲ့…ဟဲ့၊ နေဘက် လှည့်မသွားရဘူးလေ။ တော် ကြာ နေနတ်သားဖမ်းမှ ခံနေရဦးမယ်"

ဟု နောက်မှ အော်ပြောလိုက်၍ စာရေးသူမှာ အပေါ့ သွားမည့်ဆဲဆဲ ပြန်ထလိုက်ပြီး လွတ်ကင်းရာ အခြားနေရာ သို့ ပြောင်းလိုက်ရပါသည်။

စာရေးသူ အိမ်ပေါ် တက်လာတော့ မိခင်ကြီးက



ညွန့်ဝင်း(နတ္တလင်း)

# နေနတ်သားတပါးမှ ပျောက်သောဝေဒနာ



www.burmeseclassic.com

www.burmeseclassic.com

စာေစာက စကားကို ဆက်ပြန်၏။

"မင်းတို့ ခေတ်ကာလ သားသမီးတွေ မယုံမကြည် မရှိနဲ့နော်။ နေနတ်သား၊ လနတ်သား ဖမ်းတာတွေ အမေတို့ ကိုယ်တွေ့ ခံစားဖူးခဲ့တယ်"

ဟု ဆိုပါသည်။ စာရေးသူလည်း မိခင်ကြီး စကားက စိတ်ဝင်စားစရာမို့ ဆက်လက်ရှင်းပြဖို့ တောင်းဆိုလိုက်ရာ "ဒီလိုကွဲ့"ဟု အစချီလျက် စုံစုံစေ့စေ့ တောက်လျှောက် ပြောပြပါလေသည်။

◈◈◈

တောမှာ ဖြစ်ဖြစ်၊ မြို့မှာ ဖြစ်ဖြစ် သွားလာပြောဆို လုပ်ကိုင်ရင်း နေဘက်လှည့်၍ မဆီမလျော်ပြုမူမိကြသည် များ ရှိမည်။ ပြုမူမိသူတိုင်း ဖြစ်မည်ဟု မပြောနိုင်သော်လည်း အကြောင်းတိုက်ဆိုင်သူများကတော့ မခံမရပ်နိုင်အောင် ခံစားကြရသည်။ ခံစားရပုံကလည်း ထူးခြားဆန်းကြယ်၏။ နေဘက်လှည့်၍ မရိုမသေပြုမိသူသည် နံနက်ပိုင်း နေထွက် လာသည်နှင့် မျက်ရိုး၊ နားထင်တစ်ဝိုက် ကွဲကျမတတ် ကိုက်ခဲပြီး အော်ဟစ်နေရသည်။ အချို့လည်း ခေါင်းထဲ ခဲ၍ ကိုက်ခဲကာ၊ ဦးနှောက်မရှင်း ဖြစ်နေတတ်သည်။ အကိုက်အခဲသက်သာပျောက်ကင်းစေရန် စားဆေးများ၊ ထိုး ဆေးများ သုံးစွဲသော်လည်း ခဏသာ သက်သာမှု ရ၏။ နောက်နေ့ အချိန်တန်လျှင် ကိုက်လာပြန်သည်။ ညနေပိုင်း နေလုံးကွယ်ပျောက်သည်အထိ ဝေဒနာခံစားရပြီး ညပိုင်း ရောက်တော့ သက်သာသွားသည်။

ထိုသို့ ဆေးမတိုးဘဲ အဖန်ဖန်အခါခါ ခံစားနေရသည့် မျက်ရိုးကိုက်၊ နားထင်ကိုက် ဝေဒနာကြောင့် နံနက်မိုးလင်း နေထွက်တော့မည်ကိုပင် ကြောက်လာ၏။ အနာသိ ဆေးရှိ ဟု ဆိုသော်လည်း ရှိသည့်ဆေးကို သိရှိ အသုံးချမှု မရှိလျှင် ထိုအနာရောဂါပျောက်မည်မဟုတ်ပါ။ အတွေ့အကြုံဝါအရ သိရှိနားလည်နေကြသော လူကြီးသူမများက ဤသို့ ခံစား နေရလျှင် အလားတူ မရိုမသေကိစ္စပြုမိသလောဟု ဦးစွာ မေးရ၏။ ပြုမူမိသည်ဆိုလျှင် သူ့လက်ရာမှန်က ပျောက်ရ မည်ဟု ဆိုလျက် ပူဇော် တင်မြှောက်ပုံကို ပြောပြကြသည်။

နေနတ်သားအဖမ်းခံရသူသည် အမျိုးသားဖြစ်လျှင် အမျိုးသမီးတစ်ဦးက လုပ်ပေးရမည်ဖြစ်ပြီး၊ အမျိုးသမီးဖြစ် လျှင် အမျိုးသားတစ်ဦးမှ လုပ်ပေးရမည်။

ထုံး၊ နနွင်း အနည်းငယ် လူးထားသော ထမင်းကို ခုနစ်ဆုပ်ဆုပ်ရသည်။ ပြန့်ကျယ်သော ဗန်းတစ်ခုတွင် ထို ထမင်းဆုပ်များ ထည့်၍ နေနတ်သားကို တင်မြှောက် ပူဇော် ရသည်။ ညနေစောင်း နေဝင်ခါနီးအချိန်တွင် ပြုလုပ်ပေးသူ က...

"အရှေ့ကျွန်းက အပျိုကြီးရေ... အနောက်ကျွန်းက လူပျိုကြီး မျက်ရိုးကိုက်လို့၊ မျက်ရိုးကိုလည်း ယူလှည့်ပါ၊ ဆေးမြစ်လည်း ယူခဲ့ပါ"

ဟု အော်ပေးရသည်။ ဤသို့ ပြုလုပ်ခြင်းကို ဝေဒနာ ခံစားရမှုပေါ် မူတည်၍ သုံးရက်မှ ခုနစ်ရက်အထိ လုပ်ပေး ရသည်။ (အခြား မှုကွဲများလည်း ရှိနိုင်သည်။ ယုံကြည် လေးစားစွာ လုပ်ရန်သာ လိုသည်။)

စာရေးသူက...

"ဝေဒနာသက်သာမှု ထူးထူးခြားခြားရှိသလား"

ဟု မေးတော့ မိခင်ကြီးက...

"ငါ့သားနယ်... အမေက ဘာလို့ လိမ်ပြောမလဲ။ အမေကိုယ်တိုင်ဖြစ်ခဲ့တာ။ ဘာဆေးနဲ့မှ မရဘူး။ နောက်ဆုံး အဲဒီ နေနတ်သားတင်ပေးလိုက်တော့မှ လုံးဝ ပျောက်သွား တာကလား"

ဟု ပြုံးပြုံးကြီးနှင့် ပြောပြသည်။

အချို့ကိစ္စများသည် ပြောမယုံ၊ ကြုံဖူးမှ သိ ဆိုသလို လက်တွေ့ကြုံမှ ယုံရသည့် အဖြစ်မျိုး။ အချို့ ယုံကြည်မှု အားနည်းသူများက ဟုတ်မှ ဟုတ်ပါ့မလားဟု ဆိုကြမည် ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ ဤသို့ ဂမ္ဘီရဆန်သောအဖြစ်နှင့် လုပ်နည်းလုပ်ဟန်များကား ရှိနေသည် အမှန်။ လိုက်နာ ဆောင်ရွက်ခြင်းဖြင့် ထူးခြားစွာ သက်သာပျောက်ကင်းသည် ကလည်း ကောင်း။ ဗုဒ္ဓဘာသာ ယုံကြည်ကိုးကွယ်သော အိမ် သို့ ဘာသာခြား မိတ်ဆွေတစ်ဦး အလည်လာစဉ် ဘုရား ဆွမ်းတော်တင်ထားသည်ကို ကြည့်၍...

"သူငယ်ချင်းတို့ ဘုရားကလည်း ဆွမ်းစားတာ မတွေ့ ပါလား"

ဟု နောက်ပြောင်သလို ပြောဆို၏။

မိတ်ဆွေချင်းမို့ စိတ်မဆိုးသာသော်လည်း အရိုတရား နှင့် အသိတရား ပေါင်းစပ်နားလည်မှု မရှိသော ဘာသာခြား မိတ်ဆွေကို ရှင်းမပြလိုတော့။ ရုပ်ဝါဒီသက်သက်သာ ဦးစား ပေး လက်ခံသူတို့အဖို့ လေးနက် ဆန်းကြယ်သည့် တန်ခိုး သတ္တိထူးတို့ကို ထိုးထွင်း နားလည်နိုင်စွမ်းရှိမည် မထင်။ ခလုတ်ထိမှ အမိတ၍ ကိုယ်တွေ့ကြုံမှ ယုံကြမည်ဟုသာ ဆိုချင်ပါတော့သည်။■

* * *

ညွှန်း[illegible](နတ်တလင်း)

www.burmeseclassic.com

၂၁ ရာစု

# ဆရာဦးအောင်မိုးဇော်

## EX–စာပေဗိမာန်

## အထက်တန်း လက္ခဏာ၊ နက္ခတ္တဗေဒပညာရှင်

## သင်တန်းနည်းပြ

စာရေးဆရာ ဆရာမ ဝေဝေအောင်ထံမှ စာတစ်စောင်–

Ph. 290046

09-51-38742

အမှတ် (၁၄)၊ ရွှေဘုန်းပွင့် ဘုရားဈေးတန်း၊ ပုဇွန်တောင်မြို့နယ်။ ရန်ကုန်မြို့။

ဖုန်း – ၀၉ ၇၃၀၇၆၈၁၈

အလုပ်ချိန် -နံနက် (၈း၃၀) မှ ညနေ (၆း၀၀)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်တစ်သက်နှင့် တစ်ကိုယ် ဒီတစ်ခါလောက် စိတ်ညစ်ရတာ မရှိသလို၊ စိတ်ဆင်းရဲမှုမျိုးလည်း မကြုံခဲ့။ အကြံကောင်းတော့ တစ်သက်ဆိုပေမယ့်၊ ကံမကောင်းတော့ အကြံကောင်းပေမယ့် ကျွန်တော် မွဲခဲ့ရသည်။ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ချင်လို့၊ အပြစ်တင် မခံချင်လို့ ကံကို ပုံချခြင်းမဟုတ်ပါ။ ပုံချစရာ အကြောင်းဖြစ်ခဲ့လို့သာ ပုံချလိုက်ရခြင်းဖြစ်ကြောင်းကိုတော့ ကျွန်တော် ရဲဝံ့စွာ ဆိုပါသည်။ ကံမကောင်းခဲ့တဲ့ ကျွန်တော့်ရဲ့ အကြံကောင်းကတော့ ဖြင့်… ။

ကျွန်တော်နေတာက ကျေးတောရွာတစ်ရွာမှာပါ။ ထိုရွာကိုတော့ "ညောင်ပင်သာရွာ"ဟုပဲ ဆိုကြပါစို့။ မြို့နှင့် မဝေးလှသော အကွာအဝေးမှာ တည်ရှိသည်။ မြို့ဟု ဆိုသော်လည်း တောမြို့ကလေးသာ ဖြစ်သည်။ တောမြို့ဆိုပေမယ့် မြို့ကြီးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်သဖြင့် မြို့ကြီးလို မဖွံ့ဖြိုးသော်လည်း မြို့ကြီးမှာ သုံးသည့် ပစ္စည်းမှန်သမျှ ကျွန်တော်တို့ တောမြို့လေးမှာ ရနိုင်သည်။ တောမှာနေတဲ့ တောသူတောင်သားများဖြစ်တာကြောင့် ကျွန်တော့်ရဲ့ အလုပ်အကိုင်က

# မောင်မေတ္တာ (ရွှေဟင်္သာ)

# လူမစွမ်းမြွေမ





www.burmeseclassic.com

www.burmeseclassic.com

လည်း လယ်ယာစိုက်ပျိုးရေးပင် ဖြစ်သည် ကျွန်တော်တို့အရပ်သည် နွေအခါ၌ ရေမရသဖြင့် မိုးစပါးကိုသာ စိုက်ပျိုး၍ ရပါသည်။

စပါးရာသီကုန်လျှင် ပဲစိုက်ကြပါသည်။ မနှစ်က ကျွန်တော်တို့ ရွာသားဖြစ်သူ ကိုဝင်းကြိုင်သည် ခရမ်းချဉ်ပင်ကို စမ်းသပ်စိုက်ပျိုးရာ အောင်မြင် ဖြစ်ထွန်းသဖြင့် သိန်း ၇၀ ခန့်ရသွားပါသည်။ ဤသတင်းကား ကျွန်တော်တို့ရွာတွင်းသာမက၊ ရွာနီးချုပ်စပ်များသို့ပါ ပျံ့နှံ့သွားခဲ့သောကြောင့် ဒီနှစ် စပါးပေါ်ပြီးနောက် ပဲစိုက်နေကျ လယ်များတွင် ပဲအစား ခရမ်းချဉ်ပင်များ စိုက်ပျိုးကြပါသည်။

ခရမ်းချဉ်ပင် စိုက်သည်မှာ မလွယ်လှပေ။ ရှေးဦးစွာ ခရမ်းချဉ်ပင်ကို ပျိုးရပါသည်။ ထိုသို့ ပျိုးရာတွင် မှိုသတ်ဆေး၊ ပိုးသတ်ဆေးတို့ကို အသုံးပြုရပါသည်။ အပင်ပေါက်၍ အတော်လေးကြီးလာသောအခါ မြောင်းဘောင်တူးထားသော မြေပေါ်သို့ ရွှေ့ပြောင်းစိုက်ပျိုးရပါသည်။

ထိုအချိန်တွင်လည်း ပိုးသတ်ဆေး၊ အသီးအားဆေး၊ အပင်အားဆေး စသည်တို့ကို အသုံးပြုရပါသည်။ ထိုဆေးများမှာလည်း ဈေးကြီးလှသည်ဖြစ်လေရာ ခရမ်းချဉ်ပင် စိုက်ပျိုးရေးမှာ အရင်းအနှီးများစွာ ကုန်ကျပါသည်။ အဖင်များမှာလည်း လောင်းပေးရသည့် ရေတန်ခိုးနှင့် ကျွေးရသည့် ဆေးတန်ခိုးတို့ကြောင့် ထင်၏။ ညီညီမွိုင်း၍ သန်မာထွားကြိုင်းလှလေရာ အခင်းရှင်တို့၏ မျက်နှာမှာ တပြုံးပြုံးနှင့် စိတ်ကူးယဉ်မဆုံးရှိကြသည်။ ထိုအထဲတွင် ကျွန်တော်လည်း ပါသည်။

အခုလို အခြေအနေမျိုးနှင့် မနှစ်က ဈေးသာ ရလိုက်လို့ကတော့ အနည်းဆုံး သိန်းတစ်ရာ့ငါးဆယ် ပြေးမလွတ်။ အရင်း သိန်းနှစ်ဆယ် ဖယ်လိုက်ဦး၊ သိန်းတစ်ရာ့သုံးဆယ် ကျန်မည်ဖြစ်သည်။ ကျွန်တော့်မိန်းမ လိုချင်နေသည့် တီဗီနှင့် အောက်စက်ကို ရတော့မည်။ ပြီးတော့ အိမ်ကိုလည်း တောင့်တောင့်တင်းတင်းလေး ဖြစ်အောင် ပြန်ဆောက်မည်။

ကျွန်တော့်စိတ်ကူးတို့က အစစအရာရာ အဆင်ပြေနေသည်။ အဆင်မပြေသည်က လက်တွေ့အခြေအနေဖြစ်သည်။ ခရမ်းချဉ်သီး စ,ပေါ်ချိန်ဝယ် ဈေးက မကောင်း။ ဈေးမကောင်းသော်လည်း ကိစ္စမရှိ။ ကိုယ့်အပင်တွေက ခူးလို့ မရသေး။ ခူးလို့ ရသည့်အချိန် လောက်ဆိုလျှင်တော့ ဈေးကောင်းပြန်ချလောက်ရဲ့ဟု ထင်ခဲ့မိသည်။

ကျွန်တော်တို့ စိုက်သော ခရမ်းချဉ်ပင်များကလည်း သီးမှ သီး။ သီးချက်က အပင်တောင် ကိုင်းညွှတ်လောက်အောင် သီးသည်။ ဈေးကလည်း ပြောမကောင်းလောက်အောင် ကျသည်။ နောက်ဆုံး ဝယ်မည့်သူပင် မရှိ။ ခရမ်းချဉ်စိုက်သူတွေ ဒုက္ခရောက်ကုန်သည်။ ဒုက္ခရောက်တာမှ လိုချင်တဲ့သူ ခူးယူပါ၊ စားပါဟု ပြောသော်လည်း ခူးမည့်သူပင် မရှိ။ စားမည့်သူ မရှိ။

သိန်းနှစ်ဆယ် သွားပြီ။ ရေထဲမျောခြင်း မဟုတ်။ ခရမ်းချဉ်ခင်းထဲ မျောသွားခြင်းဖြစ်သည်။ ကျွန်တော်၏ အရင်းအနှီးလုပ်ခဲ့သည့် သိန်းနှစ်ဆယ် ကျော်သည် ကျွန်တော့်ကိုယ်ပိုင်ငွေ မဟုတ်။ ဟိုက ချေး၊ ဒီက ငှားနှင့် ဖြစ်သည်။

ကျွန်တော်ပိုင် လယ်ကလေး ရောင်းရင် ခြောက်သိန်းလောက်တော့ ရမည်။ ကျန်တာကို ဘယ်လိုရှာရမှန်း မသိ။ နွားကလည်း ရောင်းစရာမရှိ။ ဆွေမျိုးသားချင်းတွေထံ အကူအညီ တောင်းရအောင်လည်း သူတို့က ကိုယ့်ထက် ဆိုးသည်။ ဘကြီးက သိန်း တစ်ရာလောက် ထိသွားသည်။ အရီးက ခြောက်ဆယ်လောက် ထိသည်။ ကျွန်တော် သိန်းနှစ်ဆယ်လောက် ထိတာ တော်သေးသည်ဟု ဆိုရမည်။

လောလောဆယ်တော့ အကြွေးရှင်များကို တောင်းပန်ထားရသည်။ ဒီကြားထဲ အကြွေးဆပ်ရမည့် ငွေအတွက် ရပေါက် ရလမ်းကို စဉ်းစားရသည်။ ခေါင်းပူ၍ ဆံပင်များတောင် ပိုဖြူလာသည်ဟုပင် ထင်မိသည်။ လယ်ယာလုပ်ငန်းကိုသာ လုပ်ကိုင်တတ်သူမို့ အခြားအလုပ်ကို လုပ်ရအောင်လည်း စဉ်းစားလို့ မရ။ စဉ်းစားလို့ ရသည် ထားဦး၊ အကြွေးကျေလောက်သည့် ငွေရပါ့မလားဟူ၍လည်း တွေးပူမိသည်။ တစ်နေ့ တစ်နေ့ တွေးသည့်အလုပ်ကိုသာ လုပ်နေသဖြင့် အခြားအလုပ်များပင် ပျက်ကွက်လာခဲ့ရသည်။ အခြေအနေက တောင်မင်းကို မြောက်မင်း မကယ်နိုင်သည့် အခြေအနေမျိုးမို့ မည်သူ့ထံကမျှ အကူအညီရဖို့ မလွယ်ပေ။

◈◈◈

ဒီနေရာကို ကျွန်တော် ဘယ်လိုရောက်လာမှန်း မသိသလို၊ ဒီနေရာသည်လည်း ဘယ်နေရာမှန်း ကျွန်တော် မသိပေ။ ကျွန်တော်ရောက်နေသည်ကား ညောင်ပင်ကြီးတစ်ပင်အောက်တွင် ဖြစ်သည်။ ညောင်ပင်ကြီးကား အရိပ်ကောင်းလှပေရာ နေခြည်ပြောက်ပင် တိုးမဝင်သာပေ။ ကျွန်တော်သည် မတ်တတ်ရပ်လျှ[?]မှ ဤညောင်ပင်နှင့် ဤနေရာသို့ ကျွန်တော်ရောက်လာသည့်အကြောင်းကို စဉ်းစားနေစဉ်…

"ရှဲ…ရှဲ…ရှဲ"

www.burmeseclassic.com

ဟူသော အသံကြောင့် အသံကြားရာဆီသို့ ကျွန်တော်လှမ်းကြည့်လိုက်သည်။

"ဟာ…မြွေတစ်ကောင်ပါလား"

မြွေသည် ညောင်ပင်ပေါ်မှ အောက်သို့ ဆင်းလာသည်။ ကျွန်တော်လည်း မြွေကို ကြည့်နေသည်။ မြွေသည် အောက်ခြေသို့ ရောက်သောအခါ ကျွန်တော်ရှိရာသို့ လာနေသဖြင့် ကျွန်တော်လည်း အန္တရာယ်ပြုမှာကို ကြောက်၍ နောက်သို့ ခြေသုံးလှမ်း ဆုတ်ပြီး မြွေကို ကြည့်နေလိုက်သည်။

ထိုမြွေသည် ဆက်လိုက်မလာဘဲ ကျွန်တော်နှင့် ဆယ်ပေခန့်အကွာတွင် ရပ်တန့်ကာ ပါးပျဉ်းထောင်၍ အတော်ကြာအောင် ကျွန်တော့်အား စိုက်ကြည့်နေသည်။ ပြီးမှ…

"မကြောက်ပါနဲ့ အစ်ကိုရယ်၊ အစ်ကို့ကို အန္တရာယ်မပြုပါဘူး"

"ဟ…မြွေက လူစကားပြောတတ်တယ်ဟ"

ကျွန်တော့်နှုတ်မှ စကားလုံးများက အံ့သြစွာဖြင့် ထွက်သွားသည်။

"အစ်ကို အံ့သြနေသလား။ အစ်ကို ကျွန်မကို မသိဘူးလား"

မြွေက ကျွန်တော့်ကို မေးခွန်းများ ပြန်မေးနေသည်။ မြွေက လူစကားပြောသည်မို့ ကျွန်တော် သိပ်မကြောက်တော့ဘဲ ရှေ့သို့ ခြေလှမ်းအနည်းငယ် ရွှေ့လိုက်ပြီး…

"နင်… ဘယ်သူလဲ"

ဟု ပြန်မေးလိုက်သည်

"ကျွန်မ ခင်စိန်ပါ"

"ဟေ…နင်က ခင်စိန်၊ ဟုတ်ရဲ့လား"

ကျွန်တော့်မျက်လုံးအစုံသည် ပြူးကျယ်သွားသည်ဟု ထင်မိသည်။

"ဟုတ်ပါတယ်။ အစ်ကို့ညီမ ခင်စိန်ပါ"

"နင်က ဘာဖြစ်လို့ မြွေဖြစ်နေရတာလဲ"

"ကျွန်မလေ သိမ်းဆည်းထားတဲ့ ပစ္စည်းလေးကို သေခါနီးမှာ စိတ်စွဲသွားလို့ ဒီလိုဘဝ ရောက်နေရတာပါ အစ်ကို"

ခင်စိန်တစ်ဖြစ်လဲ မြွေက ငိုရှိုက်သံဖြင့် ပြောလေရာ ကျွန်တော် အတော်ပင် စိတ်မကောင်းဖြစ်သွားမိသည်။

ခင်စိန်သည် ကျွန်တော့်ညီမအရင်းဖြစ်သည်။ ကျွန်တော်တို့မှာ ဒီအစ်ကို၊ ဒီညီမ နှစ်ယောက်တည်းသာ ရှိလေရာ တစ်ယောက်နှင့်တစ်ယောက် လွန်စွာမှ ချစ်ကြသည်။

ညီမလေး ခင်စိန်သည် သပြေပင်ရွာသားနှင့် အိမ်ထောင်ကျပြီး ကျွန်တော်တို့ရွာတွင်ပင် အိမ်ခွဲ၍ နေထိုင်ကြသည်။ ခင်စိန့်ယောကျ်ားဖြစ်သူမှာ လူရည်လည်သဖြင့် စီးပွားရေးမှာ တအားပင် တိုးတက်ကောင်းမွန်လာပေသည်။ ခင်စိန်ကလည်း "စီးတဲ့ ရေ ဆည်တဲ့ ကန်သင်း" ဆိုသကဲ့သို့ စည်းစနစ်ကျနစွာဖြင့် သိမ်းဆည်းတတ်လေရာ ကျွန်တော်တို့ရွာတွင်မတော့ သူတို့ သူဌေးပေါက်စများ ဖြစ်သည်။

ခင်စိန်တို့မှာ စီးပွားရေး တိုးတက်လာသော်လည်း အိမ်ထောင်သက် ၃နှစ်ရှိသည့်တိုင် သားသမီးရတနာ မထွန်းကားခဲ့ပေ။ သို့သော် ၅နှစ်မြောက်မှာတော့ ခင်စိန် ကိုယ်ဝန်ရှိလာသည်။ ထိုကိုယ်ဝန်ရှိလာခြင်းကပင် ကြမ္မာဆိုးတို့ကို ခေါ်လာခဲ့လေသလား။ သို့မဟုတ် ကြမ္မာဆိုးတို့ကြောင့်ပင် ထိုကိုယ်ဝန်တည်လာခြင်းလားကိုတော့ မပြောတတ်ပေ။

တစ်နေ့တွင် သတင်းဆိုးတစ်ခု ကျွန်တော်တို့ရွာကို ရောက်လာခဲ့သည်။ ထိုသတင်းကား ခင်စိန့်ယောကျ်ားဖြစ်သူ မောင်တင်ဝင်း မြို့မှာ ကားတိုက်ခံရသဖြင့် ဆုံးသွားပြီဆိုသော သတင်းပင်ဖြစ်သည်။ ထိုသတင်းကြောင့် တစ်ရွာလုံး စိတ်မကောင်းဖြစ်ကြရသည်။ ခင်စိန့်မှာတော့ ပဏ္ဍာမြေလူးပင်။ ကျွန်တော်လည်း ညီမလေး ခင်စိန်အဖြစ်ကို ကြည့်၍ ကြေကွဲဝမ်းနည်းရသည်။

သို့သော်လည်း ဒီအချိန်မှာ ညီမလေးရှေ့မှာ မားမားမတ်မတ် ရပ်ရန်လိုအပ်နေသဖြင့် အပူရှပ်ကို ထိန်းသိမ်းရင်း ညီမလေးကို နှစ်သိမ့်အားပေးကာ မောင်တင်ဝင်း အသုဘကိစ္စကို ကျွန်တော်ပင် ဦးစီးဦးရွက်ပြု ဆောင်ရွက်ခဲ့ရသည်။ ထိုအချိန်ဝယ် ညီမလေး ခင်စိန်၏ ကိုယ်ဝန်မှာလည်း ခုနစ်လခန့် ရှိနေပြီဖြစ်လေရာ ခင်စိန့် ကျန်းမာရေးကိုလည်း သူမအား သတိပေးလျက် ဂရုစိုက်နေကြရသည်။

မောင်တင်ဝင်း၏ အသုဘကိစ္စ ပြီးဆုံးသွားသောအခါ တစ်ယောက်တည်း ကျန်ခဲ့သော ခင်စိန်၊ အားမငယ်စေရန် ကျွန်တော့်မိန်းမအား ခင်စိန်နှင့် သွားနေစေသည်။ ကျန်ဆွေမျိုးသားချင်းများကလည်း ညဘက်တွင် လာအိပ်၍ စောင့်ရှောက်ပေးကြပါသည်။ ကျွန်တော်ကတော့ နေ့လယ်နေ့ခင်း အားလပ်သည့်အချိန်ဝယ် ညီမ အားမငယ်စေရန် သွားနေပေးပါသည်။

ခင်စိန်တို့မှာ ပြင်ပ စီးပွားရေး လုပ်ငန်းကိုသာ လုပ်ကိုင်၍ လယ်မလုပ်သောကြောင့် မောင်တင်ဝင်း ဆုံးသွားသော်လည်း လယ်ကိစ္စ ပူစရာ မရှိပေ။ မောင်တင်ဝင်း ဆုံးသွားစဉ် ရစရာရှိသော ကြွေးမြီများမှာလည်း အလိုက်တသိဖြင့် လာပေးကြသူများ ရှိသလို



www.burmeseclassic.com

www.burmeseclassic.com

လိုက်တောင်း၍ ရသည်များကြောင့်လည်း အဆုံးအရှုံးမရှိပေ။

သို့နှင့် မောင်တင်ဝင်း ဆုံးပြီး သုံးလခန့်အကြာ၊ မှတ်မှတ်ရရပြောရလျှင် တပို့တွဲလကွယ်နေ့ညတွင် ဖြစ်သည်။

ကျွန်တော်သည် အိမ်တွင်ကလေးများနှင့် အတူအိပ်နေသည်။ ၁၁နာရီခန့်တွင်···

"ကိုစိုးကြည်···ကိုစိုးကြည်"

အိမ်ရှေ့မှ ခေါ်သံကြောင့် ကျွန်တော် အိပ်ရာမှ နိုးလာပြီး အသံကို နားထောင်နေလိုက်သည်။

"ကိုစိုးကြည်···ထပါဦးတော်"

ကျွန်တော့်မိန်းမ မလှညွန့်၏ အသံဖြစ်သည်။ သူမအသံက အရေးတကြီးနိုင်လှသည်မို့ ကျွန်တော် အိပ်ရာမှ ကမန်းကတန်းထလိုက်ကာ အိမ်ရှေ့တံခါးကို ဖွင့်လိုက်သည်။ ညီမလေး ခင်စိန်အား စိုးရိမ်စိတ်ကြောင့် မီးခွက်ပင် မထွန်းအား။

"ခင်စိန် ဗိုက်နာနေတယ်။ အခြေအနေမကောင်းဘူး။ တော့်ကိုပဲ မေးနေလို့ လာခေါ်တာ"

မလှညွန့်က အခြေအနေကို ခပ်တိုတိုပြောပြသည်။ အခြေအနေမကောင်းဘူးဆိုတဲ့ စကားကြောင့် ကျွန်တော် အိပ်လေ့ကားမှ မဆင်းတော့ဘဲ အိမ်အောက်သို့ ခုန်ဆင်းပြီး ခင်စိန်တို့အိမ်သို့ ပြေးသွားလိုက်သည်။ မလှညွန့်ကလည်း နောက်မှ အပြေးလိုက်လာသည်။

ခင်စိန် အိမ်ရောက်တော့ မီးနေခန်းထဲ ယောက်ျား မဝင်ရမှန်းကို သိသော်လည်း စိုးရိမ်စိတ်ကြောင့် ကျွန်တော်ဝင်သွားမိသည်။ ညီမလေးက ဖျာပေါ်ဝယ် ပက်လက်အနေအထားဖြင့် အသက်ကို ခက်ခဲစွာ ရှူနေရသည်။ လက်သည်ဖြစ်သော အရီးမြက မျက်နှာမကောင်းစွာဖြင့် ဘေးမှာ ထိုင်နေသည်။ ထို့အပြင် ခင်စိန့်အိမ်နီးချင်းများဖြစ်ကြသော အစ်မ သန်းညွန့်နှင့် အစ်မ မြရီတို့ကလည်း မျက်ဝန်းမှာ မျက်ရည်များ စို့လျက် ငြိမ်သက်စွာ ထိုင်ရင်း ခင်စိန့်ကို ကြည့်နေကြသည်။

ကျွန်တော် ခင်စိန့်လက်ကို ဆုပ်ကိုင်လိုက်ပြီး···

"ညီမလေး ခင်စိန်၊ အစ်ကို ရောက်လာပြီလေ။ ညီမလေး အားတင်းထား။ အစ်ကို ဆေးရုံပို့ပေးမယ်။ အားတင်းထားနော် ညီမလေး"

ဟု ပြောလိုက်ရာ ခင်စိန်သည် မှိတ်ထားသော မျက်လုံးကို အသာအယာဖွင့်လိုက်ပြီး···

"အစ်ကို··· ညီမ သွားတော့မယ်။ မနေရတော့ဘူး။ ဒီအိမ်နဲ့ ဒီဝင်းကို အစ်ကိုယူလိုက်ပါ"

"ဟာ··· ညီမလေး၊ ဘာစကားတွေ ပြောနေတာလဲ။ အားတင်းထားစမ်း။ ညီမလေး မသေစေရဘူး။ အစ်ကို ဆေးရုံပို့ပြီး ညီမ အသက်ချမ်းသာရာရအောင် လုပ်မယ်"

ကျွန်တော့်အသံက ဝမ်းနည်းစိတ်ကြောင့် တုန်နေသလို၊ ကျွန်သောသူ၏ မျက်နှာများမှာလည်း မျက်ရည်ကြောင်းတို့ ကျဆင်းလျက်ရှိသည်။

"မပို့ပါနဲ့ အစ်ကိုရယ်။ မရတော့ဘူး။ ညီမကိုယ် ညီမ သိပါတယ်။ ညီမ ပြောနေတာကို နားထောင်ပေးပါနော်"

ခင်စိန့်အသံမှာ အတော်ပင် တိုးသည်မို့ မနည်းအားစိုက် နားထောင်နေရသည်။

"ကျွန်မ ပစ္စည်းတွေကို ထုခွဲပြီး ကျွန်မတူလေးတွေကို ရှင်ပြုပေးပါနော်။ ကျွန်မ ပစ္စည်းတွေက ဟို···"

ခင်စိန့်အသံ ရပ်သွားခဲ့သည်။ ထို့အတူ နှလုံးခုန်သံသည်လည်း ရပ်သွားကာ၊ ခန္ဓာကိုယ်မှာ လှုပ်ရှားမှု လုံးဝ ကင်းမဲ့သွားသည်။

"ခင်စိန်···ညီမလေး"

ကျွန်တော့်အသံက ညဥ့်နက်သန်းခေါင်တွင် ကျယ်လောင်စွာ ထွက်ပေါ်လာသကဲ့သို့၊ အနားဝယ် ရှိနေသော မိန်းမသားများ၏ ငိုရှိုက်သံတို့ကလည်း ပတ်ဝန်းကျင်ကို လှုပ်နှိုးလိုက်သလို ဖြစ်သွားသည်။

ပရိဒေဝ သောကမီးက ကျွန်တော့်အား ဖိစီး ပူလောင်စေသော်လည်း ညီမလေး ရုပ်ကလာပ် မြေကျရေးနှင့် ရက်လည် ဆွမ်းသွတ်နိုင်ရေးအတွက် ရပ်ရွာ၏ အကူအညီဖြင့် ကျွန်တော်ပင် ဦးစီးခေါင်းဆောင်ပြု၍ ကောင်းမွန်စွာပင် ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်ခဲ့သည်။

ညီမလေး ခင်စိန် သေဆုံးပြီးနောက် ဆွေမျိုးသားချင်းများနှင့်အတူ အိမ်အတွင်း စစ်ဆေးရှာဖွေရာ ဗီရိုအတွင်းမှ ငွေသား နှစ်သိန်းကျော်ကို တွေ့ရှိရလေရာ၊ ခင်စိန့်ရှာပနအတွက် ထိုငွေများကိုပင် အသုံးချလိုက်သည်။

ကျွန်တော်တို့ ထင်ထားသည်မှာ ခင်စိန်တို့မှာ ပစ္စည်းအတော်အတန်ရှိလိမ့်မည်ဟု ထင်ထားကြသည်။ သို့သော် လက်တွေ့တွင် ထိုငွေသား နှစ်သိန်းကျော်ကိုသာ တွေ့ရသဖြင့် ကျွန်တော်နှင့်အတူ ဆွေမျိုးသားချင်းများအပါအဝင် ရွာသားအားလုံးက အံ့ဩနေကြသည်။

ခင်စိန့်ရှာပနမှာ သူ့ငွေကို အသုံးပြုလိုက်သော်လည်း ကျွန်ုပ်ငွေကို လက်မခံခဲ့ပေ။ အိမ်နှင့် ဝင်းမှအပ၊ လှူလို့ရသော ပစ္စည်းမှန်သမျှကို ရွာကျောင်းဆရာတော်နှင့်တကွ ချို့တဲ့ နွမ်းပါးသူများအား ပေးလှူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

အိမ်နှင့် ဝင်းကိုတော့ ကျွန်တော်လည်း သွားမနေ။ ရောင်းလည်းမရောင်း။ မည်သူ့ကိုမျှ နေထိုင်ခွင့် မပြုဘဲ ညီမလေး ခင်စိန်အမှတ်တရအဖြစ် ထားခဲ့သည်။ ပျက်စီးယိုယွင်းမှု ရှိလျှင် ပြုပြင်သည်။

◈◈◈

"အစ်ကို···ဘာတွေ စဉ်းစားနေတာလဲ"

ခင်စိန်ဟု ဆိုသော မြွေက မေးလာသည့်အတွက်ကြောင့် ရှည်လျားလှသည့်အတွေးတို့ ပြတ်သွားခဲ့ရသည်။

"အဲ···ဟို ဘာမှမဟုတ်ပါဘူး"

ကျွန်တော် ကမန်းကတန်းပြန်ဖြေလိုက်သည်။

"အစ်ကို·· ကျွန်မ ပြောတာကို သေသေချာချာ နားထောင်နော်"

မြွေမက ကျွန်တော့်အား စူးစိုက်ကြည့်ရင်း ပြောလာသည်မို့ ကျွန်တော် သူပြောလာမည့် စကားကို ငြိမ်သက်စွာ နားထောင်နေလိုက်သည်။

"ကျွန်မအိမ်ရဲ့ တောင်ဘက်မှာ မချစ်စုပင် ရှိတယ်လေ။ အစ်ကိုသိတယ်မဟုတ်လား"

"အင်း·အဲဒီ မချစ်စုပင်အောက် တောင်ဘက်အခြမ်းမှာ အစ်ကိုတူးပါ။ အဲဒီမှာ ကျွန်မပစ္စည်းတွေ မြှုပ်ထားတယ်။ အဲဒီပစ္စည်းတွေကို အစ်ကိုတူးယူပြီး ထုခွဲရောင်းချလိုက်ပါ။ ပြီးရင် အစ်ကို့အကြွေးတွေဆပ်လိုက်ပါ။ ကျွန်မတူကလေးနှစ်ယောက်ကိုလည်း ရှင်ပြုပေးပါ။ သူတို့ရှင်ပြုလို့ ရေစက်ချရင် ကျွန်မကို အမျှဝေပေးပါနော်။ ကျွန်မ ဒီဘဝက လွတ်ချင်လှပါပြီ"

"စိတ်ချပါ ညီမလေးရယ်။ အစ်ကို လုပ်ပေးပါ့မယ်ကွယ်။ စိတ်ချနော် ညီမ"

◈◈◈

"ကိုခင်ကြိုင် · · ·ကိုခင်ကြိုင်၊ ဘာတွေ ပြောနေတာလဲ။ ရှင် အိပ်မက်မက်ပြီး ယောင်နေတာနဲ့ တူပါတယ်"

ကျွန်တော့်ခန္ဓာကိုယ် လှုပ်ခါသွားသည်မို့ မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်တော့်မိန်းမ မလှညွှန့်ကို တွေ့လိုက်ရသည်။

"ဘာတွေ ပြောနေတာလဲ။ အိပ်မက် မက်ပြီး ယောင်နေတာထင်တယ် ဟုတ်လား"

မလှညွှန့်၏ အမေးကို တော်တော်နှင့် မဖြေနိုင်သေးဘဲ ကျွန်တော့် အိပ်မက်အကြောင်း ပြန်တွေးနေမိသည်။

"ဟောတော့···တော့်နှယ်၊ ဘာဖြစ်နေတာလဲ မသိဘူး။ မေးနေတာလည်း မဖြေဘူး ကိုခင်ကြိုင်"

မိန်းမက စိတ်မရှည်စွာဖြင့် အော်လိုက်တော့မှ ကျွန်တော့်အတွေးတို့ ရပ်သွားပြီး···

"ဟေး···ဘာလဲဟ"

"တော် · · · အိပ်မက်မက်ပြီး ယောင်နေတာလားလို့ မေးနေတာ"

"အေးဟ၊ ငါ အိပ်မက်မက်နေတာ"

ထို့နောက် ပစ္စည်းမြှုပ်နှံထားတာကို တူးဖော်ရန်အကြောင်းမှ လွဲ၍ အိပ်မက်အကြောင်း မလှညွှန့်ကို ပြန်ပြောလိုက်သည်။

"အေးဟာ၊ ခင်စိန့်အဖြစ်ကို သိရတာ တော်တော်စိတ်မကောင်းလိုက်တာ"

"သြော် · · · ကိုခင်ကြိုင်ရယ်၊ အိပ်မက်ဆိုတာ တကယ်ဟုတ်ချင်မှလည်း ဟုတ်မှာပါတော်။ ဒီလောက်လည်း စိတ်စွဲမနေပါနဲ့။ ကဲ - ထတော့၊ မိုးလင်းနေပြီ"

နိုး၍သာ ထလိုက်ရသော်လည်း





www.burmeseclassic.com

www.burmeseclassic.com

မက်ခဲ့သော အိပ်မက်က စိတ်ထဲ စွဲနေသည်။

"အင်း… ဟုတ်သော်ရှိ မဟုတ်သော်ရှိ အိပ်မက်ထဲက အတိုင်း လုပ်ကြည့်ရမှာပဲ"

ကျွန်တော် မျက်နှာသစ်ပြီး နောက် လုပ်ဖွယ်ရှိရာတို့ကို လုပ်ကိုင်ရန် အိမ်ပေါ်မှ ဆင်းလာခဲ့တော့သည်။

◈◈◈

"ဒုတ်…ဒုတ်…ဒုတ်"

ကျွန်တော် မြေကြီးကို အသာဖွ၍ ပေါက်လိုက်သည်။ မြေကြီးနှင့် ပေါက်တူးထိသံက တိုးညင်းစွာ ထွက်ပေါ်လာသည်။ ကျွန်တော် တူးနေသည့် နေရာသည် ခင်စိန့်ခြံထဲတွင် ဖြစ်ပြီး အိမ်၏ တောင်ဘက်ရှိ မချစ်ရပင် အောက်တွင် ဖြစ်လေရာ၊ ထိုနေရာသည် အိမ်နှင့် အလှမ်းကွာသည့်အပြင် ကွင်းဘက်အခြမ်းတွင် ရှိသဖြင့် ကျွန်တော့်အား အထောက်အပံ့များစွာ ဖြစ်စေသည်။

"ဒုတ်…ဒုတ်…ဒုတ်"

ကျွန်တော် မြေကြီးကို ဂရုတစိုက်နှင့် ဆက်တူးလိုက်သည်။ နှစ်ပေ သုံးပေခန့်အရောက်တွင် ပေါက်တူးသည် အမာခံတစ်ခုအား ပေါက်မိသွားသဖြင့် ပေါက်တူးကို ချ၍ လက်ဖြင့် ယက်ကြည့်လိုက်ရာ အုတ်နီခဲကို စမ်းမိသောကြောင့် ခါး၌ ထိုးထားသည့် လက်နှိပ်ဓာတ်မီးကို ဖြုတ်ယူလိုက်ပြီး လက်ဖြင့် အုပ်၍ ထိုးကြည့်လိုက်သည်။ အုတ်နီခဲသုံးလုံး တန်းစီပြီး ခင်းထားသဖြင့် အသာမ၍ ဖယ်ရှားလိုက်သည်။ ထိုအုတ်နီခဲများမှာ အပေါ်မှ အမိုးများကဲ့သို့ ပြုလုပ်ထားခြင်းဖြစ်ပြီး ဘေးမှလည်း အုတ်နီခဲများဖြင့်ပင် ကာရံထားပြီး အလယ်တွင် စဉ့်အိုးလေးတစ်လုံးကို တွေ့ရ၍ ထုတ်ယူလိုက်သည်။ တူးထားသဖြင့် ကျင်းဖြစ်နေသော နေရာအား မြေပြန်ဖို့ထားလိုက်ပြီး အိုးကို ယူ၍ အိမ်သို့ ပြန်လာခဲ့သည်။

အိမ်ရောက်တော့ မလှညွန့်ကို နှိုးပြီး မီးထွန်းကာ၊ ကျွန်တော်ယူလာသောအိုးကို ကြည့်လိုက်ရာ အဝတ်စဖြင့် သေသေချာချာချည်နှောင်၍ ပိတ်ထားသဖြင့် အိုးအဖုံးကို ဖွင့်လိုက်သော အခါ လက်ဝတ်ရတနာများကို တွေ့ရလေသည်။

"ဟာ… ကိုခင်ကြိုင်၊ ရှင် မတော်မတရားတွေ လုပ်လာတာလား"

ဟု အထိတ်တလန့် မေးလေသည်။ သူ့စိတ်ထဲတွင် ကျွန်တော် ဓားပြတိုက်လာသည်ဟု ထင်နေပုံရသည်။

"ဟဲ့ - တိုးတိုးပြောစမ်းပါ မလှညွန့်ရာ။ နင့်ကို ခင်စိန်နဲ့ ပတ်သက်ပြီး မက်တဲ့ အိပ်မက်အကြောင်းကို ငါပြောခဲ့တယ်မဟုတ်လား"

"ဟုတ်တယ်လေ၊ အဲဒါ ဘာဖြစ်လဲ"

"အဲဒီတုန်းက ဒီကိစ္စကို ငါ ထည့်မပြောခဲ့ဘူး။ တော်ကြာ နင့်ပါးစပ် မလုံရင် ဒုက္ခရောက်မှာစိုးလို့ဟ။ အဲဒီ အိပ်မက်ထဲမှာ ခင်စိန်က သူ့ပစ္စည်းတွေ မြှုပ်ခဲ့တဲ့ နေရာကိုပါ ပြောခဲ့တာဟ"

"ဟုတ်ရဲ့လားတော်။ တော်ကြာ ဒုက္ခရောက်နေပါဦးမယ်"

မလှညွန့်က မယုံသင်္ကာ စကားဆိုလာသည်မို့ ကျွန်တော် စိတ်တိုသွားပြီး…

"မယုံရင်လည်း ခင်စိန့်အိမ် တောင်ဘက်က မချစ်ရပင်အောက်မှာ သွားကြည့်ဟာ"

"ယုံပါတယ်တော်။ ကျုပ်က ရှင့်ကို စိုးရိမ်လို့ပါ။ ဒါကြောင့် ခင်စိန်သေတော့ ပစ္စည်းတွေ ရှာမတွေ့ခဲ့တာကိုး"

"အေးဟ၊ ဘာပဲဖြစ်ဖြစ် သူ့ဆန္ဒအတိုင်း တို့သားတွေကိုလည်း ရှင်ပြုပေးရမယ်"

"လုပ်ရမှာပေါ့ရှင်။ သူ့တူတွေကို သူက အရမ်းချစ်တာ မဟုတ်လား။ သူ့ဆန္ဒလည်း ပြည့်ဝ၊ သူလည်း ကုသိုလ်ရအောင် လုပ်ရမှာပေါ့တော်"

သို့နှင့်ပင် နွေရာသီ စပါးသိမ်းတော့ ကျွန်တော့်သားနှစ်ယောက်အား ခမ်းနားကြီးကျယ်စွာ ရှင်ပြုပေးနိုင်ခဲ့သည်။ ထို့အပြင် ခရမ်းချဉ် ရှုံးသဖြင့် တင်နေခဲ့သော အကြွေးများကိုလည်း ကျွန်တော် ကျေလည်အောင် ဆပ်နိုင်ခဲ့သည်။ ခင်စိန့်ကိုလည်း အမျှအတန်းပေးဝေခဲ့သည်။

ရွာသူ ရွာသားတို့မှာလည်း ကျွန်တော်နှင့် ခင်စိန်တို့အကြောင်းကို အံ့သြနေကြသည်။

ကျွန်တော့်အဖြစ်ကလည်း "လူမစွမ်း နတ်မ"ဟု ဆိုရမည်ထက်၊ "လူမစွမ်း မြွေ"ဟု ဆိုရမလိုဖြစ်နေသည်။

ဘာပဲဖြစ်ဖြစ်၊ မြွေတစ်ဖြစ်လဲ ညီမလေး ခင်စိန်ကတော့ တမလွန်ဘဝမှ ကျွန်တော်၏ ကျေးဇူးရှင်ဖြစ်သည်ဆိုသည်ကိုတော့ ကျွန်တော့် နှလုံးသားဝယ် ထာဝရ မှတ်တမ်းတင်ထားလိုက်ပါတော့သည် ■

* * *

မောင်မေတ္တာ(ရွှေဟသာ)



www.burmeseclassic.com

www.burmeseclassic.com

# ဘုတော်ကောင်းတို့ နှလုံးသား

ပေါ်မြို့(ရေး)



www.burmeseclassic.com

www.burmeseclassic.com

သူ့အမည်ကား "သံကိစ္စ"ဟု ခေါ်တွင်စေ၏။

သာဝတ္ထိပြည်ရှိ သူကြွယ်ကြီးတစ်ဦး၏ ဇနီး ကိုယ်ဝန် အရင့်အမာနှင့် မီးမဖွားနိုင်ဘဲ ကွယ်လွန်ရှာပြီ၊ ထုံးစံအတိုင်း ဒီနေ့ အလောင်းကို မီးသင်္ဂြိုဟ်မည်။ ချမ်းသာကြွယ်ဝသော သူကြွယ်ကြီး၏ အရှိန်အဝါကြောင့် အသုဘပို့သူတွေ များပြားလှပါသည်။

ထူးတော့ အလွန်ထူးပါဘိ။ အလောင်းကို မီးသင်္ဂြိုဟ်ရာ ဝမ်းဗိုက်နေရာကွက်ပြီး မီးမလောင်ချေ။ ဝမ်းဗိုက်ကို စူးဝါးဖြင့် ထိုးဖောက်ရာ ဝမ်းဗိုက်ပေါက်သွားပြီး ကလေးငယ် တစ်ယောက် လွင့်စဉ်ကာ မီးပုံပေါ် ကျသွားစဉ် မီးများ ရေ လောင်းသကဲ့သို့ အလိုအလျောက် ငြိမ်းသွားလေသည်။

ထိုကလေး အမိဝမ်းထဲ၌ ရှိစဉ် စူးဝါးတို့ဖြင့် ထိုး ဖောက်ထားရာ မျက်ခုံးအစွန်းတွင် ဝါးချွန်ထိုးမိ၍ ဒဏ်ရာ တစ်ခုရရှိခဲ့သည်။ မျက်ခုံးမှ ဒဏ်ရာသည် သံချိတ်ကောက် နှင့်သဏ္ဌာန်ကြောင့် သူ့အမည်ကား "သံကိစ္စ"ဟု အမည် သညာခေါ်စရာဖြစ်လာခဲ့သည်။

သံကိစ္စလေးသည် ငယ်စဉ်အခါကတည်းက သံသရာ ၏ ဆိုးကျိုးကို သိသဖြင့် ဖခင်ဖြစ်သော သူကြွယ်ကြီးထံ ခွင့်ပန်ကာ မြတ်စွာဘုရား၏ လက်ယာတော်ရံ အဂ္ဂမဟာ သာဝကကြီးဖြစ်သော အရှင်သာရိပုတ္တရာထံတွင် ရှင်သာ မဏေဝတ်၍ သာသနာ့ဘောင်သို့ ရောက်ရှိလာသည်။

ရှင်သံကိစ္စသည် သံသရာအဆက်ဆက်က ကောင်းမှု ကျင့်ကြံအားကြောင့် လည်းကောင်း၊ ယခုဘဝ ခန္ဓာပဋိစ္စ သမုပ္ပာဒ်ကို အလေးထား ကျင့်ကြံပွားများသောကြောင့် ခုနစ်နှစ်သားအရွယ်တွင် ရဟန္တာဖြစ်ခဲ့ရသည်။

တောကြီးသည် တိတ်ဆိတ်ငြိမ်သက်လှ၏။ ထိုတော ကြီးအတွင်း အရှင်သံကိစ္စအပါအဝင် ရဟန်းအပါး ၃၀ တို့ တရားဘာဝနာ ပွားများကျင့်ကြံနေကြသည်။ သို့ရာတွင် ဆိုနေရာ၌ ကန္တာရ ရာဇာခေါ် သူပုန်စားပြကြီး မီတင်းနေ ထိုင် ကျက်စားရာ နယ်မြေလည်း ဖြစ်သည်။ တစ်နေ့သော် ရဟန်းတို့ စောင့်ရှောက် ကျွေးမွေးထားသော လူကို ကန္တာရ ရာဇာက ဖမ်းမိသွားပြီး သူယုတ်တို့ အားကိုးအားထားပြုရာ ယင်ပူဇော်ခြင်းအလုပ်ကို ပြုရန် စီစဉ်စေသည်။ ထိုသူကား မိမိအသက်အန္တရာယ်မှ လွတ်စေရန် ရဟန်းတို့ ကျွေးမွေး စောင့်ရှောက်ခဲ့သော ကျေးဇူးကို မစောင့်တော့ချေ။

"အသင်တို့…ယင်ပူဇော်ရန် လူအစားရလျှင် ကျွန်ုပ် ကို လွှတ်ပေးမည်လော"

"ယင်ပူဇော်ရန် လူစားရလျှင် သင့်ကို လွှတ်ပေးမည်"

"ဒါဆိုရင် ကျွန်ုပ်နောက် လိုက်ခဲ့ပါ"

ဟု ဆိုပြီး ရဟန်းတို့ တရားကျင့်ကြံပွားများရာ နေရာ ကို လိုက်ပြလေသည်။

ထိုအခါ လူဆိုးဗိုလ်သည် ရဟန်းတို့ထံ သွားပြီး…

"အသင်ရဟန်းတို့… ငါတို့သည် တောစောင့်နတ်၊ တောင်စောင့်နတ်တို့ကို ယင်ပူဇော်ရန် ရဟန်းတစ်ပါးအလို ရှိသည်"

ဟု ပြောလေသည်။

သို့ရာတွင် သူတော်ကောင်းတရား ပွားများနေကြသော ရဟန်းတို့သည် သေရမည်ကို အနည်းငယ်မှ မကြောက်ချေ။ သူ့ထက်ငါ အလုအယက် ယင်ပူဇော်ခံရန် တောင်းဆိုနေ သည်ကို ခိုးသားကြီး၏ စိတ်ထဲတွင် ဤရဟန်းတို့သည် သေရမည်ကို သိလျက်နှင့် မကြောက်မရွံ့ ယင်ပူဇော်ခံရန် တောင်းဆိုနေကြပါတကားဟု အံ့ဩမိလေသည်။

ထိုစဉ် ခုနစ်နှစ်သားအရွယ် ရဟန္တာဖြစ်သော အရှင်သံ ကိစ္စက ရဟန်းတို့အား …

"အရှင်ဘုရားတို့… ဤအမှုကို ဘုရားတပည့်တော် တာဝန်ယူပါရစေ ဘုရား"

ဟု ရဟန်းအပေါင်းတို့ကို လျှောက်ထားသော် ရဟန်း တို့က ခွင့်မပြုချေ။

"ဟဲ့…သာမဏေငယ်၊ ကိုယ့်နေရာ ကိုယ်နေစမ်း။ ဒီကိစ္စက သင့်အရေးကိစ္စမဟုတ်ဘူး။ သင့်မှာ အရှင်သာရီ ပုတ္တရာအရှင်ကြီးကို အလုပ်အကျွေးပြုရန် အချိန်များစွာ ကျန်သေးတယ်။ ခိုးသားကြီးတို့ တောင်းဆိုနေတာ သင့်ကို မဟုတ်၊ ရဟန်းတစ်ပါးပါးကိုသာ ယင်ပူဇော်ရန်အတွက် တောင်းနေခြင်းဖြစ်တယ်"

သံကိစ္စ သာမဏေက…

"အရှင်မြတ်တို့ဘုရား… တပည့်တော်ကို ဤတော အတွင်း တရားကျင့်ကြံပွားများရန် အရှင်ဘုရားတို့နှင့်အတူ တပည့်တော်ကို အရှင်သာရိပုတ္တရာအရှင်မြတ်ကြီးက ထည့် ပေးလိုက်ခြင်းဖြစ်သည်။ ဤအရေးကိစ္စကို ကြိုတင်သိနေ၍ ထည့်လိုက်ခြင်းသာ ဖြစ်ကောင်း ဖြစ်မည်။ ဒါကြောင့် ဘုရား တပည့်တော် တောင်းဆိုတာကို မပယ်ရှားကြပါနဲ့ ဘုရား"

ဤကဲ့သို့ ခုနစ်နှစ်သားအရွယ် သာမဏေငယ်လေး ခေါင်းဖြတ် ယင်ပူဇော်ခံရန် ရဲရဲဝံ့ဝံ့ တောင်းဆိုနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



ခိုးသားများသည် အံ့ဩတွေဝေကုန်၏။

"ဒီကိုရင် ဇက်ဖြတ် ယင်ပူဇော်ခံရမှာကို ဘာမှတ်နေလဲကွ"

"ကဲ - ခိုးသူကြီးတို့သဘောအတိုင်း ကျွန်ုပ်ကို စီရင်ပါ"

"ဒါဆိုရင်လည်း ကိုရင် ဆန္ဒပြည့်ဝအောင် ဖြည့်ဆည်းပေးပါ့မယ်"

ဟု ဆိုပြီး အရှင်သံကိစ္စအား ကြိုးတုတ် ခေါ်ဆောင်လာခဲ့သည်။

အရှင်သံကိစ္စလည်း မည်သို့မျှ မပြောဘဲ ခိုးသူတို့ ခေါ်ဆောင်ရာသို့ မကြောက်မလန့် မတုန်လှုပ်ဘဲ ရဲဝံ့စွာ လိုက်ခဲ့သည်။

သူတော်ကောင်းတို့အသွင်သဏ္ဍာန်သည် သာမန်လူတို့နှင့် မတူ၊ လွန်စွာ ကွဲလွဲသည်။ အရှင်သံကိစ္စသည် မိမိ သေရမည်ကို သိပါလျက် လုံးဝ တုန်လှုပ်ခြင်း မရှိဘဲ မိမိ တရားကိုသာ ကျင့်ကြံပွားများနေသည်။

ထို့နောက် ခိုးသားတစ်ယောက်သည် ယင်ပူဇော်ရန် အရှင်သံကိစ္စ၏ လည်ကုပ်ပေါ်သို့ အသွားပြည့်ပြည့် ထက်လှစွာသော ဓားဖြင့် ခုတ်ချလိုက်လေသည်။

"ဟာ…"

"ဟင်…"

ခိုးသူတို့ အံ့ဩတွေဝေသွားကြသည်။ အကြောင်းမှာ ဓားသည် သံကိစ္စ၏ လည်ကုပ်ကို မပြတ်သည့်အပြင် မီးဝင်းဝင်းတောက်သွားသောကြောင့်ဖြစ်သည်။ ခိုးသားများသည် မကျေနပ်ကြဘဲ အရှင်သံကိစ္စ၏ လည်ကုပ်အား ဆင့်ကာဆင့်ကာ အဆက်မပြတ် ခုတ်ချပါတော့သည်။

"အို…"

ယင်ပူဇော်ရန် ခိုးသားအပေါင်းတို့ အလွန်အံ့ဩကုန်ကြသည်။

အရှင်သံကိစ္စသည် တရားကျင့်ကြံ ပွားများနေသော အနေအထားပင် မပျက်ချေ။ မိမိအလုပ် တရားကိုသာ အာရုံစူးစိုက် ကျင့်ကြံပွားများနေသည်။

ထိုအခါ ခိုးသားခေါင်းဆောင်သည် ဒေါသကြီးစွာထွက်ပြီး ဓားကို ဆွဲယူ၍ ကိုယ်တိုင်ဝင်ခုတ်ရာ မီးဝင်းဝင်းတောက်၍ ဓားအသွားတို့ ပဲ့ကြွေ ကျိုးပြတ်ကုန်တော့သည်။

ခိုးသားအပေါင်းတို့ အလွန်တုန်လှုပ်ကုန်၏။ ဤကဲ့သို့ အဖြစ်မျိုးကို သူတို့ တစ်ကြိမ်တစ်ခါမျှ မကြုံဘူးချေ။

"ဘုရား…ဘုရား… ငါ သူတော်ကောင်းတို့ ဖြစ်မှားမိချေပြီ။ ငါတို့သည် ယခုဘဝတွင်သာမက၊ နောင်သံသရာ အဆက်ဆက် ဆင်းရဲခြင်းဒုက္ခ ငရဲသားဘဝကို ရောက်ချေပြီ"

ဟု ဆိုကာ လက်ထဲတွင် ကိုင်ထားသော ဓားကို အဝေးသို့ လွှတ်ပစ်လိုက်ပြီး သံကိစ္စကို ရိုသေစွာ ထိုင်ကန်တော့၍ တောင်းပန်လေတော့၏။

ထို့နောက် မြတ်စွာဘုရားရှေ့မှောက်သို့ သွားပြီး တရားတော်ကို နာကြားကြကုန်၏။ ခိုးသားများသည် သံသရာကို ကြောက်ရွံ့ပြီး ရဟန်းဘဝသို့ ကူးပြောင်းကုန်ကြ၏။ မြတ်စွာဘုရား၏ တရားအဆုံးတွင် ခိုးသား ရဟန်းတို့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်ကြကုန်၏ ■

* * *

ဓမ္မလွှင်ဦး(ရေး)

ကျမ်းကိုး ။ ။ ဓမ္မပဒ

www.burmeseclassic.com

( ၂၀၁၄ ခုနှစ်၊ ဇူလိုင်လ )

# ၁၂-ရာသီခွင်နှင့် သင့်ကံတရား

တက္ကသိုလ် စိုးမိုးနိုင်

**မိဿရာသီ**



**ARIES**

( မတ်လ (၂၁) ရက်မှ ဧပြီလ (၂၀) ရက်အတွင်း )

ရွှေခင်းသောလမ်း၊ ငွေခင်းသောလမ်းမှာ လျှောက်လှမ်းခွင့်ရမည့်ကာလ။ မာနအရောင်များ တပြောင်ပြောင် ဝင့်ကြွားနေခြင်းကြောင့် မနာလိုသူ၊ ရန်လိုသူ ကြုံလိမ့်မည်။ ဖွတ်တရွတ်၊ ဆန္ဒစောကာ ဆောင်ရွက်ရင်များယွင်းမှု ကြုံရတတ်သည်ကို သတိပြု ဆင်ခြင်ပါ။ ပြဿနာပုစ္ဆာအချို့ ရှိနေသော်လည်း ခေါင်းအေးအေးထား ဖြေရှင်းလျှင် အားလုံး အဆင်ပြေသွားပါလိမ့်မည်။ လတ်တလော ဆောင်ရွက်နေသည့်ကိစ္စကို သေချာသားသမီးမှ ကူညီပါလိမ့်မည်။ ကျန်းမာရေးညံ့တတ်သော ကာလဖြစ်၍ ညအိပ်ပျက်ခံရန် အကြံပေးချင်ပါသည်။ ချစ်သူ၏ အထင်လွဲမှုများမှတစ်ခုကို ဖြေရှင်းရလိမ့်မည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၇)အဆုံး၊ (၄)အစ (၂)အဆုံး။

**ယတြာ** - အောင်သင့် အောင်ထိုက်သော မင်္ဂလာများ အောင်မြင်ပြည့်ဝစေရန် အိမ်ရှိဘုရားမှာ ပန်းများများ လှူဒါန်းပါ။ အဓိဋ္ဌာန်ပုတီး သက်စေ့စိပ်ပါ။

**ပြိဿရာသီ**



**TAURUS**

( ဧပြီလ (၂၁) ရက်မှ မေလ (၂၀) ရက်အတွင်း )

ကျည်ပွေ့ အတက်ပေါက်သကဲ့သို့ အောင်မြင်မှုရရှိမည့် ကာလပါ။ စိတ်ရည် သည်းခံကာ ဖွဲ့ရှိနေပေလိမ့်မည်။ ဆင်ခြင်တုံတရားရှိခြင်းကြောင့် လူအများ၏ လေးစားအားကိုး ယုံကြည်မှုကို ခံရလိမ့်မည်။ အကောင်းမြင်၊ အပြုတွေးတတ်သူဖြစ်သည်။ မိတ်ဆွေအသိုင်းအဝိုင်းကျယ်ပြန့်မှု ကြုံရပါလိမ့်မည်။ ကျန်းမာရေးအတွက် အရိပ်အေးအေးမှာ စိတ်အေးအေးဖြင့် အနားယူပါ။ အချစ်ရေးကိစ္စ ရုတ်တရက် ပြောင်းလဲသွားနိုင်သည်။ ချစ်သူနှင့် အငြင်းအခုန်ပြုရတတ်၏။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ဗုဒ္ဓဟူး။

**ရွေးချယ်ရမည့်ဂဏန်း** - (၂)အစ (၈)အဆုံး၊ (၅)အစ (၀)အဆုံး။

**ယတြာ** - မွေးနေ့၌ တစ်နေ့တည်း တန်ခိုးကြီးဘုရားသုံးဆူဖူးပါ။ သွင့်ဆန္ဒများ ပြည့်ဝလာပါလိမ့်မည်။

**မေထုန်ရာသီ**



**GEMINI**

( မေလ (၂၁) ရက်မှ ဇွန်လ (၂၀) ရက်အတွင်း )

ဉာဏ်ထက်၍ ပရိယာယ် ကြွယ်ဝနေမည့် ကာလ။ လောကဓံ၏ ဖိစီးမှုအချို့ကြောင့် ပြဿနာအရှုပ်အထွေးများစွာ ကြုံရတတ်သည်။ မိမိ၏ ဦးတည်ချက်၊ ရည်မှန်းချက်များကို ပြိုင်ဆိုင်သူ၊ နှောင့်ယှက်လိုသူတို့နှင့် ကြုံမည်။ သူခက်ပိုင်ဆိုင်နိုင်ရန်အတွက် အနစ်နာခံလုပ်ဆောင်မှုအချို့ကို လုပ်ဆောင်ရပေလိမ့်မည်။ သင့်ထံသို့ ဦးတည်လာသော အခွင့်ထူးကို လက်လွှတ်မခံသင့်ပေ။ ကျန်းမာရေးကောင်းမွန်လာစေရန် စေတနာရှိသူကို ဝတ်စုံတစ်စုံပေးလှူလိုက်ပါ။ အချစ်အတွက် တွေဝေငေးမောရမည်။ ရင်မခုန်ရသည့်အချစ်နှင့် ကြုံမည်။ အချစ်ရေးညံ့၏။

**ထီထိုးသင့်သောနေ့** - ကြာသပတေး၊ သောကြာ။

**ရွေးချယ်ရမည့်ဂဏန်း** - (၃)အစ (၉)အဆုံး၊ (၈)အစ (၆)အဆုံး။

**ယတြာ** - အိမ်ရှိဘုရားမှာ ရွှက်လှ (၅)ညွှန့်နှင့် အောင်သပြေ၊ ပေါက်ပေါက်ဆွမ်း(၅)ပွဲကပ်လှူပြီး ဆီမီး ဆောက်တည်ပါ။ လာဘ်ရွှင်၊ ငွေဝင်၊ ထီပေါက်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com




## ကရကဋ်ရာသီ

( ဇွန်လ (၂၁) ရက်မှ ဇူလိုင်လ (၂၁) ရက်အတွင်း )

အောင်မြင်ခြင်းမှတ်တိုင် စိုက်ထူခွင့်ရရှိမည့် ကာလ။ ဝီရိယ၊ ဇွဲ၊ သတ္တိ၊ ပညာတို့ကို ပေါင်းစပ်ကာ ကြိုးစားမှုကြောင့် အခက်အခဲ တံတိုင်းကို ကျော်လွှား အောင်မြင်ပေလိမ့်မည်။ ယှဉ်ပြိုင်သူ၊ လုပ်ငန်းတူများကြားမှ မိတ်ဆွေကောင်းတစ်ဦးရှိနေလိမ့်မည်။ ခရီးထွက်လိုသောဆန္ဒ ဖြစ်ထွန်းတတ်သည်။ စာချုပ်စာတမ်း သဘောတူညီချက်တို့အတွက် လက်မှတ်ရေးထိုးခြင်း၊ ကတိ အာမခံပေးရခြင်းတို့ ကြုံရလိမ့်မည်။ ကျန်းမာရေးအနည်းငယ် ချူချာမည်။ အချစ်ရေး သာယာလိုလျှင် အတ္တနှင့် မာနကို လျှော့ပါ။

**ထီးထိုးသင့်သောနေ့** - ဗုဒ္ဓဟူး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၆)အဆုံး၊ (၈)အစ (၇)အဆုံး။
**ယတြာ** - မိမိပတ်ဝန်းကျင်ရှိ ကလေးများကို ပေါက်စီနှင့် နွားနို့ကျွေးမွေး ကုသိုလ် ပြုပါ။




## သိဟ်ရာသီ

( ဇူလိုင်လ (၂၂) ရက်မှ ဩဂုတ်လ (၂၁) ရက်အတွင်း )

လသာခိုက် ဗိုင်းငင်လိုက်သင့်သော ကာလ။ ယနေ့ လုပ်ကိုင်ရမည့်အလုပ်ကို မနက်ဖြန်သို့ မလုပ်ပါနှင့်။ အကောင်းဆုံးဖြစ်စေရန် အစဉ်အမြဲတွေးဆ လုပ်ကိုင်ဆောင်ရွက်နေတတ်သည်။ တရားသေဝါဒကို မနှစ်သက်တတ်ပေ။ မည်သည့်ကိစ္စရပ်ကိုမဆို ယေဘုယျကျကျ လေ့လာဆန်းစစ်ပြီးမှ ယုံကြည်နေလိမ့်မည်။ လုံ့လ ဝီရိယကြောင့် ထူးထူးခြားခြား အောင်မြင်မှု ကြုံမည်။ ရပ်ဝေးရပ်နီး ခရီးထွက်စရာပေါ်မည်။ ကျန်းမာရေးအတွက် စေတနာရှိသူကို ထီးလှူလိုက်ပါ။ အချစ်ကံခေနေသည်။ သဘောထားပြောင်းသည့် ချစ်သူကို သတိထားပါ။

**ထီထိုးသင့်သောနေ့** - တနင်္လာ၊ ဗုဒ္ဓဟူး။
**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၂)အဆုံး၊ (၆)အစ (၇)အဆုံး။
**ယတြာ** - မိတ်ဆွေအပေါင်းအသင်းများကို ခေါက်ဆွဲကြော်နှင့် အအေး ဒါနပြု ကျွေးမွေးပါ။




## ကန်ရာသီ

( ဩဂုတ်လ (၂၂) ရက်မှ စက်တင်ဘာလ (၂၂) ရက်အတွင်း )

ရှုံးလျက် အပြုံးမပျက် နေတတ်ချိန်။ ကံသင့်ပါသည်။ ပြုံးလေးလေးဖြင့် ဒေါင်ကျကျ ပြားကျကျ ရင်ဆိုင်နေမည်။ မည်သည့်ပြဿနာကြုံကြုံ အပြုံးမပျက် နေထိုင်ကြည့်ပါ။ ယုံကြည် ခင်မင်ရသူတစ်ဦး၏ သစ္စာဖောက်မှုကို မမျှော်လင့်ဘဲ ကြုံမည်။ သင့်လက်သင့်ခြေလုပ်မှ အောင်မြင်မှု ကြုံရပေလိမ့်မည်။ ခိုင်မာသည့် ဆုံးဖြတ်ချက်၊ ပြတ်သားသည့် ယုံကြည်ချက်ရှိနေလိမ့်မည်။ ရပ်ဝေးဒေသ ပြည်ပ နိုင်ငံရပ်ခြားခရီးသွားလာမှုကိစ္စက ကောင်းမွန်မည်။ အသက်ရှည်၍ အနာမဲ့စေရန် စိတ်ဓာတ်တက်ကြွ ပျော်ရွှင်စွာ လုပ်ကိုင်နေထိုင်ကြည့်ပါ။ ချစ်သူနှင့်အတူ ဘုရားဖူးရမည်။

**ထီထိုးသင့်သောနေ့** - တနင်္ဂနွေ၊ ကြာသပတေး။
**ရွေးချယ်ရမည့်ဂဏန်း** - (၄)အစ (၃)အဆုံး၊ (၉)အစ (၆)အဆုံး။
**ယတြာ** - သံဃာတော်များ၏ ဂုဏ်တော်ကို အာရုံပြုလျက် ဆွမ်းလောင်းလှူပါ။



www.burmeseclassic.com

www.burmeseclassic.com

## တူရာသီ



LIBRA

( စက်တင်ဘာလ (၂၃) ရက်မှ အောက်တိုဘာလ (၂၂) ရက်အတွင်း )

ပြောင်းလဲမှုများကြောင့် တက်လမ်းများ ပွင့်နေချိန်။ တွက်ကိန်းချ လုပ်ကိုင်မှုများ အကျိုးထူးခြားမှု ကြုံမည်။ စိတ်ကူးယဉ်နေရုံဖြင့် မရနိုင်ပါ။ လက်တွေ့လုပ်မှ ရမည်။ "ခုရှုပ်မှ နောင်ရှင်း" ဆိုသကဲ့သို့ နောင်တွင် ပြဿနာမရှုပ်စေရန် ပြဿနာအချို့ကို ယခုကာလမှာ ရှင်းရလိမ့်မည်။ ဖြောင့်မတ်မှန်ကန်တိကျပါစေ။ ဒေါသမထွက်ပါနှင့်။ သိမ်မွေ့ညင်သာစွာ မေတ္တာအပြည့်ဖြင့် မိမိခံစားချက်ကို ရှင်းပြပါ။ ရပ်ဝေးဒေသ၊ ပြည်ပနိုင်ငံရပ်ခြားသို့ မိသားစုနှင့် ညှိနှိုင်းမှုမရှိဘဲ သွားလိမ့်မည်။ ကျေးဇူးရှိသူ၊ လူကြီးမိဘတို့၏ ကျန်းမာရေးကို အရေးယူ ဂရုစိုက်ရပါလိမ့်မည်။ အချစ်တစ်ခုတည်း အကြွင်းမဲ့ယုံကြည်ကိုးကွယ်မှု ကြုံမည်။

**ဆီထိုးသင့်သောနေ့** - တနင်္လာ၊ သောကြာ။
**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၆)အဆုံး၊ (၀)အစ (၁)အဆုံး။
**ဆတြာ** - နံနက် ၉နာရီတိတိမှာ ပဋ္ဌာန်းဒေသနာတော်ကို ဖြည်းဖြည်းမှန်မှန် ရွတ်ဖတ်ပူဇော်ပါ။

## ဗြိစ္ဆာရာသီ



SCORPIS

( အောက်တိုဘာလ (၂၃) ရက်မှ နိုဝင်ဘာလ (၂၂) ရက်အတွင်း )

လုပ်ဆောင်မှု စွမ်းပကားမြင့်မားသော ကာလ။ ပင်ကိုယ်ပါရမီအရည်အချင်းရှိနေလိမ့်မည်။ ထို့အပြင် ကြီးကဲသူတို့ထံမှလည်း အကူအညီနှင့် အကြံဉာဏ်တို့ ရရှိလိမ့်မည်။ ယုံကြည်ချက် မာနအပြည့်ဖြင့် သွက်သွက်လက်လက် လုပ်ကိုင်ပြောဆိုမှု ကြုံမည်။ ကြံစည်ချက်ကို သောကြာနေ့သားသမီးတို့ ကူညီမှုပေးမည်။ ငွေကြေးကိစ္စ၊ လုပ်ငန်းသစ်ကိစ္စ၊ အိမ် ခြံ မြေကိစ္စ စနစ်တကျပြောဆို အောင်မြင်မည်။ ဝင်ငွေတိုးတက်မည်။ ကျန်းမာရေးအတွက် ဘုန်းတော်ကြီးတစ်ပါးကို ဆေးသုံးမျိုးကပ်လှူပါ။ ကျန်းမာချမ်းသာ ဝမ်းသာဖွယ် ဆက်တိုက်ကြုံရပါလိမ့်မည်။ အချစ်ကြောင့် သင့်ဘဝ တိုးတက်မြင့်မားမှု ကြုံမည်။

**ဆီထိုးသင့်သောနေ့** - အင်္ဂါ၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၇)အစ (၈)အဆုံး၊ (၀)အစ (၃)အဆုံး။
**ဆတြာ** - တန်ခိုးကြီးဘုရားတစ်ဆူမှာ ရွှေသင်္ကန်းလှူပါ။ ပြီးလျှင် တံခွန်၊ ကုက္ကားနှင့် ထီးဖြူ၊ ထီးနီများကို လှူဒါန်းပါ။

## ဓနုရာသီ



SAGITTARIUS

( နိုဝင်ဘာလ (၂၃) ရက်မှ ဒီဇင်ဘာလ (၂၀) ရက်အတွင်း )

အပြိုင်အဆိုင်ကြားမှ မြိုင်မြိုင်ဆိုင်ဆိုင် ကြိုးစားနေရမည့် ကာလ။ ဖြစ်လိုသည်က တစ်မျိုး၊ ဖြစ်လာသည်က တစ်ဖုံ ကြုံရတတ်သည်။ မိမိရေးဆွဲသည့် ဇာတ်ညွှန်းအတိုင်း ကံကြမ္မာက ဖြစ်မလာတတ်ပေ။ ကံကြမ္မာ ဇာတ်ဆရာအလိုကျ က,ပြနေရလိမ့်မည်။ အမှားအမှန် ခွဲခြားသိပါစေ။ သင့်ခြေလှမ်းကို စောင့်ကြည့် အကဲခတ်နေသူတို့ ရှိနေလိမ့်မည်။ ပညာရေးကံ သင့်၏ ရည်ရွယ်ချက်၊ ကြံစည်သမျှ ဟန်ကျစေရန် ဝီရိယအပြည့်ဖြင့် စနစ်တကျ ကြိုးစားပါ။ အစားအသောက်ကို ခုံမင်တတ်ချိန်ဖြစ်၍ အစားမှား၍ ကျန်းမာရေးညံ့နိုင်သည်။ ဒဏ္ဍာရီပုံပြင်ဆန်သည့် အချစ်ဇာတ်လမ်းဆန်းဆန်းလေးကြုံမည်။

**ဆီထိုးသင့်သောနေ့** - ကြာသပတေး၊ စနေ။
**ရွေးချယ်ရမည့်ဂဏန်း** - (၈)အစ (၃)အဆုံး၊ (၃)အစ (၈)အဆုံး။
**ဆတြာ** - အိမ်ရှိ ဘုရားမှာ ဒန်းညွှန့်၊ ရေချမ်းနှင့် ထောပတ်ဆွမ်း ကပ်လှူ ပူဇော်ပါ။



www.burmeseclassic.com

www.burmeseclassic.com

## မကာရရာသီ



CAPRICORN

( ဒီဇင်ဘာလ (၂၁) ရက်မှ ဇန်နဝါရီလ (၁၉) ရက်အတွင်း )

ပါးနပ်လိမ္မာသင့်သော ကာလ။ အခြားသူ၏ လုပ်စားချက်ကြောင့် မိမိမှာ ဒုက္ခတွေ့ရတတ်၏။ အမြဲတစေ ယုံကြည်အားကိုးရသူ၏ မရိုးသားမှု၊ လိမ်ညာမှုကို အံ့သြစရာကြုံရတတ်၏။ မီးစင်ကြည့်ပြီး က,တတ်မှသာ လုပ်စားချက်ဘေးမှ ကင်းဝေးပေလိမ့်မည်။ ဉာဏ်ကွန့်မြူးထားသော ဆန်းသစ် တီထွင်မှုအချို့ကို ပြုလုပ်ရပေလိမ့်မည်။ ကျန်းမာရေးကောင်းမွန်စေရန် အရိပ်အေးအေးမှာ စိတ်အေး အေးနေပါ။ ပင်လယ်လေကို ရှူပါ။ ပင်လယ်ကမ်းခြေရှုခင်းပုံကို တစိမ့်စိမ့်ကြည့်ရှုပါ။ အချစ်ကြောင့် ပျော်ရွှင် ကြည်နူးခွင့် ကြုံမည်။

**ထီထိုးသင့်သောနေ့** - အင်္ဂါ၊ ကြာသပတေး။

**ရွေးချယ်ရမည့်ဂဏန်း** - (၀)အစ (၇)အဆုံး၊ (၂)အစ (၅)အဆုံး။

**ယတြာ** - မိမိအိမ်နားရှိ ဘုရားရင်ပြင်ကို သန့်ရှင်းရေးပြုလုပ်ကာ ကုသိုလ်ယူပါ။

## ကုမ်ရာသီ



AQUARIUS

( ဇန်နဝါရီလ (၂၀) ရက်မှ ဖေဖော်ဝါရီလ (၁၈) ရက်အတွင်း )

အပြောကောင်းမွန်နေလိမ့်မည်။ ဘဝခရီးမှာ ခက်ခဲသော လမ်းကြောင်းကိုမှ ရွေးချယ် လျှောက်လှမ်း နေလိမ့်မည်။ သင်၏ ဆင်ခြင်သုံးသပ်မှု မှန်ကန်သောကြောင့် ဘဝအနေအထားကို အဆင့်မြှင့်တင် နိုင်လိမ့်မည်။ လိုတိုင်းရ၊ တ,တိုင်းရ ကြုံမည်။ ဂုဏ်သိက္ခာရှိသော အပြောအဆိုနှင့် ဖက်ရှင်စတိုင် များကို ဆင်မြန်းနေပေလိမ့်မည်။ ကျန်းမာရေး ထွေထွေထူးထူး မမြင်ပါ။ ခြေလေးချောင်းသား ရှောင်စားလျှင် ကျန်းမာချမ်းသာမှု ကြုံမည်။ ချစ်သူထံမှ သင့်ဘဝ မျှော်လင့်ထားသည့် ချစ်စကားလေး ကြားရခွင့် ကြုံမည်။

**ထီထိုးသင့်သောနေ့** - သောကြာ၊ စနေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၅)အစ (၉)အဆုံး၊ (၉)အစ (၀)အဆုံး။

**ယတြာ** - သီလရှင်များကို ဆန်၊ ဆီ၊ ဆား၊ ဆေးနှင့် ငွေကြေးလှူဒါန်းကာ ကုသိုလ်ပြုပါ။

## မိန်ရာသီ



PISCES

( ဖေဖော်ဝါရီလ (၁၉) ရက်မှ မတ်လ (၂၀) ရက်အတွင်း )

အရောင်အသွေးစုံလင်သော ပန်းခင်းလမ်းမှာ မြူးကြွစွာ လျှောက်လှမ်းခွင့် ရရှိမည့် ကာလ။ သူတစ်ပါး အကြောင်းကို စပ်စုရန် ဝါသနာမပါတတ်သကဲ့သို့ မိမိအကြောင်းကိုလည်း သူတစ်ပါးအား ပြောပြ ဝန်လေးနေတတ်သည်။ လုပ်ငန်းနယ်ပယ်မှာ မိမိ၏ လုပ်ဆောင်ချက်ကို လျှို့လျှို့ဝှက်ဝှက်ရှိနေမည်။ အမှုအခင်းအချို့ ကြုံတတ်သည်။ အနိုင်ရစေရန် ဘာသာရေးအဓိဋ္ဌာန်တစ်ခုကို ပြုလုပ်သင့်၏။ ကျန်းမာရေး ကောင်းမွန်စေရန် အသားဓာတ်၊ ကစီဓာတ်၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝ အားလုံး မျှမျှတတ စားသုံးပါ။ ချစ်သူနှင့် နှစ်ကိုယ်တူနီးရန် မဝေးတော့ပါ။

**ထီထိုးသင့်သောနေ့** - စနေ၊ တနင်္ဂနွေ။

**ရွေးချယ်ရမည့်ဂဏန်း** - (၁)အစ (၉)အဆုံး၊ (၀)အစ (၉)အဆုံး။

**ယတြာ** - ဘေးအန္တရာယ်များ ကင်းကွာစေရန် အိမ်ရှိ ဘုရားမှာ ဗယာကြော်ကပ်လှူပြီး ဂုဏ်တော် များပါ။

*****



www.burmeseclassic.com

www.burmeseclassic.com


# နေစေး စာပေမှ

## သတင်းကောင်းပါးဖိတ်ခေါ်လိုက်ပါသည်

မြို့ရွာကျေးလက်၊ ရပ်ကွက်၊ ကျောင်း၊ ရုံး၊ တပ်တွင်း စာကြည့်တိုက် င့်လိုသူများ၊ မိမိအိမ်တွင် စာအုပ်အငှားဆိုင် ဖွင့်ပြီး အိမ်တွင်းစရိတ် င်ငွေရှာလိုသူများ၊ တစ်ဆင့်စာအုပ် ပြန်လည် ရောင်းချလိုသူများအား နေစေး စာပေနှင့် အမြန်ဆုံးဆက်သွယ်ပါရန် လေးစားစွာ ဖိတ်ခေါ်လိုက် သည်။

လစဉ်ထုတ် မဂ္ဂဇင်း၊ ဝတ္ထု၊ ရုပ်ပြ၊ ကာတွန်း၊ ဘာသာပြန်၊ သိုင်း ဘတ၊ ရသ၊ ပုံပြင်စာအုပ်များ စုံလင်စွာနှင့် လကျော်၊ တိုက်ကျစာအုပ်များ တ္ထုစာအုပ်အဟောင်းများ၊ အသစ်များ လက်လီလက္ကား ဖြန့်ချိရောင်းခ ားနေပါသည်။

### ဆက်သွယ်ရန်လိပ်စာ

ဆိုင်ရင်း – အမှတ်(၁၉၅)၊ (၃၂)လမ်းအထက်၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
☎ – ၀၁–၂၅၄၆၂၅

ဆိုင်ခွဲ(၁) – အမှတ်(၄)၊ ကန်လမ်း၊ ထွန်းသီရိရှုပ်ရှင်ရုံရှေ့၊ ပြည်မြို့။
☎ – ၀၉ ၅၃၁၃၃၁၄၊ ၀၉ ၅၃၇၈၅၅၄

ဆိုင်ခွဲ(၂) – အရှေ့မြို့ပတ်လမ်း၊ အ.လ.က–၁၁(ကျောင်းရှေ့)၊ ရှမ်းပြည်နယ်၊ တောင်ကြီးမြို့။ ☎ – ၀၉ ၅၁၁၂၀၇၀

ဆိုင်ခွဲ(၃) – အမှတ်–၅/၆(B) ခရိုင်ရဲတိုက်တန်း၊ မိုးလ်ချုပ်လမ်း၊ မကွေးမြို့။
☎ – ၀၉ ၈၆၂၁၀၆၄


www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ကြမ်းတမ်းလှသော ရှမ်းရိုးမ တောင်ခြေ၏ ကျောက်လမ်းလေးကို အိမ်မွေး ခြံပေါက် နွားပြာနှစ်ကောင်က ခက်ခဲကြီးစွာ ဆွဲနှင်နေရ၏။ ငွန်လည်းဦး ပိုင်းသည် မိုးဦးကာလထဲ ရောက်နေပြီ ဖြစ်သဖြင့် ရှမ်းရိုးမတောင်တန်းဒေသ၏ ထုံးစံအတိုင်း မိုးကလေး ငါးကြိမ် လောက် သဲကြီးမဲကြီးရွာသွန်းပြီးဖြစ် သည်။ ထို့ကြောင့် ကျောက်လမ်း ကလေးမှာ တောင်ပေါ်မှ မိုးရေနှင့်အတူ စီးကျလာသော မြေသားများကြောင့် ရွှံ့ နွံများဖြင့် ပြည့်နှက်နေ၏။

ထိုကျောက်လမ်းလေးသည်ကား တောရွာများ၏ နွေရာသီ အသက်မွေး ဝမ်းကျောင်းဖြစ်သည့် ထင်းခုတ်၊ ဝါး ခုတ်သော လှည်းများ အသွားအပြန် လုပ်ရာလမ်းဖြစ်သည်။ နွေရာသီတစ်နွေ လုံး ဖြတ်သန်းသွားလာ အသုံးပြုခဲ့ကြ သဖြင့် ကျောက်လမ်းမှာ ချိုင့်ခွက်များ ဖြင့် အတိပြည့်နှက်လို့ နေလေသည်။ ယခင်နေ့များက မိုးရွာထားသဖြင့် ချိုင့် ခွက်များထဲဝယ် ရေများ ရှိနေသေး၏။

ရိုးမတောင်ခြေလမ်း၏ ခပ်လှမ်း လှမ်းမှာ တွေ့မြင်နေရသည့် ကြာနီ ကန်လေးတွင် ရေများ ပြည့်လျှံလို့နေ လေပြီ။ တောင်ကျ မိုးရေများကြောင့် ရေမှာ နီတောက်နေ၏။ ထိုကြာနီကန် လေးသို့ ရောက်ပြီဆိုလျှင် ကျွန်ုပ်သွား လိုသော နမ့်ပန်ရွာလေးသို့ ရောက်ရန် နီးကပ်လာပြီဖြစ်သည်။

နမ့်ပန်ရွာသည်ကား ကျွန်ုပ် မူပြ ရာထူးဖြင့် တာဝန်ကျရာ ရွာလေးဖြစ် ၏။ ယခုချိန် ငွန်လည်းဦးပိုင်းသည် ပညာ သင်နှစ် စပြီဖြစ်သောကြောင့် နမ့်ပန် ရွာလေးသို့ ကျွန်ုပ်လာခဲ့ခြင်းဖြစ်ပါသည်။

ထိုရွာတွင် ကျွန်ုပ် တာဝန်ကျနေသည် မှာ ယခုနှစ်ဆိုလျှင် ၁၁နှစ်မြောက်ခဲ့ လေပြီ။ ပြောင်းရွှေ့လိုလျှင် နှစ်ပြည့်ပြီ ဖြစ်သော်လည်း ထိုရွာလေးကို ကျွန်ုပ် သံယောဇဉ်တွယ်နေမိသည်။ ထိုရွာ လေးသည် ကျွန်ုပ်အတွက် လွမ်းစရာ အငွေ့သက်များ လွှမ်းခြုံနေခဲ့သည်မှာ ၅နှစ်ပင် ကျော်ခဲ့လေပြီ။ ထိုလွမ်းစရာ အငွေ့သက်လေးများ ကျွန်ုပ်ထံတွင် ကပ်ငြိနေသေးသရွေ့ ထိုရွာလေးကို ကျွန်ုပ် ခွဲနိုင်ဦးမည် မဟုတ်ပါချေ။

"ဆရာလေး . . . ဟိုအင်းရွာ ဘုရားပွဲတောင် စ,တော့မယ်ဗျ"

လှည်းကို ခက်ခဲစွာ မောင်းနှင် နေသော ညိုမောင်၏ စကားကြောင့် ကျွန်ုပ်အတွေးစ,လေးများ ပျောက်ပျက် သွားရသည်။ နှစ်ယောက်တည်း စီးလာ သော လှည်းကလေးပေါ်ဝယ် စကားသံ တိတ်နေသည်မှာ ကြာနေလေပြီ။ ယခု မှ ညိုမောင်၏ စကားသံ ထွက်ပေါ်လာ ခြင်းဖြစ်၏။ ညိုမောင်က ရွာမှ မြို့သို့ ကျွန်ုပ်အား လှည်းဖြင့် လာကြိုခြင်းဖြစ် ပါသည်။

ညိုမောင်၏ ဟိုအင်းရွာဘုရားပွဲ စ,တော့မည်ဟူသော စကားကြောင့် ကျွန်ုပ်ရင်ထဲဝယ် ဒဏ်ရာဟောင်းကို ပြန်ဆွလိုက်သလို စူးစူးရှရှ ခံစားလိုက် ရသည်။ ဟိုအင်းရွာဘုရားပွဲရှိနေသေး သရွေ့ ကျွန်ုပ်ရင်ထဲက လွမ်းစရာ ဝေဒနာဆိုးကြီးကလည်း ကိန်းအောင်း နေဦးမည်ဖြစ်ပေသည်။ ထို့ကြောင့် ကျွန်ုပ်၏နှုတ်မှ လွမ်းတသသဖြင့် တိုးတိုးဖွဖွလေး ရေရွတ်မိလိုက်သည်။

"ဩော် . . . ဟိုအင်းရွာဘုရားပွဲ တောင် စ,တော့မှာပါကိုး"

ကျွန်ုပ်၏ စကားကို ညိုမောင် က နွားမောင်းနေရာမှ ကျွန်ုပ်ဘက် လှည့်ကာ . . .

"ဟုတ်တယ် ဆရာလေး။ ဒီနှစ် ဇာတ်က မန္တလေးကတဲ့။ နောက်ပြီး ဘုရားပွဲက ခုနစ်ရက်တောင်တဲ့ဗျာ"

ညိုမောင်က ဘုရားပွဲ စ,တော့ မည်အတွက် အပျော်ကြီး ပျော်နေပုံ ပင်။ ကျွန်ုပ်အတွက်တော့ ဟိုအင်းရွာ ဘုရားပွဲသည် ကျွန်ုပ် သိပ်ချစ်ရသော "မြသီတာ"ဆိုသည့် ကောင်မလေးကို လွမ်းရသည့် အလွမ်းပွဲလေးသာ ဖြစ် မည်ထင်ပါရဲ့။ ယခုနှစ် ဘုရားပွဲဆိုလျှင် မြသီတာ ဆုံးတာ ၅နှစ်ပြည့်လေပြီ။ နှစ်တွေ အလီလီပြောင်းခဲ့ပေမယ့် မြသီတာကို ကျွန်ုပ် ယနေ့ထိ မမေ့နိုင် သေးပါ။

ထိုသို့ မြသီတာကို မမေ့နိုင်သည့် စိတ်ကြောင့်ပင် မြသီတာ နေထိုင်ခဲ့ သည့် နမ့်ပန်ရွာလေးကိုလည်း မခွဲနိုင် မခွာရက် ဖြစ်နေရသည်။ ထိုရွာလေး တွင် မြသီတာ၏ အငွေ့အသက်ရှိနေ၍ မြသီတာကို ချစ်သလို ထိုရွာလေး ကိုလည်း ကျွန်ုပ်ချစ်နေမိပါသည်။

"ဆရာလေး . . . ဒီနှစ်တော့ ကျွန်တော်တို့နဲ့အတူ ပွဲလည်ရမယ်ဗျာ- နော် ဆရာလေး"

"အင်းပါ ညိုမောင်ရာ။ မင်းတို့ အတွက်တော့ ဟိုအင်းရွာဘုရားပွဲဟာ ပျော်စရာပေါ့။ ငါ့အတွက်တော့ မြသီ တာကို တိုးလို့ လွမ်းရတဲ့ အလွမ်းပွဲ လေးပေါ့ကွာ"

ကျွန်ုပ်၏ လွမ်းတသသ ပြော သော စကားကို ညိုမောင်က . . .

"ဆရာလေးကလဲဗျာ၊ မြသီတာ ဆုံးတာဖြင့် ၅နှစ်တောင် ပြည့်တော့ မယ်။ ဆရာလေးက သူ့ကို သတိရနေ တုန်းပဲလားဗျ။ ဆရာလေးလို ခေတ် ပညာတတ် ခန့်ခန့်ချောချော မြို့သား ကြီးက ကျွန်တော်တို့ရွာသူ မြသီတာ ကို ဒီလောက်ထိ စွဲလမ်းချစ်ခင်တာကို



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကတော့ ရွာအတွက် ဂုဏ်ယူတယ်ဗျာ"

ညိုမောင်က နွားနှစ်ကောင်ကို နှင်တံနှင့် တို့မောင်းလိုက်၊ ကျွန်ုပ်အား စကားလှည့်ပြောလိုက်ဖြင့် လုပ်နေသည်။ ကျွန်ုပ်နှင့် မြသီတာ၏ အချစ်ဇာတ်လမ်းလေးကို တစ်ရွာလုံး သိကြပြီးဖြစ်၍ ညိုမောင်ကလည်း သိနေခြင်းဖြစ်သည်။

"မြသီတာကို ငါက အသက်နဲ့အမျှ ချစ်ခဲ့တာပဲ ညိုမောင်ရာ၊ ဘယ်မေ့လို့ ရပါ့မလဲကွာ"

"အင်း··· ဆရာလေးက မြသီတာအပေါ် အရမ်းသစ္စာရှိတာပဲ။ ခုထိတောင် အိမ်ထောင်မပြုသေးဘူး။ မြသီတာက ဆရာလေးရဲ့ အချစ်ကို ရတာကံကောင်းပါတယ်။ ဒါနဲ့ ဆရာလေး၊ မသိလို့ မေးပါရစေဦး၊ ရွာက ပြောတယ်၊ မြသီတာက မကျွတ်ဘူးဆို။ နောက် ဝိညာဉ်နဲ့ ဆရာလေးဆီ လာလာနေတယ်ဆို"

"တော်စမ်း ညိုမောင်၊ မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့"

ကျွန်ုပ် စိတ်တိုလွန်း၍ ဒေါသသံ စွက်သွား၏။ ကျွန်ုပ်စကားကြောင်က ညိုမောင်မျက်နှာ အနည်းငယ် သိမ်ငယ်သွားသယောင် ထင်ရသည်။ ထို့နောက်မှ···

"ကျွန်တော်က မသိလို့ပါ ဆရာလေးရယ်။ ရွာက လူတွေ ပြောနေကြလို့သာ မေးကြည့်တာပါ။ မြသီတာဆုံးတဲ့အချိန်ကလည်း ကျွန်တော်က ရွာမှာ မရှိတော့ အကြောင်းစုံလည်း မသိရပါဘူး"

ကျွန်ုပ် ဒေါသစိတ်ကို အလျင်အမြန်ထိန်းချုပ်လိုက်သည်။ အမှန်တကယ်မှာတော့ ညိုမောင်ပြောနေသည်မှာ အများတွေ မဟုတ်ပေ။ မြသီတာကို မကျွတ်လွတ်သည့် ပရလောကသားဖြစ်နေသည်ဟု ပြောသည်ကို ကျွန်ုပ် မခံနိုင်၍သာ။ သို့သော် ထိုအခြင်းအရာကို ကျွန်ုပ်ကိုယ်တိုင် လက်ခံရတော့မလို ဖြစ်နေ၏။ ထို့ကြောင့် ညိုမောင်ကို···

"ရပါတယ် ညိုမောင်ရာ။ ငါ ဘာမှမဖြစ်ပါဘူး။ ငါတို့နှစ်ယောက်ရဲ့ ရေးက မကောင်းတဲ့ အတိတ်ကံတွေကြောင့်လို့ပဲ ငါ သဘောထားပါတယ်ကွာ"

"ဆရာလေး··· ကျွန်တော့်ကိုလေ အဆင်ပြေရင် ဆရာလေးနဲ့ မြသီတာတို့ရဲ့ ဇာတ်လမ်းလေးကို ပြောပြပါလားဗျာ။ ကျွန်တော် ဆရာလေးတို့ရဲ့ အချစ်ဇာတ်လမ်းလေးကို သိချင်လို့ပါ။ ဆရာလေး အဆင်ပြေရင်ပေါ့"

"ရပါတယ် ညိုမောင်ရာ။ မင်းသိချင်ရင် ငါပြောပြပါ့မယ်"

နွားပြာနှစ်ကောင်က လမ်းကောင်းသွားပြီဖြစ်သဖြင့် မောင်းနှင်စရာမလိုဘဲ သွက်သွက်လက်လက် ဆွဲနှင်နေလေသည်။ ကျွန်တော်သွားလိုသော နမ့်ပန်ရွာလေးကိုတော့ ရိုးမတောင်ခြေအောက်ဝယ် ခပ်ရေးရေးလေး မြင်နေရလေပြီ။ ရွာသို့ နေမဝင်ခင်တော့ ရောက်နိုင်ပါ၏။ ညိုမောင်ကတော့ နွားနှင်တံလေးကို ကိုင်လျက် ကျွန်ုပ်ပြောပြမည်ကို နားစွင့်နေလေပြီ။

ကျွန်ုပ်သည်လည်း မြသီတာကို လွမ်းဆွတ်တမ်းတရင်း ရှည်လျားလှသော အတိတ်ရဲ့ အရိပ်ဆီသို့ တစ်ကျော့ပြန်ကာ လွမ်းတသဖြင့် ပြောပြလိုက်ရပါတော့သည်။

◈◈◈

ညနေခင်း၏ ဆည်းဆာအချိန်ကို အမှောင်ထုက စတင်လွှမ်းခြုံလာလေပြီ။ လပြည့်ည လမင်းကြီးကတော့ ယခုမှ ထွန်းလင်းဖို့ အားယူဆဲပါ။ ဟိုအင်းရွာ ဘုရားပွဲဆီက ဆိုင်းတီးသံများက တလွင်လွင်ထွက်ပေါ်နေပြီး ကျွန်တော့်ကို အမြန်လာဖို့ ခေါ်နေသလိုပါပင်။

နမ့်ပန်ရွာနှင့် ဟိုအင်းရွာမှာ မဝေးလှပါ။ ၁၅မိနစ်လောက် လမ်းလျှောက်လောက်ရုံဖြင့် ရောက်တတ်၏။ ထို့ကြောင့် ဟိုအင်းရွာဘုရားပွဲဆီမှ ဆိုင်းသံများကို အတိုင်းသား ကြားနေရခြင်းဖြစ်သည်။

ထို့ကြောင့် ကျွန်တော့်အိမ်တွင် စာလာကျက်နေကြသော ကလေးများကို စာကျက်ဝိုင်းမှ စောစီးစွာ ဖြုတ်ပေးလိုက်ပြီး အိမ်တံခါး သော့ခတ်ကာ၊ ရွာထဲမှ ပွဲအတူသွားရန် ပြောထားသည့် သူငယ်ချင်း အောင်သူနှင့် ဖြိုးကျော်တို့ကို စောင့်နေလိုက်သည်။ အောင်သူနှင့် ဖြိုးကျော်မှာ နမ့်ပန်ရွာ ကာလသားများဖြစ်ကြပြီး ကျွန်တော့်ကဲ့သို့ အသက် ၂၅နှစ်ကျော်အရွယ် လူပျိုများဖြစ်ကြသည်။

ကျွန်တော် နမ့်ပန်ရွာသို့ စ,ရောက်ကတည်းက ခင်မင်ခဲ့ကြပြီး ရွာထဲတွင် တတွဲတွဲဖြင့် နေထိုင်ခဲ့ကြသည်။ ယခုလည်း ဘုရားပွဲသို့ အတူတူသွားရန် တိုင်ပင်ထားကြသဖြင့် နမ့်ပန်ရွာ စာသင်ကျောင်းဝန်းအတွင်းမှ ကျွန်တော့်အိမ်လေးတွင် စောင့်နေခြင်းဖြစ်ပါသည်။ အောင်သူနှင့် ဖြိုးကျော်လာလျှင် အဆင်သင့် သွားနိုင်ရန်အတွက် ကျွန်တော် အိမ်တံခါး သော့ခတ်ပြီး အပြင်တွင် ထွက်စောင့်နေခြင်းဖြစ်၏။

နေ့မှ ညအကူး မသဲမကွဲ အလင်းရောင်အောက်တွင် သူငယ်ချင်းနှစ်ယောက်ကို ထိုင်စောင့်ရင်း ငွေ့နေခဲ့သော သုံးရက်လောက်က မြသီတာ လူကြ



www.burmeseclassic.com

www.burmeseclassic.com

ပါလာသော စာတိုလေးကို အနွေးထည်အင်္ကျီအိတ်ကပ်ထဲမှ ထုတ်ကာ ဖတ်လိုက်သေး၏။ အမှောင်ထု လွှမ်းခြုံစ အလင်းရောင်အောက်တွင် စာလုံးလေးတွေကို သဲသဲကွဲကွဲ မမြင်ရသော်လည်း စာကို အလွတ်ရနေပြီဖြစ်သောကြောင့် မှတ်မိနေ၏။ တောသူ မြသီတာ၏ မညီမညာရေးထားသော စာတိုလေးမှာ ညမှောင်စပျိုးချိန် အလင်းရောင်အောက်တွင် သဲကွဲထင်ရှားခြင်း မရှိပါချေ။ သို့သော်လည်း...

*အစ်ကို...*

*ဟိုအင်းရွာဘုရားပွဲ လပြည့်နေ့ည ၉နာရီမှာ မြောက်ဘက်က ဘုရားဇုတ်တိုလေးမှာ တွေ့ကြမယ်။*

*မြသီတာ*

ဆိုသည့် စာတန်းလေးကို ကျွန်တော် အလွတ်ရပြီးဖြစ်ပါသည်။

ထိုစာတန်းလေးကို သတိရတိုင်း ထုတ်ဖတ်မိသောကြောင့် စာရွက်ခေါက်လေးမှာ တွန့်ကြေလို နေပါပြီ။ မသဲကွဲသော အလင်းရောင်အောက်တွင် နာရီကို ကြည့်လိုက်တော့ ၆နာရီခွဲကာစပင် ရှိသေး၏။ မြသီတာနှင့် ချိန်းဆိုထားသော ည ၉နာရီကို ကျွန်တော် အမြန်ရောက်ချင်လှပါပြီ။

မြသီတာနှင့် ကျွန်တော် မတွေ့ရသည်မှာ ယခုဆို ၅လကျော်လေပြီ။ မနှစ်က ကျွန်တော် နွေရာသီကျောင်း မပိတ်ခင်ကတည်းက မြသီတာ တစ်ဖက်ရွာက သူမ၏ ဦးလေးအိမ်သို့ သွားနေခဲ့သည်။ ဦးလေးအိမ်တွင် သူမ၏ အဘွား နေမကောင်းဖြစ်နေသောကြောင့် သွားရောက်ပြုစုနေရခြင်းဖြစ်၏။ တစ်ဖက်ရွာဟုဆိုသော်လည်း သုံးမိုင်ကျော်မျှ ဝေးသောကြောင့် တစ်ဦးနှင့်တစ်ဦးတွေ့ရန် မလွယ်ကူလှပါ။ ယခုမှ ဟိုအင်းရွာဘုရားပွဲလေးက ကျွန်တော်တို့ ချစ်သူနှစ်ဦး တွေ့ဆုံဖို့အတွက် ရောင်စဉ်တန်းလေး ဖြစ်စေခဲ့ပါသည်။

"ဟော...ဆရာလေး စောင့်နေတာ ကြာပြီထင်တယ်၊ ကျွန်တော်တို့ ဒီနေ့ လယ်တောက ပြန်တာ နောက်ကျလို့ဗျာ၊ ဆရာလေး စောင့်နေမယ်ဆိုတာတော့ သိတယ်"

"ရပါတယ် အောင်သူရာ၊ ကဲ-အဆင်သင့်ဖြစ်ပြီ သွားကြမယ်"

ကျွန်တော် စောင့်နေသော သူငယ်ချင်းနှစ်ယောက် ရောက်လာပြီဖြစ်၍ ဘုရားပွဲသို့ ထွက်ခဲ့ကြသည်။ အောင်သူနှင့် ဖြိုးကျော်က ကျွန်တော်၏ ရင်းနှီးသော သူငယ်ချင်းများဖြစ်ကြသော်လည်း နှုတ်ကျိုးနေ၍ ကျွန်တော့်အား "ဆရာလေး"ဟုသာ ခေါ်တတ်၏။ သူငယ်ချင်းသုံးယောက်တွင် ဘုရားပွဲသို့ ခြေလျင်အသွက်ဆုံးဖြင့် သွားနေသော ကျွန်တော့်ကို ဖြိုးကျော်က ပခုံးလှမ်းဖက်၍...

"ဆရာလေးရယ်... ဖြည်းဖြည်းပေါ့၊ အစောကြီးရှိသေးတယ်ဗျ"

"အေး၊ ဟုတ်သားပဲ၊ တွေ့ရမှာပေါ့ ဆရာလေးရာ။ သွားမတွေ့ခင် ကျွန်တော်တို့နဲ့ တစ်ပွဲတစ်လမ်းနွှဲသွားရဦးမယ်နော်"

ကျွန်တော်နှင့် မြသီတာ ချိန်းဆိုထားသည်ကို သိသော အောင်သူနှင့် ဖြိုးကျော်က ကျွန်တော့်အား စ,ကာ၊ သူတို့နှင့် အရက်သောက်ကြရန် စည်းရုံးနေ၏။ အောင်သူနှင့် ဖြိုးကျော်က အရက်စွဲနေသည့်သူများ မဟုတ်သော်လည်း၊ ယခုလို ပွဲလမ်းသဘင်များမှာတော့ အနည်းငယ် သောက်စားတတ်သူများဖြစ်ကြသည်။ တစ်ခါတလေ အပေါင်းအသင်းကဏ္ဍအရ ကျွန်တော်ပါ တစ်ခွက် နှစ်ခွက် လိုက်သောက်ပေးရ၏။ သို့သော် ယခုလို မြသီတာနှင့် ချိန်းဆိုထားသော ညမျိုးမှာတော့ ကျွန်တော် အရက်သောက်၍ မဖြစ်ပါ။ ထို့ကြောင့် ကျွန်တော့်အား အရက်သောက်ရန် စည်းရုံးနေသော အောင်သူနှင့် ဖြိုးကျော်ကို...

"ဟာ...မလုပ်ပါနဲ့ကွာ၊ မြသီတာနဲ့ တွေ့ရမှာမို့ ဒီညတော့ အရက်မသောက်ပါရစေနဲ့"

"မရဘူး ဆရာလေး။ လုံးဝကို မရဘာ။ ဆရာလေး ဒီည ကျွန်တော်တို့နဲ့ အရက်မသောက်ရင် ကျွန်တော်တို့ကို မခင်လို့ပဲဗျ"

"ဟုတ်တယ်၊ မသောက်ရင် ကျွန်တော်တို့ကို မခင်လို့ပဲ"

ကျွန်တော် ငြင်းဆန်၍ မရတော့ပါ။ တဖြည်းဖြည်းလျှောက်လာရင်း ပွဲဈေးတန်းသို့ ရောက်ရှိလာပြီဖြစ်သဖြင့် သူငယ်ချင်းနှစ်ယောက်ခေါ်ရာ အရက်ဆိုင်ထဲသို့ ကောက်ကောက်ပါအောင် လိုက်ခဲ့ရပါတော့သည်။

◈◈◈

အရက်သောက်လေ့ မရှိသည့် ကျွန်တော် နှစ်ခွက်လောက် သောက်ရုံမျှဖြင့် မူးချင်နေ၏။ သို့သော် အသိတရား ကင်းလွတ်အောင်ထိတော့ မမူးသေးပါ။ ထို့ကြောင့် ထပ်မသောက်တော့ဘဲ သူငယ်ချင်းနှစ်ယောက် ငှဲ့ပေးသည့် အရက်ခွက်ကို ငြင်းဆန်လိုက်တော့သည်။ အောင်သူနှင့် ဖြိုးကျော်ကတော့ တော်တော်အရှိန်ရနေပြီဖြစ်၏။ သူတို့၏ စကားသံများ ပိုမိုသွက်ကာ ကျယ်လာကြသည်။

နာရီကို ကြည့်လိုက်တော့ ၈နာရီခွဲပါတော့မည်။ မြသီတာနှင့် ချိန်းဆိုထားသည့် အချိန်သည်လည်း နီးကပ်လို့ လာခဲ့လေပြီ။ ဇာတ်စင်မှာတော့ ဇာတ်က,တော့မည်ဖြစ်၍ ဆိုင်းသံက ပိုမိုကျယ်လောင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ဇာတ်စင်ရှေ့မှာတော့ ဇာတ်ကြည့် ပရိသတ် လူ (၁၀၀)ကျော်လောက်က ဇာတ်တုတ်ထိုင်ကာ ဇာတ်ကမည့်အချိန်ကို မျှော်လင့်ကြီးစွာ စောင့်နေလေ၏။ ပွဲခင်းတစ်ခုလုံးမှာ လူအတော်များပါသည်။ ယနေ့ညမှာ လပြည့်ညဖြစ်၍ ဇာတ်ပွဲ ၅ရက်အတွက် နောက်ဆုံးညဖြစ်လေသည်။ ပွဲခင်းများထဲမှ ဈေးဆိုင်တန်းများမှာလည်း လူများ ကြိတ်ကြိတ်တိုးကာ ရောင်းသူဝယ်သူများဖြင့် စည်ကားသိုက်မြိုက်လို့နေလေ၏။

လပြည့်ည လမင်းကြီးကတော့ ကောင်းကင်ထက်ဝယ် ထိန်ထိန်သာလို့နေလေပြီ။ ကျွန်တော်သည်လည်း ည ၉နာရီထိုးခါနီးအချိန် ရောက်တော့မည်ဖြစ်၍ မြသီတာ ချိန်းဆိုထားသော မြောက်ဘက်က ဘုရားငုတ်တိုဆီသို့ အပြေးသွားခဲ့ပါသည်။ အောင်သူနှင့် ဖိုးကျော် သိလျှင် ရစ်နေမည်စိုး၍ "အပေါ့ခဏသွားဦးမယ်"ဟု ညာပြောကာ အရက်ဆိုင်ထဲမှ ထွက်လာခဲ့သည်။

သူတို့နှစ်ယောက်ကတော့ အရက်မူးသော လေသံဖြင့် စကားဖောင်ဖွဲ့ ပြောဆိုကာ ကျန်ခဲ့ကြ၏။

◈◈◈

ဘုရားငုတ်တိုဘက်၌ လူအတော်ပြတ်၍ အဆင်ပြေလှပါ၏။ ဘုရားငုတ်တိုလေးမှနေ၍ ပွဲဈေးတန်းဆီမှ မီးရောင်စုံလေးများကို လှပစွာ လှမ်းမြင်နေရပါသည်။ ဇာတ်ရုံမှ ဆိုင်းတီးသံများကိုမူ ကျယ်လောင်စွာ ကြားနေရသော်လည်း ပွဲဈေးတန်းမှ လူများ၏ စကားသံများကိုတော့ အနည်းငယ်ဝေးနေသဖြင့် ပီပီပြင်ပြင် မကြားရပါပေ။

ဘုရားငုတ်တိုရှေ့သို့ ရောက်သည်နှင့် အေးမြလတ်ဆတ်သည့် လေပြည်နုနုလေးက ဝေ့ဝဲတိုက်လာခဲ့၏။ ကျွန်တော် ဘုရားငုတ်တို စေတီလေးကို ဦးသုံးကြိမ်ချ ရှိခိုးလိုက်ပြီး မြသီတာလာမည့် လမ်းလေးကို မျှော်လင့်ကြီးစွာ ငေးကြည့်၍ ထိုင်စောင့်နေမိသည်။

မြသီတာတို့ရွာမှ ပွဲသို့ လာမည်ဆိုပါက ယခု ဘုရားငုတ်တိုလေးကို ဖြတ်သန်းသွားရပါမည်။ မြသီတာ နေထိုင်သော ပင်ပိန်ရွာမှ ကျွန်တော်တို့ရွာဘက်သို့ လာမည်ဆိုပါက ပိန်းချောင်းအိုင်ကြီးကို လှေနှင့် ပင်ပန်းကြီးစွာ ဖြတ်ကူးရ၏။ ထို့နောက်မှ ရှည်လျားလှသော ကုန်းလမ်းခရီးကို အချိန်အတော်ကြာ ဖြတ်ကူးရသည်။ ထိုသို့ ကုန်းတစ်တန်၊ ရေတစ်တန်ဖြင့် ပင်ပန်းကြီးစွာ ဖြတ်ကူးလာရမည့် မြသီတာလေးကို ကျွန်တော် သနားနေမိသည်။ သို့သော်လည်း ပင်ပိန်ရွာမှာ ကြီးပြင်းခဲ့သူမို့ သူမအတွက်တော့ ထိုလမ်းခရီးက ဆန်းတော့မည်မထင်ပါ။

လရောင်အောက်တွင် မျက်လုံးကို အားစိုက်၍ နာရီကို ကြည့်လိုက်တော့ ည ၉နာရီကို အနည်းငယ်ကျော်လွန်နေလေပြီ။ မြသီတာ လာမည့်လမ်းကို မျှော်ကာ စောင့်ရင်း စိတ်ထဲ၌ မြသီတာ လာလျှင် ပြောမည့် စကားလုံးများကို စီနေမိပါသည်။

ခဏအကြာမှာတော့ မြောက်လေ အေးအေးလေးနှင့်အတူ သင်းပျံ့လွန်းသော စံပယ်ပန်းရနံ့က နှစ်လိုဖွယ်ကောင်းစွာ ပျံ့လာခဲ့၏။ ကျွန်တော် စပယ်ပန်းရနံ့ကို အားပါးတရ ရှူရှိုက်ရင်း၊ ဘေးပတ်ဝန်းကို ဝေ့ကြည့်လိုက်သောအခါ ခေါင်းမှာ စံပယ်ပန်းကုံးလေးတွေကို ဝေနေအောင် ပန်ထားသော မြသီတာကို တွေ့လိုက်ရသည်။ မြသီတာ၏ ခေါင်းပေါ်က စံပယ်ပန်းကုံးလေးတွေက လရောင်အောက်တွင် ဖွေးဖွေးလှုပ်နေ၏။

ကျွန်တော် ၅လကျော်ကာလမျှ ဝေးကွာခဲ့သည့်ဖြစ်သော ချစ်သူလေးကို အားပါးတရ သိမ်းကျုံးပွေ့ဖက်လိုက်မည်ဟူသောအသိဖြင့် မြသီတာအနီးသို့ ထသွားခဲ့သည်။ ကျွန်တော် မြသီတာအနီးသို့ ရောက်သောအခါ မြသီတာက လက်နှစ်ဖက်ဖြင့် ကျွန်တော့်ကို တား၍...

"အစ်ကို... မြသီတာအနား မလာနဲ့"

မြသီတာ၏ သုစိမ်းဆန်လွန်းသောစကားကြောင့် ကျွန်တော် လွန်စွာအံ့ဩသွားရသည်။ ထို့နောက် နားမလည်စွာဖြင့်...

"ဘာဖြစ်လို့လဲ မြသီတာ၊ အစ်ကို့ကို နောက်နေတာလား"

"မြသီတာ နောက်နေတာ မဟုတ်ပါဘူး အစ်ကိုရယ်။ မြသီတာနဲ့ အစ်ကိုက ဒီဘဝ ပေါင်းဖက်ဖို့ ကံမဆုံနိုင်တော့ပါဘူး။ ဒီဘဝ မပေါင်းရပေမယ့် နောင်ဘဝတွေမှာ ပေါင်းခွင့်ရဖို့ မြသီတာ ဆုတောင်းလျက်ပါ အစ်ကိုရယ်။ မြသီတာ သွားတော့မယ် အစ်ကို၊ မြသီတာ အစ်ကို့ကို အရမ်းချစ်ပါတယ်။ အစ်ကို့အနားမှာ မြသီတာ အမြဲရှိနေပါ့မယ်"

မြသီတာ မျက်ရည်များဖြင့် ပြောပြီး အမှောင်ထဲသို့ ပြေးဝင် ပျောက်ကွယ်သွားခဲ့သည်။ မြသီတာ မည်သည့်အရပ်သို့ ပြေးဝင်သွားကြောင်း ကျွန်တော် မသိလိုက်ပါ။ မြသီတာ ပြောသွားသော စကားများကို ကျွန်တော် နားမလည်နိုင်ဘဲ ရင်ထဲဝယ် မတင်မကျစိတ်ဖြင့် ပူလောင်နေမိသည်။ မြသီတာ ပျောက်ကွယ်သွားသည့်တိုင် စံပယ်ပန်းရနံ့လေးများက ပတ်ဝန်းကျင်တစ်ခုလုံးတွင် သင်းပျံ့စွာ ကျန်ရစ်ခဲ့ဆဲ


www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် မြသီတာ ထွက်သွားသော အရပ်ကို မျှော်မှန်းကာ မြသီတာကို အော်ခေါ်ရှာမိနေပါသည်။

"မြသီတာ့ . . . မြသီတာ . . . မြသီတာရေ . . . မြသီတာ"

ကျွန်တော် ခြေလှမ်းများကို ပြေးရုံတစ်မယ် လှမ်းရင်း ဟိုမှ ဒီမှ အော်ခေါ်ကာ ရှာနေစဉ် ကျောက်ခဲတစ်ခုနှင့် ခလုတ်တိုက်၍ မြေပြင်ပေါ်သို့ အရှိန်ပြင်းစွာ လဲကျရင်း အရာဝတ္ထုမာမာတစ်ခုနှင့် ခေါင်းကို ဆောင့်မိသလို ခံစားလိုက်ရပြီး ကျွန်တော့်ခေါင်းတစ်ခုလုံး မူးဝေနောက်ကျိကာ ကျွန်တော် ဘာကိုမျှ မသိနိုင်တော့ပါပေ။

◈◈◈

"မြသီတာ . . . မြသီတာ . . . သွားပါနဲ့ကွာ၊ မြသီတာ . . . မြသီတာ"

"ဟာ . . . ဆရာလေး သတိရလာပြီဟေ့"

"ဟုတ်တယ်၊ ဆရာလေး သတိရလာပြီ"

"ဆရာလေး"

"ဆရာလေး . . . သတိရလာပြီလား"

ကျွန်တော်သည် နောက်ကျိနေသော ခေါင်းထဲကနေ မြသီတာကို တမ်းတမ်းတတ အော်ခေါ်ပြီး အိပ်ရာမှ ကယောင်ကတမ်း ထ,ထိုင်လိုက်ချိန်၌ သူကြီးအိမ်ရှိ လူအများကြားတွင် ကျွန်တော်ရောက်ရှိနေကြောင်း သိလိုက်ရသည်။ ထို့နောက် ကျွန်တော့်ခေါင်းထဲ မူးနောက် နာကျင်နေသဖြင့် ခေါင်းအား စမ်းကြည့်လိုက်ရာ ကျွန်တော့်ခေါင်းမှာ ပတ်တီးနှင့် ဖြစ်၏။ ကျွန်တော် မည်သို့ဖြစ်ခဲ့ကြောင်း စဉ်းစားမရသဖြင့် တစ်ကိုယ်လုံး အတွေးများဖြင့် ပူထူကာနေ၏။

ရွာထဲရှိ လူများက ကျွန်တော့်ဘေးတွင် ဝိုင်းထိုင်၍ ကျွန်တော့်အား စိုးရိမ်သော မျက်နှာဖြင့် ကြည့်နေကြသည်။

ထို့နောက် ကျွန်တော် မနေ့ညက မြသီတာနှင့် တွေ့ဆုံခဲ့သည်ကို အမှတ်ရလာပြီး လူအုပ်ကြားထဲ မြသီတာကို လိုက်ရှာမိသည်။ သို့သော် မြသီတာ မရှိပါ။ ကျွန်တော် စိုးရိမ်တကြီးဖြင့် အနီးတွင် ရှိသော သူငယ်ချင်း အောင်သူ၏ လက်ကို ကိုင်လှုပ်၍ မြသီတာကို မေးလိုက်သည်။

"မြသီတာရော အောင်သူ၊ ဟင် . . . မြသီတာရော"

"ဆရာလေးရယ် . . . စိတ်ကို ငြိမ်ငြိမ်ထားပါဗျာ။ မနေ့ညကပဲ မြသီတာ ပွဲကို လာရင်း လှေမှောက်ပြီး ဆုံးသွားရှာတယ်။ ကျွန်တော်တို့လည်း တကယ်စိတ်မကောင်းပါဘူးဗျာ"

"ဟာ . . . မင်း ဘာတွေ ပြောနေတာလဲ အောင်သူရာ။ မနေ့ညက မြသီတာ ငါနဲ့ ချိန်းထားတဲ့ ဘုရားငုတ်တိုဆီ လာသေးတယ်။ ငါ့ကို မ,စပါနဲ့ကွာ"

အောင်သူ့မျက်နှာက မယုံသလို ဖြစ်သွားသည်။ ထို့နောက် . . .

"မဟုတ်တာ ဆရာလေးရာ။ မြသီတာက ည ၇နာရီခွဲလောက်က လာလမ်းမှာ လှေမှောက်လို့ ရေနစ်ပြီး ဆုံးသွားတာ။ ကျွန်တော်တို့ သတင်းရရချင်းပဲ ဆရာလေးကို အသိပေးဖို့ ဘုရားငုတ်တိုဆီ ထွက်လာတော့ ဆရာလေးက ဘုရားငုတ်တိုမှာ မူးပြီး လဲနေတာလေ။ ဆရာလေး လဲပြီး ကျောက်ခဲနဲ့ ခေါင်းဆောင့်မိတာ ထင်တယ်၊ ခေါင်းမှာ သွေးတွေနဲ့ မေ့နေတယ်။ ဆရာလေးကို အရက်မသောက်တတ်ဘဲ တိုက်မိတာ ကျွန်တော်တို့အမှားပါ။ နောက် မြသီတာအကြောင်းလည်း ဆရာလေး သိသင့်တာမို့ အခုပဲ ပြော





www.burmeseclassic.com

www.burmeseclassic.com

ပြလိုက်တာ။ ကျွန်တော်တို့ တကယ် စိတ်မကောင်းဘူးဗျာ။ နောက် ဆရာလေး တစ်ညလုံး မေ့နေတာ၊ အခု မနက်မှ သတိရတာပဲ"

ကျွန်တော် အောင်သူ ရှင်းပြနေသည်ကို မယုံပါ။ ကျွန်တော် မနေ့ညက အရက်မမူးတာ ကျွန်တော် သိသည်။ ထို့နောက် မြသီတာနှင့် တွေ့ခဲ့သည်ကိုလည်း ကျွန်တော် မှတ်မိပါသည်။

"ဟင့်အင်း၊ မြသီတာ ငါနဲ့ မနေ့ညက တွေ့ခဲ့သေးတာ။ မဟုတ်ဘူး၊ မြသီတာ မသေဘူး"

ထိုအခါ သူကြီးက ကျွန်တော့်အား စိတ်မကောင်းကြီးစွာ ကြည့်၍-

"စိတ်ကို ထိန်းပါ ဆရာလေးရယ်။ သေတဲ့ လူက သေပြီးပြီပဲ။ ဟိုဘက်ရွာမှာ မြသီတာအလောင်းကို သင်္ဂြိုဟ်ဖို့ စီစဉ်နေကြပြီ"

ထို့နောက် မြသီတာ နေထိုင်ပင်ပိန်ရွာမှ ဒေါ်ရွှေလှက...

"မြသီတာလေးက သနားစရာကောင်းပါတယ် ဆရာလေးရယ်။ ဘုရားပွဲမှာ ဆရာလေးနဲ့ တွေ့ဖို့ ညနေစောင်းကတည်းက သူ အရမ်းကြိုက်တဲ့ စံပယ်ပန်းတွေကို ခူးပြီး အလှပြင်နေခဲ့တာ။ ည ၇နာရီကျော်လောက်မှ ပိန်းချောင်အိုင်ကို သူငယ်ချင်းတွေနဲ့ အတူ လှေနဲ့ ဖြတ်ကူးခဲ့ကြတာ။ အခန့်မသင့်ချင်တော့ ရေနက်ရာ နေရာမှာ သူတို့လှေ မှောက်သွားကြတယ်လေ။ မိန်းမသား သုံးယောက်တည်းဆိုတော့ မကူနိုင်၊ မကယ်နိုင်ပေါ့။ ဒါပေမယ့် မြသီတာရဲ့ သူငယ်ချင်းနှစ်ယောက်က အသက်ရှင် ကျန်ခဲ့တယ်။ မြသီတာလေးသာ..."

ဒေါ်ရွှေလှက ပြောရင်း မျက်ရည်များ သုတ်ကာ...

"အခု ဒီရွာကို ကျွန်မ မြသီတာရဲ့ နာရေး လာဖိတ်တာပါ ဆရာလေးရယ်"

ငိုယိုကာ ပြောနေသော ဒေါ်ရွှေလှ၏ စကားများကိုလည်း ကျွန်တော် နားမဝင်တော့ပါ။ ကျွန်တော့်မျက်စိထဲဝယ် မနေ့ညက တွေ့ခဲ့သော မြသီတာရဲ့ မသဲမကွဲ မျက်နှာလေးကို မြင်ယောင်ရင်း မြသီတာ၏ စကားသံလေးကို ပြန်လည် ကြားယောင်နေမိသည်။

ထိုစဉ်က မြသီတာ ဆုံးသွားသည်ကို မယုံကြည်နိုင်ခဲ့သော်လည်း မြသီတာမှာ အမှန်တကယ်ဆုံးသွားခြင်းဖြစ်၏။ ထိုနေ့ည ဘုရားငုတ်တိုလေးဆီသို့ မြသီတာ၏ ဝိညာဉ်လာခဲ့ခြင်းဖြစ်ကြောင်း ကျွန်တော်သိခဲ့ပါသည်။ မိမိ၏ ချစ်သူဖြင့် တွေ့ရမည်ဟူသည့် စိတ်အစွဲကြောင့် သေသွားသော်လည်း ဝိညာဉ်ဖြင့် အရောက်လာခဲ့သည့် မြသီတာလေးကို ကျွန်တော် လွန်စွာသနားမိပါ၏။

ထိုအချိန်မှ စ၍ ယနေ့ထိ လပြည့်ညတိုင်း ကျွန်တော့်အနီးတစ်ဝိုက်၌ စံပယ်နံ့ သင်းနေတတ်သည်။ ထိုအချိန်များ၌ မြသီတာ ပြောခဲ့သည့် စကားအတိုင်း ကျွန်တော့်အနီးတစ်ဝိုက်တွင် သူမ ရောက်ရှိနေကြောင်း ကျွန်တော် သိပါသည်။

ထို့ပြင် လပြည့်ည သန်းခေါင်ကျော်အချိန်များ၌ ဟိုအင်းရွာဘုရားငုတ်တိုဘေးတွင် မြသီတာ၏ အဆွေးသီချင်းညည်းဆိုသံကို ကြားရသည်ဟု ဟိုအင်းရွာသားများက ပြောကြ၏။ မြသီတာ၏ သတင်းကြားတိုင်း ကျွန်တော် စိတ်မကောင်းနိုင်ပါ။ တမလွန်ဘဝအထိ အစွဲအလမ်းကြီးသည့် သံယောဇဉ်နှင့် ချစ်တတ်သော တောသူမလေး မြသီတာကို ကျွန်တော် ပိုတိုး၍ ချစ်မိလေ၏။

သို့သော် မြသီတာ ယခုလို အစွဲ အလမ်းကြောင့် ပရလောကသားဘ[illegible] ရောက်ရှိနေခြင်းကိုမူ ကျွန်တော် မ[illegible] လားပါ။ ထို့ကြောင့် မြသီတာအတွက် ရည်စူးပြီး ကောင်းမှုကုသိုလ်များ လု[illegible] ပေးသလို၊ လပြည့်ညတိုင်းလည်း မြသီတာ ယခုရောက်ရှိနေသော ဘဝ[illegible] ကျွတ်ပါစေဟု ဆုတောင်းပေးနေမိ[illegible] သည်။

◈◈◈

"ငါတို့အဖြစ်ကတော့ ဒါပဲ ညီမောင်ရာ။ ငါ နောက်ဆုံးတွေ့ခဲ့တဲ့ မြသီတာရဲ့ ဝိညာဉ်ပါပဲ"

"ဪ... ဆရာတို့အဖြစ်[illegible] လည်း ဂမ္ဘီရဆန်လိုက်တာနော်"

ညီမောင်က နွားနှစ်ကောင်[illegible] မောင်းရင်း ကောက်ချက်ချ ပြောဆို[illegible] ၏။ နွားနှစ်ကောင်သည်လည်း ရွာအ[illegible] သို့ ရောက်နေပြီမို့ လျင်မြန်စွာ ဆွဲ[illegible] နေလေ၏။

ကျွန်ုပ်သည်လည်း မြသီတာ[illegible] နမ့်ပန်ရွာလေးသို့ ဝင်လာလိုက်သည်[illegible] နှင့် ရင်ထဲတွင် နွေးထွေးပျော်ရွှင်မှု[illegible] အတူ မြသီတာကို ပိုတိုး၍ လွမ်းဆွတ် တမ်းတမိပါ၏။

နှစ်တွေ အလီလီပြောင်းသော်[illegible] လည်း မြသီတာကိုတော့ ကျွန်ုပ် မေ့[illegible] ရဦးမည်မဟုတ်ပါပေ။ ထို့ပြင် လပြည့် ညရောက်တိုင်းလည်း မြသီတာ၏ ဝိညာဉ်နှင့် တွေ့ခဲ့သည့် ဟိုအင်းရွာ ဘုရားပွဲညလေးကို လွမ်းဆွတ်တမ်းတ[illegible] ရင်း မြသီတာ ထိုဘဝမှ အမြန်ကျွတ် ပါစေကြောင်း ဆုတောင်းပေးနေရဦး မည် ဖြစ်ပေသည်■


* * *

ညီလေးငယ်([illegible]တော်)

www.burmeseclassic.com

"ခွပ်"
"အင့်"
"ဒုတ်"
"အွန့်"
"ဘုံး"
"အောင်မယ်လေးဗျ"

ထိုးကြ ရိုက်ကြတဲ့ လူတွေက မင်းချင်းတွေ။ ပြောရရင် မင်းမြောင်တွေ။ အထိုးအရိုက်ခံရတဲ့လူက ကျေးတော




# ပက္လိုတာနုဋ္ဌသောဝနာ

## မန်းတနော်နောင်လတ်

www.burmeseclassic.com

www.burmeseclassic.com

သား။ မင်းမြောင်တွေက ထိုးနက်ရိုက်ပုတ်ပြီးမှ မေးတယ်။

"ပေး...ပုလဲကုံး"

"ဗျာ..."

"ဗျာဦးကွာ၊ ကဲ..."

"ခွပ်"

"သေပါပြီဗျာ"

"ဟော့...သူခိုး၊ မင်းခိုးထားတဲ့ ပုလဲကုံးပြန်ပေး"

"ကျွန်တော် မခိုးပါဘူးဗျာ"

"ကဲကွာ...ကဲကွာ၊ ညာဦး"

"ဖုတ်"

"အား..."

"သူခိုး...ပြန်ပေး"

"ကျွန်...ကျွန်တော်...သူ...သူခိုး...မ...မဟုတ်"

"ဘုတ်...ဘုတ်...ဘုတ်"

ကျေးတောသားကို မင်းမြောင်တွေက ဘောလုံးကန်သလို ကန်ကြ ရိုက်ကြနဲ့။ နာလွန်းတော့ ကျေးတောသားက စဉ်းစားတယ်။

"ပုလဲကုံးကို ငါ မခိုးဘူးလို့ ဖြေနေသမျှ ငါ အထိုးအနက်ခံရမှာပဲ။ အထိုးအနက်မခံရအောင် ခိုးပါတယ်လို့ ဝန်ခံရင်လည်း ဘယ်မှာလဲ၊ ပေးဆိုပြီး တောင်းလိုက်၊ မေးလိုက်လုပ်ရင်း ထိုးနက် ကန်ကြောက်နေမှာပဲ။ ဒီတော့ ပုလဲကုံးကို ကျွန်တော်ခိုးပါတယ်။ သူဌေးကြီးက ခိုးခိုင်းလို့ ခိုးတာပါ။ ခိုးပြီး သူဌေးကြီးကို ပုလဲကုံးပေးလိုက်ရပါတယ်"

လို့ ပြောလိုက်တယ်။

ဒီအခါ မင်းချင်းတွေက ကျေးတောသားကို ဖမ်းခေါ် ချုပ်နှောင်လိုက်တော့တာပါပဲ။

ထို့နောက် ကျေးတောသားရဲ့ စကားကို ယုံပြီး မင်းချင်းတွေက သူဌေးကြီးကို ဆက်ဖမ်းလိုက်တယ်။

"လာခဲ့"

"ဗျာ...ကျွန်တော် ဘာဖြစ်လို့..."

သူဌေးကြီးစကားက အဆုံးမသတ်နိုင်ခဲ့ပါဘူး။

"ဖုတ်"

"ဘုတ်"

"ခွပ်"

ဆိုတဲ့ အသံတွေ မြည်အောင် မင်းမြောင်တွေက လက်စွမ်းပြတာနဲ့ သူဌေးကြီးရဲ့ နှုတ်ဖျားက...

"အား..."

"အီး..."

"အင့်"

ဆိုတဲ့ အသံမျိုးစုံ ထွက်လာတာပေါ့။

ဒီတော့မှ မင်းမြောင်တစ်ယောက်က သူဌေးကြီးဖြစ်ပြီး မိဖုရားကြီးရဲ့ ပုလဲကုံးကို ဘာဖြစ်လို့ ကျေးတောသားကို ခိုးခိုင်းရတာလဲ။ ပေး၊ အဲဒီ ပုလဲကုံးလို့ ပြောရင်း၊ တောင်းရင်း ထိုးကြိတ်ပြန်ပါတယ်။

အထိုးအကြိတ်အကန်တွေ ခံရလွန်းလို့ သူဌေးကြီးလည်း ကျေးတောသား စဉ်းစားခဲ့သလို စဉ်းစားပြီး မင်းဆရာ ပုရောဟိတ် ခိုးခိုင်းလို့ လုပ်ပေးရတာပါ။ ကျေးတောသား ခိုးပေးတဲ့ ပုလဲကုံးကို ပုရောဟိတ်ကို ပေးလိုက်ရတယ်လို့ ဖြေတယ်ဆိုပဲ။

ဒီတော့ မင်းမြောင်တွေက သူဌေးကြီးကိုလည်း ကျေးတောသားလို ကြိုးတွေနဲ့ ခိုင်ခိုင်တုပ်နှောင်ချည်ပြီး ကျေးတောသားနဲ့အတူတူ အချုပ်ခန်းထဲ ထည့်လိုက်ကြတယ်။

BURMESE CLASSIC

သူဌေးကြီးရဲ့ စကားကို ယုံပြီး မင်းမြောင်တွေကလည်း ပုရောဟိတ်ကြီးကို ထိုးနက်ပြီး ဖမ်းလိုက်ပြန်တယ်။

"ပုရောဟိတ်ဆိုပြီး ခိုးဦးကွာ၊ ခိုးဦး"

"ဖြန်း"

"အား..."

"ခွပ်...ခွပ်...ခွပ်"

"သေပါပြီ"

"ဘုန်း...ဘုန်း"

"အွန့်"

"ပုလဲကုံးပေး၊ ပေးစမ်း...ပေးစမ်း"

ထိုးလိုက်၊ ရိုက်လိုက်၊ ကန်လိုက်၊ မေးလိုက်လုပ်လွန်းလို့ ပုရောဟိတ်ကြီးလည်း နာကျင်ပြီး သူဌေးကြီး စဉ်းစားသလို စဉ်းစားပြီး စောင်းသမားက ခိုးခိုင်းလို့ ခိုးရတာပါ။ ခိုးပြီး စောင်းသမားကို ပေးလိုက်ရတဲ့အကြောင်း ပြောလိုက်တာပေါ့။

ဒီတော့ မင်းဆရာ ပုရောဟိတ်ကြီးကိုလည်း ကျေးတောသားနဲ့ သူဌေးကြီးကို ဖမ်းသလို ကြိုးတုပ် ချည်နှောင်ပြီး အချုပ်ခန်းထဲ ထည့်လိုက်ပြန်ပါတယ်။

စောင်းသမားကိုလည်း မင်းမြောင်တွေက ဘယ်အလွတ်ပေးမလဲ။

ထိုးလိုက်၊ မေးလိုက်၊ ရိုက်လိုက်၊ တောင်းလိုက်၊ ကန်လိုက်၊ မေးလိုက်နဲ့ လုပ်လို့ ကွဲပြဲရောင် နာကျင်လွန်းတဲ့ စောင်းသမားကလည်း မင်းဆရာ ပုရောဟိတ်တို့လို



www.burmeseclassic.com

www.burmeseclassic.com

အမျိုးသမီးတစ်ယောက်ကို လွှဲပြောင်းပေးလိုက်ပါတယ်။

အဲဒီ စောင်းသမားကိုလည်း မင်းမြောင်တွေက ဖမ်းဆီး ချုပ်နှောင်ပြီး ကျေးတောသားတို့နဲ့အတူ အချုပ်ခန်းတစ်ခန်းထဲမှာ ထည့်သွင်းထားလိုက်ပါတယ်။

စောင်းသမား လွှဲချလိုက်တဲ့ အမျိုးသမီးက သာမန်အမျိုးသမီးမဟုတ်ဘူး။ သာမန် ယောက်ျားတွေနဲ့လည်း မတူဘူး သတ္တိရှိတယ်။ ရဲဝံ့တယ်။ အမှန်ကို အမှန်အတိုင်းပြောဆိုရဲတယ်။

သူ့ကို ရိုက်နှက်ဖို့ ဖမ်းဆီးချုပ်နှောင် မေးမြန်းဖို့ လာတဲ့ မင်းမြောင်တွေကို မကြောက်ဘူး။ သူ့ကို မရိုက်မနှက်ခင် မမေးခဲ့ကတည်းက...

"မင်းချင်းတို့...ငါက သူခိုးမဟုတ်ဘူး။ သင်တို့က မင်းမှုထမ်းတွေ၊ မင်းချင်းတွေဖြစ်ပြီး သူတစ်ပါးစကားကို စဉ်းစားဆင်ခြင် စုံစမ်းလေ့လာမှု မပြုဘဲ ယုံတာ မှားတယ်။ 'မင်းပင် ကောင်းလျက်၊ မင်းမြောင် ဖျက်' ဆိုတဲ့ စကားနဲ့ သင် တို့ နာမည်ကို သင်တို့ ညစ်ပေအောင်၊ ညစ်နွမ်းအောင်၊ သူတကာ ကဲ့ရဲ့အောင်၊ မုန်းတီးအောင် မလုပ်ကြပါနဲ့"

လို့ ပြောလိုက်ပါတယ်။

အဲဒီဖြစ်စဉ် ဖြစ်လာရတာက ဒီလိုပါ။

◈◈◈

ဗာရာဏသီမင်းကြီးနဲ့ မိဖုရားကြီးက မင်္ဂလာကန်တော်ထဲမှာ ရေချိုးသန့်စင်တော်မူခဲ့တယ်။ ရေမချိုးခင် မိဖုရားကြီးက သူ့လည်တိုင်မှာ အမြတ်တနိုး ဆွဲထားတဲ့ တန်ဖိုးများစွာ ထိုက်တန်တဲ့၊ လှပတဲ့ ပုလဲကုံးကြီးကို ချွတ်ပြီး ကျွန်မ တစ်ယောက်ကို ထိန်းသိမ်းစောင့်ရှောက်ထားဖို့ ပေးအပ်ထားတာပေါ့"

မိဖုရားကြီးရဲ့ တန်ဖိုးများစွာထိုက်တန်တဲ့ ပုလဲကုံးကြီးကို တာဝန်ပေးခံရတဲ့ ကျွန်မက ကန်ပေါင်ဘေးနားက သစ်ပင်အောက်မှာ ထိုင်ရင်း သူ့ဘေးမှာ သေသေချာချာ ချထားတယ်ဆိုပဲ။ ပုလဲကုံးကြီးရဲ့ အလှဟာ မြင်သူ မက်မောစရာဖြစ်နေမှာ သေချာပါတယ်။

ဒီကြားထဲ မင်းကြီးနဲ့ မိဖုရားကြီး ရေချိုးတာက သာမန်ဆင်းရဲသားတွေ၊ ပြည်သူတွေ ရေချိုးသလို ရေထဲဆင်း၊ ငုပ်တက်၊ ချေးတွန်း၊ ဆပ်ပြာတိုက်၊ ရေထဲ ပြန်ဆင်းပြီး ရေထဲက ပြန်တက်တာထက် အချိန်အများကြီး ကြာမှာပေါ့။

အချိန်တွေ ကြာကြာစောင့်ရတဲ့ ကျွန်မက အိပ်ငိုက်ခဲ့တယ်ဆိုပဲ။ အဲဒီအချိန်အထိ စောင့်ကြည့်နေသူလည်း ရှိတယ်။ သူက လူမဟုတ်ဘူး။ မျောက်မကြီး။ ပုလဲကုံးကို ဘေးမှာ ထားပြီး စောင့်ရှောက်နေတဲ့ ကျွန်မအနားက သစ်ပင်ပေါ်မှာ ရှိတဲ့ မျောက်မကြီး။

အဲဒီ မျောက်မကြီးက ကျွန်မ အိပ်ငိုက်တဲ့ အချိန်မှာ သစ်ပင်ပေါ်က မြန်မြန်ဆင်း၊ ပုလဲကုံးကို မြန်မြန်ခိုး၊ သစ်ပင်ရဲ့ သစ်ခေါင်းထဲ မြန်မြန်ဝှက်လို့ သစ်ကိုင်းပေါ် ပြန်ထိုင်ရင်း သူ မခိုးခဲ့၊ မဝှက်ခဲ့သလို ဟန်မပျက် နေခဲ့တာ။

အိပ်ငိုက်တယ်ဆိုတာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်တာမှ မဟုတ်တဲ့။ ကျွန်မက ပုလဲကုံးကြီးကို တစ်ခါတစ်ခါ လက်နဲ့ စမ်း၊စမ်းကြည့်တတ်တာဆိုတော့ ပုလဲကုံးကြီး မရှိတော့တာ သိသွားတယ်။

"ဟာ...ပုလဲကုံးကြီး မရှိတော့ဘူး။ ပျောက်သွားပြီ။ ငါ...ငါ အသတ်ခံရတော့မှာပဲ။ မဖြစ်ဘူး။ အသတ်မခံရအောင် ငါကြံမယ်"

လို့ တွေးရင်း အကြံရတာနဲ့...

"မိဖုရားကြီးရဲ့ ပုလဲကုံးကြီးကို လူတစ်ယောက် ခိုးယူ ထွက်ပြေးသွားပါပြီ"

လို့ အဆက်မပြတ် အော်ဟစ်တော့တာပါပဲ။

ပုလဲကုံးကြီးကို ခေတ္တ ထိန်းသိမ်းစောင့်ရှောက်နေတဲ့ ကျွန်မရဲ့ အော်သံကိုလည်း ကြားရော၊ မင်းချင်းတွေက ဘာမှ မစဉ်းစား မဆင်ခြင်တော့ဘဲ...

"သူခိုးတဲ့ဟေ့...သူခိုး...သူခိုး၊ လိုက်...လိုက်"

"သူခိုးကို မလွှတ်စေနဲ့"

"ဖမ်း...ဖမ်း၊ သူခိုးကို မိအောင်ဖမ်း"

ဆိုပြီး ရမ်းသမ်းအော်ကြ၊ မင်္ဂလာကန်ပေါင်ရဲ့ အတွင်းနဲ့ အပြင် နေရာအနှံ့ရောက်အောင် ပြေးလွှားကြ၊ သူခိုးဖမ်းကြတာပေါ့။

ဒီတော့ မင်္ဂလာကန်တော်ရဲ့ အပြင်ဘက် ကန်ပေါင်နားမှာ ကျေးတောသားကို တွေ့ရတော့တာပါပဲ။ အဲဒီ ကျေးတောသားက အခွန်တော်ကိစ္စနဲ့ ကန်တော်အပြင်ဘက်ကို ရောက်လာပြီး မောလို့ ထိုင်အနားယူနေတာ။

အဲဒီမှာတင် ကျေးတောသားကို မင်းမြောင်တွေက တွေ့ပြီး သူခိုးစွပ်စွဲ၍ ရိုက်ကြပုတ်ကြ၊ ထိုးကြနှက်ကြ ဖြစ်လာတာပါပဲ။

◈◈◈

ဒီလိုနဲ့ပဲ နောက်ဆုံးမှာ အမျိုးသမီးတစ်ယောက်ဆီ ရောက်သွားပြီး၊ စဉ်းစားဆင်ခြင်ဉာဏ်ရှိတဲ့ အမျိုးသမီးရဲ့ စကားကြောင့် ဗာရာဏသီမင်းကြီးရဲ့ အတိုင်ပင်ခံ ပညာရှိ အမတ်ကြီးက...


www.burmeseclassic.com

www.burmeseclassic.com

"မိဖုရားကြီးရဲ့ ပုလဲကုံးကြီး ပျောက်တာက မင်္ဂလာကန်တော်နားမှာ။ မင်းဥယျာဉ်ထဲမှာ။ နိုးတယ်ဆိုပြီး ထိုးနှက်ရိုက်ပုတ် ကန်ကြောက်တာ ခံရတဲ့ လူတွေက ဥယျာဉ်တော်အပြင်မှာ။ မင်းဥယျာဉ်မှာ တံခါးပေါက်တွေနဲ့ အစောင့်အရှောက်တွေက အပြည့်။ အပြင်လူတစ်ယောက် ဝင်နိုင်ဖို့မလွယ်ဘူး။ ဝင်ခွင့်မရဘဲ ဘယ်သူမှ မဝင်နိုင်ဘူး။ ဝင်ခွင့်မရပေမယ့် နေနိုင်ကြတာ၊ နေကြတာက မျောက်တွေ။ မျောက်တွေက သစ်ပင်တွေပေါ်မှာ နေတာ။ ဒါကြောင့်မျောက်တစ်ကောင်ကောင်က ခိုးထားတာ ဖြစ်နိုင်တယ်"

လို့ တွေးပြီး တစ်စုတစ်စေးတည်း ဖမ်းဆီးထားတဲ့ သူခိုးဆိုတဲ့ လူတွေရဲ့ စကားကို အစောင့်ချထားတဲ့ မင်းမှုထမ်းကို နားထောင်စေတယ်။ အဲဒီ မင်းမှုထမ်းဆီက သိရတဲ့ စကားက သူခိုးဆိုပြီး ဖမ်းဆီးချုပ်နှောင်ခံရတဲ့ ကျေးတောသားကို သူဌေးကြီးက အပြစ်တင်၊ သူဌေးကြီးကို မင်းဆရာပုရောဟိတ်က အပြစ်တင်၊ မင်းဆရာ ပုရောဟိတ်ကို စောင်းသမားက အပြစ်တင်၊ စောင်းသမားကို အမျိုးသမီးက အပြစ်တင်တဲ့ အကြောင်းတွေပဲ။

ဒီတော့ ပညာရှိ မင်းတိုင်ပင် အမတ်ကြီးက နန်းတွင်းသူတွေကို ချည်ပွ ပုတီးကုံးတွေ၊ ပုလဲကုံးအတုတွေ လုပ်နိုင်း။ မင်းချင်းတွေကို မျောက်တွေကို ဖမ်းခိုင်း။ မျောက်တွေရဲ့ လည်တိုင်မှာ ချည်ပွ ပုတီးကုံးတွေ ဆွဲပေးခိုင်းတာပေါ့။

ဒီလိုလည်းလုပ်ရော မျောက်တွေက ကွိကွိကွကွနဲ့ သူတို့လည်မှာ ဆွဲထားတဲ့ ချည်ပွ ပုတီးကုံးတွေကို ပြပြီး အလှချင်းပြိုင်ကြတယ်တဲ့။

အဲဒီတော့မှ မိဖုရားကြီးရဲ့ ပုလဲကုံးကြီးကို ခိုးပြီး သစ်ပင်ရဲ့ သစ်ခေါင်းထဲမှာ ဝှက်ထားတဲ့ မျောက်မကြီးက သစ်ခေါင်းထဲက ပုလဲကုံးကြီးကို ထုတ်၊ လည်တိုင်မှာ ဆွဲလို့ သူ့ပုလဲကုံးက အလှဆုံးဆိုတာ ကြွားသလိုလုပ်တော့တာပါပဲ။

ပညာရှိ မင်းတိုင်ပင် အမတ်ကြီးက မင်းချင်းတွေကို အဲဒီ မျောက်မကြီးအား ဝိုင်းဖမ်းခိုင်းပြီး ပုလဲကုံးကြီးကို အရပြန်ယူလို့ ဗာရာဏသီမင်းကြီးကို ဆက်သပါတယ်။ ဗာရာဏသီမင်းကြီးက ပိုင်ရှင်အမှန်ဖြစ်တဲ့ မိဖုရားကြီးကို ပုလဲကုံးကြီး ပြန်လည်ပေးအပ်လိုက်တယ်ဆိုတဲ့ ဖြစ်ရပ်မှန် ဇာတ်တော်တစ်ပုဒ်ပါ။

◈◈◈

အဲဒီ ဇာတ်တော်ကို "မဟာသာရဇာတ်တော်"လို့ ခေါ်ပါတယ်။ အဲဒီ ဇာတ်တော်မှာ သင်ခန်းစာယူစရာတွေ ရှိပါတယ်။

(၁) မိဖုရားကြီးရဲ့ ပုလဲကုံးကြီးကို ခေတ္တ ထိန်းသိမ်းစောင့်ရှောက်ရတဲ့ ကျွန်မလို တာဝန် မလစ်ဟင်းဖို့။

(၂) ကျွန်မလို ကိုယ့်အပေါ် အပြစ်ရောက်မှာစိုးလို့ အမှန်အတိုင်းမပြောဘဲ သူတစ်ပါးအပေါ် အပြစ်မလွှဲချဖို့။

(၃) အပြစ်လွှဲချခံကြရတဲ့ ကျေးတောသား၊ သူဌေးကြီး၊ မင်းဆရာ ပုရောဟိတ်၊ စောင်းသမားတို့လို ကိုယ် အပြစ်မကျူးလွန်ရင် မကျူးလွန်တဲ့ အကြောင်း၊ အမျိုးသမီးလို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားနဲ့ အပြစ်တင်တဲ့သူတွေ စဉ်းစားဆင်ခြင်နိုင်တဲ့ စကားမျိုးကို နားဝင်အောင် ယဉ်ယဉ်ကျေးကျေး ချိုချိုသာသာ ပြောဆိုရဲတဲ့ သတ္တိရှိဖို့။

(၄) မင်းချင်းတွေဆိုတဲ့ မင်းမြှောင်တွေလို၊ ဒါမှ မဟုတ် မိဖုရားအတွက်ဆိုရင် ဘာပဲ လုပ်ပေး[illegible] လုပ်ပေးရသဘောနဲ့ မစဉ်းစား၊ မတွေးတော မလေ့လာဘဲ၊ တိတိကျကျ မစုံစမ်း၊ မမေးမြန်းဘဲ ရိုက်နှက် ထိုးကြိတ်ကာ ဖမ်းဆီးချုပ်နှောင်တာ အရေးယူတာ မလုပ်ဖို့။

(၅) မင်းဆိုတဲ့ ရှင်ဘုရင်ကလည်း ငါ့မင်းချင်းတွေ မင်းမှုထမ်းတွေလုပ်တာ မှန်လား၊ မမှန်လား မစဉ်းစားဘဲ လုပ်စေဆိုတဲ့ အာဏာကုန်မပေး[illegible] ကိုယ်တိုင်က စဉ်းစားဆင်ခြင်ဉာဏ်ရှိဖို့၊ တိတိ[illegible] ကျကျသိရအောင် ကျကျနနလေ့လာစုံစမ်း[illegible] မင်းမှုထမ်းတွေကိုလည်း အဲဒီလို တာဝန်ပေး[illegible] တာဝန်ကျေပွန်သူတွေကို ထိုက်သင့်တဲ့ ဆု[illegible] မြှင့်ပြီး တာဝန်မကျေပွန်သူတွေကို ထိုက်သင့်တဲ့ အပြစ်ဒဏ်ပေးဖို့။

(၆) ပညာရှိ မင်းတိုင်ပင် အမတ်ကြီးလို ဆင်ခြင်[illegible] တရားနဲ့ ပြည့်စုံဖို့ဆိုတာပဲ ဖြစ်ပါတယ်။

"ပဏ္ဍိတာနဉ္စ သေဝနာ"ဆိုတဲ့အတိုင်း ပညာရှိတွေနဲ့ ပေါင်းသင်းပြီး ပညာရှိတွေရဲ့ မှန်ကန်တဲ့ အကြံကောင်း ဉာဏ်ကောင်းတွေ ယူပြီး မိမိကောင်းကျိုး၊ အများကောင်းကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေ ■

* * *

ပန်းတနော်နေ[illegible]



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄၊ ဇူလိုင်လအတွက်

# နာမက္ခရာဆန်း အထူးဟောစာတမ်း

ဂမ္ဘီရ ဆရာလှမျိုး (B.Sc)

### တနင်္ဂနွေနံအက္ခရာ

**(အ၊ အာ၊ ဣ၊ ဣ၊ ဤ၊ ဥ၊ ဦ၊ ဧ၊ ဩ) စသည့် "အ"အသံထွက်နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် မိမိပြုလုပ်နေသော ပုံမှန်အလုပ်ကိုသာ ဆက်လက်လုပ်ကိုင်သင့်သည်။ အိမ်၊ မြေ၊ မြေ၊ ကား ဝင်ကိန်းမကောင်းဘဲ ထွက်ကိန်းဖြစ်နေသည်။ ပြည်တွင်းပြည်ပ ခရီးသွားကိန်းရှိသည်။ ဘာသာရေးခရီးထွက်ရမည်။ ကွဲကွာနေသော မိတ်ဆွေဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ ရွှေငွေရတနာပစ္စည်း ဝင်ကိန်းရှိသည်။ နေအိမ်သို့ ဘုရား ရဟန္တာပုံတော်၊ ရုပ်ပွားတော်၊ ဓာတ်တော်ကြွလာပါက ကောင်းသော နိမိတ်ဟု မှတ်ယူပြီး ၄အစ ၆အဆုံး၊ ၆အစ ၄အဆုံး အောင်ဘာလေဝထီထိုးပါ။ လူငယ်များ အချစ်ရေး၊ ပညာရေး ညံ့နေပြီး၊ လူကြီးများ အိမ်ထောင်ရေး အဆင်ပြေမည်။ ဦးခေါင်းနှင့် ပတ်သက်သော ဝေဒနာ ခံစားရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်မှာ ဖယောင်းတိုင်အဖြူ (၆)တိုင် ပူဇော်ပြီး သမ္ဗုဒ္ဓေဂါထာတော် သက်စေ့ရွတ်ဆိုပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

BURMESE CLASSIC

### တနင်္လာနံအက္ခရာ

**(က၊ ခ၊ ဂ၊ ဃ၊ င)နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် အိုးအိမ်၊ နေရာဌာန ပြောင်းရွှေ့ကိန်း ကြုံတွေ့ရမည်။ ပြည်တွင်းပြည်ပ ခရီးဝေးသွားရမည်။ လူမျိုးခြားနိုင်ငံခြားသားနှင့် လုပ်ငန်းပူးတွဲဆောင်ရွက်ရမည်။ ဝန်ထမ်းများ ရာထူးတိုးကိန်းရှိသည်။ အင်တာဗျူး၊ စာမေးပွဲကိစ္စ အထူးကြိုးစားမှ အောင်မြင်မည်။ ဆန်၊ ဆီ၊ ဆေး၊ စက်၊ ဆိုင်ခန်း၊ စိန်ထည်ပစ္စည်းအရောင်းအဝယ် ကောင်းကျိုးပြုမည်။ ငွေဝင်သော်လည်း ငွေမမြဲ မစုနိုင်ဖြစ်နေမည်။ အိမ်၊ ကား ပြုပြင်မွမ်းမံရမှုကြောင့် ငွေကုန်မည်။ တပည့် သားသမီးထံမှ အကူအညီရမည်။ အိမ်ထောင်ဖက်နှင့် ပတ်သက်၍ စီးပွားရေးအောင်မြင်မှု အကျိုးကျေးဇူးခံစားရမည်။ ချစ်သူနှင့် ခွဲခွာနေရမည်။

**ကောင်းကျိုးပြုယတြာ** - သပြေ (၁၁)ညွှန့် အောင်အိုးထိုးလှူပါ။ ရှင်သီဝလိ ရဟန္တာအား အာရုံပြု၍ သစ်သီး၊ ရေတော် ကပ်လှူပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .

### အင်္ဂါနံအက္ခရာ

**(စ၊ ဆ၊ ဇ၊ ဈ၊ ည) နှင့် စသော အမည်ပိုင်ရှင်များ . . .**

ဤလတွင် စပ်တူရှယ်ယာအလုပ်၊ စုပေါင်းဆောင်ရွက်ရသောလုပ်ငန်း ပြုလုပ်ရမည်။ လူမှုရေး၊ ပရဟိတလုပ်ငန်း ပါဝင်ရခြင်း၊ နေရာပေးခံရခြင်း ကြုံတွေ့ရမည်။ ကွဲကွာနေသော မိတ်ဆွေ၊ ဆရာသမားနှင့် ပြန်လည်ဆုံတွေ့ရမည်။ ရွှေထည်ပစ္စည်း၊ လက်ဝတ်ရတနာ၊ အလှကုန်၊ အဝတ်အစား၊ လျှပ်စစ်ပစ္စည်း၊ ရေလုပ်ငန်း၊ အရောင်းအဝယ် ကောင်းကျိုးပြုမည်။ မိဘအကြီးအကဲ ကျန်းမာရေး ဂရုစိုက်ရမည်။ မိမိစီးသောကား ပျက်လျှင်၊ လမ်းသွားရင်း ကားပျက်တာ ကြုံရလျှင် ယတြာကျေသည်ဟု မှတ်ယူပါသည်။ ချစ်သူနှင့် စိတ်သဘောထား ကွဲလွဲနေမည်။ အိမ်ထောင်ဖက်၏ ကူညီထောက်ပံ့မှု ခံစားရမည်။ အလှူမင်္ဂလာကိစ္စ ရက်ပြောင်းရွှေ့ရတတ်သည်။

**ကောင်းကျိုးပြုယတြာ** - မွေးနံထောင့်တွင် ရေသပ္ပာယ်ပြီး ခရေညွှန့် (၆)ညွှန့် လှူဒါန်းပါ။

. . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . . .



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးနံ့အကွရာ

**(ယ၊ ရ၊ လ၊ ဝ၊ ဠ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် အကြံအစည် ရည်ရွယ်ချက်များ အောင်မြင်မည်။ မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ တောင် (သို့မဟုတ်) မြောက်အရပ်သို့ ခရီးထွက်ရမည်။ အလှူမင်္ဂလာကိစ္စ ဆောင်ရွက်ရမည်။ ရပ်ဝေးမှ ဆွေမျိုးသားချင်း ရောက်လာမည်။ သံ၊ သစ် သွပ်၊ သားရေထည်ပစ္စည်း၊ သစ်သီးဝလံ အနုပညာလုပ်ငန်းများ ဆောင်ရွက်မှု အရောင်းအဝယ် အဆင်ပြေမည်။ အင်း၊ အဆောင် လက်ဖွဲ့များ ဆောင်မထားရ။ စက်ပစ္စည်း၊ ဆိုင်ခန်း၊ စိန်ထည်၊ စောင်၊ စာအုပ် စသည့် အဂါနံများ ဝင်မည်။ မည်သည့်ကိစ္စမဆို တနင်္လာနှင့် ကြာသပတေးနေ့ ရှောင်၍ ပြုလုပ်ပါ။ လူငယ်များ ခရီးသွားလာရင်း ချစ်သူတွေ့မည်။ ထီဝါသနာပါက (၄၆၈)ပါသော ထီဂဏန်းကို ရွေးထိုးပါ။

**ကောင်းကျိုးပြု ယတြာ** - နေအိမ်ဘုရားတွင် ရှောက်သီး (၁)လုံး၊ သံပရာသီး (၉)လုံးလှူပါ။

…………………………………………………………

## ကြာသပတေးနံ့အကွရာ

**(ပ၊ ဖ၊ ဗ၊ ဘ၊ မ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် ကံဇာတာ ညံ့နေသည်။ မည်သည့်ကိစ္စမဆို အပြိုင်အဆိုင် အတိုက်အခံ ကြုံတွေ့ရမည်။ လုပ်ငန်းပြုလုပ်ရာတွင် အဂါ၊ ဗုဒ္ဓဟူးသားသမီးများနှင့် ပူးတွဲပေါင်းစပ်လုပ်ကိုင်ပါ။ ဖြတ်လမ်း စီးပွား၊ လောင်းကစား စသည့်တို့ကို အထူးရှောင်ပါ။ အိမ်၊ ခြံ၊ မြေကိစ္စ ပြဿနာပေါ်တတ်သည်။ ပွဲစား(အကျိုးဆောင်)များ ရှိုးသားစွာ ပြုလုပ်ပါ။ မိမိအခက်အခဲကို ကူညီမည့်သူ ပေါ်မည်။ သားသမီး၊ တပည့်လက်အောက်ငယ်သားထံမှ အကျိုးကျေးဇူး ခံစားရမည်။ ကွဲကွာနေသော အိမ်ထောင်ဖက်နှင့် ပြန်လည် ဆုံတွေ့ရမည်။ လက်ထပ်မင်္ဂလာကိစ္စ မပြုလုပ်သင့်သေးပါ။ ဝါကျွတ်ပြီးမှ ကောင်းမည်။ ရေလမ်းခရီးသွားရမည်။ ရေလုပ်ငန်း သင်္ဘောလုပ်ငန်း အဆင်ပြေမည်။

**ကောင်းကျိုးပြုယတြာ** - ဗုဒ္ဓဟူးနှင့် သောကြာနေ့တိုင်း ရှောက်ယို၊ ရှောက်သီးသုပ်၊ ရေသန့်ဘူး၊ ဝက်သားဟင်း တစ်မျိုးမျိုးအား ဘုရား၊ သံဃာတို့ကို လှူပါ။

BURMESE CLASSIC

…………………………………………………………

## သောကြာနံ့အကွရာ

**(သ၊ ဟ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် မမျှော်လင့်ဘဲ ငွေအစုလိုက်ဝင်မည်။ အကြံအစည် ရည်ရွယ်ချက်တွေ အောင်မြင်မည်။ လုပ်ငန်းသစ် ပြုလုပ်ရမည်။ ဝန်ထမ်းဆိုပါက နေရာဌာနပြောင်းရွှေ့ခြင်း၊ ရာထူးတိုးခြင်းတို့ ကြုံတွေ့ရမည်။ ပြည်တွင်းပြည်ပ ခရီးဝေး(ဘာသာရေးခရီး)တစ်ခု ထွက်ရမည်။ တနင်္ဂနွေ၊ ကြာသပတေးနေ့ ရှောင်ပါ။ တနင်္ဂနွေ+ကြာသပတေးနေ့နံ၊ အစားအစာ၊ လူ၊ ပစ္စည်းညံ့နေသည်။ ဘဲဥ ဘဲသား၊ အုန်းသီးပါသော မုန့် စသည်တို့ ရှောင်ပါ။ အင်း၊ အဆောင်၊ လက်ဖွဲ့ အိတ်ထဲ ဆောင်မထားရ။ မိဘဘိုးဘွားအကြီးအကဲ ကျန်းမာရေး စိုးရိမ်ရမည်။ အမျိုးသားများ မိန်းမပြဿနာပေါ်တတ်သည်။

**ကောင်းကျိုးပြုယတြာ** - ရှင်သီဝလိ ရဟန္တာအရှင်မြတ်အား ရေတော်၊ သစ်သီး နေ့စဉ်ကပ်လှူပြီး ရှင်သီဝလိဂါထာ ရွတ်ဖတ် ပူဇော်ပါ။

…………………………………………………………

## စနေနံ့အကွရာ

**(တ၊ ထ၊ ဒ၊ ဓ၊ န၊ ဌ) နှင့် စသော အမည်ပိုင်ရှင်များ…**

ဤလတွင် အကောင်းနှင့် အဆိုး ဒွန်တွဲဖြစ်ပေါ်နေမည်။ စီးပွားရေး အရောင်းအဝယ်ကောင်းသော်လည်း ငွေကုန်ပေါက်တွေ တစ်မျိုးပြီး တစ်မျိုး ကြုံတွေ့နေရမည်။ စာပေ၊ ဂီတ အနုပညာလုပ်ငန်းနှင့် ဆက်နွယ်လုပ်ကိုင်နေရသူများ အလုပ်အဆင်ပြေ မည်။ စီးပွားရေးလုပ်ငန်းအတွက် ခရီးထွက်ရမည်။ အိုးအိမ်အဆောက်အအုံ ပြုပြင်မွမ်းမံရမည်။ အိမ်ထောင်ရှင် အမျိုးသား အမျိုးသမီးနှင့် ပတ်သက်၍ လာဘ်ငွေများ ဝင်လာမည်။ စက်ပစ္စည်း၊ လျှပ်စစ်ပစ္စည်း၊ အဝတ်အထည်၊ ခရီးသွားလုပ်ငန်း၊ ဆေး သောက်ဆိုင်လုပ်ငန်း အောင်မြင်တိုးတက်လာမည်။ ကွဲကွာနေသော ချစ်သူနှင့် ပြန်ဆုံရမည်။

**ကောင်းကျိုးပြုယတြာ** - နေအိမ်ဘုရားတွင် သရက်သီး (၁၀)လုံးလှူပါ။ ဘုရားတစ်ဆူတွင် ရွှေသင်္ကန်းကပ်ပေးပါ။ ရွှေပန်းလှူပါ။

*****



www.burmeseclassic.com

www.burmeseclassic.com

(ကြော်ငြာဆောင်းပါး) တိုင်းရင်းဆေးဝါးမှတ်ပုံတင် 1111YR 007860
ထုတ်လုပ်ခွင့်လိုင်စင် 2/2009 တဆထလ(တိုး) ၁၀၂၄




# ဆီးရောဂါမှန်သမျှ သက်သာပျောက်ကင်းချမ်းသာစေရမည် ကိန္နရီ

# ကိန္နရီ အမှတ်တံဆိပ် ကြက်လည်ဆံဆီးဆေး

လခံ၀န်းပိုင်းရောက်တိုင်း လေထန်ကုန်းတွင် ရေးဖော် စာရေးဆရာများ ဆုံကြသည်။ ကိုမင်းခွေ၊ ကိုသီဟ၊ ကိုကျော်လှိုင်ဦးတို့ကို တစ်ဝိုင်းတည်းတွင် တွေ့လိုက်ရသည်။ ကိုမင်းခွေက…

"လာ…ထိုင်၊ ကိုဇော်ရဲနိုင်။ မတွေ့ရတာ ကြာပြီ၊ ခုပဲ ခင်ဗျားအကြောင်းပြောနေကြတာ။ ခင်ဗျားက တိုင်းရင်းဆေးအတွေ့အကြုံရှိသူဆိုတော့ ကျွန်တော်တို့သုံးယောက် ခံစားနေရတဲ့ ဝေဒနာအတွက် အကူအညီတောင်းချင်လို့ပါ"

"ဘ၀တူ ရေးဖော်တွေအတွက် တတ်နိုင်သလောက် လိုအပ်တဲ့ အကူအညီပေးဖို့ အသင့်ပါပဲဗျာ"

"ဒီလိုပါ။ ကျွန်တော်တို့သုံးယောက် ဆီးနဲ့ ပတ်သက်တဲ့ ဝေဒနာတွေ ခံစားနေရတယ်။ ဒါပေမဲ့ ဖြစ်စဉ်တူသလိုလိုနဲ့ ဆည်းနည်းကွဲပြားနေတယ်ဗျ"

"ဒါဖြင့် ကျွန်တော့်ဆီးရောဂါနဲ့ ပတ်သက်တဲ့ ဖြစ်စဉ်လက္ခဏာတွေ ပြောပြမယ်။ ဘယ်သူက ဘယ်လိုလက္ခဏာတွေ ရှိတယ်ဆိုတာ ကျွန်တော့်ကို ပြောပြပြီးမှ ဘာဆက်လုပ်ရမယ်ဆိုတာ ပြောပါမယ်။ နေပူမိုးရွာမရှောင်သွားတဲ့သူတွေ အပူအစပ် အဖန် ချဉ်စာတွေ လွန်ကဲစွာ စားတဲ့သူတွေ၊ မေထုန်မှု လွန်ကဲသူတွေ၊ အညောင်းထိုင်မှု များတဲ့သူတွေဟာ ဆီးပူညောင်းကျရောဂါဖြစ်တတ်တယ်။ ဆီးပူညောင်းကျရောဂါလက္ခဏာတွေက ကျင်ချောင်းအတွင်း ပိုးကောင်လေးများ သွားနေသလို ရှစ်ရှစ်ဖြစ်ပြီး အားတတ်တယ်။ တစ်ပတ်ခန့်ကြာရင် ဆီးထဲမှာ ကစီရည်လို ကျလာတတ်တယ်။ ရေသောက်နည်းတဲ့သူတွေ၊ အပူအစပ်စားလွန်းတဲ့သူ၊ သုက်ထိန်းတဲ့သူတွေ ဆီးကျိတ်ရောင်ရောဂါဖြစ်တတ်တယ်။ ဆီးကျိတ်ရောင်ရောဂါလက္ခဏာတွေက ဆီး မကြာခဏ သွားပေမယ့် ဆီးတစ်စက်တစ်စက်ကျတတ်ပြီး ဆီးသွား အားမရခြင်း၊ ဆီးကျန်ခြင်း၊ ကျင်ချောင်း ယားယံခြင်း လက္ခဏာတွေ ခံစားရတတ်တယ်။ ဆီးအောင့် ဆီးချုပ်ရောဂါကို အခြေခံပြီး သည်းခြေ၊ လေ ဒေါသနှစ်ပါးကြောင့် သလိပ်ဒေါသလွန်ကဲတဲ့ ကျင်ငယ်နဲ့ သုက်ဓာတ်တွေဟာ ကျောက်ကပ်က စပြီး ဆီးအိမ်တိုင်အောင် တော်ရည်လိုဖြစ်တဲ့ရောဂါကို ဆီးကျောက်ရောဂါလို့ ခေါ်တာပဲ။ ကျောက်တည်ရောဂါဖြစ်တော့မယ့်သူရဲ့ ဆီးဟာ ဆိတ်ကျင်ငယ်ရည်လို အနံ့ဆိုးခြင်း၊ ဝမ်းဗိုက်တင်းရောင်ခြင်း၊ ခက်ခဲစွာ ဆီးသွားရခြင်း၊ ဆီးသွားစဉ် နာကျင်ခြင်း၊ အစားအစာစားချင်စိတ်မရှိခြင်း စတဲ့ လက္ခဏာတွေရှိနေတတ်တယ်။ ကဲ- ခင်ဗျားတို့ ဘယ်လိုခံစားနေကြရတယ်ဆိုတာ ပြောပြကြပါ"

ကိုမင်းခွေက ဆီးပူညောင်းကျရောဂါလက္ခဏာနဲ့ တူကြောင်း၊ ကိုသီဟက ဆီးကျိတ်ရောင်ရောဂါလက္ခဏာနဲ့ တူပြီး ကိုကျော်လှိုင်ဦးက ဆီးကျောက်တည်ရောဂါလက္ခဏာနဲ့ တူကြောင်း ပြောပြကြပြီး …

"ကဲ - ကျွန်တော်တို့ ဘယ်ဆေးစားပြီး ဘာဆက်လုပ်ရမယ်ဆိုတာ ကိုဇော်ရဲနိုင် ညွှန်ပြပေးပါဦး"

"ခုလောလောဆယ်တော့ ကိန္နရီအမှတ်တံဆိပ်ကြက်လည်ဆံဆီးဆေးပြားကို နီးစပ်ရာ မြန်မာဆေးမျိုးစုံဆိုင်များမှာ ဝယ်ယူသောက်လိုက်ပါ။ ကိန္နရဝတီဆေးတိုက်က ထုတ်တဲ့ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးပြားဟာ ဆီးချိုရောဂါ၊ ဆီးကျောက်တည်ရောဂါ၊ ဆီးဝါ၊ ဆီးနီခြင်း၊ ဆီးအလွန်နည်းခြင်း၊ ဆီးအလွန်များခြင်း၊ ဆီးမထိန်းနိုင်ခြင်း၊ ဆီးကျဉ် ဆီးအောင့်ခြင်း၊ ဆီးလမ်းကြောင်းပိတ်ပြီး ဆီးမသွားနိုင်ခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ သုက်လွှတ်မြန်ခြင်း၊ ဆီးရောဂါကြောင့် မျက်စိမှုန် ပြာဝေခြင်းနဲ့ ဆီးကျိတ်ရောင်ရောဂါတွေကို သက်သာပျောက်ကင်းစေတယ်ဗျ။ ကျွန်တော့်မိတ်ဆွေ ဆရာ ဦးလှိုင်မြင့်က ကြက်လည်ဆံ ဆီးဆေးထုတ်လုပ်တဲ့အပြင် အကြောရောဂါနဲ့ ဆီးရောဂါတွေကို ဦးစားပေးကုသနေတာဆိုတော့ အဲဒီ ဆရာ ဦးလှိုင်မြင့်ရှိတဲ့ ကန္နရဝတီဆေးတိုက်ကို သွားပြီး ဆရာနဲ့တိုင်ပင်၊ ဆေးစား ဆေးကုသရင် ခင်ဗျားတို့ ခံစားနေရတဲ့ ဝေဒနာတွေ ထိထိရောက်ရောက် သက်သာပျောက်ကင်းသွားမှာပါ။ ကိန္နရီအမှတ်တံဆိပ် ကြက်လည်ဆံ ဆီးဆေးရဲ့ ဆောင်ပုဒ်လည်း မှတ်ထားဦးဗျို့။ ဆီးရောဂါမှန်သမျှ ပျောက်ကင်းချမ်းသာစေရမည် … ကိန္နရီ … တဲ့ဗျ။

**ပင်ရင်းဌာန- ကန္နရဝတီဆေးတိုက်**

အမှတ် (၇၄၁)၊ ဓနသိဒ္ဓိလမ်း၊ (၈)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ် (ကမ္ဘာအေး)၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၁[illegible]၀၃၇၉

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဤလောက၌ အရာရာတိုင်းတွင် အစစ်ရှိက အတုလည်း ရှိ၏။ ဆရာအတုရှိ၏။ ရဟန္တာအတုရှိသကဲ့သို့ "ထေရသံဝါသက" ခေါ် ရဟန်းအတုလည်း ရှိ၏။ လူသတ္တဝါတို့၏ အသက်ကို ကယ်တင်သော ဆေးဝါးများကိုပင် ပြုလုပ်ကြ၏။ အခြားအတုများမှာ မထောင်းသာလှသော်လည်း ဆေးဝါးအတုကား ချက်ချင်းလက်ငင်း အသက်အန္တရာယ်ပေးနိုင်၏။ အသက်ဆုံးရှုံးသွားသူများလည်း မနည်းလှချေ။ ယခုအခါ၌ကား ကြက်ဥအတုများကိုပင် တွေ့မြင်နေကြရပေပြီ။ ထို့ကြောင့် အစစ်ပေါ်လျှင် အတုကား ပေါ်လာစမြဲဖြစ်၏။ အစစ်ကား ရှားပါးလှပြီး အတုမှာ အလွန်ပေါ်များ၏။ အစစ်ကိုကား သက်ချိုရှာတွက်၍ ရကောင်း၏။ အတုကား လက်ချိုးရေတွက်၍ မရနိုင်ပေ။ ထို့ကြောင့်ပင် အစစ်တစ်ခု၊ အတုတစ်ထောင်၊ အဟောင်းတစ်သိန်းဟူသော ဆိုရိုးစကား ထင်ရှားပေါ်ပေါက်လာရခြင်းဖြစ်၏။

စာရေးသူ တင်ပြလိုသည်မှာ ဆရာအတု(ဝါ)ပုဂ္ဂိုလ်အတုအကြောင်းဖြစ်၏။ ကျွန်ုပ်တို့ မြန်မာလူမျိုးများမှာ သူတစ်ပါးအား အလွန်ယုံကြည်လွယ်၏။ ယုံအောင် လုပ်ပြလျှင် ယုံလွယ်ကြသည်။ ထူးထူးခြားခြားလုပ်ပြလျှင် ပို၍ယုံကြည်လွယ်၏။ သဒ္ဓါတရားအပြည့်နှင့် ကိုးကွယ်ကြ၊ လုပ်ကျွေးမွေးမြူကြ၏။ အစစ်ဆိုလျှင် တော်ပါသေးသည်။ အတုဖြစ်နေပါက ကိုးကွယ်ရကျိုးမနပ်။ ထို့ထက် ဆိုးသည်ကား အတုလည်းဖြစ်၊ ယုတ်မာမှုပါ စွက်လာပါက ဥစ္စာနေရေးဘဝပါ ပျက်ခဲ့ကြသူများကို ကြုံခဲ့ဖူးလှပြီ။

◈◈◈

တစ်ချိန်က ကိုမြဝင်းနှင့် ကျွန်တော်မှာ တစ်ရုံးတည်း အလုပ်လုပ်နေကြသည့် ဝန်ထမ်းများဖြစ်ပြီး တစ်ခန်းတည်းနေ၊ စားပွဲချင်းကပ်လျက်နေကြသူများဖြစ်သည်။ ကိုမြဝင်းက ငွေစာရင်းဌာနစိတ် တာဝန်ခံ၊ ကျွန်တော်က စီမံရေးရာ အနုစိတ်တာဝန်ခံဖြစ်ပြီး တစ်ယောက်နှင့် တစ်ယောက် ညီအစ်ကိုတမျှ ရင်းနှီးခင်မင်ကြသည့် မိတ်ဆွေများဖြစ်ကြသည်။ ပြောမနာ ဆိုမနာ နောက်ပြောင်နေကြသူများဖြစ်သည်။ ကိုမြဝင်းတွင် ညီတစ်ယောက်၊ အစ်မတစ်ယောက်နှင့် ညီမနှစ်ယောက်ရှိသည်။ ညီဖြစ်သူ မောင်တင်သောင်းမှာ ရုံးဝန်ထမ်းတစ်ဦးဖြစ်ပြီး ရုပ်ရည်သန့်ပြန့်သည်။ ရိုးသားကြိုးစား၍ စိတ်ထားကောင်းမွန်သူဖြစ်ပြီး ငယ်စဉ်ကတည်းက ဘာသာရေးကိုင်းရှိုင်းသူဖြစ်သည်။ ပုတီးစိပ်၊ တရားထိုင်သည့်အလုပ်ကို ဝါသနာထုံပြီး အရက်မသောက်၊ ဖဲမရိုက်၊ မိန်းမကိစ္စတွင် ဝါသနာမပါ။ လုံးဝ ကင်းရှင်းသူဖြစ်သည်။ ထို့ကြောင့်လည်း ချစ်သူခင်သူ ပေါ်များလှသည်။

ယခုအခါ မောင်တင်သောင်း တစ်ယောက် အိမ်ထောင်ကျပြီး သားသမီးတစ်ဦး ထွန်းကားသော ဖခင်တစ်ယောက်ဖြစ်နေပေပြီ။ အိမ်ထောင်ကျသည်မှာလည်း သူ၏အစွမ်းကြောင့်မဟုတ်၊ မိဘနှင့် မောင်နှမများက စပ်ဟပ်ပေးစား၍ဖြစ်သည်။ မောင်တင်သောင်း၏ဇနီးမှာ ရုပ်ရည်အသင့်အတင့်ရှိပြီး ဈေးရောင်းကျွမ်းကျင်သူဖြစ်သည်။ မောင်တင်သောင်းမှာ အိမ်ထောင်ကျသည့်နေ့မှစ၍ သူ၏ ဇနီးနေထိုင်ရာ "ဒလ"မြို့တွင် ပြောင်းရွှေ့နေထိုင်လျက်ရှိသည်။

တစ်နေ့ ကျွန်တော်နှင့် ကိုမြဝင်းမှာ ရုံးရှိ ဝန်ထမ်းသက်သာဆိုင်တွင် ထမင်းစားနေစဉ် ကိုမြဝင်းက စကားစပ်မရှိဘဲ ကောက်ကာငင်ကာဖြင့် အံ့ဩဖွယ် စကားပြောလာပါတော့သည်။

"ဟေ့လူ… မနေ့က ကျွန်တော် ဘိုးတော်တစ်ဦးဆီက ချဲဂဏန်းတစ်လုံး ရပါတယ်။ စမ်းသပ်တဲ့အနေနဲ့ ထောင်းလာတာ။ ဂဏန်းကတော့ "၅"တစ်လုံးပဲဗျ။ ဒါပေမယ့် အဲဒီ ဂဏန်းအတွက် ဘာမှမလုပ်နဲ့ဦး။ စောင့်ကြည့်ရမယ်ဗျ။ ကျွန်ဘော်တောင်းမယ့်သာ တောင်းလာတာ၊ လုံးဝ မယုံဘူး"

"ဟင် · · · ခင်ဗျားစကားက တစ်မျိုးကြီးပဲ။ ဘယ်က ဘိုးတော်လဲ။ ဘယ်မှာ တွေ့ခဲ့တာလဲ"

"အင်း… ဘယ်က ဘိုးတော်လဲဆိုတာကို ပြောရမယ်ဆိုရင်တော့ အရှည်သားဗျ။ ဒီလိုဗျာ"

◈◈◈

စနေနေ့တစ်နေ့ ကိုမြဝင်း ရုံးကိုမလာခင် မောင်တင်သောင်း၏ ဇနီးဖြစ်သူသည် ခဲအိုတော်သူ ကိုမြဝင်းရှိရာ ခနောင်တိုသို့ ရောက်လာသည်။ မျက်နှာမှာလည်း မရွှင်မပျဖြစ်နေသဖြင့် ကိုမြဝင်းက…

"ဘာကိစ္စနဲ့ အမောတကော ရောက်လာတာလဲ။ မျက်နှာလည်း မကောင်းပါလား"

ဟု နှုတ်ခွန်းဆက်လိုက်ရာတွင် ခယ်မဖြစ်သူက…

"အစ်ကိုကြီးရယ်… လုပ်ပါဦး၊ အစ်ကိုကြီးရဲ့ ညီက သူ့ရဲ့ ပုဂ္ဂိုလ်အမိန့်ချလို့ဆိုပြီး တစ်သက်လုံး ဘုန်းကြီးဝတ်တော့မယ်လို့ ပြောနေတယ်။ အဲဒါ လာပြီး တားပါဦး"

ဟု ငိုယိုပြီး ပြောပြနေရာ ကိုမြဝင်းက အကျိုးအကြောင်းမေးပြီး တနင်္ဂနွေနေ့တွင် ဒလသို့ လာခဲ့မည်ဟု ပြော၍ နှစ်သိမ့်လိုက်ရသည်။

www.burmeseclassic.com

နောက်တစ်နေ့ တနင်္ဂနွေနေ့တွင် ကိုမြဝင်းတစ်ယောက် ညီဖြစ်သူရှိရာ ဒလသို့ သွားခဲ့ရသည်။ ဒလတွင် သူ၏ ညီရော၊ ခယ်မပါ အဆင်သင့် တွေ့ရသဖြင့် ကိုမြဝင်းမှ စကားစ,လိုက်တော့သည်။

"ဟေ့ကောင်…မင်း ရာသက်ပန် ဘုန်းကြီးဝတ်တော့မယ်လို့ချည်း ပြော, ပြောနေတယ်လို့ မင်းမိန်းမက ငါ့ကို လာတိုင်တယ်။ မင်းကို ဘယ်သူက အဝတ်ခိုင်းတာလဲ။ ဘယ်ပုဂ္ဂိုလ်လဲ။ အဲဒီပုဂ္ဂိုလ်နဲ့ တွေ့ပြီး စကားပြောချင်တယ်"

"ဒီလိုပါ အစ်ကိုကြီး။ ကျွန်တော် ဘယ်ဆရာ၊ ဘယ်ပုဂ္ဂိုလ်မှ မကိုးကွယ်ပါဘူး။ ကျွန်တော် ဘာသာရေးကိုပဲ ရိုးရိုးသားသားလုပ်နေတာပါ။ တစ်နေ့ ကျွန်တော် ဘုရားရှိခိုး ပုတီးစိပ်၊ ဘုရားထိုင်ပြီးတော့ ဘုရားစင်ရှေ့မှာပဲ ထိုင်နေရင်း တစ်ခုတွေးမိသွားတယ်။ အဲဒါက ဘာလဲဆိုရင် ကျွန်တော့်လက်ချောင်းတွေကို ကြည့်ပြီး တချို့များ ပယောဂရှိတဲ့လူနဲ့ တွေ့ရင် လက်ချောင်းလေးတွေက လှုပ်ပြီးပြတယ်။ လက်ညှိုးလှုပ်ရင် စုန်း၊ လက်ခလယ်လှုပ်ရင် သရဲ၊ လက်သူကြွယ်လှုပ်ရင် သိုက် စသည်ဖြင့်ပေါ့။ အဲဒီလိုလှုပ်ပြရင် ဆေးကုပေးကြတယ်။ ငါ့ကျတော့ ဘာသာရေးလုပ်တာလည်း ကြာပြီ၊ သူတို့လို ပယောဂလည်း မကုတတ်၊ ဘာမှလည်း မထူးခြားဘူးပေါ့။ အဲဒီလို တွေးနေရင်း လက်ကလေးတွေ လှုပ်ပြပြီး ပယောဂကုတတ်ရင် ကောင်းမှာပဲလို့ တွေးပြီး ကိုယ့်လက်ချောင်းလေးတွေကို ကြည့်နေတုန်း ကျွန်တော့်လက်ချောင်းလေးတွေ အလိုလိုလှုပ်လာတာကို မြင်တွေ့နေရတယ်။ ဒါနဲ့ ကျွန်တော် အံ့ဩဝမ်းသာဖြစ်နေတုန်း ကျွန်တော့်နားထဲမှာ အသံတစ်သံကြားလိုက်ရတယ်။ "မင်း ပယောဂကုလို့ ရပြီ"ဆိုတဲ့ အသံပဲ။

အစ်ကိုကြီးလည်း စဉ်းစားကြည့်၊ ကျွန်တော် အရမ်းဝမ်းသာသွားမိတယ်။ အဲဒီလိုနဲ့ ၁၅ရက်လောက်ကြာတော့ ကျွန်တော့်အိမ်ကို ကျွန်တော့်ဇနီးရဲ့ မိတ်ဆွေ အမျိုးသမီးတစ်ယောက် ရောက်လာတယ်။ သူတို့အချင်းချင်း စျေးရောင်းတဲ့ကိစ္စ၊ ဟိုကိစ္စ ဒီကိစ္စတွေ ပြောကြပြီး ပြန်ခါနီးမှာ အဲဒီအမျိုးသမီးက သူမရဲ့ ဒူးနာနေလို့ ကားဆင်း ကားတက် ခက်တဲ့အကြောင်း ကျွန်တော့်ဇနီးကို ပြောတယ်။ အဲဒီအချိန်လေးမှာ ကျွန်တော့်ကို တစ်ယောက်ယောက်က လာပြောသလိုလိုနဲ့ "လူလေး… မင်းသူ့ကို ကုပေးရင် ပျောက်တယ်ကွ"လို့ ကြားလိုက်တယ်။ ကျွန်တော့်စိတ်ထဲမှာလည်း "ကုပေးတာတော့ ဟုတ်ပါပြီ။ ဘယ်လို ကုရမှာပါလိမ့်"လို့ အတွေးပေါ်လာတယ်။ အဲဒီလို စိတ်ထဲမှာ စဉ်းစားနေတုန်း "မင်း… ဘုရားစင်က သောက်တော်ရေကို ခွန်း အဲဒီသောက်တော်ရေခွက်ကို မင်းရဲ့ လက်ငါးချောင်းနဲ့ နှစ်ပြီး ဗုဒ္ဓ သရဏံ ဂစ္ဆာမိ၊ ဓမ္မ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ လို့ ရွတ်ပြီး သူ့ကို သောက်ခိုင်းလိုက်။ ကျန်တဲ့ ရေကို ဒူးကို အလိမ်းခိုင်းလိုက်" ဆိုတဲ့ စကားသံကို ကြားလိုက်ရပြန်တယ်။ အဲဒါနဲ့ ကျွန်တော်လည်း နားထဲမှာ ကြားတဲ့အတိုင်း လုပ်ပေးလိုက်တော့ နောက်တစ်ပတ်ကြာရင်ပဲ အဲဒီအမျိုးသမီး အိမ်ကို ရောက်လာတယ်။ ငှက်ပျောသီး ဖီးကြမ်းနဲ့ မုန့်ပုံးတွေပါ ပါလာတယ်။ နောက်ပြီး သူ့ဝေဒနာတွေ ပျောက်သွားလို့ ဆိုပြီး ကျွန်တော့်ကို ဦးချ ကန်တော့သွားတယ်။

နောက်နှစ်ပတ်လောက်ကြာတော့ အမည်မသိ အမျိုးသမီးနှစ်ယော[က်]
ထပ်ရောက်လာတယ်။ တစ်ဦးက ဦး[…] စောင့်ဖြစ်နေလို့ ဆရာကုပေးနိုင်တ[…] လို့ ကြားလို့ လာပို့တာတဲ့။ ကျွန်တေ[ာ်] လည်း နားထဲမှာ ကြားတဲ့အတိုင်း ကုပေ[း] လိုက်တယ်။ သူတို့လည်း ကျွန်တေ[ာ်] အိမ်ပေါ်မှာ ငိုယိုလူးလိမ့်ပြီး ကျွန်တေ[ာ်] ကို ရှိခိုးပြီး ပြန်သွားကြတယ်။

ကဲ…အစ်ကိုကြီး ကျွန်တေ[ာ်] ဖြစ်ရပ်ကတော့ ဒါပါပဲ။ ကျွန်တေ[ာ်] ပုဂ္ဂိုလ်ဆိုတာလည်း ဒါပါပဲ။ အဲဒီပုဂ္ဂို[…] က ကျွန်တော့်ကို ရာသက်ပန် ဘု[…] ကြီးဝတ်ရမယ်လို့ အမိန့်ချတယ်။ ကျွ[…] တော်ကလည်း ဝတ်ပါမယ်လို့ က[…] ပေးလိုက်တယ်။ ညတိုင်းလည်း အ[…] ခိုင်းတယ်"

ထိုကဲ့သို့ မောင်တင်သော[…] သူ၏ ဖြစ်စဉ်အစအဆုံးအား ရှင်းပြ[…] သည့်အခါတွင် ကိုမြဝင်းက တ[…] တောင်းဆိုလိုက်သည်။

"ကဲ - ဒီလိုဆိုရင် မင်းရဲ့ ပုဂ္ဂို[…] ကို ပင့်လိုက်။ ငါ စကားပြောကြည့်[…] တယ်"

ဟု ပြောလိုက်ပြီးသည်နှင့် မ[…] မနှောင်းပင် မောင်တင်သော[…] မျက်နှာမှာ အနည်းငယ် ပြောင်းလဲသွ[…] ပြီး သူက စ၍…

"ကဲ - မင်း ဘာပြောချင်တာ[…]"

ဟု မေးလိုက်ရာ ကိုမြဝင်းက[…]

"အဘက ကျွန်တော့်ညီကို ဘု[…] ကြီးဝတ်ခိုင်းတော့ သူ့ဇနီးနဲ့ သားသ[…] အတွက် စိတ်အေးရအောင် လုပ်ပေ[…] ဖြစ်မယ်"

"ဒါကတော့ကွာ၊ တဖြည်းဖြ[…] တော့ ဖြစ်လာမှာပေါ့""

"တဖြည်းဖြည်းဆိုတာက[…] ချာဘူး။ လက်တွေ့ပြောင်ရင်တေ[…] စဉ်းစားပါ့မယ်။ ဒါမှဟုတ်ရင်တေ[…]



www.burmeseclassic.com

www.burmeseclassic.com

...နိုင်မပြနိုင်ပါဘူး"

"ဘယ်လို လက်တွေ့ပြရမှာလဲ"

"ခုအပတ်ထွက်မယ့် ချဲဂဏန်းထဲက တစ်လုံးပြောပေးပါ"

"၅တစ်လုံးယူသွား"

◈◈◈

ချဲထွက်သည့်အခါတွင် ၅တစ်လုံးပါလာချေ၏။ ကိုမြဝင်း မယုံချင်လည်း မယုံချင်စရာ။ ယခု သက်သေပြလိုက်ပြီ။ အစစ်တစ်ခု၊ အတုတစ်ထောင်ဟူသည့် စကားမှာ ခိုင်မာသွားပြီဟု တွေးစားနေစဉ် . ကိုမြဝင်းက စကားဆက်လိုက်သည်။

"ဒါတင် မကသေးဘူးဗျ။ နောက်ဆက်တွဲကိုလည်း နားထောင်ကြည့်ဦး။ ပထမ ကျွန်တော်ပြောခဲ့သလို ဘုန်းကြီးထက်ခိုင်းတဲ့ကိစ္စ မအောင်မြင်တော့ နောက်တစ်ခု ဈေးဆစ်လာတယ်။ အဲဒါကတော့ ဘာလဲဆိုတော့ ကျိုက်ထီးရိုးဘုရားမှာ ၁၀ရက် အဓိဋ္ဌာန်ဝင်ဖို့ ခိုင်းပြန်ရော။ ကျွန်တော်လည်း မကန့်ကွက်သင့်တော့ဘူး သဘောတူလိုက်ပါတယ်။ အချိန်က နယုန်လဆိုတော့ မိုးဦးနီးလာပြီ။ ဘုရားပေါ်မှာ ဘုရားဖူးတွေ ရှိကြတော့မှာ မဟုတ်ဘူးဆိုတော့ ကျွန်တော့်ညီအတွက် နည်းနည်းတော့ စိုးရိမ်မိသွားတယ်။

ဒါနဲ့ ကျွန်တော့်ညီလည်း အထုပ်အပိုးတွေ၊ စားစရာတွေနဲ့ ကျိုက်ထီးရိုးဘုရားကို သွားခဲ့တယ်။

◈◈◈

ဘုရားရင်ပြင် ပေါ်ရောက်တော့ ည ၆နာရီထိုးပြီ။ မောင်တင်သောင်း တစ်ယောက် ဘယ်ကို သွားရမယ်၊ ဘယ်မှာ တည်းရမယ်ဆိုတာ စဉ်းစားနေတုန်း သူ့ပုဂ္ဂိုလ်က···

"လူလေး···မြောက်ဘက်အစွန်က ဇရပ်ကို သွား။ တံခါးက သော့ခတ်



ထားပေမယ့် ဘေးပြတင်းပေါက်ကို ဖွင့်ပြီး ကျော်တက်လိုက်"

မောင်တင်သောင်းလည်း ခိုင်းတဲ့အတိုင်း လုပ်တယ်။ ဇရပ်ပေါ် ရောက်လို့ အထုပ်အပိုးတွေကို ချပြီး အမှိုက်လှည်းလိုက်တယ်။ အမှိုက်လှည်းပြီးတဲ့အခါ သူ့ပုဂ္ဂိုလ်က···

"လူလေး··· အနောက်ဘက်တည့်တည့်ကို သွား၊ ရေဘုံဘိုင်တွေ့လိမ့်မယ်။ အဲဒီမှာ မျက်နှာသစ်၊ ခြေတောက် လက်တောက်ဆေး ပြီးရင် ထမင်းစား။ ထမင်းစားပြီးရင် ဘုရားရင်ပြင်ကို သွားပြီး ကိုယ့်အလုပ် ကိုယ်လုပ်တော့"

လို့ ခိုင်းတယ်။ မောင်တင်သောင်းလည်း ခိုင်းတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်တယ်။

မောင်တင်သောင်း တရားထိုင်နေသည်မှာ တစ်နာရီကျော်သွားပြီ။ တရားထိုင်ရသည်မှာ လေတဖြူးဖြူးနှင့် စိတ်ကြည်လင်နေ၍ သမာဓိရလျက်ရှိပြီး စိတ်မှာလည်း အေးချမ်းတည်ငြိမ်နေသည်။ မောင်တင်သောင်း တရားထိုင်ပြီး၍ တရားဖြုတ်လိုက်ပြီး တောစောင့်နတ်၊ တောင်စောင့်နတ်နှင့်တကွ သုံးဆယ့်တစ်ဘုံအား အမျှပေးဝေလိုက်ရာတွင် သာဓုခေါ်သံများမှာ ဘဝဂ်သို့ နိက်မတတ် လွန်စွာကျယ်လောင်လှသဖြင့် မောင်တင်သောင်းမှာ အလွန်အမင်း အံ့ညသြပြီး ကြက်သီးမွေးညင်းများ ထလာသည်။ ကျိုက်ထီးရိုးရင်ပြင်တွင် သူတစ်ယောက်တည်းသာရှိသည်။ ယခု သာဓုခေါ်သံများမှာ လွန်စွာများပြားကျယ်လောင်လှရကား၊ နေစက်သို့ လှည့်ကြည့်လိုက်ရာ မောင်တင်သောင်းမှာ သူ၏ မျက်လုံးများကိုပင် မယုံနိုင်လောက်အောင် ဖြစ်သွားရသည်။

အဘယ့်ကြောင့်ဆိုသော် ဘုရားရင်ပြင်ပေါ်တွင် အရောင်အဆင်းအမျိုးမျိုး၊ အဝတ်အစားအမျိုးမျိုး၊ ပုံစံအမျိုးမျိုး၊ အရွယ်အမျိုးမျိုးသော နတ်များကို တွေ့မြင်လိုက်ရသောကြောင့်တည်း။ သာဓုခေါ်ပြီးသည့်အချိန်တွင်မှ စောစောက တွေ့မြင်လိုက်ရသော နတ်များမှာ တဖြုတ်ဖြုတ်နှင့် ပျောက်ကုန်ကြတော့သည်။ ဝဝတုတ်တုတ်၊ ဂင်တိုတိုနှင့် နတ်တစ်ပါးသာ ကျန်ရစ်ခဲ့ပြီး ထိုနတ်မှာ မောင်တင်သောင်းအနားသို့ တိုးလာပြီး မောင်တင်သောင်း၏ လည်ပင်းအား ကိုင်လျက်···

"ဟေ့ကောင်··· ရိုးရိုးသားသား ဘာသာရေးလုပ်နေတဲ့ ကလေးကို ဘာဖြစ်လို့ ဒုက္ခပေးရတာလဲ။ မင်း ဒီည တွင်းချင်း ဒီကလေးကို တောင်အောက်ကို လိုက်ပို့၊ အိမ်အရောက် ပို့လိုက်။ ကလေး ဘာမှမဖြစ်စေနဲ့၊ ကောင်လေး တစ်ခုခုဖြစ်ရင် မင်းကို သတ်ပစ်မယ်"

ဟု ကြိမ်းမောင်းပြီး ပျောက်သွားပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

မောင်တင်သောင်းလည်း သတိပြန်ရလာပြီး ကြောက်ရွံ့ ထိတ်လန့်လျက် အတွေးများစွာဖြင့် ဇရပ်သို့ ပြန်လာခဲ့သည်။ ဇရပ်သို့ ရောက်လျှင်ရောက်ချင်းပင်···

"လူလေး··· မင်းအိပ်ရာတွေ ပစ္စည်းတွေ သိမ်း။ တောင်အောက်ကို ညတွင်းချင်း ဆင်းရမယ်"

ဟု နိုင်းသဖြင့် မောင်တင်သောင်း တစ်ယောက် ညတွင်းချင်း တောင်အောက်သို့ ဆင်းခဲ့ရပြီး၊ နောက်နေ့ နံနက်တွင် ဒလသို့ အရောက်ပြန်လာခဲ့ရပါတော့သည်။

ကိုမြဝင်းလည်း မောင်တင်သောင်း ပြန်ရောက်ကြောင်း ကြားရသဖြင့် ချက်ချင်းပင် ဒလသို့ သွားပြီး မောင်တင်သောင်းထံမှ အကျိုးအကြောင်း အစုံအလင် သိလိုက်ရပြီးသည့်အခါတွင် ကိုမြဝင်း ဘာဆက်လုပ်ရမည်ကို သိလိုက်တော့သည်။

နောက်တစ်နေ့တွင် မောင်တင်သောင်းနှင့် ဇနီးပါ ဘုရားလေးမြိုင်ဆရာတော်ထံသို့ သွားကြသည်။ ဘုရားလေးမြိုင် ဆရာတော်ဟူသည် ကိုမြဝင်းတို့၏ မိတ်များ ကိုးကွယ်လျက်ရှိသော အကျင့်သီလနှင့် ပြည့်စုံ၍ တရားဘာဝနာများကို ကျင့်ကြံကြိုးကုတ်အားထုတ်တော်မူနေသော ပုဂ္ဂိုလ်ဖြစ်သည်။ လောကီကိစ္စရပ်များနှင့် ပတ်သက်၍ အခက်အခဲ တစ်စုံတစ်ရာနှင့် ကြုံတွေ့ပါက ဘုရားလေးမြိုင် ဆရာတော်၏ အကြံဉာဏ်နှင့် ဩဝါဒများကို ခံယူဆောင်ရွက်ရလေ့ရှိပြီး အခက်အခဲဟူသမျှ မပြေလည်သည် မရှိ။ အကြံအစည်ဟူသမျှ မအောင်မြင်သည် မရှိ။ သည့်အတွက် ဘုရားလေးမြိုင် ဆရာတော်ထံသို့ ခေါ်ဆောင်သွားခြင်းဖြစ်သည်။

ဆရာတော်ကျောင်းသို့ ရောက်သည်နှင့် အကျိုးအကြောင်းအစုံအလင်ကို ဆရာတော်အား လျှောက်ထားလိုက်သည်။ ဆရာတော်လည်း ပြုံး၍ နားထောင်လျက် ခေါင်းကို တဆတ်ဆတ် ညိတ်နေသည်။ ကိုမြဝင်း၏ စကားဆုံးသွားသည်နှင့် ဆရာတော်မှာ ခေါင်းမော့လာပြီး မောင်တင်သောင်းအား တစ်ချက်စိုက်ကြည့်လိုက်သည်။ ထို့နောက် ဆရာတော်က လက်ညှိုးထိုးလျက်···

"ဟေ့ကောင်···မင်း ဘယ်သူလဲ ဆိုတာ မင်းကိုယ်မင်း သိတယ်နော်။ မင်း ဟိုဘဝက "အင်း"ဆရာမဟုတ်လား"

"တင်ပါ့ ဟုတ်ပါတယ်ဘုရား"

"မင်း အဲဒီ အင်းအတတ်နဲ့ လူသတ်ခဲ့တယ်မဟုတ်လား"

"တင်ပါ့ သတ်ခဲ့ပါတယ် ဘုရား"

"မင်း ဒီကလေးကို ဘာလို့ နှောင့်ယှက်ရတာလဲ"

"တပည့်တော် နှောင့်ယှက်တာ မဟုတ်ပါဘူး ဘုရား။ သူက ပယောဂကုတတ်ချင်တယ်ဆိုလို့ သင်ပေးတာပါဘုရား။ နောက်ပြီး တပည့်တော် နေရာပြောင်းဖို့အတွက် သူ့ကို လူစားထားခဲ့ချင်လို့ပါ ဘုရား"

"မင်း သူများသားသမီးကို လုပ်ချင်တိုင်း လုပ်ရလို့ ရမလား။ ဒီကလေးဟာ ရိုးရိုးသားသားနဲ့ ဘာသာရေးလုပ်နေတဲ့ ကလေးဆိုတာ မင်းမသိဘူးလား"

"သိပါတယ် ဘုရား"

"သိရင် မင်း မနှောင့်ယှက်ရဘူး။ ရော့··· ဒီသစ္စာရေကို သောက်။ ဒီကလေးကို ဘယ်တော့မှ မနှောင့်ယှက်ဘူးဆိုတာရယ်၊ ဒီညက စပြီး သန်လျင်တောတန်းကို ပြောင်းပါ့မယ် ဆိုတာရယ်"

"တင်ပါ့ တပည့်တော် သစ္စာပြုပါ့မယ်။ နောက်လည်း မနှောင့်ယှက်တော့ပါဘူး ဘုရား။ ဒီညတွင်းချင်း သန်လျင် တောတန်းကို ပြောင်းပါ့မယ် ဘုရား"

"ကဲ - ကိုမြဝင်း၊ သူ ချထားနိုင်တဲ့ အင်းစာရွက်တွေကို မီးရှို့လိုက်"

ကိစ္စအားလုံးပြီးပြတ်သွားသည့်အခါတွင် ဆရာတော်က ကိုမြဝင်းအား···

"ဒကာ မြဝင်းက အခု မင်းညီနဲ့တဲ့ အိမ်ရဲ့ နောက်တက် ညောင်ပင်ကြီးမှာ မြောက်ဘက်သွားတဲ့ အမြစ်ဖျားနားကို တူးလိုက်။ အဲဒီမှာ သိမ်ဝင်သပိတ်ကွဲနဲ့ ချထားတဲ့ အင်းချပ်တွေ့လိမ့်မယ်။ အဲဒါကို မြစ်ထဲ လွှင့်ပစ်လိုက်"

ဟု အမိန့်ရှိပြီး ဆရာတော်လည်း ကျောင်းခန်းတွင်းသို့ ဝင်အသွား ကိုမြဝင်းတို့လည်း ကျောင်းမှ ထွက်ခွာလာကြတော့သည်။

ကိုမြဝင်းနှင့် မောင်တင်သောင်းမှာ ဆရာတော်မိန့်ကြားသည့်အတိုင်း တူးကြည့်ရာတွင် အင်းချပ်ကို တွေ့ရသဖြင့် ကိုမြဝင်းကိုယ်တိုင် မြစ်လယ်သို့ လွှင့်ပစ်လိုက်သည်။

ထိုအချိန်မှစ၍ မောင်တင်သောင်း လူကောင်းပကာတိဖြစ်သွားပြီး သမထ ဝိပဿနာ ဘာဝနာတရားများကို အနှောင့်အယှက်ကင်းစွာ ကျင့်ကြံ ကြိုးကုတ်အားထုတ်နိုင်ပါတော့သည် ■

* * *

လှကျော်ညွှန့်(ရေကျော်)




www.burmeseclassic.com

www.burmeseclassic.com

# အကောင်းမြင်ဝါဒ ကုသိုလ်ရှင်သူဌေးကြီး

ရွှေတံလေး(လွှယ်လင်)



www.burmeseclassic.com

www.burmeseclassic.com

လူ့ဘဝတွင် ကုသိုလ်ဒါနပြုလုပ်သူတို့သည် ကုသိုလ်များများရရှိကြစေရန် "ယောနိ သောမန သီကာရ" ခေါ် အကောင်းမြင်ဝါဒစိတ်ထားရှိဖို့ အလွန်အရေးကြီး၏။ ဗုဒ္ဓက အင်္ဂုတ္တုရ်ပါဠိတော်တွင် ကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံး အကြောင်းသည် "ယောနိ သောမန သီကာရ"။ အကုသိုလ်ဖြစ်ခြင်း၏ အနီးဆုံးအကြောင်းသည် "အယောနိ သောမန သီကာရ"ဖြစ်ကြောင်း တိကျစွာ ဟောကြားထားလေသည်။

* မကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် ပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ။
* ကောင်းကွက်ကိုသာ ကြည့်မည်ဆိုလျှင် မပေါင်းနိုင်စရာ ပုဂ္ဂိုလ်မရှိ။
* ဒေါသစာတ်ဖြင့် သူတစ်ပါး၏ မကောင်းကွက်ကို ရှာကြည့်လျှင် အကုသိုလ်လည်းဖြစ်သည်။ စိတ်လည်း ဆင်းရဲသည်။ အရုပ်လည်း ဆိုးသည်။ အသက်လည်း တိုသည်။ စီးပွားလည်း ပျက်သည်။ ငရဲသို့လည်း ကျရသည်။
* မေတ္တာဓာတ်ဖြင့် သူတစ်ပါး၏ ကောင်းကွက်ကို ရှာကြည့်လျှင် ကုသိုလ်လည်းဖြစ်သည်။ စိတ်လည်း ချမ်းသာသည်။ ရုပ်လည်း လှသည်။ အသက်လည်း ရှည်သည်။ စီးပွားလည်း တက်သည်။ နိဗ္ဗာန်သို့လည်း ရောက်သည်။

ဖော်ပြပါ ဓမ္မဒေသနအတိုင်း ကျင့်သုံးသော ဓမ္မပဒဋ္ဌကထာရှိသည့် ကဿပဘုရားရှင်လက်ထက်တော်အခါက သူဌေးကြီးတစ်ဦးရှိခဲ့ဖူးသည်။

သူဌေးကြီးအ... ကား "သုမင်္ဂလ"မည်တွင်၏။

တစ်ခါသော် သူဌေးကြီးသည် ကိစ္စတစ်ခုဖြင့် မြို့ထဲသို့သွားရာ ဇရပ်တစ်ခုပေါ်တွင် အိပ်နေသော လူတစ်ယောက်ကို တွေ့လိုက်ရသည်။ ထိုလူ၏ ခြေထောက်တွင် ရွှံ့နွံအမှိုက်များ ပေကျံလျက်ရှိ၏။ ထိုအခါ သူဌေးကြီးက နောက်ပါအခြွေအရံများကို...

"ဒီလူဟာ ခိုးဝှက် စားသောက်တဲ့ လူတစ်ယောက်ဖြစ်တယ်။ သူ့ခြေထောက်မှာ ရွှံ့နွံတွေ၊ အမှိုက်တွေ ပေကျံနေတာဟာ ခိုးဝှက်စားသောက်သူတစ်ယောက်ဖြစ်ကြောင်း သက်သေပြနေတယ်"

ဟု ပြောပြလိုက်လေသည်။

သူဌေးကြီး၏ စကားကို ကြားသည်နှင့် အိပ်နေသော သူသည် မျက်လုံးကို ဖွင့်ကြည့်လိုက်ရာ သူဌေးကြီးကို တွေ့မြင်သွား၏။ ထိုသူသည် သူဌေးကြီးပြောသည့်အတိုင်း သူခိုးတစ်ယောက်ဟူသည်မှာ မှန်နေသော်လည်း လွန်စွာ ဒေါသဖြစ်သွားမိသည်။ အနီ ဒေါသ၏နောက်ဝယ် အငြိုးအတေးကြီးစွာထားကာ သူဌေးကြီး၏ ဘဝတစ်ခုလုံးကို ဖျက်ဆီးပစ်ရန် ဆုံးဖြတ်ချက်ချလိုက်သည်။ သူဌေးကြီးကား မှန်သော်လည်း အကျိုးမရှိသော စကားတစ်ခွန်းကို ပြောလိုက်မိသောကြောင့် ဥစ္စာစည်းစိမ်များ ပျက်စီး ဆုံးရှုံးရန် နိမိတ်ဟု ဆိုရပေမည်။ သို့နှင့် သူခိုးသည်လည်း နောက်ရက်များမှစ၍ သူဌေးကြီး၏ ဥစ္စာပစ္စည်းများ ပျက်စီးရန် ကြိုးစားအားထုတ်တော့သည်။

ရှေးဦးစွာ ပထမအနေဖြင့် သူဌေးကြီး ပိုင်ဆိုင်သော ရင့်မှည့်နေပြီဖြစ်သည့် ကေများစွာသော စပါးခင်းများကို မီးတိုက်ပစ်၏။ ကေ ရာနှင့် ချီသော စပါးခင်းများသည် နာရီပိုင်းအတွင်း မီးလောင် ပြာကျသွားလေသည်။ သူဌေးကြီးကား စပါးခင်းသာ သဘာဝမီးအလောင်းခံ၏။ သူ့စိတ်ဓာတ်ကိုကား ဒေါသမီးအလောင်မခံပေ။ နောက်တစ်ဖန် စပါးများကို ပြန်စိုက်စေသည်။

ဒုတိယအကြိမ် ပြန်စိုက်ပြီးသော စပါးများ ရင့်မှည့်ချိန်ရောက်သည်နှင့် သူခိုးက မီးတိုက်ပြန်လေသည်။ စပါးခင်းများအားလုံး ပြာကျသွားပြန်၏။ သူဌေးကြီးကား ဥစ္စာပစ္စည်းသာ အပျက်စီးခံသည်။ စိတ်ဓာတ်ကိုကား အပျက်အစီးမခံပေ။ တတိယအကြိမ် ပြန်စိုက်သည်။ ယင်းသို့ဖြင့် သူခိုးလက်ချက်ကြောင့် စပါးခင်းများ မီးလောင် အဖျက်အဆီးခံရသည်မှာ ခုနစ်ကြိမ်တိတိဖြစ်လေသည်။

သူခိုးသည် ယခုလို စပါးခင်းများကို မီးရှို့ ဖျက်ဆီးခြင်း၏ ရည်ရွယ်ချက်မှာ သူဌေးကြီးကို စိတ်ဆင်းရဲစေလိုသောကြောင့်ဖြစ်သည်။ သူထင်သလို သူဌေးကြီးက စိတ်ဆင်းရဲခြင်း မရှိသောအခါ သူ့ရည်ရွယ်ချက် မအောင်မြင်ဖြစ်နေသည်။ ထို့ကြောင့် သူဌေးကြီး ပိုင်ဆိုင်သော လယ်ထွန်သည့် နွားများကို လယ်မထွန်နိုင်အောင် ဒူးကောက်ကြောများကို ဖြတ်ပစ်ပြီး ဒုက္ခိတဖြစ်အောင် လုပ်လိုက်လေသည်။ ထိုအခါ သူဌေးကြီးသည် စိတ်ဆင်းရဲခြင်း မဖြစ်ဘဲ၊ နောက်ထပ် နွားများကို ထပ်ဝယ်လေသည်။ ဤသို့ဖြင့် သူခိုးက နွားများ၏ ဒူးကောက်ကြောများကို ဖြတ်လိုက်၊ သူဌေးကြီးက နောက်ထပ် နွားများကို အသစ်ဝယ်လိုက်နှင့် ခုနစ်ကြိမ်တိတိ ဖြစ်သွားလေသည်။ ထိုမျှနှင့် သူဌေးကြီး စိတ်ဆင်းရဲသည်ကို မတွေ့ရသောအခါ သူခိုးသည် သူဌေးကြီးနေသည့်အိမ်ကို



www.burmeseclassic.com

မီးရှို့ဖျက်ဆီးလိုက်လေသည်။ သူဌေးကြီးက အိမ်ကို လောင်သည့် သဘာဝမီးကို ဂရုမစိုက်။ စိတ်ကို လောင်သည့် ဒေါသ (ခေါ်) သောကမီးကိုသာ ဂရုစိုက်လေသည်။

ထို့ကြောင့် သူဌေးကြီးသည် ကိုယ်ဆင်းရဲ၊ စိတ်ဆင်းရဲ ဖြစ်မနေဘဲ နောက်ထပ် ဒုတိယအကြိမ် အိမ်ကို ပြန်ဆောက်လိုက်လေသည်။ အိမ်ဆောက်ပြီးသည်နှင့် သူခိုးက ထပ်မံ မီးရှို့လိုက်ပြန်သည်။ ထိုသို့ မီးရှို့လိုက်၊ ပြန်ဆောက်လိုက်နှင့် နှစ်ကြိမ်တိတိဖြစ်လေ၏။

သူခိုးသည် သူလုပ်သမျှ သူဌေးကြီး၏ စိတ်ကို မည်သို့မျှ မထိခိုက်သောအခါ နေမထိ ထိုင်မသာဖြစ်နေမိ၏။

သူဌေးကြီးသည် ပစ္စည်းဥစ္စာချမ်းသာရုံသာမက၊ အတွေးအခေါ်ပညာပါ ချမ်းသာသူဖြစ်၏။ အကျိုးတရားဖြစ်သည့် ပုဂ္ဂိုလ်သတ္တဝါကို ပတ်သက်ခြင်း မပြုဘဲ၊ အကြောင်းအရာဖြစ်သည့် ဒေါသကိလေသာ အဖြစ်မခံသောအားဖြင့် ယ်သတ်နိုင်သောကြောင့် သည်းခံနိုင်ခြင်းဖြစ်ပေသည်။

သူခိုးသည် သူဌေးကြီးဘဝ မပျက်မစီးမချင်း မကျေနပ်ဖြစ်နေရာမှ နောက်ထပ်တစ်ဖန် ဖျက်ဆီးရန် နည်းအမျိုးမျိုးကို တွေးတော ကြံဆရင်း တစ်စုံတစ်ခုကို သတိရလိုက်သည်။ အကြောင်းမှာ သူဌေးကြီးသည် ကဿပဘုရားရှင်၏ ကျောင်းဒကာကြီးဖြစ်ကြောင်း သိရှိလိုက်ရခြင်းပင်တည်း။

သူဌေးကြီး လှူထားသော ကျောင်းကြီးကို မီးရှို့ ဖျက်ဆီးလိုက်လျှင် ကေန်မုချ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်ရသည်ဟု ယူဆကာ ဘုရားရှင် သီတင်းသုံးသည့် ကျောင်းတော်ကြီးကို မီးတင်ရှို့လိုက်ပြန်သည်။ အလွန်ကြီးသော ကျောင်းတော်ကြီးဖြစ်သဖြင့် နာရီအတော်ကြာအောင် လောင်လျက်နေ၏။ မြို့ထဲရှိ ရဟန်းရှင်လူအပေါင်းတို့သည် မီးလောင်နေသော ကျောင်းတော်ကြီးကို စိတ်မကောင်းစွာဖြင့် ဝိုင်းကြည့်နေကြရုံမှအပ မည်သို့မျှ မတတ်နိုင်ဘဲ ဖြစ်နေကြသည်။

ယင်းသို့ ဝိုင်းကြည့်သူများထဲတွင် ကျောင်းဒကာ သူဌေးကြီးလည်း ရှိနေသည်။ ကျောင်းကြီး မီးလောင် ပြာကျသွားသည်နှင့် ကျောင်းဒကာ သူဌေးကြီးသည် ဝမ်းသာလိုက်လှဲစွာဖြင့် လက်ပန်းပေါင်းခတ်ပြီး "ငါလိုလူ ဇမ္ဗူမှာ ရှိသေးရဲ့လား"ဟု အားပါးတရ ဟစ်ကြွေးလေ၏။ ထိုအခါ ဘေးမှ လူများသည် ထိတ်လန့်တကြားဖြစ်သွားပြီး သူဌေးကြီးကို ဝိုင်း၍ သတိပေးကြသည်။

"သူဌေးကြီး သတိထားပါ။ စိတ်မကောင်းမဖြစ်ပါနဲ့"

"ဘာလဲ၊ ခင်ဗျားတို့ ကျုပ်ကို စိတ်ဖောက်ပြန်သွားတယ်လို့ မှတ်နေကြသလား"



"ဟုတ်ပါတယ်။ ကျုပ်တို့ကတော့ သူဌေးကြီး ရူးသွပ်သွားပြီလားလို့ စိုးရိမ်နေကြရတာ"

"တကယ်တော့ ကျုပ် လက်ပန်းပေါင်းခတ်တာဟာ စိတ်ဆင်းရဲလို့ မဟုတ်ဘူး။ စိတ်ချမ်းသာလို့ပါဗျာ"

"ဗျာ…ဘယ်လို၊ စိတ်ချမ်းသာလို့ ဟုတ်စ။ နားရှိလို့သာ ကြားရတယ်။ ဟုတ်နိုင်ပါ့မလား သူဌေးကြီးရယ်"

"သူဌေးကြီးအနေနဲ့ မိမိ အမြတ်တနိုး လှူဒါန်းထားတဲ့ ကျောင်းတော်ကြီးတစ်ခုလုံး မီးလောင် ပြာကျသွားတာကို စိတ်ချမ်းသာစရာအချက်ရှိတယ်ဆိုတာ ဟုတ်နိုင်ပါ့မလား"

"ဟုတ်နိုင်ပါတယ်။ အကောင်းမြင်ဝါဒနဲ့ ကြည့်မယ်ဆိုရင် ဘယ်နေရာကို ကြည့်ကြည့် ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာဆိုတာ ရှိပါတယ်"

"သူဌေးကြီး…မိမိလှူတဲ့ ကျောင်းကြီး မီးလောင်သွားတဲ့ ကိစ္စမှာ ကုသိုလ်ဖြစ်စရာ၊ စိတ်ချမ်းသာစရာဆိုတာ ဘယ်အချက်တွေပါလဲ"

"မိတ်ဆွေတို့…ကျွန်ုပ်ကား ကျောင်းကြီး မီးလောင်သော စိတ်ဆင်းရဲစရာအကြောင်းကို မကြည့်ပေ။ ကျောင်းကြီး မီးလောင်သွားသည့်အတွက် ဒုတိယအကြိမ် ကျောင်းဆောက်လှူခွင့်ရပေသည်ဟူသော အချက်ကိုသာ ကြည့်ခြင်းဖြစ်ပေတယ်။ ရခဲလှသော မြတ်စွာဘုရားသာသနာတော်



www.burmeseclassic.com

www.burmeseclassic.com

တွင် ဘုရားရှင်အတွက် နှစ်ကြိမ်တိုင်တိုင် ကျောင်းလှူခွင့်ရခြင်းမှာ နည်းနည်းနောနော အခွင့်အရေးမဟုတ်ပေ။ ထိုအချက်များကြောင့် ကျောင်းဆောင်ကြီး မီးလောင်ခြင်းသည် ကျွန်ုပ်အတွက် ဝမ်းသာစရာ၊ ကုသိုလ်ဖြစ်စရာဟု မှတ်ယူရခြင်းဖြစ်ပေတယ် အဆွေတို့"

သူဌေးကြီးသည် ဘုရားရှင်အတွက် ကျောင်းတော်ကြီးကို ဒုတိယအကြိမ် ပြန်လည်ဆောက်လုပ်သည်။ ကျောင်းတော်ကြီး ပြီးသွားသောအခါ ရေစက်ချ အလှူပွဲကြီးကိုလည်း ကြီးကျယ်ခမ်းနားစွာ ကျင်းပလေသည်။ သူဌေးကြီး၏ အလှူပွဲသို့ ကြွရောက် ချီးမြှင့်သည့် ပရိသတ်ထဲတွင် သူဌေးကြီး၏ ဘဝကို ပျက်အောင် ဖျက်နေသော သူခိုးလည်း ပါနေသည်။ သူသည် သူဌေးကြီး၏ ကျောင်းလှူပွဲသို့ လာခြင်းမှာ ကောင်းသော လာခြင်းမဟုတ်။ သူဌေးကြီးသည် သူ၏ မကောင်းကြောင်းကို လူကြားထဲတွင် ထုတ်ဖော်ပြောပါက ဓားနှင့် ထိုးသတ်မည်ဟူသော အကြံဖြင့် လာခဲ့ခြင်းဖြစ်သည်။

ဘုရားရှင်သည် ကျောင်းအနုမောဒနာတရားဟောပြီးသည်နှင့် ရေစက်ချမည့်အချိန်သို့ ရောက်လတ်သော် သူဌေးကြီးသည် လက်အုပ်ချီပြီး မတ်တတ်ထ,ရပ်လိုက်ရာ ပရိသတ်အားလုံး၏ မျက်လုံးများသည် သူဌေးကြီးထံသို့ ရောက်ရှိသွားကြသည်။ ထိုအချိန်တွင် သူခိုး၏ ညာလက်သည်လည်း ခါးကြားထဲတွင် အသင့်ဆောင်လာသော ဓားမြှောင်လက်ကိုင်အရိုးပေါ်သို့ လှစ်ခနဲရောက်ရှိသွားခဲ့သည်။ သူ့မကောင်းကြောင်း ပြောသည်နှင့် သူဌေးကြီးကို အဆုံးစီရင်ရန် အသင့်ပြင်လိုက်ခြင်းပင်။

ထိုစဉ် သူဌေးကြီးသည် သူ့ခံစားချက်များကို ဘုရားရှင်အား တစ်ခုချင်းလျှောက်ထားလိုက်လေ၏။

"မြတ်စွာဘုရား…တပည့်တော်သည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ပြစ်မှား စော်ကားခြင်း မပြုလုပ်ခဲ့ပါ။ ထို့ကြောင့် တပည့်တော်ဘဝကို ဖျက်ဆီးမည့် ရန်သူရှိမည်ဟုလည်း မထင်ခဲ့ပါ။ ယခုအခါ တပည့်တော်၏ ဘဝကို မှုန်မှုန်ညက်ညက် ဖျက်ဆီးမည့် ရန်သူရှိနေကြောင်း သိရပါပြီ။ ထိုရန်သူသည် တပည့်တော်၏ လယ်များကို ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။ တပည့်တော်၏ နွားများကိုလည်း ခုနစ်ကြိမ်တိုင်တိုင် ဒုက္ခိတဘဝသို့ ရောက်စေခဲ့ပါသည်။ တပည့်တော် နေအိမ်ကိုလည်း ခုနစ်ကြိမ်တိုင်တိုင် မီးရှို့ဖျက်ဆီးခဲ့ပါသည်။ ထိုမျှနှင့် အားမရသေးဘဲ တပည့်တော် လှူထားသည့် ဘုရားကျောင်းတော်ကြီးကိုပင် မီးရှို့ဖျက်ဆီးခဲ့ပါသေးသည်။ သို့သော် တပည့်တော်သည် သူ့ကို စိတ်မဆိုးသည့်အပြင် ကျောင်းတော်ကြီးကို မီးရှို့ခဲ့သည့်အတွက် ကျေးဇူးပင် တင်ပါသေးသည်။

အဘယ့်ကြောင့်ဆိုသော် ဘုရားရှင်၏ ကျောင်းတော်ကြီးကို နှစ်ကြိမ်တိုင်တိုင် ဆောက်လုပ် လှူဒါန်းခွင့်ရသောကြောင့် ဖြစ်ပါသည်။ ထိုကျေးဇူးကို ထောက်ထား၍ ယခုကျောင်းအလှူကို အမျှပေးဝေသည့်အခါ ကျောင်းကို မီးရှို့သော ရန်သူအား ဦးတည်၍ အမျှပေးဝေစေလိုပါသည် ဘုရား"

ထိုအခါ ဘုရားရှင်သည် သူဌေးကြီး၏ ဆန္ဒအတိုင်း ကျောင်းကို မီးရှို့ဖျက်ဆီးသည့် ရန်သူအား အဓိကထား၍ အမျှပေးဝေလေသည်။ ရေစက်ချက်ပွဲကြီး ပြီးဆုံးသောအခါ ပရိသတ်များ မိမိတို့အိမ်သို့ အသီးသီးပြန်သွားကြသော်လည်း မပြန်နိုင်ဘဲ ဝမ်းနည်းပက်လက် ငိုကြွေးနေသူမှာ ရန်သူ သူခိုးကြီးပင် ဖြစ်၏။ ထိုသူခိုးကြီးသည် ဘုရားရှင်ကို ကန်တော့ပြီး သူဌေးကြီး၏ ခြေဖမိုးပေါ် မျက်နှာအပ်ကာ တရှုပ်ရှုပ် ငိုကြွေးရင်း ကန်တော့လေ၏။ သူ၏ အပြစ်များကိုလည်း ခွင့်လွှတ်ရန် အကြိမ်ကြိမ်တောင်းပန်၏။ သူသည် အဖြူစင်ဆုံး သူတော်ကောင်းကြီးကိုမှ အကြီးမားဆုံးသော အပြစ်များကို ကျူးလွန်မိခြင်းမဟုတ်ပါလော။

နူးညံ့သော မှိုပွင့်သည် ခက်မာသော မြေပြင်ကို ဖောက်ထွက်လာနိုင်စွမ်းရှိသလို၊ သူဌေးကြီး၏ နူးညံ့သော နှလုံးသားသည်လည်း သူခိုးကြီး၏ ခက်မာသော နှလုံးသားကို ပျော့ပျောင်းစေခဲ့လေပြီ။

သူခိုးကြီး၏ အပြစ်ကို သူဌေးကြီးက နားလည်ခွင့်လွှတ်ပေးသော်လည်း သူပြုခဲ့သော အကုသိုလ်ကံက ခွင့်မလွှတ်ခဲ့ပေ။ သေသောအခါ အဝီစိ ငရဲသို့ ကျရသည်။ အဝီစိ ငရဲမှ လွတ်မြောက်လေသော် မီးလောင်ခံနေရသော ၂၅ ယူဇနာရှိ မြွေပြိတ္တာကြီးဘဝသို့ ရောက်ခဲ့ရပြန်သည်။

သူဌေးကြီးကား သူပြုခဲ့သော ကုသိုလ်ကံများကြောင့် လူချမ်းသာ၊ နတ်ချမ်းသာဘဝများတွင် ကျင်လည်ခံစားစံစားရပြီး၊ ထိုမှ လွန်မြောက်သော် နိဗ္ဗာန်ချမ်းသာခြင်းကို ခံစားနေရပေတော့သတည်း။

(ဝန်ခံချက်။ ဓမ္မပဒ၊ ဒဏ္ဍဝဂ်၊ ခြောက်ခုမြောက် စပါးကြီးမြွေပြိတ္တာ ဝတ္ထုမှ ဖြစ်သည်။) ■

ကုသိုလ်တရား ပွားများနိုင်ကြပါစေ

* * *

ရွှေတာလေး(လှိုင်လင်)



www.burmeseclassic.com

www.burmeseclassic.com

# ချပန်

ဆေးစွမ်းကောင်းများ

ချပန်နားသန့်ဆေးကြီး

ချပန်နားရောဂါပျောက်ဆေးကြီး

ချပန်မျက်စိကြည်ဆေးကြီး

ချပန်မျက်စိရောဂါပျောက်ဆေးကြီး

ချပန်သွားရောဂါပျောက်ဆေးကြီး

ချပန်နှာခေါင်းရောဂါပျောက်ဆေးကြီး



အစလ မှတ်ပုံတင်အမှတ် အစ ၁၂(၁၀၂၉၆)
လင မှတ်ပုံတင်အမှတ် ၄/၁၄၅၉

အမြို့မြို့ဆိုင်တိုင်းမှာ [illegible] ဝယ်ပါ

www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ာစ္ဆေ သရဲတို့နှင့် ပတ်သက်၍
ှမှုတချို့က "တစ္ဆေ သရဲ နာနာ
ာည်းဟူသော မကောင်းဆိုးဝါး
ည့် လူတို့၏ ကြောက်စိတ်မှ
ွားလာခြင်း ဖြစ်သည်"ဟု ယူဆ
ကြ၏။
ကျွန်မအနေဖြင့်တော့ "တချို့
သော တစ္ဆေ သရဲတို့သည်

# ဂါဒီးယန်းကို

## သူမ၏ တောင်းပန်စာနှစ်စောင်

ာ်ပြောင်းခြင်းမှ ပေါက်ဖွားလာကြ
ည်သည်"ဟု စိတ်တိုတို စိတ်ပျက်
င့် ကောက်ချက်ချလိုက်ချင်

ထိုသို့ ကောက်ချက်ချချင်
က်အောင်လည်း ကျွန်မ၏ ဘဝ
ညီအစ်မ၊ သူငယ်ချင်းများက

နောက်ပြောင်ကျီစယ်ကြရာမှ တစ္ဆေ
သရဲနှင့် ပက်ပင်းတိုးရသော ကိစ္စမျိုး
သုံးလေးကြိမ်မက ရှိခဲ့ဖူးသောကြောင့်
ဖြစ်၏။

◈ ◈ ◈

ခေတ်ကြီးက အလွန်အမြန်
တိုးတက်ပြောင်းလဲနေပြီ၊ အိုင်တီနက်
ခေတ်၊ တိုတိုနှင့် ဒီဂျစ်တယ်ရလျှင် ဖေ့စ်
ဘွတ်ခေတ်ဟု ဆိုရတော့မည့်အခြေ

www.burmeseclassic.com

www.burmeseclassic.com

အနေသို့ ရောက်ရှိနေသည့် အချိန်ကာလဖြစ်၍၊ မြို့ပြ လူထု၏ ၇၀ ရာခိုင်နှုန်းခန့်တွင် ဖေ့စ်ဘုတ်အကောင့်ကိုယ်စီ ရှိနေကြလေပြီ။

"သယ်ရင်း… မတွေ့တာ ကြာပြီနော်။ နင့်ဖေ့စ်ဘုတ်အကောင့်ပေးခဲ့ဦးလေ"ဟူသော နှုတ်ဆက်စကားမှာ ပေါ်ပြူလာအဖြစ်ဆုံးအချိန်ဖြစ်နေသည်ကြောင့် ကျွန်မလည်း ဟိုလူ သည်လူ လာတောင်းသည့်အခါ ပေးစရာ မရှိမည်စိုး၍ ၂၀၁၁ ခုနှစ်တွင် သူငယ်ချင်းတစ်ယောက်၏ အကူအညီဖြင့် ဖေ့စ်ဘုတ်အကောင့်ဖွင့်ဖြစ်ခဲ့သည်။

ကျွန်မသည် စာရေးရာ၌ အတန်ငယ် အဆင်ပြေ ချောမွေ့သော်လည်း စကားပြောဆိုရာတွင် ဒေါသထွက်နေသည့်အခါမျိုး၌ စိတ်ထဲရှိသည့်အတိုင်း ပြောချတတ်ပြီး၊ စိတ်နူးညံ့သိမ်မွေ့နေသည့် အချိန်မျိုးတွင်တော့ တစ်ဖက်သားအပေါ် အလွန်အားနာလိုက်လျောတတ်ရာ၊ ထိုသို့ စိတ်ကွာဟမှုများလွန်းသောကြောင့် လူအများနှင့် အာလာပ သလ္လာပ ပြောဆိုရာ၌ လည်းကောင်း၊ အကြောင်းအရာတစ်ခုကို ငြင်းခုန်ရာ၌ လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး ဆွေးနွေးတိုင်ပင်ရာ၌ လည်းကောင်း အဆင်မပြေဖြစ်ရတာ များတတ်သဖြင့် ကျွန်မသည် သူစိမ်းတစ်ရံဆံနှင့် မိတ်ဖွဲ့ခဲလှသည်။ "ငါ စကားသွားပြောရင် အမှားပါနေပါဦးမယ်။ တစ်ဖက်သား စိတ်အနှောင့်အယှက်ဖြစ်သွားဦးမယ်" ဟူ၍ တွေးတတ်သော ကျွန်မသည် အပြင်လောကတွင်သာမက၊ အွန်လိုင်းလောကတွင်လည်း မရင်းနှီးသူများနှင့် ချက်တင်(chatting)ထိုင်ခြင်း (မိတ်ဆက်ခြင်း၊ ရောက်တတ်ရာရာ ပြောဆိုခြင်းများ)လုပ်ခဲသည်။ ထိုသို့ ချက်တင်ထိုင်ခဲသည့် ကျွန်မကျမှ ထူးဆန်းသည့် အဖြစ်အပျက်နှစ်ခုကို အချိန်ကာလ မနီးမဝေးတွင် တစ်ပြိုင်နက်တည်းလိုလို ကြုံဆုံခဲ့ရ၏။

အကောင့်ဖွင့်ခါစ ကျွန်မကိုယ် ကျွန်မ စာရေးဆရာတစ်ယောက်ဟု ယူဆ၍ မရသေး။ ကျွန်မ၏ ဝတ္ထုတိုများ၊ မဂ္ဂဇင်းစာမျက်နှာထက်တွင် ကြိုကြားကြိုကြားသာ ဖော်ပြခံရသေးသည်မို့ ကိုယ့်ကိုယ်ကို ဘာမှန်းမသိ။ နားလည်ရခက်နေသည့်အချိန်။ သို့သော်လည်း ကျွန်မသည် စာရေးဆရာဖြစ်လိုစိတ် ပြင်းပြလှသလို၊ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အောင်မြင်ကျော်ကြားရစေမည်ဟူသော သန္နိဋ္ဌာန်ကြောင့် Job(အလုပ်)နေရာ၌ Writer ဟူ၍သာ အားပါးတရ တပ်ခဲ့ရုံသာမက၊ တခြားနိုင်ငံမှ စာရေးဆရာကြီးတချို့ကို အားကျကာ ဓာတ်ပုံများတွင်လည်း စာရေးဆရာမ "ဂါဦးနွှန်းကို" ဟူသော Logo ကို သုံးခဲ့မိသည်။

ဤနေရာတွင် ကျွန်မ ရှင်းပြလိုသည့် အကြောင်းအရာတစ်ခုမှာ ကျွန်မ ရေးသားလိုက်သည့် "စာရေးဆရာ"၌ ပါဝင်နေသည့် "ဆရာ"ဟူသော စကားလုံး၏ အဓိပ္ပာယ်မှာ "ဆာယာ"တည်းဟူသော ကျောင်းတွင် မိမိတို့ကို ပညာသင်ကြား လမ်းပြပေးခဲ့သော ကျောင်းဆရာ၊ ကျေးဇူးရှင် ဆရာသခင်ကို ဆိုလိုခြင်း မဟုတ်သလို၊ လူတစ်ယောက်အား လမ်းညွှန်ပြသ ဆုံးမနိုင်သော သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာများကိုလည်း မရည်စူးပါချေ။

ကျွန်မ၏စိတ်ထဲ၌ ကျွန်မ ရေးသားထားသော "ဆရာ"ဟူသည် ဆိုက်ကားဆရာ၊ ကားဆရာ၊ အနှိပ်ဆရာ၊ အကြော်ဆရာ၊ အဖျော်ဆရာ စသော လူအများ ခေါ်တွင်သုံးတတ်သည့် လူတစ်ဦးတစ်ယောက် လုပ်ကိုင်သည့် အလုပ်တစ်ခုခု၏နောက်၌ တစ်ဖက်လူ နားထောင်ရ အဆင်ပြေစေရန် ကြား ကောင်းအောင် တပ်ထားသော စကား လုံးတစ်ခုမျှသာဖြစ်သည်။

သို့သော်လည်း ကျွန်မ၏ အကြောင်းကဲ့ ဖန်လေပုံများ (ဖေဒင် ဆရာဟောခဲ့ဖူးသော အတိုက်အခံများ မည်ဆိုသည့်အတိုင်း) နေရင်းထိုင်ရင်း friend list ထဲမှ ကျွန်မနှင့် မရင်းနှီး သည့်သူတစ်ယောက်က ထိုဝေါဟာ အပေါ် တော်တော်မျက်မုန်းကျိုးသွား ရသည်။ ၂၀၁၁၊ နိဝင်ဘာလခန့်မှ စ,ကာ…

"ငကြွားမ . . . ဒန်ကုလား ညားချင်လို့လား"

"သတ္တိရှိရင် စကားပြန်ပြောလေ ငကြောက်လား"

"အလုပ်မရှိတိုင်း ခရီးပဲ ထွက် နေတယ်။ စပွန်ဆာ ရှာတွေ့ထားလို့ လား"

"စာရေးဆရာလည်း ဆိုသေး ခရီးထွက်တိုင်း ဓာတ်ပုံပဲ တင်နေ တယ်။ တွေ့ ,မတွေ့ဘူးပေါ်င်"

"ချီးခြောက်ကောက်တဲ့ စာတွေ ရေးနေလား စာရေးဆရာမကြီးရေ"

စသဖြင့် မက်ဆေ့ချ်ဘောက်မှ တစ်ဆင့် ကျွန်မကို အမျိုးမျိုးရန်စကား ဆိုခဲ့သည်။ အပိုစာသားများ မပါ ကျွန်မ အရှိကို အရှိအတိုင်း ဖြစ်ရ အမှန်ကို ရေးသားခြင်းဖြစ်ရာ ထို က သူမပြောသော စကားများထဲတွင် ကျွန်မ၏ ဝါသနာအပေါ် ထိခိုက် ကားသော စကားများ ပါဝင်နေသော ကြောင့် သူမ၏ မက်ဆေ့ချ်များအပေါ် ကျွန်မ ဒေါသထွက်မိသော်လည်း " ကို ရန်ချင်း မတုံ့နှင့်နှင့်"ဟူသော ကို နှလုံးမူကာ ကျွန်မလည်း ပြန်လည် ချေပ တုံ့ပြန်ခြင်း မပြုမိပေ။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com

လည်း တစ်လခွဲခန့်ကြာသည့်အခါ သူမ၏ စိတ်ရှည်လက်ရှည် အားပေးမှုကြောင့် ကျွန်မထံတွင် သူမဆီမှ ပေးပို့သော မက်ဆေ့ရှ်အစောင်ရေ ၂၆ခုခန့် ရှိနေပြီဖြစ်ရာ ထိုမက်ဆေ့ရှ်များကို ပြန်ဖတ်မိရင်း ကျွန်မလည်း ပုထုဇဉ်လူသားပီပီ ဒေါသအကြီးအကျယ် ထွက်လာမိမိသည်။ ကျွန်မ၏ မူလစိတ်ရင်းကလည်း ဒေါသဒိုးအမျိုးအစားဖြစ်သလို၊ လူငယ်လည်း လူငယ်ဖြစ်နေ၍ သူမနှင့် ကျွန်မသည် ရန်ငြိုးရန်းစလည်း မရှိ၊ သိပင် မသိဘဲ ကျွန်မ၏ အပြုအမူမှန်သမျှကို မျက်စိဒေါက်ထောက်ကြည့်ကာ ဘာကြောင့် နှောင့်ယှက်နေရသလဲဟု တွေးရင်း ကဲ့ရဲ့တတ်သည့် သူမ၏ စိတ်ဓာတ်ကို သည်းမခံနိုင်ဖြစ်ပြီး…

"သူများကို မစော်ကားနဲ့ ငရဲကြီးမယ်၊ ရှင်လည်း ဝဋ်လည်ပါစေ"

ဟု စာပြန်ပြီး block လုပ်လိုက်တော့သည်။ ထိုအကြောင်းကိစ္စကို ကျွန်မ၏ အခင်ဆုံး သူငယ်ချင်း "အိလေး"ကို ပြောပြမိသည့်အခါ အိလေးက ထိုမိန်းကလေး၏ အကောင့်ကို တောင်းသဖြင့် ကျွန်မလည်း ပေးလိုက်မိ၏။ ထို့နောက်တွင် ထိုမိန်းကလေးနှင့် ပတ်သက်သည့် ဇာတ်လမ်းသည် လုံးဝအဆုံးသတ်သွားပြီဟု တွေးကာ ကျွန်မလည်း မေ့မေ့ပျောက်ပျောက်သာ သဘောထားလိုက်သည်။ အကောင့်တောင်းသွားသော သူငယ်ချင်းကိုလည်း ထိုမိန်းကလေးနှင့် ပတ်သက်၍ ဘာတစ်ခုမျှ မမေးမြန်းဖြစ်တော့။

◈◈◈

မှတ်မှတ်ရရ၊ ထိုမိန်းကလေးထံမှ နောက်တစ်ကြိမ် မက်ဆေ့ရှ်ရောက်လာသောနေ့သည် ၂၀၁၃၊ ဇန်နဝါရီလ ၂၇ရက်က ဖြစ်သည်။ ထိုနေ့က မက်




ဆေ့ရှ်ဘောက်တွင် စာဝင်နေသည့် လက္ခဏာပြနေ၍ ကျွန်မ ဖွင့်ကြည့်လိုက်တော့ ထိုမိန်းကလေးထံမှ ပေးပို့ထားသော စာဖြစ်နေသဖြင့် အံ့သြသွားရသည်။ ဤအကြောင်းကို ကြားလျှင် ဖေ့စ်ဘုတ်အသုံးပြုသူတိုင်း အံ့သြဘနန်းဖြစ်သွားလိမ့်မည်ဟု ကျွန်မ ထင်မိသည်။ အဘယ်ကြောင့်ဆိုသော် block လုပ်ထားသော အကောင့်တစ်ခုထံမှ နောက်တစ်ကြိမ် စာဝင်လာခြင်းသည် နည်းပညာအရ မည်သို့မျှ ဖြစ်နိုင်ခြေမရှိသောကိစ္စတစ်ခုဖြစ်နေ၏။ (ဗိုင်းရပ်စ်ဝင်ခြင်းလည်း မဟုတ်၊ အဟပ်ခံရခြင်းလည်း မဟုတ်သလို၊ သူမ၏အကောင့်သည်လည်း block list ထဲတွင် ရှိနေဆဲဖြစ်သည်။) ဖေ့စ်ဘုတ်၏ block ၏ သဘောမှာ မိမိအား စိတ်အနှောင့်အယှက်ပေးနေသူတစ်ဦးနှင့် မိမိအကြား အဆက်အသွယ်ပြတ်တောက်သွားစေရန် ပိတ်ဆို့လိုက်ခြင်းဖြစ်ရာ၊ ထိုပိတ်ဆို့ထားသော အကောင့်ထံမှ နောက်တစ်ကြိမ် စာဝင်လာခြင်းသည် အံ့သြဖွယ်ကောင်းသော အဖြစ်အပျက်တစ်ခုဖြစ်နေ၏။ ကျွန်မလည်း တအံ့တသြငေးကြည့်နေမိရာမှ သတိဝင်လာကာ စာကို ဖတ်ကြည့်လိုက်မိသည်။

"ငါ ဝဋ်မလည်ချင်ပါဘူး၊ ငါ တောင်းပန်ပါတယ်"

စာကို ဖတ်ကာ ကျွန်မ မျက်လုံးပြူးသွားမိပါပြီ။ ဝဋ်လည်မည်စိုး၍ သူမထံမှ တောင်းပန်ထားသော စာပါလား။ ကျွန်မဟာ စိတ်ပျော့လွယ်သူတစ်ဦးဖြစ်ရာ သူမ၏ စာကို ဖတ်ရလိုက်ရသည့်အခါ သူမအပေါ် ချက်ချင်းခွင့်လွှတ်လိုက်မိပြီး ခွင့်လွှတ်ကြောင်း စာပြန်ရန် ကြိုးစားကြည့်သော်လည်း ကျွန်မ၏ဘက်မှ မည်သို့မျှ စာပြန်၍ မရပေ။ (မည်သို့မည်ပုံ လုပ်ရမည်ကိုလည်း ကျွန်မ မသိပါ။) သို့ကြောင့် ကျွန်မလည်း စိတ်ထဲမှ ခွင့်လွှတ်ကာ ထိုထူးဆန်းသည့်ကိစ္စကို သူငယ်ချင်းနှင့် တွေ့မှ ပြောပြရဦးမည်ဟု တွေးထားလိုက်မိသည်။ သို့သော် စာက ဤမျှဖြင့် မရပ်သေးချေ။ နောက်တစ်နေ့တွင်…

"ငါ့ကို ခွင့်လွှတ်ပါ။ ခွင့်လွှတ်တယ်လို့ နင့်ပါးစပ်က အမြန်ပြောပေးပါ။ နင် ဝတ်တတ်တဲ့ အနွေးထည်ကြီးကို သွားမလျှော်ခင်ပေါ့"

ဟူသောစာကို တွေ့မြင်လိုက်ရ၏။ ထိုမက်ဆေ့ရှ်ကို ဖတ်လိုက်ရသည့်အခိုက် ကျွန်မ ကြက်သီးတဖြန်းဖြန်းထသွားမိသည်။ စာကို ဖတ်ရသည်မှာ တစ်မျိုးချည်း။ သူမနှင့် ကျွန်မက မြင်ရသည်လည်း မဟုတ်၊ အသံကြားရဖို့က ပို၍ပင် မဖြစ်နိုင်သေး။ သို့ရာတွင် သူမ၏ စာက ကျွန်မ၏နှုတ်မှ ခွင့်လွှတ်ကြောင်း ဖွင့်ပြောရန် ထူးထူးဆန်းဆန်း တောင်းဆိုထားသောကြောင့် ကျွန်မ အနည်းငယ် ထိတ်လန့်သွားမိသည်။ နောက်ပြီး ဖေ့စ်ဘုတ်သုံးပြီးလျှင် အနွေး

www.burmeseclassic.com

ထည့်သွားလျှော့ရန် ကျွန်မ စဉ်းစားထားမိရာ တိုက်တိုက်ဆိုင်ဆိုင် လာတူနေသဖြင့် အရမ်းအံ့ညြသွားမိ၏။

မက်ဆေ့ချ်ရောက်ရှိလာပုံမှာ ဆန်းပြားနေခြင်း၊ ရောက်ရှိလာသော မက်ဆေ့ချ်၏ အကြောင်းအရာမှာ တစ်ချိန်က ကျွန်မအား နှောင့်ယှက်ခဲ့မိသဖြင့် တောင်းပန်ခြင်းနှင့် ခွင့်လွှတ်စကားကို ကျွန်မ၏နှုတ်မှ ထုတ်ဖော်ပြောရန် တောင်းဆိုခြင်း၊ မကြာမီတွင် ကျွန်မ ဝတ်နေကျ အနွေးထည်ကို သွားလျှော့မည်ဖြစ်ကြောင်း သိနေခြင်းတို့မှာ သိပ်ကို အံ့ညြဖွယ်ကောင်းနေချေပြီ။ ကျွန်မလည်း ရောက်လာသည့် မက်ဆေ့ချ်နှစ်စောင်ကို အခါခါအလီလီ ပြန်ဖတ်ကြည့်ကာ စဉ်းစားခန်းဝင်မိသော်လည်း အဖြေက တစ်လုံးတစ်ပါဒမှ ထွက်မလာ။ နောက်ဆုံး နည်းပညာချို့ယွင်းခြင်းနှင့် တိုက်ဆိုင်ခြင်းသာ ဖြစ်မည်ဟု တွေးလျက်၊ ထိုကိစ္စနှင့်ပတ်သက်ပြီး ခေါင်းရှုပ်မခံတော့ဘဲ လုပ်စရာရှိသည့်အလုပ်ကိုသာ လုပ်ကိုင်နေလိုက်၏။

ဒုတိယစာ(မက်ဆေ့ချ်)ရောက်လာသည့်နေ့မှာ ဇန်နဝါရီ ၂၈ ရက်နေ့ဖြစ်သည်။

ဇန်နဝါရီ ၂၉ရက်မှ ဖေဖော်ဝါရီ ၁၅ရက်နေ့အထိ ကျွန်မ ဖေ့စ်ဘုတ် မသုံးဖြစ်တော့။ ပန်းဆိုးတန်းတစ်ပတ်အလည်ထွက်ပြီး စာအုပ်အဟောင်းများ သွားဝယ်လာခဲ့မိ၍ ဖတ်စရာ စာအုပ်များ ပေါများနေခြင်းကြောင့် လည်းကောင်း၊ စာရေး နေ့ကွေးပြီး အမြန်ရေးသည့်အခါ ပဲပင်ပေါက်လက်ရေးပမာ ဆန်းဆန်းပြားပြား ပုံသဏ္ဍာန်များ ရေးတတ်သည့် လက်ရေးလုပိုင်ရှင် ကျွန်မသည် ဝတ္ထုရေးသည့်အခါတွင် မိဘများ ခြစ်ခြုတ်၍ ဝယ်ပေးထားသော မော်ဒန်အောက် ကွန်ပျူတာလေးနှင့် စာရေးလေ့ရှိရာ ထိုရက်ပိုင်း၌ လျှပ်စစ်မီး မကြာခဏပြတ်တောက်နေ၍ မီးလာသည့်အချိန်ခဏတွင် အင်တာနက်၊ ဖေ့စ်ဘုတ် စသည်တို့ အသုံးမပြုအားဘဲ စာကိုသာ အသည်းအသန်ရေးသားနေခြင်းကြောင့် လည်းကောင်း၊ ကြီးဒေါ်အပျိုကြီးတစ်ယောက် ရုတ်တရက် တရားဘာဝနာလိုက်စားလာပြီး သီလရှင်ဝတ်သွားသဖြင့် ကြီးဒေါ် သီလရှင်ကြီး၏ အလှူသို့ သွားရောက်ကူညီဝတ်ဖြည့်နေခြင်းကြောင့် လည်းကောင်း စသော အလုပ်အမျိုးမျိုးအထွေထွေ ကြား ပြေးလွှားကာ အလုပ်များလျက်ရှိသဖြင့် ဖေ့စ်ဘုတ်နှင့် ရက်ပေါင်း ၂၀ နီးပါး အဆက်ပြတ်သွားခဲ့သည်။ ကျွန်မ ဖေ့စ်ဘုတ်ပြန်သုံးသည့် ဖေဖော်ဝါရီ ၁၆ ရက်နေ့၌ အံ့ဖွယ်သရဲ တွေ့မြင်လိုက်ရသည်မှာ လွန်ခဲ့သော ဇန်နဝါရီ ၂၇နှင့် ၂၈ ရက်က မက်ဆေ့ချ်ဘောက်ထဲတွင် ရောက်ရှိနေခဲ့သော သူမ၏ တောင်းပန်စာနှစ်စောင်သည် ယခုအခါ၌ ပျောက်ချင်းမလှ ပျောက်ကွယ်သွားချေပြီ။ ကျွန်မ၏ စိတ်ထဲ တော်တော်အံ့ညြသွားမိပေမယ့် ထိုကိစ္စနှင့် ပတ်သက်ပြီး ဉာဏ်မမီနိုင်သဖြင့်…

"ဟုတ်မှာပါ။ နည်းပညာချို့ယွင်းချက်ပဲ ဖြစ်ပါလိမ့်မယ်"

ဟူ၍သာ ကောက်ချက်ချခဲ့သည်။

◈◈◈

"ဘယ်လို…ဘယ်လို၊ အဲဒီတစ်ယောက် ဆုံးသွားပြီ၊ ဟုတ်လား"

ကြားလိုက်ရသည့် သတင်းစကားက ကျွန်မ၏ မျက်လုံးအစုံကို ပြူးကျယ်သွားစေခဲ့သည်။ ထိုသတင်းစကားကို သယ်ဆောင်လာသူက ကျွန်မ၏ အခင်ဆုံးသူငယ်ချင်း အိလေး၊ မေအေး(မေလ ၁ရက်နေ့)တွင် ကျွန်မတို့နှစ်ယောက်လုံး အားလပ်နေကြသဖြင့် ဖုန်းဖြင့် ချိန်းဆိုကာ စားသောက်ဆိုင်တွင် ဆုံဖြစ်ကြစဉ် ကျွန်မက မက်ဆေ့ချ် နှစ်စောင်အကြောင်းပြောပြမိရာ အိလေးက အလွန်အမင်းအံ့အားသင့်သွားဟန်ဖြင့်…

"ဟယ်…အဲဒီတစ်ယောက်က ဆုံးသွားပြီလေ"

ဟု ပြောလိုက်၍ ကျွန်မ မျက်လုံးအပြူးသားဖြစ်သွားရ၏။ အံ့ညြလွန်းသဖြင့် မင်သက်သွားမိကာ…

"ဟုတ်လို့လား အိလေးရယ်၊ နင် ဘယ်လိုလုပ်သိရတာလဲ၊ မဖြစ်နိုင်တာ"

ဟု မယုံမရဲ မေးမိသေးသည်။ အိလေးက သူမ၏ စကားကို ကျွန်မက မယုံကြည်သဖြင့် မကျေမချမ်းဖြစ်သွားဟန်နှင့်…

"ဩော်…တကယ်ပါဆိုဟယ်၊ ငါလည်း နင့်ဆီက သူ့အကောင့်တောင်းပြီး သူ့ကို add လိုက်တယ်။ အစက တော့ နင့်အတွက် ရန်တွေ့ပေးမလို့ပါ။ နောက်မှ သူ့ status တွေ ဖတ်ကြည့်ရင်း ရန်မတွေ့ဖြစ်တော့တာ။ သူမှာ ရောဂါရှိတယ်တဲ့ဟာ။ အရိုးကင်ဆာဆိုလား၊ ရိုးတွင်းခြင်ဆီကင်ဆာဆိုလားပဲ၊ အစကတော့ သူများတွေ သူ့ကို သနားအောင် လျှောက်ရေးတယ် ထင်မိတာ၊ နောက်တော့ သူ ဆေးရုံတက်နေတဲ့ပုံတွေတင်မှ တကယ်မှန်း သိတော့တယ်။ သနားပါတယ်ဟာ၊ သူက သူ့ရောဂါအခြေအနေကြောင့် လောကကြီးကို အဆိုးမြင်နေရှာတာ။ အဲ…လွန်ခဲ့တဲ့ သုံးလလောက်က စပြီး သူ့ ဖေ့စ်ဘုတ်က ပျောက်သွားတယ်။ ငါလည်း အဲဒီတစ်ယောက် မသုံးတော့ဘူးလား၊ ဘာဖြစ်သွားတာလဲ သိချင်တာနဲ့ သူနဲ့ အပြင်မှာ ရင်းနှီးတဲ့ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com

တွေကို လျှောက် add ပြီး မေးကြည့်တော့မှ သူဆုံးသွားမှန်း သိလိုက်ရတယ်။ ဆုံးသွားတာ မကြာသေးဘူး။ လွန်ခဲ့တဲ့ ဇန်နဝါရီလ ၂၅ရက်နေ့ကမှ ဆုံးသွားတာ။ နင် မယုံရင် ဒီမှာကြည့်"

ဟု ဆိုကာ သူမ၏ ဟန်းဖုန်းထဲမှ ဖေ့စ်ဘုတ်စာမျက်နှာကို ကျွန်မအား ဖွင့်ပြသည်။ အိလေး ဖွင့်ပြသည်က ထိုမိန်းကလေး၏ သူငယ်ချင်းများ တင်ထားသောပုံနှင့် status များဖြစ်၏။

"ပိုးပိုးရေ . . .နင့်အတွက် ငါ ဝမ်းနည်းတယ်။ နင် ကောင်းရာရောက်ပါစေကွာ"

"သူငယ်ချင်း ပိုးပိုးနဲ့ အတူရိုက်ထားတဲ့ ပုံလေ။ သူငယ်ချင်းရေ . . . ငါ နင့်ကို နှုတ်ဆက်လိုက်တာ။ နောင်ဘဝ နင် ဒီလိုရောဂါဆိုးကြီး မဖြစ်ပါစေနဲ့တော့"

"နင် ငါ့အပေါ်ကို ဆိုးခဲ့တာတွေရှိတယ်။ ဒါပေမယ့် ငါ နင့်ကို နားလည်တယ်။ နင်ဟာ ကလေးဆိုးလေးပါပဲရယ်"

သုံးလေးကြောင်း ဖတ်ကြည့်လိုက်ပြီးနောက် အိလေး၏ စကားမှာ အလိမ်အညာမဟုတ်ကြောင်း ကျွန်မ သက်ခံလိုက်ရသည်။ သို့ပေမယ့် သိပ်လည်း မယုံရဲ။ ကျွန်မ၏ သူငယ်ချင်းအကြောင်း ကျွန်မ အသိဆုံး။ ကျွန်မ့ကို အလွန်နောက်ပြောင်သူများဖြစ်သဖြင့် ယခုကိစ္စတွင်လည်း ကျွန်မကို တမင် သရဲခြောက်သည်ဟု ထင်မြင်သွားစေချင်၍ လိမ်ညာနေခြင်းများလားဟု သံသယဝင်နေမိရာ ဤသို့ သက်သေ သက္ကာယဖြင့် ရှင်းပြသည့်အခါမှ ကျွန်မ အိလေး၏စကားကို မျက်စိမှိတ် လက်ခံလိုက်ရသည်။

"အေးဟယ်၊ ငါက နင်ပြောတာကို မယုံလို့ မဟုတ်ပါဘူး။ ကြားလိုက်



ရတဲ့ သတင်းက စိတ်မကောင်းစရာကောင်းလွန်းလို့ မယုံမရဲဖြစ်သွားရတာပါ"

"အမယ် . . .နင်ကပဲ မယုံမရဲဖြစ်ရတယ်ရှိသေး။ မယုံချင်းမယုံ ငါက နင်ပြောတာကို မယုံရမှာ။ ဘယ့်နှယ့်၊ block ပြီးသား အကောင့်ကနေ မက်ဆေ့ရှ်နှစ်စောင်ဝင်လာသတဲ့။ နောက်ပြီး မက်ဆေ့ရှ်ကလည်း တစ်ဖက်လူက သူ့အမှားကို ဝန်ချတောင်းပန်တဲ့ မက်ဆေ့ရှ်။ နောက်ဆုံး အဲဒီမက်ဆေ့ရှ်က နေ့ချင်းညချင်း ပျောက်သွားရောတဲ့။ နင် ပြောတာ တစ်ခုမှ ယုံချင်စရာမရှိဘူး။ နင် စိတ်ကူးအယဉ်လွန်သွားတာများလား"

"ဩော် . . .ဒုက္ခပါပဲ။ ငါက သူ့ကို သတိကို မရတော့တာ။ ခုဟာက မက်ဆေ့ရှ်ရောက်လာလို့ သူ့အကြောင်းကို မေးမိတာပါ။ ငါလည်း ဘယ်လိုဖြစ်သလဲ မပြောတတ်တော့ပါဘူး။ သူ့အကောင့်ကို တစ်ယောက်ယောက်သုံးနေသလားမှ မသိတာ"

"ဟဲ့ . . .သုံးလည်း block ထားတဲ့ဟာကို ဘယ်လိုလုပ် မက်ဆေ့ရှ်ပို့နိုင်မှာလဲ။ အင်း . . .တစ်ခုတော့ရှိတယ်"

"ဘာတစ်ခုတုန်း"

"နင့်ကို သရဲခြောက်တာလားမှ မသိတာ။ နင့်ဆီ မက်ဆေ့ရှ်ရောက်လာတဲ့နေ့က သူဆုံးပြီး နောက်တစ်ရက် မဟုတ်လား။ ဒီတော့ သူ စိတ်စွဲပြီး နင့်ဆီ တောင်းပန်စာပို့လိုက်သလားမှ မသိတာ"

"တော်စမ်းပါဟယ်၊ မဖြစ်နိုင်တာ။ ငါ့ကို အကြောင်းလာမရိုက်နဲ့။ စက်ပစ္စည်းပဲဟာ။ တစ်ခါတလေလည်း ချို့ယွင်းတာနေမှာပေါ့ဟာ။ တော်ပါပြီ၊ စိတ်မကောင်းစရာချည်းတွေ မပြောစမ်းပါနဲ့တော့။ ငါလည်း သူ့ကို ခွင့်လွှတ်လိုက်ပါပြီ။ ဆုလည်း ဆုတောင်းမိတယ်။ နောင်ဘဝ ကျန်းမာချမ်းသာပြီး လိုရာဆန္ဒတွေ ပြည့်ဝပါစေ မိန်းကလေးရယ်"

အိလေးက ထိုအကြောင်းနှင့်ပတ်သက်ပြီး စကားဆက်လိုဟန်ရှိပေမယ့် ကျွန်မကတော့ ဆက်ပြောလိုစိတ် မရှိတော့သဖြင့် စကားစကို ဖြတ်ကာ လမ်းကြောင်းပြောင်းပစ်လိုက်၏။ စကားမဆက်တော့ပေမယ့် အတွေးတို့ကတော့ ထိုအကြောင်းကို တစ်ကျော့ပြန်တွေးနေမိသေးသည်။

ထူးထူးဆန်းဆန်းရောက်ရှိလာသော စာနှစ်စောင်။

ပျောက်ကွယ်သွားသော သူမ၏ တောင်းပန်စာနှစ်စောင် ■

*စေတနာရှေ့ထားလျက် . . .*

* * *

ဂါဦးနှန်းကို



www.burmeseclassic.com

www.burmeseclassic.com

ယောဂီစောလွင်

# ကျေးဇူးရှင် ဗြဟ္မာကြီး

မော်လမြိုင်က ကိုစောနဲ့ အစိန်တို့ဇနီးမောင်နှံ ကလေးနှစ်ယောက်နဲ့ အတူတကွ ခရီးထွက်လာကြတယ်။ ကလေးကြီးက ၄နှစ်ကျော် ၅နှစ်နီးပါး သမီး။ ကလေးငယ်က အခါလည် မရှိတရှိ သား၊ ရင်ခွင်ပိုက် အရွယ်ပေါ့ဗျာ။

သူတို့မိသားစုခရီးစဉ်က ရှည်လျားတယ်ဗျ။

အခု မုတ္တမ-ရန်ကုန် အမြန်ရထားစီးပြီး ရန်ကုန်ဘူတာကြီးမှာ မန္တလေးအမြန်ရထားစီးကြမယ်။ မန္တလေးရောက်မှ ကားစီးပြီး စစ်ကိုင်းအထိ သွားကြမှာ။ စစ်ကိုင်းမြို့မှာ ကိုစောမိဘနှစ်ပါး နေထိုင်ကြတယ်။ သူတို့လက်ထပ်ပွဲပြီးလို့ ပြန်သွားကြတဲ့ မိဘနှစ်ပါးကို သူတို့ဇနီးမောင်နှံ မမြင်မတွေ့ရတာ ကလေးအကြီးမအသက်နဲ့ ထပ်တူကြာသွားခဲ့ပြီ။

အခု ကျောင်းပိတ်ထားတုန်း ဆရာမ အစိန် အားလပ်ရက်ရချိန်။ စာရင်းစစ်ဝန်ထမ်း ကိုစောက ခွင့်ရက်ရှည်ယူပြီး သင်္ကြန်ရက်အလွန်မှာ ခရီးထွက်လာကြတာ။ မိဘနှစ်ပါးကန်တော့ရင်း သမီးပြ၊ သားပြဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့။ သားအချစ်၊ မြေးအနှစ်ကိုးဗျ။ ဘိုးဘွားမေတ္တာကိုလည်း သမီးကြီး သိအောင် ကြိုးစားရဦးမှာ မဟုတ်လား။

ဒီလောက်ကွာဝေးလှတဲ့ ခရီးအရှည်ကြီးကို သွားဖူးသွားစ မရှိတဲ့ အစိန်က အတွေးနဲ့ ပူပန်နေပုံရတယ်။ သူ့စကားအပြောအဆိုထဲမှာ အရိပ်အမြွက်ပါနေတယ်။

"ကိုစော . . . ကလေးတွေနဲ့ လိုက်သာလာခဲ့တာ၊ အစိန်တို့ အဆင်ပြေပါ့မလားဟင်"

ကိုစောက ပြုံးလိုက်ပြီးမှ ခပ်အေးအေးပဲ ရှင်း... လိုက်တယ်။

"အဆင်ပြေမှာပါ အစိန်ရ။ စိတ်အေးအေးထားပါ။ ကို... မှာ နည်းကောင်းရှိတယ်။ စာရင်းစစ်ရုံးမှာ အလုပ်စဝင်တ... က စီနီယာဆရာတစ်ဦးက ညီအစ်ကိုပမာ ရင်းနှီးပြီး ကို... ကို သွန်သင်တယ်။ နည်းကောင်း ငါးသွယ်ပေးခဲ့ဖူးတယ်"

"ရုံးလုပ်ငန်းမှာ ဆောင်ရွက်နေတဲ့ နည်းလမ်းက ခ... သွားမှုနဲ့ ဘာဆိုင်လို့လဲ"

ဆရာမပီပီ အစိန်က မေးခွန်းထုတ်တယ်။

"စကားဆုံးအောင် စိတ်ရှည်ရှည်နဲ့ နားထောင်ပါ... အလျင်စလို မပြောနဲ့လေ"

ကိုစောတို့ စာရင်းစစ်ရုံးဆိုတာ တစ်ပါးသူ ရုံးတွေ... အရှုပ်အထွေး အခက်အခဲ ပြဿနာမျိုးစုံကို ကိုင်တွ... စစ်ဆေးရတဲ့ သဘာဝရှိတယ်။ ပြီးတော့ စာရင်းစစ်ဝန်ထ... အများစုဟာ ကိုယ့်ရုံးသာမက တစ်ပါးသူရဲ့ ရုံးရှိရာ သွား... ကြရတယ်။ မြို့ပေါ်ရော၊ နယ်အထိဆင်းပြီး စစ်ဆေး... တယ်။ စီနီယာဆရာပေးအပ်ခဲ့တဲ့ နည်းကောင်း ငါးသွယ်... စာရင်းစစ်တိုင်း ကြုံတွေ့ရမယ့် ပြဿနာရပ်၊ ဒါမှမဟု... ခရီးစဉ်မှာ အောင်မြင်မှု၊ မအောင်မြင်မှုရဲ့ အခြေခံ ... အကြောင်းတရားငါးပါးဖြစ်နေတယ်"

"ဩော် . . . ဒီလိုလား။ ခရီးစဉ်မှာ၊ ပြဿ... အောင်မြင်မှုပေးနိုင်မယ့် အကြောင်းငါးပါးဆိုတော့ အ...



www.burmeseclassic.com

www.burmeseclassic.com

လည်း သိချင်စိတ်များလာပြီ။ ဆက်ပြော...ဆက်ပြော”

“တစ်အချက်က ပြဿနာရဲ့ အတိမ်အနက်၊ လမ်းခရီးရဲ့ အကွာအဝေးသိရမယ်။ ရန်ကုန်၊ မန္တလေးနဲ့ စစ်ကိုင်းက ကိုစောသွားလာဖူးတဲ့ ဒေသအရပ်တွေဖြစ်တော့ အကွာအဝေးနဲ့တကွ ဘယ်ဒေသမှာ ဘာရှိတယ်ဆိုတာအထိ စုံစမ်းသိရှိပြီးသား။ ပြဿနာဆိုတာက မပေါ်သေးလို့၊ ပေါ်လာရင်လည်း သိအောင် စုံစမ်းပြီး ဖြေရှင်းလိုက်မှာပဲလေ”

“နှစ်အချက်က ကာလအချိန်အခါကို နရီစည်းဝါးမိအောင် ဆုပ်ကိုင်ရမယ်။ ခရီးစဉ်မှာ မီးရထားအချိန်ဇယားက ဘယ်လိုရှိတယ်။ အမြန်ရထားစီးချင်ရင် ဘယ်နေ့ ဘယ်အချိန်မှာ လက်မှတ်ဝယ်ရမယ်။ ရထားပေါ် တက်စီးဖို့ ဘယ်အချိန် အိမ်က ထွက်ရမယ်။ အဲဒီလို အချိန်နဲ့ တစ်ပြေးညီ လှုပ်ရှားဆောင်ရွက်ခဲ့လို့ ကိုစောတို့ အခု ရန်ကုန်သွားနေတာမို့လား”

အစိန်က စိတ်ပါလက်ပါ ခေါင်းညိတ်ပြပါတယ်။

“အာရုံစူးစိုက်နိုင်ဖို့ တည်ငြိမ်မှု လိုအပ်ချက်ဟာ သုံးအချက်ဖြစ်တယ်။ ကိုစောတို့ သွားနေတဲ့ လမ်းခရီးမှာ အခက်အခဲ အနှောင့်အယှက်နဲ့ အန္တရာယ်ပေါ်ထွက်လာတဲ့အခါ စိတ်မတည်ငြိမ်ရင်၊ အာရုံစူးစိုက်မှု နည်းပါးရင် လက်လွတ်ဆုံးရှုံးမှုရှိနိုင်တယ်။ အနာတရဖြစ်နိုင်တယ်။ သမာဓိရအောင် လေ့ကျင့်ထားရမယ့် သဘောပေါ့ကွယ်”

“အင်း... ဒီသုံးချက်နဲ့တင် နည်းကောင်းဆိုတာ ထင်ရှားနေပါပြီ ကိုစောရယ်”

“ဆက်ပြောရရင်တော့ မိမိကိုယ်ကို မိမိယုံကြည်ခြင်းနဲ့ ဇွဲလုံ့လရှိခြင်းတို့ဟာ လေးနဲ့ ငါးအချက်ပဲဖြစ်တယ်။ လမ်းတစ်ဝက်ရောက်နေတုန်းမှာ၊ ဒါမှမဟုတ် ပြဿနာပေါ်နေတုန်းမှာ ငါ ဖြတ်သန်းနိုင်ရမယ်။ ပန်းတိုင်အရောက်လှမ်းနိုင်ရမယ်လို့ ယုံကြည်မှု ရှိထားရမှာ။ ဒါမှမဟုတ် ငါဖြေရှင်းနိုင်ရမယ်၊ ကိုယ်လိုချင်တဲ့ အဖြေရလဒ် ထွက်ပေါ်ရမယ်လို့ ဇွဲနဲ့ ကျားကုတ်ကျားခဲ စိတ်ဓာတ်ထားရှိရမှာ။ မိမိကိုယ်ကို မိမိယုံကြည်မှုအပြည့်အဝမရှိရင်၊ ဇွဲလုံ့လမရှိခဲ့ရင် ဘယ်လိုအောင်မြင်မှုကို ရနိုင်မလဲ။ ကိုယ်သွားချင်တဲ့နေရာ ဘယ်လိုရောက်နိုင်မလဲ”

“ဟုတ်ပါ့ရှင်...ဟုတ်ပါ့။ မန္တလေးရောက်ဖို့ မိဘများထံ ရောက်ဖို့ အစိန်တို့မိသားစု ယုံယုံကြည်ကြည်နဲ့ ဇွဲရှိရှိနဲ့ အားထည့်ပြီး ကြိုးစားရမှာပေါ့နော် ကိုစော”

◆◆◆

ကိုစောတို့မိသားစု အကြောင်းအားလျော်စွာ ဒဂုံမန်း အမြန်ရထားမှာ ပထမတန်းထိုင်ခုံ နှစ်ခုံစာ နေရာရရှိခဲ့ကြတယ်။ အပိုကြေးတော့ ပေးရတာပေါ့။ ဒါက ကိစ္စမရှိ။ ရက်မပုပ်ဘဲ လိုရာခရီးသွားနိုင်ဖို့က အရေးကြီးနေတာလေ။

မီးရထားထွက်လာတော့ ခရီးပန်းတဲ့ ဒဏ်ချက်ကြောင့် အစိန်တို့သားအမိက ပြတင်းပေါက်ထောင့်မှာ အိပ်မောကျလျက်ရှိနေပြီ။ သမီးကြီးက ကိုစောကို မှီလျက် ငိုက်နေရာပြီ။ ကိုစောက နေရာပြင်ပြီး သမီးကြီး အိပ်သာအောင် ဖန်တီးပေးလိုက်တယ်။

မီးရထားထွက်လာစမှာ ဘူတာရုံထဲ ရှိတုန်းကလိုပဲ ဆူညံနေတယ်။ ခရီးသည်များရဲ့ စကားသံတွေနဲ့ သံလမ်းသံဘီးကြိတ်ပွတ်သံတွေဟာ သူ့ထက်ငါ အသာရဖို့ အပြိုင်အဆိုင်ညံနေတာ။

“ဒီကမ္ဘာမြေကို ဟိန္ဒူ ထာဝရဘုရား “ဗြဟ္မာ”က ဖန်ဆင်းခဲ့တာတဲ့ဗျ”

လူငယ်တစ်ယောက်ရဲ့ စကားသံ။ အဲဒီနောက်ပါးက လူရွယ်တစ်ယောက် ထပ်ပြီးပြောတဲ့ စကားသံကို ဒီလိုကြားလိုက်ရတယ်။

“ရှေး ပါရှန်လူမျိုးတွေရဲ့ ထာဝရဘုရား ဉာဏ်တော်ရှင် အဟူရမဇ္ဇဒဟာ ကျမ်းစာတစ်စောင်ကို ပညာရှင် ဇိုးရိုးအစ္စတားထံ ပေးအပ်ထားတယ်။ အဲဒီကျမ်းစာအရ ထာဝရဘုရားက ဒီကမ္ဘာကြီးကို ခြောက်ကြိမ်တိုင်အောင် ဖန်ဆင်းတည်ထောင်ရတာဆိုပဲဗျ”

ကိုစောက အတိုင်းသား ကြားနေရတဲ့ ဆွေးနွေးတင်ပြသံတွေကို နားစွင့်နေတယ်။ တတိယ လူကြီးသံက ပီပီသသထွက်ပေါ်လာတယ်။

“မင်းတို့ ပြောပြချက်တွေက ယေဘုယျဆန်လွန်းလို့ လက်ခံနိုင်စရာ မရှိဘူးကွယ့်။ ကမ္ဘာကြီးတစ်ခုလုံးရဲ့ သက်မဲ့သက်ရှိအားလုံးကို ခုနစ်ရက်အတွင်း ဖန်ဆင်းခဲ့တယ်လို့ မိန့်ဆိုတဲ့ သမ္မာကျမ်းစာက ပိုပြီးတိကျတယ်။ ပထမ နှစ်ရက်မှာ ကမ္ဘာမြေ ကောင်းကင်ကြီးနဲ့တကွ အလင်းဓာတ်ကို စတင် ဖန်ဆင်းခဲ့တာတဲ့။ တတိယရက်က ပန်းပင်မျိုးစုံ၊ သစ်တောနဲ့ တောင်ကုန်းတွေ၊ ရေနဲ့တကွ အင်း၊ ကန်၊ ချောင်း၊ မြစ်၊ ပင်လယ်သမုဒ္ဒရာဖြစ်စေတယ်။ စတုတ္ထရက်မှာ နေ၊ လ၊ ကြယ်တာရာ၊ နက္ခတ်တွေ၊ ပဉ္စမရက်ကတော့ ကောင်းကင်သတ္တဝါ၊ ရေသတ္တဝါတွေကို ဖန်ဆင်းခဲ့တယ်။ ဆဋ္ဌမမြောက်ရက်မှာတော့ ကုန်းမြေသတ္တဝါအားလုံးနဲ့ အာဒမ်ဧဝ ဆိုတဲ့ လူသားကို ဖန်ဆင်းပေးခဲ့တာပေါ့။ ဒီအကြောင်းက လက်ခံချင်စရာပဲလေ”



www.burmeseclassic.com

www.burmeseclassic.com

ဆွေးနွေးသံများအကြားမှာ ကိုစောတစ်ယောက် ပျင်းရိအိပ်ငိုက်ခြင်းမရှိပါ။ သူတို့အဆိုများကို အခြေခံပြီး ခေတ်သစ်သိပ္ပံသုတေသနပြုချက်များနဲ့ နှိုင်းစာကြည့်လို့ ဗုဒ္ဓစာပေဖော်ပြချက်များနဲ့ တိုင်းတာနေမိတယ်။

ဒီကမ္ဘာမြေဟာ နေစကြဝဠာမှ ပဲ့ထွက် လွင့်မြောလာတဲ့ အစိတ်အပိုင်းတစ်ခုအဖြစ် သိပ္ပံပညာက ရှုမြင်ထားတယ်။ လွင့်မြောနေတုန်းက အဲဒီအစိတ်အပိုင်းဟာ နှစ်ပေါင်းသန်းချီကြာတဲ့အထိ မီးတရှိန်ရှိန်တောက်လောင်နေတယ်ဆိုပဲ။ အချိန်ကြာလာလို့ အလိုအလျောက် မီးငြိမ်း မီးအေးသွားတဲ့အခါ ကျောက်သား၊ ပြာမှုန့်၊ မီးခိုး၊ ဆီးနှင်း၊ မိုးရေ၊ နေပူရှိန်တို့ ပြုပြင်ပေးတာကြောင့် တောင်ကုန်းလျှိုမြောင်၊ စမ်းချောင်း၊ သစ်ပင်၊ သတ္တဝါတွေ ဖြစ်တည်ထွန်းကားလာတဲ့ ကမ္ဘာမြေဆိုတာ ပေါ်ပေါက်လာရတာတဲ့ဗျာ။

ထေရဝါဒလို့ အမည်တွင်လာတဲ့ ဗုဒ္ဓဘာသာကို ဆည်းကပ် ကိုးကွယ်သူပီပီ ကိုစောက ပိဋကတ်သုံးပုံကို ယုံကြည်တယ်။ ဖန်ဆင်းရှင်ဝါဒကို မယုံကြည်ဘူး။

စဉ်းစားကြည့်ဗျာ၊ အနန္တ တန်ခိုးရှင်က သက်ရှိ သက်မဲ့အားလုံးကို ဖန်ဆင်းတဲ့အခါ မညီမမျှနဲ့ သာစေ၊ နာစေဆိုတဲ့ သဘောထားရှိသလား။ လူသားတွေကို ဘာကြောင့် ကိုယ်လက်အင်္ဂါစုံ လူသား၊ အင်္ဂါချို့တဲ့ လူသားရယ်လို့ ပိုင်းခြားလိုက်တာလဲ။ ပညာရှိ လူသား၊ ပညာမဲ့ လူသား၊ လူချမ်းသာ၊ လူဆင်းရဲရယ်လို့ ဘာကြောင့် ခွဲခြား ဖန်ဆင်းရတာလဲ။ သာတူညီမျှ တန်းတူအခွင့်အရေး ဘာကြောင့် မပေးတာလဲ။ ဒီလို အခွင့်အရေးရရှိအောင် ပေးနိုင်စွမ်းတဲ့ တန်ခိုးရှိတဲ့ ဖန်ဆင်းရှင်မဟုတ်လို့ပေါ့ဗျာ။ အဲဒီ သာတူညီမျှမဖြစ်မှု၊ တန်းတူ အခွင့်အရေးမရမှုကို ထာဝရဘုရားက မဖြေရှင်းနိုင်ဘူး။ ဖန်ဆင်းရှင် အနန္တတန်ခိုးရှင်ဆိုပြီး တန်းတူညီမျှအောင် မတတ်စွမ်းနိုင်ဘူးလေ။

လူသားတွေရဲ့ ကိုယ်အင်္ဂါစုံလင်တာ၊ ချို့တဲ့တာဟာ ဒုက္ခ။ ပညာရှိတာ ပညာမဲ့တာဟာ ဒုက္ခ။ ချမ်းသာတာ၊ ဆင်းရဲတာလည်း ဒုက္ခပဲလို့ မဟာပညာရှိ၊ မဟာလူသား ဗုဒ္ဓက ထုတ်ဖော်ပြတယ်။ အဲဒီလိုဖြစ်နေတာ၊ မညီမျှတာ ဒုက္ခဆိုတာ ကမ္မသတ္တိ ခြယ်လှယ်စီမံလို့ ဖြစ်ပေါ်နေတာပဲ။ တန်ခိုးရှင်က ဖန်ဆင်းထားတာ မဟုတ်ဘူးလို့ မဟာလူသား ဗုဒ္ဓက သဗ္ဗညုတဉာဏ်ကြီးနဲ့ ပြောဟောခဲ့တာ။

ကိုစောက ဗုဒ္ဓအဆုံးအမကို သက်ဝင်ယုံကြည်ပါတယ်။ ဗုဒ္ဓစာပေများထဲက ကမ္ဘာတည်ပုံ၊ ကမ္ဘာပျက်ပုံ ဖော်ပြချက်များကို လက်ခံပါတယ်။ တိပိဋက ဆရာတော်တစ်ပါးရေးပြထားတဲ့ ကမ္ဘာအကြောင်းကို မေတ္တာနဲ့ တွဲဖက်ပြီး ဒီလို နားလည်ခဲ့ဖူးတယ်။

ကမ္ဘာပျက်တုန်းက အရေးပေါ် မေတ္တာနဲ့ သတ္တဝါတွေကို ကယ်ဆယ်ခဲ့ရတာတဲ့။

ကမ္ဘာပျက်ခါနီး နှစ်ပေါင်း ရာထောင်မတိုင်မီကတည်းက လောကဗျူဟာနတ်တွေက လောကသုံးပါးလုံး လှည့်လည်ပြီး လောကသားအချင်းချင်း မေတ္တာနဲ့ ဆက်ဆံနေထိုင်ကြဖို့ မေတ္တာထား၊ မေတ္တာပွားကြဖို့ နှိုးဆော်တိုက်တွန်းကြသတဲ့။ ကမ္ဘာပျက်မယ့် သတင်းစကားကြောင့် လူသားတွေ ထိတ်လန့်သွားကြပြီး နတ်နှိုးဆော်ချက်ကို လက်ခံလိုက်နာကြ၊ မေတ္တာထား၊ မေတ္တာပွားကြတယ်။ လူသားမေတ္တာပွားတာ ကြီးမားလိုက်ပုံက လူ့ဘုံနဲ့ နတ်ဘုံတွေသာမကဘဲ အပါယ်လေးဘုံအထိတောင် မေတ္တာပြန့်သွားတယ်တဲ့ဗျာ။

အပါယ်ဘုံသားတွေလည်း အဲဒီ မေတ္တာရှိမှုကြောင့် လူ့အဖြစ်၊ နတ်အဖြစ်ကို ရောက်ကြရပြီး မေတ္တာထား၊ မေတ္တာပွားတဲ့အမှုကို ပြုလုပ်ကြတယ်။ အားလုံးဈာန်တွေ ရကြပြီး ဗြဟ္မာဘုံတစ်ခုမှာ အစုအပြုံလိုက်ဖြစ်သွားကြသတဲ့။ အဲဒီ ဗြဟ္မာဘုံဟာ မေတ္တာအရှိန်ကြောင့် တခြား ဗြဟ္မာဘုံတွေနဲ့ အတူ ကမ္ဘာ့မီးဘေးကြီးမှ ကင်းဝေးတယ်။ ကမ္ဘာပျက်ရာမှာ မပါဘဲ လွတ်မြောက် ကျန်ရစ်ခဲ့တယ်ဗျ။ အဲ- ကမ္ဘာတည်ချိန်ရောက်တော့လည်း ကမ္ဘာမြေကို မေတ္တာနဲ့ပဲ စတင် တည်ထောင်ခဲ့တာလို့ ဗုဒ္ဓစာပေက မိန့်ဆိုပါတယ်။

ဗုဒ္ဓအဆုံးအမကို မနာခံတဲ့၊ ဗုဒ္ဓအဆိုအမိန့်ကို မယုံကြည်ကြတဲ့ မိစ္ဆာတိုင်းပြည်တွေလည်း အများကြီးရှိခဲ့သေးတာပဲ။ အဲဒီ တိုင်းပြည်တွေမှာ ချားလ်စ်ဒါဝင် (Charles Darwin ၁၈၀၉-၁၈၈၂) ရဲ့ ရုပ်ဖြပ် ဆင့်ကဲပြောင်းလဲခြင်း (Organic Evolution) မျိုးရိုးစီဇရဲ့ သဘာဝ ရွေးချယ်ခြင်း (on the origin of species by means of natural selection) လူဆင်းသက်လာပုံ (the descent of man) စာအုပ်ပါ အယူအဆတွေကို အရေးတယူပြောဆိုဆွေးနွေးခဲ့ကြလေရဲ့။ လူသား(man)ဟာ လူဝံ(ape)ပမာ သတ္တဝါမျိုးက ဆင်းသက်ခဲ့တယ်ဆိုတာကို ဖတ်ရှုကြရင်း သူတို့အချင်းချင်း ပွက်လောရိုက်အောင် ငြင်းကြခုံကြသတဲ့။ ဒါဝင်ကွယ်လွန်တဲ့ ၁၈၈၂ ခုနှစ်မှာ ဒါဝင် သီအိုရီတွေအခြေခံအရ မှန်ကန်တယ်ဆိုပြီး သိပ္ပံပညာရှင်အများစုက လက်ခံထားတာ ဖြစ်တယ်လို့ သိရပါတယ်။

ဆင့်ကဲဖြစ်စဉ် သီအိုရီ (evolution theory) က


www.burmeseclassic.com

www.burmeseclassic.com

လူသားဗီဇကို ယေဘုယျ ရှင်းပြနိုင်တဲ့ဘမို့ ဒါဝင်ရဲ့ ဩဇာက လူသား တွေးခေါ်မှုမျိုးစုံထဲမှာ သိပ်ပြီး စူးဝင်သွားတယ်။ ကမ္ဘာပေါ်ရှိ သတ္တဝါမျိုးပေါင်း အနန္တထဲမှာ လူသားဆိုတဲ့ ငါတို့လည်း တစ်စိတ်တစ်ပိုင်းပါပဲလို့ လောကီကြောင်းအရ သိလာကြပြီ။ ဒါဝင်ရဲ့ သီအိုရီတွေကြောင့် ငါတို့ သာသနာကြီး ဆုတ်ယုတ် ပျက်ပြားချေတော့မယ်လို့ ခရစ်ဝါဒကို သက်ဝင်သူ ထာဝရဘုရားကို ယုံကြည်သူတွေက မွေကြောင်းအရ ပူပန်တွေးဆလာကြပြီ။ အသိဉာဏ်ပညာနဲ့ ဆင်ခြင်တုံ တရားကို လက်ကိုင်ထားတဲ့ ဗုဒ္ဓဝါဒီများအဖို့တော့ ပဋိစ္စ သမုပ္ပါဒ်တရားနဲ့တင် ဒါဝင်အယူအဆကို ကျော်လွှားနိုင်တယ်။ အဝိဇ္ဇာနဲ့ တဏှာက မူလ လက်သည်လေဗျာ။ ဖားဘဝက နတ်သားဘဝကို ရခဲ့ဖူးတာ၊ နတ်သားဘဝက နေပြီး လူသားဘဝဖြစ်လာဖူးတာကို မဟာလူသား ဗုဒ္ဓက ဟောပြခဲ့ပြီးဖြစ်ပါတယ်။

ကိုစောကတော့ တိပိဋကက ဆရာတော်ရေးပြသလို မေတ္တာရှင် ပြဟ္မာကြီးတွေက ဆင်းသက်လာတဲ့ ကမ္ဘာဦး လူတွေဟာ မေတ္တာရှင် လူသားချည်းပဲလို့ ယုံကြည်ထားတာ ပေါ့ဗျာ။ မေတ္တာအရှိန်ကြောင့် အမိဝမ်းထဲမှာ မကိန်းအောင်ရဘဲ ဘွားခနဲဖြစ်လာကြပုံကို သဘောကျမိတယ်။ စားဖွယ် သောက်ဖွယ် စတဲ့ ရုပ်ဝတ္ထုတစ်ခုတလေမှ မလိုအပ်ဘဲ မေတ္တာနဲ့ တွဲယှဉ်ထားတဲ့ ပီတိအာဟာရနဲ့ပဲ အသက်ရှင်နေကြတာ ဝမ်းသာစရာမို့လား။

နေ၊ လ စတဲ့ အပြင်အပ အလင်းတစ်စုံတစ်ရာမှ မရှိပေမယ့်လည်း လူသားကိုယ်ခန္ဓာတွင်း အလင်းရောင်တွေဟာ ဝင်းလက်နေအောင် ထွက်ပေါ်နေတာတဲ့။ ကိုယ်ခန္ဓာကို ယာဉ်ယန္တရားသဖွယ် အသုံးပြုနိုင်တာကြောင့် ကောင်းကင်လမ်းအတိုင်း လိုရာပန်းတိုင်အထိ ခရီးမျိုးစုံ ပျံသန်းသွားရုံပါပဲ။ နာမ်ခန္ဓာသန့်ရှင်းသလောက်၊ ရုပ်ခန္ဓာလည်း ကြည်လင်ချောမွတ်ပြီး လှပပြေပြစ်ကြတယ်။ ကောင်းမွန် ကြီးကျယ်တဲ့ ကမ္ဘာသတ္တိက စီမံ ဖန်တီးပေးတာမို့ ခမ်းနားတင့်တယ် ဆန်းကြယ် ထည်ဝါလွန်းတဲ့ နေရာဌာနတွေမှာ သက်တမ်းရှည်ရှည်နေထိုင်ကြရပါတယ်။ ပျော်စရာချည်းပဲ။

ကမ္ဘာဦး လူသားဘဝကို မြင်ယောင်နေရင်းက ကိုစောတစ်ယောက် အိပ်ငိုက်လာပြီး မှေးခနဲ အိပ်ပျော်တဲ့ အဆင့်အထိ ရောက်သွားပါပြီ။

◈◈◈

"ကိုစော…ကိုစော…ထပါဦး။ မိုးလင်းတော့မယ်လေ"

ပခုံးလှုပ်နှိုးတာ၊ နာမည်ခေါ်တာကြောင့် ကိုစော အိပ်ပျော်ရာက နိုးထလာတယ်။ ဘေးထိုင်ခုံမှာ သမီးနဲ့ သားကအဆာပြေ မုန့်စားနေကြတယ်။ ရန်ကုန်တည်းအိမ် မိတ်ဆွေဇနီးမောင်နှံက ထည့်ပေးလိုက်တဲ့ ကြက်ဥမွှေကြော်ကို ဘူတာကြီးရောက်မှ ဝယ်ရတဲ့ ပေါင်မုန့်နဲ့ တစ်လုတ်စီ၊ တစ်ကိုက်စီ ဝါးနေကြတာ မြင်ရတယ်။

"ကလေးတွေ မျက်နှာသစ်ပေးပြီးပြီ။ သူတို့ စားနေတုန်း အစ်နီ ရေအိမ်ဝင်ဦးမယ်။ သားကို ခဏပွေ့ထားပါ။ အစ်နီပြန်လာမှ ကိုစောမျက်နှာသစ်ပေါ့နော်"

"အေးအေး၊ သားလေး ဖေဖေ့ဆီလာ၊ အားပါး…နည်းတဲ့ ကိုယ်လုံးမဟုတ်ဘူးဟေ့"

ဇနီးသည် လှမ်းပေးတဲ့ သားငယ်ကို လွှဲယူရင်း ဇနီးသည်ရဲ့ စီမံမှုကို နာခံလိုက်တယ်။ သမီးကြီးက မုန့်စားတာ အဆင်ပြေပေမယ့် သားငယ်က ကြက်ဥကြော်ပဲ စားပြီး လက်ထဲက ပေါင်မုန့်ကို ပါးစပ်ထဲ မထည့်ပါ။ ကစားစရာလိုပဲ ခြေမွ ဆွဲဆုတ်ပြီး အောက်ပစ်ချနေလေရဲ့။ ကိုစောက ပေါင်မုန့်အပိုင်းအစအချို့ကို အဝတ်ပေါ်၊ ပေါင်ပေါ်မှ ကောက်ယူပြီး သားငယ်ပါးစပ်ထဲ ခွံ့ကျွေးပါတယ်။ ဒါပေမယ့် သားငယ်က ထွေးထုတ်တယ်။ ဗိုက်ဝနေပြီထင်ပါရဲ့။ သူစားတဲ့ ကြက်ဥကြော်ပဲ ဆက်ခွံ့ပေးနေမိတယ်။

အစ်နီပြန်လာတော့မှ ကိုစော အလုပ်ရှုပ်တာ ရပ်သွားတယ်။ သားငယ်ကို ပြန်လွှဲပေးလိုက်ပြီး မျက်နှာသစ်ဖို့ သွားပွတ်တံ၊ သွားတိုက်ဆေးနဲ့ ဆပ်ပြာကို ယူပြီး ရေအိမ်ဆီ ထွက်လာခဲ့တယ်။ မီးရထားက အနားမယူသေးဘဲ ခုတ်မောင်းပြေးလွှားနေဆဲ။ ကျောက်ဆည်ရောက်တော့မယ် ထင်ရဲ့။ အပြင်ဘက်မှာ မှုန်ပျပျအလင်းပဲ ရှိသေးတယ်။ ပတ်ဝန်းကျင်ကို သဲသဲကွဲကွဲ မမြင်နိုင်ဘူးလေ။ မီးရထားတွဲထဲက တခြားခရီးသည်များလည်း နိုးသူ နိုး၊ ထသူ ထ။ အိပ်သူလည်း အိပ်ကြတုန်း။

ရေအိမ်မှာ ကိစ္စပြီးလို့ နေရာပြန်ရောက်မှ ကိုစောလည်း ပဝါတောင်းပြီး မျက်နှာသုတ်၊ ပစ္စည်းသိမ်း။ ပြီးမှ သမီး၊ သားနဲ့ အစ်နီချန်ထားတဲ့ မုန့်ကို အဝစားပစ်တယ်။ ကော်ဖီသောက်နေတဲ့ သမီးကြီးက ကိုစောကို ကော်ဖီခွက်ကမ်းလိုက်တယ်။ အလိုက်သင့် ယူထားမိပြီ။

"ရော့…ဖေဖေ။ သမီးသောက်လို့ မကုန်တော့ဘူး"

"အေးအေး၊ သမီးဝသွားရင် ဖေဖေ လက်ကျန်ရှင်းလိုက်မှာပေါ့"

အစ်နီက နံရံထောင့်ကို မှီမှေးရင်း ရင်ခွင်ထဲက သား



www.burmeseclassic.com

www.burmeseclassic.com

ငယ်ကို နို့ချိုတိုက်ကျွေးနေဆဲ။ သားငယ်က ပေါင်မုန့်နဲ့ ကြက်ဥစားထားတာ အစာကြေဖို့ မိခင်နို့ရည်ချိုကို လိုအပ်နေပြီ။ ကိုစောက အစိန်တို့ သားအမိကို ကြည့်နေမိရာက ကမ္ဘာ့တစ်ဝန်းလုံးရှိ သားအမိများထံ စိတ်ကူးနဲ့ မှန်းမျှော်စဉ်းစားနေလေတယ်။

သဘာဝဓမ္မက ဆန်းကြယ်တာလား။ သတ္တဝါတွေကပဲ ဆန်းကြယ်နေတာလား။

လောကမှာ ရှိကြတဲ့ မိခင်တိုင်းရဲ့ နီရဲတဲ့ လူသွေး၊ တိရစ္ဆာန်သွေး၊ နလုံးသွေးတွေဟာ သားသမီးရဲ့ ကောင်းကျိုးကို နှစ်သက်လိုလားတဲ့ မိခင်မေတ္တာကြောင့် ဖြူဖွေးတဲ့ နို့ရည်ဖြစ်သွားရပါတယ်။ ဘယ်ဓာတ်အမျိုးအစားပေါ်ထွက်လာပြီး ဘယ်လိုဓာတ်ပြုလို့ အရောင်ပြောင်းသွားရတာပါလဲ။ အရောင်တင် မကဘူးလေ၊ အရသာလည်း ပြောင်းသွားတာပါဗျာ။ နို့အုံထဲ ရောက်လာတဲ့ မိခင်နလုံးသွေး၊ ရင်သွေးတွေဟာ မိခင်မေတ္တာကြောင့် အရသာချိုဆိမ့်တဲ့ နို့ရည်ဖြစ်သွားရပါတယ်။ ချစ်ခင်ရတဲ့ သားသမီးအတွက် မိခင်သွေးရည်ကနေပြီး မိခင်နို့ရည်ပြောင်းလဲမှု သဘောတရားကြီး မဟုတ်ပါလား။

မိခင်ရဲ့ မေတ္တာဟာ အဲသလောက် အစွမ်းထက်မြက်ပါတယ်။ ဘာဓေတ်သစ် ယန္တရားစက်၊ ဘယ်လောကီတန်ခိုးမှ မပါဝင်တဲ့ မိခင်မေတ္တာစိတ်။ သုတေသီတို့ လက်လှမ်းမမီသေးတဲ့ ဆန်းကြယ်လွန်းစွ၊ လျှို့ဝှက် သဘာဝ၊ ဂမ္ဘီရစွမ်းအင်စိတ်ပါဗျာ။ သဘာဝလမ်းကြောင်း ဓမ္မတာပေမို့ လူဖြစ်စေ၊ တိရစ္ဆာန်ဖြစ်စေ၊ မိခင်က သားသမီးအပေါ် တွယ်တာမှု သံယောဇဉ်နဲ့ ချစ်ရင်တောင် နို့ရည်အရောင်၊ နို့ရည်အရသာတွေက ဖြူမြဲ ဖြူလို့၊ ချိုမြဲ ချိုပြီး အသက်ဆက်ရှင်သန်စေတာ အမှန်ပါပဲ။

"ဖေဖေ… ဒီရထားကြီးက ဘယ်တော့ ရပ်ပေးမှာလဲ၊ စီးရတာ သမီးပျင်းလှပြီ"

ဆော့ကစားတတ်တဲ့ ၅နှစ်အရွယ်လေးမို့ မီးရထားထဲမှာ ကျဉ်းကျပ်နေပုံရပါတယ်။ သမီးကြီးအသံကြောင့် အတွေးမျှင် ပြတ်စဲပြီး ပတ်ဝန်းကျင်ကို သတိပြုမိသွားတယ်။ မိုးစင်စင်လင်းနေပြီ။ ကျောက်ဆည်၊ ဘဲလင်းကျောက် ထုတ်စခန်းကို ဖြတ်သန်းနေပြီပဲ။

"ရောက်တော့မှာပါ။ သမီးရယ်။ ဟိုမှာဘကြည့်ပါဦးကွယ်။ မောင်လေးနဲ့ မေမေ ဖက်ပွေ့ထားရင်း အိပ်ပျော်နေကြတာ။ တစ်ချိန်းတုန်းက သမီးကြီးလည်း မေမေ့ရင်ခွင်ထဲမှာ မောင်လေးလိုပဲ ချိုချိုစို့ရင်း အိပ်ခဲ့ဖူးတယ်လေ။ သမီး မှတ်မိသေးရဲ့လား"

"မှတ်မိတာပေါ့ ဖေဖေရဲ့။ မေမေက မောင်လေးကို ပွေ့ဖက်ထားပြီး နို့ချိုတိုက်ကျွေးတယ်။ သမီးကိုလည်း နို့ချိုတိုက်ကျွေးခဲ့တာ သမီးဘယ်မေ့ပါမလဲ"

"ဟုတ်ပြီ သမီးက ဉာဏ်ကောင်းတာကိုး။ မောင်လေးနဲ့ သမီးကြီးကို မေမေက ပွေ့ချီတာ၊ နို့ချိုတိုက်တာ ဘာကြောင့်လဲ သိလား၊ သမီး"

"သမီးနဲ့ မောင်လေးကို မေမေက ချစ်လို့ပေါ့ ဖေဖေရဲ့"

"မှန်တယ်ကွယ့်။ သမီးကြီးက တော်လိုက်တာ။ သားသမီးအပေါ် ထားရှိနေတဲ့ မိခင်မေတ္တာဟာ နိုင်မာ စွဲမြဲတယ်။ ကောင်းလည်း ကောင်း၊ မြတ်လည်း မြတ်တယ်။ ပြီးတော့ မေတ္တာထားလွန်းလို့ သည်းခံ ခွင့်လွှတ်တာ၊ အနစ်နာခံတာ အားကြီးလှတယ်ကွယ့်။ ဖေဖေမြင်ခဲ့မိတာ ပြောပြမယ်။ သမီးကြီး နားထောင်မှာလား"

"ဘာပြောမှာလဲ၊ အခုလည်း နားထောင်နေတဲ့ဥစ္စာ။ ပြောလေ ဖေဖေ"

အိပ်ပျော်နေတဲ့ အစိန်က မျက်လုံးဖွင့်လာတယ်။ စကားဝိုင်းထဲ ဝင်လာတယ်။

"ကိုစောတို့ သားအဖ ဘာပြောနေကြတာလဲ။ သမီးကလည်း ပြောလေ ဖေဖေတဲ့"

"သမီးကြီးငယ်ငယ်တုန်းက အကြောင်းတစ်ခုပါ။ ကဲ-သမီး ဖေဖေပြောပြီ။ တစ်နေ့ မေမေက ရင်ခွင်ထဲမှာ ပွေ့ချီထားတုန်း သမီးကြီးက အီးအီးတွေ စွန့်ချလိုက်တယ်။ အပြုံးမပျက်တဲ့ မေမေက အညစ်အကြေးတွေကို ဖယ်ရှားပေးတယ်။ သမီးကို သန့်စင်သွားအောင် ဆေးကြောပေးပြီးတော့ မေမေကိုယ်တိုင်လည်း ရေချိုး သန့်စင်လိုက်တာပေါ့။ အီးအီးတွေ စွန့်ချလို့ သမီးကို မေမေက အချစ်မလျော့တဲ့အပြင် ဝမ်းပျက်လို့လား၊ နေမကောင်းတာလားဆိုပြီး ပူပန်စိတ်နဲ့ စောင့်ရှောက်တာ၊ ပြုစုတာ ဖေဖေမြင်တွေ့ဖူးတယ်ကွယ့်"

"ဩော်… ဒီအကြောင်းလား။ ဒါမျိုးက မိခင်တိုင်းကြုံတွေ့နေကျ သမီးကြီးရဲ့။ သမီးကြီး အဲသလို စွန့်ချတာ ဘာဟုတ်သေးလဲ။ မေမေလည်း သမီးဘွားဘွားရင်ခွင်ထဲမှာ စွန့်ချခဲ့ဖူးတာမှ အကြိမ်ကြိမ်ပဲ။ မေမေငယ်ငယ်က ဝမ်းမနိုင်ဘူးတဲ့။ ဖေဖေလည်း အဲဒီလိုပဲ စွန့်ချခဲ့ဖူးလားလို့ သမီးမေးကြည့်ဦးလေ"

သမီးကြီးက မော့ကြည့်ရုံပဲ ကြည့်နေတယ်။ ဘာမေးခွန်းမှ မထွက်လာသေး။

www.burmeseclassic.com

"သမီး မမေးခင် ဖေဖေက အရင်အဖြေပေးပါ့မယ်။ သမီးဘွားဘွားရင်ခွင်ထဲမှာ ဖေဖေလည်း အီးအီးစွန့်ချုံးခဲ့တာပေါ့။ ဘွားဘွားက သမီးမေမေလိုပဲ သန့်ရှင်းပြုစုပေးခဲ့တယ်။ ဖေဖေ၊ မေမေတို့က သမီးနဲ့ သားကို ချစ်သလိုပဲ၊ ဘိုးဘိုး ဘွားဘွားတို့ကလည်း ဖေဖေ၊ မေမေတို့ကို ချစ်ခဲ့ကြ၊ ပြုစုခဲ့ကြ စောင့်ရှောက်ပေးခဲ့ကြတာချည်းပဲ သမီးကြီးရဲ့။ ဒါကြောင့်လည်း ကျေးဇူးရှင် ဘိုးဘိုး ဘွားဘွားတို့ရဲ့ အချစ်တွေ၊ မေတ္တာတွေကို တုံ့ပြန်ဖို့၊ ကန်တော့ပြီး ပူဇော်ဖို့ မော်လမြိုင်ကနေ ဖေဖေတို့မိသားစု မီးရထားစီးလာကြတာပေါ့ကွယ့်"

မီးရထားက မြစ်ငယ်တံတားကို ဖြတ်ကျော်နေပါပြီ။ အမရပူရရောက်တော့မယ်။

"ဘိုးဘိုး၊ ဘွားဘွား ရုပ်ပုံတွေကို ဖြူလား၊ ဝါလား သမီး မမှတ်မိတော့ဘူး ဖေဖေ။ သူတို့က ဖေဖေ့ရုပ်နဲ့ တူသလား။ ဘယ်လိုလဲဟင်"

ဖြေဖို့ စဉ်းစားမိတော့ ကိုစော သတိရသွားတာက တိပိဋကဆရာတော်တစ်ပါးရဲ့ "ကျေးဇူးကြီးလှ မိနှင့် ဖ" ဆိုတဲ့ လင်္ကာတစ်ပုဒ်။ နိဂုံးမှာ အဆုံးသတ်ထားတဲ့ တရားလေးပါ။ "စောင့်ရှောက်ထား၍ သမီးသားမှာ၊ ကြီးပွားလာ၊ ချမ်းသာစေကြ မိနှင့် ဖ" စာသားလေးပါပဲ။ အဲဒီ စာသားထဲက မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ တရားလေးပါးကို သမီးကြီး နားလည်ဖို့ ကိုစော ကြိုးစားပြီး ရှင်းပြလိုက်ပါတယ်။

"သမီး… ဘိုးဘိုး၊ ဘွားဘွားတို့က ဖေဖေ့ရုပ်ပုံနဲ့ တူပါတယ်။ ပြီးတော့ ရန်ကုန် ရွှေတိဂုံဘုရားရောက်တုန်းက သမီးမြင်တွေ့ခဲ့တဲ့ ဗြဟ္မာကြီးရုပ်ပုံနဲ့လည်း တူသေးတယ်ကွဲ့"

"ဟုတ်လား ဖေဖေ။ ဘုရားမှာ မတ်တတ်ရပ်ပြီး သားပိုက်ထားတဲ့ ဗြဟ္မာကြီးနဲ့ ရုပ်တူတာလား"

"အေးအေး၊ အမှန်ပဲ။ သမီးကြီးက မှတ်ဉာဏ်ကောင်းလိုက်တာ။ အဲဒီ ဗြဟ္မာကြီးနဲ့ ရုပ်လည်းတူ၊ စိတ်လည်းတူတယ် သမီးရဲ့။ ဗြဟ္မာကြီးက သူ့သားကို ပွေ့ပိုက်ပြီး ချစ်တတ်သလို၊ ဘိုးဘိုး ဘွားဘွားတို့လည်း ဖေဖေနဲ့ မေမေတို့ကို ချစ်ပြီး ပွေ့ပိုက်ထားခဲ့ဖူးတယ်။ ကဲ - တူတယ်မို့လား။ ဗြဟ္မာကြီးက သူ့သားကို ကြင်နာသနားစိတ်နဲ့ စောင့်ရှောက်နေသလို၊ ဘိုးဘိုး ဘွားဘွားတို့ကလည်း ဖေဖေ၊ မေမေတို့ စားသောက်လို့ မဝင်မှာ၊ အိပ်လို့ မပျော်မှာ၊ နေလို့ မကောင်းဘဲ ဖျားမှာ၊ နာမှာကို ကြင်နာသနားပြီး ထိန်းသိမ်းတာ၊ စောင့်ရှောက်ခဲ့တာ ဆိုတော့ ဗြဟ္မာကြီးနဲ့ တူတာပေါ့။

ဗြဟ္မာကြီးက သူ့သားလေး ကျန်းမာပြီး ပြုံးရွှင်နေတာမြင်နေရတော့ ရှင်လန်း ဝမ်းမြောက်ပြီး ပီတိဖြစ်သတဲ့။ ဘိုးဘိုး၊ ဘွားဘွားတို့လည်း ဖေဖေ၊ မေမေတို့ ကျန်းမာပြီး ပြေးလွှားဆော့ကစားခဲ့တာ၊ ကျောင်းတက်ပြီး စာသင်ခဲ့တာ၊ ပညာတတ်ပြီး အလုပ်လုပ်နေတာကို ကြည့်ပြီး ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ဖြစ်နေတာကွဲ့။ ဒါလည်း ဗြဟ္မာကြီးနဲ့ တူတာပလေ။

"ကိုစော… ဥပေက္ခာဆိုတာကို သမီးကြီး နားလည်အောင် ပြောဖို့ ခက်နေပြီမို့လား"

နားထောင်နေတဲ့ အစ်နက စကားဝင်ထောက်တာပါ။ မခက်ပါဘူး အစ်နရယ်။

"သမီးကြီး… ဗြဟ္မာကြီးနဲ့ တူတာ နောက်ဆုံးတစ်ချက်ရှိသေးတယ်။ ဗြဟ္မာကြီးက သူ့သားလေး သူ့ဆီမှာ မနေဘဲ သီးခြားခွဲပြီး သွားလာနေထိုင်တာကို ကြည့်ပြီး အင်း… ငါ့သားတော့ နေတတ် ထိုင်တတ်သွားပြီ။ သူ့ကိုယ်သူ ထိန်းသိမ်းတတ်ပြီ။ ငါစောင့်ရှောက်ဖို့၊ ကြောင့်ကြစိုက်ဖို့ မရှိတော့ဘူး၊ မလိုအပ်တော့ဘူးလို့ အေးအေးချမ်းချမ်းနဲ့ အဝေးက ချစ်ပြီးနေသတဲ့။

ဘိုးဘိုး၊ ဘွားဘွားတို့ကလည်း ချစ်တာ၊ သနားတာနဲ့ ကူညီထောက်ပံ့ပေးလိုက်လို့ ဖေဖေနဲ့ မေမေတို့ လူလားမြောက်သွားပြီ။ ပညာတတ်သွားပြီ။ ငွေကြေးပစ္စည်းလည်း ရှာဖွေတတ်ပြီ။ ကိုယ့်အိမ်နဲ့ သီးခြားနေထိုင်တတ်ပြီ။ ရတနာသုံးပါး ဦးထိပ်ထားလို့ ကိုယ့်ဘဝကို နေရာမှန်မှန် တည်ဆောက်တတ်ပြီ။ ငါတို့က အထူးတလည် စောင့်ရှောက်ပေးဖို့ မရှိ၊ ကြောင့်ကြစိုက်ပြီး အထူးထောက်ပံ့ပေးဖို့ မလိုတော့ဘူးဆိုပြီး ဘိုးဘိုး၊ ဘွားဘွားတို့ တာဝန်နည်းသွားတာ၊ အေးချမ်းနေတာ၊ အဝေးက နေပြီး ချစ်နေရုံပဲ ချစ်နေကြတာလေ။ ကဲ - ဗြဟ္မာကြီးနဲ့ မတူဘူးလား"

"ဒါဆိုရင်…"

သမီးကြီးက လက်ညှိုးလေး ထောင်လို့ စဉ်းစားပြီးမှ စကားဆက်ပြောတယ်။

"ဘိုးဘိုး၊ ဘွားဘွားက ဖေဖေ၊ မေမေတို့ရဲ့ ဗြဟ္မာကြီး ဟုတ်တယ်မို့လား။ ဒါဆိုရင် ဖေဖေ၊ မေမေတို့က မောင်လေးနဲ့ သမီးတို့ရဲ့ ဗြဟ္မာကြီးပေါ့နော်"

မီးရထားကြီးဟာ ရှမ်းစုဘူတာကို ဖြတ်သန်းပြီး မန္တလေး ဘူတာရုံကြီးအတွင်းသို့ ဝင်ရောက်နေပါပြီ ■

* * *

ယောဂီစောလွင်



www.burmeseclassic.com

www.burmeseclassic.com



# ဂမ္ဘီရ

မဂ္ဂဇင်း

## အုပ် (၁၀၀) ပြည့်

လာမည့် ၂၀၁၄ အောက်တိုဘာလတွင် ထုတ်ဝေမည့်
အတွဲ(၉)၊ အမှတ်(၄)မှာ
အုပ် (၁၀၀)ပြည့်မည်ဖြစ်ပါသည်။

ဂမ္ဘီရဆန်းကြယ် ပရိသတ်များ အားပါးတရ ဖတ်ရှုသိမ်းဆည်းနိုင်ရန် အယ်ဒီတာအဖွဲ့မှ စီစဉ်နေကြောင်း သတင်းကောင်းပါးအပ်ပါသည်။
ဂမ္ဘီရဆန်းကြယ်တွင် ပါဝင်ရေးသားကြသော စာရေးသူများအနေဖြင့်လည်း အုပ်(၁၀၀)ပြည့်အထိမ်းအမှတ်တွင် ပါဝင်ရေးသားကြပါရန် တိုက်တွန်းဖိတ်ခေါ်အပ်ပါသည်။

**အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး**
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

www.burmeseclassic.com

# စနေ-အင်္ဂါသားသမီးတို့နှင့် နံသင့် သစ်ပင်အဆောင်

ကိုသက်ရှည်

တနင်္ဂနွေအစ စနေအဆုံး နေ့ခုနစ်နေ့တွင် နေ့အလိုက် မိတ်ဘက်၊ ဓာတ်ဘက်၊ ရန်ဘက်၊ အိမ်ထောင်ဘက် စသဖြင့် နေ့နံအချင်းချင်းတွဲလျက်သော် လည်းကောင်း၊ ဆန့်ကျင်ဘက်သော် လည်းကောင်း မဟာဘုတ်ဗေဒင်တွက်ကိန်းများတွင် တွေ့ရှိရသည်။

နောက် နေ့နံများအားလည်း အရပ်အနေ၊ ထောင့်တို့ သီးခြားသတ်မှတ်ကာ နေ့နံတို့အား အရပ်အလိုက် သတ်မှတ်ခေါ်ဝေါ်တာ တွေ့ရသည်။ ထိုနေ့နံအရပ်တို့အားလည်း နေ့အလိုက် သောမဂြိုဟ်၊ ပါပဂြိုဟ် ခွဲခြားသတ်မှတ်လျက် ရှိပြန်သည်။

နေ့အလိုက် ခွဲခြားသတ်မှတ်ထားသည့် နေ့များတွင် စနေနှင့် အင်္ဂါကိုမူ ထောင့်ဂြိုဟ်များအဖြစ်တွေ့ရပြီး စနေနံ၊ အင်္ဂါနံတို့မှာ မိတ်ဘက်၊ ရန်ဘက်၊ အိမ်ထောင်ဘက်အဖြစ်လည်း အတူတကွ ဖူးတွဲလျက် မတွေ့ရ။ တူညီတာ တစ်ခု တွေ့ရသည်မှာ စနေကလည်း ပါပ၊ အင်္ဂါကလည်း ပါပ ထောင့်ဂြိုဟ်များအဖြစ် တွေ့ရခြင်းဖြစ်သည်။

ထို့ကြောင့်လည်း ရပ်ထဲရွာထဲ စကားပုံခိုင်းနှိုင်းပြောဆိုသည့်အခါ စနေ-အင်္ဂါ ရွှေမနေပါနဲ့ကွာဟု ပြောဆိုတတ်ကြသည်။ စနေ-အင်္ဂါတို့မှာ ထောင့်ဂြိုဟ်များအဖြစ်လည်း တူညီနေသောကြောင့်ဖြစ်သည်။ ကောင်း,ကောင်း၊ ဆိုး,ဆိုး အတူတူပင် သဘောထားကြခြင်းဖြစ်သည်။ လမ်းခရီးသွားသည့်အခါတွင်လည်း စနေ-အင်္ဂါ ရွှေမနေပါနဲ့ကွာ ပြောဆိုတတ်ကြသည်။

စနေ-အင်္ဂါ အိမ်ထောင်ပြုသူများအဖို့လည်း အိမ်ထောင်ဘက်၊ မိတ်ဘက်၊ ရန်ဘက်၊ စီးပွားဘက်များ မဟုတ်ကြသဖြင့် စီးပွားရေး အဆင်ပြေ၊ အိမ်ထောင်ရေးသာယာစေဖို့ စနေနံ-အင်္ဂါနံတွဲသည့် နံသင့် သစ်ပင်၊ ပန်းပင်တို့အား နေအိမ်၏ မျက်နှာစာ (သို့မဟုတ်) အိမ်ထောင်ဦးစီးလုပ်သူ၏ သီရိအရပ်၊ ဒါမှမဟုတ် အာယုအရပ်တွင် စိုက်ပျိုးထားရမည်။ ဥပမာ - နှင်းဆီပင်၊ နဂါးစက်ပင်တို့အား ပန်းခြံကဲ့သို့ ခြံဝင်းနှင့် ရာဇမတ်ကာ၍ ကာရံ စိုက်ပျိုးထားရမည်။

သီရိအရပ်ဆိုသည်မှာ မိမိမွေးနံမှစ၍ လက်ယာရစ် ရေတွက်သော် ရှစ်ခုမြောက် ထောင့်အရပ်မျက်နှာဖြစ်သည်။

ဥပမာ - စနေသားသမီး၏ သီရိအရပ်မှာ တောင်အရပ်၊ အာယုအရပ်မှာ အနောက်အရပ်ဖြစ်သည် ■

* * *

ကိုသက်ရှည်


အတိတ်ကံဘဝတစ်ခုမှာ

သင်နှင့်ကျွန်ုပ် ဆုံတွေ့ခဲ့ဖူးတယ်ဆိုရင်တော့ ...

ဒီဘဝမှာလည်း ပြန်ပြီးရေစက်ဆုံကြဦးမှာပါ။

ဆရာမြတ်ထွန်းခေါင်

( မြန်မာ့ရိုးရာဗေဒင်ပညာရှင် )

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း ပင်တိုင်ဆောင်းပါးရှင်

ဟောကြားချိန် - နေ့စဉ် မနက်(၉)နာရီမှ ညနေ(၄)နာရီထိ။
(တနင်္လာနေ့တိုင်း ဟောခန်းပိတ်သည်)

ဟောခန်းလိပ်စာ - ကျိုက္ကစံဘုရားအနောက်ဘက်မုခ်၊ ဘီလူးညီနောင်ဓာတ်ခန်းအနီး
သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၉၇၀ ၂၅၉၉၄

E-mail - myat htut 2009 @ gmail com.


သင်တန်းသား လက်ခံပြီ။




www.burmeseclassic.com

www.burmeseclassic.com

ကျန်းမာရေး



# အမျိုးသားများအတွက် ဆေးဟင်းတစ်ခွက်

လှူစွမ်းမြင့် (နတ်မောက်)

အမျိုးသားများတွင် အများဆုံးဖြစ်တတ်သော ရောဂါမှာ ပန်းသေ၊ ပန်းညှိုး၊ သုက်ထွက်မြန်၊ စိတ်ကျခြင်းတို့ဖြစ်ပါသည်။ ယင်းကိစ္စအတွက် ကျွန်ုပ်ထံသို့ တိုးတိုးကျိတ်ကျိတ် ဆေးနည်းမေးသူတွေ များလွန်းလှသဖြင့် အမျိုးမျိုးသော ဆေးနည်းတွေ ရေလဲနှင့် ပေးခဲ့ရဖူးပေါင်းများခဲ့ပါပြီ။

အမျိုးသားများ ထိုရောဂါဖြစ်ခြင်းမှာ ငယ်စဉ် လူပျိုဘဝက ကိုယ်ပိုင်ဖြေဖျောက်မှု လွန်ကဲခြင်း၊ အပျော်အပါး လိုက်စားခြင်း၊ ကာမအမြူးလွန်ခဲ့ခြင်းများကြောင့်ဖြစ်သည်။ သို့အတွက် ဆင်ဆင်ခြင်ခြင်နေခြင်းသည် အကောင်းဆုံးဖြစ်သည်ဟုပင် ဆိုချင်ပါသည်။

အမျိုးသားတိုင်း အလွယ်တကူ ပြုလုပ်စားသုံးနိုင်သော ဆေးဟင်းတစ်ခွက်ကို တင်ပြလိုက်ပါသည်။

လတ်လတ်ဆတ်ဆတ် ငါးခူတစ်ဆယ်သားကို ဝယ်ပြီး တုံးတစ်ထားပါ။ ထို့နောက် ကြက်မောက်ရွက် လက်တွင်းတစ်ဆုပ်ခူးပြီး ကြက်သွန်၊ နနွင်း၊ ဆား၊ ဆီတို့နှင့် ကြော်ချက်စားပါ။ ထိုသို့ သုံးရက်ဆက်တိုက် တစ်ထိုင်တည်းကုန်အောင်စားပါ။ သင်လိုသလို စိတ်သွားတိုင်း ကိုယ်ပါ ယောက်ျားပီသလာပါမည်။

အထက်ပါ ဆေးဟင်းတစ်ခွက်နှင့် လက်တွေ့ အဆင်ပြေသူတွေ များခဲ့ပြီးဖြစ်ပါသည်။ ဘေးထွက်ဆိုးကျိုး လုံးဝမရှိပါ။ လက်တွေ့လိုလျှင် ကြော်ချက်စားနိုင်ပါသည် ■

* * *

လှူစွမ်းမြင့်(နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com




အောင်မင်္ဂလာဓမ္မာရုံအတွင်းရှိ ရုပ်ပွားတော်
ညောင်ရွှေမြို့ ရှမ်းပြည်နယ်တောင်ပိုင်း။

www.burmeseclassic.com

www.burmeseclassic.com

# ကုသိုလ်တော်အစုံထူးလို့ ကြုံဖူးခဲ့ မြို့ကျောင်းရွှေ

■ ဗေဒသုတေသီ ဆရာမျိုး



www.burmeseclassic.com

www.burmeseclassic.com


စာရေးသူသည် ညောင်ရွှေမြို့ နိုကြောခေါ်ရုံစာသင်တိုက်သို့ ခေတ္တအလည်ရောက်ရှိစဉ် မကြုံစဘူး ထူးကဲစွာဖြင့် သည်ကားလှပါပေသော ကန်ကြီး ပရိယတ္တိစာသင်တိုက်အတွင်းမှ အလှူမင်္ဂလာပွဲများကို ပါဝင်ဆင်နွှဲခွင့်ရရှိခဲ့ပါလေသည်။

အင်းလျားကျေးရွာ ဖြူဟ္မစိုရ် အာရောဂျအဖွဲ့မှ အခမဲ့ ကျန်းမာရေးဆေးခန်း လာရောက်ဖွင့်လှစ်၍ ဇီဝိတဒါန ကုသိုလ်ရယူကြပါသည်။ ဒေသခံ တိုင်းရင်းဆေးဆရာကြီးများနှင့် ဦးသန်းမောင် + ဒေါ်လှပိုင်း မိသားစုတို့ကလည်း တိုင်းရင်းမြန်မာ ကုသိုလ်ပြု ဆေးပေးခန်း လာရောက်ဖွင့်လှစ်ပါသည်။ တစ်တပ်တစ်အား ပါဝင်လှူဒါန်းကြသော အနယ်နယ်အရပ်ရပ်မှ အမာခံ ကုသိုလ်ရှင်များ စာရင်းမှာလည်း အလှူခံ မဏ္ဍပ်ရှေ့တွင် လူတစ်ရပ်မကသော ကျောက်သင်



## ၂၂-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့ စာပြန်ပွဲ

ညောင်ရွှေမြို့ ကန်ကြီးပရိယတ္တိစာသင်တိုက်၏ ၆၁ ကြိမ်မြောက် ဝိနယသုဿ ဝိနယပူဇာ ဝိနည်းစာပြန်ပွဲတော်ကို အောင်မင်္ဂလာ ဓမ္မစကြာ ဓမ္မာရုံတော်ကြီးတွင် နံနက် ၅နာရီအချိန်မှ စတင်ကျင်းပပါသည်။ စာပြန်ကြသည့် သံဃာတော်များသည် အာဂုံအလွတ် ရွတ်ဆိုတော်မူကြရပါသည်။ ဝိနည်းစာပြန်ပွဲတော်၏ အကျိုးဆောင်ပုစ္ဆာက ဆရာတော်အဖြစ် မိုင်းသောက် ကျောက်နီတောရဆရာတော် အရှင်ဒေါက်တာ စန္ဒောဘာသမှ တာဝန်ယူ ဆောင်ရွက်ပါသည်။ နံနက်ပိုင်း ရွတ်ဆိုပြီးဆုံးချိန်မှာ ၁၀နာရီဖြစ်ပြီး ကြွရောက်လာသော သံဃာတော်ပေါင်းမှာ (၁၇၀)ပါး ဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုန်းကြီးများဖြင့် အပြည့်ပင် ဖြစ်ပေသည်။ နယ်မြေဒေသအသီးသီးမှ အလှူရှင်များမှာလည်း ဝင်လာမစဲ တသဲသဲရှိချေသည်။ ကျေးရွာတစ်ရွာမှ အလှူ့အစ်မတစ်စုတို့သည် ကုန်တင်ကားကြီးတစ်စီးဖြင့် ဆန်အိတ်များ အပြည့်တင်ဆောင်၍ လှူဒါန်းကြပုံမှာ အားရကြည်နူး ဝမ်းမြောက်ဖွယ်ရာပင်တည်း။ ချက်ပြုတ်ရေးဆောင်တွင်လည်း သံဃာတော်များအား အချိန်မီ ဆွမ်းကပ်လှူနိုင်ရန်အတွက် လုပ်အားပေးသူများ အပြည့်။ ကြွရောက်လာသော သံဃာတော်များနှင့် ဧည့်ပရိသတ်အပေါင်းတို့အတွက် အခါးရေနွေးကြမ်းကို ပီပါလိုက် တည်၍ အလျဉ်မပြတ် ဓာတ်ဘူး၊ ရေနွေးအိုးတို့ကို လစ်ဟာမှုမရှိအောင် ကုသိုလ်လုပ်အားဒါန ပြုနေကြပေသော လူငယ်တစ်စုသည်လည်း လျင်မြန်ဖျတ်လတ် အားမာန်တက်ကြွလျက် ရှိကြပေသည်။





### ၂၂-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့ ဓမ္မစကြာပူဇော်ပွဲ

နံနက် ၁၀နာရီခွဲတွင် သံဃာတော်များကို နေ့ဆွမ်းကပ်လှူ၍ ၁၁နာရီခွဲတွင် ဧည့်ပရိသတ်ကို နံနက်စာကျွေးမွေးဧည့်ခံပါသည်။ နေ့လယ် ၁နာရီတွင် စာပြန်ပွဲအစီအစဉ်ပြန်လည် စ,တင်၍ ညနေ ၄နာရီအချိန်တွင် ယနေ့အတွက် အစီအစဉ် (၉)ရပ်ဖြင့် ကျင်းပပြီးစီးသည်။ စာပြန်ပွဲပြီးသောအခါ ဓမ္မစကြာအဖွဲ့ (၁၅)ဖွဲ့မှ ရွတ်ဖတ် ပူဇော်ကြပါသည်။ ဤနေရာတွင် အားနည်းချက်တစ်ချက်မှာ ဓမ္မစကြာအဖွဲ့များသည် နယ်မြေဒေသအသီးသီးတို့မှ မိမိတို့အစီအစဉ်[illegible]ကြဲ့သလို ရောက်ရှိလာကြပြီး ရောက်သည့်အချိန်ကို[illegible] မိမိတို့၏ ကိုယ်ပိုင်နည်းစနစ်အရ ရွတ်ဖတ် ပူဇော်[illegible] အဖွဲ့ ၁၅ဖွဲ့မှာ ရွတ်ဖတ်ပုံ စနစ်မတူညီသဖြင့် အသံ ၁၅[illegible]



www.burmeseclassic.com

www.burmeseclassic.com








ထွက်ကာ လုံးထွေးသွားခဲ့ပါသည်။ နည်းစနစ်တစ်ခုတည်းကို သာ ပြဋ္ဌာန်း၍ အချိန်တစ်ချိန်တည်းတွင် တစ်ပြိုင်နက်တည်း ရွတ်ဖတ် ပူဇော်နိုင်ပါက အသံကြည်လင်ပီသ၍ နာကြားသူများ ပိုမို၍ ကြည်ညိုသဒ္ဓါတရားပွားများနိုင်ကြလိမ့်မည်ဟု ထင်မြင်ယူဆပါသည်။


**၂၂-၁-၂၀၁၄၊ ဗုဒ္ဓဟူးနေ့ တရားပွဲ**


ဓမ္မစကြာရွတ်ဖတ် ပူဇော်မှုများသည် ည ၆နာရီခွဲတွင် ပြီးဆုံး၍ ၇နာရီအချိန်တွင် ညောင်ရွှေမြို့ မိုင်းသောက်ကျောက်နီတောရကျောင်းတိုက် နာယက၊ ဝိနယာဒိနဂ္ဂဟ ဓမ္မာစရိယ၊ သာသနဓဇဓမ္မာစရိယ၊ မဟာဂန္ထဝါစက ပဏ္ဍိတ၊ ဓမ္မာစရိယ(M.A)၊ ဒေါက်တာ ဘဒ္ဒန္တစန္ဒောဘာသ(Ph.D) အရှင်မြတ်မှ ဓမ္မဒါန၊ အမတဒါန၊ ကျေးဇူးဆပ် တရားတော်ကို ဟောကြား ချီးမြှင့်တော်မူပါသည်။ တရားပွဲပြီးဆုံးချိန်မှာ ည ၉နာရီဖြစ်၍ ယနေ့အတွက် အစီအစဉ်အားလုံးပြီးဆုံးသဖြင့် စာရေးသူသည် ၉နာရီခွဲတွင် တည်းခိုရာ နိဂြောဓာရုံကျောင်းသို့ ပြန်လည်ရောက်ရှိ၍ နံနက် ၅နာရီမှ ည ၉နာရီအထိ ပင်ပန်းခဲ့သမျှကို အတိုးချ၍ တစ်ချိုးတည်း အနားယူ အိပ်ပျော်ခြင်းသို့ ရောက်ပါလေတော့၏။

**၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့ စာပြန်ပွဲ**

ယမန်နေ့နံနက် ၅နာရီမှ စတင်သော စာပြန်ပွဲမှာ ယနေ့နံနက် ၅နာရီတွင် ပြန်လည် စတင်၍ ၆နာရီခွဲတွင် အောင်မြင်စွာ ပြီးဆုံးပါလေ၏။ ထို့နောက် စေတီတော်သုံးဆူကို အရုဏ်ဆွမ်းများ ကပ်လှူပါသည်။ ထို့နောက် ရှမ်းရိုးရာ မုန့်တီ၊ ခေါက်ဆွဲကြော်တို့ဖြင့် ဧည့်ပရိသတ်တို့အား ဧည့်ခံပါ

www.burmeseclassic.com





သည်။ အလှူရှင်မှာ ညောင်ရွှေမြို့ ဝင်းရပ်နေ ကွယ်လွန်သူ ဖခင်ကြီး ဦးတုတ်ဖြူအား ရည်စူး၍ ကျောင်းဒါယိကာမကြီး ဒေါ်သန်းရွှေနှင့် သားသမီးမြေးများဖြစ်ကြသော ရွှေနံ့သာပွဲရုံ မိသားစုတို့မှ ဖြစ်ပါသည်။ စာပြန်ပွဲနှင့် ကျောင်းတိုက် နှစ်ပတ်လည်ပွဲအတွက် ပူဇော်ကြသူများကလည်း ဝင်လာမစဲ တသဲသဲရယ်ပါ။

◈◈◈

## ၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့ ထီးတင်ပွဲနှင့် အနေကဇာတင်ပွဲ

ထို့နောက် နံနက် ၇နာရီခွဲတွင် ကန်ကြီး ပရိယတ္တိစာသင်တိုက်၊ အောင်မင်္ဂလာ ဓမ္မစကြာ ဓမ္မာရုံတော်အတွင်းမှ ထီးတော်နှစ်ဆူကို ကျောင်းတိုက်အရှေ့ဘက်တွင် တည်ထား ကိုးကွယ်မည့် ကမ္ဘောဇ စေတီတော်မြတ်ကြီးနှင့် ဝိနကန်ဘုန်းစိန်စေတီတော်မြတ်ကြီးသို့ ပင့်ဆောင်ကြပါသည်။ စေတီတော်များ၏ ထီးတော်၊ စိန်ဖူးတော်၊ ငှက်မြတ်နားတော်တို့ကို လက်ယာရစ် သုံးပတ် ပူဇော်ကြပါသည်။

ကမ္ဘောဇ စေတီတော်သည် ကမ္ဘောဇဘဏ် လီမိတက် ဥက္ကဋ္ဌ ဦးအောင်ကိုဝင်းနှင့် ဇနီး ကမ္ဘောဇဘဏ် လီမိတက် ဒုတိယဥက္ကဋ္ဌ သီဟသုဓမ္မသိင်္ဂီ သီရိအဂ္ဂမဟာ သီရိသုဓမ္မသိင်္ဂီ ဒေါ်နန်းသန်းထွေး မိသားစုကောင်းမှုဖြစ်ပါသည်။

ဝိနကန်ဘုန်းစိန်စေတီတော်သည် ညောင်ရွှေမြို့ နန္ဒဝန်ရပ် (၄)အကွက်နေ ဘုံရား၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရဟန်းကုံဦ၊ လမ်းတံတား၊ မုခ်ဦး၊ ပလ္လင်၊ ရေတွင်းရေကန်၊ ဆွမ်းပန်း










www.burmeseclassic.com

www.burmeseclassic.com









ရေသန့်အလှူရှင် သာသနာ့ ဒါယကာကြီး ဦးဘုန်းကြွယ်+ သာသနာ့ ဒါယိကာမကြီး ဒေါ်ခင်စိန်၊ သားသမီးများဖြစ်ကြသော မောင်မျိုးမင်းသူ + မဝင်းဝင်းရွှေ၊ မောင်ထက်နေအောင်+မစုစုမျိုး၊ မယုဝါဘုန်း၊ မဖူးပွင့်ဝတီကြွယ်၊ မစုမြတ်သီရိမျိုး၊ မောင်အံ့ထူးအောင်၊ မောင်ဘုန်းပြည့်သီဟထက် (U.B.K သောက်ရေသန့်) မိသားစုကောင်းမှု ဖြစ်ပါသည်။

ဆက်လက်၍ ဂနာရီအချိန်တွင် ရွှေထီးတော်များကို တင်လှူ ပူဇော်ကြပါသည်။ ထီးတော်တင်လှူပြီးစီးချိန်တွင် ကန်ကြီး ပရိယတ္တိစာသင်တိုက်အတွင်းရှိ ဓာတ်ပေါင်းစု စေတီတော်မြတ်ကြီးအား ၂၈ ကြိမ်မြောက်အဖြစ် လည်းကောင်း၊ ကမ္ဘောဇစေတီတော်မြတ်ကြီးအား ၁၄ကြိမ်မြောက် အဖြစ် လည်းကောင်း၊ ဇီနကန်ဘုန်းစိန်စေတီတော်မြတ်ကြီးအား တတိယအကြိမ်မြောက်အဖြစ် လည်းကောင်း၊ အနေကဇာတင်လှူပူဇော်ကြပါသည်။


### ၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့ သိက္ခာထပ်ပွဲ


နံနက် ၉နာရီခွဲအချိန်တွင် ဖောင်တော်ဆိုက်လမ်းရှိ သဒ္ဓမ္မဋ္ဌိတိခဏ္ဍသိမ်တော်ကြီးအတွင်း၌ ဘွဲ့တော် ၅မျိုး ရရှိတော်မူသော ဒေါက်တာ အရှင်စန္ဒောဘာသနှင့် ဘွဲ့တော် ၆မျိုးရရှိတော်မူသော အရှင်ဣန္ဒကဝိသိဋ္ဌာ လင်္ကာရာဘိဝံသ အမည်ရှိသော သိက္ခာထပ် ဆရာတော်နှစ်ပါးကို ကံဆောင်မည့် ဆရာတော် ၂၈ ပါးတို့နှင့်အတူ ကံထပ်မင်္ဂလာ ရဟန်းဒါယကာ ဦးဘုန်းကြွယ် + ဒေါ်ခင်စိန်(U.B.K သောက်ရေသန့်) မိသားစုနှင့်တကွ စာရေးသူအပါအဝင် တရားနာ ပရိသတ်အပေါင်းတို့ နေရာယူကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com





www.burmeseclassic.com

www.burmeseclassic.com

ဤသိက္ခာထပ် ကံဆောင်မင်္ဂလာကျောင်းပရာဖြစ်သော သဒ္ဓမ္မဇောတိခဏ္ဍာသိမ်တော်ကြီးကို သာသနာတော်နှစ် ၂၄၇၇ ခုနှစ် ကောဇာသက္ကရာဇ် ၁၃၀၅ ခုနှစ်၊ သီတင်းကျွတ်လဆန်း ၃ရက်၊ (၂-၁၀-၁၉၄၃)၊ စနေနေ့၊ နေ့လယ် ၂နာရီ ၁၅မိနစ် အချိန်တွင် ရှမ်းပြည်နယ်တစ်ဝန်းလုံးမှ သံဃာ့ကိုယ်စားလှယ် တော်ပေါင်း ၂၂၆ ပါးတို့သည် သိမ်သမုတ်ခြင်းကိစ္စကို ညီညွတ်စွာ ပြီးစီးအောင် ဆောင်ရွက်တော်မူကြပါသည်။

၁၃၁၈ ခု၊ ကဆုန်လပြည့် ဗုဒ္ဓနေ့၊ (၂၄-၅-၁၉၅၆) ကြာသပတေးနေ့တွင် သိမ်တော်ကြီး၏ မူလအဆောက်အအုံကို သာသနာပြု သာသနဒါယကာ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ၊ လူမျိုးစုလွှတ်တော်နာယက၊ ညောင်ရွှေစော်ဘွားကြီး စဝ်ရွှေသိုက်က တည်ဆောက် လှူဒါန်းပါသော ကြောင့် ညောင်ရွှေမြို့နယ်၏ သမိုင်းဝင် အထင်ကရ သိမ်တော်ကြီးပင် ဖြစ်ပါလေ၏။

သိမ်ဆင်းသံဃာတော်အပါး ၃၀ တို့အား ကြွရောက်လာကြသော အလှူရှင် ပရိသတ်အပေါင်းတို့မှ သိမ်ဆင်းလောင်းလှူကြပါသည်။

**၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့**
**အနေကဇာတင်နှင့် နေ့ဆွမ်းကပ်လှူပွဲ**

ကံထပ်မင်္ဂလာပြီးဆုံးသောအခါ ကြွရောက်လာကြသော သံဃာတော်အပါး ၃၀ နှင့် ညီပရိသတ်အပေါင်းတို့သည် နန္ဒဝန်ရပ် (၄)အကွက်ပနေ ဦးဘုန်းကြွယ် + ဒေါ်ခင်စိန် နေအိမ်သို့ ကြွရောက်တော်မူကြပါသည်။ သံဃာတော်များသည် U.B.K သောက်ရေသန့် မိသားစုအိမ်ဂေဟာမှ ဗုဒ္ဓ








www.burmeseclassic.com


www.burmeseclassic.com



ရုပ်ပွားတော်များကို အနေကဇာတင် ပူဇော်ကြပါသည်။

ထို့နောက် လှူဒါန်းမှုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကာ သံဃာတော်အရှင်မြတ်တို့ကို နေ့ဆွမ်းကပ်လှူပူဇော်၍ ညှိ့ပရိသတ်အပေါင်းတို့ကို နံနက်စာကျွေးမွေးညှိ့ခံကာ တစ်ဦးလျှင် ပြက္ခဒိန်တစ်အုပ်နှင့် ဖောင်တော် ရုပ်ပွားတော်ဓာတ်ပုံတို့အား တစ်ပုံစီ ဒါနပြု လှူဒါန်းပါသည်။

၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့
စာအောင်ဆုနှင်းသဘင်ပွဲ



www.burmeseclassic.com

www.burmeseclassic.com

အားလုံး ကန်ကြီး ပရိယတ္တိစာသင်တိုက်သို့ ပြန်လည်ရောက်ရှိကြပြီးနောက်၊ နေ့လယ် ၁နာရီအချိန်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဘာသာအဖွဲ့ချုပ်မှ ကြီးမှူးကျင်းပအပ်သော သံယုတ် မြန်မာပြန် စာမေးပွဲအောင်မြင်သူများအား အောင်လက်မှတ်နှင့် အောင်ဆုတော်ငွေ ပေးအပ်ချီးမြှင့်ခြင်း အခမ်းအနားအား ဆက်လက်ကျင်းပပြုလုပ်ပါသည်။ ဤအခမ်းအနားကို မူလဆရာတော်ဘုရားကြီးလက်ထက်တော်ကတည်းက စတင်ကျင်းပလာခဲ့သည်မှာ ၄၇ ကြိမ်မြောက်ရှိခဲ့ပြီးဖြစ်ပါသည်။

ဤအခမ်းအနားတွင် နိဒါနသံယုတ် အောင်မြင်သူ ၁၈ ပါး၊ ခန္ဓဝဂ္ဂသံယုတ် အောင်မြင်သူ တစ်ပါး၊ မဟာဝဂ္ဂသံယုတ်အောင်မြင်သူ နှစ်ပါး၊ သဂါထာဝဂ္ဂသံယုတ် အောင်မြင်သူ တစ်ပါး၊ စုစုပေါင်း စာအောင်ပုဂ္ဂိုလ် ၂၂ပါး ဖြစ်သည်။ အခမ်းအနားမှူးမှာ ညောင်ရွှေမြို့ နိဂြောဓာရုံ စာသင်တိုက် တိုက်အုပ်ဆရာတော် ဦးစကိန္ဒ ဖြစ်ပါသည်။

**၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့**

**ဘွဲ့ရ ဆရာတော်နှစ်ပါးအား ဂုဏ်ပြု ပူဇော်ခြင်း**

အဆိုပါ အခမ်းအနားကို နေ့လယ် ၁နာရီခွဲတွင် စတင်၍...

(၁) ဂုဏ်ပြုခံ ဆရာတော်နှစ်ပါးအား ပင့်ဖိတ်ခြင်း၊

(၂) နမောတဿ သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ခြင်း၊

(၃) သီလယူ၍ မေတ္တာသုတ် ချီးမြှင့်ခြင်း၊

(၄) သာသနာ့ဟိတကာရီအသင်းဥက္ကဋ္ဌ ဦးစံမြ၏ လျှောက်ထားလွှာကို ဖတ်ကြားခြင်း၊

(၅) ဂုဏ်ပြုခံ ဆရာတော်နှစ်ပါး၏ ထေရုပတ္တိများကို ဖတ်ကြားခြင်း၊

(၆) နောင်အင်းလေး အင်းလျားဆရာတော် ဦးမေဓဝရ ရေးဖွဲ့ ပူဇော်သော ဓမ္မပူဇာဂါထာနှင့် ကဗျာများကို ဖတ်ကြားခြင်း၊

(၇) အပူဇော်ခံ ဆရာတော်တို့အား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းခြင်း၊

(၈) မိုင်းသောက် ကျောက်နီတောရ ဆရာတော်မှ ရေစက်ချ အနုမောဒနာတရား ဟောကြားခြင်း၊

(၉) ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားပြီးဆုံးခြင်းတို့ ပါဝင်ပါသည်။

**၂၃-၁-၂၀၁၄၊ ကြာသပတေးနေ့**

**ဓမ္မစကြာရွတ်ဖတ်ပူဇော်ပွဲနှင့် သီတဂူဆရာတော် တရားပွဲ**

ညနေ ၄နာရီအချိန်တွင် ဓမ္မစကြာအဖွဲ့ (၂၁)ဖွဲ့မှ တစ်ပြိုင်တည်း သံစုံ ရွတ်ဖတ်ပူဇော်ကြပါသည်။

ထို့နောက် ည ၇နာရီအချိန်တွင် သီတဂူဆရာတော် ဒေါက်တာ အရှင်ဉာဏိဿရမှ နိဗ္ဗာန်ရောက်ကြောင်း တရားကို ဟောကြားတော်မူပါသည်။

ယနေ့ ကြွလာသော သံဃာတော်ပေါင်းမှာ ကျောင်းရှိသံဃာ ၂၄၀၊ ပင့်သံဃာ ၂၆၈ ပါး၊ စုစုပေါင်း သံဃာ (၅၀၈)ပါးတို့ ဖြစ်ပါသည်။

**၂၄-၁-၂၀၁၄၊ သောကြာနေ့**

**ဓမ္မစကြာ ပူဇော်ခြင်း**

ယနေ့ အရုဏ်တက်ချိန်မှစ၍ ဓမ္မစကြာအဖွဲ့ ၄၃ဖွဲ့တို့သည် တစ်သုတ်ပြီးတစ်သုတ် မပြောနိုင်မပန်းနိုင် ရွတ်ဖတ်ပူဇော်ကြရာ နေ့လယ် ၁၂နာရီတွင် ပြီးဆုံးပါသည်။

ဆွမ်းအလှူရှင်မှာ ညောင်ရွှေမြို့ နန်းပန်းရံ၊ ဦးချစ်ထွန်း-ဒေါ်ပန်းရင်တို့အား ရည်စူး၍ ဒေါ်ချစ်ရင် ဖောင်နမတစ်စုမှ ဖြစ်ပါသည်။

**၂၄-၁-၂၀၁၄၊ သောကြာနေ့**

**ကျောင်းတိုက် နှစ်ပတ်လည်အထိမ်းအမှတ်နေ့ ပွဲတော်ကျင်းပခြင်း**

အောင်ပွဲတော်အခမ်းအနားကို နှစ်စဉ် ကျင်းပလာခဲ့သည်မှာ ၆၇ကြိမ်မြောက် ရှိခဲ့ပြီဖြစ်ပါသည်။ ဤအခမ်းအနားတွင် ရွှေကျင်ဂိုဏ်း၏ ဝိနယသင်္ဂါယနာ ဆင်ယင်ကျင်းပခြင်း အခမ်းအနားပါဝင်ပါသည်။ ယနေ့အခမ်းအနားမှူးမှာ ဦးတင်အောင်ကျော် ဖြစ်ပါသည်။

◈◈◈

ဤဆောင်းပါးသည် စာမျက်နှာနေရာကို ငဲ့ကွက်၍ ညောင်ရွှေမြို့ ကန်ကြီး ပရိယတ္တိစာသင်တိုက်တွင် သုံးရက်တာ ကျင်းပပြုလုပ်သော အလှူပွဲများ၏ စည်ကားသိုက်မြိုက်ပုံကို အကျဉ်းချုပ် တင်ပြခြင်းသာ ဖြစ်ပါသည်။ ဤကဲ့သို့ မကြုံစဖူး သုံးရက်ဆက်တိုက် နေ့မနား ညမနား တစ်နေကုန်ဆင်နွှဲကြသည့် ထူးခြားသည့် ပွဲတော်ကြီးမျိုးကို စာရေးသူ၏ တစ်သက်တာတွင် မဆုံခဲ့ဘူးသေးပါသောကြောင့် "ကုသိုလ်တော်အစုံထူးလို့၊ ကြုံဖူးခဲ့ မြို့ညောင်ရွှေ" ဟူ၍သာ ရေးဖွဲ့ပူဇော်လိုက်ရပါတော့သတည်း။■

* * *

ဗေဒသုတေသီဆရာမျိုး




www.burmeseclassic.com

www.burmeseclassic.com

# သတင်းပုံရိပ်များ

မောင်ဝေအေး



ဒီလအတွက် ကြားမိ၊ တွေ့မိ၊ မြင်မိတဲ့ သတင်းများကို စုစည်းဖော်ပြပေးလိုက်ပါတယ်။ ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်းနဲ့လည်း သက်ဆိုင်တဲ့ ထူးခြားဆန်းကြယ်တဲ့ သတင်းတွေကို ရှာဖွေပြီး လက်ဆင့်ကမ်းပေးလိုခြင်း စေတနာနဲ့ပါ။

ပထမဆုံး ဖော်ပြလိုတဲ့ သတင်းကတော့ သင်္ကြန်ကာလအတွင်း လှိုင်သာယာမြို့နယ်က ထူးခြားဖွယ် **သတင်း**တစ်ခုပဲ ဖြစ်ပါတယ်။ လှိုင်သာယာမြို့နယ်၊ ၉-ရပ်ကွက်၊ မြိုင်လမ်း၊ အိမ်အမှတ် ၁၃၀(က)မှာ သဘာဝအလျောက် ပေါက်နေတဲ့ မှိုပွင့်တွေက ကျိုက်ထီးရိုးစေတီတော်ပုံပေါ်နေခြင်းပဲ ဖြစ်ပါတယ်။

ဘာသာခြား မိန်းကလေးက အိပ်မက်မက်ပါတယ်။ အိပ်မက်ထဲကအတိုင်း မနက်ရောက်တဲ့အခါ လိုက်ရှာကြည့်တော့ ကျိုက်ထီးရိုးပုံ မှိုပွင့်တွေကို တွေ့ရတာပါပဲ။

ကြည်ညို ပူဇော်လိုသူ အများစုရဲ့ ဆန္ဒအရ ကျိုက်ထီးရိုးစေတီပုံ မှိုပွင့်တွေကို လှိုင်သာယာမြို့နယ်၊ ၁၁-ရပ်ကွက်မှာရှိတဲ့ မိုးကောင်းကျောင်းတိုက်မှာ ပင့်ဆောင် ပူဇော်ခံထားတာယ်လို့ သိရပါတယ်။

◈◈◈

www.burmeseclassic.com

www.burmeseclassic.com

# သတင်းပုံရိပ်များ

မောင်ဝေအေး











ဒုတိယ သတင်းတစ်ပုဒ်ကတော့ အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့ Metropolitan ပြတိုက်မှာ ကျင်းပတဲ့ မြန်မာနဲ့ အရှေ့တောင်အာရှဒေသတွင်းက ရှေးခေတ်ရိုးရာ ရုပ်ထုလက်ရာတွေ တည်ခင်းပြသတဲ့ သတင်းပါ။

ပြပွဲအမည်ကို 'Lost kingdoms: Hindu-Buddhist Sculpture of Early South-east Asia. 5th to 8th Century' လို့ ပေးထားပြီး ပြသတဲ့ ပွဲပါ။ မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နဲ့ မလေးရှားနိုင်ငံများက အနုပညာမြောက်တဲ့ ရှေးဟောင်းလက်ရာတွေပါ။

Lost kingdoms ပြပွဲရဲ့ ထူးခြားတာကတော့ မြန်မာ့ရိုးရာအမွေအနှစ်လက်ရာတွေကို နိုင်ငံတကာပြပွဲမှာ ပထမဆုံး ဗုံးရမ်းပြသခြင်းပဲ ဖြစ်ပါတယ်။

◈◈◈




www.burmeseclassic.com

www.burmeseclassic.com

# သတင်းပုံရိပ်များ

မောင်ဝေအေး



နောက်ဆုံး ပြောပြချင်တာကတော့ ဂမ္ဘီရဆန်းကြယ်မှာ ပင်တိုင်လိုလိုရေးနေတဲ့ အဘစော(ယောဂီ စောလွင်)ရဲ့ ကိုယ်တိုင်မြင်တွေ့ပြီး ဓာတ်ပုံရိုက်ယူလာတဲ့ သတင်းတစ်ပုဒ်ပါပဲ။


ဆရာ ယောဂီ စောလွင်တို့မိသားစုဟာ အညာဒေသ ဘုရားဖူးထွက်ခဲ့ကြပါတယ်။ ပုပ္ပားတောင်ကာလပ်ကို သွားရာလမ်းမှာ ခရီးတည်ထောက်နားကြပါတယ်။ "ရန်ကုန် စားသောက်ဆိုင်"ဟာ အမယ်စုံသလို၊ နားနားနေနေ သုံးဆောင်နိုင်လို့ ညှော်မပြတ်ပါဘူးတဲ့။

စားသောက်ဆိုင်မှာ စားရင်းသောက်ရင်းနဲ့ တည်လက်စ စေတီတော်ကနေ ရောင်ခြည်တော် ကွန့်မြူးတယ်လို့ သတင်းရလို့ သွားပြီး ဖူးမြော်ကြပါတယ်။ တည်လက်စ စေတီတော်မို့ ဘွဲ့အမည်နာမကို မသိခဲ့ရပါဘူးတဲ့။ ရန်ကုန်စားသောက်ဆိုင်နဲ့ မနီးမဝေး မျက်စောင်းထိုးမှာ တည်လက်စ စေတီ ပါတယ်။

သူတို့မိသားစု ဝင်ရောက်ဖူးမြော်ရင်းက ထူးဆန်းအံ့ဖွယ် ရုပ်ထုတစ်ခုကို တွေ့လိုက်ရပါတယ်။ ဒီရုပ်ထုကတော့ ဒေါင်းမလေးသဏ္ဍာန်ရုပ်ထုပါ။ ဘုရားစေတီကို လက်အုပ်ချီပြီး ရှိခိုးနေတဲ့ပုံဟာ ဒေါင်းရုပ်သွင်ပါပဲ။ ထူးခြားတာက ဒေါင်းရဲ့ ကိုယ်နေဟန်နဲ့ မျက်နှာသွင်ပြင်ဟာ ဒေါ်အောင်ဆန်းစုကြည်နဲ့ တစ်ပုံစံတည်း ဖြစ်နေပါတယ်တဲ့။ ဒါကြောင့် သူတို့ဇနီးမောင်နှံဟာ ဒေါင်းရုပ်အသွင် ဒေါ်အောင်ဆန်းစုကြည်ရုပ်ထုကို နောက်ခံထားပြီး ဓာတ်ပုံရိုက်ခဲ့ကြပါတယ်။

ဘာအဓိပ္ပာယ်၊ ဘာရည်ရွယ်ချက်နဲ့ ဘုလုပ်တယ်ဆို

www.burmeseclassic.com





တာကိုတော့ ကာယကံရှင်တွေကိုယ်တိုင်ပဲ သိလိမ့်မယ်လို့ထင်ပါတယ်။ ပရိသတ်ကြီး မြင်တွေ့နိုင်အောင် ဖော်ပြပေးလိုက်ရတာပါ။ ကောင်းသောအတိတ်၊ ကောင်းသောနိမိတ် အရသာ ထုလုပ်ခဲ့တာပဲ ဖြစ်မှာပါ။

မြန်မာလူမျိုးတို့ဟာ ရှေးအဆက်ဆက်ကတည်းက ဒေါင်းရုပ်ကို မြတ်နိုးတန်ဖိုးထားခဲ့ကြတာပါ ■

* * *

မောင်ဝေအေး



www.burmeseclassic.com

www.burmeseclassic.com



ယခုအဖြစ်အပျက်သည် လွန်ခဲ့သော နှစ်ပေါင်း ၅၀ ခန့်က ပဲခူးရိုးမ တောတွင်းတစ်နေရာ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ဖြစ်၏။

ပဲခူးရိုးမတောများတွင် နှစ်ပေါင်းများစွာသွားလာလှုပ်ရှားခဲ့သူ ရဲဘော်ညိုမင်း(ပဲခူး)၏ ကိုယ်တွေ့ဖြစ်သည်။

ငယ်မည် တင်မောင်ဖြစ်သော ဦးညိုမင်းသည် အုတ်တွင်းမြို့ဇာတိဖြစ်၏။ သူသည် အင်္ဂလိပ်-မြန်မာ သတ္တမတန်းအထိ ပညာသင်ကြားခဲ့ရပြီး လက်တွေ့သမားတစ်ယောက်။ သူတစ်ပါးပြောတိုင်း မယုံ။

အုတ်တွင်း၌ သူနှင့် စိတ်တူကိုယ်တူရှိသော ငယ်သူငယ်ချင်း ထွန်းတင်နှင့်သာ သွားအတူ လာအတူ။ ထွန်းတင်သည်လည်း တင်မောင်ကဲ့သို့ပင် လက်တွေ့သမား။ အခြားလူများက သူတို့နှစ်ယောက်ကို ကွယ်ရာတွင် ကွန်မြူနစ်တွေဟု ခေါ်ကြသည်။

တစ်နေ့တွင် တင်မောင်နှင့် ထွန်းတင်တို့သည် အုတ်တွင်းအနောက်ဘက်ခြမ်းရှိ ပဲခူးရိုးမတောတွင်းသို့ ဝါးခုတ်သွားကြ၏။ ဤအလုပ်မှာ သူတို့လုပ်နေကျအလုပ်။

အုတ်တွင်းမှ လူပေါင်း ၂၀ ခန့်စုစည်း၍ နွားလှည်းများဖြင့် ဝါးခုတ်သွားကြခြင်းဖြစ်သည်။ ခေါင်းဆောင်မှာ ဝါရင့်ဝါးခုတ်သမား အဘချစ်ဖြစ်သည်။

အဘချစ်သည် တောလည်းကျွမ်း၊ လုပ်ငန်းလည်း ကျွမ်းသူဖြစ်သည်။

◈◈◈

သူတို့သည် နံနက် ၄နာရီခန့်တွင် ထမင်းထုပ်ကိုယ်စီဖြင့် နွားလှည်းများဖြင့် အုတ်တွင်းမှ ထွက်ခွာလာ[illegible]သည်။

အဘချစ်၏ ဦးဆောင်မှုဖြင့်[illegible] ရိုးမတောတွင်းတစ်နေရာ ဝါးခုတ်[illegible] သို့ နံနက် ၇နာရီသာသာခန့်၌ [illegible] ရှိလာကြပြီး အဘချစ်၏ ညွှန်ကြား[illegible] ကို နာခံကာ ဝါးများကို ခုတ်ကြ[illegible]

မွန်းလွဲ ၂နာရီတွင် သတ်[illegible] နေရာ၌ အားလုံး လ[illegible]စုကြမည်[illegible] နောက် အုတ်တွင်းသို့ ပြန်ကြ[illegible] တောထဲ၌ မဟုတ်မဟပ် စကား[illegible]

www.burmeseclassic.com

www.burmeseclassic.com

ပြကြရန် အဘချစ်က အထပ်ထပ်သည်။

တင်မောင်နှင့် ထွန်းတင်သည် ...သောက်အတူတူ ဝါးခုတ်ကြသည်။ ...တည့် ၁၂နာရီခန့်၌ သူတို့ ခေတ္တ...၍ ထမင်းစားကြသည်။


ထမင်းစားပြီးသောအခါ ထွန်းတင်က "ငါ အပေါ့အပါးသွားဦးမယ် ကွာ"ဟု ပြောပြီး သူတို့ ခေတ္တနားနေရာ သစ်ပင်နှင့် မလှမ်းမကမ်းတွင် ရှိသော ချုံပင်ကြီး၏နောက်သို့ ထွက်သွားသည်။

တင်မောင်သည် သစ်ပင်ကို မှီ၍ ဆေးလိပ်သောက်ရင်း အနားယူနေသည်။ ဆေးပေါ့လိပ်တစ်လိပ်ကုန်သွားသည်။ ထွန်းတင် ပြန်မလာ။

"ဒီကောင် ဝမ်းချုပ်နေတာ ထင်တယ်"

# ထူးဆန်းအံ့ဖွယ် တောတွင်းဝယ်

## မြသိန်း



တင်မောင်သည် စိတ်ထဲက ရေရွတ်လိုက်သည်။

နောက်ထပ် ဆယ်မိနစ်ခန့် စောင့်သည်။ ထွန်းတင် ပြန်မရောက်လာ။ ထို့ကြောင့် တင်မောင်သည် ဓား

www.burmeseclassic.com

www.burmeseclassic.com

ကို ကိုင်၍ ထွန်းတင် ဝင်သွားရာ ချုံပင်များနောက်သို့ သွား၍ ဟိုဟိုဒီဒီကြည့်သည်။ ထွန်းတင်ကို မတွေ့။

"ထွန်းတင်...ထွန်းတင်"

တင်မောင်က အသံအုပ်အုပ်ဖြင့် ခေါ်သည်။ ပြန်ထူးသံ မကြား။ တင်မောင်၏ ရင်ခုန်သံမြန်လာသည်။

ဤသို့ ခေါ်ရင်း ဟိုဟိုဒီဒီလိုက်ကြည့်သည်။ ထွန်းတင်၏ အရိပ်အယောင်ကိုလည်း မတွေ့၊ ပြန်ထူးသံကိုလည်း မကြားရ။

သူနှင့် အနီးတွင် အခြားဝါးခုတ်သူများလည်း မရှိကြ။ ဝါးခုတ်သံများကိုလည်း မကြားရ။

တင်မောင်သည် ဘာလုပ်ရမှန်းမသိဖြစ်သွားသည်။

"အဘချစ်ကို ရှာပြီးပြောရင်ကောင်းမလား"

တင်မောင်သည် ခြေလှမ်းများပြန်လာသည်။

သူသည် မူလနေရာသို့ ပြန်လာပြီး သူနှင့် ထွန်းတင်တို့ ခုတ်ထားသော ဝါးများကို လူတစ်ယောက် သယ်နိုင်ရုံ နွယ်ကြိုးများဖြင့် စည်း၍ တစ်နေရာတွင် စုပုံထားလိုက်သည်။

ဝါးများကို စုပုံပြီးသည်အထိ ထွန်းတင် ပြန်မရောက်လာသေး။ ထို့နောက် သူသည် သူ စည်းထားသော ဝါးများကို လှည်းဝိုင်းရှိရာသို့ သယ်ယူသွားသည်။ ပြီးသောအခါမှ အဘချစ်ကို ရှာ၍ ထွန်းတင်အကြောင်း ပြောပြရာ အဘချစ် မျက်နှာပျက်သွားသည်။

"မင်းတို့..ဘာတွေမှားမိသလဲ"

"ဘာမှ မမှားမိပါဘူး"

တင်မောင်က ဖြေသည်။

အဘချစ်သည် တင်မောင်နှင့် အတူတူလိုက်ပါလာသည်။ ထွန်းတင် ဝင်သွားရာ ချုံပင်များနောက်သို့ သွားကြသည်။ အဘချစ်သည် ပတ်ဝန်းကျင်ကို စူးစမ်းပြီးနောက်...

"အမှားအယွင်းများ ပြုလုပ်မိပါက ခွင့်လွှတ်တော်မူပါ။ ခွင့်လွှတ်တော်မူပါ။ တောင်းပန်ပါတယ်"

အဘချစ်သည် မတ်တတ်ရပ်အနေအထားဖြင့် ပတ်ဝန်းကျင် အရပ်လေးမျက်နှာကို လက်အုပ်ချီ၍ ကန်တော့သည်။

ထို့နောက် အဘချစ်သည် တင်မောင်ကို ခေါ်၍ ထွန်းတင် ဝင်သွားရာ ချုံပင်ဆီသို့ သွား၏။ ပတ်ဝန်းကျင်ကို သတိထားပြီး သွားကြရာ ပေ ၅၀ ခန့်အရောက်တွင် တောင်ကုန်းငယ်လေးတစ်ခုအနီးရှိ သစ်ငုတ်တိုပေါ်၌ တောင်ကုန်းငယ်ကို မျက်နှာမူ၍ ငူငူကြီး ထိုင်နေသော ထွန်းတင်ကို တွေ့လိုက်ရသည်။

တင်မောင်တစ်ကိုယ်လုံး ကြက်သီးများ ထသွားလေတော့သည်။

"ဟေ့ကောင်...ထွန်းတင်၊ မင်းနယ်ကွာ၊ ငါတို့ဖြင့် ရှာလိုက်ရတာ"

တင်မောင်သည် ထွန်းတင်၏ ပခုံးကို ပုတ်၍ ပြောလိုက်သည်။

အဘချစ်သည် ထွန်းတင်၏ အခြေအနေကို ကြည့်ပြီး...

"ကဲ - ထွန်းတင်...လာ၊ ငါတို့ ပြန်ကြမယ်"

ဟု ပြောပြီး ထွန်းတင်ကို အဘချစ်နှင့် တင်မောင်တို့ နှစ်ယောက်သား တွဲ၍ လှည်းဝိုင်းသို့ တွဲခေါ်လာကြသည်။ ထွန်းတင်သည် စကားမပြောဘဲ လိုက်ပါလာသည်။ သူသည် ဘေးဘယ်ညာကို မကြည့်၊ ရှေ့တည့်တည့်ကိုသာ ကြည့်ပြီး လိုက်လာသည်။

လူအားလုံးစုံသောအခါ အဘချစ်သည် ထွန်းတင်ကို သူ့လှည်းပေါ်တင်ခေါ်လာသည်။

အုတ်တွင်းသို့ ရောက်လာသ
အဘချစ်နှင့် တင်မောင်သည် ထွန်း
ကို သူ့မိန်းမထံ အကျိုးအကြောင်း
၍ အပ်နှံလိုက်သည်။

တင်မောင်သည် ထိုညတစ်
လုံး ကောင်းကောင်းအိပ်မပျော်ပါ။

◈◈◈

နံနက်အလင်းရောင်
ကောင်းလာသည်နှင့် ထွန်းတင်အိ
သွားသည်။ ထွန်းတင်မိန်းမက "
ယောက်ျားသည် လုံးဝ စကားမပြော
ထမင်းကျွေးလျှင် စားသည်။ ရေတို
လျှင် သောက်သည်။ အပေါ့အ
သွားဆိုလျှင် သွားသည်။ အိပ်တော့
လျှင် အိပ်သည်"ဟု စိတ်မကောင်း
နှင့် ပြောပြသည်။

တင်မောင်သည် အဘချ
သွား၍ အကျိုးအကြောင်းကို ပြော
သည်။

"မြန်မာတိုင်းရင်းဆေးပညာ
ကျွမ်းတဲ့ သမားတော်နဲ့ ဖြစ်ဖြစ်
မဟုတ် အင်္ဂလိပ်အနောက်တိုင်း
ပညာသင်ထားတဲ့ ဆရာဝန်နဲ့ ဖြ
ပြကြည့်ပါ"

တင်မောင်သည် ထွန်းတင်
အား အဘချစ်ပြောသည်ကို ပြော
လိုက်သည်။

"မြန်မာသမားတော်နဲ့ ပြမ

ထွန်းတင်မိန်းမက ထိုသို့
သောကြောင့် အုတ်တွင်းရှိ မြန်မာ
ရင်းဆေးသမားတစ်ယောက်နှင့်
ပြ၍ ကုသသော်လည်း အကြောင်း
ပေ။

ထို့ကြောင့် ထွန်းတင် မိန်း
အလိုအတိုင်း အနောက်တိုင်းဆေး
သင်ထားသည့် ဆရာဝန်နှင့်
ထပ်မံကုသပြန်သည်။ အကြောင်း

"ဒီကောင် စကားမပြော

www.burmeseclassic.com

www.burmeseclassic.com

ဆန်းတယ်ကွ။ ဒီကောင် ဟန်ဆောင်နေတာတော့ မဟုတ်ဘူး"

အဘချစ်က ထိုသို့ပြော၏။

တစ်ဆယ့်နှစ်ရက်မြောက်နေ့တွင် အဘချစ်သည် တင်မောင်ထံ အစောကြီး ရောက်လာပြီး···

"ဖြူးမြို့ရဲ့ အရှေ့ဘက်က ရွာမှာ သီတင်းသုံးတဲ့ ဆရာတော်နဲ့ ပြကြည့်ရအောင်ကွာ။ ငါ သတင်းရထားတယ်"

ဟု ပြောသောကြောင့် တင်မောင်နှင့် အဘချစ်သည် ထွန်းတင်အိမ်သို့ သွားသည်။

ထွန်းတင်သည် သူ့မိန်းမ ကျွေးသော ထမင်းကြော်ကို စားနေသည်။ အဘချစ်တို့ကို လုံးဝ နှုတ်ဆက်ပေ။

တင်မောင်က အဘချစ်ပြောသည်ကို ထွန်းတင်မိန်းမအား ပြောပြရာ ထွန်းတင်မိန်းမက သဘောတူသောကြောင့် ထွန်းတင်ကို ခေါ်၍ ဖြူးမြို့မှ တစ်ဆင့် ရွာသို့သွားကြသည်။

◈◈◈

ဆရာတော် နေ့ဆွမ်း ဘုဉ်းပေးပြီးချိန်၌ ဆရာတော်ထံ ရောက်သွားကြသည်။

ဆရာတော်၏ ကျောင်းပေါ်သို့ တက်ခါနီးတွင် ထွန်းတင်သည် တက်မည် ငြင်း၏။ စကားမပြောသော်လည်း ကျောင်းပေါ်သို့ မတက်ဘဲ နေသောကြောင့် တင်မောင်နှင့် အဘချစ်တို့က သူ့ကို ပူးညှပ်၍ ဆရာတော်ရှေ့သို့ ရောက်အောင် ခက်ခက်ခဲခဲခေါ်လာကြသည်။

ထွန်းတင်သည် ဆရာတော့်ရှေ့၌ တင်ပလ္လင်ခွေထိုင်သည်။ ဆရာတော်ကို ဦးမချ။

အဘချစ်က ဆရာတော်အား ထွန်းတင်၏ ဖြစ်ရပ်များကို ပြောပြရာ ဆရာတော်သည် နားထောင်ပြီးနောက် ဘုရားစင်ရှေ့ရှိ သောက်တော်ရေခွက်ကို ယူ၍ ၅မိနစ်ခန့် ဘုရားစာများ ရွတ်ဖတ်ပြီးနောက် ထွန်းတင်ရှေ့လာ၍···

"ဘုန်းကြီး မေတ္တာပို့ပါတယ်။ ဒီ ဒါယကာ ထွန်းတင်ကို မနှောင့်ယှက်ပါနဲ့။ ဖယ်ခွာသွားပေးပါ"

ဟု ပြောပြီး ထွန်းတင်၏ ကိုယ်ပေါ်သို့ ဆရာတော်သည် လက်ဖဝါးဖြင့် ရေခွက်မှ ရေအချို့ဖြင့် ပက်ဖျန်းလိုက်သည်။

ဤတွင် ထွန်းတင်သည် လှုပ်လှုပ်ရှားရှားဖြစ်လာပြီး ဆရာတော်ကို ကြောက်စရာကောင်းသော မျက်လုံးများဖြင့် ပြူးကြည့်လေတော့၏။

ဆရာတော်သည် ထွန်းတင်၏ အမူအရာကို ကြည့်ပြီး ရေခွက်ထဲမှ ရေဖြင့် ထွန်းတင်၏ မျက်နှာကို ရတ်တရက် ပက်ဖျန်းလိုက်သည်။

"ကြောက်ပါပြီ···ကြောက်ပါပြီ။ တပည့်တော် သွားပါတော့မယ်"

ထွန်းတင်နှုတ်မှ အသံထွက်လာ၏။ ထိုအသံမှာ ထွန်းတင်၏ အသံမဟုတ်။ မိန်းမတစ်ယောက်၏ အသံဖြစ်သည်။

"ပြောစမ်း၊ နင် ဘာဖြစ်လို့ ဒီလိုဖြစ်အောင် လုပ်ရတာလဲ"

ဆရာတော်က ထွန်းတင်ကို ကြည့်၍ မေးသည်။

"တပည့်တော်မ···သူ့ကို ချစ်လို့ပါ။ တပည့်တော်မနဲ့ နေဖို့ သူ့ကို ခေါ်တာ။ သူက မနေဘူးလို့ ငြင်းလို့ တပည့်တော်မက ဆွဲခေါ်တာ။ သူ့လက်နဲ့ တပည့်တော်မ လက်နဲ့ ထိမိသွားပြီး အခုလို ပူးကပ်လိုက်လာတာပါ။ တပည့်တော်မ နေရာဟောင်းကို ပြန်ပါတော့မယ်"

ဟု ပြောပြီး ထွန်းတင်သည် ဆရာတော်ကို လက်အုပ်ချီ ရှိခိုးလိုက်ရင်း ကြမ်းပြင်ပေါ် လဲကျသွား၏။

ဆရာတော်သည် ထွန်းတင် အနားလာပြီး···

"ထ···ထ···ဒါယကာ။ သင် နေကောင်းသွားပြီ"

ဟု ဦးခေါင်းကို ပုတ်လိုက်ရာ ထွန်းတင်သည် လဲနေရာမှ ထိုင်လိုက်ရင်း ပတ်ဝန်းကျင်ကို ဟိုဟိုဒီဒီလိုက်ကြည့်ရင်း···

"ငါ ဘယ်ရောက်နေတာလဲ"

ဟု သူ့မိန်းမကို မေးသည်။

တင်မောင်က သူ့ဖြစ်ရပ်ကို အကျဉ်းချုံး၍ ပြောပြလိုက်သည်။

"ဟုတ်တယ်။ အခင်းသွားပြီးတော့ ပြန်အထွက်မှာ တောင်ကုန်းလေးနားအရောက်မှာ အမျိုးသမီးတစ်ယောက်နဲ့ တွေ့လို့။ အံ့သြပြီး ကြည့်နေတုန်း သူက ပြုံးပြပြီး ကျွန်မ ဒီနားမှာ နေတယ်။ ကျွန်မနဲ့ အတူတူ နေပါလားလို့ ပြောတော့ "ဟာ···ငါ့မှာ မိန်းမရှိတယ်" လို့ ငြင်းလိုက်ပြီး ပြန်လှည့်အထွက်မှာ သူက လိုက်လာပြီး လက်ကို လှမ်းဆွဲတော့ သူ့လက်နဲ့ ကျွန်တော့်လက် နည်းနည်းထိမိသွားပြီး ကျွန်တော်လည်း မိုက်ခနဲဖြစ်သွားတာနဲ့ အနားက သစ်ငုတ်တိုပေါ် ထိုင်ချလိုက်တာပဲ။ ဒီနောက်ပိုင်း ဘာတွေဖြစ်တယ်ဆိုတာ လုံးဝ မသိတော့ဘူး။ အခုမှပဲ သတိပြန်ရတော့တယ်"

ဟု ထွန်းတင်က ပြောသည်။

"အေး၊ ပြီးတာတွေ ပြီးပြီပဲ။ နောက်ထပ် အဲဒီနေရာကို လုံးဝ မသွားနဲ့တော့"

ဆရာတော်က မိန့်ကြား၏။

လက်တွေ့သမားများဖြစ်ကြသော တင်မောင်နှင့် ထွန်းတင်တို့သည် လက်တွေ့ထက် ထူးဆန်းသည်များ ရှိသည်ကို ကိုယ်တွေ့ကြုံ၍ ယုံကြည်သွားကြလေတော့၏ ■

* * *

မြသိန်း



www.burmeseclassic.com

www.burmeseclassic.com


# ဗိုလ်ချုပ်အောင်ဆန်း၏ ဇာဝတ်ဇာတာ

မောင်ဘုန်းမြင့် (ကချင်မြေ)

နဝင်းစက်ကို အခြေခံ၍ ဟောစာတမ်းဖြစ်သည်။ "မာရက"သည် သတ်သော ဂြိုဟ်၊ "ကာရက"သည် ကယ်တင်ပေးသောဂြိုဟ်၊ ဥစ်ဂြိုဟ်သည် အားကောင်းသော ဂြိုဟ်၊ နိစ်ဂြိုဟ်သည် မကောင်းသော ဂြိုဟ်ဟူ၍ သိရပါမည်။

ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံ၏ လွတ်လပ်ရေးဖခင်ကြီးဖြစ်ပြီး မြန်မာနိုင်ငံသား တိုင်းရင်းသားအားလုံးတို့၏ အထူးအားကိုးအားထား ယုံကြည်လေးစားခံရသော ခေါင်းဆောင်တစ်ဦးဖြစ်လေသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အပြောအဆို၊ လုပ်ရည်ကိုင်ရည် စွမ်းရည်သတ္တိများသည် လွန်စွာ ထူးခြားပြောင်မြောက်သကဲ့သို့ ဗိုလ်ချုပ်၏အခြေခံ မွေးဇာတာထဲ၌လည်း ထူးခြားသော ဂြိုဟ်အပူးအမြင်အယှဉ်များ ရှိနေပါသည်။






ယင်းထူးခြားချက်များမှာ ၅တန့်၊ ၁၀တန့်အိမ်... သောကြာဂြိုဟ်မှအပ ကျန်ဂြိုဟ်များသည် မြေဇာတ်... လေဓာတ် ရာသီအိမ်များတွင် စုရပ်နေသည်ကို တွေ့... ဖြစ်သည်။ ပထဝီ မြေရာသီအိမ်တွင် လဂ်နှင့် စန်း ... သောကြောင့် ဇာတာရှင်သည် မြေထုကဲ့သို့ တည်ငြိမ်... သော စိတ်ဓာတ်မျိုးရှိခြင်း၊ ဆုံးဖြတ်ချက်ချပြီးလျှင် မ... မလဲ တစ်သမတ်တည်း မဖြစ်မနေ ဆောင်ရွက်တတ်... ဆင်းရဲသား ပြည်သူအများဘက်မှ ရဲရဲရင့်ရင့် ရပ်တည်... တတ်ခြင်း၊ ရာထူးဂုဏ်သိန် နေအဆောင်အယောင်မ... မမက်မောဘဲ စွန့်လွှတ်နိုင်ခြင်း၊ မိမိအကျိုးထက် တိုင်း... နှင့် လူမျိုးအကျိုးကိုသာ ဆောင်ရွက်တတ်ခြင်း၊ ပြည်... ပြည်မ ဆင်းရဲချမ်းသာ၊ ကျောသားရင်သား မခွဲခြားဘဲ ... တတ ဆက်ဆံတတ်ခြင်း၊ ယုံကြည်မှုများကို အာရုံစူးစိုက်... မဆုတ်မနစ် အောင်မြင် ပြီးမြောက်သည်အထိ ... ဆောင်ရွက်တတ်ခြင်း၊ ရိုးသားဖြောင့်မတ် ကတိ... ခြင်းများကို ဖြစ်စေခဲ့ခြင်းဖြစ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်အိမ်ရှင်ဂြိုဟ် စနေအာပါအဝင် ဂြိုဟ်အများအပြား ည် ဝါယောခေါ် လေရာသီအိမ်ထဲ ရောက်ရှိနေကြသော ကြောင့် ဇာတာရှင်သည် နိုင်ငံရေး၊ စစ်ရေး၊ လွတ်လပ်ရေး ားမှုများတွင် ဇွလောတ်ဆန်ဆန် မနားမနေပါဝင်လှုပ် ခြင်း၊ နိုင်ငံ့လွတ်လပ်ရေးအတွက် နေ့မအား၊ ညမအား ည်ဆောင်ရွက်ခဲ့ခြင်း၊ အရေးကြီးသော မဟာကိစ္စများတွင် င်နေးခြင်းမရှိဘဲ လျင်လျင်မြန်မြန် ဆုံးဖြတ်ဆောင်ရွက် ခြင်းများတွင် အောင်မြင်ခဲ့သည်။

၃တန်၊ ၁၂တန် ရာသီအိမ်ရှင်ဂြိုဟ် ကြာသပတေးနှင့် ၉တန့်သခင်ဂြိုဟ် ဗုဒ္ဓဟူးသည် လက်မှ ၂တန် ကဋမ္ဘ တွင် ပူးစံနေကြပြီး လက်နှင့် ၂တန့်အိမ်ရှင်ဂြိုဟ် ဥစ်နဝင်း သောကြောင့် နိုင်ငံသူ၊ နိုင်ငံသားများ၏ ယုံကြည်အား မေတ္တာကို ခံယူနိုင်ခြင်း၊ နိုင်ငံရေး၊ စစ်ရေး၊ အမျိုး နှင့် စာပေလောကများတွင် အောင်မြင်ခဲ့ခြင်းများကို ခဲ့သည်။ ထို့ပြင် စကားအရာ၌ အများပြည်သူတို့၏ ရောက်အောင် ထိထိမိမိ ပြောပြောစည်းရုံးနိုင်ခဲ့ခြင်း၊ သဖြင့် လုပ်ဖော်ကိုင်ဖက်များအပေါ် ညြဇာညောင်းခြင်း ဖြစ်ခဲ့ရသည်။ တုတ်ထိုးအိုးပေါက် ရှင်းရှင်းဘွင်းဘွင်း တတ်ခြင်းသည် စကားနှင့် ပညာဂြိုဟ်များဖြစ်ကြ ကြာသပတေးနှင့် ဗုဒ္ဓဟူးဂြိုဟ်မင်း နှစ်ပါးကို ရာဟု ဂြိုဟ်က အနီးကပ် ငုံထားသောကြောင့်ဖြစ်လေ

ယ်ချုပ်၏ ဇာတာတွင် ၃တန့်အိမ်ရှင် ကြာသပတေး ၉တန့်သခင် ဗုဒ္ဓဟူးဂြိုဟ်သည် လက်မှ ၂တန့်ရာသီ အိမ်တွင် အံ့သာနီးကပ်စွာ ပူးယှဉ်နေပြီး မကာရလက်ကို ဥစ်အင်္ဂါက ပူးထားကာ နဝင်းဇာတာတွင် လက်သည် အင်္ဂါ နဝင်းကိုပင် စီးထားသောကြောင့် အလွန်အားကောင်းသော လက်ကို ဖြစ်စေပါသည်။ ထို့ကြောင့် ဇာတာရှင်သည် မြန်မာ နိုင်ငံ၏ အမျိုးသားခေါင်းဆောင်ကြီးအဖြစ် ထင်ရှားကျော်ကြား ခဲ့ခြင်းဖြစ်သည်။

၉တန့်အိမ်ရှင်ဂြိုဟ် ဗုဒ္ဓဟူးနှင့် လက်သခင်ဂြိုဟ် စနေ ရာသီအိမ်ချင်း လဲလှယ်နေခြင်း၊ လက်သခင်ဂြိုဟ် နဝင်းစက် တွင် ဥစ်နဝင်းစီးနေခြင်းတို့ကြောင့် ဇာတာရှင်သည် လူပင် သေသော်လည်း နာမည်မသေဘဲ အစဉ်အမြဲ လေးစားဂုဏ်ပြု ခံရခြင်း၊ အများပြည်သူတို့၏ ချစ်ခင်လေးစားခြင်းကို အစဉ် အမြဲ ဆက်လက်ရရှိနေခြင်း၊ ကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ ၏ ဂုဏ်အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ခဲ့ခြင်း၊ တိုင်းရင်း သား စည်းလုံးညီညွတ်မှုများကို ဖော်ဆောင်ပေးနိုင်ခဲ့ပြီး လွတ်လပ်ရေး၏ ပထမအဆင့်ကို အခိုင်အမာ တိုးတက်ရရှိ စေနိုင်ခဲ့သည်။ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေးနှင့် စနေဂြိုဟ်များသည် အရေးပါသော ဇာတ်ကောင်များ ဖြစ် ကြပါသည်။

ကောဇာ ကြာသပတေးဂြိုဟ်သည် တူရာသီ ရာသီကိန်း အိမ်သို့ ရောက်ရှိပြီး နဝင်းစက်ဇာတာမှ နိစ္စဘင်ရာ၀ တနင် နွေနှင့် ဥစ်စနေဂြိုဟ်တို့နှင့် ပူးလျက် မူလဇာတာ ရာသီအိမ် ၂တန့်မှ တနင်္ဂနွေနှင့် ကြာသပတေးဂြိုဟ်မင်းကို ၅တန့်အမြင် နှင့် မြင်သော ၁၉၄၆ ခုနှစ်ထဲတွင် ဘုရင်ခံ ဆာဟူးဘတ်ရန့် ၏ ကြားဖြတ်အစိုးရအဖွဲ့ထဲတွင် ဒုဥက္ကဋ္ဌအဖြစ် တာဝန်ယူနိုင် သည်အထိ မြန်မာနိုင်ငံ၏ အခြေအနေကို အောင်မြင်





www.burmeseclassic.com

www.burmeseclassic.com



တိုးတက်စေနိုင်ခဲ့သည်။

ဗိုလ်ချုပ်၏ မူလဇာတာတွင် အိမ်ထောင်ရေးနှင့် ဆိုင်သော ပထနီအိမ်ရှင် တနင်္လာဂြိုဟ်သည် အလွန်အားကောင်းသော လဂ်နှင့်အတူ စံမြန်းနေရသောကြောင့် အမျိုးကောင်းသမီးနှင့် ကောင်းစွာ အိမ်ထောင်ပြုနိုင်ခဲ့သော်လည်း ပထနီအိမ်ရှင် တနင်္လာသည် အားကောင်းသော အင်္ဂါပါပ အပူဂြိုဟ်နှင့် အပူးခံရပြီး အိမ်ထောင်ရေးနှင့်ဆိုင်သော ပုထိုဝီ ၇တန့် ရာသီအိမ်ကို ရန်အိမ်မှ စနေနှင့် မရဏအိမ်မှ ကိတ်အမှောင်ဂြိုဟ်တို့က ညှပ်၍ ဘောင်ပိတ်ခံထားရသောကြောင့် သာယာသော အိမ်ထောင်သက်ကို အလွန်တိုတောင်းစေခဲ့ခြင်းဖြစ်ပါသည်။

လဂ်မှ ၇တန့် ပထနီအိမ်ရှင်ဂြိုဟ် တနင်္လာသည် နဝင်းစက်ဇာတာတွင် လဂ်မှ ၂တန့်အိမ် မိမိအိမ်မှ ၁၁တန့်ကောင်းသော လာဘအိမ်၊ မူလဇာတာတွင် အားကောင်းသောလဂ်နှင့် ပူးလျက် မိမိ၏ ပထနီအိမ်ကို မြင်၍ ပုတ္တရသားသမီးတို့နှင့် ပတ်သက်သော လဂ်မှ ၅တန့်အိမ်တွင် ဥစ်ဂြိုဟ်အဖြစ် ရှိထားသောကြောင့် အဖက်ဖက်မှ အရည်အချင်းပြည့်စုံသော သမီးရတနာ ဒေါ်အောင်ဆန်းစုကြည်ကို မွေးဖွားသန့်စင်နိုင်ခဲ့ပြီး မြန်မာနိုင်ငံ၏ အနာဂတ်ခေါင်းဆောင်အဖြစ် အမွေပေးနိုင်ခဲ့ခြင်းဖြစ်ပါသည်။

နက္ခတ်ဗေဒင်အယူအဆများအရ လဂ်ကို ပါပဂြိုဟ်ခေါ် အပူဂြိုဟ်များနှင့် ပူးခံရလျှင် ဖြစ်စေ၊ အင်္ဂါဂြိုဟ်က ပူးယှဉ်ခံရလျှင် ဖြစ်စေ၊ အသက်နှင့် ပတ်သက်သော ၆တန့် အာရီရန်အိမ်၊ ၇တန့် ပထနီအိမ်၊ ၈တန့် မရဏအိမ်ရှင်ဂြိုဟ်များကို ရာဟုအမှောင်စီးခံရလျှင် ဖြစ်စေ၊ အသက်သေဆုံးခြင်း အကြောင်းတရားကို ဖြစ်စေနိုင်သည်ဟု ဆိုသည်။

အချို့ကျမ်းများတွင် ကြာသပတေးနှင့် သောကြာဂြိုဟ် ကိန်းရာသီအိမ်၏ အိမ်ရှင်ဂြိုဟ်များ ဖြစ်လာခဲ့လျှင် သေခြင်း

တရားကို ဆိုးဝါးစေနိုင်သည်ဟူ၏။ အကယ်၍ ကိန်း
အိမ်၏ အရှင်သခင်များဖြစ်သည့်အပြင် ၂တန့် ကဋ္ဌမ
စနေအိမ်နှင့် ၁၂တန့်ဗျာယ ပျက်စီးစေတတ်သောအိမ်
ရပ်၍ အားကြီးလာလျှင် ဇာတာရှင်အား ထိုဂြိုဟ်ဒသာ
သော အချိန်ကာလတွင် အသက်နှင့် ခန္ဓာကို အန္တရာ
အလီလီ ကျရောက်စေနိုင်သည်ဟု ဆိုသည်။

ဗိုလ်ချုပ်၏ မူလ ဇာတာတွင် ဗျာယအိမ်ရှင်ဂြိုဟ်
ကြာသပတေးသည် လဂ်မှ ၂တန့်အိမ်တွင် မရဏအိမ်
ဂြိုဟ်ဖြစ်သော တနင်္ဂနွေဂြိုဟ်မင်းနှင့် ပူးယှဉ်လျက် အ
ဂြိုဟ်ဖြစ်သော ရာဟုဂြိုဟ်ကြိတ်ခြင်းကို ခံနေရသည်။
ကို ပညာအလင်းဖြင့် အစင်အကြယ် ဆင်ခြင်
ကြာသပတေးဂြိုဟ်သည် မကောင်းသော မာရကဂြိုဟ်
ဖြစ်လေတော့သည်။

သို့ဖြစ်၍ ဇာတာရှင် ဗိုလ်ချုပ်သည် အသက်
အရောက် မာရကဂြိုဟ် ကြာသပတေး၏ ထူလနှစ်ကြီး
နှင့် ကြာသပတေး အန္တရနှစ်ငယ်ဒသာ၊ ကြာသပတေး
စားခိုက် ကြုံသော ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၉ရက်
အတွင်းဝန်များရုံးတွင် အစိုးရဝန်ကြီးအဖွဲ့နှင့် အစည်း
ကျင်းပနေစဉ် မမျှော်လင့်ဘဲ မသမာသူ လူတစ်စု၏
ချက်ဖြင့် လုပ်ကြံမှု ခံရ၍ အသက်ဆုံးရှုံးခဲ့ရခြင်း
သည်။


လဂ်အိမ်ရှင်ဂြိုဟ် စနေသည် ၆တန့် အာရီရန်
ရပ်ခြင်း၊ ၈တန့် မရဏအိမ်တွင် ကိတ်အမှောင်
ညှိုထားခြင်းနှင့် အရေးပါသော ၅တန့်၊ ၁၀တန့်အိမ်
သောကြာသည် ၁၂တန့် မကောင်းသော ဗျာယအ
မှ တိုက်ထားခံရခြင်းကြောင့် ဇာတာရှင်၏ ဘဝသည်
အခိုက် အခက်အခဲအမျိုးမျိုးတို့ကို ကျော်ဖြတ်
လွတ်လပ်ရေး ကြိုးပမ်းမှုများတွင် နောက်ဆုံး ပန်းတိုင်
သည်အထိ ဆောင်ရွက်မသွားနိုင်ခဲ့ခြင်း ဖြစ်ပါသည်။

၇တန့်အိမ်ရှင် တနင်္လာဂြိုဟ်နှင့် ၁၁တန့်အိမ်ရှင်
ဂြိုဟ် ၁တန့်ရာသီအိမ်တွင် လဂ်နှင့် ပူးနေခြင်းသည်
သော အကျိုးဆက်များကို ဖြစ်စေသည်မှန်သော်
ကျန်းမာရေးနှင့် ပတ်သက်လျှင် အားနည်းစေတတ်
အထူးသဖြင့် ဦးခေါင်းပိုင်းကို အစိုးရသော အင်္ဂါဂြိုဟ်
ဦးနှောက် အာရုံကြောများကို အားနည်း ထိခိုက်
သည်။ မကြာမကြာ မူးဝေစေတတ်သည်။ စိတ်မြန်
စေတတ်သည်ဟူ၍ ဖြစ်လေသည်။ ထို့ကြောင့်
သည် အနည်းငယ် စိတ်မြန်သူဖြစ်နိုင်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာနုလုံးသားပိုင်ရှင်ဖြစ်ပါသည်။

ကမ္ဘာ့သုံး ပြက္ခဒိန်လတစ်လ၏ ၁၃ရက်နေ့တွင် မွေးဖွားကြသူများကို ၁၃-ဂဏန်းပိုင်ရှင်များဟု ခေါ်ဆိုကြ၏။ ၁၃ ဂဏန်းသည် ကံမကောင်းသော မရဏ ဂဏန်းဖြစ်သည်ဟု ယူဆကြသည်။ ဤအယူအဆသည် ခရစ်တော်မပေါ်မီကပင် ရှိခဲ့သည်ဟူ၏။ ဒဏ္ဍာရီတစ်ခုတွင် နတ်ဘုရားများ၏ စားသောက်ပွဲတစ်ခု၌ နတ်ဘုရား ၁၂ပါးကို ပင့်ဖိတ်ထားသည်။ နောက်ဆုံးရောက်လာသော နတ်ဘုရားသည် အမှတ်စဉ် ၁၃ ဖြစ်ပြီး၊ မကြာမီ ထိုနတ်ဘုရား ရန်သူ့လက်ချက်ကြောင့် အကုန် အနိစ္စရောက်သွားသည်ဟူ၍ ဖြစ်၏။ ဗိုလ်ချုပ်အောင်ဆန်းသည် ဖေဖော်ဝါရီလ ၁၃ရက်နေ့တွင် မွေးဖွားခဲ့သော ကြောင့် ၁၃ ဂဏန်းပိုင်ရှင်ဖြစ်သည်။ မသူတော်၏ လုပ်ကြံ ကြောင့် သေနတ်ကျည်ဆန် ၁၃ ချက်ဖြင့် ကွယ်လွန်သွားသည်ဟု သိရသည်။

၁၃ ဂဏန်းအယူသီးမှုသည် တစ်ကမ္ဘာလုံး ပျံ့နှံ့လျက်ရှိပြီး ခေတ်မီသော အနောက်နိုင်ငံများတွင် ၁၃ ဂဏန်းအစား ၁၂ ဟူ၍ မှတ်ယူတတ်ကြသည်။ ခရစ်တော်၏ နောက်ဆုံး ညစာစားပွဲတွင် တပည့်သာဝက ၁၂ပါးရှိပြီး ခရစ်တော်သည် နောက်ဆုံး ၁၃ပါးမြောက်ဖြစ်လေသည်။ ခရစ်တော်သည် ကယ်တင်ရှင်အဖြစ် လက်ဝါးကပ်တိုင်ပေါ်တွင် အသက်ပေးဆပ်ခဲ့ရသည်။ အခြားလက်တွေ့ အယူအဆတစ်ခုတွင် ကုမ္ပဏီစာရင်းအင်းများအရ အသက်အာမခံထားသူများ အနက် ၁၃ယောက်မြောက် ပုဂ္ဂိုလ်သည် အရင်ဆုံး ကွယ်လွန်သူဖြစ်တတ်သည်ဟု ဆိုသည်။ ဇာတာရှင်၏ ဘဝတွင် ကြာသပတေး မာရဏဂြိုဟ်နှင့် ကံမကောင်းခြင်းကို ဖြစ်စေတတ်သော ၁၃ ဂဏန်းတို့သည် အဓိက အန္တရာယ်ပေးသော ဂြိုဟ်နှင့် ဂဏန်းဖြစ်လေသည်■

သာယာချမ်းမြေ့ကြပါစေ…

* * *

အောင်ဘုန်းမြင့်(ကချင်မြေ)

www.burmeseclassic.com

# “ဘဒ္ဒပီဌ” ပလ္လင်တော်

ကိုအေးမြင့် (မဟာဝိဇ္ဇာ၊ ရှေး-သု)




မြန်မာ့သမိုင်းမှာ ကိုယ့်နိုင်ငံသားတွေ မြို့ပြတ
ထောင်၊ ရောင်းဝယ်ဖောက်ကားပြီး ယဉ်ကျေးစွာ နေထိ
ကြတယ်လို့ သက်သေအထောက်အထားနဲ့တကွ ဖော်ပြ
တာကတော့ ပျူခေတ်ဖြစ်ပါတယ်။ ပျူခေတ်အထော
အထားတွေမှာ စေတီပုထိုး၊ မြို့ရိုး၊ မြို့ကွက်၊ နန်းတော်
ကျောက်စာ၊ အရိုးအိုးစာ၊ ပုတီးလက်ကောက်တွေအ
ထင်ရှားတဲ့ သက်သေပစ္စည်းတစ်ခုကတော့ ဒင်္ဂါးပြားမျ
ဖြစ်တယ်။ အဲဒီ ငွေဒင်္ဂါးတွေကို လေ့လာကြည့်တဲ့အ
မျက်နှာပြင်ပေါ်မှာ စိတ်ဝင်စားဖွယ် အမှတ်လက္ခဏာ
တွေ့ရပါတယ်။ သင်္ကေတ လက္ခဏာအများစုဟာ ဘာ
ရေးအယူဝါဒဆိုင်ရာ အမှတ်အသားများ(religious symbo
သာ ဖြစ်နေပေမယ့် ငွေကြေးလဲလှယ်မှုမှာ သုံး
(medium of exchange)လို့ပဲ ယူဆရပါတယ်။





www.burmeseclassic.com

www.burmeseclassic.com







အဲဒီ အမှတ်အသားတွေကတော့ အိမ်မွန် (the Holly ...use,Excellent Home)-(သိရီဝစ္ဆ-ဂြိုဝစ္ဆ)-(Srivatsa)၊ ...ရောင်ခြည်ဖြာနေတဲ့ တက်နေဝန်း-တက်နေ-(အရုဏ)-...ကြာပုံ-(rising sun-dawn)၊ နေစကြာ-စကြာ-မွန်း...နေ(သွတ္ထိက)(သောတ္ထိက)-(Sivastika-Swastica)၊ ...လည်ရွေ့လျားနေတဲ့ နေမင်း ( moving sun)၊ နေ...)-သူရိယ(Suriya)၊ လ(moon)-စန္ဒာ(Canda) ကြယ်(star)-ထီး(umbrella)၊ နေရာထိုင်-ထိုင်ခုံ-ကောင်းသော အင်းပျဉ်-ညောင်စောင်း(Seat)-ပလ္လင်(Throne)-ဘဒ္ဒပီဌ(Bhaddhapitha)-ပလုတ်တုတ်(ဒမရု)၊ ခရုသင်း (သင်္ခါ)၊ (သင်္ခ)-(Sankha)(conch)၊ ဗိန္ဒုပြောက်-ဂြိုဟ်-(Vin-du)၊ ဂြိုလ်ကြီးကိုးလုံး၊ စေတီ(Cetiya)(စေတီယ)၊ ဝရဇိန်လက်နက်(ဝဇြ)-( the Vijara)-မိုးကြိုးလက်နက်-(thunderbolt)၊ ခက်ရင်းခွပုံ(trident)(trisula)၊ ချွန်းတောင်း(အင်္ကုသ)၊ ဘီး-မဏ္ဍလာ(Mandala)၊ မဟာပထဝီ မြေကြီး၊ တောင်-ယုဂန်မိုရ်တောင်(Yugan)-မြင်းမိုရ်တောင် (Meru)၊ ရေလှိုင်းပုံk(water symbol)-မဟာမြစ်-သမုဒ္ဒရာ (oceans)စတဲ့ အမှတ်အသားများပဲ ဖြစ်ကြပါတယ်။

ဘဒ္ဒပီဌဟာ အဲဒီ မင်္ဂလာရှိတဲ့ အမှတ်အသား (Auspicious Symbols)တွေထဲက တစ်ခုအပါအဝင်ပေါ့။

ဘဒ္ဒပီဌ(Bhaddhapitha)ကို ဘုံပြာသန-ပလ္လင် (Throne)လို့လည်း ဆိုနိုင်ပါတယ်၊ တချို့သော ပညာရှင်များကတော့ ထိုင်ခုံ(Seat)လို့ပဲ ရိုးရိုးပြောပါတယ်။ ပုံသဏ္ဌာန်အားဖြင့်တော့ အချိန်မှတ်တဲ့ ဖန်နာရီပုံ-(ကြိမ်ထိုင်ခုံ)ပုံမျိုးပါ၊ ဒင်္ဂါးပြားအချို့က ဘဒ္ဒပီဌပုံတွေမှာ အလယ်ဖဟို





www.burmeseclassic.com


www.burmeseclassic.com


ဒဂါးတွေမှာတော့ သီရိဝဍ္ဍ-အိမ်ပုံရဲ့ လက်ျာဘက်မှာ သေးသေးလေး ဖော်ပြထားကြတယ်။ တည်ငြိမ်ခြင်းအနက်ယူတယ်လို့ ထင်ရပါတယ်။


ဘာဘဲဖြစ်ဖြစ် ဘဒ္ဒပီဌကို ပလ္လင်တော်လို့ ယူဆကြတာက အများစုပါ။

ထီးနဲ့ နန်းနဲ့ ကြငှန်းနဲ့ နေလာတဲ့ လူမျိုးလို့ မြန်မာတွေ ဂုဏ်ယူတတ်ခဲ့လေတော့ ဘဒ္ဒပီဌကို ပလ္လင်တော်လို့ပဲ မှတ်ယူကြရအောင်ပါ။ ပလ္လင်တော်လို့ ပြောလိုက်တိုင်း မရှိရှာတော့ပြီဖြစ်တဲ့ ကိုယ်တို့ဆရာ၊ ပန်းချီဆရာ၊ ရှေးဟောင်းသုတေသီ စာရေးဆရာ ဦးမင်းနိုင်ကို သတိရမိပါတယ်။

"ဆရာ လေ့လာရေးအနေနဲ့ နိုင်ငံအတော်များများကို ရောက်ဖူးတယ်။ ရောက်တဲ့ နိုင်ငံတွေမှာ အုပ်စိုးခဲ့တဲ့










မင်းတွေရဲ့ ပလ္လင်တော်တော်များများကို လေ့လာဖူးတ
ကိုယ့်ထက် ချမ်းသာပြီး ကိုယ့်ထက် အစဉ်အလာကြီး
နိုင်ငံတွေမှာတောင် ရာဇပလ္လင်ကျတော့ တို့မြန်မာ့ သီ
သနပလ္လင်လိုလည်း မလှဘူး၊ ဒီလောက်လည်း မကြီး
ဒီ့လောက်လည်း မခမ်းနားဘူးကွ။ တရုတ်ပြည်က ဧကရာ
မင်းတွေ ထိုင်တဲ့ ပလ္လင်လည်း သိပ်မကြီးလှဘူး။ ခပ်တန်
ပဲ။ ယိုးဒယားဘုရင် ဘူမိဘော ထိုင်တဲ့ ပလ္လင်ဆို တို့
ဘုန်းကြီးတွေ တရားဟောတဲ့ စင်လောက်တောင် မကြီး
နောက်မှီပါတဲ့ ကုလားထိုင်ကြီးသာသာပဲ။ နောက်မှီမှာ
ဆီက နတ်အုန်းသီးယပ်တဲ့ ယပ်တောင်ပုံမျိုးပါတယ်"

တဲ့။ အမျိုးသားပြတိုက်မှူးလည်းဖြစ်ခဲ့တော့ ဆရာ
ကိုယ့်ငါးချဉ် ကိုယ်ချဉ်ပြီး ကိုယ့်ပလ္လင် ကိုယ် အမွှမ်းတ
တယ်လို့ မထင်မိပါဘူး။ ဘာလို့လဲဆိုတော့ ဓာတ်ပုံ
ဆွဲပုံတွေမှာလည်း ကိုယ်တို့ မြန်မာမင်းများရဲ့ ပလ္လင်က
အလှပ၊ အခမ်းနား၊ အကြီးကျယ်ဆုံးဖြစ်နေလို့ကိုး။ အဲ
ညွှန်းဆိုအပ်တဲ့ လှပထည်ဝါတဲ့ သမိုင်းဝင်ပလ္လင်တော်
ကို ရန်ကုန်မြို့ ပြည်လမ်းက အမျိုးသားပြတိုက်
မြေညီထပ်မှာ "သီဟာသနပလ္လင်တော်ခန်း" 
တစ်ဆောင်ထားပြီး တစ်ခမ်းတစ်နား ပြသထားပါတ

www.burmeseclassic.com



ခန်းအလယ်မှာ နှစ်ပေါင်း ၁၅၀ နီးပါး သက်တမ်းရှိတဲ့ သီဟာသနပလ္လင်တော်ကြီး ရှိနေရဲ့။

ပလ္လင်(Throne)ဆိုတာ ရိုးရိုးထိုင်ခုံ(Seat)များထက် သာတဲ့ ပလ္လက်(Palinka)-ပီဌကာ-မြင့်မြတ်တဲ့ **ထိုင်ခုံ** (Pedestal, Altar,Dais)များ ဖြစ်ပါတယ်။ ရုပ်လုံး၊ ရုပ်တု တွေရဲ့ အောက်ခံခုံ၊ မြင့်မြတ်တဲ့ နေရာထိုင်ခင်း-အာသန (Asana) စာရင်းဝင်ပစ္စည်းပေါ့။ ရောင်ဝန်းရဲ့ အောက်ဆုံးပိုင်း ပည်း ဖြစ်တယ်။ ကနေ့ခေတ် ပြတိုက်ကြီးတွေမှာ ပြတိုက် ပညာ(Museology)အရ လိုက်နာရမယ့် နည်းဥပဒေသတွေ အရ ပြသ ပစ္စည်းတွေကို ဒီအတိုင်း မပြသရဘဲ၊ တင်ခုံ (Pedestal)နဲ့သာ အောက်က ခံပြီး ပြသကြရပါတယ်။ အထူးစီစဥ်ထားတဲ့ တင်ခုံနဲ့ ပြမှ ပြသပစ္စည်း (Museum Object)အရာမြောက်တာပါ။ မဟုတ်ရင်တော့ ကြမ်းပြင်ပေါ် ချထားတဲ့ သာမန်ပစ္စည်းသက်သက်ပဲ ဖြစ်နေမှာပေါ့။


## မြင့်မြတ်တဲ့ ပလ္လင်တော် ခြောက်မျိုး

ရှေးမြန်မာ ပညာရှိကြီးတွေက ပလ္လင်တော် ခြောက်ပါး ရှိတယ်လို့ ဆိုခဲ့ကြတယ်။ ဘုရားရှင်တို့ ထိုင်တဲ့ (အပရာဇိတာ သနပလ္လင်)၊ ဗြဟ္မာမင်းကြီးများ ထိုင်တဲ့ (ကမလာသနပလ္လင်)၊ နတ်သိကြားများရဲ့ (ဒိဗ္ဗာသနပလ္လင်)၊ လူမင်းများ ထိုင်တဲ့ (ရာဇပလ္လင်)၊ တရားသူကြီးများရဲ့ (အင္ဂကရဏာသနပလ္လင်) နဲ့ တရားဟော ဓမ္မကထိက ပုဂ္ဂိုလ်တို့ ထိုင်တဲ့ (ဓမ္မာသန ပလ္လင်)တွေပါ။ ရွှေဘုံနိဒါန်းကျမ်း၊ မြန်မာမင်းများ အုပ်ချုပ်ပုံ စာတမ်း၊ ရာဇသေဝက ဒီပနီ၊ မုံရွေးဆရာတော်ရဲ့ ကုသပျို့ နန်းပြာသာဒ် ပလ္လင်ခန်းတွေမှာ အကျယ်တဝင့် ရေးသား တင်ပြထားပါတယ်။

ဝဇီရာယာနဂိုဏ်း ဗုဒ္ဓဘာသာအရ ထုလုပ်လေ့ရှိတဲ့ ပလ္လင်တွေမှာ ကြာမှောက် ကြာလှန် နှစ်ဆင့်ခံကြတယ်။ ဗြဟ္မာမင်းကြီးတွေလည်း ကြာခံ ပလ္လင်များမှာ ထိုင်လေ့ရှိ တယ်။ ကြာနှစ်ထပ်ခံ ပလ္လင်တော်ပေါ်က ရုပ်တုတွေရဲ့ ခြေ ထောက်ဟာ ကြာဝတ်ဆံအိမ်ကို နင်းထားတတ်ကြရဲ့။ အဲဒီ ပလ္လင်တွေဟာ ၅မြှောင့်၊ ၇မြှောင့် စတဲ့ မ-ဂဏန်းများသာ ဖြစ်လေ့ရှိကြပြီး ၃မြှောင့်၊ ၉မြှောင့် မထားတတ်ဘူး။

## မြန်မာဘုရင်များရဲ့ မြန်မာ့ရိုးရာနန်းတွင်းသုံး ပလ္လင်တော်

မြန်မာမင်းများဟာ နန်းတွင်းမှာ ပလ္လင်တော်များ ထား လေ့ရှိတယ်။ "နတ်၏ ဗိမာန်၊ မလွန်စယောင်၊ နန်းတောင်-လယ်-မြောက်၊ နောက်သဘင်နှင့်၊ ရာပေါ်ဖွင့်၍၊ ဆောင်မြင့် ဆောင်နိမ့်၊ ငြိမ့်ရရှိမ့်တည်၊ ရွှေအိမ့်ကိရိယာ၊ မင်းတံထွာဖြင့်၊





www.burmeseclassic.com

www.burmeseclassic.com



စဥ်လာစရိုက်၊ ပလ္လင်စိုက်၍၊ ရဲတိုက်တော်တွင်၊ မာတင့်သဖန်း၊ နောက်နန်းတက်ပွဲ" ဆင်နွှဲခဲ့ကြတယ်။ ပလ္လင်တွေဟာ မြန်မာ့ရိုးရာတော်ဝင် အသုံးအဆောင် ပရိဘောဂများလည်း ဖြစ်ကြတယ်။ ရာဇာသနင်း-မင်းတို့ ထိုင်အပ်တဲ့ အဲဒီ ရာဇပလ္လင်တွေမှာတော့ ယေဘုယျလက္ခဏာ ၁၂ပါးရှိကြတယ်။ ဗုဒ္ဓဘာသာယဥ်ကျေးမှု အနုပညာရုပ်တွေကို မြန်မာမှုပြုထားတဲ့ နန်းတွင်းသုံး တော်ဝင်၊ မဟာရာဇပလ္လင် ရှစ်မျိုး (ပလ္လင်တော် ရှစ်ခန်း)ဟာ မြန်မာ့ရိုးရာပဋိမာ သိပ္ပံပညာ (Myanmar Buddhist Iconography) အရ ထိုင်ခုံ-အာသန-ပီဌ-ပလ္လက်များပဲ ဖြစ်တယ်။

ပလ္လင်ခံ အရုပ်တွေကို စွဲပြီး ပလ္လင်တော် ရှစ်ခန်းလာ ပလ္လင်တော်တွေကို···

- ဟင်္သာရုပ်ခံ ဟံသာသနပလ္လင်၊
- ပျားပိတုန်းရုပ်ခံ ဘမရာသနပလ္လင်၊
- ဆင်ရုပ်ခံ ဂဇာသနပလ္လင်၊
- ခြင်္သေ့ရုပ်ခံ သီဟာသနပလ္လင်၊
- ပဒုမာကြာပွင့်ခံ ပဒုမာသနပလ္လင်၊
- ခရုသင်းရုပ်ခံ သင်္ခါသနပလ္လင်၊
- သမင်ရုပ်ခံ မိဂါသနပလ္လင်နဲ့ ဥဒေါင်းငှက်ခံ မယူရာ

သနပလ္လင်လို့ ခေါ်ဝေါ်ခဲ့ကြတယ်။

ပေါရာဏလင်္ကာကျမ်းမှာ "ရှစ်ဖြာပလ္လင်၊ ထုံးတမ်း စဥ်မှာ၊ သီဟာ-ယမနေ၊ ဟံသေ-သင်္ကန်း၊ ထီးနန်းစဥ်ဆက် သရက်-ခရု၊ ဘမုပိတုန်း၊ ကရဝေးသုံး၏၊ နန်းသုံး ချီးမြှောက် တထောက်မောက်မို၊ ပေါက်ကို ဥဒေါင်း၊ ထုံးဟောင်းမမှာ စကား-ဟတ္ထိ၊ မည်ရှိမလွဲ၊ ပိန္နဲ-ပဒုမာ၊ မိဂါ-ရေသဖန်း ဤရှစ်ခန်းသည်၊ စံမြန်းရာဇပလ္လင်တည်း"လို့ ပလ္လင်အသီးသီး ကို ထုလုပ်ရမယ့် သစ်သားအမျိုးအစားတွေနဲ့ တွဲပြီး ဖော်ပြ ထားတယ်။

မြတ်စွာဘုရား စံမြန်းတော်မူတဲ့ အပရာဇိတ ပလ္လင် တော်ပါ ပေါင်းပြီး မြန်မာမင်းတို့ နန်းတော်မှာ ထား ရာဇပလ္လင် ၉ခုရှိခဲ့တယ်လို့လည်း ဆိုနိုင်ပါရဲ့။ မြန်မာ့ရိုး ပဋိမာသိပ္ပံကျမ်းမှာ "ဂဇ-မိဂ၊ ပဒုမာ၊ မယူရာ သင်္ခ၊ သီ ဟံသာ၊ ဘမရာ၊ အပရာဇိတ၊ ပလ္လင်ကိုးဖြာ၊ မှတ်စ ပဋိမာသိပ္ပ"လို့ အတိုကောက် ဖွဲ့ဆိုပြထားတယ်။ အဲဒါတွေ ထဲက ယခုထိ ရှိနေသေးတဲ့ ပလ္လင်တော်ဟာ သီဟာသ ပလ္လင်ဖြစ်ပါတယ်။

## သီဟာ့သနပလ္လင်

ခြင်္သေ့ရုပ်ခံလို့ "သီဟာသနပလ္လင်"လို့ အမည်တွင်



www.burmeseclassic.com

www.burmeseclassic.com

ပါ။ ခြင်္သေ့(သီဟ-Siha)ဆိုတာ မြန်မာတို့အဖို့ ရဲရင့်ခြင်း၊ တောအုပ်ရဲ့ ဘုရင်၊ အကြီးအအုပ်ဖြစ်ခြင်းသဘောဆောင်တာမို့ ဒီပလ္လင်ဟာ အားလုံးထဲမှာ အနက်အဓိပ္ပာယ်ထူးခြားမှုအရှိဆုံးဖြစ်ပါတယ်။ တောရဲ့ သခင်-ကေသရာဇာ ခြင်္သေ့မင်းတွေရဲ့ သန်မာ လျင်မြန်ခြင်း၊ ဝင့်ကြွား တက်ကြွခြင်း၊ သတ္တိဗျတ္တိ ထာမဗလဂုဏ်တွေကို ယူတဲ့ သဘောလည်းဖြစ်ရဲ့။

မြန်မာ့နန်းတွင်းမှာ သီဟာသနပလ္လင်နှစ်ခုရှိရပြီး၊ တစ်ခုကို မြေနန်းပြာသာဒ်မှာ ထားတယ်၊ ကျန်တစ်ခုကို လွှတ်တော်ထဲမှာ ထားတယ်။ မန်လည်ဆရာတော်ဘုရားက ဟာသုတကာရီ မယဒေဝလင်္ကာသစ်မှာ "ပြည်သူများကို၊ တရားဖြတ်ရာ၊ လွှတ်တော်မှာကား။ သီဟာတင့်ဆန်း၊ မြေနန်းဥကင်ဘွေအပြင်သို့" လို့ စပ်ဆိုခဲ့တယ်။ မြေနန်း ပြာသာဒ်ထဲက သီဟာသနပလ္လင်ထက်မှာ တစ်နှစ် သုံးကြိမ် နှစ်သစ်ကူးနဲ့ ဓါဝင်၊ ဝါထွက်ကာလတွေမှာ မင်းနဲ့ မိဖုရားတို့ ထိုင်ကြတယ်။ မင်းညီမင်းသား၊ မှူးမတ်စော်ဘွားများရဲ့ အကန်တော့ကို ခံယူတော်မူတယ်။ လွှတ်တော်ရှိ သီဟာသနပလ္လင်မှာတော့ မင်းကောရာင်သာ ထိုင်လေ့ပြီး အဲဒီအပေါ်ကမှ တရားစီရင်ရတယ်။ ဒါကြောင့်လည်း သီဟာသနပလ္လင်နှစ်ခုလုံးဟာ မင်းရဲ့ အချုပ်အခြာ အာဏာသဘောကို ဆောင်နေလေရဲ့။

## သီဟာသနပလ္လင်ပြုလုပ်စီမံထားပုံ

အထက်ပါ အချက်တွေ၊ သဘောတရားတွေကို ထည့်ပြီး သီဟာသနပလ္လင်ကို ပြုလုပ်ထားပါတယ်။

ပလ္လင်ရဲ့ ဥကင်တိုင်နှစ်ခု အထက်အောက်မှာ စတုမဟာရာဇ်နတ်မင်းကြီးလေးပါး ဒူးတစ်ဖက်ထောင်၊ တစ်ဖက်ချ ရုပ်တွေကို ထုလုပ်ထားတယ်။ တာဝတိံသာ နတ်ပြည်မှာ စံနေကြတဲ့ သိကြားငယ် ၃၂ပါးနဲ့ အကြီးအမှူး မာဃ သိကြားနတ် စတဲ့ ၃၃ပါးကိုလည်း ထည့်သွင်းထားသေးရဲ့။ ဒါကြောင့်လည်း ဥကင်ဝဲယာရှိ ပန်းတွေမှာ သိကြားငယ် ရုပ်၊ မှန်တိုင်မှာ သိကြားငယ် ၂ရုပ်၊ ဥကင်အထက် ဝဲ-ယာမှာ သိကြားငယ် ၁၆ရုပ် တွေ့ရမှာဖြစ်တယ်။ ကြာပွင့်ခံ သားမြီးယပ်ဆွဲလျက် ရှိနေကြတယ်။ တုရင်မှာတော့ မာဃသိကြားရုပ်နဲ့ အဲဒီအရုပ် နဖူးပြင်မှာ တိုင်ကို တွေ့ရမယ်။ မှန်တိုင် စိုက်ထားရခြင်းကတော့ ကို နတ်မင်းက "မြတ်သောမင်းကြီး၊ ကျွန်ုပ်၏ နဖူးပြင် မှန်တိုင်ကို ရှုလျက် တရားနှင့်အညီ ပြည်ကို အုပ်ချုပ် တော်မူပါလော့" လို့ ဆုံးမ ဩဝါဒပေးခြင်းပေါ့။ ဒါ့အပြင်



ထီးနန်းစည်းစိမ်နဲ့ ပလ္လင်နန်းကို သမ္မာဒေဝနတ်တွေ စောင့်ရှောက်စေလိုတဲ့ သဘောလည်း ပါတယ်။

မြဝတီမင်းကြီး ဦးစက "ဥကင်ဘုံမြင့် သီဟာဘွေ၊ စိန်ကြောင်ရောင်လင်း၊ သစ်မင်း-ယမနေ" လို့ သီချင်းကြီး၊ သီချင်းခံနဲ့ စပ်ဆို ရေးသားသီကုံးခဲ့တယ်။ ပလ္လင်အမည်၊ ပါရှိတဲ့ ရုပ်ပုံ၊ ထုလုပ်ရတဲ့ သစ်သား၊ အသုံးပြုရာ ကိစ္စနဲ့ ပလ္လင်တော်ထားရှိရာ နေရာတွေကိုပါ တစ်ပြိုင်တည်း ပါအောင် စပ်ဆိုထားတာပါ။ ပေါရာဏလင်္ကာကျမ်းမှာ "ရှစ်ဖြာပလ္လင်၊ ထုံးတမ်းစဉ်မှာ၊ သီဟာ-ယမနေ" လို့ ပါတယ်။ မန်လည်ဆရာတော်ကလည်း "ယမနေသစ်၊ ဆီနှစ်ပြည့်လျှံ၊ ခြင်္သေ့ခံလျက်၊ ခန့်ပျံ့ရတနာ၊ သီဟာသန၊ ပလ္လင်လှ" လို့ စပ်ဆိုခဲ့တယ်။ ဒါတွေကို ထောက်ပြီး သီဟာသနပလ္လင်တော်ကို ယမနေသားနဲ့သာ ထုလုပ်လေ့ရှိတယ်လို့ သိနိုင်တယ်။

မုံရွေးဆရာတော်ရဲ့ ကုသပျို့၊ နန်းပြာသာဒ်ပလ္လင်ခန်းမှာတော့ "မြို့၏ ချက်မြေ ထွန်းတောက်ပြောင်ပြောင်၊ ပြာသာဒ်ဆောင်၏၊ လယ်ခေါင်ကန့်ချင်၊ မာရာဘင်၌၊ အမြင်မအောင့်၊ လေးထောင့်ညီမျှ၊ ရာဇပလ္လင်၊ ဥကင်မှန်ထွက်၊ ထက်ဒုရင်ဖျား၊ မဏ္ဍိုင်ထား၍၊ သိကြားနေတမ်း၊ ဒုရင်ဝမ်းတွင်၊ ပြီးပြွမ်းနဝရတ်၊ စီခတ်နှံ့ပြီ၊ ကိုယ်စီကပ်ရံ၊ ခြင်္သေ့ခံမှ၊ ခန့်ပျံ့မြတ်မှာ၊ ဝဲယာရေ့နေ၊ ခြေတွင် မငြီး၊ စည်းစုတ်တီး၍၊ ရန်မီးငြိမ်းရွေ့ ဆင်ခြင်္သေ့ကို၊ ချမ်းမြေ့စေတတ်၊ လောကနတ်နှင့်၊ သတပတ်



www.burmeseclassic.com

www.burmeseclassic.com

ကြာ၊ ပဒုမာခံပြီး၊ သားမြီးယပ်ခွဲ၊ လက်ဝဲ-လက်ျာ၊ သတ္တရာတို့ ဗာတ္တီသာစေ၊ ရွှေအလှုံမီး၊ ဒေါင်းမြီးယပ်တီ၊ သီရိနဂ္ဂီ၊ ဒေဝ ကိန္နရာ၊ မြူးလာပျော်ပါး၊ တိုင်တံခါးက၊ ဆင်နှား ဇာပေါက်၊ ကြောက်သည်ဘီလူး၊ ခြူးပန်းခြူးနွယ်၊ အလယ်က ဆန်း၊ ဦးဆောက်ပန်းက၊ ဒွါဒသဖြင့်၊ ရာဇပလ္လင်၊ တန်ဆာဆင်၍၊ မျက်ရှင်နဝရတ်၊ ဥကင်မြတ်လည်း"လို့ အသေးစိတ် စပ်ဆိုပြ ထားပြန်တယ်။

ခြင်္သေ့ရုပ်တွေဟာ သီဟာသနပလ္လင်ရဲ့ သင်္ကေတ လက္ခဏာပါ။ ပလ္လင်အောက်ခုံရဲ့ ရွှေဂူပေါက်ဝတွေမှာ ခြင်္သေ့ တွေ ဆောင့်ကြောင့်ထိုင်ဟန်၊ ကိုယ်လုံးပေါ် မာန်ဖီဟန် ရှိ နေကြတယ်။ ခြင်္သေ့တစ်စီး နှစ်စီးမှ ၁၇စီးအထိ ထုလုပ် ထားလေ့ရှိတယ်။ ပလ္လင်တော် ဥကင်ရဲ့ လက်ဝဲလက်ျာတို့ မှာ အညီအမျှ ထုလုပ်ထားကြတာပါ။

လောကနတ်ရုပ်ကိုလည်း ပလ္လင်တော်နဲ့အတူ ထား ရှိကြတယ်။ လောကနတ်ဆိုတာ လောကနာထနတ်ဘုရား အမည်က ဆင်းသက်လာတဲ့ နတ်ပါ။ ဥကင်ရဲ့ လက်ဝဲ၊ လက်ျာမှာ ထုလုပ်ထားရှိတယ်။ လောကနတ်ဟာ ခြေမှာ စည်းဆုပ်တီးပြီး၊ သီချင်းဆိုရင်း က,နေဟန်ရှိတယ်။ ခြင်္သေ့ မင်းနဲ့ ဆင်ပျံတို့ ရန်ငြိမ်းအောင် စေ့ဆော်ဖြန်ဖြေပေးနေတဲ့ သဘောပေါ့။

## ပြည်တော်ပြန် သီဟာသနပလ္လင်

၁၈၈၅ ခုနှစ်၊ ဝိတိုရိယ ဘုရင်မကြီးလက်ထက်မှာ မြန်မာနိုင်ငံကို ဗြိတိသျှတွေ တိုက်ခိုက်သိမ်းယူခဲ့တယ်။ မြန်မာ့ နောက်ဆုံးဘုရင် သီပေါမင်းနဲ့ မိဖုရားခေါင်ကြီးတို့ အိန္ဒိယ နိုင်ငံ၊ ရတနာဂီရိကို ခေါ်ဆောင်သွားခံခဲ့ရတယ်။ ဒါ့အပြင် လွှတ်တော်ထဲက သီဟာသနပလ္လင်ကိုလည်း ကာလကတ္တား အထိ သယ်ဆောင် ယူငင်သွားကြတယ်။

၁၉၄၈ ခုနှစ်၊ ဇန္နဝါရီလ၊ ၄ရက်နေ့မှာ မြန်မာနိုင်ငံ လွတ်လပ်ရေး ပြန်လည်ရတော့ သီပေါဘုရင် နောက်ဆုံး သုံးခဲ့တဲ့ သီဟာသနပလ္လင်ကို ကာလကတ္တား၊ အိန္ဒိယပြတိုက် ကနေ မြန်မာပြည်ကို ပြန်လည်ပေးအပ်ဖို့ အိန္ဒိယဘုရင်ခံချုပ် မောင့်ဘက်တန်က ဆုံးဖြတ်ခဲ့တယ်။ မောင့်ဘက်တန်ဟာ ဝိတိုရိယ ဘုရင်မကြီးရဲ့ မြစ်တော်သူ လတ်မင်းကြီးလည်း ဖြစ်တယ်။ သူက ဂျော့ဘုရင်ကို လွတ်လပ်ရေးနဲ့အတူ သီဟာ သနပလ္လင်ကြီးကိုပါ ပြန်ပေးဖို့ အကြံပြုခဲ့တာပါ။ အဲဒီနှစ်- မတ်လမှာတော့ မောင့်ဘတ်တန် မြန်မာပြည် အလည်လာ ရောက်ရင်း မြန်မာသမ္မတကြီး စဝ်ရွှေသိုက်ထံ ပလ္လင်ကြီးကို

လက်ဆောင်အဖြစ် အခမ်းအနားနဲ့ ပြန်လည်ပေးအပ်ခဲ့ တယ်။

နိုင်ခံ့ ကြီးမားတဲ့ ပလ္လင်ကြီးကို အစိတ်အပိုင်း တစ်စစီဖြုတ်ပြီး ရန်ကုန်ပြန်သယ်ခဲ့ကြတယ်။ ပလ္လင်အပ် အခမ်းအနားမှာတော့ "ပလ္လင်ရတနာ၊ တို့ရာဇာသို့၊ မေ နက်တံ၊ ပဏ္ဏာနံ့သည်၊ **တက်လျှံတေဇ** ကြွယ်ဘုရား ရတုပိုဒ်စုံ ရှုတီဖတ်ခဲ့တယ်။ ရောက်စက ပြည်တော် ပလ္လင်တော်ကို သမ္မတအိမ်တော်မှာ ထားရှိခဲ့ပြီး၊ ၁၉ ခုနှစ်မှာတော့ အများပြည်သူတွေ ကြည့်နိုင်ဖို့ ပန်းဆိုးတ က အမျိုးသားပြတိုက်ကို လွှဲပြောင်းပေးအပ်လိုက်တ ခုနောက်ဆုံးမှာတော့ ပလ္လင်ကြီးကို ပန်းဆိုးတန်း အမျိုး ပြတိုက်ဟောင်းကနေ ပြည်လမ်း အမျိုးသားပြတိုက် ကြီးသို့ ပြောင်းရွှေ့ ပြသထားပါတယ်။

အဲဒီ ပလ္လင်ကြီးဟာ မူရင်း ပလ္လင်တော်အစစ်ကြီး ဒီနေ့ခေတ် ပြန်လည် ပြုလုပ်ထားတဲ့ ပလ္လင်တော် မဟုတ် ဘူး။ ပြခန်းရဲ့ ပတ်ပတ်လည်မှာလည်း ဟံသာသနပ ဘမရာသနပလ္လင်၊ ဂဇာသနပလ္လင်၊ ပဒုမာသနပလ္လင်၊ သ သနပလ္လင်၊ မိဂါသနပလ္လင်၊ မယူရာသနပလ္လင် စတဲ့ ပ တွေကိုလည်း အင်္ဂါအစုံအလင်ပါတဲ့ ပုံစံတူ ပလ္လင်ငယ် တွေ ပြုလုပ် ပြသထားပါသေးရဲ့။ လက်ဖက်ရည်တစ်ခွ ငွေလေး ပေးရုံနဲ့ ခန့်ညားလှပတဲ့ ပလ္လင်တော်ကြီးကို တ ကြီး တစိမ့်စိမ့်ကြည့်ရှုရင်း အားရပါးရ လေ့လာနိုင်ပါတ လေ့လာဆန်းစစ်ရင်း ဗဟုသုတတွေ ရယူကြစေ တယ် ■

* * *

ကိုအေးမြင့်(မဟာဝိဇ္ဇာ၊ ရှေး/

စာကိုး။

- (တိုက်စိုး၊ ယဉ်ကျေးမှုအထိမ်းအမှတ်များ၊ စာပေဗိ ၁၉၈၆၊ ရန်ကုန်)
- (ထွန်းမှတ်ဝင်း-စဝ်၊ မြန်မာ့ရိုးရာပဋိမာသိပ္ပံပညာ၊ အ ပလ္လင်တော်နှင့် ဝါဟန စီးတော်ယာဉ်များ၊ သာသ ဦးစီး၊ ၁၉၈၁၊ ရန်ကုန်။
- (ထွန်းမှတ်ဝင်း-စဝ်၊ မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာ၊ မ သာသနာရေးဦးစီး၊ ၁၉၈၁၊ ရန်ကုန်)။
- (ရှေးဟောင်းသုတေသန ညွှန်ကြားရေးဝန်၏ နှ အစီရင်ခံစာများ၊ ၁၉၆၀-၆၁၊ ၆၁-၆၂။ ရန်ကုန်



www.burmeseclassic.com

www.burmeseclassic.com


အလုပ်အကိုင်ကိစ္စများအတွက် စိတ်ချမ်းသာဖို့

▶ လျှောက်ထားသောအလုပ်အကိုင်သစ်၊ အလုပ်အကိုင်ကောင်းကို အလွယ်တကူအမြန်ဆုံး ရရှိဖို့။ ▶ လက်ရှိ အလုပ်အကိုင်နေရာဌာနမှ အမြန်ဆုံးပြောင်းရွှေ့ရဖို့။ ▶ ပြောင်းရွှေ့ရောက်ရှိမဲ့နေရာမှ အဆင်ပြေဖို့။ ▶ လက်ရှိ အလုပ်အကိုင်၊ ရာထူး၊ နေရာ၊ ဌာနမှာ ကြာရှည်မြဲစေဖို့။ ▶ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းဖို့။ ▶ လက်ရှိအလုပ်အကိုင်မှာ ရာထူးအမြန်ဆုံး တိုးတက်ဖို့။ ▶ အယှဉ်အပြိုင်များကို အနိုင်ရအောင်မြင်စေဖို့။ ▶ လက်ရှိအလုပ်မှာ အတိုက်အခံ၊ အနှောင့်အယှက်၊ အတိုင်အတော၊ အစွပ်အစွဲ၊ အခက်အခဲ၊ အတားအဆီးတွေ ကင်းရှင်းစေဖို့။ ▶ လုပ်ငန်းခွင်မှာ အထက်လူကြီးရဲ့ ချစ်ခင်ယုံကြည်အားကိုးခြင်းခံရစေဖို့။

(အစွမ်းထက် ဂမ္ဘီရပညာ ယတြာအစီအရင်နဲ့ ပံ့ပိုးကူညီမှုလိုအပ်ရင် ယခုဝင်လာခဲ့ပါ။)

**ဆရာကြီး ဦးပိုင်ဇအောင်**

(ဝိဇ္ဇာဘွဲ့)(လက္ခဏာဗေဒင်ဟောခန်း)

ဟောခန်းလိပ်စာ - တိုက်(၄၀)၊ (B-1)-မြေညီထပ်၊ မဟာမြိုင်အိမ်ရာထိပ်၊ (မဟာရန်ကုန်ဆိုင်သစ်ကြီးအနီး)၊ ဦးဝိစာရလမ်း၊ (၄၁)ရပ်ကွက်၊ မြောက်ဒဂုံ။ - ၀၉-၇၃၁၄၇၀၂၄၊ ၀၉-၅၀၉၃၈၉၁



ရောဂါဆင်းရဲခြင်းကင်းဝေးအောင် "ဘုန်းကြွယ်" ဆေးကိုဆောင်

ဆရာဝကြီး ဒေါ်လှလှကြွယ် ၏

# ဘုန်းကြွယ်



# ဝမ်းမှန်ဆေး



ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်- 2011Y 008995

ပင်ရင်း - ဘုန်းကြွယ်ဆေးဝါးထုတ်လုပ်ရေး - အမှတ်(၉၆)၊ ခရေပင်လမ်း၊ ၂/(က)ရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၁၆၃၅၅၀၃၊ ၀၉ ၇၃၀၇၈၄၅၂ ၊ ၀၉ ၄၄၈၀၂၁၅၂၅




www.burmeseclassic.com

www.burmeseclassic.com



မသေဘဲ
နာရေးဖြစ်ခဲ့စဉ်က



www.burmeseclassic.com

www.burmeseclassic.com

(သာရေးမဟုတ်လျှင် နာရေးဟု ဆိုရသည်။ ၎င်းနည်းတူ နာရေးမဟုတ်လျှင်လည်း သာရေးဟူ၍သာ ဆိုရပြန်သည်။ ဤစာရေးသူတို့အရပ်၌ သာရေးကို ပါဠိသံဖြင့် "သုရေး"ဟု သုံးနှုန်းပြီး နာရေးကိုလည်း "ဒုရေး"ဟူ၍ သုံးနှုန်းကြပြန်သည်။

မည်သို့ပင် ဆိုစေကာမူ၊ သာရေးမဟုတ်သော မင်္ဂလာမရှိသည့် အကြောင်းအရာများကို မြင်သည် ဖြစ်စေ၊ ကြားသည်ဖြစ်စေ "နာရေး"ဟူ၍သာ သတ်မှတ်ရမည်ဖြစ်သည်။ ဤကဲ့သို့ တင်ပြနေခြင်းသည်ကား အကြောင်းရှိသည်။

ယခု တင်ပြမည့် အကြောင်းအရာ၌ အရှင်ဇဝန(မေတ္တာရှင်-ရွှေပြည်သာ)က ပျံလွန်တော်မူသည်ဟု သတင်းထွက်ပြီး ဤစာရေးသူက ပျောက်သွားသည်ဟု သတင်းထွက်သောကြောင့် သတင်းနှစ်မျိုးလုံးပင် သာရေးမှာ မပါဝင်ဘဲ နာရေးမှာသာ ပါဝင်နေသောကြောင့် နှစ်မျိုးလုံးကို ပေါင်းပြီး နာရေးအဖြစ် သုံးထားလိုက်သည်။ ဤစာစု၌ အဆင်မပြေသော အကြောင်းအရာများချည်း ကြုံနေခြင်းဖြစ်သည်။)

◈◈◈

၆-၁-၂၀၁၄ နေ့က ရွှေပြည်သာ မြို့ (၈)ရပ်ကွက်၊ သစ္စာပန်းခြံက ဒေါ်စမ်းစမ်းဝင်း၊ ဒေါ်ငွေငွေမြင့်၊ မရီရီတို့ ရောက်လာကြသည်။ နောက်နေ့တွင် ဇရပ်ကွက်၌ အရှင်ဇဝန မေတ္တာရှင်(ရွှေပြည်သာ) တရားဟောမည်ဖြစ်၍ သူတို့ကနေ အရဏ်ဆွမ်းကပ်လိုကြောင်း လာရောက်လျှောက်ထားကြခြင်းဖြစ်၏။

မေတ္တာရှင်ကဲ့သို့ ဗဟုဇာတိတခရေ နာမည်ကြီး ဓမ္မကထိက အကျော်အမော် စာရေးကျမ်းပြု ပုဂ္ဂိုလ်တစ်ပါးအား တရားပင့်၊ ဆွမ်းပင့်ကိစ္စသည် လွယ်ကူမည်မဟုတ်ပေ။ ထို့ကြောင့်လည်း သူတို့ မစွမ်းဆောင်နိုင်၍ ဤစာရေးသူထံသို့ လာရောက်အကူအညီ တောင်းကြခြင်းဖြစ်သည်။

ဤစာရေးသူသည် မေတ္တာရှင်၏ ရွှေပြည်သာမြို့ ဖရပ်ကွက်က မန္တလေး ကျောင်းတိုက်တွင် ၈နှစ်တိုင်တိုင် တိုက်အုပ်၊ တရားပြအဖြစ် နေခဲ့စဉ်က ဤဒကာမများသည်သာ အဓိက ဝေယျာဝစ္စများကို လုပ်ကိုင်ပေးခဲ့ကြသူများ ဖြစ်ကြသည်။ ထိုအချိန်က မေတ္တာရှင်သည်လည်း မြိတ်၊ ကော့သောင်းဘက်မှာသာ သာသနာပြုနေရခြင်းဖြစ်၏။

ထို့ကြောင့် စာရေးသူလည်း မေတ္တာရှင်၏ ဖုန်းကို ကောက်ဆက်လိုက်ရာ ကံအားလျော်စွာပင် တန်းတွေ့ရ၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး သစ္စာပန်းခြံမိသားစုက ဆွမ်းပင့်ကြသည့် အကြောင်းကို လျှောက်ထားလိုက်သည်။

"အေး၊ ကောင်းတယ်။ သွားကြတာပေါ့။ အဲဒီ ဒကာ၊ ဒကာမတွေနဲ့ မတွေ့ကြတာလည်း ကြာပြီလေ။ ဒီည အရှင်ဘုရားကျောင်းမှာပဲ ကျိန်းမယ်။ ညနေ ဇရပ်ကွက် တရားပွဲကို အရှင်ဘုရားလည်း လာခဲ့ဦး။ တပည့်တော်က ဇရပ်ကွက် တရားပွဲပြီးရင် အင်းစိန်ကို ဆက်ကြွရဦးမယ်ဆိုတော့ ကားပေါ်မှာ စကားလေး ဘာလေးပြောရတာပေါ့။ အင်းစိန် တရားပွဲပြီးမှ အရှင်ဘုရား ကျောင်းကို ပြန်ကျိန်းမယ်"

မေတ္တာရှင်သည် သူ့ကျောင်းမှာ ဤစာရေးသူ တိုက်အုပ်အဖြစ်နှင့် နေခဲ့ဖူးသော်လည်း "မင်း" "ငါ"ဟူ၍ သုံးနှုန်းပြောဆိုလေ့ မရှိပေ။ ယဉ်ယဉ်ကျေးကျေး လေးလေးစားစားသာ အရှင်ဘုရား၊ တပည့်တော် စသည်ဖြင့် ပြောဆို ဆက်ဆံလေ့ရှိသည်။

မေတ္တာရှင် အမှာရှိသည့်အတိုင်း ညနေတွင် ဇရပ်ကွက် တရားပွဲအတွက် ကျောင်းအမှတ်ဖြင့် ခေတ္တ သီတင်းသုံးရန် စီမံထားကြသည့် အိမ်သို့ စာရေးသူ ကြိုရောက်သွား၏။ ထိုအိမ်မှာလည်း လူများပြည့်နေသဖြင့် စကားပြောချိန် မရကြပေ။

ဇရပ်ကွက် တရားပွဲပြီး၍ အင်းစိန် တရားပွဲကို ဆက်ကြွရာတွင်လည်း ထိုနည်းလည်းကောင်းပင်။ တည်းခို သီတင်းသုံးရန် စီမံထားသည့်အဆောင်တွင် လူများပြည့်ကျပ်လျက်သာ ရှိနေကြလေသည်။

အင်းစိန် တရားပွဲမှ ပြန်ကြွလာကြရာတွင်လည်း အတော်လေး ညဉ့်နက်မှ ကျောင်းကို ပြန်ရောက်လာကြသည်။ ထို့ကြောင့် အနားယူပြီး ကျိန်းစက်လိုက်ကြ၏။

◈◈◈

အရုဏ်တက်ချိန်တွင် ဇရပ်ကွက်မှ လာပင့်ကြသည်။ ညဦးကပင် မေတ္တာရှင်၏ ကားကို ပြန်လွှတ်လိုက်၍ ဇရပ်ကွက်မှ ကားနှင့်ပင် လာပင့်ကြခြင်းဖြစ်သည်။ ထိုအခါလည်း ဆွမ်းကပ်သည့် ဒေါ်စမ်းစမ်းဝင်း၏ နေအိမ်၌ လူများ အပြည့်အကျပ်ဖြစ်နေကြပြန်သည်။

ဆွမ်းကိစ္စပြီးချိန်မှာပင် မေတ္တာရှင် ကျောင်းမှ ကားလာကြိုကြောင်း ဖုန်းဝင်လာ၏။ သို့သော် သစ္စာပန်းခြံကို မသိ၍ လမ်းထိပ်မှာ ကားရပ်ထားကြောင်းလည်း ဖြည့်စွက်လျှောက်ထားလာ၏။

ထို့ကြောင့် သစ္စာပန်းခြံက ကားကို လိုက်မပို့ရန် ပြောထားခဲ့ပြီး



www.burmeseclassic.com

www.burmeseclassic.com

အညောင်းပြေအညာပြေ လမ်းလျှောက်လာခဲ့ကြသည်။ ကားပေါ်တက်ခါနီးတွင် မေတ္တာရှင်က…

"အရှင်ဘုရား… တပည့်တော်ကျောင်းကို လိုက်ခဲ့ဦး။ စကားတောင်ကောင်းကောင်းမပြောရသေးတော့ ဟိုရောက်မှ အေးအေး စကားပြောကြတာပေါ့။ ပြီးတော့ တပည့်တော်ကျောင်းမှာ မဂ်လသုတ်ကို သီးသန့်ဖွင့်ပြီး ပို့ချနေတာ ရှိတယ်။ သိပ်ကောင်းတယ်။ အရှင်ဘုရားလည်း ကြည့်ရှုလေ့လာပြီး လုပ်မယ်ဆိုရင် အဆင်ပြေတာပေါ့"

ဥပုသ်နေ့ဖြစ်၍ ကျောင်းမှာ တရားဟော၊ ဘုရားပြအလုပ်များ ရှိသော်လည်း စာရေးသူ လိုက်သွား၏။

မော်ဘီ၊ ဖန်ခါးကုန်းက မေတ္တာရှင်၏ ကျောင်းကို ရောက်သော်လည်း စောသေး၍ မဂ်လသုတ်တော်ကို ပို့ချပေးနေသော ဆရာ မရောက်သေးပေ။ ဆရာက သန်လျင်မှ လာပြီး ပို့ချပေးသည်ဟု မေတ္တာရှင်က ပြောပြသည်။

ထို့နောက် ရပ်နီးရပ်ဝေးမှ ဧည့်သည်များလည်း ရောက်မလာကြသေး၍ ကျောင်းနောက်ဘက်က ပန်းခြံထဲကို ဆင်းပြီး တအောင့်ကြာအောင် စကားပြောဖြစ်ကြ၏။ ၈ နှစ်မျှ အတူနေစား သွားလာခဲ့ဖူးသော အကြောင်းအရာအတော်များများလည်း ပါဝင်၏။

မြန်မာနိုင်ငံတစ်နံတစ်လျားအပြင် ထိုင်းနိုင်ငံတိုင်အောင်လည်း တရားဟော၊ တရားပြ သွားလာနေခဲ့ကြဖူး၏။ အကြောင်းအရာအားလုံးသည်ကား သာသနာပြု ခရီးရှည်ကြီးဖြစ်၍ တရားဆွေးနွေးကြသည်နှင့်လည်း တူ၏။ မိမိတို့အကြောင်းအရာများအပြင် အခြားတရားဟော၊ တရားပြကောင်းသော ဆရာတော်ကြီးများအကြောင်းလည်း ပါဝင်၏။

ထို့နောက် မဂ်လသုတ် ပို့ချပေးနေသော အဆောင်ကို သွားကြည့်ကြသည်။ ဆရာက နှစ်ယောက်ဖြစ်ပြီး အသက် ၃၀ ဝန်းကျင်မျှသာ ရှိသေးသည်။ သင်ယူနေကြသော တပည့်များမှာ မေတ္တာရှင်၏ ကျောင်းပရိသတ် (စာအုပ်လုပ်သား/သူများ စသည်)မျှသာ ရှိ၍ သိပ်ပြီးမများပေ။ ဦးရေ ၃၀ကျော်မျှသာ ရှိသည်။

ပို့ချနည်းကို အကြမ်းပြင်း သုံးသပ်မိသည်။ မဂ်လသုတ်တစ်ပါးစီတိုင်းကို ဇာတ်ဝတ္ထုများ ထည့်သွင်းပြီး ပြပေးသည်။ အပျင်းပြေ ပုံပြင်လေးများလည်း ထည့်ပေးသည်။ ထို့ကြောင့် မှတ်သားစရာ၊ လိုက်နာစရာ ကောင်းသလို၊ ပြုံးရယ်ရသဖြင့် အပျင်းလည်း ပြေသည်ဟုဆိုလျှင်ပင် မှန်ပေလိမ့်မည်။

မဂ်လသုတ်သည် အပေါ်ယံကြည့်လျှင် လွယ်သယောင်ရှိသော်လည်း ဖွင့်ပြီး ပို့ချသောအခါ များစွာအဖိုးထိုက်ကြောင်းကို လူငယ်အားလုံး လေ့လာသင့်သည်ဟုလည်း နားလည်မိသည်။ သို့သော် တစ်အောင့်မျှသာ လေ့လာဖူးသောကြောင့် ထိုထက် မပြောတတ်ပေ။

◈◈◈

နေ့ဆွမ်းပြီး၍ သိပ်ပြီးမကြာမီပင် ဖုန်းတဂွမ်ဂွမ်ဖြင့် ဝင်လာလေ၏။ ဖုန်းဆက်လာကြသော အကြောင်းအရာအားလုံးကို ခြုံ၍ဆိုရလျှင် မေတ္တာရှင်သည် အရုဏ်ဆွမ်းပြီးသည်နှင့် ဆုံးသွားပြီး မင်းဟိန်းထိပ်က ပျောက်သွားသည်ဟု ရှေ့ပြည်သာမှာ သတင်းကြီးနေကြောင်း။ ဤသတင်းမှန်/မမှန် စသည်ဖြင့်။

ထို့ကြောင့် မေ့တ္တာရှင်ရော၊ ဤစာရေးသူပါ တစ်အောင့်ကြာမျှ ငေးသွားကြ၏။ ဖုန်းသည်လည်း အဆက်မပြတ်ဝင်လာနေလေ၏။ ကောက်ကြည့်လိုက်တိုင်းလည်း ထိုအကြောင်းချည်းသာ ဖြစ်နေလေ၏။

တချို့ကမူ မေတ္တာရှင် ဦးနှောက်သွေးကြောပြတ်၍ ဆုံးသွားသည်ဟု ယူဆကြသည်။ တချို့က သည်ဆောင်းရာသီတွင် ဦးနှောက်သွေးကြောပြတ်သေခြင်းမှာ မဖြစ်နိုင်။ မင်းဟိန်းထိပ်ကိုယ်တိုင် ဦးဆောင်ပြီး ခွင်းသွားသောကြောင့် မင်းဟိန်းထိပ် ပါကြခြင်းသာ ဖြစ်နိုင်သည်။ ထို့ကြောင့်လည်း မင်းဟိန်းထိပ်သည် သူ့ကျောင်းကို ပြန်မလာရဲ၍ ထွက်ပြေးသွားခြင်း ဖြစ်မည် စသည်ဖြင့်လည်း သတင်းထွက်နေသည်ဟု ပြောကြ၏။

ထို့နောက် တစ်အောင့်အကြာတွင် ဆိုင်ကယ်များ၊ ကားများဖြင့် (စာရေး)သတင်းမေးရန် ရောက်လာကြလေ၏။ ဤကဲ့သို့ ကိုယ်တိုင်လာကြသူများမှာ မေတ္တာရှင်ကိုရော၊ မင်းဟိန်းထိပ်ကိုပါ တစ်ပြိုင်တည်း တွေ့မြင်သွားကြ၍ သံသယရှင်းသွားကြသော်လည်း အခြားသူများမှာကား သံသယရှိနေကြဆဲသာ ဖြစ်နေကြလေသည်။

ဤစာရေးသူ ပြန်လာပြီး ကျောင်းသို့ ရောက်လျှင်လည်း ထိုသတင်းများကို ဖြေရှင်း၍ မပြီးနိုင်လောက်အောင်ပင် ရှိနေရလေသည်။ မေတ္တာရှင်ဆီကို ဖုန်းဆက်၍လည်းဟု ဆိုကြသည်။

"ဟုတ်ပါတယ်။ မေတ္တာရှင်က ဖုန်းကို အမြဲတမ်း ဖွင့်ထားလေ့ မရှိ အချိန်နဲ့ပဲ ဖွင့်တာပါ။ သူလို ဘုန်းကြီး ပုဂ္ဂိုလ်တစ်ပါးအနေနဲ့ ဖုန်းကိုသာ အမြဲတမ်း ဖွင့်ထားရင်လည်း ဘာမှတော့ လုပ်ဖြစ်မှာမဟုတ်ပါဘူး။ ဖုန်းပြောရင်းနဲ့ပဲ အချိန်ကုန်နေမှာပဲတော့ ဖြစ်နိုင်ရင် ဒကာတို့ကိုယ်တိုင် သွားကြည့်



www.burmeseclassic.com

www.burmeseclassic.com

လိုက်ကြပါ။ အခုပဲ ဦးပဉ္ဇင်း မေတ္တာရှင် ကျောင်းက ပြန်လာတာပါ"

ဤကဲ့သို့ ရှင်းပြသော်လည်း သူတို့ လက်ခံချင်ပုံ မရပေ။ စာရေးသူကိုသာ သံသယမျက်လုံးများဖြင့် စိုက်ကြည့်နေကြလေသည်။ ထို့ကြောင့် စတတ်သာသည့်အဆုံး မေတ္တာရှင်နှင့် သူတို့အား ကိုယ်တိုင်တွေ့ပေးရမည့် နည်းကိုသာ ကြံဆရလေ၏။

"ကိုင်း...ဒီလိုဆိုရင် ဒကာ၊ ဒကာမတို့ မနက်ဖြန်ညနေ အောင်ချမ်းသာလမ်းထဲက တရားပွဲကိုသာ လာခဲ့ကြပါ။ ဦးပဉ္ဇင်းလည်း အဲဒီမှာ ကလေးတွေကို သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲလုပ်ပေးဖို့ ရှိနေမယ်။ မေတ္တာရှင်ကို အဲဒီပွဲထဲက ပလ္လင်ပေါ်မှာ ပြပါ့မယ်"

ဤကဲ့သို့ ရှင်းပြသည်ကိုပင် သူတို့ ကျေကျေနပ်နပ် လက်ခံခြင်း မရှိကြသေးဘဲ၊ စာရေးသူက မေတ္တာရှင်ကို သတ်ထားသောကြောင့် ပြေးပေါက်ရအောင် သူတို့အား တစ်ဖက်လှည့်ထားပြီး ပြောနေသည်ဟု ထင်နေကြသလော မသိ။

"ဒါဆိုရင် တပည့်တော်တို့ မနက်ဖြန် ဦးပဉ္ဇင်းကျောင်းကို ဘယ်အချိန်လာခဲ့ရမလဲ။ မေတ္တာရှင်ကို ဦးပဉ္ဇင်းပဲ ပင့်ပေးပါ"

"ဟုတ်ပါပြီ၊ မနက်ဖြန် ဒကာ/ ဒကာမတို့ ၅နာရီလောက်ကို လာခဲ့ကြပါ။ ဦးပဉ္ဇင်း မေတ္တာရှင်ကို ရအောင် ပင့်ထားပါ့မယ်"

သူတို့သည် သံသယမျက်လုံးများဖြင့်သာ စာရေးသူအား လှည့်ကြည့်ကြည့်ဖြင့် ပြန်သွားကြလေ၏။ ထို့ကြောင့် စာရေးသူမှာ အလွန်အမင်း စိတ်အနှောင့်အယှက်ဖြစ်ရလေ၏။ ဒေါသလည်း ထွက်မိ၏။

ထို့နောက် အချိန်ကို ကြည့်ပြီး



မေတ္တာရှင်အား ဖုန်းဆက်လိုက်ရာ ကံအားလျော်စွာပင် တန်းတွေ့၍ ဝမ်းသာမဆုံးဖြစ်ရ၏။ ချက်ချင်းလည်း တုံ့ပြန်မေး၏။

"အေး၊ ဦးသုစိတ္တ ပြော"

"ဘုန်းကြီး... တပည့်တော်တို့ မနက်ဖြန် ဖွင့်လှစ်ကြမယ့် သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲမှာ ဘုန်းကြီး ဩဝါဒလေး ပေး,ပေးပါလား"

"အား...မလုပ်ပါနဲ့ တပည့်တော်မှာ အဟောအပြောတွေ များနေလို့ အသံကို ညှာသုံးနေရတယ်။ ဒါကြောင့် ဖြစ်မှာမဟုတ်ဘူး"

မေတ္တာရှင်ဘက်ကို ကြည့်လျှင်လည်း မှန်၏။ တစ်ခါတလေ တစ်ညကို သုံးလေးပွဲအထိ (အားနာဟော) ဟောနေရသည်ကို စာရေးသူအသိပင် ဖြစ်၏။ သို့သော် ယခု တက်နေသော ပြဿနာကိုလည်း စာရေးသူ မဖြေရှင်းတတ်တော့ပေ။ ထို့ကြောင့် အမှန်ကို လျှောက်ထားပြီး ရအောင် ပင့်ရလေသည်။

"ဘုန်းကြီး...တရားမဟောချင်ရင် နေပါ။ မျက်နှာပြသော်လည်း ပလ္လင်ပေါ်ကို ကြွမှ ဖြစ်မှာနော။ အခု ဘုန်းကြီး ပျံလွန်တော်မူသွားတယ်ဆိုတဲ့ သတင်းဆိုးကြီးကို ဘယ်လိုမှ ထိန်းလို့မရဘူးဖြစ်နေပြီ။ တချို့ဆိုရင် လွန်လွန်ကဲကဲကြီးပဲ။ တပည့်တော်က ခေါ်သွားပြီး သတ်ပစ်တယ်လို့တောင် ထင်နေကြတယ်"

ဖုန်းထဲက မေတ္တာရှင် ရယ်သံကို ကြားရ၏။

"ဒါကြောင့် အရှင်ဘုရား ရှင်းမရလို့ တပည့်တော်ကို ပလ္လင်ပေါ် တက်ရှင်းပြစေချင်တဲ့ သဘောမျိုးလား"

"ဟုတ်တယ်၊ အဲဒီလို ပြောရတော့မှာပဲ"

"အေးအေး၊ ဒီလိုဆိုတော့လည်း ကြွမှ ဖြစ်တော့မှာပေါ့"

ဟု ရယ်သံဖြင့် ပြော၏။ ထို့နောက်...

"မနက်ဖြန်ညနေ ၄နာရီလောက်တော့ ဖုန်းတောက်လိုက်ပါဦး။ တပည့်တော်က အလုပ်များတော့ မေ့နေမှာစိုးလို့ပါ။ ၄နာရီခွဲလောက် ကျောင်းက ထွက်ခဲ့မယ်"

◈◈◈

ထိုသတင်းဆိုးကြီးသည် အလွန်အမင်းရိုက်ခတ်နေသောကြောင့် ပတ်သက်ရာ ပတ်သက်ကြောင်း လူအားလုံးတို့သည်ပင် တုန်လှုပ်ချောက်ချားလျက် ရှိနေကြ၏။ ထိုအထဲတွင် ထိုနေ့က ဆွမ်းကပ်ကြသော ဒကာမများသည် အဓိက ပါဝင်နေလေ၏။ ထိုနေ့က အရုဏ်မှာ အဓိက ရခိုင်မုန့်တီဆွမ်းကိုသာ ကပ်ကြသောကြောင့် မုန့်တီဆွမ်းကို စီမံပေးသော စက်ချုပ်ဆရာမလေး မရီရီမြင့်မှာ သာ၍ပင် မျက်လုံးများ ပြူးကျယ်နေလေ၏။

ထိုအခိုက်မှာ ရဲသား ၃၊၄လေး

www.burmeseclassic.com

ယောက်တို့သည် လက်ထိတ်များကို ခါးမှာ ချိတ်ပြီး ရပ်ကွက်ထဲသို့ ဝင်လာကြလေရာ မရှိမြင့်မှာ သူ့ကို လာဖမ်းပြီဟု ထင်ပြီး အလွန်အမင်းကြောက်လန့်ကာ မျက်နှာကို လက်နှင့်အုပ်ပြီး ငိုယိုလျက် အိမ်နောက်ဘက်ကို ထွက်ပြေးလေ၏။

သို့သော် သူထင်သလို တစ်ခုမျှ မဟုတ်ပေ။ ရဲများက သူ့ကိုစွန့်၍ သူလာကြခြင်းသာဖြစ်ပြီး ပြန်ထွက်သွားကြမှ မရှိမြင့်လည်း အကြောက်သက်သာသွားလေသည်။ ဆွမ်းကပ်အဖွဲ့ဝင် ပါဝင်ကြသော ဒကာမအားလုံးလည်း ဤသတင်းဆိုးကြီးကို အဘယ်သို့ ဖြေရှင်းရမည်ကို နားမလည်နိုင်၍ စာရေးသူထံသို့ ရောက်လာကြ၏။ ထိုအခါ ကျောင်းမှာ ဟိုမှ သည်မှ ရောက်နေကြသော လူအတော်များများလည်း ရှိနေကြ၏။ ထို့ကြောင့် စာရေးသူမှာ တစ်ယောက်စီ တစ်ဦးချင်းကို ပြောမပြနိုင်တော့၍ အတိုချုပ်ပင် ရှင်းပြလိုက်ရသည်။

"အားလုံး နားထောင်ကြ။ ဒီသတင်းဆိုးဟာ ဘယ်က ထွက်လာမှန်းလည်း မသိတော့ ဦးပဥ္စင်းလည်း ရှင်းလို့ မပြီးနိုင်တော့ဘူး။ ဒါကြောင့် မေတ္တာရှင်ဆရာတော်ကိုပဲ ကိုယ်တိုင်လာရှင်းပါဦးလို့ ပင့်ထားလိုက်ရတယ်။ အခုညနေ ၅နာရီလောက်ကို ဦးပဥ္စင်းတို့ကျောင်းကို ကြွလာလိမ့်မယ်။ အဲဒီက တစ်ဆင့် သုတစုလင် ဗုဒ္ဓဝင်ပြိုင်ပွဲကို စီစဉ်နေတဲ့ ဆရာ မိုလ်ကွမ်းအိမ်ကို ဆက်ကြွပြီး အဲဒီကမှ တစ်ဆင့် အောင်ချမ်းသာလမ်းက တရားပွဲ ပလ္လင်ပေါ်မှာ ပရိသတ်ကို သုတစုလင်နဲ့ ပတ်သက်လို့ ဩဝါဒပေးလိုက်ရင် အားလုံး ရှင်းသွားပါလိမ့်မယ်။ သူ့ကျောင်းက ၄နာရီခွဲ ထွက်လာမယ်။ ကြုံပြီး ဖုန်းတောက်ပါဆိုလို့ ဦးပဥ္စင်း ဖုန်းဆက်ကြည့်လိုက်မယ်"

ဖုန်းဆက်ကြည့်သော်လည်း ဖုန်းပိတ်ထားသည်ဟု ပြန်ပြောနေ၏။ ထို့နောက် တစ်အောင့်ကြာလျှင် မေတ္တာရှင်နှင့် ရင်းနှီးသော ကိုစမ်းဦးဆိုသူက မေတ္တာရှင်၏ အစ်မကြီး ဒေါ်ခင်ပြည့်ထံကို ဆက်ကြည့်လိုက်ရာ ကြွလာပြီဖြစ်ကြောင်းကို ပြန်ပြောသည်ဟု ဆို၏။ အချိန်အားဖြင့်လည်း ညနေ ၄နာရီခွဲ ကျော်နေပြီဖြစ်၏။

ထို့ကြောင့် စောင့်ဆိုင်းနေကြသော လူအားလုံးပင် ဝမ်းသာပျော်ရွှင်နေကြ၏။ သို့သော် ၅နာရီသာ ကျော်လာသည်၊ မေတ္တာရှင်ကား ရောက်မလာပေ။ ထိုအခါ ဖုန်းဆက်ကြည့်လျှင်လည်း မေတ္တာရှင်၏ ဖုန်းကို ပိတ်ထားဆဲသာဖြစ်၏။

ရောက်ချိန်သင့်၍ ကြွမလာသော အခါ ပရိသတ်များက စာရေးသူကိုပင် မယုံသလိုဖြစ်လာကြပြန်သည်။ မေတ္တာရှင် ကြွလာပြီဟု ဆိုသည်မှာလည်း နှစ်နာရီပင် နီးနေလေပြီ။ ထို့ကြောင့် နောက်တရားပွဲတစ်ပွဲများရှိ၍ ထိုတရားပွဲကို ဟောကြားနေ၍ အရောက်နောက်ကျနေသလားဟု ဖြည့်ပြီး တွေးမိပြန်သည်။

ထို့ကြောင့် နောက်ဆုံးတွင် ကပ္ပိယ ဦးသန်းဝင်း၏ ဖုန်းကိုပင် ကောက်ဆက်ပြီး မေးရလေသည်။ ထိုအခါ ဦးသန်းဝင်းက "ဟောပြီးသွားပြီ" ဟု ပြန်ပြောသည်။

"ဘယ်မှာ ဟောတာလဲ"ဟု မေးကြည့်လျှင် "ရွှေပြည်သာမှာ"ဟု ဆို၏။ ထို့နောက် ဖုန်းချသွား၍ ဆက်မေးခွင့် မရလိုက်ပေ။ အချိန်လည်း အတော်လေးပင် လင့်နေလေပြီ။ ထို့ကြောင့် မေတ္တာရှင် ကြွပင် မကြွတော့ဘူးလားဟု သံသယဝင်လာမိ၏။ စောင့်နေကြသော လူများကိုလည်း အားနာ… သည်။ ထို့ကြောင့်တစ်ဖန် ထပ်ဆ… ရပြန်သည်။

"ဦးသန်းဝင်း… ဟောပြီးပြီ… တော့ ဘယ်နားမှာ ဟောတာလဲ"

"ရွှေပြည်သာမှာ ဟောတာ… အခု ဘယ်က ဖုန်းဆက်နေတာလဲ"

ဟု ပြောပြီး ဖုန်းချသွားပြန်သည်… ပရိသတ်များလည်း စာရေးသူ၏ မျ… နာကိုသာ စိုက်ကြည့်နေကြ၏။ ဦးသ… ဝင်းကလည်း စကားတစ်ခွန်း နှစ်ခွ… ပြောပြီးတိုင်း ဖုန်းကို ချ,ချပစ်နေ… ထို့ကြောင့် လိုရင်းမျှကိုပင် ပြောခွင့်… သဖြင့် စိတ်တိုချင်လာမိ၏။ ထပ်မံ… ဆက်ရပြန်သည်။

"ဦးသန်းဝင်း…အခု ဦးပဥ္စ… ဦးသုစိတ္တ ဖုန်းဆက်နေတာပါ။ ဖုန်း… မချလိုက်ပါနဲ့ဦး။ အသေအချာ နား… အောင် မေးခွင့်ပြုပါဦး။ ဦးဇေယန ရွှေပြ… သာမှာ တရားဟောတယ်ဆိုရင် ဦးပဥ္စ… ကျောင်းကတစ်ဆင့် ကြွမယ်လို့ … ထားတယ်။ ဘာကြောင့် အဲဒီလော… ထိ ဖုန်းကို ခဏခဏချပစ်နေတာ…"

ဦးသန်းဝင်းလည်း စိတ်တို… ဟန်ရှိသည်။ ချက်ချင်း တုံ့ပြန်သည်…

"ဟာ…ဦးပဥ္စင်း၊ တပည့်တော်… ဒီမှာ ကားကွေ့နေတယ်"

"ကားကွေ့နေတုန်းကိုပဲ ဖုန်း… ရသလား ဦးသန်းဝင်း။ ဘယ်လော… ပဲ အရေးကြီးကြီး ကားကွေ့နေတုန်း… တော့ ဘယ်သူမှ ဖုန်းကိုင်မှာ မဟုတ်… ပါဘူး။ တစ်မျိုးကြီးပါလား။ ဦးပဥ္စ… ဆက်တာ သုံးကြိမ်တောင် ရှိနေပြီ…"

"ရော့…ရော့၊ ဆရာတော်… ပြောလိုက်"

ဟု ပြောပြီး ဦးသန်းဝင်း… ပျောက်သွား၏။ ထို့နောက် မေ… ၏ အသံပေါ်လာသည်။


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ် ဦးသုစိတ္တ၊ တရားဟောပြီးသွားပြီ။ အခု မြို့ထဲက တရားပွဲကို ဆက်ကြွမလို့ ကားပေါ်တောင်ရောက်နေပါပြီ"

"ဘယ်တရားပွဲလဲ ဘုန်းကြီး၊ ရွှေပြည်သာမှာ ဒီည ဘယ်နှပွဲရှိပါသလဲ။ တပည့်တော် ပင့်ထားတဲ့ တရားပွဲရော ဟုတ်ပါသလား"

"ဟုတ်တယ် . . . ဟုတ်တယ်၊ ဓမ္မပူဇာအားလုံးကိုတောင် သုတစုံလင် ဗုဒ္ဓဝင် ကလေးတွေအတွက် စွန့်ထားခဲ့တယ်"

ဟု ပြော၏။ စာရေးသူက ဘာမှ ဆက်မပြောတော့သဖြင့် မေတ္တာရှင် ဖုန်းချသွား၏။ စာရေးသူ တစ်အောင့်ကြာအောင် တွေပြီး ရပ်နေမိသည်။

ထို့နောက် ဦးတင်အောင်က ပြော၏။

"ဟုတ်တယ်။ ဆရာတော်ဆီကို ဖုန်းပြောရတာ အရမ်းစိတ်ပျက်စရာကောင်းတယ်။ သူတို့ ပြောချင်ရာ ပြောပြီး ဖုန်းချပစ်တာပဲ။ ကိုယ်မေးချင်စမ်းချင် ပြောချင်တဲ့အထိ တစ်ခါမှ ပြောခွင့်မရဘူး"

ထို့နောက် ဦးထိန်ဝင်းက ပြောသည်။

"မန္တလေးကျောင်းကို ဆက်ရင်တော့ အရမ်းအဆင်ပြေတယ်။ ဦးမျိုးကျော်ကြီးက စကားပြောလည်း ညက်တယ်။ ဖုန်းကို ကောက်ကိုင်တာနဲ့ ဟုတ်ကဲ့၊ အမိန့်ရှိပါ။ မန္တလေးကျောင်းက အဖွဲ့က စကားပြောနေပါတယ်၊ ဘုန်းတော် ဘာကူညီပေးရမလဲ ဆိုတာက စလို့ပေါ့။ တကယ်တော့ ဦးမျိုးကျော်က စစ်ပြန်ကြီးဗျ။ ဒါပေမယ့် စကားပြော အရမ်းယဉ်ကျေးတာပဲ"

စာရေးသူ ဘာမျှ ဝင်မပြောတော့သေး။ ပြောစရာ စကားလည်း မရှိတော့။ အတော်လေးပင် စိတ်ထဲမှာ ကသိကအောက်ဖြစ်သွားရပြီ။ ထို့ကြောင့် မေတ္တာရှင်ကို ဖူးမြော်ရန် စောင့်နေကြသော ပရိသတ်များကိုလည်း တိုတိုနှင့် လိုရင်းပြောပြီး ပြန်နိုင်းလိုက်၏။

"ကဲ - မေတ္တာရှင် ဆရာတော် တရားဟောပြီးသွားပြီတဲ့။ ဒါကြောင့် မေတ္တာရှင် ပျံလွန်တော်မူတယ်ဆိုတာ၊ ကျုပ်သတ်တယ်ဆိုတာ ဟုတ်,မဟုတ် ထင်ရှားသွားပြီ၊ မယုံရင် ဒကာ၊ ဒကာမ တို့ တရားပွဲကိုသာ သွားမေးလိုက်ကြတော့"

ထို့နောက် ဆက်လက်ကျင်းပဦးမည့် သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲအတွက် စာရေးသူအား လာပင့်နေကြသော ဒကာလေးများကိုလည်း စိတ်တိုတိုဖြင့် ပြောပြီး ပြန်လွှတ်လိုက်သည်။

"မင်းတို့ဟာက ဘယ်လိုလဲ။ မေတ္တာရှင် ငါ့ကျောင်းကမှ တစ်ဆင့်ကြွမယ်ဆိုလို့ မေတ္တာရှင်ကို အရေးတကြီးတွေ့ချင်နေကြတဲ့ လူတွေကို ဒီမှာ စုခေါ်ထားတယ်၊ အဲဒါ မေတ္တာရှင် တရားပွဲကို ရောက်နေတာတောင် ငါ့ကို အသိမပေးကြဘူး။ မင်းတို့ရော ဘယ်လိုတွေဖြစ်နေကြတာလဲ၊ ကလေးကစားသလို လုပ်ချင်တိုင်း လုပ်နေကြတာပဲလား။ ဒီတော့ တော်ပြီ၊ မင်းတို့ ပွဲကိုလည်း ငါ မလာတော့ဘူး။ မင်းတို့လည်း ပြန်ကြတော့"

စာရေးသူ စိတ်တိုနေသည်ကို မြင်၍ လာပင့်ကြသော ဒကာလေးများလည်း ဘာမျှ ပြန်မပြောရဲဘဲ လှည့်ကြည့် လှည့်ကြည့်ဖြင့်ပင် ပြန်သွားကြလေ၏။

တစ်အောင့်အကြာတွင် အုယား ဖားယားဖြင့် ဗိုလ်ကွမ်း ရောက်လာ၏။ ဗိုလ်ကွမ်းဟူသည်မှာ ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းနှင့် ဓမ္မစကူး၊ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ စသည်များကို မနားတမ်း တစ်နှစ်ပတ်လုံး ရပ်ကွက် ဓမ္မာရုံများကို လှည့်လည်သင်ကြား ပြုလုပ်ပေးနေသော ဒကာဖြစ်၏။

"ကဲ - ဆရာတော်၊ ဟိုမှာ ကလေးတွေရော၊ ကလေးမိဘတွေပါ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲအတွက် အားလုံးရောက်ပြီး အသင့်ဖြစ်နေကြပါပြီ။ ဒါကြောင့် ကြွရအောင်"

"အခုမှ ငါ့ကို ဘာလို့ လာပင့်နေရတာလဲ ဗိုလ်ကွမ်း။ ငါက အရေးတကြီးအကြောင်းရှိလို့ မေတ္တာရှင်ကို ပင့်လိုက်တာ။ တကယ်တော့ မေတ္တာရှင်ဟာ တရားဟောဖို့ ကြွလာတာ မဟုတ်ဘူး။ အခု သတင်းဆိုးထွက်နေတဲ့ ကိစ္စကို ရှင်းပြဖို့ ကြွလာတာ။ အဲဒါ ငါ ဒီက လိုအပ်တဲ့ အစီအစဉ်တွေ လုပ်ပြီး စောင့်နေတယ်။ မင်းတို့က အဲဒါကို သိသိကြီးနဲ့ မျက်နှာလို မျက်နှာရ မေတ္တာရှင်ကို သွားပင့်ပြီး တရားပွဲ လုပ်လိုက်ကြတယ်။ နောက်ဆုံးမှာ အစီအစဉ်လုပ်ထားတဲ့ ငါ့ကိုတောင် အသိမပေးကြတော့ဘူး။ ဒီတော့ မင်းတို့သဘောနဲ့ မင်းတို့သာ ဆက်လုပ်လိုက်ကြတော့၊ ငါ မလိုက်ဘူး။ မင်းတို့ ငါ့ကိုလည်း လာပင့်နေစရာ မလိုတော့ဘူး"

"ဟာ . . . ဆရာတော် အဲဒီလို မဟုတ်ဘူး။ မေတ္တာရှင် ကြွလာတာကို တောင် တပည့်တော် မသိလိုက်ဘူး။ မေတ္တာရှင်ဆရာတော်ဟာ ဆရာတော်ကျောင်းကို အရင်ကြွမယ်။ ပြီးတော့ တပည့်တော်အိမ်ကို ဆက်ပင့်ပြီး ကလေးတွေနဲ့ ပူဇော်ပွဲလေး လုပ်မယ်။ ပြီးတော့မှ ယဉ်ကျေးမှုသင်တန်း၊ ဓမ္မစကူးနဲ့ သုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲတွေကိုပါ မေတ္တာရှင်ဆရာတော်ကို ဦးစီးနာယကပြု(အပ်)မယ်ဆိုပြီး ဆိုတာ

www.burmeseclassic.com

တွေကို လိုက်လုပ်နေတာပါ။ ဒါကြောင့် မေတ္တာရှင်ဆရာတော် ကြွလာတာကို တောင် တပည့်တော် မသိလိုက်ပါဘူး။ မေတ္တာရှင်ဆရာတော် ပလ္လင်တော်ပေါ်ကို ကြွနေပြီ၊ မြန်မြန်လာပါတော့လို့ လာခေါ်ကြမှ တပည့်တော် သိတာပါ။ တပည့်တော် လိုက်သွားတော့ ဟိုမှာ မေတ္တာရှင်ဆရာတော်က သြဝါဒချီးမြှင့် လို့တောင် ပြီးဆုံးခါနီးနေပါပြီ"

"ဒါဆိုရင် မင်း ငါ့ကို ဘာလို့ ဖုန်းမဆက်တာလဲ"

"အရမ်းဆူညံတော့ ဖုန်းဆက်လည်း ကြားနိုင်မှာ မဟုတ်ပါဘူး။ တပည့်တော်ကလည်း မေတ္တာရှင်ဆရာတော်ရဲ့ ရှေ့ကို ရောက်နေရတယ်လေ။ ဒါကြောင့် ဖုန်းဆက်မနေတော့ဘဲ ကောင်လေးတွေကို ဆရာတော့်ကို ပင့်နိုင်းလိုက်ရတာပါ။ ပြီးတော့ အခု မေတ္တာရှင် ဆရာတော်ကို သွားပင့်တာ ဟာလည်း တပည့်တော်တို့အဖွဲ့က မဟုတ်ဘူး။ အဲဒီအကြောင်းကို တပည့်တော် လမ်းမှာ လျှောက်ထားပါ့မယ်။ အခု ကြွကြရအောင်"

"တော်ပြီ ဖိုလ်ကွမ်း၊ ငါ မလိုက်တော့ဘူး။ မင်းတို့တာသာ ကြိုက်သလိုသာ လုပ်လိုက်ကြတော့"

"ဟာ…ဆရာတော် အဲဒီလိုကြီးတော့ မလုပ်ပါနဲ့။ အခုလို ဗရုတ်သုတ်ခ ဖြစ်အောင် ဖန်တီးကြတဲ့ အကြောင်းကို တပည့်တော် လမ်းမှာ ရှင်းပြပါ့မယ်"

စာရေးသူ ဘာမှမပြောတော့ပေ။ စိတ်ထဲတွင် အတော်လေးပင် ခံပြင်းနေမိလေ၏။

"ဆရာတော် မကြွလို့ မဖြစ်ဘူးနော။ အောင်ဆန်းလွင်က ဆရာတော်ကို သွားပင့်လို့သာ မရရင် ပွဲကို ဖျက်ပစ်မယ်တဲ့။ အောင်ဆန်းလွင်အကြောင်းကိုလည်း ဆရာတော် သိတယ်မဟုတ်လား။ တစ်ခုဆို တစ်ခုပဲ။ ဘူးဆို ဖရုံ မသီးတဲ့ အကောင်။ တပည့်တော်တို့က ဒီလိုပွဲကြီးမျိုးကို ကိုယ်တိုင် မကျင်းပနိုင်တော့ သူတို့ တရားပွဲရက်တွေထဲမှာ တစ်ရက်ကလေးတောင်းပြီး လုပ်ရတာ။ ဒါကြောင့် အပျက်ခံလို့ မသင့်တော်ပါဘူး။ ကလေးတွေကိုလည်း နှစ်နဲ့ချီပြီး သင်ပြလေ့ကျင့်ထားရတာလေ။ ဒါကြောင့် ဆရာတော်ကြွမှ ဖြစ်မှာပါ ဘုရား"

စာရေးသူ သက်မတစ်ချက်ကို ချလိုက်၏။ ထို့နောက် ဆက်ငြင်းနေ၍ သင့်မည်မထင်သဖြင့် တင်းနေမိသော စိတ်ကို ဖြေလျှော့ပြီး ထလိုက်ခဲ့ရ၏။ ဤပွဲနှင့် ပတ်သက်ပြီး စာရေးသူကပင် ပုစ္ဆာကိစ္စ၊ သုတစုံလင် ဗုဒ္ဓဝင် ဇာတ်လမ်းလေးများကို ရေးသား ဇာတ်တိုက် ပေးထားခြင်းဖြစ်၏။ ရံခါ နိုင်ငံကျော် လူရွှင်တော်ကြီး ဆင်ပေါက်(ဦးလှမြင့်) လည်း ဝင်ကူတိုက်ပေး၏။ မည်သို့ပင် ဆိုစေကာမူ ဤပွဲမှာ စာရေးသူသာ အဓိက ဖြစ်နေ၏။

ထို့ကြောင့်ပင် အောင်ဆန်းလွင်က စာရေးသူသာ မကြွလျှင် ပွဲကို ဖျက်ပစ်မည်ဟု ကြုံးဝါးလိုက်ခြင်းဖြစ်မည်ထင်၏။ အောင်ဆန်းလွင် ဟူသည်မှာလည်း တရားပွဲ စသော ကုသိုလ်လုပ်ငန်းကြီးများကို ဦးဆောင်ပြီး လုပ်ကိုင်ပေးနေသည့်တိုင်အောင် အလွန်စိတ်တိုတတ်၏။ စိတ်တိုလျှင်လည်း အထိန်းရခက်၏။ ထို့ကြောင့်လည်း စာရေးသူ ထလိုက်ခဲ့ရခြင်းဖြစ်၏။

**စာကြွင်း။** ယခုကဲ့သို့ ဤပွဲကြီး ဗရုတ်သုတ်ခ ဖြစ်သွားရခြင်းနှင့် ပတ်သက်ပြီး ဖိုလ်ကွမ်းက ပြောပြသည်မှာ "ဗုဒ္ဓဘာသာအကျိုးပြု လူမှုစီးပွားရေး ကွန်ရက်"ဟူ၍လည်း အဖွဲ့တစ်ဖွဲ့ရှိ
သေးသည်။ ထိုအဖွဲ့က သုတစုံလ
ဗုဒ္ဓဝင်အဖွဲ့ကို လုံးဝ အသိမပေး
မေတ္တာရှင်အား ကြိုပင့်ပြီး ပလ္လင်ပေါ်
တန်းတင်ပေးလိုက်သည်ဟု ဆို၏။ (
ကြောင့် မေတ္တာရှင်ကလည်း သု
စုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲမှ လာပင့်သည်
ထင်၍ပင် ကြွလိုက်လာခြင်းဖြစ်ပေလိ
မည်။)

ဗုဒ္ဓဘာသာအကျိုးပြု လူမှုစီးပွား
ရေးကွန်ရက်အနေဖြင့်လည်း ထိုကဲ့
မလုပ်သင့်ပေ။ လုပ်လိုလျှင် အ
ပေး တိုင်ပင်သင့်သည်။ ထိုကဲ့
ကိုယ်ထင်ရာကိုယ် ဇွတ်လုပ်လိုက်ခြ
ဖြင့် ကူညီရာမရောက်ဘဲ နှောင့်ယှ
ရာသာ ရောက်၏။ အတော်လေး
ထိန်းမနိုင် သိမ်းမရဖြစ်ကာ ရှုပ်ယှ
ခတ်သွားသည်ကိုလည်း အားလုံး
အသိဖြစ်၏။ သို့သော် ယခုမှ သိ
လည်း ပြင်မရတော့ပေ။

ပျော်ပွဲရွှင်ပွဲ၊ ကုသိုလ်ရမည့်ပွဲမျာ
ကို ကြိုးစားပြီး ပြုလုပ်ကြရာ မပျော်
ရာဘဲ အလွန်မှ စိတ်ပျက်၊ စိတ်အ
အယှက်ဖြစ်ရသော အကြောင်းမျာ
ချည်းသာ ကြုံတွေ့ကြရလေ၏။ အ
အဆုံးတိုင် စိတ်အနှောင့်အယှက်ဖြ
ပြီး ဒေါသထွက်စရာအမျိုးမျိုးဖြင့်
အဆုံးသတ်သွားခြင်း ဖြစ်လေသ
ဘာမှုလည်း မတတ်နိုင်တော့ပေ ■

* * *

မင်းဟိန်း

www.burmeseclassic.com



# ကောင်းတဲ့ဆုတိုင်း ပြည့်ပါစေ

နိယာမ ဆရာ အောင်ကျော်မင်း

၂၀၁၃ ခု၊ ဒီဇင်ဘာ ၂၅ရက်၊ ဗုဒ္ဓဟူးနေ့ နံနက်ခင်း ဖြစ်နေတာအကြောင်းကို ကျွန်တော်ပြောပြချင်ပါတယ်။ ဒီနေ့က ကျွန်တော်ဟာ "နိုင်ငံ့ဂုဏ်ရည်" မဂ္ဂဇင်းအတွက် ဆောင်းပါးလေးတစ်ပုဒ်ရေးနေပါတယ်။

ဆောင်းလေပြည် လေညင်းတွေက တဖြည်းဖြည်းတိုး လာသည့်ဇာတ်ကြောင့် ကျွန်တော်၏ ခန္ဓာမှာ အေးစိမ့်စိမ့် ဖြစ်နေတယ်။ ကျွန်တော် ဓာတ်ဗူးထဲက ရေနွေးကြမ်းကို ခွက်ပေါ် လောင်းထည့်နေစဉ်မှာ "ဆရာ···မင်္ဂလာပါ။ ခွင့်ပြုပါဦး" ဟူသော အသံနှင့်အတူ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ကျွန်တော့်ရဲ့ ဗေဒင်ဟောခန်းထဲသို့ လှစ်ခနဲ ရောက်လာတယ်။

"ဩော်···အစ်ကို လာထိုင်၊ ကော်ဖီလေး သုံးဆောင်ပါဦး။ ကျွန်တော် ခင်ဗျားတို့ကိစ္စကို ဖြေရှင်းပေးနိုင်ပါတယ်။ ယောင်းတိုင်လည်း လုပ်ပြီးသား ရှိပါတယ်။ အစ်မတို့ ယောက်ရဲ့ မွေးနေ့က စပြီး ကိုးရက်ဆက်တိုက် အိမ်ဘုရား မီးပူဇော်ပေးရမယ်"

"ဖြစ်ပါ့မလား ဆရာရယ်။ ကျွန်မတို့ လူကြီးတွေ မသိအောင်လို့ အပြင်မှာ ခိုးတွေ့ရတာပါ"

"ဩော်···အစ်မရယ်၊ အစ်မမွေးနေ့မှာ အစ်မရဲ့ အိမ်ဘုရားမှာ ထွန်းပေါ့။ ဒီက အစ်ကိုမှာလည်း ကိုယ့်ရဲ့ မွေးနေ့မှာ အိမ်ဘုရားမှာ ထွန်းပေါ့။ ကျွန်တော်ပြောသလို လုပ်မယ်ဆိုရင် အစ်မတို့နှစ်ယောက်ကို လူကြီးတွေ သဘောတူကြလိမ့်မယ်"

စားပွဲခုံပေါ်မှာ တင်ထားသော ဝေဒါသာကု ဖယောင်းတိုင်ကို လှမ်းယူ၍ သူမအား ကျွန်တော်လှမ်းပေးလိုက်သည်။

"ဆရာ"

"ဘာလဲ အစ်မရယ်"

"ကျွန်မတို့နှစ်ယောက်ကို လူကြီးတွေ သဘောတူလာအောင်လို့ ဆုတောင်းပေးပါနော် ဆရာ"

"ဟုတ်ကဲ့ အစ်မရယ်။ ကျွန်တော် ဘုရားရှိခိုးတိုင်း ဆုတောင်းပေးပါ့မယ်"

"အခုလို ဆရာ ကျွန်မတို့ကို ကူညီတာ ကျေးဇူးတင်ပါတယ်"

"နောင် ဘာများ သိချင်သေးလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့နှစ်ယောက် အိမ်ထောင်ဖက် ကောင်း၊ မကောင်းဆိုတာ ဇာတာလေးကို စစ်ပေးပါဦး ဆရာရေ"

"အဲဒီလိုဆိုတော့ အစ်မရဲ့ မွေးသက္ကရာဇ်၊ နာမည်၊ နေ့ကို ပြောပါ"

"၁၃၄၃ ခု၊ တပေါင်းလဆန်း ၄ရက်၊ ကြာသပတေး နေ့၊ နာမည်ကတော့ မင်းမဟော်လို့ ခေါ်ပါတယ် ဆရာ"

"ဒီက အစ်ကိုရဲ့ မွေးသက္ကရာဇ်၊ နေ့၊ နာမည်ကို ပြောပါ"

"၁၃၄၀ ခု၊ လကိုတော့ မမှတ်မိတော့ဘူး။ နေ့ကတော့ တနင်္လာ။ နာမည်ကတော့ ကျော်လင်းမောင်လို့ ခေါ်ပါတယ် ဆရာ"

သူတို့နှစ်ဦး၏ ဇာတာကို ကျွန်တော်စစ်ကြည့်လိုက်တော့ အထွန်းနေ့ သားသမီးများ ဖြစ်ကြပါသည်။ နေ့အားဖြင့် တနင်္လာနေ့၊ ကြာသပတေး ဓာတ်မိတ်ဖြစ်၏။ သူတို့နှစ်ဦး၏ အိမ်ထောင်ဖက်ဟာ နေနှင့် လ၊ ရွှေနှင့် မြသကဲ့သို့ အလွန်သင့်တော်ပါသည်။

"ကဲ - အစ်မရေ၊ အစ်မတို့နှစ်ယောက်ရဲ့ အိမ်ထောင်ဖက် ကောင်းပါတယ်။ ကျွန်တော်ပေးလိုက်တဲ့ ဖယောင်းတိုင်ကို ယုံယုံကြည်ကြည်နဲ့ ထွန်းလိုက်ကြပေါ့"

"ဟုတ်ကဲ့ ဆရာ"

"နောက် မေးစရာများ ရှိသေးသလား။ မေးစရာရှိရင် မေးလို့ ရပါတယ်"

"အဲဒီလောက် သိရရင် ကျွန်တော်တို့ ပြည့်စုံသွားပါပြီ ဆရာ။ ကျွန်တော်တို့ကို ခွင့်ပြုပါဦး။ ပြန်လိုက်ပါဦးမယ်"

ဟု နှုတ်ဆက်ကာ မင်းမဟော်နှင့် ကျော်လင်းမောင်တို့ ချစ်သူနှစ်ဦး ပြန်သွားကြလေသည်။

◈◈◈

လှိုင်သာယာမြို့နယ်၊ အမှတ် (၁၆)ရပ်ကွက်၊ ကျန်စစ်သားလမ်းမပေါ်ရှိ ကွန်ပျူတာဆိုင်မှ စာစီပြီးအပြန် ၉၆ ကားကို စီး၍ ရုံးရှေ့ မှတ်တိုင်မှာ ဆင်း၏။ ထိုမှ တစ်ဖန် အောင်မြေသာယာ ရွှေစေတီ မင်းလမ်းကို ဖြတ်၍ အမှတ် (၆)ရပ်ကွက်၊ ကျန်စစ်အိမ်ရာ၊ အောင်စန္ဒာလမ်းမပေါ်သို့ သုတ်သုတ်လျှောက်လှမ်းလာခဲ့သည်။ လမ်းခွဲတစ်ခု၏ ဆေးကုခန်းမှ ကျွန်တော့်အား အမျိုးသမီးတစ်ဦးက "ဆရာ . . ဆရာ"ဟု လှမ်းခေါ်သံကို ကြားရသည်။ ကျွန်တော် လှမ်းကြည့်ရာ ဟိုတစ်လောက ကျွန်တော့်ဆီမှာ ဗေဒင်လာမေးသည့် မင်းမဟော်ဖြစ်နေသည်။

"ဩော် . . . အစ်မ၊ အစ်မတို့နှစ်ယောက်အခြေအနေ ဘယ်လိုလဲ"

"ဆရာပေးလိုက်တဲ့ ဖယောင်းတိုင်ကို ထွန်းတဲ့ အချိန်က စပြီး ကိုးရက်မြောက်တဲ့နေ့မှာ လူကြီးတွေက ကျွန်မ နှစ်ယောက်ကို သဘောတူလိုက်ကြတယ်။ စေ့စပ်ပွဲတော လုပ်ပြီးပြီ။ လာမယ့်အပတ် တနင်္ဂနွေနေ့ကျရင် မင်္ဂလာ ဆောင်တော့မယ်။ ဆရာ ဖြစ်အောင် လာခဲ့နော်"

"ဟုတ်ကဲ့ အစ်မရယ်၊ ကျွန်တော် ဖြစ်အောင် လာ ပါ့မယ်"

ဟု ပြန်ပြောလိုက်ပါသည်။

◈◈◈

မင်းမဟော်နှင့် ကျော်လင်းမောင်တို့အတွက် စီစဉ် လိုက်သော အစီအရင် ဖယောင်းတိုင်မှာ -

(၁) ဖယောင်းတိုင်ကို မစီရင်မီ ပထမဦးစွာ အဝတ်လဲရမည်။

(၂) ငါးပါးသီလခံယူရမည်။

(၃) နေရာထိုင်ခင်း စည်းချရမည်။

နေရာထိုင်ခင်း စည်းချ ဂါထာကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်။

***ဉ်၊ ဗုဒ္ဓံ ရက္ခတုမေ၊***
***ဓမ္မံ ရက္ခတုမေ၊***
***သံဃံ ရက္ခတုမေ***

ဟု ကိုးခေါက်ရွတ်ဆိုရမည်။

**"သိဒ္ဓိထင် ဂါထာ"**

***ဉ်၊ သိဒ္ဓိကိစ္စံ***
***သိဒ္ဓိကမ္မံ***
***သိဒ္ဓိလာဘံ***
***သိဒ္ဓိဟေယျံ***

ဟူ၍ ၉ခေါက်ဖြစ်စေ၊ ၃၇ခေါက်ဖြစ်စေ ရွတ် ဤဖယောင်းတိုင်အစီအရင်လေးကို ပညာရှင် အမျိုး ရာသီပန်းပွင့်သည့်အချိန်တွင် မစီရင်ပါနှင့်၊ မစွမ်းပါ ဖယောင်းတိုင်အား အခက်အခဲကြုံတွေ့သူများလည်း ကြုံတွေ့ရသမျှကို အိမ်ဘုရားမှာ အဓိဋ္ဌာန်ပြု၍ ကိုး ဆက်တိုက် ထွန်းမယ်ဆိုရင် ထိုအခက်အခဲကို လွယ် ကူကူ ကျော်လွှားနိုင်လိမ့်မည်။ ကိုယ့်အပေါ်မှာ မလို နေသူများ အမုန်းများ ပြေပျောက်၍ မိမိအပေါ်မှာ နှစ်သက်လာလိမ့်မည်။ အရောင်းအဝယ်ကိစ္စ အဆင် တို့လည်း အသုံးပြုမည်ဆိုပါက အရောင်းအဝယ်ကောင်း လိမ့်မည်။ အိမ်တွင်းရေး အဆင်မပြေသူများအတွက်



www.burmeseclassic.com


www.burmeseclassic.com

ဤဖယောင်းတိုင်ကို အသုံးပြုနိုင်သည်။

ထိုဖယောင်းတိုင်ကို မီးပူဇော်မည့်သူ၏ မွေးနေ့မှစ၍ ထွန်းရမည်။ (၁၀၈)လုံး ပုတီးနှင့် အောက်ပါ ဂါထာတစ်ပုဒ် ဆုံးလျှင် ပုတီးတစ်လုံးချရမည်။

ဤဂါထာအား တစ်လတိတိ နံနက်၊ နေ့လယ်၊ ညနေ အိပ်ချိန်တိုင်း ကိုးခေါက်တိတိ ရွတ်ဖတ်ပါက ဉာဏ်ပညာကြီးမားခြင်း၊ မှတ်ဉာဏ်စွမ်းရည် ထက်မြက်ခြင်းတို့ကြောင့် ကျောင်းသား ကျောင်းသူများ အထူးရွတ်ဖတ်ခြင်းဖြင့် အကျိုးများစေသည်။ မိမိ၏ နေအိမ်တွင် အမြဲမပြတ် မီးပူဇော်မည်ဆိုပါက သရဲ၊ တစ္ဆေ၊ မြေဖုတ်ဘီလူးတို့ အထူးကြောက်၏။ အတိုက်အခိုက်ဟူသမျှ ပြေပျောက်၏။ မနက်၊ ည အိမ်ဘုရားမှာ နေ့စဉ် မီးပူဇော်မည်ဆိုလျှင် အမှုအခင်းကင်း၏။ အလိုရှိတိုင်း ပြီးမြောက်၏။ ယုံယုံကြည်ကြည် ဆောင်ရွက်ကြပါလေ။

မိမိ၏ ချစ်သူက မိမိအပေါ် နွေးထွေးသော မေတ္တာဖြင့် သံယောဇဉ်နှောင်ကြိုးလေးတစ်မျှင် နှောင်ဖွဲ့ထားစေဖို့ ထို ဖယောင်းတိုင်ကို အသုံးပြုနိုင်ပါသည်။




သဗ္ဗသိဒ္ဓေဟ (တန်ပြန်ဂါထာ)

*ဝေဒါသာကု၊ ကုသာဒါဝေ*

*ဒါယသာတ၊ တသာယဒါ*

*သာသာမိကု၊ ကုမိသာသာ*

*ကုတကုဘု၊ ဘုကုတကု*

ဝေ - ရန်သူတို့သည်၊ ဒါ - ဝေးအရပ်သို့သာလျှင် မြန်စွာ၊ ကု - ပြေးစေကုန်သတည်း။

ကု - မကောင်းသောသူတို့သည်၊ သာ - မိမိအလိုကို၊ ဒါ - အကြံအစည်ပျက်သောအားဖြင့်၊ ဝေ - ပျောက်စေကုန်သတည်း။

ဒါ - ဒါန စေတနာကြောင့်၊ ယသာ - အခြံအရံ အကျော်အကြားတို့သည်၊ တ-ပွားစေကုန်သတည်း။

ဒသာ - ဆယ်ပါးသော ရန်သူတို့သည်၊ ယ - ကုသိုလ်ဆယ်ပါး တန်ခိုးတော်အားကြောင့်၊ ဒါ - ပျောက်စေကုန်သတည်း။

သာသာ - မက်မောခြင်းဖြစ်သော တူတို့နှင့်၊ မိ - ရှည်ကြာမြင့်စွာ၊ ကု - မပေါင်းဖော်ပါစေကုန်သတည်း။

ကုမိ - အမျက်ဒေါသကြီးသောသူတို့ကို၊ ဘာသာ- ဆုံးမ ဩဝါဒပေးခြင်းဖြင့်သာလျှင် အောင်စေသတည်း။

ကု - သူတော်ကောင်းတို့နှင့်၊ တ- မပြတ်၊ ဘု- ဖြစ်လေရာရာ သံသရာဝယ် ဘဝဆက်တိုင်း၊ ကု- ပေါင်းဖော်မှီဝဲရခြင်းကို ပြုရစေသတည်း။

ကု- စက်ဆုပ်ရွံရှာ မကောင်းစွာသောသူတို့နှင့်၊ ဘု- ဖြစ်လေရာအရပ်၌၊ တ- အခါခပ်သိမ်း၊ ကု- မတွေ့ရသည် ဖြစ်ပါစေသတည်း။

လောကီအကျိုးစီးပွားများအတွက် ဆောင်ရွက်စီရင် သုံးစွဲနိုင်သည်။ "ဝေဒါသာကု" ဂါထာတော်မြတ်အား နေ့စဉ် ပုတီးတစ်ပတ်စိပ်ပေးနိုင်လျှင် ကောင်းကျိုးပေး၏။ နံနက်အိပ်ရာ၊ နေ့လယ် မွန်းတည့်ချိန်နှင့် ညအိပ်ရာဝင်သော အချိန်တို့တွင် ကိုးခေါက်စီ ရွတ်ရမည်။ မသိသူ ကျော်လွှား၊ သိသူ ဖော်စား၊ လောကီစီးပွားအကျိုးတည်း ■

ရှင်လန်းချမ်းမြေ့ကြပါစေ

* * *

နိယာမ ဆရာအောင်ကျော်မင်း



www.burmeseclassic.com

www.burmeseclassic.com

# နှလုံးနှင့် သွေးပေါင်ချိန် မြင့်တက်မှုကို လျော့ကျစေသော စပျစ်သီး

ကျော်မင်းသော်

စပျစ်ပင်သည် နွယ်ပင်မျိုးဖြစ်သသေး၏။ ပင်စည်လုံး၍ အနည်းငယ် လေးထောင့် သဏ္ဌာန်ရှိ၏။ အဆုပ်လိုက် ပွင့်၏။ အခက်သည် သာမညဖြစ်၏။ အရွက်သည် ပြန့်၍ ငါးမြှောင့်ရှိပြီးလျှင် လက်ဝါးနှင့် သဏ္ဌာန်တူ၏။ စပျစ်သည် အမျိုးအစားများ၏။ ၎င်းတို့တွင် အမည်းနှစ်မျိုး၊ အစိမ်းရောင် သုံးမျိုးအားဖြင့် ငါးမျိုးသည် ထင်ရှားလေသည်။




အချုပ်အားဖြင့် ခွဲပါက အကြီးမျိုးနှင့် အငယ်မျိုးဟူ၍ နှစ်မျိုးသာ ရှိ၏။ အရောင်အဆင်းအနေနှင့် ခွဲပါက အရောင်အမျိုးမျိုးရှိ၏။ အသုံးပြုပုံအနေဖြင့် ဆေးကျမ်းတို့တွင် အရက်ချက်ခြင်း၊ မာတ်ဆာစားခြင်း၊ အခြောက်လုပ်ခြင်း၊ အဖျော်ယမကာပြု၍ သောက်ခြင်းတို့တွင် အသုံးပြုကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ အခြောက်လှန်း၍ သုံးရာ၌ အငယ်မျိုးကိုသာ သုံးကြသည်။ အရက်စိမ်ဆေးလုပ်ရာ၌ အကြီးမျိုးသည် ပို၍သင့်တော်ပြီး အကြီးမျိုးတွင်လည်း အချဉ်ဓာတ် လွန်ကဲသော အသီးသည် ပို၍သင့်တော်ကြောင်း သိရသည်။

အရသာနှင့် အကျိုးသွားအနေဖြင့် အသီးမှည့်သည် အရသာမှာ ဖန်၊ ချို၏။ သတ္တိမှာ အေးသည်။ ဂုဏ်နှင့် စွမ်းရည်အနေဖြင့် ကြေကျက်၏။ ဆီးဝမ်းကို ရှင်စေ၏။ အသံကို ကောင်းစေ၏။ လေ၊ သည်းခြေကို ပယ်ကာ သလိပ်ကို ပြုတတ်၏။ တစ်ကိုယ်လုံးအား လည်းကောင်း၊ အသည်း၊ အဆုတ်၊ ဆီးအိမ်တို့အား လည်းကောင်း ကျေးဇူးပြုလေသည်။ ထို့ပြင် အရေပြားရောဂါ၊ ဆီးအောင့်၊ အဆုတ်နာ၊ နာတာရှည်အဖျား၊ သွေးအန်၊ သွေးကျရောဂါများကို ပျောက်ကင်းစေတတ်ကြောင်း သိရသည်။

ကနေဒါ သုတေသနပညာရှင်များ၏ သုတေသနပြုချက်တစ်ရပ်တွင် စပျစ်သီးကို ပုံမှန် စားသုံးပေးခြင်းအားဖြင့် သွေးတိုးရောဂါဖြစ်ပွားမှု ကျဆင်းစေကြောင်း၊ ယခင်တွေ့ရှိချက်တွင် စပျစ်သီးကို စားသုံးခြင်းသည် နှလုံးရောဂါဖြစ်ပွားမှုကို လျော့နည်းစေကြောင်း၊ ယခုတစ်ဖန် သွေးပေါင်ချိန်မြင့်တက်မှုကိုလည်း လျော့ကျစေကြောင်း ထပ်မံတွေ့ရှိရသည်။ စပျစ်သီးကို သီတင်းတစ်ပတ်လျှင် သုံးကြိမ်မျှ စားသုံးပေးပါက သွေးကလာပ်စည်းများ ပျက်စီးမှုကို ကာကွယ်ပေးပြီး သွေးတိုးရောဂါဖြစ်ပွားမှုကို ကျဆင်းစေသည်ဟု ဆိုသည်။ စပျစ်သီးတွင် ပါဝင်သော ဓာတ်များက သွေးပေါင်ချိန်မြင့်တက်မှုကို ကျဆင်းစေခြင်း၊ နှလုံးလုပ်ငန်းဆောင်တာများအား ပိုမိုသွက်လက်အောင် ပံ့ပိုးအကူအညီပေးခြင်း၊ သွေးကြောနံရံရှိ ကြွက်သားများ သန်မာမှုကို အထောက်အကူပေးခြင်းတို့ကို သုတေသနပြုချက်တွင် ဖော်ပြထားသည်။

မြန်မာဆေးကျမ်းအရ စပျစ်ပင်ကို ရောဂါအလိုက် အသုံးပြုကြရာတွင် အရေပြားတွင် ဖြစ်တတ်သော ရောဂါများကို စပျစ်ပင်၏ အရိုးများကို ဖြတ်၍ ကျလာသော အရည်များကို အနာများတွင် လိမ်းကျံပေးပါက ပျောက်ကင်းစေသည်။

ကျောက်တည်ခြင်းရောဂါတွင် စပျစ်ပင်၏ အရိုးအား ပြာချပြီး ဖြဲသားတွင် ဆူးလေပင် ပန့်ငါးပါး၏ သတ္တုရည်ကို သင့်လျော်စွာ ရောစပ်၍ အနည်းငယ်မျှ သောက်ပေးပါက ပျောက်ကင်းစေပါသည်။ သို့မဟုတ်က စပျစ်ပင်၏ ပဥ္စငါးပါးကို ပြာချပြီး ပြာနှစ်ရွေးသားမျှ တိုက်ကျွေးပါကလည်း ပျောက်ကင်းစေပါသည်။

ရှီးရှီးရေငတ်ခြင်း၊ စပျစ်သီးဖျော်ရည်ကို သောက်ပေးပါက ရေငတ်ကို ပြေစေသော အစွမ်းသတ္တိရှိကြောင်း သိရသည်။

အာယုဗ္ဗေဒ ဆေးပညာ၏ Natropathy ခေါ်သော ကုထုံးတွင် ဖျော်ရည်သက်သက် ကုထုံးကို အသုံးပြုသူများ ထမင်းအပါအဝင် အခြားဘာမျှ မစားသုံးရဘဲ သတ်မှတ်ရက်အတွင်း ဆရာ ညွှန်ကြားချက်ဖြစ်သော ဖျော်ရည်တစ်မျိုးကိုသာ နေ့စဉ် သောက်သုံးကြရပြီး ဖျော်ရည်သောက်၍ ဥပုသ်စောင့်သော ကုထုံး၊ တစ်နည်းအားဖြင့် Juice fasting တွင် စပျစ်ဖျော်ရည်အား သွေးကြောအဆီပိတ်၊ ဝမ်းချုပ်၊ လိပ်ခေါင်းရောဂါတွင် ဖျော်ရည်ကို အနည်းဆုံး (၃)နာရီခြား တိုက်ကျွေးပြီး လုံလောက်သော နားချိန်ပေးလျက် များသောအားဖြင့် တစ်နေ့လျှင် ၅ကြိမ်မှ ၆ကြိမ်အထိ တိုက်ကျွေးပြီး မည်သည့် ဘေးထွက်ဆိုးကျိုး Side effects မရှိပါက ထိုကုထုံးကို ၁လမှ ၁လခွဲအထိ နေ့စဉ်တိုက်ပေးရာ ရောဂါသက်သာမှုကို တွေ့ရှိရကြောင်း လေ့လာ ဖတ်ရှုရလေသည်

အမေရိကန် သုတေသီတို့ကမူ ဝိုင်အရက် Red Wine နှင့် စပျစ်သီးတို့မှ ထုတ်လုပ်သော အရက်အပါအဝင် အဖျော်ယမကာများသည် ကင်ဆာရောဂါအချို့ မဖြစ်အောင် ကာကွယ်တားဆီးနိုင်စွမ်းရှိကြောင်း သိပ္ပံမဂ္ဂဇင်းတွင် ထုတ်ပြန်ကြေညာခဲ့သည်။ အီလီနွိုင်တက္ကသိုလ်မှ သုတေသီတို့က တွေ့ခဲ့ခြင်းဖြစ်လေသည်။ စပျစ်သီးများထဲ၌ ပါသော "ရက်စ်ဗရာထရောလ်" Resveratro ခေါ် ပစ္စည်းတစ်မျိုးက ကင်ဆာကို ထိန်းချုပ် ဟန့်တားထားသည်ဟု ဆိုသည်။ သုတေသီတို့သည် ကမ္ဘာပေါ်ရှိ အပင် ၁၀၀၀ ခန့်ကို ၅နှစ်တာကာလ လေ့လာခဲ့ရာ လူတို့စားသုံးသော အစားအစာအချို့အပါအဝင် အပင်ပေါင်း ၇၀ ရာခိုင်နှုန်းခန့်တွင် "ရက်စ်ဗရာထရောလ်" အများအပြားပါဝင်ကြောင်း လေ့လာရေးသား တင်ပြလိုက်ရပါသည်။

* * *

ကျော်မင်းသော်



www.burmeseclassic.com

www.burmeseclassic.com

# လာဘ်လာဘရွှင်လန်းစေမည့် ပဍ္ဍုပွတ်အဆောင်

ရဲလေး(ဟာသ်ာတ)

လူတိုင်းလူတိုင်းအတွက် မရှိမဖြစ် အလိုချင်ဆုံးအရာကို ပြပါဆိုလျှင် ငွေကြေးရလိုမှုလို့ ပြောကြမှာ သေချာလှပါတယ်။ ငွေသည် ဒုတိယဘုရားသခင်လို့ တင်စားထားခြင်းဟာလည်း ထင်ရှားစေတဲ့ ပြယုဂ်တစ်ခုပါပဲ။


ဒါကြောင့် ဗေဒင်ပညာရပ်ရဲ့ အလိုအရ စာရေးသူတို့ အာစရိယဝါဒအရ အသုံးပြု လမ်းညွှန်လေ့ရှိသည့် ပဍ္ဍုပွတ်အဆောင်ကို တင်ပြလိုပါတယ်။

တနင်္ဂနွေသားသမီးကို နမူနာပြပါမယ်။

တနင်္ဂနွေသားသမီးများအတွက် ရပ်ကို နာမ်ကူနည်းအရ တနင်္ဂနွေနံအစပြုပြီး ကြာသပတေးနံအဆုံးပြုထားသော ပညတ်အသားကို ရှာရပါမယ်။

ဒါဆိုရင် တနင်္ဂနွေနံအစ ကြာသပတေးနံအဆုံးပါသော ပညတ်အသားကတော့ အောင်မဲဖြူသားကို သုံးရပါမယ်။ ထုရမယ့် အရုပ်ကတော့ တနင်္ဂနွေရဲ့ ပဍ္ဍုပွတ်ဖြစ်တဲ့၊ ကြာသပတေးနံပညတ်ဖြစ်တဲ့ ကြွက်ရုပ်ကို ထုရပါမယ်။ ပြီးလျှင် လာဘ်လာဘအရာ၌ တေဇာ်ရသော ရှင်သီဝလိ ရဟန္တာမထေရ်မြတ်ကြီးကို သီတင်းသုံးဟန် ထုရပါမယ်။ ရှင်သီဝလိကိုတော့ မွေးနံ တနင်္ဂနွေဖြစ်တဲ့အတွက် "မွေးနေ့ဆောင်၊ အောင်" ဆိုတဲ့အတိုင်း အုန်းသားဖြင့် ထုရပါမယ်။ ပြီးလျှင် ရှင်သီဝလိရုပ်ထုတော်ကို သိဒ္ဓိတင်ပြီးတော့ ထားရပါမယ်။ ဘုရားကျောင်းဆောင်၌လည်း တင်ထားနိုင်ပါတယ်။ ဘုရားကျောင်းဆောင်၌ ထားလျှင် ညနေတိုင်း ဆီမီး၊ ရေချမ်း၊ အမွှေးနံ့သာလှူပြီး ရှင်သီဝလိဂါထာတော်ဖြင့် ရွတ်ဆို ပူဇော်ပြီး ဆုတောင်းရပါမယ်။

**တနင်္ဂနွေသားသမီးအတွက် နမူနာပုံစံ**




ရှင်သီဝလိမထေရ်မြတ်ကြီးရဲ့ လာဘ်လာဘပေါ်များခြင်း ဓာတ်ကောင်း ဓာတ်မြတ်များသည် သင်၏ထံသို့ ကူးစက်လာပြီး သင်လည်း တစ်နေ့ထက်တစ်နေ့ လာဘ်လာဘများ ရွှင်လန်းလာပါလိမ့်မည်။

အခြားနေ့သားများအတွက် ဇယားဖြင့် ဖော်ပြပေးထားပါတယ်။

| စဉ် | နေ့သား | ပဍ္ဍုပွတ်အရုပ် ထုရမည့်အသား | ပဍ္ဍုပွတ်နံ့သင့် ထုရမည့်အရုပ် | ရှင်သီဝလိရုပ်ထု ထုရမည့်အသား |
|---|---|---|---|---|
| ၁။ | တနင်္ဂနွေသား | အောင်မဲဖြူသား | ကြွက် | အုန်းသား |
| ၂။ | တနင်္လာသား | ကသစ်သား | ပွေး | ကံ့ကော်သား |
| ၃။ | အင်္ဂါသား | စွယ်တော်သား | နဂါး | ဆီးသား |
| ၄။ | ဗုဒ္ဓဟူးသား | ဖံအူသား | ဂဠုန် | ဝါးမင်း |
| ၅။ | ကြာသပတေးသား | မန်ကျည်းသား | ကျား | ပျဉ်းမသား |
| ၆။ | သောကြာသား | သစ်စိမ့်သား | ခြင်္သေ့ | သီးသား |
| ၇။ | စနေသား | ဒန့်သလွန်သား | ဆင် | ထန်းသား |

**နေ့စဉ်နေ့တိုင်း ရွတ်ဆိုရမည့်**
**ရှင်သီဝလိဂါထာတော်**

*သီဝလိစ မဟာလာဘံ၊ သဗ္ဗလာဘံ ဘဝိဿတိ။*
*ထေရဿ အာနုဘာဝေန၊ သဒါ ဟောန္တု ပိယာ မမ*

မဟာလာဘံ - ကြီးမားသော လာဘ်ရှိတော်မူသော သီဝလိစ - သီဝလိမထေရ်မြတ်သည်၊ သဗ္ဗလာဘံ - အလုံး သော လာဘ်မိုးရွာခြင်းကို၊ ဘဝိဿတိ - ဖြစ်စေကုန် ထေရဿ - ရှင်သီဝလိမထေရ်မြတ်၏၊ အာနုဘာဝေန - တန်ခိုးအာနုဘော်ကြောင့်၊ သဒါ - အခါခပ်သိမ်း၊ မမ - ကျွန်ုပ်အား၊ ပိယာ - ချစ်ခင်ကုန်သည်၊ ဟောန္တု - ဖြစ်ပါ ကုန်သတည်း ■

သာယာချမ်းမြေ့ကြပါစေ…


* * *

ရဲလေး(ဟာသ်



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

ဒါရိုက်တာ မောင်မောင်မြင့်လွင် ဦးစီးတဲ့ ရုပ်ရှင်အဖွဲ့သားများနှင့်အတူ စာရေးသူဟာ ပဲခူးမြို့သို့ ရထားကားကြီးဖြင့် ထွက်ခဲ့ကြပါတယ်။ ပဲခူးမြို့ရောက်တော့ ည ၈နာရီရှိပါပြီ။ မှောင်ကလည်း မှောင်လှပြီ။ မြန်မာလူမျိုးတို့ရဲ့ ဗီဇအတိုင်း ချိန်းတဲ့အချိန်ကို ဖင်္ဂတိကျကျ ရောက်မလာကြတော့ တစ်ယောက်စောင့် တစ်ယောက်စောင့်ဖြင့် ရန်ကုန်မြို့မှ အထွက်နောက်ကျသဖြင့် ပဲခူးသို့ ညမှောင်မှ ရောက်ရှိရခြင်းဖြစ်ပါတယ်။

ရိုက်မယ့် ဇာတ်ကားအမည်က "မှတ်ကျောက်တင်မယ့် နှလုံးသား"ဖြစ်ပါတယ်။ ဒီတုန်းက ကျွန်တော်က အနုပညာလိုက်စားသမားဘဝပါ။ အနုပညာလိုက်စားဆိုတာက ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေ ခေါ်တဲ့ အခေါ်အဝေါ်ပါ။ မင်းသမီး မင်းသားနောက်က ကပ်လိုက်ပြီး ရထားထမင်းလိုက်စားတဲ့ မင်းသား၊ မင်းသမီးတို့ရဲ့ အဖေ၊ အမေ၊ ညီမနဲ့ အခေါ် အစရှိတဲ့ လူပိုတွေကို ခေါ်တဲ့ အခေါ်အဝေါ်ပါ။

ကျွန်တော်တို့က ရန်ကုန်မှာ သားအမိ၊ သားအဖ သုံးယောက်တည်း နေတာဆိုတော့ သမီး ရုပ်ရှင်ရိုက်သွားတိုင်း ကျွန်တော့်ဇနီး(အမာစိန်)ပါ လိုက်ဖြစ်ပါတယ်။ အနုပညာလိုက်စား အပိုနှစ်ယောက်ပါတာပေါ့။

ရထားထမင်းစားတဲ့အခါ အားမနာရအောင် ဖြတ်လျှောက်အခန်းတွေ ကျွန်တော်ဝင်ပြီး သရုပ်ဆောင်ပေးရပါတယ်။ ဖြတ်လျှောက်တစ်ယောက်ကို နေ့စား ငါးထောင်နဲ့ တစ်သောင်းကြားမှာ ရှိပါတယ်။ ကျွန်တော်ဝင်ပြီး သရုပ်ဆောင်တဲ့အခါ အခကြေးငွေ မယူပါဘူး။ ယူလို့လည်း ဘယ်ကောင်းပါ့မလဲ။ ရထားထမင်း အလကား စားနေတဲ့ဟာကို။

ဒီဇာတ်ကားက ပဲခူးမှာ ခုနစ်ရက်ရိုက်မှာ။ ပဲခူးက ပြီးရင် သမီးနဲ့ ကျွန်တော်တို့က ပုပ္ပားကို တက်ရမှာ။ ပုပ္ပားမှာ သုံးလကြာမယ်။ ရိုက်မယ့် ဇာတ်ကားက သုံးကား။ ကျွန်တော်က ရှမဝ စမ်းစမ်းအေးနဲ့ တွဲရမှာ။ အဖေခန်း၊ အမေခန်းကပေါ့။ ကျွန်တော်က ဝတ္ထုသာ ရေးတတ်တာ။ ဇာတ်ညွှန်းမရေးတတ်ဘူး။ ဒီတော့ ဇာတ်ညွှန်းရေးဆရာ သျှင်မိုးထွေးဆီက ပညာယူနေတဲ့ အချိန်ပေါ့။ ထဲထဲဝင်ဝင်လုပ်ရင်းကိုင်ရင်းနဲ့ အတွေ့အကြုံများလာတော့ အခုဆိုရင် ဇာတ်ညွှန်းရေးတတ်လို့ သရဲကားတွေ ရေးပြီး ရိုက်ကူးနေပါပြီ။

ကျွန်တော်တို့ အခု တည်းခိုပြီး ရိုက်မယ့် နေရာက ပဲခူးမြို့ဦးကျောင်းမှာ ဖြစ်ပါတယ်။ အမျိုးသမီးအဖွဲ့ကိုတော့ ဆရာတော်တစ်ပါးနေတဲ့ နှစ်ထပ်ကျောင်းရဲ့ အောက်ထပ်မှာ ထားပြီး ကျွန်တော်တို့ ယောကျ်ားတွေက သိမ်မှာ တည်းပါတယ်။ အမျိုးသမီးတွေ တည်းတဲ့ ကျောင်းနဲ့ ကျွန်တော်တို့ နေတဲ့ သိမ်က ကပ်လျက်ရှိပါတယ်။

စ,ရောက်တဲ့ နေ့မှာတော့ မရိုက်ဖြစ်သေးဘူး။ ပစ္စည်းတွေ၊ လူတွေ နေရာချပြီး အိပ်ကြပါတယ်။ ကျွန်တော်ကတော့ သျှင်မိုးထွေးနဲ့ အတူ မနက်ရိုက်ရမယ့် ဇာတ်ညွှန်းတွေ ရေးနေလို့ မအိပ်ကြသေးဘူး။ ကျန်တဲ့ လူတွေကတော့ ခရီးပန်းလို့ အိပ်ကြပြီ။

ကျွန်တော်တို့နှစ်ယောက် ဇာတ်ညွှန်းကို စိတ်ပါလက်ပါ ရေးနေတာ ညတစ်နာရီရှိသွားပါပြီ။ ကျွန်တော်တို့ ရောက်နေတဲ့ ဘုန်းကြီးကျောင်းကြီးက လည်း ဖယောင်းတိုင် တစ်တိုင်ပြီး တစ်တိုင်လဲထွန်းပြီး ကျောင်းပတ် ကျင်ကတော့ မှောင်နဲ့ မည်းမည်း ပုရစ်သံ၊ ဖားလက်တက်အသံတွေ လွှဲပြီး ဘာဆိုဘာသံမှ မကြားရပါ တိတ်ဆိတ်နေတဲ့ ညဆိုတော့ ကျွ တော်တို့နှစ်ယောက် အလုပ်တွင်ကျ ပါတယ်။ အခုလို အလုပ်ထဲ စိတ် စားနေတုန်း ကျွန်တော်တို့ ကလေး က မေမေချော့သိပ်ခဲ့တဲ့ သီချင်းသံ စွံစွံငင်ငင်ဆိုနေတဲ့ အသံကြားရပါတယ် သီချင်းသံက အမျိုးသမီးတွေကို ထား တဲ့ ဘုန်းကြီးကျောင်းဆီက လာတာ

"လှကလေးရဲ့ အိပ်ချိန်တန် ဖျိုင်းရှေ့က ပျံ ××× လှကလေးရဲ့ ချင်ဘူး××× ဖျိုင်းရှေ့က မြူး××× တ ထူးတဲ့ အမေ့သားရယ်×××အချော လှတယ်××× ခိုဖြူ ခိုပြာ ငှက်က ××× ဖမ်းခက်လှတယ်လေး×××"

စသဖြင့် သီဆိုသံကို ကြားရ သည်။

"ကိုညိုစိမ့်"

"ဗျာ"

"ခပ်ဗျာသမီးကတော့ တော် ရည်မှန်းချက်ကြီးတာပဲ"

"ဘာကြောင့်များလဲ သျှင်မိုး ရဲ့"

"သူက ရုပ်ရှင်လိုင်းဘက် အဆိုတော်ဖြစ်ချင်တာလို့ ပြောတယ် အခုကြည့်လေ၊ ညဥ့်နက်သန်း တောင်မှ သီချင်းဆိုကျင့်နေတယ်"

"သူ အဆိုတော်ဖြစ်ချင်တာ မှန်ပါတယ်။ ဒါပေမယ့် အခုအသံ တော့ သမီးအသံမဟုတ်ဘူးဗျ"

"ဟင်…ဟုတ်ရဲ့လား။ ချာချာ နားထောင်ကြည့်ပါဦး"

"ကိုင်း…နားထောင် နားထဲ ကြားနေတာပဲ။ အိပ်ကြ





www.burmeseclassic.com

www.burmeseclassic.com

မနက် ၇နာရီ စ,ရိုက်မယ် ပြောတယ်"

"မြန်မာစာစာ နေထွက်ပါဗျာ။ ကိုင်း・・・အိပ်ကြတာပေါ့"

လို့ ပြောပြီး နှစ်ယောက်သား အလုပ်နားလိုက်ပါတယ်။ ဒါပေမယ့် ချက်ချင်းကြီးတော့ ဘယ်အိပ်ပျော်ပါ့မလဲ။ အိပ်ရာထဲမှာ ဟိုလူး ဒီလူးပါပဲ။

သားချော့တေးဆိုနေတဲ့ အသံက တော့ ကြားနေရတုန်းပါပဲ။ တစ်ညလုံး မအိပ်ဘဲများ ဆိုနေမလားလို့ တွေးရင်း တွေးရင်းနဲ့ မေးခန်းဖြစ်သွားရပါတော့တယ်။

◈◈◈

"အောင်းမလေးလေး・・・ကယ် ကြပါဦး"

"သျှင်မိုးထွေး・・・သျှင်မိုးထွေး၊ ထစမ်းပါဦး။ ကျွန်တော့်မိန်းမ အော်သံ ကြားတယ်။ ဘာဖြစ်တယ် မသိဘူး"

"အေးဗျ၊ ကျွန်တော်လည်း ကြား တယ်။ လာ・・・လာ၊ သွားကြည့်ကြရ အောင်"

ဂယ်တာတွေ၊ မှန်ထိုး မီးထိုးတွေ၊ ကင်မရာမင်းတွေ၊ လူကြမ်းတွေအားလုံး ကျွန်တော်နဲ့ လိုက်လာကြတယ်။

အမာစိန်တို့ နေတဲ့ ကျောင်း ရောက်တော့ ကျောင်းပေါ်က ဆရာ တော်တစ်ပါးဆင်းလာပြီး အမာစိန်တို့ အခန်းထဲ ဝင်သွားတာ တွေ့ရတယ်။ ကျွန်တော်တို့လည်း ဆရာတော်ရဲ့ နောက်က ဝင်ပြီး လိုက်သွားခဲ့တယ်။

"ဟဲ့・・・ဒကာမတွေ၊ ကြောက် နေကြပြီလား"

"မကြောက်ရင်ကော ဆရာတော် ရဲ့ တစ္ဆေမက တဖြည်းဖြည်းကြမ်းလာ ပြီ ဘုရား"

ကျွန်တော့်ဇနီး အမာစိန်က ကြောက်ကြောက်ရွံ့ရွံ့ တုန်တုန်ယင်ယင် နဲ့ လျှောက်တင်တယ်။



"မကြောက်ကြပါနဲ့ ဒကာမတို့ ရယ်။ ဒီတစ္ဆေမက ပျော်အောင် ဒကာမ တို့ကို စ,တာပါ။ သူ့ကို ကြောက်မှန်း သိရင်တော့ ပိုပြီးဖြခြောက်တတ်တယ်။ သူ့ကို ဂရုမစိုက်ရင်၊ သူ့ကို မကြောက် တော့ရင် ဘာမှဆက်ပြီး မလုပ်တော့ ဘူး။ လူကို သေလောက်အောင်လည်း မခြောက်ပါဘူး။ သူရှိနေတာကိုလည်း မသိချင်ယောင်ဆောင်နေကြ။ သူရှိ တယ်လို့ အသိအမှတ်မပြုကြနဲ့။ အိပ် ကြတော့"

လို့ ဆရာတော်က မိန့်ဆိုပါ တယ်။

"ဟဲ့・・・ အမာစိန်၊ နင်တို့ ဒီလောက်လန့်အောင် ဘယ်လိုများ ခြောက်ပြလို့လဲဟ"

လို့ ကျွန်တော်က မေးတော့ ကျွန်တော့်ဇနီးနဲ့ ဒေါ်စေဝေသင်းက အဖြစ်အပျက်များကို နှုတ်သံမနေဘဲ ပြန်ပြောပြလို့ ကျွန်တော်တို့အားလုံး ရယ်ကြရတယ်။

◈◈◈

ပဲခူးနဲ့ ရန်ကုန်က ဘယ်လောက် မှ မဝေးပေမယ့် မနေ့က သန်လျင်- စစ်စီးတောမှာ ကျွန်မသမီးက နေ့ရော ညပါ သရုပ်ဆောင်ခဲ့ရတော့ ကျွန်မတို့ တော်တော်ပင်ပန်းခဲ့တယ်။ မိုးလင်း တော့ ဒီပဲခူးကို ဆက်ပြီးထွက်လာရ တော့ ကျွန်မ တုံးခနဲ အိပ်ပျော်သွားခဲ့ တယ်။

ကျွန်မတို့ မိန်းမတွေက ဘုန်း ကြီးကျောင်း အောက်ထပ်မှာ နေရပြီး ယောက်ျားတွေကို သိမ်မှာ ထားတယ်။ ကျွန်မရဲ့ ဘယ်ဘက်မှာ မှတ်တမ်းရေး တဲ့ မသန်းသန်း၊ မဝေဝေသင်း၊ ကျွန်မ ရဲ့ ညာဘက်မှာက သမီး ပန်ဆုပြည့် ကျော်နဲ့ မိတ်ကပ်ဆရာမ မိုးမိုးတို့ အိပ် ကြပါတယ်။

ကျွန်မတို့အားလုံး ကိုယ့် အကြောင်းနဲ့ ကိုယ် ပင်ပန်းလာကြ တော့ နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်နေကြ ပါတယ်။ ထိုသို့ အိပ်ပျော်နေစဉ်မှာပဲ ကျွန်မရဲ့ ခေါင်းရင်းက ကလေးချော့တဲ့ တေးသီချင်းသံကို အိပ်မက်လိုလို၊ တကယ်လိုလို ကြားနေရတယ်။ ပထမ အဝေးကြီးက လာတဲ့ အသံ။ နောက် တော့ တဖြည်းဖြည်းနဲ့ ကျွန်မတို့အနား ကပ်လာတဲ့ အသံဆိုတော့ ကျွန်မတို့ အိပ်ရာက လန့်နိုးခဲ့ပါတယ်။

ဒီအသံကို ကြားရပေမယ့် ကြောက်တော့ မကြောက်မိဘူး။ ဘာ ကြောင့်လဲဆိုတော့ အသံက တော် တော်ချိုတဲ့အပြင်၊ ဒီသီချင်းက ကျွန်မ တို့ ငယ်ငယ်တုန်းက အမေကိုယ်တိုင် ကျွန်မတို့ကို ချော့သိပ်ခဲ့လို့ပါပဲ။ ကျွန်မ တို့ အိမ်ထောင်ကျတဲ့အခါမှာလည်း ကျွန်မရဲ့ ကလေးတွေကို ဒီသီချင်းနဲ့ပဲ ချော့သိပ်လာခဲ့လို့ စွဲစွဲလမ်းလမ်းဖြစ်နေ မိပါတယ်။

တဖြည်းဖြည်းနဲ့ ရှာန်ဝင်သွားလို့



www.burmeseclassic.com

www.burmeseclassic.com

လား မသိပါဘူး။ အဆိုတော်ရဲ့ အသံက ကျွန်မတို့နဲ့ နီးလာတဲ့အပြင်၊ အသံကလည်း ပိုကျယ်လာတယ်။ ဒီလိုနဲ့ ကျွန်မ အိပ်ရာက ကောင်းကောင်းနိုးလာတော့ တေးသံက ကျွန်မရဲ့ ဘယ်ဘက်က ကပ်လျက်ကြားရတယ်။ မျက်လုံးကို ဖွင့်ကြည့်လိုက်တော့လည်း တစ်ခန်းလုံးက မှောင်မည်းနေတယ်။ ဒါနဲ့ ကျွန်မဘေးမှာ ကပ်အိပ်နေတဲ့ ဒေါ်ဝေဝေသင်းများ ယောင်မနေသလား လို့ဆိုပြီး ကြည့်မိတော့ ဟောင်နေလို့ မပြောရပြန်ဘူး။ သီချင်းသံကတော့ ကြားနေရတုန်းပဲ။

ဒါနဲ့ ခေါင်းအုံးအောက်မှာ ထားအိပ်တဲ့ လက်နှိပ်ဓာတ်မီးကို ယူပြီး ဒေါ်ဝေဝေသင်းကို ထိုးကြည့်လိုက်တော့ မျက်လုံးပြူးကြီးနဲ့ ကျွန်မကို စိုက်ကြည့်နေတာကြောင့် "အောင်မလေး"လို့ လန့်အော်ပြီး ထ,ထိုင်မိတယ်။

တစ်ယောက်နဲ့ တစ်ယောက် မတိုင်ပင်မိကြဘဲ ကျွန်မတို့အားလုံး ထိုင်မိလျက်သားဖြစ်သွားကြတယ်လေ။ သမီးဖြစ်သူ ပန်ဆုပြည့်ကျော်က ဖယောင်းတိုင်ယူပြီး မီးထွန်းလိုက်တော့ အခန်းထဲမှာ မှုန်ဝါးဝါးလင်းလာတယ်။ ဒါကြောင့် ကြောက်စိတ်ကလေး နည်းနည်းပြေသွားခဲ့တယ်။

အဲဒီအချိန်မှာ အရိပ်လိုလို၊ လူလိုလို သဏ္ဌာန်တစ်ခုက ကလေးပုံ သဏ္ဌာန်အထုပ်တစ်ထုပ်ကို ပိုက်လျက် တေးချော့သီချင်းကို ဆိုပြီး ပိတ်ထားတဲ့ အခန်းတံခါးကို မဖွင့်ဘဲ ပိတ်လျက်သားနဲ့ အပြင်ကို ဖောက်ထွက်သွားတာ ကျွန်မတို့အားလုံး မြင်လိုက်ရတယ်။

"တို့တော့ တစ္ဆေအခြောက်ခံရပြီ"

လို့ ဒေါ်ဝေဝေသင်းက တုန်တုန်ယင်ယင်နဲ့ ပြောတယ်။

"ဟုတ်တယ်၊ တို့ ဘယ်လိုလုပ်ကြမလဲ"

လို့ မိတ်ကပ် မိုးမိုးက ပြောတယ်။

"ငါတို့ စောင်ခေါင်းမြီးခြုံပြီး အိပ်ကြရအောင်။ အဲဒါဆို သူ့အသံ မကြားရတော့ မကြောက်တော့ဘူးပေါ့"

လို့ မှတ်တမ်းတင်တဲ့ မသန်းသန်းက အကြံပေးတော့ ကျွန်မတို့အားလုံး တစ်ယောက်နဲ့ တစ်ယောက် တိုးကပ်ကြပြီး စောင်ခေါင်းမြီးခြုံလို့ ပြိုင်တူအိပ်လိုက်ကြတယ်။

သီချင်းသံကတော့ ပျောက်မသွားပါဘူး။ ကျွန်မတို့ အိပ်နေတဲ့ ကျောင်းဆောင်ကို ပတ်ပြီး တစ်ညလုံး ဆိုနေတယ်။ အိပ်ပျော်တော့မယ်လုပ်တော့ ကျွန်မတို့ ခေါင်းရင်းက အသံဗလံတွေ ထွက်ပေါ်လာပြန်ရော။

"ခွမ်း"

"ချလွမ်း"

"ဖြော···ဖြော···ဖြော"

"ဖုတ်···ဖုတ်···ဖုတ်"

ကျွန်မတို့ အိပ်နေတဲ့ ဦးခေါင်းအထက်မှာက ဘုရားစင်ရှိတယ်။ အဲဒီဘုရားစင်ပေါ်က ညောင်ရေပန်းအိုးတွေ ကွဲက်တိုးလို့ လဲကျတဲ့ အသံတွေ၊ ကျကွဲတဲ့ အသံတွေ၊ ရေတွေ ဖိတ်တဲ့ အသံတွေ၊ ပန်းတွေ တစ်ခုပြီးတစ်ခု ပြုတ်ကျတဲ့ အသံတွေမျိုး ကြားရတယ်။ အသံတွေက ဆူညံပြီး ပွက်လောရိုက်သွားတော့ မှောင်မှောင်မည်းမည်းထဲမှာ ကျွန်မတို့ ဇောချွေးပြန်ပြီပေါ့။

ကျွန်မစိတ်ထဲမှာ ညောင်ရေပန်းအိုးထဲက ရေတွေဟာ ဒေါ်ဝေဝေသင်းကို စိုရွှဲသွားအောင် ဖိတ်စဉ်နေပြီလို့ တွေးမိပြီး စောင်ခြုံထဲကနေ ကြောက်ကြောက်ရွံ့ရွံ့နဲ့ လက်တစ်ဖက်ထုတ်ပြီး ဒေါ်ဝေဝေသင်းကို စမ်းကြည့်မိတယ်

"အောင်မလေးလေး···ကယ်ကြပါဦး"

"အမေ ဘာဖြစ်တာလဲ၊ ဘာဖြ တာလဲ"

"သရဲမက ငါ့လက်ကို လာစွဲ တယ်"

ကျွန်မလက်ကို တခြားလက် တစ်ဖက်က လာဆွဲတော့ ကျွန်မလည်း ငယ်သံပါအောင် အော်မိတာပေါ့။

"ဒေါ်အမာစိန်··· သရဲလက် မဟုတ်ဘူး။ ကျွန်မလက်ပါ။ ကျွ လက်ကို ဒေါ်အမာစိန် လာကိုင်တာ"

လို့ ဒေါ်ဝေဝေသင်းက ပြော တယ်။

ကျွန်မက အော်လိုက်တော အားလုံးလန့်ပြီး အော်မိကြတယ်။ တ ကျောင်းလုံး ဆူညံပြီး ပွက်လောရိုက် သွားတော့တာပါပဲ။ အားလုံးလည်း ဒုတိယအကြိမ် ထပြီး ထိုင်မိကြ ရော။

ကျွန်မက ဒေါ်ဝေဝေသ တစ်ကိုယ်လုံးတော့ ရေတွေ စိုရွှဲနေ ပဲလို့ စိုးရိမ်ပြီး စမ်းကြရာမှာ တ ယောက်လက်ကို တစ်ယောက် ကိုင်မိပြီး တစ္ဆေမရဲ့ လက်လို့ ထင် ပြီး နဂိုကြောက်ရင်းစွဲစိတ်ကြော အော်မိကြတာလေ။

ဒါနဲ့ အဆင်သင့် ထားရှိ ဖယောင်းတိုင်ကို ယူပြီး မီးအမြ ထွန်းကြည့်မိပြန်ရော။

ကျွန်မတို့အားလုံး ဘုရားစင် ပထမဦးဆုံး မော့ကြည့်လိုက်တော ဘုရားစင်ပေါ်က ပန်းအိုးတွေက နေရာနဲ့ သူ ဘာမှမဖြစ်ဘဲ ရှိနေတ သောက်ရေထည့်ထားတဲ့ ဖန်ခွ က လှုပ်တောင် မလှုပ်ဘူး ပန်းအိုး က ပန်းတွေက ဝေဝေဆာဆာနဲ့



www.burmeseclassic.com

www.burmeseclassic.com

လို့။ တစ်ပွင့်မှ ကြွေမကျဘူး။ မီး အလင်းရောင်နဲ့ အထင်းသား မြင်နေရတယ်။

ကျွန်မတို့ ဒီလောက် ဆူညံနေမှတော့ တစ်ကျောင်းလုံး မနိုးဘဲ နေပါတော့မလားရှင်။

◈◈◈

ဆရာတော်ကလည်း သူတို့နဲ့ ဒီတစ္ဆေမအကြောင်း ကျွန်တော်တို့ကို ဆက်ပြီးပြောပြပါတယ်။

"ဆရာတော်တို့ ဒီကျောင်း ရောက်ခါစက ဆိုရင် ညတစ်ချက်တီး၊ နှစ်ချက်တီးအချိန်မှာ ပိတ်ထားတဲ့ ကျောင်းဆောင် တံခါးကို အပြင်ကနေ တဒေါက်ဒေါက်နဲ့ ခေါက်ပြီး ဘုန်းကြီးတို့ အရဏ်ဆွမ်းခံဖို့ ထကြတော့လို့ မထမချင်း နှိုးတော့တာပဲ။

ဦးပဉ္စင်းတို့လည်း တကယ်မှတ်ပြီး မျက်နှာသစ်ကြ၊ သင်္ကန်းရုံကြပေါ့။ သပိတ်ယူပြီး ထွက်ကြဖို့ နာရီကြည့်လိုက်တော့ နာရီက ညတစ်ချက်ပဲ ရှိနေသေးတယ်။ ဘယ်လိုဒကာမကာများ အိပ်မနေ လာနှိုးနေသလဲဆိုပြီး တံခါးဖွင့်ကြည့်တော့ အပြင်မှာ မှောင်မည်းလို့ ဘယ်သူ့မှ မတွေ့ရဘူး။

တစ်ရက်တည်း မဟုတ်ဘူး။ ညစဉ် ညတိုင်းပဲ။ သူမို့ မပျင်းမရိ ငါတို့ကို လာခြောက်နေတယ်။ နောက်တော့ မထတ်နိုင်တော့ဘူး ဆိုပြီး "ဟေ့… ဒကာမ၊ ပြောစရာရှိရင် အခုကတည်းက ပြော။ အိပ်ကောင်းတဲ့ အချိန်ကျမှ လာနှိုးမနေနဲ့။ ဦးပဉ္စင်းတို့အလုပ် ဦးပဉ္စင်းတို့ သိတယ်။ လာမနှိုးနဲ့။ နောက်တစ်ခါ လာနှိုးရင် နင့်ကို ဒီကျောင်းထဲမှာ နေခွင့်မပေးတော့ဘူး။ မနေနိုင်အောင် လုပ်ပစ်မယ်"လို့ အမိန့်ထုတ်လိုက်တဲ့အပြင်၊ တစ္ဆေမ တံခါးခေါက်နိုင်အောင် တံခါးကို ဖွင့်ထားလိုက်တော့မှပဲ အိပ်ကောင်းခြင်း အိပ်ရတော့တယ် ဒကာတို့ရေ"

လို့ ဆရာတော်က မိန့်ဆိုပါတယ်။

"ဒါနဲ့ ဒီတစ္ဆေမက ဘယ်သူလဲဘုရား"

"ငါတို့ရွာက ခြောက်လုံးပတ်ဆိုင်းကလေး၊ အညာမှာတော့ ဖြောညွှန့်လို့ ဆိုသကွယ့်။ ငမျောက်ငချောက်ဆိုင်းထဲက အဆိုတော်လေး ဝိုင်းစိန်ပါ။ သူက သီချင်းဆိုကောင်းတော့ အလှူလှည့်တာတို့၊ ကထိန်လှည့်တာတို့မှာ သူပါတဲ့ ဝိုင်းကလေးကို ငှားကြသကွယ့်။

တစ်နေ့တော့ နဲ့ဆရာနဲ့ မှောက်မှားမိကြပြီး ကိုယ်ဝန်ရှိလာတော့ နဲ့ဆရာကလည်း သူ့မှာ မိန်းမကြီး ရှိနေတော့ မယူနိုင်ဘူးလေ။ ဒီမှာတင် ငါတို့ကျောင်းထဲက မန်ကျည်းပင်မှာ ကြိုးဆွဲချပြီး သေသွားခဲ့တာကနေ ဒီနေ့အထိ မကျွတ်မလွတ်ဘဲ ဖြစ်နေတော့တာပါပဲ"

ဟု ဝိုင်းစိန်မ၏ ဇာတ်လမ်းကို ကြားရသည်မှာ စိတ်မချမ်းမသာ များစွာ ဖြစ်ရပါတယ်။

"ကျွန်မတို့တော့ ဒီထဲမှာ ဆက်ပြီး မအိပ်ရဲတော့ဘူး။ ရှင်တို့နဲ့ အတူလိုက်အိပ်မယ်"

"ဟုတ်တယ် ဖေဖေ။ သမီးလည်း မနေရဲဘူး။ ဖေဖေတို့နဲ့ လိုက်နေမယ်"

လို့ ပြောပြီး ကျွန်တော်တို့ နေတဲ့ သိမ်ဘက်ကို အားလုံးပြောင်းလာကြပြီး ယောက်ျားများက တစ်ကန့်၊ မိန်းမများက တစ်ကန့် အိပ်ကြရပါတော့တယ်။

ဝိုင်းစိန်ရဲ့ ကလေးချော့ တေးသံကတော့ ကျွန်တော်တို့ ဇာတ်ကားရိုက်လို့သာ ပြီးသွားတယ်၊ သူကတော့ သီချင်းဆိုနေဆဲပါပဲ။

*"ဖားပါရင် တစ်ကောင်ပေးပို့××× မျက်လုံးရယ် ကြောင်တောင်တောင်နဲ့ ××× ဖားကောင်က သေး ×××"*

◈◈◈

ကျွန်တော်လည်း ဒီဇာတ်လမ်းကို ခဲ့ထွင်ပြီး ရေး၍ ထွန်းတောက်ကြယ် ဗီဒီယိုထုတ်လုပ်ရေးမှ ဇာတ်ညွှန်းကို မြတ်ဘုန်းမိုရ်အား ရေးခိုင်းပြီး ဒါရိုက်တာ စိုးကျော်ကျော်နဲ့ မင်းသားက ဇေလုဝ၊ မင်းသမီးက ပန်ဆုပြည့်ကျော်၊ လက်ထောက်မင်းသားက ထိုက်တန်၊ ဟာသ သရုပ်ဆောင် ဦးစိန်ရှိန်၊ အောင်သော်၊ မျောက်ရှုံး၊ ဒေါ်စန်းစန်းနွဲ့တို့နဲ့ "ချစ်သူ့လိပ်ပြာ"ဆိုတဲ့ အမည်နဲ့ ဟာသ သရဲကား ရိုက်ပြီး DV5 ဗီဒီယို ဖြန့်ချိရေးကနေ မြန်မာတစ်နိုင်ငံလုံး ဖြန့်ချိခဲ့ပါတယ်။

ကျွန်တော်တို့ ကားရိုက်အဖွဲ့က ပဲခူးကို ကားရိုက်သွားတိုင်း အဲဒီကျောင်းမှာပဲ တည်းကြတယ်။ တည်းတိုင်းလည်း ဒီတစ္ဆေမက အမျိုးမျိုးခြောက်ကြောင်း ကြားရပြီး ရယ်ကြရပါတယ်။ အခုချိန်ထိလည်း မကျွတ်မလွတ်သေးပါဘူး ■

* * *

မကွေးညှို့စိမ့်



www.burmeseclassic.com

www.burmeseclassic.com




# ၂၀၁၄–ဇူလိုင်လ၊ ကောင်းကင်ဂြိုဟ်ရပ်တည်မှု

၂၀၁၄၊ ဇူလိုင်လ၏ ကောင်းကင်ထက်၌ မေထုန်ရာသီရောက် တနင်္ဂနွေဂြိုဟ် ဇူလိုင် ၁၇ရက်နေ့တွင် ကရကဋ်ရာသီသို့ ပြောင်းရွှေ့ ဝင်ရောက်မည်ဖြစ်ပြီး ကန်ရာသီရှိ အင်္ဂါဂြိုဟ် မေထုန်ရာသီသို့ ဇူလိုင် ၁၅ရက်နေ့၌ ပြောင်းရွှေ့ရပ်တည်ပါမည်။ ဖောက်ပြန်နေသည့် မေထုန်ရာသီမှ ဗုဒ္ဓဟူးဂြိုဟ် ဇူလိုင် ၁ရက်နေ့၌ ဂြိုဟ်ပတ်လမ်းကြောင်းထဲ၌ အတည့်ပြန်သွားပြီး ဇူလိုင် ၂၉ရက်နေ့၌ ကရကဋ်ရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါမည်။ ကြာသပတေးဂြိုဟ် ကရကဋ်ရာသီ၌ တည်ရှိနေပြီး ပြိဿရာသီမှ သောကြာဂြိုဟ် ဇူလိုင် ၁၄ရက်နေ့၌ မေထုန်ရာသီသို့ ပြောင်းရွှေ့ ရပ်တည်ပါလိမ့်မည်။ တူရာသီရှိ ဖောက်ပြန် နေသော စနေဂြိုဟ် ဇူလိုင် ၂၁ရက်နေ့၌ ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း၌ အတည့်ပြန်သွားပါလိမ့်မည်။ ရာဟုနှင့် ကိတ် ဂြိုဟ်များ တူနှင့် မိဿရာသီများအတွင်း တည်ရှိနေပြီး ယူရေးနပ်စ်ဂြိုဟ် မိန်ရာသီ၌ ဇူလိုင် ၂၇ရက်နေ့၌ ဂြိုဟ်ပတ်လမ်းကြောင်း၌ ဖောက်ပြန်ရပ်တည်နေပြီး နက်ပကျွန်းဂြိုဟ် ကုမ်ရာသီနှင့် ပလူတိုဂြိုဟ် ဓနုရာသီအတွင်း ဖောက်ပြန်တည်ရှိနေပါလိမ့်မည်။ ဇူလိုင်လ ၄ရက်နေ့၊ မြန်မာစံတော်ချိန် နံနက် ၇နာရီ ၄၁မိနစ်၌ နေနှင့် အဝေးဆုံး ဆုံမှတ်သို့ ကမ္ဘာရောက်ရှိပြီး နေနှင့် ကမ္ဘာ မိုင်သန်းပေါင်း ၉၅သန်းခန့် ဝေးကွာနေပါလိမ့်မည်။ ဇူလိုင်လ ၈ရက်နေ့၊ နံနက် ၈နာရီ ၅၄မိနစ်၌ လနှင့် စနေဂြိုဟ် များ နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် အနောက်လောင်ဂျီတွဒ် ၉၆ ဒီဂရီ ၅၉ မိနစ်နှင့် တောင်လတ္တီတွဒ် ၁၅ ဒီဂရီ ၀၃မိနစ် ရှိ တောင်ပစိဖိတ်သမုဒ္ဒရာအတွင်း၌ ဖြစ်ပေါ်ပါလိမ့်မည်။ ဇူလိုင်လ ၁၂ရက်နေ့နံနက် ၂နာရီ ၁၃မိနစ်၌ အင်္ဂါဂြိုဟ် ကမ္ဘာ အဝေးဘက် ဂြိုဟ်ပတ်လမ်းကြောင်းထဲ ရောက်ရှိပြီး ကမ္ဘာဖြင့် တစ်တန်းတည်း ကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်လာပါလိမ့်မည်။

အနောက်လောင်ဂျီတွဒ် ၂၄ ဒီဂရီ ၂၂မိနစ်နှင့် တောင်လတ္တီတွဒ် ၀၉ ဒီဂရီ ၃၅ မိနစ်၊ တောင်အတ္တလန္တိတ်သမုဒ္ဒရာ အတွင်း၌ ဖြစ်စဉ်ဖြစ်ပေါ်ပါလိမ့်မည်။ ဇူလိုင်လ ၁၈ရက်နေ့၊ ညနေ ၄နာရီ ၂မိနစ်၌ လနှင့် ယူရေးနပ်စ်ဂြိုဟ်များ နီးကပ်စွာ ပူးယှဉ်သည့်ဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အနောက်လောင်ဂျီတွဒ် ၆၃ ဒီဂရီ ၃၉ မိနစ်နှင့် မြောက်လတ္တီတွဒ် ၇ ဒီဂရီ ၁၃ မိနစ်တွင် ဗင်နီဇွဲလားနိုင်ငံအတွင်း၌ ဖြစ်စဉ်ဖြစ်ပေါ်ပြီး ဗင်နီဇွဲလားနိုင်ငံ၏ နိုင်ငံရေး မတည်ငြိမ်မှုနှင့် ခေါင်းဆောင် အပြောင်းအလဲဖြစ်စဉ်များ ပေါ်ပေါက်လာတတ်သည်။



www.burmeseclassic.com

www.burmeseclassic.com

ဇူလိုင် ၂၂ရက်နေ့ ည ၈နာရီ ၅၂မိနစ်၌ လနှင့် ရောဟဏီ နက္ခတ်ကြယ် နီးကပ်စွာ ပူးယှဉ်သောဖြစ်စဉ် ဖြစ်ပေါ်ပါမည်။ အနောက်လောင်ဂျီတွဒ် ၈၅ ဒီဂရီ ၂၇ မိနစ်နှင့် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၆မိနစ်၊ မက္ကဆီကိုနိုင်ငံအတွင်း၌ ဖြစ်ပေါ်ပါလိမ့်မည်။ ဖြစ်စဉ်ကြောင့် မက္ကဆီကိုနိုင်ငံ အစိုးရအဖွဲ့အစည်းများအပေါ် ပြည်သူလူထုမှ နုတ်ထွက်ရန် ဆန္ဒပြတောင်းဆိုမှုများ ဖြစ်ပေါ်လာမည်။ ဇူလိုင် ၂၆ရက်နေ့ နံနက် ၇နာရီ ၁၂မိနစ်၌ ကြာသပတေးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းကြောင်းအတွင်း ရောက်ရှိ၍ ကမ္ဘာဖြင့် တစ်တန်းတည်းကျရောက်သောဖြစ်စဉ် ဖြစ်ပေါ်ပါလိမ့်မည်။

ယင်းဖြစ်စဉ်အား ကြာသပတေးဂြိုဟ် အတ္တမိသော ဖြစ်စဉ်အဖြစ် သတ်မှတ်ခေါ်ဆိုပြီး ဖြစ်စဉ်အား ကမ္ဘာမှ မမြင်တွေ့နိုင်ပါ။ မတ်ပဲဈေးနှုန်းများ ကြီးမားစွာ ကျဆင်းတတ်သော အချိန်ကာလဖြစ်သည်။



အင်္ဂါဂြိုဟ် ကမ္ဘာ့ဘေးဘက် ဂြိုဟ်ပတ်လမ်းရောက်ရှိနေပုံ



ကြာသပတေးဂြိုဟ် နေ၏ အနောက်ဘက် ဂြိုဟ်ပတ်လမ်းထဲ ရောက်ရှိနေပုံ



www.burmeseclassic.com

www.burmeseclassic.com

## ၂၀၁၄၊ ဇူလိုင်လ၊ ၁၂ ရာသီ လက်ပိုင်ရှင်တို့၏ နက္ခတ်ကံကြမ္မာ

### ARIES



### မိဿလဂ်

စိတ်ပင်ပန်းဖိစီးမှုများပြားပြီး အတိုက်အခံယှဉ်တွဲ၍ အောင်မြင်မှုများ ဖန်တီး ပုံဖော်နိုင်မည်။ လူမှုရေး နယ်ပယ်၌ ဂုဏ်သိက္ခာကျဆင်းရသော အကြောင်းကိစ္စများ ပေါ်ပေါက်လာတတ်သည်။ မိမိ၏ဆုံးဖြတ် ယူဆချက်များ တည့်မတ် မှန်ကန်မှုကြောင့် လုပ်ငန်းတွင် အခွင့်အရေးကောင်းများရရှိလာမည်။ ဆွေမျိုး အသိုင်းအဝန်းကိစ္စများအတွက် ပေးဆပ်အနစ်နာခံရလိမ့်မည်။ ကျန်းမာရေးထိုးနှက်မှုများအတွက် အထူး သတိပြုရမည့်ကာလဖြစ်သည်။ ငွေကြေးအကျိုးပေးကံကောင်းမွန်၍ ထီပေါက်သကဲ့သို့ ငွေကြေးအများ အပြားရရှိတတ်သော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ လုပ်ငန်းရှင်များ မိမိ၏ စီးပွားရေးလုပ်ငန်းများ ငွေကြေးကိစ္စများအတွက် စိတ်သောကများရတတ်သည်။ ပညာသင်ကြားနေသူများ အောင်မြင်မှုရလ ကောင်းများ ဖန်တီးပုံဖော်ခွင့် ရရှိမည့်အချိန်ကာလ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်၏ မောင် သားချင်းအရေးကိစ္စများကြောင့် အတိုက်အခံကြုံမည်။ ချစ်သူများ အရင်ကထက် ပိုမိုနိုင်မြဲသော ချစ်ခြ မေတ္တာတရားများ နိုးထရှင်သန်ချိန်။

### TAURUS



### ပြိဿလဂ်

အပူများသည့် ရောဂါများ သတိပြုပါ။ စိတ်ပင်ပန်းမှုများအတွက် ကျန်းမာရေး ထိခိုက်တတ်သည်။ လူမှုရေးအရှုပ်အရှင်းပြဿနာများကြား ဗျာများနေရတတ်သည်။ အကြီးအကဲများဖြင့် နားလည်မှုလွဲချော် နေမည်။ ဦးရိယ၏ ကျေးဇူးကြောင့် အခက်အခဲအချို့ ဖြေရှင်း ဖြတ်ကျော်နိုင်မည်။ ဘာပဲလုပ်လု အခက်အခဲများ ပြည့်နှက်နေတတ်သည်။ ပြင်းထန်သော ဆုံးရှုံးမှုနှင့် ပျက်စီးမှုများကြား နောင်တ တရားများ ပေါက်ပွားရှင်သန်ချိန်။ မာနနှင့် အတ္တကို ချိုးနှိမ်၍ လိုက်လျောညီထွေပြုမှုသင့် လုပ်ငန်းရှင်များ အမှုပြဿနာရပ်များ တွေ့ကြုံရပြီး ဆုံးရှုံးမှုများ ရင်ဆိုင်ရတတ်သည်။ ပညာသင်ကြား နေသူများ စိတ်လေလွင့်မှုများပြား၍ ပညာရေးရည်မှန်းချက်များ လွဲချော်တတ်သည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်၏ ငြိုငြင် ပြစ်တင် ပဋိပက္ခပြုမှုများအတွက် သောကကြုံရတတ်သည်။ ချစ်သူများ တစ်ဦးနှင့် တစ်ဦး လွဲချော်သည့် မာနများအောက် နားလည်မှု တည်ဆောက်ရန် ဝေးကွာနေ

### GEMINI



### မေထုန်လဂ်

ကံဇာတာအထူးကောင်းမွန်သောကာလဖြစ်သည်။ လုပ်ငန်းသစ်များ ဆက်သွယ်ဆောင်ရွက်မှု၌ အောင် ထူးမည်။ ငွေကြေးအကျိုးအမြတ်များစွာ ဖြစ်ထွန်းမည့် အခွင့်အရေးကောင်းများ ပေါ်ပေါက်လာတတ် သည်။ မိမိကြိုးစားသလောက် အရာထင်မည်။ အဆင့်မြင့် လုပ်ငန်းကြီးများအား ဆက်သွယ်ဆောင်ရွက် ပေးရပြီး မိမိအတွက် ငွေကြေးအများအပြားရရှိမည်။ ထီကံစမ်းသင့်သောကာလဖြစ်ပြီး မထင်မှတ် ငွေကြေးအစုလိုက်အပုံလိုက်ရရှိမည်။ မိသားစု၌ စီးပွားဥစ္စာတိုးတက်ဖြစ်ထွန်းမှုကံ ကောင်းမွန်လာမည် အိမ်ခြံမြေယာဉ်ကိစ္စများအတွက် မိသားစု၌ ကံကောင်းကြီးပွား အကျိုးရှိမည်။ လုပ်ငန်းရှင်များ ထူးခြားသော အခွင့်အရေးသစ်များ စိတ်တိုင်းကျ ပုံဖော်ခွင့်ရရှိပြီး ဘဝကံ မြင့်မားမည်။ ပညာသင်ကြား နေသူများ ထူးခြားစွာ ကံကောင်းတတ်သည်။ အိမ်ထောင်ရှင်များ ပြည့်စုံ အေးချမ်းသော မိသားစု ရရှိချိန်။ လှပမှုဖြင့် ပြည့်စုံသည့် ချစ်သူရက်များ ဖန်တီးပုံဖော် တည်ဆောက်ခွင့် ရရှိလာမည်

### CANCER



### ကရကဋ်လဂ်

အကောင်းဆုံး တိုးတက်အောင်မြင်မှုများ ဆက်တိုက်ကြုံနိုင်သည်။ သို့သော် မိသားစုရေးအတွက် သောကများရမည်။ ဂုဏ်သိက္ခာထင်ရှားကျော်ကြားပြီး ရွှေရောင် အနာဂတ်နေ့ရက်များ ပေါ်ထွန်းလာမည် ငွေကြေးလုပ်ငန်းကိစ္စများ၌ မျှော်မှန်းသည့်ထက် ပိုမိုအကျိုးရှိချိန်။ အကြံဉာဏ်ကောင်းများဖြင့် ခရီး ရွက်လွှင့်နိုင်မည်။ ငွေကြေးအကျိုးပေးကံ ကောင်းမွန်၍ ထီပေါက်တတ်သောကာလ။ ယာဉ်ကိစ္စများ အကျိုးရှိချိန်။ လုပ်ငန်းတာဝန်များ၌ ပင်ပန်းမှုများပြားသော်လည်း ပင်ပန်းသလောက် အကျိုးခံစားခွင့် ရရှိလာမည်။ လုပ်ငန်းရှင်များ ကံဇာတာမြင့်မား၍ အခွင့်အရေးကောင်းများ ပေါ်ထွန်းလာမည်။ ပညာ သင်ကြားနေသူများ ကံဇာတာမြင့်မား ထွန်းတောက်သော အချိန်ကာလ။ အိမ်ထောင်ရှင်များ အိမ်ထောင်ဖက်ကို အကြောင်းပြု၍ လုပ်ငန်းတွင် အခွင့်အရေးသစ်များ ရရှိလာမည်။ ချစ်သူများ ယုံကြည်မှုခိုင်မာစွာ တည်ဆောက်နိုင်သော အချိန်ကာလ။

www.burmeseclassic.com

www.burmeseclassic.com

LEO



သိဟ်လဂ်

မိမိဆောင်ရွက်ကြိုးပမ်းမှုများ၌ စိတ်အနှောင့်အယှက်များပြားပြီး အဆင်မပြေဖြစ်ရမှုများ ယှဉ်တွဲနေမည်။ ငွေကြေးအများအပြားရရှိမည့်အခွင့်အရေးများ ကြုံရသော်လည်း လက်ထဲ ငွေမမြဲတတ်ပါ။ အတိုက်အခံများပြားပြီး ကံဇာတာမေးမိုန်၍ အညွှံ့ဘက်သို့ ဦးတည်နေချိန်။ ပြဿနာအတားအဆီး အနှောင့်အယှက်များကြောင့် ဆုံးရှုံးမှု ပြင်းထန်တတ်သည်။ ဆုံးဖြတ်ချက်များ လွဲချော်ပြီး စိတ်ဆိုး ဒေါသဖြစ်ရသော အကြောင်းကိစ္စရပ်များ သတိပြုပါ။ လုပ်ငန်းတွင် ပင်ပန်းပြီး အကျိုးမရှိဖြစ်ရတတ်သည်။ ကျန်းမာရေးအညံ့နှင့် ခွဲစိတ်ကုသမှုများ ရင်ဆိုင်ရတတ်သည်။ လုပ်ငန်းရှင်များ တရားမဝင် လုပ်ငန်းကိစ္စများ လုံးဝရှောင်ကြဉ်ပါ။ ပညာသင်ကြားနေသူများ ကျန်းမာရေးအညံ့ကိစ္စများကြောင့် ရည်မှန်းချက်များ လွဲချော်တတ်သည်။ အိမ်ထောင်ရှင်များ ကြီးမားသော အိမ်တွင်းရေးပြဿနာများ ဖြေရှင်းရမည်။ နားလည်မှုလွဲချော်နေသည့်ချစ်သူအတွက် ရှင်းပြခွင့်တစ်စုံတစ်ရာ အခွင့်အရေးမရှိနိုင်သော အချိန်။

VIRGO



ကန်လဂ်

ကံကောင်း ကြီးပွားမည့် အခွင့်အရေးကောင်းများ လက်ဝယ် ရောက်ရှိမည်။ ဘုန်းကံအရှိန်အဝါ တိုးတက်မြင့်မားသော ကာလ။ မိမိနှင့် မိသားစုအတွင်း စီးပွားဥစ္စာတိုးတက်ကြီးပွားမည်။ အိမ်ခြံမြေ ယာဉ်တို့နှင့်ပတ်သက်၍ ငွေကြေးပိုင်း အကျိုးရှိမည်။ အဆက်အသွယ်ကောင်းများ ရရှိ၍ အကျိုးရှိမည်။ လူမှုရေးနယ်ပယ်တွင် ဂုဏ်သိက္ခာထင်ရှား မြင့်မားချိန်။ စီးပွားရှာဖွေမှုအတွက် မိမိကံမြင့်မားသော ကာလ။ စိတ်ပင်ပန်းမှုများ ကြုံရသော်လည်း အတိုက်အခံဖြင့် ထူးခြားစွာ တိုးတက်အောင်မြင်မည်။ လုပ်ငန်းကိစ္စများအတွက် ခရီးဝေးနှင့် နိုင်ငံရပ်ခြားခရီးဝေးများ သွားလာရတတ်သည်။ လုပ်ငန်းရှင်များ အောက်လက်နှင့်ပတ်သက်၍ အတိုက်အခံ ပဋိပက္ခများ ကြုံရတတ်သည်။ ပညာသင်ကြားနေသူများ အတိုက်အခံများ ပြင်းထန်သည့်အချိန်ကာလ။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်နှင့် ပတ်သက်၍ ကံကောင်းမည့်အခွင့်အရေးများ ကြုံလာမည်။ ချစ်သူများ အသေးအဖွဲ အတိုက်အခံ ပြဿနာများ မကြာခဏ ရင်ဆိုင်ရတတ်သည်။

LIBRA



တူလဂ်

ကျန်းမာရေးဖြင့် ပြည့်စုံကောင်းမွန်၍ ဘဝအတွက် အားသစ်အင်သစ်များ ဖြစ်တည်ပေါက်ဖွားချိန်။ ကံကောင်းမှု ဆုလက်ဆောင်များ ဆီးကြိုနေလိမ့်မည်။ ငြိမ်းချမ်းသောနေ့သစ်များ၌ ငွေကြေး စီးပွား အကျိုးရှိ အဆင်ပြေချိန်။ ထီကံစမ်းသင့်သောကာလဖြစ်ပြီး ငွေကြေးကြွေးမြီအဟောင်းများ ပြန်လည်ရရှိတတ်မည်။ ဘာသာရေးနှင့် အလှူအတန်းကိစ္စရပ်များ ပေါ်ပေါက်လာမည်။ ဘုန်းကံသြဇာအရှိန်အဝါ မြင့်မားတိုးတက်သော အချိန်ကာလ။ လုပ်ငန်းတွင် ကြိုးစားသလောက် အကျိုးခံစားခွင့်များရရှိလာမည်။ မှန်ကန်သည့် ဆုံးဖြတ်ယူဆချက်များ ဖြစ်တည်လွှမ်းမိုးနေသည့်အတွက် မိမိဖြစ်လိုမှု လိုအင်ဆန္ဒအဝဝကို ရဲဝံ့စွာ ဖန်တီးပုံဖော်သင့်ချိန်။ လုပ်ငန်းရှင်များ ကံဇာတာအပြောင်းအလဲများကြား ထူးခြားစွာ စီးပွားဖြစ်ထွန်းချိန်။ ပညာသင်ကြားနေသူများ ပညာရေးအောင်မြင်မှုများ အနာဂတ်၌ ဆီးကြိုနေမည်။ အိမ်ထောင်ရှင်များ အဖက်ဖက်မှ ပြည့်စုံကြွယ်ဝလာမှုကြောင့် အေးချမ်းသော နေ့ရက်များ ဖြတ်ကျော်ရမည်။ ချစ်ရသူအပေါ် အလျှော့ပေး အနစ်နာခံ ပေးဆပ်မှုများ ပြည့်နှက်နေမည့်အချိန်ကာလ။

SCORPIO



ဗြိစ္ဆာလဂ်

ငွေကြေးရရှိမှုကံ ကောင်းသော်လည်း အဖတ်မတင်သော ကာလဖြစ်သည်။ စိတ်ပင်ပန်းဖိစီးမှုများပြားပြီး ဆုံးဖြတ်သုံးသပ်ချက်များအတွက် လွဲချော်မှုများ ယှဉ်တွဲနေတတ်သည်။ လုပ်ငန်းတွင် အောင်မြင်မှုများ ရရှိသော်လည်း ပြင်းထန်သော လုံ့လစိုက်ထုတ်မှုများဖြင့် ကြိုးစားဆောင်ရွက်ရမည်။ မိသားစုမောင်နှမသားချင်းအရေးကိစ္စများအတွက် ခေါင်းစားနေမည်။ အိမ်ခြံမြေကိစ္စများကြောင့် အကျိုးအမြတ်ရရှိမည်။ နိုင်ငံရပ်ခြားဒေသများနှင့် ပတ်သက်၍ လုပ်ငန်းသစ်များ လုပ်ကိုင်ဆောင်ရွက်ရမည်။ မိမိကံအကောင်း-အဆိုး ဒွန်တွဲနေပြီး ငွေကြေးအနှောင့်အယှက်ပြဿနာများ သတိပြုပါ။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းကိစ္စများတွင် လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်သက်၍ ငွေကြေးကိစ္စ သတိပြုပါ။ ပညာသင်ယူသူများ စိတ်အနှောင့်အယှက်များပေါ်ပေါက်၍ ပညာရေးအနှောင့်အယှက်ကြုံတတ်သည်။ အိမ်ထောင်ရှင်များ မိမိအိမ်ထောင်ဖက်ထံမှ မေတ္တာတရားများ ယခင်ထက် ပိုမိုရရှိမည်။ ချစ်သူများ စိတ်သဘောထား တိုက်ဆိုင်မှု ညီညွတ်နေမည်။



www.burmeseclassic.com

www.burmeseclassic.com

**SAGITTARIUS**



**ဓနုလက်**

အရေးကြီးသော မိသားစုအရေးကိစ္စများအတွက် တာဝန်ယူ ဖြေရှင်းပေးရပြီး စိတ်လေလွင့်မှု များပြားနေမည်။ ရည်မှန်းချက်များဖြင့် လက်တွေ့အခြေအနေ လွဲချော်နေတတ်ပြီး စီးပွားရေးပိုင်း အနှောင့်အယှက်ကြုံမည်။ လုပ်ငန်းကိစ္စများအတွက် အတိုက်အခံ ပဋိပက္ခပြဿနာစကားများ ပြောဆိုရပြီး အကျိုးအမြတ်နည်းပါးသောကာလဖြစ်သည်။ မိသားစုအတွင်း လုပ်ငန်းကိစ္စများအတွက် ငွေကြေးကြွေးမြီပြဿနာများ ပေါ်ပေါက်တတ်သည်။ အမှု-အခင်းများနှင့် ပတ်သက်သည့် ကျန်းမာရေး ပိုင်းအညံ့များ သတိပြုပါ။ လုပ်ငန်းရှင်များ မိမိလုပ်ငန်းပိုင်း မျှော်မှန်းသလောက် အဆင်မပြေနိုင် သော ကာလဖြစ်သည်။ ပညာသင်ယူသူများ လုံ့လစိုက်ထုတ်မှု နည်းပါးခြင်းကြောင့် အရာရာဆုံးရှုံး နစ်နာမည်။ အိမ်ထောင်ရှင်များ အိမ်ထောင်ရေးသာယာမှု နည်းပါးမည်။ ချစ်သူများ ကြားလူ နှောင့်ယှက်မှုကြောင့် အဆုံးသတ် ပြိုးဆုံးမှုဖြစ်စဉ်များ ရင်ဆိုင်ရတတ်သည်။

**CAPRICORN**



**မကာရလက်**

များများတွေးခေါ်ပြီး များများအလုပ်လုပ်လိုသည့်ဆန္ဒများ ကိန်းဝပ်နေတတ်သည်။ မိသားစုအတွင်း စီးပွားကံ တိုးတက်ပြောင်းလဲမှုများ ကြုံ၍ ဘဝအဆင့်အတန်းအခြေအနေ တိုးတက်မြင့်မားမည်။ ရွှေရတနာပစ္စည်းများနှင့် ပတ်သက်၍ အကျိုးရှိမည်။ လုပ်ဖော်ကိုင်ဖက်များနှင့် ပတ်သက်၍ စကားအတိုက်အခံများရတတ်သည်။ လုပ်ငန်းပိုင်းတွင် ပြဿနာအသေးအဖွဲ့များ တွဲဖက်၍ အဆုံးသတ်၌ အကျိုးရှိ အောင်မြင်မည်။ လုပ်ဖော်ကိုင်ဖက်တို့၏ အတိုက်အခံပြုမှုကြောင့် အထက်အကြီးအကဲများဖြင့် ပြဿနာကြုံမည်။ ပညာသင်ကြားနေသူများ ပညာရေးကံဇာတာ မြင့်မားတိုးတက်၍ အောင်မြင်မှုများ ရယူခွင့်ရှိမည်။ အိမ်ထောင် ရှင်များ မောင်နှမသားချင်းများနှင့် ပတ်သက်၍ မိသားစု ပဋိပက္ခကြုံတတ်သည်။ ချစ်သူများ ကံကောင်းသော အချစ်အားအင်များဖြင့် အနာဂတ်ကို ဖြတ်ကျော်နိုင်မည်။

**AQUARIUS**



**ကုမ်လက်**

ပြဿနာသောကအမြောက်အများ မိမိထံသို့ မရပ်မနား ဝင်ရောက်လာတတ်သည်။ ကြိုးစား ကြိုးပမ်းသမျှ မျှော်လင့်ချက်များ ကွယ်ပျောက်နေတတ်သည်။ ပြဿနာဖန်တီး ပုံဖော်လိုသော သံမဏိစိတ်ဓာတ်များအတွက် အမှားအယွင်းများ ကြုံလာတတ်သည်။ အခက်အခဲအသွယ်သွယ် ကြားမှ မိမိ၏ဘဝကံတိုးတက်မှုများအား စိတ်ရှည်စွာဖြင့် စောင့်ကြည့်သုံးသပ်ရမည့် ကာလဖြစ် သည်။ ကျန်းမာရေးအညံ့နှင့်၊ အမှုနှင့် ပတ်သက်သည့်ရောဂါများ အထူးဂရုစိုက်ပါ။ လုပ်ငန်းခွင်၌ ကြီးမားသော အမှုပြဿနာရပ်များအတွက် အထူးသတိပြုဆင်ခြင်ပါ။ မိမိ၏လုပ်ငန်းပိုင်း ထိခိုက် နစ်နာနိုင်သည့် ပြဿနာများ ပေါ်ပေါက်လာတတ်သည်။ လုပ်ငန်းရှင်များ ကံဇာတာ အထူးနိမ့်ပါး ချိန်ဖြစ်ပြီး ရှုံးရောက်ဂါတ်ရောက် ပြဿနာများ ရင်ဆိုင်ဖြေရှင်းရမည်။ ပညာသင်ကြားသူများ စိတ်သောကများပြီး အရာရာ၌ လွဲချော်နေမည်။ အိမ်ထောင်ရှင်နှင့် ချစ်သူများ ပဋိပက္ခပြဿနာ များကြား ဗျာများ ပင်ပန်းနေမည့် ကာလဖြစ်သည်။

**PISCES**



**မိန်လက်**

စိတ်ပန်းမှုများကြား စိတ်ဓာတ်ပြိုလဲမှုများအတွက် စိတ်ဓာတ်ကြံ့ခိုင်ရန် လိုအပ်သည်။ မိမိ ဆောင်ရွက်ကြိုးပမ်းမှုများတွင် ခင်မင်ရင်းနှီးသူများ၏ အတိုက်အခံပြုခြင်းခံရတတ်သည်။ ကျန်းမာ ရေးအညံ့နှင့် ထိခိုက်ဒဏ်ရာရရှိမှုများ၊ ခွဲစိတ်မှုများ ခံယူရတတ်သော ကာလဖြစ်သည်။ မိမိ ကြံစည်ဆုံးဖြတ် သုံးသပ်ချက်များ လွဲချော်မှားယွင်းနေတတ်ပြီး လုပ်ငန်းပိုင်း ဆုံးရှုံးပျက်စီးမှုများ ရင်ဆိုင်ရတတ်သည်။ လူမှုရေးထိုးနှက်မှုများအောက် မိမိဂုဏ်သတင်းပိုင်း ထိခိုက်ကျဆင်းတတ် သည်။ ဝန်ထမ်းတာဝန်ထမ်းရွက်သူများ လုပ်ငန်းကိစ္စများအတွက် အကျိုးခံစားခွင့် နည်းပါးသော ကာလဖြစ်သည်။ လုပ်ငန်းရှင်များ လူမှုရေးပြဿနာများကြောင့် လုပ်ငန်းပိုင်း ကြီးမားသည့် ဆုံးရှုံးမှုများ ကြုံနိုင်သည်။ ပညာသင်ကြားနေသူများ ပညာရေးတွင် စိတ်ပါဝင်စားမှု အားနည်းခြင်း ကြောင့် ရည်မှန်းချက်များ လွဲချော်နေမည်။ အိမ်ထောင်ရှင်များ အိမ်တွင်းရေးအခက်အခဲများ ကြောင့် သောကများရမည်။ ချစ်သူအတွက် ပင်ပန်းပေးဆပ်ရ ကြိုးစားမှုရလဒ်များအတွက် အကျိုးခံစားခွင့်များ ရရှိမည်။



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄၊ ဇူလိုင်လ၊ မွန်းတည့်နက္ခတ် ဝင်ထွက်ချိန်များ

ကမ္ဘာကြီးပေါ်၌ လက် ၁၂လက်ဖြင့် လူတန်းစား ၁၂ပိုင်းခွဲခြားပြီး မိမိတို့မွေးဖွားချိန် ကောင်းကင်မွန်းတည့်အရ အလင်းအား ထွန်းတောက်သော နက္ခတ် ၁၂လုံးဖြင့် မိမိတို့၏ အရေးကြီးကိစ္စများ စီရင်ဆောင်ရွက်လျှင် ထူးခြားစွာ အကျိုးဖြစ်လာလိမ့်မည်ဟု အကြွင်းမဲ့ ယုံကြည်ချက်ကြောင့် နက္ခတ်သိပ္ပံအဖွဲ့မှ လက်တွေ့သုတေသနပြုလုပ်ပြီး အကျိုးရှိရှိ အသုံးပြုနိုင်ရန် ရည်ရွယ်၍ ဖော်ပြအပ်ပါသည်။ နေသိဒ္ဓိနက္ခတ်တစ်လုံးတည်းအား လူသားအားလုံးမှ အသုံးပြု ဆောင်ရွက်နေခြင်းသည် အခြားသော နက္ခတ်များကို လျစ်လျူရှုထားသည်နှင့် တူနေပါသည်။ အဘိဇိနက္ခတ်အပါအဝင် နက္ခတ်အသီးသီးတို့သည် ကောင်းကျိုးများ ဖန်တီးပေးနိုင်ပြီး မိမိတို့မွေးဖွားချိန်အတိအကျဖြင့် စစ်ဆေးတွက်ချက်ပါက လူအသီးသီးအတွက် နက္ခတ် (၂၈)လုံးအား တန်ဖိုးရှိရှိ အသုံးချနိုင်ပါလိမ့်မည်။ ယခုဖော်ပြချက်တွင် မွေးဖွားချိန် ၂နာရီကို လက်တစ်လက်အဖြစ် သတ်မှတ်၍ လက် ၁၂လက်အတွက် နက္ခတ် ၁၂လုံးဖြင့် တွက်ကိန်းဆင်ထားပါသည်။ နက္ခတ် ၁၂လုံးသည် ဆက်တစ်ခုချင်းအလိုက် စွမ်းအားအမြင့်မားဆုံး မွန်းတည့်နက္ခတ်များသာဖြစ်ပြီး သိပ္ပံနည်းကျ (Modern Astrology) နက္ခတ်ပညာရပ်စနစ်တွင် ဖော်ပြထားသော နက္ခတ္တသိပ္ပံပညာရှင်များ၏ စံနှုန်းပြုထားသည့် အလင်းအားကို စံပြုထားပါသည်။ နက္ခတ်တစ်လုံးပိုင်ဆိုင်မှုကို ၁၃ ဒီဂရီ ၂၀မိနစ် သတ်မှတ်ထားသော်လည်း ခြွင်းချက်အနေဖြင့် အဆိုပါ နက္ခတ်၏ ရှေ့နောက် ၄ ဒီဂရီအတွင်း ကျရောက်မည့်အချိန်များကို မွန်းတည့် နက္ခတ်၏ ဝင်ချိန်၊ ထွက်ချိန်များအဖြစ် သတ်မှတ်ထားပါသည်။




မိမိတို့မွေးဖွားချိန်လက် အလွယ်တကူရှာဖွေနိုင်ရန်အတွက် လက်ရှာဖွေနည်းဇယားအား ထည့်သွင်းဖော်ပြပေးထားပြီး လအလိုက်အလိုက် ပျမ်းမျှ နေထွက်ချိန်များအပေါ် မူတည်၍ နှစ်နာရီလျှင် လက်တစ်လက်နှုန်းဖြင့် လက် ၁၂လက်အတွက် အလွယ်တကူ ကောက်ယူနိုင်ပါသည်။ ဥပမာ - ဧပြီ ၁၃ မှ မေ ၁၃ အတွင်း နံနက် ၅း၄၅ မှ ၇း၄၅နာရီအတွင်း မွေးဖွားသူတစ်ဦးသည် မိဿလက်ပိုင်ရှင်ဖြစ်ပြီး ယင်းနေ့နံနက် ၉း၄၅ မှ ၁၁း၄၅ နာရီအတွင်း မွေးဖွားပါက မေထုန်လက်ပိုင်ရှင်ဖြစ်သွားပါလိမ့်မည်။ လက်သတ်မှတ်ရာတွင် ၁၂ရာသီစက်ဝန်းအတွင်း မိဿမှ မိန်အထိ အစဉ်အတိုင်း သတ်မှတ်ထားပါသည်။

မိမိတို့၏ မွေးဖွားချိန်လက်များအား လက်ကောက်ယူမှု ဇယားတွင် ဦးစွာရှာဖွေ၍ မွန်းတည့် နက္ခတ်တို့၏ နေ့စဉ်မွန်းတည့်မတ်ချိန်များတွင် လောကီ၊ လောကုတ္တရာအရေးကိစ္စများ ကြံစည်ဆောင်ရွက် လုပ်ကိုင်ခြင်းဖြင့် အကျိုးထူးများရရှိလာပါလိမ့်မည်။ လစဉ် မွန်းတည့်နက္ခတ်များအပေါ် စန်း(တနင်္လာ) ဖြတ်သန်းသည့်နေ့များအား မျဉ်းသားပေးထားပြီး အဆိုပါ နေ့ရက်တို့သည် လတစ်လအတွင်း အနည်းဆုံး တစ်ရက်မှ အများဆုံး နှစ်ရက်ထိ ကြုံတွေ့နိုင်ပါသည်။ လက်အသီးသီးအတွက် မွန်းတည့်နက္ခတ်များ မွန်းတည့်ချိန်နှင့် စန်း(တနင်္လာ) မွန်းတည့်ချိန်များ ထပ်တူဖြစ်သည့်ရက်များသည် လတစ်လအတွက် အကောင်းဆုံး နေ့ရက်အချိန်အခါများဖြစ်ကြသည်။ အဆိုပါ နေ့ရက်အချိန်အခါများ၌ ထီကံစမ်းခြင်း၊ လုပ်ငန်းသစ်များ စတင်ခြင်း၊ အရေးကြီးကိစ္စ စီမံဆောင်ရွက်ခြင်း၊ အိမ်ခြံမြေယာဉ်ကား ဝယ်ယူရန် စာချုပ်များ ချုပ်ဆိုခြင်းတို့အား ဉာဏ်ရှိသလို အကျိုးရှိရှိ အသုံးပြုနိုင်ပါသည်။

*ဦးဇေယျာကို (B.Sc)(D.S.A)*

*နက္ခတ်သိပ္ပံအဖွဲ့*



www.burmeseclassic.com

www.burmeseclassic.com

| ဧပြီ၁၃ရက်မှ မေ၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၅မှ ၇:၄၅ | မိဿ |
| ၇:၄၅မှ ၉:၄၅ | ဗြိဿ |
| ၉:၄၅မှ ၁၁:၄၅ | မေထုန် |
| ၁၁:၄၅မှ ၁၃:၄၅ | ကရကကဋ် |
| ၁၃:၄၅မှ ၁၅:၄၅ | သိဟ် |
| ၁၅:၄၅မှ ၁၇:၄၅ | ကန် |
| ၁၇:၄၅မှ ၁၉:၄၅ | တူ |
| ၁၉:၄၅မှ ၂၁:၄၅ | ဗြိစ္ဆာ |
| ၂၁:၄၅မှ ၂၃:၄၅ | ဓနု |
| ၂၃:၄၅မှ ၁:၄၅ | မကာရ |
| ၁:၄၅မှ ၃:၄၅ | ကုမ် |
| ၃:၄၅မှ ၅:၄၅ | မိန် |

| မေ၁၄ရက်မှဇွန်၁၄ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၅မှ ၇:၂၅ | ဗြိဿ |
| ၇:၂၅မှ ၉:၂၅ | မေထုန် |
| ၉:၂၅မှ ၁၁:၂၅ | ကရကဋ် |
| ၁၁:၂၅မှ ၁၃:၂၅ | သိဟ် |
| ၁၃:၂၅မှ ၁၅:၂၅ | ကန် |
| ၁၅:၂၅မှ ၁၇:၂၅ | တူ |
| ၁၇:၂၅မှ ၁၉:၂၅ | ဗြိစ္ဆာ |
| ၁၉:၂၅မှ ၂၁:၂၅ | ဓနု |
| ၂၁:၂၅မှ ၂၃:၂၅ | မကာရ |
| ၂၃:၂၅မှ ၁:၂၅ | ကုမ် |
| ၁:၂၅မှ ၃:၂၅ | မိန် |
| ၃:၂၅မှ ၅:၂၅ | မိဿ |

| ဇွန်၁၅ရက်မှဇူလိုင်၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၂၀မှ ၇:၂၀ | မေထုန် |
| ၇:၂၀မှ ၉:၂၀ | ကရကဋ် |
| ၉:၂၀မှ ၁၁:၂၀ | သိဟ် |
| ၁၁:၂၀မှ ၁၃:၂၀ | ကန် |
| ၁၃:၂၀မှ ၁၅:၂၀ | တူ |
| ၁၅:၂၀မှ ၁၇:၂၀ | ဗြိစ္ဆာ |
| ၁၇:၂၀မှ ၁၉:၂၀ | ဓနု |
| ၁၉:၂၀မှ ၂၁:၂၀ | မကာရ |
| ၂၁:၂၀မှ ၂၃:၂၀ | ကုမ် |
| ၂၃:၂၀မှ ၁:၂၀ | မိန် |
| ၁:၂၀မှ ၃:၂၀ | မိဿ |
| ၃:၂၀မှ ၅:၂၀ | ဗြိဿ |

| ဇူလိုင်၁၆ရက်မှဩဂုတ်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၃၀မှ ၇:၃၀ | ကရကဋ် |
| ၇:၃၀မှ ၉:၃၀ | သိဟ် |
| ၉:၃၀မှ ၁၁:၃၀ | ကန် |
| ၁၁:၃၀မှ ၁၃:၃၀ | တူ |
| ၁၃:၃၀မှ ၁၅:၃၀ | ဗြိစ္ဆာ |
| ၁၅:၃၀မှ ၁၇:၃၀ | ဓနု |
| ၁၇:၃၀မှ ၁၉:၃၀ | မကာရ |
| ၁၉:၃၀မှ ၂၁:၃၀ | ကုမ် |
| ၂၁:၃၀မှ ၂၃:၃၀ | မိန် |
| ၂၃:၃၀မှ ၁:၃၀ | မိဿ |
| ၁:၃၀မှ ၃:၃၀ | ဗြိဿ |
| ၃:၃၀မှ ၅:၃၀ | မေထုန် |

| ဩဂုတ်၁၇ရက်မှစက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၄၀မှ ၇:၄၀ | သိဟ် |
| ၇:၄၀မှ ၉:၄၀ | ကန် |
| ၉:၄၀မှ ၁၁:၄၀ | တူ |
| ၁၁:၄၀မှ ၁၃:၄၀ | ဗြိစ္ဆာ |
| ၁၃:၄၀မှ ၁၅:၄၀ | ဓနု |
| ၁၅:၄၀မှ ၁၇:၄၀ | မကာရ |
| ၁၇:၄၀မှ ၁၉:၄၀ | ကုမ် |
| ၁၉:၄၀မှ ၂၁:၄၀ | မိန် |
| ၂၁:၄၀မှ ၂၃:၄၀ | မိဿ |
| ၂၃:၄၀မှ ၁:၄၀ | ဗြိဿ |
| ၁:၄၀မှ ၃:၄၀ | မေထုန် |
| ၃:၄၀မှ ၅:၄၀ | ကရကဋ် |

| စက်၁၇ရက်မှအောက်၁၆ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၀မှ ၇:၅၀ | ကန် |
| ၇:၅၀မှ ၉:၅၀ | တူ |
| ၉:၅၀မှ ၁၁:၅၀ | ဗြိစ္ဆာ |
| ၁၁:၅၀မှ ၁၃:၅၀ | ဓနု |
| ၁၃:၅၀မှ ၁၅:၅၀ | မကာရ |
| ၁၅:၅၀မှ ၁၇:၅၀ | ကုမ် |
| ၁၇:၅၀မှ ၁၉:၅၀ | မိန် |
| ၁၉:၅၀မှ ၂၁:၅၀ | မိဿ |
| ၂၁:၅၀မှ ၂၃:၅၀ | ဗြိဿ |
| ၂၃:၅၀မှ ၁:၅၀ | မေထုန် |
| ၁:၅၀မှ ၃:၅၀ | ကရကဋ် |
| ၃:၅၀မှ ၅:၅၀ | သိဟ် |

| အောက်၁၇မှနို၁၅အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၅:၅၅မှ ၇:၅၅ | တူ |
| ၇:၅၅မှ ၉:၅၅ | ဗြိစ္ဆာ |
| ၉:၅၅မှ ၁၁:၅၅ | ဓနု |
| ၁၁:၅၅မှ ၁၃:၅၅ | မကာရ |
| ၁၃:၅၅မှ ၁၅:၅၅ | ကုမ် |
| ၁၅:၅၅မှ ၁၇:၅၅ | မိန် |
| ၁၇:၅၅မှ ၁၉:၅၅ | မိဿ |
| ၁၉:၅၅မှ ၂၁:၅၅ | ဗြိဿ |
| ၂၁:၅၅မှ ၂၃:၅၅ | မေထုန် |
| ၂၃:၅၅မှ ၁:၅၅ | ကရကဋ် |
| ၁:၅၅မှ ၃:၅၅ | သိဟ် |
| ၃:၅၅မှ ၅:၅၅ | ကန် |

| နို၁၆ရက်မှဒီ၁၅ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | ဗြိစ္ဆာ |
| ၈:၁၀မှ ၁၀:၁၀ | ဓနု |
| ၁၀:၁၀မှ ၁၂:၁၀ | မကာရ |
| ၁၂:၁၀မှ ၁၄:၁၀ | ကုမ် |
| ၁၄:၁၀မှ ၁၆:၁၀ | မိန် |
| ၁၆:၁၀မှ ၁၈:၁၀ | မိဿ |
| ၁၈:၁၀မှ ၂၀:၁၀ | ဗြိဿ |
| ၂၀:၁၀မှ ၂၂:၁၀ | မေထုန် |
| ၂၂:၁၀မှ ၂၄:၁၀ | ကရကဋ် |
| ၂၄:၁၀မှ ၂:၁၀ | သိဟ် |
| ၂:၁၀မှ ၄:၁၀ | ကန် |
| ၄:၁၀မှ ၆:၁၀ | တူ |

| ဒီ၁၆မှဇန်၁၃အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ဓနု |
| ၈:၃၀မှ ၁၀:၃ | မကာရ |
| ၁၀:၃၀မှ ၁၂:၃၀ | ကုမ် |
| ၁၂:၃၀မှ ၁၄:၃၀ | မိန် |
| ၁၄:၃၀မှ ၁၆:၃၀ | မိဿ |
| ၁၆:၃၀မှ ၁၈:၃၀ | ဗြိဿ |
| ၁၈:၃၀မှ ၂၀:၃၀ | မေထုန် |
| ၂၀:၃၀မှ ၂၂:၃၀ | ကရကဋ် |
| ၂၂:၃၀မှ ၂၄:၃၀ | သိဟ် |
| ၂၄:၃၀မှ ၂:၃၀ | ကန် |
| ၂:၃၀မှ ၄:၃၀ | တူ |
| ၄:၃၀မှ ၆:၃၀ | ဗြိစ္ဆာ |

| ဇန်၁၄ရက်မှ ဖေ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၄၀မှ ၈:၄၀ | မကာရ |
| ၈:၄၀မှ ၁၀:၄၀ | ကုမ် |
| ၁၀:၄၀မှ ၁၂:၄၀ | မိန် |
| ၁၂:၄၀မှ ၁၄:၄၀ | မိဿ |
| ၁၄:၄၀မှ ၁၆:၄၀ | ဗြိဿ |
| ၁၆:၄၀မှ ၁၈:၄၀ | မေထုန် |
| ၁၈:၄၀မှ ၂၀:၄၀ | ကရကဋ် |
| ၂၀:၄၀မှ ၂၂:၄၀ | သိဟ် |
| ၂၂:၄၀မှ ၂၄:၄၀ | ကန် |
| ၂၄:၄၀မှ ၂:၄၀ | တူ |
| ၂:၄၀မှ ၄:၄၀ | ဗြိစ္ဆာ |
| ၄:၄၀မှ ၆:၄၀ | ဓနု |

| ဖေ၁၃မှ မတ်၁၃ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၃၀မှ ၈:၃၀ | ကုမ် |
| ၈:၃၀မှ ၁၀:၃၀ | မိန် |
| ၁၀:၃၀မှ ၁၂:၃၀ | မိဿ |
| ၁၂:၃၀မှ ၁၄:၃၀ | ဗြိဿ |
| ၁၄:၃၀မှ ၁၆:၃၀ | မေထုန် |
| ၁၆:၃၀မှ ၁၈:၃၀ | ကရကဋ် |
| ၁၈:၃၀မှ ၂၀:၃၀ | သိဟ် |
| ၂၀:၃၀မှ ၂၂:၃၀ | ကန် |
| ၂၂:၃၀မှ ၂၄:၃၀ | တူ |
| ၂၄:၃၀မှ ၂:၃၀ | ဗြိစ္ဆာ |
| ၂:၃၀မှ ၄:၃၀ | ဓနု |
| ၄:၃၀မှ ၆:၃၀ | မကာရ |

| မတ်၁၄ရက်မှဧပြီ၁၂ရက်အတွင်း | |
|---|---|
| မွေးချိန် | လဂ် |
| ၆:၁၀မှ ၈:၁၀ | မိန် |
| ၈:၁၀မှ ၁၀:၁၀ | မိဿ |
| ၁၀:၁၀မှာ ၁၂:၀ | ဗြိဿ |
| ၁၂:၁၀မှ ၁၄:၁၀ | မေထုန် |
| ၁၄:၁၀မှ ၁၆:၁၀ | ကရကဋ် |
| ၁၆:၁၀မှ၁၈:၁၀ | သိဟ် |
| ၁၈:၁၀မှ ၁၀:၁၀ | ကန် |
| ၂၀:၁၀မှ ၂၂:၁၀ | တူ |
| ၂၂:၁၀မှ ၂၄:၁၀ | ဗြိစ္ဆာ |
| ၂၄:၁၀မှ ၂:၁၀ | ဓနု |
| ၂:၁၀မှ ၄:၁၀ | မကာရ |
| ၄:၁၀မှ ၆:၁၀ | ကုမ် |



www.burmeseclassic.com

www.burmeseclassic.com

| | မိဿလဂ် | | ပြိဿလဂ် | | မေထုန်လဂ် | | ကရကဋ်လဂ် | | သိဟ်လဂ် | | ကန်လဂ် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၀၂း ၂၉ | ၀၃း ၀၀ | ၀၄း ၀၇ | ၀၄း ၃၇ | ၀၆း ၂၈ | ၀၆း ၅၈ | ၀၈း ၁၆ | ၀၈း ၄၈ | ၀၉း ၀၄ | ၀၉း ၃၇ | ၁၂း ၅၂ | ၁၃း ၂၆ |
| ၂ | ၀၂း ၂၆ | ၀၂း ၅၇ | ၀၄း ၀၃ | ၀၄း ၃၃ | ၀၆း ၂၄ | ၀၆း ၅၄ | ၀၈း ၁၂ | ၀၈း ၄၄ | ၀၉း ၀၀ | ၀၉း ၃၃ | ၁၂း ၄၈ | ၁၃း ၂၂ |
| ၃ | ၀၂း ၂၂ | ၀၂း ၅၃ | ၀၃း ၅၉ | ၀၄း ၂၉ | ၀၆း ၂၀ | ၀၆း ၅၀ | ၀၈း ၀၈ | ၀၈း ၄၀ | ၀၈း ၅၆ | ၀၉း ၂၉ | ၁၂း ၄၄ | ၁၃း ၁၈ |
| ၄ | ၀၂း ၁၈ | ၀၂း ၄၉ | ၀၃း ၅၅ | ၀၄း ၂၅ | ၀၆း ၁၆ | ၀၆း ၄၆ | ၀၈း ၀၄ | ၀၈း ၃၇ | ၀၈း ၅၂ | ၀၉း ၂၅ | ၁၂း ၄၀ | ၁၃း ၁၄ |
| ၅ | ၀၂း ၁၄ | ၀၂း ၄၅ | ၀၃း ၅၁ | ၀၄း ၂၁ | ၀၆း ၁၂ | ၀၆း ၄၂ | ၀၈း ၀၀ | ၀၈း ၃၃ | ၀၈း ၄၈ | ၀၉း ၂၁ | ၁၂း ၃၆ | ၁၃း ၁၀ |
| ၆ | ၀၂း ၁၀ | ၀၂း ၄၁ | ၀၃း ၄၇ | ၀၄း ၁၇ | ၀၆း ၀၈ | ၀၆း ၃၈ | ၀၇း ၅၇ | ၀၈း ၂၉ | ၀၈း ၄၄ | ၀၉း ၁၇ | ၁၂း ၃၂ | ၁၃း ၀၆ |
| ၇ | ၀၂း ၀၆ | ၀၂း ၃၈ | ၀၃း ၄၃ | ၀၄း ၁၃ | ၀၆း ၀၄ | ၀၆း ၃၄ | ၀၇း ၅၃ | ၀၈း ၂၅ | ၀၈း ၄၀ | ၀၉း ၁၃ | ၁၂း ၂၈ | ၁၃း ၀၂ |
| ၈ | ၀၂း ၀၂ | ၀၂း ၃၄ | ၀၃း ၃၉ | ၀၄း ၀၉ | ၀၆း ၀၀ | ၀၆း ၃၀ | ၀၇း ၄၉ | ၀၈း ၂၁ | ၀၈း ၃၆ | ၀၉း ၁၀ | ၁၂း ၂၄ | ၁၂း ၅၈ |
| ၉ | ၀၁း ၅၈ | ၀၂း ၃၀ | ၀၃း ၃၆ | ၀၄း ၀၅ | ၀၅း ၅၇ | ၀၆း ၂၆ | ၀၇း ၄၅ | ၀၈း ၁၇ | ၀၈း ၃၂ | ၀၉း ၀၆ | ၁၂း ၂၀ | ၁၂း ၅၄ |
| ၁၀ | ၀၁း ၅၄ | ၀၂း ၂၆ | ၀၃း ၃၂ | ၀၄း ၀၁ | ၀၅း ၅၃ | ၀၆း ၂၃ | ၀၇း ၄၁ | ၀၈း ၁၃ | ၀၈း ၂၈ | ၀၉း ၀၂ | ၁၂း ၁၆ | ၁၂း ၅၀ |
| ၁၁ | ၀၁း ၅၀ | ၀၂း ၂၂ | ၀၃း ၂၈ | ၀၃း ၅၇ | ၀၅း ၄၉ | ၀၆း ၁၉ | ၀၇း ၃၇ | ၀၈း ၀၉ | ၀၈း ၂၅ | ၀၈း ၅၈ | ၁၂း ၁၂ | ၁၂း ၄၆ |
| ၁၂ | ၀၁း ၄၆ | ၀၂း ၁၈ | ၀၃း ၂၄ | ၀၃း ၅၄ | ၀၅း ၄၅ | ၀၆း ၁၅ | ၀၇း ၃၃ | ၀၈း ၀၅ | ၀၈း ၂၀ | ၀၈း ၅၄ | ၁၂း ၀၈ | ၁၂း ၄၂ |
| ၁၃ | ၀၁း ၄၂ | ၀၂း ၁၄ | ၀၃း ၂၀ | ၀၃း ၅၀ | ၀၅း ၄၁ | ၀၆း ၁၁ | ၀၇း ၂၉ | ၀၈း ၀၁ | ၀၈း ၁၇ | ၀၈း ၅၀ | ၁၂း ၀၅ | ၁၂း ၃၈ |
| ၁၄ | ၀၁း ၃၈ | ၀၂း ၁၀ | ၀၃း ၁၆ | ၀၃း ၄၆ | ၀၅း ၃၇ | ၀၆း ၀၇ | ၀၇း ၂၅ | ၀၇း ၅၇ | ၀၈း ၁၃ | ၀၈း ၄၆ | ၁၂း ၀၀ | ၁၂း ၃၄ |
| ၁၅ | ၀၁း ၃၄ | ၀၂း ၀၆ | ၀၃း ၁၂ | ၀၃း ၄၂ | ၀၅း ၃၃ | ၀၆း ၀၃ | ၀၇း ၂၁ | ၀၇း ၅၃ | ၀၈း ၀၉ | ၀၈း ၄၂ | ၁၁း ၅၇ | ၁၂း ၃၀ |
| ၁၆ | ၀၁း ၃၀ | ၀၂း ၀၂ | ၀၃း ၀၈ | ၀၃း ၃၈ | ၀၅း ၂၉ | ၀၅း ၅၉ | ၀၇း ၁၇ | ၀၇း ၄၉ | ၀၈း ၀၅ | ၀၈း ၃၈ | ၁၁း ၅၃ | ၁၂း ၂၇ |
| ၁၇ | ၀၁း ၂၇ | ၀၁း ၅၈ | ၀၃း ၀၄ | ၀၃း ၃၄ | ၀၅း ၂၅ | ၀၅း ၅၅ | ၀၇း ၁၃ | ၀၇း ၄၅ | ၀၈း ၀၁ | ၀၈း ၃၄ | ၁၁း ၄၉ | ၁၂း ၂၃ |
| ၁၈ | ၀၁း ၂၃ | ၀၁း ၅၄ | ၀၃း ၀၀ | ၀၃း ၃၀ | ၀၅း ၂၁ | ၀၅း ၅၁ | ၀၇း ၀၉ | ၀၇း ၄၂ | ၀၇း ၅၇ | ၀၈း ၃၀ | ၁၁း ၄၅ | ၁၂း ၁၉ |
| ၁၉ | ၀၁း ၁၉ | ၀၁း ၅၀ | ၀၂း ၅၆ | ၀၃း ၂၆ | ၀၅း ၁၇ | ၀၅း ၄၇ | ၀၇း ၀၅ | ၀၇း ၃၈ | ၀၇း ၅၃ | ၀၈း ၂၆ | ၁၁း ၄၁ | ၁၂း ၁၅ |
| ၂၀ | ၀၁း ၁၅ | ၀၁း ၄၆ | ၀၂း ၅၂ | ၀၃း ၂၂ | ၀၅း ၁၃ | ၀၅း ၄၃ | ၀၇း ၀၂ | ၀၇း ၃၄ | ၀၇း ၄၉ | ၀၈း ၂၂ | ၁၁း ၃၇ | ၁၂း ၁၁ |
| ၂၁ | ၀၁း ၁၁ | ၀၁း ၄၃ | ၀၂း ၄၈ | ၀၃း ၁၈ | ၀၅း ၀၉ | ၀၅း ၃၉ | ၀၆း ၅၈ | ၀၇း ၃၀ | ၀၇း ၄၅ | ၀၈း ၁၈ | ၁၁း ၃၃ | ၁၂း ၀၇ |
| ၂၂ | ၀၁း ၀၇ | ၀၁း ၃၉ | ၀၂း ၄၄ | ၀၃း ၁၄ | ၀၅း ၀၅ | ၀၅း ၃၅ | ၀၆း ၅၄ | ၀၇း ၂၆ | ၀၇း ၄၁ | ၀၈း ၁၅ | ၁၁း ၂၉ | ၁၂း ၀၃ |
| ၂၃ | ၀၁း ၀၃ | ၀၁း ၃၅ | ၀၂း ၄၀ | ၀၃း ၁၀ | ၀၅း ၀၂ | ၀၅း ၃၁ | ၀၆း ၅၀ | ၀၇း ၂၂ | ၀၇း ၃၇ | ၀၈း ၁၁ | ၁၁း ၂၅ | ၁၁း ၅၉ |
| ၂၄ | ၀၀း ၅၉ | ၀၁း ၃၁ | ၀၂း ၃၇ | ၀၃း ၀၆ | ၀၄း ၅၈ | ၀၅း ၂၇ | ၀၆း ၄၆ | ၀၇း ၁၈ | ၀၇း ၃၃ | ၀၈း ၀၇ | ၁၁း ၂၁ | ၁၁း ၅၅ |
| ၂၅ | ၀၀း ၅၅ | ၀၁း ၂၇ | ၀၂း ၃၃ | ၀၃း ၀၂ | ၀၄း ၅၄ | ၀၅း ၂၄ | ၀၆း ၄၂ | ၀၇း ၁၄ | ၀၇း ၂၉ | ၀၈း ၀၃ | ၁၁း ၁၇ | ၁၁း ၅၁ |
| ၂၆ | ၀၀း ၅၁ | ၀၁း ၂၃ | ၀၂း ၂၉ | ၀၂း ၅၈ | ၀၄း ၅၀ | ၀၅း ၂၀ | ၀၆း ၃၈ | ၀၇း ၁၀ | ၀၇း ၂၆ | ၀၇း ၅၉ | ၁၁း ၁၃ | ၁၁း ၄၇ |
| ၂၇ | ၀၀း ၄၇ | ၀၁း ၁၉ | ၀၂း ၂၅ | ၀၂း ၅၄ | ၀၄း ၄၆ | ၀၅း ၁၆ | ၀၆း ၃၄ | ၀၇း ၀၆ | ၀၇း ၂၂ | ၀၇း ၅၅ | ၁၁း ၁၀ | ၁၁း ၄၃ |
| ၂၈ | ၀၀း ၄၃ | ၀၁း ၁၅ | ၀၂း ၂၁ | ၀၂း ၅၀ | ၀၄း ၄၂ | ၀၅း ၁၂ | ၀၆း ၃၀ | ၀၇း ၀၂ | ၀၇း ၁၈ | ၀၇း ၅၁ | ၁၁း ၀၆ | ၁၁း ၃၉ |
| ၂၉ | ၀၀း ၃၉ | ၀၁း ၁၁ | ၀၂း ၁၇ | ၀၂း ၄၇ | ၀၄း ၃၈ | ၀၅း ၀၈ | ၀၆း ၂၆ | ၀၆း ၅၈ | ၀၇း ၁၄ | ၀၇း ၄၇ | ၁၁း ၀၂ | ၁၁း ၃၅ |
| ၃၀ | ၀၀း ၃၅ | ၀၁း ၀၇ | ၀၂း ၁၃ | ၀၂း ၄၃ | ၀၄း ၃၄ | ၀၅း ၀၄ | ၀၆း ၂၂ | ၀၆း ၅၄ | ၀၇း ၁၀ | ၀၇း ၄၃ | ၁၀း ၅၈ | ၁၁း ၃၂ |
| ၃၁ | ၀၀း ၃၂ | ၀၁း ၀၃ | ၀၂း ၀၉ | ၀၂း ၃၉ | ၀၄း ၃၀ | ၀၅း ၀၀ | ၀၆း ၁၈ | ၀၆း ၅၀ | ၀၇း ၀၆ | ၀၇း ၃၉ | ၁၀း ၅၄ | ၁၁း ၂၈ |



www.burmeseclassic.com

www.burmeseclassic.com

| | တူလက် | | ပြိစ္ဆာလက် | | ဓနုလက် | | မကာရလက် | | ကုမ်လက် | | မိန်လက် | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| ရက် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် | ဝင်ချိန် | ထွက်ချိန် |
| ၁ | ၁၄း၁၀ | ၁၄း၄၃ | ၁၅း၂၁ | ၁၅း၅၁ | ၁၈း၄၀ | ၁၉း၁၀ | ၁၈း၄၂ | ၁၉း၁၂ | ၂၁း၁၂ | ၂၁း၄၆ | ၀၀း၂၀ | ၀၀း[illegible] |
| ၂ | ၁၄း၀၇ | ၁၄း၄၀ | ၁၅း၁၇ | ၁၅း၄၇ | ၁၈း၃၇ | ၁၉း၀၇ | ၁၈း၃၈ | ၁၉း၀၈ | ၂၁း၀၉ | ၂၁း၄၂ | ၀၀း၁၆ | ၀၀း[illegible] |
| ၃ | ၁၄း၀၄ | ၁၄း၃၆ | ၁၅း၁၃ | ၁၅း၄၃ | ၁၈း၃၃ | ၁၉း၀၃ | ၁၈း၃၄ | ၁၉း၀၄ | ၂၁း၀၅ | ၂၁း၃၈ | ၀၀း၁၂ | ၀၀း[illegible] |
| ၄ | ၁၄း၀၀ | ၁၄း၃၂ | ၁၅း၀၉ | ၁၅း၃၉ | ၁၈း၂၉ | ၁၈း၅၉ | ၁၈း၃၀ | ၁၉း၀၀ | ၂၁း၀၀ | ၂၁း၃၄ | ၀၀း၀၈ | ၀၀း[illegible] |
| ၅ | ၁၃း၅၆ | ၁၄း၂၈ | ၁၅း၀၅ | ၁၅း၃၅ | ၁၈း၂၅ | ၁၈း၅၅ | ၁၈း၂၆ | ၁၈း၅၆ | ၂၀း၅၇ | ၂၁း၃၀ | ၀၀း၀၀ | ၀၀း[illegible] |
| ၆ | ၁၃း၅၂ | ၁၄း၂၄ | ၁၅း၀၁ | ၁၅း၃၁ | ၁၈း၂၁ | ၁၈း၅၁ | ၁၈း၂၃ | ၁၈း၅၃ | ၂၀း၅၃ | ၂၁း၂၆ | ၂၃း၅၆ | ၀၀း[illegible] |
| ၇ | ၁၃း၄၈ | ၁၄း၂၀ | ၁၄း၅၇ | ၁၅း၂၇ | ၁၈း၁၇ | ၁၈း၄၇ | ၁၈း၁၉ | ၁၈း၄၉ | ၂၀း၄၉ | ၂၁း၂၂ | ၂၃း၅၂ | ၀၀း[illegible] |
| ၈ | ၁၃း၄၄ | ၁၄း၁၆ | ၁၄း၅၃ | ၁၅း၂၃ | ၁၈း၁၃ | ၁၈း၄၃ | ၁၈း၁၅ | ၁၈း၄၅ | ၂၀း၄၅ | ၂၁း၁၈ | ၂၃း၄၈ | ၀၀း[illegible] |
| ၉ | ၁၃း၄၀ | ၁၄း၁၂ | ၁၄း၄၉ | ၁၅း၁၉ | ၁၈း၀၉ | ၁၈း၃၉ | ၁၈း၁၁ | ၁၈း၄၁ | ၂၀း၄၁ | ၂၁း၁၅ | ၂၃း၄၄ | ၀၀း[illegible] |
| ၁၀ | ၁၃း၃၆ | ၁၄း၀၈ | ၁၄း၄၅ | ၁၅း၁၆ | ၁၈း၀၅ | ၁၈း၃၆ | ၁၈း၀၇ | ၁၈း၃၇ | ၂၀း၃၇ | ၂၁း၁၀ | ၂၃း၄၀ | ၀၀း[illegible] |
| ၁၁ | ၁၃း၃၂ | ၁၄း၀၄ | ၁၄း၄၁ | ၁၅း၁၂ | ၁၈း၀၂ | ၁၈း၃၂ | ၁၈း၀၃ | ၁၈း၃၃ | ၂၀း၃၃ | ၂၁း၀၇ | ၂၃း၃၇ | ၀၀း[illegible] |
| ၁၂ | ၁၃း၂၈ | ၁၄း၀၀ | ၁၄း၃၇ | ၁၅း၀၈ | ၁၇း၅၈ | ၁၈း၂၈ | ၁၇း၅၉ | ၁၈း၂၉ | ၂၀း၂၉ | ၂၁း၀၃ | ၂၃း၃၃ | ၀၀း[illegible] |
| ၁၃ | ၁၃း၂၄ | ၁၃း၅၆ | ၁၄း၃၃ | ၁၅း၀၄ | ၁၇း၅၄ | ၁၈း၂၄ | ၁၇း၅၅ | ၁၈း၂၅ | ၂၀း၂၅ | ၂၀း၅၉ | ၂၃း၂၉ | ၀၀း[illegible] |
| ၁၄ | ၁၃း၂၀ | ၁၃း၅၂ | ၁၄း၂၉ | ၁၅း၀၀ | ၁၇း၅၀ | ၁၈း၂၀ | ၁၇း၅၁ | ၁၈း၂၁ | ၂၀း၂၁ | ၂၀း၅၅ | ၂၃း၂၅ | ၂၃း[illegible] |
| ၁၅ | ၁၃း၁၆ | ၁၃း၄၈ | ၁၄း၂၅ | ၁၄း၅၆ | ၁၇း၄၆ | ၁၈း၁၆ | ၁၇း၄၇ | ၁၈း၁၇ | ၂၀း၁၇ | ၂၀း၅၁ | ၂၃း၂၁ | ၂၃း[illegible] |
| ၁၆ | ၁၃း၁၂ | ၁၃း၄၄ | ၁၄း၂၁ | ၁၄း၅၂ | ၁၇း၄၂ | ၁၈း၁၂ | ၁၇း၄၃ | ၁၈း၁၃ | ၂၀း၁၄ | ၂၀း၄၇ | ၂၃း၁၇ | ၂၃း[illegible] |
| ၁၇ | ၁၃း၀၉ | ၁၃း၄၁ | ၁၄း၁၈ | ၁၄း၄၈ | ၁၇း၃၈ | ၁၈း၀၈ | ၁၇း၃၉ | ၁၈း၀၉ | ၂၀း၁၀ | ၂၀း၄၃ | ၂၃း၁၃ | ၂၃း[illegible] |
| ၁၈ | ၁၃း၀၅ | ၁၃း၃၇ | ၁၄း၁၄ | ၁၄း၄၄ | ၁၇း၃၄ | ၁၈း၀၄ | ၁၇း၃၅ | ၁၈း၀၆ | ၂၀း၀၆ | ၂၀း၃၉ | ၂၃း၀၉ | ၂၃း[illegible] |
| ၁၉ | ၁၃း၀၁ | ၁၃း၃၃ | ၁၄း၁၀ | ၁၄း၄၀ | ၁၇း၃၀ | ၁၈း၀၀ | ၁၇း၃၁ | ၁၈း၀၂ | ၂၀း၀၂ | ၂၀း၃၅ | ၂၃း၀၅ | ၂၃း[illegible] |
| ၂၀ | ၁၂း၅၇ | ၁၃း၂၉ | ၁၄း၀၆ | ၁၄း၃၆ | ၁၇း၂၆ | ၁၇း၅၆ | ၁၇း၂၈ | ၁၇း၅၈ | ၁၉း၅၈ | ၂၀း၃၁ | ၂၃း၀၁ | ၂၃း[illegible] |
| ၂၁ | ၁၂း၅၃ | ၁၃း၂၅ | ၁၄း၀၂ | ၁၄း၃၂ | ၁၇း၂၂ | ၁၇း၅၂ | ၁၇း၂၄ | ၁၇း၅၄ | ၁၉း၅၄ | ၂၀း၂၇ | ၂၂း၅၇ | ၂၃း[illegible] |
| ၂၂ | ၁၂း၄၉ | ၁၃း၂၁ | ၁၃း၅၈ | ၁၄း၂၈ | ၁၇း၁၈ | ၁၇း၄၈ | ၁၇း၂၀ | ၁၇း၅၀ | ၁၉း၅၀ | ၂၀း၂၃ | ၂၂း၅၃ | ၂၃း[illegible] |
| ၂၃ | ၁၂း၄၅ | ၁၃း၁၇ | ၁၃း၅၄ | ၁၄း၂၄ | ၁၇း၁၄ | ၁၇း၄၄ | ၁၇း၁၆ | ၁၇း၄၆ | ၁၉း၄၆ | ၂၀း၁၉ | ၂၂း၄၉ | ၂၃း[illegible] |
| ၂၄ | ၁၂း၄၁ | ၁၃း၁၃ | ၁၃း၅၀ | ၁၄း၂၀ | ၁၇း၁၀ | ၁၇း၄၀ | ၁၇း၁၂ | ၁၇း၄၂ | ၁၉း၄၂ | ၂၀း၁၆ | ၂၂း၄၆ | ၂၃း[illegible] |
| ၂၅ | ၁၂း၃၇ | ၁၃း၀၉ | ၁၃း၄၆ | ၁၄း၁၇ | ၁၇း၀၆ | ၁၇း၃၇ | ၁၇း၀၈ | ၁၇း၃၈ | ၁၉း၃၈ | ၂၀း၁၂ | ၂၂း၄၂ | ၂၃း[illegible] |
| ၂၆ | ၁၂း၃၃ | ၁၃း၀၅ | ၁၃း၄၂ | ၁၄း၁၃ | ၁၇း၀၃ | ၁၇း၃၃ | ၁၇း၀၄ | ၁၇း၃၄ | ၁၉း၃၄ | ၂၀း၀၈ | ၂၂း၃၈ | ၂၃း[illegible] |
| ၂၇ | ၁၂း၂၉ | ၁၃း၀၁ | ၁၃း၃၈ | ၁၄း၀၉ | ၁၆း၅၉ | ၁၇း၂၉ | ၁၇း၀၀ | ၁၇း၃၀ | ၁၉း၃၀ | ၂၀း၀၄ | ၂၂း၃၄ | ၂၃း[illegible] |
| ၂၈ | ၁၂း၂၅ | ၁၂း၅၇ | ၁၃း၃၄ | ၁၄း၀၅ | ၁၆း၅၅ | ၁၇း၂၅ | ၁၆း၅၆ | ၁၇း၂၆ | ၁၉း၂၆ | ၂၀း၀၀ | ၂၂း၃၀ | ၂၃း[illegible] |
| ၂၉ | ၁၂း၂၁ | ၁၂း၅၃ | ၁၃း၃၀ | ၁၄း၀၁ | ၁၆း၅၁ | ၁၇း၂၁ | ၁၆း၅၂ | ၁၇း၂၂ | ၁၉း၂၂ | ၁၉း၅၆ | ၂၂း၂၆ | ၂၃း[illegible] |
| ၃၀ | ၁၂း၁၇ | ၁၂း၄၉ | ၁၃း၂၆ | ၁၃း၅၇ | ၁၆း၄၇ | ၁၇း၁၇ | ၁၆း၄၈ | ၁၇း၁၈ | ၁၉း၁၈ | ၁၉း၅၂ | ၂၂း၂၂ | ၂၂း[illegible] |
| ၃၁ | ၁၂း၁၃ | ၁၂း၄၅ | ၁၃း၂၃ | ၁၃း၅၃ | ၁၆း၄၃ | ၁၇း၁၃ | ၁၆း၄၄ | ၁၇း၁၄ | ၁၉း၁၅ | ၁၉း၄၈ | ၂၂း၁၈ | ၂၂း[illegible] |



www.burmeseclassic.com

www.burmeseclassic.com

စိုးစိုး

# ဆေးဖက်ဝင် ခရေ



မြန်မာ့ဆေးကျမ်းများ အလိုအရ အခေါက်သည် ချို၏။ ခါး၏။ အေး၏။ နှလုံးကို အားရှိစေ၏။ ဝမ်းမီးကိုပွားစေ၏။ ရောဂါပိုးတို့ကိုနိုင်၏။ သွားဖုံးရောဂါများ၌ အကျိုးပြု၏။ သည်းခြေဖောက်ပြန်ခြင်းကို ပျောက်ကင်းစေ၏။ အသီးသည် အူကိုတွန့်ရှုံ့စေ၏။ ချုပ်၏။ သလိပ်သည်းခြေကိုနိုင်၏။ အစေ့သည် လှုပ်နေသောသွားတို့ကို ခိုင်စေ၏။ ရှူသော် ခေါင်းကိုက်ခြင်းကို ပျောက်ကင်းစေ၏။

၁။ ခရေပွင့်ကို တစ်ညလုံးရေစိမ်၍ နံနက်တွင် ထိုစိမ်ရည်ကိုစစ်ပြီး ကလေးအားတိုက်လျှင် ချောင်းဆိုးရောဂါပျောက်၏။

၂။ ခရေပွင့်အစိုကို မီးယပ်ဖြူရောဂါနှင့် သွားရောဂါ အတွက်အသုံးပြု၏။

၃။ ခရေပွင့်အခြောက်ကို သနပ်ခါးဖြင့် ရောသွေးလိမ်းက အပူကြောင့်ဖြစ်သော မိတ်နာ၊ ယားနာများအမြန်ပျောက် ကင်း၏။

၄။ အခေါက်ပြုတ်ရည်ကို သောက်ခြင်းဖြင့်လည်းကောင်း၊ အသီးကိုစားခြင်းဖြင့်လည်းကောင်း နှလုံးရောဂါကို ပျောက်စေ၏။

၅။ ခရေခေါက်၊ ဆီးဖြူခေါက်၊ ရှားခေါက် ၃ မျိုးပြုတ်၍ ငုံပေးခြင်းဖြင့် ပါးစပ်၌ မက်ခရုပေါက်ခြင်း၊ သွားဖုံးရောင်ခြင်း၊ ပါးစပ်၌အပူလောင်ခြင်း၊ ရေစီးကမ်းပြိုဖြစ်ခြင်းစသော ခံတွင်းနာအားလုံးပျောက်ကင်းစေသည်။

၆။ အခေါက်ကိုပြုတ်၍ ဖန်ဆေးရည်အဖြစ်အသုံးပြုနိုင်သည်။

၇။ အဆက်မပြတ်သွားသော ဝမ်းရောဂါအတွက် အစေ့ကို ရေအေးနှင့် သွေးသောက်ခြင်း၊ ခရေသီးအမှည့်၏ အသားကိုစားပေးခြင်းဖြင့် ပျောက်ကင်းစေနိုင်သည်။

၈။ ကလေးများအပူအကြောင်းခံ၍ ရာသီအကူး အပြောင်းတွင် ချောင်းဆိုးပါက ခရေပွင့် လတ်လတ် ၁ ကျပ် ၈ ပဲသားကို ရေတစ်ဖန်ခွက်နှင့် တစ်ညစိမ်ထားပါ။ နံနက်တွင်စစ်ယူပြီး တိုက်ကျွေးပါ။ ၇ ရက်ဆက်၍ တိုက်ကျွေးပါက သက်သာပျောက်ကင်းစေပါသည်။

၉။ မီးယပ်ဖြူဆင်းရောဂါကို ခရေပွင့်လတ်လတ် ၃ မတ်သား၊ ဇာဒ်စေ့ ၃ စေ့၊ သကြားခဲ ၃ ပဲသားရော၍ နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် ၄ ပဲသားခန့် ရောဂါနှင့်ချင့်ချိန်၍ တိုက်ကျွေးနိုင်ပါသည်။ ထိုဆေးကိုပင် ဓာတ်ပျက်ရောဂါ၊ သွားလှုပ်၊ သွားနဲ့ခြင်းတို့ကို သက်သာပျောက်ကင်းစေပါသည်။

၁၀။ ဝမ်းလျောဝမ်းပျက်ရောဂါတွင် ခရေသီးကို အသုံးပြုနိုင်သည်။ *ခရေသီးမှည့်၏ အသားကို အနှစ်တိုက်၍ အပါက ကြာမြင့်သော ဝမ်းရောဂါကိုပျောက်ကင်းစေပါသည်။

* * *

စိုးစိုး

*(တိုင်းရင်းဆေးနည်းပညာမှတ်စုများ)*

www.burmeseclassic.com

ဗုဂ္ဂသောလာတောင်နှင့် ဘဘုန်းကြီး၏ ဝါးကျောင်းလေး။ ပြီး အုပ်အုပ်ဆိုင်းဆိုင်းနှင့် ယှက်သိုင်း မှုန်မှိုင်းနေသည့် သစ်ပင်ရိပ်၊ ဝါးရိပ်များ။ နတ်ဒိုးဘဝအတွက် ပျင်းရိညည်းငွေ့ဖွယ်ရာ အတိဟု စိတ်ထဲတွင် ခံစားခဲ့မိသည်က အမှန်ပင်။

# ဆွန်
# ကျော်ဦး

ဗုဂ္ဂသောလာမိတ္တာ

ခုတော့ အေးမြ ငြိမ်းချမ်းမှု ပေးနေသည့် သဘာဝ တောတောင်ရေမြေ အရိပ်နှင့်အတူ ဓမ္မအရိပ်က နတ်ဒိုးနှလုံးသားတွင် ခံစားနေခဲ့သည့် ပူလောင်



မှု သောကဗျာပါဒများကို အလိုလို ငြိမ်းသတ်နေမှန်း သိလိုက်သည်။ တကယ်တော့ သည်အရိပ်၊ သည်ဝန်းကျင်နှင့် နတ်ဒိုးဘဝက လားလားမှ မသက်ဆိုင်ခဲ့။ ကြည့်လေ။ နတ်ဒိုးဘဝ ခံယူချက်နှင့် ရန်းကန်လှုပ်ရှားမှုက အစိမ်းသက်သက်ဖြစ်ခဲ့သည် မဟုတ်ပါလား။

"ကပ္ပိယကြီး"

ရုတ်တရက် ခေါ်ငင်လိုက်သည့်

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

အသံသဲ့သဲ့ကြားမှ နတ်ဒိုးအတွေးစမြင်ကွင်းကို ရုတ်သိမ်းပြီး ဘဘုန်းကြီးရှိရာ ဝါးကျောင်းလေးဆီသို့ ဦးတည်ထွက်ခဲ့သည်။ နတ်ဒိုး ဦးတည်မထွက်လို့ မဖြစ်။ လောလောဆယ် နတ်ဒိုးဘဝအနေအထားက သည်အရိပ်၊ သည်ဝန်းကျင်က လွဲ၍ တခြား နိုကိုးရာ မရှိခဲ့။ နတ်ဒိုး ဝါးကျောင်းလေးပေါ်သို့ ဖြည်းညင်းစွာ တက်ပြီး ဘဘုန်းကြီးကို ဦးချ ကန်တော့လိုက်သည်။ ပြီး ဘဘုန်းကြီး၏ မိန့်ဆိုချက်ကို နားစွင့်လိုက်သည်။

နတ်ဒိုး သည်အရိပ်၊ သည်ဝန်းကျင်ကို ရောက်စက ယခုလို ခန္ဓာကိုယ် တောင့်တင်းခိုင်မာဖို့ မဆိုထားနှင့်၊ နတ်ဒိုးကိုယ် နတ်ဒိုး သေတွင်းထဲက လူဟု နောက်ဆုံး သတ်မှတ်ထားခဲ့ပြီးဖြစ်သည်။ နတ်ဒိုးတစ်ကိုယ်လုံး ဒဏ်ရာဗရပွနှင့် ခံစားမှုဝေဒနာထက် နတ်ဒိုးနှလုံးသားတွင် ပြင်းရှစွာ ခံစားခဲ့ရသည့် လှို့ဝှက်ဝေဒနာ။ နတ်ဒိုးခန္ဓာကိုယ်မှ ဝေဒနာကို ကုသရ လွယ်ကူသလောက်၊ သူ့နှလုံးသားဝေဒနာကို အခြားသူ ကုသနိုင်ဖို့ မလွယ်မှန်း သိသည်။

“ကပ္ပိယကြီးလည်း ခံစားနေရတဲ့ ရောဂါဘယက သက်သာခွင့်ရပြီ ဆိုတော့ ရှေ့ဆက်ရမယ့် ခရီးကို ဘယ်လိုများ ကြံရွယ်ထားတယ်ဆိုတာ ဘဘုန်းသိချင်ပါတယ်ကွယ်။ ဒါကလည်း ကပ္ပိယကြီးဘဝအတွက် ဘဘုန်း မမေးမဖြစ်တဲ့ မေးခွန်းမို့ မေးရတာပါကွယ်”

ဘဘုန်းကြီး၏ ကရုဏာ ရသစကားသံက နတ်ဒိုးနှလုံးသားထဲသို့ တိုးဝင်လာသည်။ နတ်ဒိုး ဘဘုန်းကြီး၏ စကားကို ဘယ်သို့ ချေပရမှန်း မသိတော့။ နတ်ဒိုးနှလုံးသားတွင် ငြိမ်ဝပ်စ ပြုနေသည့် သောကဗျာပါဒအပူများ။

“တ···တပည့်တော် ဘဘုန်းနားလည်အောင် ဘယ်လိုခွဲခြားပြီး ပြောရမလဲဆိုတာ မသိသေးပါဘူး ဘုရား”

နတ်ဒိုးပါးစပ်မှ ဆို့နင့်တုန်ခါစွာ ထွက်သွားမိသည့် စကားသံက တိတ်ဆိတ်နေသည့် ဝါးကျောင်းလေးအတွင်း လွင့်ပျံ့သွားသည်။ ဘဘုန်းကြီးက နတ်ဒိုးကို သနားစရာ သတ္တဝါလေးအလား ကရုဏာပြည့်လျှမ်းသည့် မျက်ဝန်းအစုံဖြင့် ကြည့်ကာ ခေါင်းတဆတ်ဆတ် ညိတ်ပြီး စကားပြန်ဆက်သည်။

“အင်းလေ၊ ကပ္ပိယကြီး စိတ်နဲ့ ခန္ဓာကိုယ် မပူးကပ်သေးဘူးဆိုတာ ဘဘုန်းကြီး သိပါတယ်ကွယ်။ ဘာပဲဖြစ်ဖြစ် ဘဘုန်းကြီး ဒီ ဗျူဂ္ဂသေလာတောင်မှာ အမိတ္တာန်ဝင်ပြီးကတည်းက ခုလို ထူးဆန်းစွာ တွေ့ရတာက ကပ္ပိယကြီးပဲကွဲ့”

“တပည့်တော်က ထူး···ထူးဆန်းတယ်···ဟုတ်လား ဘဘုန်း”

ဘဘုန်းကြီးစကားကြောင့် နတ်ဒိုး မဆိုင်းငံ့ဘဲ အလျင်စလိုပြောလိုက်မိသည်။ ဘဘုန်းကြီးက သူ့စကားကို မတုံ့ပြန်ဘဲ ညစ်နွမ်းနေသည့် လွယ်အိတ်ကြီးကို နတ်ဒိုးရှေ့တွင် ဖြည်းညင်းစွာ ချထားလိုက်သည်။ နတ်ဒိုး ဘဘုန်းကြီး ပြသည့် လွယ်အိတ်ကြီးကို ကြည့်ပြီး မတွေးတတ်အောင် ဖြစ်သွားမိသည်။

“ဒီလွယ်အိတ်ကြီးက ကပ္ပိယကြီး ရောက်လာတဲ့နေ့က ကပ္ပိယကြီး ခန္ဓာကိုယ်မှာ သိုင်းလွယ်ထားတဲ့ လွယ်အိတ်ကြီးပဲ။ အတွင်းပစ္စည်းကတော့ ဘဘုန်းကြီးနဲ့ မသက်ဆိုင်တဲ့ လောကီပစ္စည်းတွေမှန်း သိလို့ ဒီအတိုင်းပဲ သိမ်းထားခဲ့တာ။ တစ်နှစ်သားရှိပြီ ကပ္ပိယကြီး”

“တစ်နှစ်သား···တစ်နှစ်သား ဆိုပါလား”

နတ်ဒိုးသည် ဝါးကျောင်းရိပ် ရောက်ခဲ့သည့်အဖြစ်ကို ပြန်တွေးမိရင်း ကြက်သီးထသွားမိသည်။ နတ်ဒိုး ကမန်းကတန်းပင် လွယ်အိတ်ကြီးကို ဖွင့်ပြီး ကြမ်းပြင်ပေါ်သို့ သွန်ချလိုက်မိသည်။ ပြိုးပြက် ဝင်းလဲ့သည့် ရတနာပစ္စည်းများနှင့်အတူ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတုတော်များကို ကြည့်ရင်း နတ်ဒိုး အံ့အားသင့်သွားမိသည်။

“ဒီပစ္စည်းတွေက ကပ္ပိယကြီးနဲ့ အတူပါလာတဲ့ ပစ္စည်းတွေပဲကွဲ့။ အဲဒါကြောင့် ဘဘုန်းမေးရတာပါ”

ဘဘုန်းကြီး၏ စကားသံနှင့် အတူ နတ်ဒိုး ရတနာပစ္စည်းများကို တစ်ခုစီ ယူကြည့်လိုက်မိသည်။ ကြည့်ရင်း အသိစိတ်ထဲတွင် ပြန်ပေါ်လာသည့် အရာများက သူ့နှလုံးသားကို ဖုံးလွှမ်းသွားသည်။

◈◈◈

နတ်ဒိုး လူမှန်းသူမှန်း သိတတ်အရွယ်ကတည်းက ဖခင်ဖြစ်သူကို မုဆိုးကြီးတစ်ဦးမှန်း သိလိုက်သည်။ ကြည့်လေ၊ နတ်ဒိုး နေ့စဉ် မြင်တွေ့ ထိပါးခွင့်ရနေသည်က ဓား၊ လှံ၊ လေး များနှင့် သားကောင်မျိုးစုံရနံ့။ ပြီး နတ်ဒိုး ဖခင်ကြီး၏ ကြံ့ခိုင် တောင့်တင်း သန်မာသည့် ခန္ဓာကိုယ်။ ညိုမောင်းသည့် အသားအရောင်နှင့် ကြမ်းတမ်း ခက်ထန်သည့် ဥပဓိရုပ်က မုဆိုးတစ်ဦး၏ ပိုင်ဆိုင်မှု လက္ခဏာမှန်း သိလိုက်သည်။

ဖခင်က မုဆိုးကြီးတစ်ဦး[illegible] သော်လည်း နတ်ဒိုးက ဘာမှ[illegible] သလိုဖြစ်နေသည်။ နတ်ဒိုးခန္ဓာကိုယ်က သန်မာတောင့်တင်းသော်လည်း



www.burmeseclassic.com

www.burmeseclassic.com

သွယ်လျလျ။ အသားအရေက ဖြူဖွေးပြီး ချိုရွှင် ကြည်လင်သည့် မျက်နှာဖြင့် စကားပြောရာတွင် ညင်ညင်သာသာ။

နတ်ဒိုးက မုဆိုးကြီးသားဟု ဆိုသော်လည်း ဗီဘိ ဘာမှမဆိုင်သလို ဖြစ်နေသည်။ ဒါကြောင့်လား မသိ၊ မုဆိုးကြီးက နတ်ဒိုးကို "ငါ့သားလေး ငါ့လို မဖြစ်စေရဘူးကွ"ဟူသော စကားဖြင့် နတ်ဒိုးကို ဓား၊ လှံ၊ လေး၊ မြားကို လုံးဝ ထိတွေ့ခွင့် မပေးခဲ့။

ခက်နေသည်က နတ်ဒိုး။

အရွယ်ရောက်စ ကတည်းက ဖခင် မုဆိုးကြီး တင်းကျပ်ထားသည့် ဓား၊ လှံ၊ လေး၊ မြားကို ထိတွေ့ခွင့် မရသော်လည်း နတ်ဒိုးကိုယ်တိုင် လေးခွကို ပြုလုပ်ပြီး ငှက်ပေါင်းစုံကို ပစ်ကွင်းထိအောင် ပစ်ခတ်နိုင်ခဲ့သည်။ တောတောင် ပတ်ဝန်းကျင်အနေအထားကို နှံ့စပ်ကျွမ်းကျင်ခဲ့သည်။ သည်လိုနှင့် နတ်ဒိုး မုဆိုးအလုပ်ကို ခုံမင်ခဲ့သည်။ မခုံမင်လို့ မဖြစ်၊ ဖခင် မုဆိုးကြီးက အိုမင်းရှာပြီ။ ငယ်ရွယ်စဉ်ကလို သန်မာဖျတ်လတ်မှု မရှိတော့၊ တစ်နေ့နေ့ သားကောင်အန္တရာယ်နှင့် အသက်ဆုံးပါးနိုင်သည်ကို နတ်ဒိုး သိသည်။

ဒါကြောင့်လည်း ဖခင် မုဆိုးကြီး တားမြစ်ထားခဲ့သည့် ဓား၊ လှံ၊ လေး၊ မြားအတတ်ကို တိတ်တဆိတ် သင်ယူကာ နတ်ဒိုး လက်တွေ့ မုဆိုးအလုပ်ကို ကွင်းဆင်းခဲ့သည်။ နတ်ဒိုး ပထမဆုံး ရရှိခဲ့သည်က သမင်၊ ဒရယ်၊ ချေငယ်၊ ဆတ် မဟုတ်။ အချိန်သုံးဆယ်မျှ စီးသည့် တောဝက်တစ်ကောင်ဖြစ်သည်။

တောဝက်အန္တရာယ်ကို နတ်ဒိုး တွေ့ခါစ ဒူးတုန် ရင်ခုန်နှင့် ဖြစ်ခဲ့ရသည်။ ဘာလုပ်ရမှန်း မသိခဲ့၊ နောက်ဆုံး ဖခင် မုဆိုးကြီးက နတ်ဒိုးကို လက်တွေ့ မသင်ပြခဲ့သော်လည်း အခြေခံမုဆိုးကြီးများ၏ အသင်အပြနှင့် လက်နက်ကိုင်ဆောင်နည်း၊ သားကောင်ခြေရာ ကောက်နည်း၊ သားကောင်ကို ရင်ဆိုင်ပြီး မုဆိုးများ အနိုင်ယူနည်းများကို သင်ပေးခဲ့ကြသည်။ နတ်ဒိုးအတွက် အားဆေးတစ်ခွက်ဖြစ်ခဲ့သည်။

ထို့ကြောင့် နတ်ဒိုး တောဝက်ကို သက်စွန့်ဆံဖျား အနိုင်ယူ ထမ်းပိုးပြီး ပြန်လာနိုင်ခဲ့သည်။ နတ်ဒိုးဖခင် မုဆိုးကြီးက နတ်ဒိုးအဖြစ်ကို ကြည့်ပြီး မယုံနိုင်ဘဲ ရင်သပ် အံ့သြဖြစ်ခဲ့ရသည်။ သည်က စ၍ နတ်ဒိုး ဖခင် မုဆိုးကြီး နေရာတွင် ဝင်၍ မုဆိုးကျော်တစ်ဦးဖြစ်ခဲ့ရသည်။ နတ်ဒိုးအဖြစ်ကို ကြည့်ပြီး ဖခင် မုဆိုးကြီး တစ်စုံတစ်ရာကို သတိရသွားဟန်ဖြင့် မျက်နှာညှိုးနွမ်းသွားသည်။

"အဖေ့ကြောင့် မင်း မုဆိုးဘဝ ရောက်ခဲ့ရတာ။ အဖေ့ရဲ့ အပြစ်တွေပါ။ အဖေ့အပြစ်တွေပါ"

ဖခင် မုဆိုးကြီးထံမှ ရုတ်တရက် ထွက်ပေါ်လာသည့် မချိတင်ကဲ စကားသံက နတ်ဒိုးရင်ကို ပုတ်ခတ်လိုက်သလို ခံစားသွားမိသည်။ အမြဲတမ်း ခက်ထန်ကြမ်းတမ်းစွာ ဘဝကို ဖြတ်သန်းနေရသည့် ဖခင် မုဆိုးကြီးထံမှ ခုလို စကားမျိုးကို နတ်ဒိုး ကြားရလိမ့်မည်ဟု မထင်ခဲ့၊ သူများ မုဆိုးသားသမီးများလို အဖေခေါ်ခွင့်ရပေမယ့် အမေခေါ်ခွင့် မရခဲ့၊ ဒါဆို နတ်ဒိုးအမေက ဘယ်မှာလဲ။ နတ်ဒိုးဖခင် မုဆိုးကြီးကို မေးချင်သော်လည်း မေးခွင့် မသာခဲ့သည်က နှစ်ပေါင်းများစွာ။

"ကျုပ်...ကျုပ် မုဆိုးလုပ်တာ အဖေ့အပြစ်မဟုတ်ပါဘူး။ ကျုပ် ဝါသနာပါလို့ပါ"

နတ်ဒိုး ဖခင် မုဆိုးကြီးကို ကြည့်ပြီး တုန်ယင်စွာ ပြောလိုက်သည်။

မုဆိုးကြီးက နတ်ဒိုးမျက်နှာကို ကြည့်ပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ ဆုံးဖြတ်ချက် ချလိုက်သည်။

"မင်း... ဒီနေ့က စပြီး ငါ့... ငါ့ကို အဖေလို့ လုံးဝ မခေါ်နဲ့တော့"

"ဗျာ"

နတ်ဒိုး အံ့သြတကြီးဖြစ်သွားမိသည်။ ငယ်စဉ်က စပြီး ဖခင် မုဆိုးကြီးကို အဖေဟု တနင့်တပိုးခေါ်ခဲ့သည်။ အခု ဖခင် မုဆိုးကြီး၏ ပြင်းပယ်မှု စကားကြောင့် နတ်ဒိုးရင်ထဲတွင် ဝေခွဲမရနိုင်အောင် ဖြစ်သွားမိသည်။

"ကျုပ်အဖေမို့ အဖေလို့ ခေါ်ခဲ့တာ။ အခု အဖေက ဘာလို့ မခေါ်ခိုင်းရတာလဲ။ ပြော...ပြောစမ်းပါဦး"

"ငါက မင်းအဖေနေရာနဲ့ မထိုက်တန်ဘူးကွ။ ဒီစကားတွေ ငါ့ပါးစပ်ထဲက ထွက်ဖို့ ငါကြိုးစားခဲ့ရတာ နှစ်တွေ ရှည်ခဲ့ပြီ။ အင်း...သူငယ်ချင်း... သူငယ်ချင်း၊ ငါ့ကို ခွင့်လွှတ်ပါကွာ။ မင်း ငါ့ကို ခွင့်လွှတ်မှ ငါ့ဘဝ အသေဖြောင့်မှာပါကွာ"

"အဖေ...ဘာတွေ ပြောနေတာလဲ။ ကျုပ်က အဖေနဲ့ မထိုက်တန်ဘူး ဟုတ်လား"

"ဟုတ်တယ်။ မင်းက ငါမွေးထားတဲ့ သားအရင်းမဟုတ်ဘူး။ မင်းကို သနားလို့ ငါကယ်လာတာ"

ဖခင် မုဆိုးကြီးရင်ထဲမှ မသိုဝှက်နိုင်ဘဲ ပွင့်အန်ကျလာသည့် စကားသံများက နတ်ဒိုးအဖို့ နားစိမ်းစရာဖြစ်သော်လည်း စိတ်ဝင်စားစရာအတိဖြစ်နေသည်။ ဖခင် မုဆိုးကြီး ဘာကြောင့် နတ်ဒိုးကို ဖခင်ခေါ်ခွင့်မပေးခဲ့တာလဲ။ နတ်ဒိုးရင်ထဲတွင် ကြေကြေကွဲကွဲ ခံစားနေမိသည်။ ဒါဆို နတ်ဒိုး ဘယ်သူ့ကို အဖေခေါ်ရမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

"ငါပြောတဲ့ စကားကို ဆုံးအောင် နားထောင်ပြီး မင်းဆုံးဖြတ်တာကို ငါ လည်စင်းခံမယ်။ ဟောဒီမှာ ဓား"

ဖခင် မုဆိုးကြီးက စကားသံနှင့် အတူ နတ်ဒိုးရှေ့တွင် မမျှော်လင့်ဘဲ တွေ့လိုက်ရသည်က ကျောက်စီဓား တစ်လက်။ နတ်ဒိုးရင်တစ်ခုလုံး ပြောင်းပြန်လှန်အောင် ခံစားသွားမိသည်။

"ငါ အမှန်အတိုင်းပြောရရင် မင်းအဖေအရင်းကို ဟောဒီဓားနဲ့ ခုတ်ခဲ့မိတာ။ ဒါပေမယ့် မင်းအဖေသေပြီလား၊ ရှင်ပြီလားဆိုတာတော့ ငါ အတတ်မပြောနိုင်ဘူး"

"ဗျာ…၊ ကျုပ်…ကျုပ်အဖေ အရင်းကို အဖေ ဓားနဲ့ ခုတ်ခဲ့တယ်"

"ဟုတ်တယ်။ အဲဒါကြောင့် ငါ မင်းအဖေကို ဘာကြောင့် ဓားနဲ့ ခုတ်ရသလဲဆိုတာ သိချင်ရင် ခု မင်းသွားရမယ့်နေရာကို ငါပြောပြမယ်။ ဟို ရောက်ရင် မင်းသိရလိမ့်မယ်။ အဲဒီတော့ အခု မင်း ငါ့ကို ကလဲ့စားချေချင်တယ်ဆိုရင် ဟောဒီဓားနဲ့ ငါ့ကို ခုတ်ပြီး မင်းသွားတော့"

ဖခင် မုဆိုးကြီး၏ တင်းပြတ်သည့် စကားသံနှင့်အတူ နတ်ဒိုး ကျောက်စီဓားကို ယူပြီး ကြည့်လိုက်မိသည်။ နတ်ဒိုး ဖခင် မုဆိုးကြီးထံမှ တစ်ခါမှ မတွေ့ဘူးခဲ့သည့် ဓား။ ရတနာများ စီခြယ်ပြီး ပန်းကနုတ်များနှင့် ထည်ဝါစွာ တွေ့ရသည်။ ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်ပြီး ကြည့်လိုက်မိသည်။

နေအလင်းရောင်နှင့် လင်းပြက်သွားသည့် ဓားသွားအရောင်။ နတ်ဒိုး ကြည့်ရင်း ရင်တသိမ့်သိမ့်ခုန်သွားမိသည်။

"မင်း… ဒီဓားကို ကိုင်ရလို့ စိတ်နှလုံးသားတွေ လှုပ်ရှားသွားပြီ မဟုတ်လား။ အဲဒါကြောင့် မင်း ဖူ့ရှသေလာတောင်ကို သွား။ အဲဒီတောင်မှာ မင်းကို ကူညီမယ့်သူ ရှိတယ်။ အဲဒီမှာ မင်းနဲ့ ထိုက်တဲ့ ပစ္စည်းတွေ ရှိတယ်"

ဖခင် မုဆိုးကြီး၏ နောက်ဆုံး ဆုံးဖြတ်ချက် စကားသံနှင့်အတူ နတ်ဒိုး ဓားကို ကြည့်လိုက်မိသည်။ နေရောင် လင်းပြက်နေသည့် ဓားရောင်။ သည်ဓားဖြင့် နတ်ဒိုး ဖခင် မုဆိုးကြီးကို သတ်ရမည့်ကိစ္စ။ နတ်ဒိုး ဖခင် မုဆိုးကြီးကို ကြည့်လိုက်မိသည်။ ဖခင် အရင်းက ဘယ်သူလဲ။ နတ်ဒိုး မျိုသိပ် မရနိုင်တော့။

"ကျုပ်…အဖေနဲ့ လမ်းမခွဲခင် ကျုပ်အဖေအရင်းက ဘယ်သူလဲဆို တာ ပြောခဲ့ပါ"

နတ်ဒိုးအသံက ဆို့ဆို့နင့်နင့်ဖြစ်နေသည်။ နတ်ဒိုး အားရပါးရ ခေါ်ခဲ့ရသည့် အဖေ။ ဝမ်းနည်းကြေကွဲမှုကို မမျိုသိပ်နိုင်ဘဲ ရစ်ဝဲလာသည့် မျက်ရည်ကို ထိန်းပြီး ဖခင် မုဆိုးကြီးကို ကြည့်လိုက်မိသည်။

မုဆိုးကြီးက နတ်ဒိုးထံမှ ထွက်ပေါ်လာမည့် စကားသံကို နားစွင့်ရင်း မတုန်မလှုပ်ရှိနေဆဲပင်။ အတန်ကြာမှ မုဆိုးကြီးက နတ်ဒိုးကို ရစ်ဝဲနေသည့် မျက်ရည်စဖြင့် မော့ကြည့်နေသည်။ နတ်ဒိုးနှင့် မုဆိုးကြီး မျက်ဝန်းထဲတွင် မမြင်ရသည့် သံယောဇဉ်စကားများက နှလုံးသားတွင် ချည်နှောင်နေဆဲ ဖြစ်သည်။

"မင်း သိချင်တယ်ဆိုလို့ ငါ နောက်ဆုံးပြောလိုက်မယ်။ မင်းအဖေ နာမည်က ဒေဝကျော်စွာ"

သည်စကားတစ်ခွန်းထွက်နိုင်ဖို့ မုဆိုးကြီးနှလုံးသားတွင် မည်မျှ သိုဝှက် ထားခဲ့ရသည်ကို နတ်ဒိုး ရိပ်စားလိုက် မိသည်။

"ကဲ - မင်းဆုံးဖြတ်တော့"

ဖခင် မုဆိုးကြီး၏ တင်းပြတ်… ထွက်ပေါ်လာသည့် စကားသံနှင့်အ… နတ်ဒိုးက ဓားကို ကျစ်ကျစ်ပါအော… ဆုပ်ကိုင်ရင်း ဝေခွဲမရနိုင်ဘဲ ဇော… ပြန်နေသည်။ ထို့နောက် နတ်ဒိုးလ… ထဲက ဓားသည် လှုပ်ရှားမှုမြန်ဆန်… ပြီး နောက်ဆက်တွဲ ညည်းညူသံ… ဒိုး အလျင်စလို ပြေးထွက်ရင်း… တည်ခဲ့သည်က ဖူ့ရှသေလာခရီး။

◈◈◈

နတ်ဒိုး မည်မျှ အားသွန်ပြေး… သည် မသိ။ ဖူ့ရှသေလာတောင်ခြေ… တော့ နတ်ဒိုးခန္ဓာကိုယ်တစ်ခုလုံး… လေးလံနေသည်။ ပြီး ထပ်ဆင့်တို… သည့် ဆာလောင်မွတ်သိပ်မှု ဝေဒ… နှင့်အတူ နတ်ဒိုး မည်မျှ အိပ်မော… သွားမိသည် မသိ။

"ဟေ့ကောင်…မင်း ဘယ်… လဲ၊ မှန်မှန်ပြောစမ်း"

နတ်ဒိုး မည်မျှ အိပ်ပျော်သွ… သည်မသိ။ ရုတ်တရက် ကြားလိုက်… သည့် လူစိမ်းသူစိမ်း စကားသံကြော… နတ်ဒိုးမျက်စိကို ဖွင့်ပြီး ဓားကို အလ… စလိုကြည့်လိုက်မိသည်။

"ဟားဟားဟား…မင်းဓား… မင်းကို သေတွင်းပို့ဖို့အတွက် ဟော… မှာ ကြည့်"

သည်တော့မှ နတ်ဒိုး သတိ… လိုက်မိသည်။ နတ်ဒိုး လည်ပင်… ထောက်ထားသည့် ဓား။ နတ်ဒိုး မလှု… ရှားနိုင်တော့။

"ခင်…ခင်ဗျားက ဘယ်သူ…"

"ငါ့နာမည်က ဝေဒသော်… လေ။ မင်း မကြားမိဘူးလား။… သေလာတောင်ကို ငါ မသိ… ဘ… သူမှ လာခွင့်မရဘူး… ကဲ - ထ…

ဝေဒသော်… ဆိုသူ၏ …



www.burmeseclassic.com

www.burmeseclassic.com

ကြောင့် နတ်ဒိုး အိပ်နေရာမှ လေးပင်စွာ ထလိုက်မိသည်။ နတ်ဒိုး ခဏ လောင်မွတ်သိပ်မှုကြောင့် ခန္ဓာကိုယ် ယိမ်းယိုင်နေသည်။ နတ်ဒိုးအဖြစ်ကို ဝေဒသော်တာက ရိပ်စားမိဟန်တူသည်။

"မင်းကို ကြည့်ရတာ အာဟာရ မပြည့်ဝဘူးနဲ့တူတယ်။ ရော့ ဒီမှာ ရေဘူးရှိတယ်။ ပြီးတော့ အသားကင်ရှိတယ်"

နတ်ဒိုး ဝမ်းသာသွားသည်။ ရေဘူးထဲက ရေကို မော့သောက်ပြီး အသားကင်ကို အားရပါးရ စားလိုက်သည်။ နတ်ဒိုးအဖြစ်ကို ကြည့်နေသည့် ဝေဒသော်တာ။ နတ်ဒိုး ဗျူဂ္ဂသေလာတောင်၏အနေအထားကို ကြည့်လိုက်မိသည်။ အုပ်အုပ်ဆိုင်းဆိုင်း မှိုင်းမှိုင်းဝေဝေ။

"မင်း…ဘာကိစ္စနဲ့ လာခဲ့တာလဲဆိုတာ မှန်မှန်ပြောစမ်း။ မပြောရင် ငါ ဘယ်သူ့ကိုမှ လက်မခံနိုင်ဘူးကွ။ အေး မင်းကတော့ ဓားပါ ဆောင်လာတယ်ဆိုတော့ မင်းဓားက မင်းအတွက် အသုံးပြုဖို့ သေချာနေပြီကွ"

ဝေဒသော်တာက နတ်ဒိုးကို မယုံကြည်နိုင်သည့် အကြည့်ဖြင့် စူးစူးဝါးဝါးကြည့်ပြီး ခက်ထန်စွာ ပြောနေ၍ နတ်ဒိုး ဖခင် မုဆိုးကြီးစကားကို သတိရသွားမိသည်။

"ကျုပ်…လူသတ်ပြီး ထွက်ပြေးလာတာ"

"ဘာ… မင်းက လူသတ်ပြီး ထွက်ပြေးလာတာ ဟုတ်စ"

နတ်ဒိုးစကားကို ကြားလိုက်ရ၍ ဝေဒသော်တာက မယုံကြည်နိုင်ဘဲ လက်ထဲက ဓားကို စူးစမ်းကြည့်နေသည်။ အတန်ကြာမှ နတ်ဒိုးကို ကြည့်ကာ…

"မင်း ငါ့ကို မညာဘူးဆိုတာ ငါယုံတယ်။ ဟောဒီ ဓားချက်မှာ သွေးစွန်းနေတာ တွေ့ရတယ်။ နေပါဦး၊ မင်းသတ်ခဲ့တဲ့ လူက ဘယ်သူလဲ"

နတ်ဒိုး အဖြေရခက်သွားမိသည်။ နတ်ဒိုးမျက်စိထဲတွင် နောက်ဆုံး ပိုးတဝါး မြင်တွေ့လိုက်ရသည့် အရာ။ နတ်ဒိုး မဝေခွဲတတ်တော့။

"ကျုပ်သတ်ခဲ့တဲ့လူကို ကျုပ် မသိဘူး"

"အင်းလေ၊ မင်းသတ်ခဲ့တဲ့ လူကို မင်း မသိဘူးဆိုတော့ မင်းကို ရတ်တရက် ရန်မူတဲ့လူကို သတ်ခဲ့တာပဲ ဖြစ်မယ်။ ကဲ - မင်းစားသောက်ပြီးရင် ဒီ ဗျူဂ္ဂသေလာတောင်နဲ့ ဝေးရာကို သွားတော့"

"ဗျာ…၊ ကျုပ်…ကျုပ်သွားရမယ်၊ ဟုတ်လား"

နတ်ဒိုး အံ့သြတကြီးဖြစ်သွားမိသည်။ နတ်ဒိုးရောက်လိုသည်က ဗျူဂ္ဂသေလာတောင်။ ဗျူဂ္ဂသေလာတောင်တွင် နတ်ဒိုးဘဝအတွက် ကူညီမယ့်သူ ရှိသည်ဟု ဖခင် မုဆိုးကြီး၏ စကားသံ။

"ကျုပ်…ဒီဗျူဂ္ဂသေလာတောင်မှာ တွေ့ချင်တဲ့ လူတစ်ယောက် ရှိတယ်"

"ဘယ်လို… ဒီဗျူဂ္ဂသေလာတောင်မှာ မင်းတွေ့ချင်တဲ့ လူတစ်ယောက်ရှိတယ်၊ ဘာကိစ္စလဲ၊ ပြောစမ်း"

နတ်ဒိုး တုံ့ဆိုင်းမနေနိုင်တော့။ နတ်ဒိုး နှစ်ပေါင်းများစွာ တွေ့မြင်ခွင့်မရသေးသည့် ဖခင်ရင်း ဒေဝကျော်စွာ။ သေပြီလား၊ ရှင်ပြီလားဟု ဖခင် မုဆိုးကြီးက တိတိပပ မပြောခဲ့။ နတ်ဒိုး ဖခင် မုဆိုးကြီး လျှို့ဝှက်စွာ သိမ်းဆည်းထားသည့် ပစ္စည်းထဲမှ ရှားရှားပါးပါး တွေ့ရသည့် ကြက်သွေးရောင် ကတ္တီပါအိတ်လေး။ နတ်ဒိုး ဖျတ်ခနဲ သတိရသွားမိသည်။ နတ်ဒိုး ကတ္တီပါအိတ်လေးကို ထုတ်ပြီး ဝေဒသော်တာကို ပေးလိုက်သည်။

"ဟင်…မင်း…မင်းက ဒေဝကျော်စွာသားပါလား"

"ဟုတ်တယ်၊ ကျုပ်အဖေနဲ့ တွေ့ချင်လို့ လာတာ"

ဝေဒသော်တာက နတ်ဒိုး ကမ်းပေးသည့် ကတ္တီပါအိတ်လေးကို သေချာစွာ ကြည့်ပြီး တစ်စုံတစ်ခုကို စဉ်းစားနေဟန်တူသည်။ အတန်ကြာမှ ဗျူဂ္ဂသေလာတောင်ကို ကြည့်ကာ…

"အေး၊ ငါက မင်းတွေ့ချင်တဲ့ လူပဲကွ။ ငါ မင်းကို စောင့်စားနေခဲ့တာ။ နှစ်ပေါင်းကြာခဲ့ပြီကွ။ ဒီတော့ မင်းအဖေနဲ့ ပတ်သက်တဲ့ နေရာကို သွားရမှာ"

ဝေဒသော်တာက ပြောပြောဆိုဆို လက်ထဲတွင် ကိုင်ထားသည့် ဓားအိမ်ကို သေချာစွာ ကြည့်လိုက်သည်။ အဖြေတစ်ခုတွေ့လိုက်ရ၍ မျက်နှာဝင်းလက်သွားသည်။

"ပြောရရင်တော့ မင်းအဖေ လျှို့ဝှက်စွာ ထားခဲ့တဲ့ ပစ္စည်းတွေက ဒီ ဗျူဂ္ဂသေလာတောင်မှာ ရှိတယ်ကွ"

"ကျုပ်အဖေ ထားခဲ့တဲ့ ပစ္စည်း၊ ဟုတ်လား"

"အဲဒါကြောင့် ငါ မင်းနဲ့ အတူရှာပြီး ပစ္စည်းတွေ ရလာတဲ့အခါ တစ်ယောက် တစ်ဝက်ခွဲပြီး ယူရမှာ"

ဝေဒသော်တာ စကားကြားမှ နတ်ဒိုး သတိရသွားမိသည်။ နတ်ဒိုး ဖခင် မုဆိုးကြီး ပြောပြခဲ့သည့် ပစ္စည်းဆိုသည်က ဘာများပါလိမ့်။ နတ်ဒိုး ပို၍ စိတ်ဝင်စားသွားမိသည်။

"ငါက ဒီမှာ တစ်ယောက်တည်း နေတာကွ။ ငါ့ဘဝမှာ အဖော်ဆိုတာ ဓားနဲ့ လေးပဲ ရှိတာ။ ဒီတော့ မင်းနဲ့ ငါ အမြန်ဆုံး သွားရာမှဖြစ်မယ်။ ကဲ-



www.burmeseclassic.com

www.burmeseclassic.com

ပါ့တဲ့ဆီသွားကြမယ်"

နတ်ဒိုးက ဝေဒသော်တာ စကားကို ကြားပြီး စဉ်းစားမိသည်။ နတ်ဒိုး ဘဝက တစ်ကောင်ကြွက်။ လောလောဆယ် နတ်ဒိုးအနားတွင် ရှိနေသည်က ဝေဒသော်တာ။

◈◈◈

နတ်ဒိုးရှေ့မှ အလျင်စလို သွားနေသည့် ဝေဒသော်တာကို ကြည့်ရင်း စဉ်းစားမရနိုင်အောင် ဖြစ်နေမိသည်။ ဝေဒသော်တာက နတ်ဒိုးကို ဗျူဟာသေလာတောင်တွင် ဘာကြောင့် နှစ်ပေါင်းများစွာ စောင့်စားနေခဲ့ရတာလဲ။ ပြီး နတ်ဒိုး ဖခင်ရင်း လျှို့ဝှက်စွာ ထားခဲ့သည့် ပစ္စည်းများ။ နတ်ဒိုး ရှေ့ဆက်ရမည့် ခရီး။ အတွေးများစွာဝင်နေမိသည်။

သစ်ပင်ရိပ်များကြားမှ ထိုးဖောက်ဝင်လာသည့် နေရောင်ခြည်စူးစူးက မြေပြင်ပေါ်ရှိ သစ်ရွက်ကြွေခြောက်ပေါ်သို့ ထိုးကျနေသည်။ နေခြည်အလင်းတန်းနှင့် တွေ့မြင်နေရသည့် သစ်ပင်ချုံနွယ်များ။ နတ်ဒိုး ကြည့်ရင်း မုဆိုးပီပီ အန္တရာယ်ကို ရှာဖွေမိသည်။ တစ်တော တစ်တောင်လုံးက တိတ်ဆိတ် ငြိမ်သက်ပြီး လှုပ်ရှားမှု မတွေ့ရ။

ဝေဒသော်တာက တစ်ခုခုကို သိနေသည့်အလား။ ရှေ့မှ အလျင်စလို သွားနေ၍ နတ်ဒိုး အမီလိုက်နေရသည်။ မကြာခင် ဝေဒသော်တာ ရပ်ပြီးနေသည်ကို တွေ့လိုက်ရ၍ နတ်ဒိုး စူးစမ်းကြည့်လိုက်မိသည်။ "ဟင်"ဟု နတ်ဒိုး ပါးစပ်ဖျားဆီမှ ထွက်သွားမိသည်။

ကြည့်လေ၊ သစ်ပင်ချုံနွယ်များ ပိတ်ဖုံးနေသော်လည်း ထူးထူးခြားခြား မြေကွက်လပ်ကြီးတစ်ခုကို တွေ့လိုက်ရခြင်းဖြစ်သည်။ တစ်တော တစ်တောင်လုံး သစ်ရွက်ကြွေများ မြေပြင်အတိ ဖုံးလွှမ်းနေသော်လည်း သည်မြေကွက်လပ်တွင် သစ်ရွက်ကြွေများ မရှိဘဲ ပြန့်ပြူးညီညာနေသည်က အံ့သြစရာဖြစ်နေသည်။

"ဒီနေရာက သစ်ရွက်ကြွေမရှိဘဲ မြေကွက်လပ်ဖြစ်နေတာ အံ့သြစရာပဲ"

"ဟုတ်တယ်ကွ။ အဲဒါက မင်းနဲ့ ထိုက်တန်တဲ့ ပစ္စည်းတွေ ရှိတဲ့ နေရာ အစစ်အမှန်ပဲကွ။ ငါတို့ အချိန်မီ တူးမှ ဖြစ်မယ်"

ဝေဒသော်တာက ပြောရင်း အသင့်ယူလာသည့် တူရွင်းဖြင့် မြေပြင်ကွက်လပ်နေရာကို တူးနေ၍ နတ်ဒိုး မနေသာ။ အသင့်ယူလာသည့် တူရွင်းဖြင့် နှစ်ဦးသား ဇွဲနပဲကြီးစွာ မြေပြင်ကို တူးဖော်နေသဖြင့် ကျင်းကြီးတစ်ခု ခါးစောင်းခန့်အထိ ပေါ်လာသည်။ နတ်ဒိုး ခန္ဓာကိုယ်တစ်ခုလုံး ဇောချွေးများနှင့်အတူ အတွေးစက ပြန်ဝင်လာသည်။ နတ်ဒိုး ဖခင်အရင်းက ဘာကြောင့် သူ့အတွက် ပစ္စည်းများကို ဗျူဟာသေလာတောင်တွင် လျှို့ဝှက်စွာ ထားခဲ့ပါလိမ့်။

"ဒုတ်...ဒုတ်"

"တွေ့ပြီကွ...တွေ့ပြီ ဟောဒီမှာ"

နတ်ဒိုး ရေဘူးထဲက ရေကို မော့သောက်လိုက်စဉ် ကြားလိုက်ရသည့် ဝေဒသော်တာ၏ ဝမ်းသာအားရ စကားကြောင့် ကြည့်လိုက်မိသည်။ မြေကျင်းထဲတွင် လူတစ်ရပ်သာသာရှိ ရှည်မျောမျော ကျောက်ခေါင်းတလားကြီး။

"ကျောက်...ကျောက်ခေါင်းကြီးပါလား"

"ဒီကျောက်ခေါင်းတလားကြီးထဲမှာ ပစ္စည်းရှိတာ သေချာသွားပြီကွ။ ဖွင့်ကြည့်ရအောင်"

ဝေဒသော်တာက ပြောပြောဆိုဆို သံတူရွင်းဖြင့် ကျောက်ခေါင်းတလားကြီးကို ထိုးကော်ပြီး ဖွင့်နေ၍ နတ်ဒိုး[illegible]ပါ အားစိုက်ပြီး ဖွင့်လိုက်မိသည်။ နတ်ဒိုး မယုံနိုင်စရာ တွေ့လိုက်ရသည်က လူအရိုးစုတစ်ခုနှင့် ဝင်းလဲ့ တောက်[illegible] နေသည့် ရတနာများ။

ဝေဒသော်တာက ဝင်းလဲ့ တောက်ပနေသည့် ရတနာများကို လွယ်အိတ်ကြီးထဲသို့ သိမ်းကျုံးထည့်နေသည်ကို နတ်ဒိုး တွေ့လိုက်ရသည်။

"ဟောကောင်... ပစ္စည်းတွေ မြန်မြန်ယူလေကွာ။ အန္တရာယ်တွေ [illegible] လာပြီကွ။ ပြေးနိုင်မှ လွတ်မှာ"

ဝေဒသော်တာ၏ စကားသံကြောင့် နတ်ဒိုး ဘာမှ မစဉ်းစားနိုင်တော့။ ကျောက်ခေါင်းတလားကြီးထဲ[illegible] ဝင်းလဲ့ တောက်ပနေသည့် ပစ္စည်းများကို လွယ်အိတ်ကြီးထဲသို့ ထည့်ပြီး အရိုးစုကို ကြည့်လိုက်မိသည်။ အရိုး[illegible] လက်ထဲတွင် ကိုင်ထားသည့် ရွှေပြားလေးတစ်ချပ်။

နတ်ဒိုး စိတ်ဝင်စားသွားမိသည်။ နတ်ဒိုး ကမန်းကတန်း ရွှေပြားလေးကို ယူပြီး ကျောက်ခေါင်းတလားအဖုံးကို အမြန်ဆုံးပိတ်ပြီး မြေကျင်းပေါ်သို့ ခု[illegible] တက်လိုက်သည်။

ရုတ်တရက် တွေ့ မြင်လိုက်ရသည့် လျှပ်စီးလက်သံနှင့်အတူ တ[illegible] ဂျိမ်းမြည်ဟည်းလာသည့် မိုးခြိမ်းသံ[illegible] ထပ်ဆင့် တိုးဝင်လာသည့် လေပြင်းကြမ်းကြမ်းနှင့်အတူ သစ်ပင်ကြီးငယ်များ၏ ပွတ်ကြိတ်ပြိုလဲသံ။ နတ်ဒိုး လွယ်အိတ်ကို သိုင်းလွယ်ပြီး လက်ထဲက ဓားကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်လိုက်သည်။

ဝေဒသော်တာက ပစ္စည်းများ ထည့်ထားသည့် လွယ်အိတ်ကြီးကို သိုင်းလွယ်ရင်း နတ်ဒိုးကို တစ်ချက် ကြည့်ကာ မိုးထဲ လေထဲသို့ အပြေး



www.burmeseclassic.com

www.burmeseclassic.com

အလွှားထွက်သွားသည်ကို တွေ့လိုက်ရသည်။

"ဝေဒသော်တာ···ဝေဒသော်တာ"

နတ်ဒိုး မိုးလေကြားမှ ဝေဒသော်တာကို အားကုန်လှမ်းခေါ်လိုက်မိသည်။ နတ်ဒိုးခေါ်သံက တကျိမ်းကျိမ်း တဝေါဝေါမြည်နေသည့် မိုးသံလေသံကြားမှ တိမ်မြုပ်သွာယသည်။ နတ်ဒိုး မတတ်သာတော့။ နတ်ဒိုး ရှေ့ဆက်သွားရမည့် ခရီး။ နတ်ဒိုး တူးဖော်ခဲ့သည့် မြေကျင်းဆီသို့ အကြည့်ရောက်သွားမိသည်။

ကျောက်ခေါင်းတလားကြီးထဲက သူအရိုးစုက နတ်ဒိုးဖခင်အရင်း ဒေဝကျော်စွာလား။ နတ်ဒိုး မဝေခွဲနိုင်အောင် ဖြစ်သွားမိသည်။ နတ်ဒိုး ဒူးထောက်ပြီး ကျောက်ခေါင်းတလားကို လက်အုပ်ချီပြီး ကန်တော့လိုက်သည်။ မြေကျင်းဘေးရှိ မြေကြီးများက မိုးရေစီးနှင့်အတူ ချုပါပြီး ကျောက်ခေါင်းတလားကြီးကို ဖုံးအုပ်သွားလေသည်။

စောစောက လျှပ်စီးလက်သံ၊ မိုးခြိမ်းသံနှင့် လေပြင်းများက တစ်စတစ်စလျော့ပါးပြီး ရာသီဥတုက ပကတိပြန်သက်ကြည်လင်သွားသည်။ နတ်ဒိုး မူကြီးရပ်ပြီး ဘယ်သွားရမှန်း မသိတော့။ နောက်ဆုံး နတ်ဒိုး ဆုံးဖြတ်ချက်ချလိုက်မိသည်။ နတ်ဒိုး ခြေဦးနှင့် ဒူးတွေ့ရာလမ်း။

နတ်ဒိုး ပတ်ဝန်းကျင်အနီးရှိ ရှုခင်းရာယ်အငွေ့အသက်။ နတ်ဒိုး ဖျတ်ခနဲ ဝေဒသော်တာ၏ ကောက်ကျစ်စဉ်းလဲသည့် မျက်နှာကို ကွက်ခနဲ မြင်ယောင်သွားမိသည်။ နတ်ဒိုး လျင်မြန်စွာပင် လက်ထဲက ဓားဖြင့် သွက်လက်စွာ လှုပ်ရှားလိုက်သည်။ ဓားသွားချင်းထိတွေ့သံ၊ ညည်းညူသံများ ထွက်ပေါ်လာသည်။ နောက်ဆုံး နတ်ဒိုး နာကျင်မှု ဝေဒနာနှင့်အတူ ဖျူသေလာတောင်တစ်ခုလုံး ချာချာလည်သွားမိလေသည်။

◈◈◈

နတ်ဒိုး မည်မျှ အတွေးလွန်ပြီး မေ့လျော့သွားခဲ့မိသည် မသိ။ နတ်ဒိုး သတိရပြီး မျက်စိကို ဖြည်းညင်းစွာ ဖွင့်ကြည့်လိုက်သည်။ နတ်ဒိုးမျက်နှာကို စိုးရိမ်တကြီးကြည့်နေသည့် မျက်နှာပြင်တစ်ခုလုံး ရုပ်ပျက်ဆင်းပျက် ဒဏ်ရာနှင့် လူကြီး။ နတ်ဒိုး အံ့အားသင့်သွားမိသည်။ နတ်ဒိုး အံ့အားသင့်စိတ်နှင့်အတူ ခန္ဓာကိုယ်ကို လှုပ်ရှားကြည့်လိုက်မိသည်။

"မလှုပ်ရှားနဲ့ လူလေး။ လူလေးရဲ့ နှလုံးသည်းခြေက မငြိမ်သေးဘူးကွဲ့။ အခုချိန်မှာ စိတ်နှလုံးကို အေးအေးထားပြီး အနားယူမှ လူလေး ဇီဝရှည်မှာ။ ပြီးတော့ လူလေး ရှေ့ဆက်ရမယ့် ခရီးက ရှိသေးတယ်ကွဲ့"

နတ်ဒိုးနားထဲတွင် မကြားစဖူး ကြားလိုက်ရသည့် ကရုဏာပြည့်လျှမ်းသည့် စကားသံ။ ဒါဆို သူ ဘယ်နေရာရောက်နေတာလဲ။

"ကျုပ်···ကျုပ် ဘယ်နေရာရောက်နေတာလဲ"

"လူလေး တောင်ပေါ်က လိမ့်ကျပြီး သတိမေ့နေတာကွဲ့။ လူလေး ခံစားနေရတဲ့ ဝေဒနာက ကင်းရှင်းမှု မရှိသေးတာ တွေ့ရလို့ ဘဘုန်းကြီးထံ ခေါ်လာခဲ့ရတာ"

နတ်ဒိုး သတိရသွားမိသည်။ နတ်ဒိုး အတိတ်က ဖြစ်ရပ်များကို ခံစားရင်း သတိလျော့ပါးပြီး တောင်ပေါ်က လိမ့်ကျခဲ့သည့်အဖြစ်။ နတ်ဒိုးကိုယ်တိုင်ပင် အံ့သြတကြီးဖြစ်နေမိသည်။ နတ်ဒိုး ဘဘုန်းကြီးကို သတိရသွားမိသည်။

"ဘဘုန်းကြီး···ဘဘုန်းကြီး"

"ဘဘုန်းကြီး ရှိပါတယ်ကွယ်။ လူလေး ဝေဒနာနဲ့ သင့်လျော်တဲ့ ဆေးဝါးကို ဖော်စပ်နေပါတယ်။ မကြာခင် လာပါလိမ့်မယ်"

နတ်ဒိုးအဖြစ်ကိုပင် နတ်ဒိုး မယုံနိုင်တော့။ နတ်ဒိုး ဘဘုန်းကြီးထံ ရောက်ခဲ့သည်က တစ်နှစ်သားပင် ရှိခဲ့ပြီမဟုတ်ပါလား။ နတ်ဒိုး ဘယ်ကို သွား၍ ဘယ်လို လာရမှန်း မသိတော့။ နတ်ဒိုးအခြေအနေက အထီးကျန်ဘဝ။ ပြီး နတ်ဒိုးရင်ထဲတွင် တည်ရှိနေသည့် ဖခင်အရင်း ဒေဝကျော်စွာ။

"သြော်···ကပ္ပိယကြီး သတိလည်လာပြီပဲ။ နှလုံးသားအပူက မငြိမ်ဝပ်သေးတော့ ဝေဒနာဖောက်ပြန်တာကို မခံနိုင်ဘူးပေါ့ကွယ်။ ဒီဆေးရည်လေးကို သောက်လိုက်ပါဦး။ မကြာခင် ကပ္ပိယကြီး ဝေဒနာကင်းရှင်းသွားမှာပါ။ ရော့···ဦးကြီး၊ ကပ္ပိယကြီးကို ဆေးတိုက်လိုက်ပါကွယ်"

ဘဘုန်းကြီး ကမ်းပေးသည့် ဆေးခွက်ကို မျက်နှာတွင် ဒဏ်ရာနှင့် လူကြီးက ယူပြီး နတ်ဒိုးမျက်နှာကို ကြင်နာစွာ ကြည့်ကာ ဆေးတိုက်သဖြင့် နတ်ဒိုး ဆေးရည်ကို မျိုချလိုက်သည်။ နတ်ဒိုးရင်ထဲသို့ စီးမျောဝင်လာသည့် အရာနှင့်အတူ နတ်ဒိုးခန္ဓာကိုယ်ထဲမှ ပူနွေးရှိန်းမြသည့် အထိအတွေ့။

"ဦးကြီး··· ကပ္ပိယကြီးရဲ့ ဇစ်မြစ်ကို မေးပြီး ဘဘုန်းကြီးကိုယ်စား စောင့်ရှောက်ပါကွယ်။ သူ့ခမျာ ဖခင်အရင်းကို သိပ်တွေ့ချင်နေရှာတာ"

ဘဘုန်းကြီး၏ စကားသံနှင့်အတူ နတ်ဒိုး၏ ဖခင်အရင်းသည် ဖျူသေလာ တောင်တွင် တွေ့ခဲ့ရသည့် ကျောက်ခေါင်းတလားကြီးထဲ လူလား။ ဒါမှမဟုတ်၊ နတ်ဒိုးအတွေးစက ရပ်တန့်သွားပြီး သူ့ကို ကြင်နာစွာ ပွေ့ဖက်၍ ဆေးရည်တိုက်ခဲ့သည့် ဦးကြီးဆီမှ လူ

www.burmeseclassic.com

www.burmeseclassic.com

ကြီးကို ကြည့်လိုက်မိသည်။

"အင်း・・・ ဘဝပဋ္ဋာန်းဆက် မပြတ်သရွေ့ တွေ့ကြုံဆုံကွဲ ဆိုတဲ့ လူတွေ တစ်နေ့နေ့ ပြန်ဆုံတွေ့ကြစမြဲပဲ မဟုတ်လား ကဗွီယကြီး"

နတ်ဒိုး ဘဘုန်းကြီး၏ ဆေးရည်ခွက်သောက်ပြီး ထူးထူးခြားခြား ခန္ဓာကိုယ်နှင့် စိတ်လက်ပေါ့ပါး ကြည်လင်လာသည်။ ဦးကြီးဆိုသူ၏ စကားသံကို ကြားလိုက်ရ၍ နတ်ဒိုး အံ့အားသင့်သွားမိသည်။ ဦးကြီးဆိုသူကို နတ်ဒိုး ဘစ်ခါမှ မတွေ့ဘူး။ မမြင်ဘူးခဲ့။ ဘာကြောင့် ဦးကြီးဆိုသူ ဘဘုန်းကြီးထံ ရောက်လာခဲ့တာလဲ။

"လူတွေက တွေ့ကြုံဆုံကွဲ၊ ဟုတ်လား ဦးကြီး"

"ဟုတ်တယ်ကွဲ့။ လူမှန်သမျှ တစ်နေ့နေ့ တွေ့ကြ၊ ဆုံကြ၊ ကွဲကြပေမယ့် ဘဝရေစက်ဆုံရင် ပြန်ကြုံရတာပါ။ လူလေးဘဝမှာ သိပ်တွေ့ချင်တဲ့ ဖခင်ကို ဦးကြီး ရှာပေးပါ့မယ်။ မကြာခင် ပြန်တွေ့ရမှာပါကွယ်"

"တကယ်ပြောတာလား ဦးကြီး။ ဦးကြီးက ကျုပ်အဖေကို ရှာပေးမယ်ဆိုတော့ ကျုပ်ဝမ်းသာပါတယ်"

"လူလေးအဖေကို ဦးကြီး ရှာပေးပါ့မယ်ကွယ်။ ဒါပေမယ့်・・・"

ဦးကြီး၏ ပြတ်ငင်သွားသည့် စကားသံကြောင့် နတ်ဒိုး စိုးရိမ်သွားမိသည်။ နတ်ဒိုး မစိုးရိမ်လို့ မဖြစ်။ နတ်ဒိုး ကြုံတွေ့ခဲ့ရသည့် ကျောက်ခေါင်းတလားကြီးထဲက လူအရိုးစု။ နတ်ဒိုး သတိရသွားမိသည်။ နတ်ဒိုး ခါးကြားတွင် သိမ်းငင်ထားသည့် ရွှေပြားလိပ်လေးကို ထုတ်ပြီး ဦးကြီးကို ကမ်းပေးလိုက်သည်။

ဦးကြီးက နတ်ဒိုး ကမ်းပေးသည့် ရွှေပြားလိပ်လေးကို ဖြန့်ပြီး အတန်ကြာဖတ်ရှုကာ ရစ်ဝဲလာသည့် မျက်ရည်စဖြင့် နတ်ဒိုးကို ကြည့်ရင်း မမျိုသိပ်နိုင်ဘဲ ပွေ့ဖက်လိုက်သည်။ နတ်ဒိုး အံ့အားသင့်သွားမိသည်။

◈◈◈

"လူလေးဘဝမှာ အလွန်တွေ့ချင်တဲ့ အဖေအရင်းက ဦး・・・ ဦးကြီးပါကွယ်"

"ဗျာ・・・ ဦးကြီးက ကျုပ်အဖေအရင်း ဒေဝကျော်စွာဆိုတာ"

"ဟုတ်တယ် ကဗွီယကြီး။ ကဗွီယကြီးလိုပဲ ဓားဒဏ်ရာ ဗရပွနဲ့ တွေ့ရတဲ့ ဒေဝကျော်စွာကို ဘဘုန်းကြီး ကယ်တင်ထားခဲ့တာကွဲ့"

ထပ်ဆင့်ကြားလိုက်ရတဲ့ ဘဘုန်းကြီး မိန့်ဟသံနှင့်အတူ ဦးကြီးမျက်နှာပေါ်က ဓားဒဏ်ရာကို ကြည့်ပြီး ဖခင်မှဆိုးကြီး၏ စကားသံကို နတ်ဒိုး ကြားယောင်သွားမိပြန်သည်။ ခုလို ဖခင်ရင်းကို ပြန်တွေ့ရ၍ နတ်ဒိုး အတိုင်းမသိ ကြည်နူးသွားမိသည်။

"လူ့နှလုံးသားမှာ လောဘ၊ ဒေါသ၊ မောဟဆိုးတွေ ဝင်လာရင် အင်မတန် ကြောက်စရာကောင်းတယ် လူလေး။ မိသားစုရင်း၊ မိတ်ဆွေရင်း၊ သူငယ်ချင်းရင်းဖြစ်ကြပေမယ့် အမုန်းတရားတွေ ပွားပြီး နှလုံးသားမှာ ရန်သူတွေ ဖြစ်ခဲ့ကြတာ"

ဦးကြီး၏ ဆွေးမြည့်တုန်ယင်သည့် စကားသံကို ကြားမှ နတ်ဒိုး လွယ်အိတ်ထဲမှ ရတနာပစ္စည်းများနှင့်အတူ ရွှေဘုရားလေးကို သတိရသွားမိသည်။

"ရွှေဘုရား・・・ရွှေဘုရား"

"ရွှေဘုရားလေးအတွက် စိုးရိမ်ကြောင့်ကြမနေပါနဲ့ လူလေးရယ်။ လူလေးရဲ့ အဘိုး နန္ဒာကျော်စွာက သစ္စာပြုပြီး အမြဲတမ်း ကိုးကွယ်ခဲ့တဲ့ ရွှေဘုရားလေးပါ။ ရွှေဘုရားလေး… ကမ္ပည်းထိုးထားတာက အဘိုး န… ကျော်စွာ သားစဉ်မြေးဆက်ပဲ ကိုးကွ… နိုင်ဖို့ သစ္စာပြုထားတော့ မသမာသူ… ယူငင်သွားလို့ မရဘူးကွဲ့။ ယူငင်သွ… ရင်လည်း ဘေးရန်ကွမျိုးစုံနဲ့ ကြုံတွေ့… မှာ မလွဲဘူး လူလေး"

"ဒါ・・・ဒါဆို ဝေဒသော်တာ… ဝေဒသော်တာ・・・"

နတ်ဒိုးက ဗျူဟသေလာတော… တွင် ရတနာပစ္စည်းများကို ယူငင်… ပျောက်ဆုံးသွားသည့် ဝေဒသော်တာ… သတိရပြီး မေးလိုက်မိသည်။

"မကောင်းမှု ပြုလုပ်တဲ့ အ… သိလ်ကံက ကြောက်စရာကောင်းတ… လူလေး။ လူလေး တွေ့ခဲ့တဲ့ ဝေ… သော်တာက အမှန်တော့ ဓားပြ… မိုးခေါင်ပဲ လူလေး"

နတ်ဒိုးသည် ဖခင် ဦးကြီးစကား… ကြောင့် တုန်လှုပ်သွားမိသည်။ ဒါ… ဝေဒသော်တာက ဘယ်သူလဲ။ နတ်… ပို၍ စိတ်ဝင်စားသွားမိသည်။

"ဓားပြကြီး မိုးခေါင်က လူသ… ဓားပြတိုက်ပြီး ဗျူဟသေလာတောင်… အခြေချနေခဲ့တာ။ အဲဒါ လူလေ… ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းထား… တဲ့ ရတနာပစ္စည်းတွေကို ဖော်ထုတ်… ဖို့ ဦးကြီးရဲ့ညီ ဝေဒသော်တာကို သ… ပြီး နာမည်ယူခဲ့တာပဲ လူလေး။ လူ… ကို ဦးကြီးသားမှန်း သိပြီး ဗျူဟသေ… တောင်မှာ လျှို့ဝှက် မြှုပ်နှံထား… ရတနာတွေကို ရအောင် လှည့်စား… တာပဲ လူလေး"

ဖခင် ဦးကြီးစကားကို ကြား… လိုက်ရ၍ နတ်ဒိုး မယုံနိုင်အောင်… သွားမိသည်။ ပြီး နတ်ဒိုး ဖခင် မှ… ကြီး၏ မျက်နှာကို မြင်ယောင်သွား… သည်။



www.burmeseclassic.com

www.burmeseclassic.com

"အင်း…နောက်ဆုံးတော့ ဓေဒ သော်တာအမည်ခံ ဓားပြကြီး မိုးခေါင်ဟာ ရတနာတွေနဲ့အတူ မိုးကြိုးလေကြီး ကျတဲ့ ညမှာပဲ ချောက်ကမ်းပါးပဲ့ပြီး အသက်ဆုံးရှာပြီ လူလေး"

ဦးကြီးစကားကြောင့် နတ်ဒိုး ယုံနိုင်အောင် ဖြစ်သွားမိသည်။ မိုးလေထဲတွင် ရတနာပစ္စည်းများကို လောဘဇောဖြင့် ယူခဲ့သည့် ဓားပြကြီး မိုးခေါင်။

"ပြီးတော့ လူလေး ဗျူဂ္ဂသေလာတောင်က အပြန်မှာ လူလေးဆီက ရတနာတွေ ယူငင်ဖို့ မုဆိုးကြီးက ဓားပြသားတွေနဲ့ ပေါင်းပြီး လူလေးကို သတ်ဖို့ ကြံရွယ်ခဲ့တာ"

"ဗျာ… အဖေ မုဆိုးကြီးက ကျွပ်…ကျွပ်ကို သတ်ဖို့"

"အဲဒါကြောင့် ဦးကြီး လူလေး အသက်ကို ဓားပြသားတွေရဲ့ လက်က ကယ်တင်ခဲ့ပြီး ဘဘုန်းကြီးကို အပ်ခဲ့တာ"

နတ်ဒိုး ဦးကြီး၏ မျက်နှာကို ကြည့်လိုက်မိသည်။ နတ်ဒိုးအသက်ကို ကယ်တင်ခဲ့သည့် ဖခင်ရင်း ဒေဝကျော်စွာ။ နတ်ဒိုး ဝတ်မွတ်ခဲ့ရသည့် ဖခင် မေတ္တာနလုံးသား။ နတ်ဒိုး ဦးကြီးကို ကြည့်ဖက်ပြီး တန့်မဆည်နိုင်ဘဲ ထွက်လာသည့် မျက်ရည်။ နတ်ဒိုး ငယ်စဉ်ကတည်းက ခေါ်ခွင့်မရခဲ့သည့် အဖေ။ နတ်ဒိုးဘဝက မွေးဖွားလာကတည်းက ဆန်းဆန်းကြယ်ကြယ်။ နတ်ဒိုးရင်ထဲက ခံစားမှုဝေဒနာကို ဖိပ်စားမိနေသည့် ဖခင် ဒေဝကျော်စွာ။

"လူလေး သိချင်တဲ့ လူလေး အမေ လူလေးကို မွေးပြီး လသား အရွယ်မှာ ဆုံးပါးခဲ့ရှာတယ်။ လူလေးကို အဖေ ချီပိုးပြီး လူလေးအဘွားဆီကို ပို့အလာ၊ ဗျူဂ္ဂသေလာတောင်မှာ ဓားပြသားတွေနဲ့ တွေ့ပြီး အဖေနဲ့ လူလေး ကွဲကွာခဲ့ကြတာပဲ။ လူလေး ရယ်… အဖေကတော့ လူလေးနဲ့ တစ်နေ့ ပြန်ဆုံမှာပဲဆိုတဲ့ မျှော်လင့်ချက်နဲ့ အဖေရှာနေခဲ့တာ"

ဦးကြီး၏ ဆို့နင့် ကြေကွဲမှု စကားသံကြောင့် နတ်ဒိုးဘဝဖြစ်စဉ်ကို သိခွင့်ရသလို၊ ဖခင်ဖြစ်ခဲ့သည့် မုဆိုးကြီးမျက်နှာကို မြင်ယောင်သွားမိသည်။

"ဟိုးယခင်က သည်တောင်မှာ ဗျူဂ္ဂဆိုတဲ့ ကျားတွေ ကျင်လည်ကျက်စားခဲ့တဲ့ နေရာမို့ "ဗျူဂ္ဂတောင်"လို့ အမည်တွင်ခဲ့တာ လူလေး။ အဖေတို့ ဘိုးဘေးဘီဘင်တွေအဆက်ဆက် ဒီဗျူဂ္ဂသေလာတောင်မှာ အခြေချ နေထိုင်ခဲ့ကြတာပါ။ မသမာသူတွေရဲ့ ရန်ကြောင့် ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းကိုးကွယ်ခဲ့တဲ့ ရွှေဘုရားလေးနဲ့ ရတနာပစ္စည်းတွေကို လူလေးရဲ့ အဘိုးဆန္ဒအတိုင်း ဗျူဂ္ဂသေလာတောင်မှာ သူနဲ့ သစ္စာပြုပြီး မြှုပ်နှံထားခဲ့တာ"

"ဒါဆို ကျွပ်တွေ့ခဲ့ရတဲ့ ကျောက်ခေါင်းတလားကြီးထဲက အရိုးစုက ကျွပ်အဘိုးရဲ့ ရုပ်ကြွင်းပေါ့"

"ဟုတ်တယ် လူလေး။ ပြီးတော့ ဒီရွှေဘုရားလေးနဲ့ ရတနာတွေကို တူးဖော်ပြီး ဘုရားတည်ရင် ဗြာပနာထည့်သွင်းမှာကို သိနေတဲ့ ဓားပြကြီး မိုးခေါင်က လောဘတွေ ဖုံးလွှမ်းတဲ့ မုဆိုးကြီးနဲ့ ပေါင်းပြီး ကြံစည်ခဲ့တာပဲ လူလေး။ အင်း… မကောင်းမှုစိတ်တွေ ဖုံးလွှမ်းတဲ့ မိစ္ဆာစိတ်တွေ ဝင်လာရင် ကြောက်စရာကောင်းတယ် လူလေး။ ခု လူလေး အဘိုးရဲ့ ရတနာပစ္စည်းတွေ ရပြီဆိုတော့ အဖေနဲ့ လူလေး ဘုရားတည်ပြီး ရတနာတွေ လှူမယ်။ ပြီးတော့ အဖေနဲ့ လူလေး ပြုလုပ်ခဲ့သမျှ ကုသိုလ်အတွက် အမျှအတန်းဝေတာကို ကြားသိတဲ့ လူနတ်သတ္တဝါတွေအားလုံး သာဓုခေါ်ကြမှာပါ လူလေးရယ်၊ သာဓုခေါ်ကြမှာပါ"

ဒေဝကျော်စွာက ဗျူဂ္ဂသေလာတောင်ကို ကြည့်ရင်း ဆွေးမြည့်စွာ ပြောနေသည်ကို နတ်ဒိုး ကြည့်ရင်း စိတ်ထဲတွင် ခံစားနေမိသည်။ ခုတော့ ဗျူဂ္ဂသေလာတောင်တစ်ခုလုံး တိတ်ဆိတ် အေးချမ်းနေပေသည်။

"ဒူဝေဝေ…ဒူဝေဝေ…"

နတ်ဒိုးနားထဲတွင် ကြားလိုက်ရသည့် ဘဘုန်းကြီး၏ ကြေးစည်သံက လွင့်ပျံ့လာသည်။ သာယာအေးချမ်းမှု ပီတိနှင့်အတူ နတ်ဒိုး ဖခင် ဒေဝကျော်စွာကို သိုင်းဖက်လိုက်သည်။

"ကျွပ် အဖေ့ကို တစ်သက်လုံး လုပ်ကျွေးပါ့မယ်ဗျာ။ အဖေ ဘယ်မှ မသွားပါနဲ့တော့"

နတ်ဒိုးစကားကို ကြားလိုက်ရ၍ ဝမ်းသာလွန်းသဖြင့် ကျလာသည့် မျက်ရည်စနှင့်အတူ ဒေဝကျော်စွာက နတ်ဒိုးကို သိုင်းဖက်လိုက်သည်။

ဒေဝကျော်စွာနှင့် နတ်ဒိုးအဖြစ်ကို ကြည့်ပြီး ပီတိဖြစ်နေသည့် ဘဘုန်းကြီး။ ဘဘုန်းကြီးက ပြုံးပြုံးကြီး ကြည့်ရင်း လိုက်လိုက်လှဲလှဲ ထွက်ပေါ်သွားသည့် သာဓုသံ။ ထိုသာဓုသံက ဗျူဂ္ဂသေလာတောင်တစ်ခုလုံးပေါ်သို့ ဖုံးလွှမ်းသွားပြီမဟုတ်ပါလော ■

* * *

ဇလွန်ကျော်ဦး



www.burmeseclassic.com

www.burmeseclassic.com

တက္ကသိုလ်နိုးမိုးနိုင်

# ဘဝပုစ္ဆာ အဖြေရှာကဏ္ဍ

**ကိုသန့်**
**ကျောက်တံတား**

**မေး ။ ပုတီးစိပ်နည်း ဘယ်နှမျိုးရှိပါသလဲ ဆရာ။ ပုတီးစိပ်ရင် ကံကောင်းတယ်၊ လာဘ်ရွှင်တယ်၊ ကျန်းမာ ချမ်းသာတယ်ဆိုတာ ဟုတ်ပါသလား ဆရာ။ ကျွန်တော် ကံကောင်းပြီး ကျန်းမာ ချမ်းသာချင်ပါတယ်။ ကျွန်တော့်အတွက် ပုတီးစိပ်ကျင့်စဉ်လေးတစ်ခုလောက်ပေးပါ ဆရာ။**

**ဖြေ။** ။ ကိုသန့်သည် ဂဏန်းဗေဒင်ပညာရပ်အရ (၅) ဂဏန်းသမားဖြစ်သည်။ တရုတ်ဝေဒဗေဒင် ပညာရပ်အရ နွား(သစ်သား)နှစ်ဖွား ဇာတာရှင်ဖြစ်ပြီး အနောက်တိုင်းဗေဒင်ပညာရပ်အရ ပြိဿရာသီဖွား(Taurus)ဖြစ်ခြင်းကြောင့် စိတ်ဓာတ်အင်အား ကြီးမားသူဖြစ်သည်။ မှတ်ဉာဏ်ကောင်း၏။ သစ္စာရှိပြီး အနစ်နာခံ လုပ်ကိုင်တတ်သည်။ ဦးစီး ဦးဆောင်နိုင်သော အရည်အချင်းကောင်းရှိသည်။ မိမိကိုယ်မိမိ ယုံကြည်စိတ်ချစိတ် အပြည့်အဝရှိသည်။ သွက်၏။ ဉာဏ်ကောင်း၏။ အရာရာကို သိနားလည်၏။ သည်းခံနိုင်စွမ်းရည် မြင့်မား၏။ မိမိဝါသနာပါရာ၊ မိမိယုံကြည်ရာကို တစိုက်မတ်မတ် လုပ်ကိုင်တတ်သည်။

### ပုတီးစိပ်နည်းနှစ်မျိုး

ကိုသန့် မေးထားသည်ကို ဖြေရမည်ဆိုလျှင် သာ[...] ပုတီးစိပ်နည်းနဲ့ အဓိဋ္ဌာန်ပုတီးစိပ်နည်း ဆိုပြီး ပုတီးစိပ်န[...] နှစ်မျိုးရှိပါတယ်။

### သာမန် ပုတီးစိပ်နည်း

သာမန် ပုတီးစိပ်နည်းဆိုတာက ကုသိုလ်ရတဲ့ အ[...] အနေ၊ အချိန်အခါ အခွင့်ကောင်းမှန်သမျှကို လက်လွှတ်[...]ဘဲ နေရာမရွေး၊ အချိန်မရွေး အခွင့်အရေးရရင် ရသ[...] ပုတီးစိပ်နည်းကို ခေါ်ပါတယ်။

### အဓိဋ္ဌာန်ပုတီးစိပ်နည်း

အဓိဋ္ဌာန်ပုတီးစိပ်နည်းဆိုတာကတော့ သီးခြားလုပ်[...] တစ်ခုကဲ့သို့ အချိန်သတ်မှတ်ပေးပြီး အဓိဋ္ဌာန်ချ(အလုပ်[...] ချ)ပြီး ကျကျနနစိပ်ခြင်းမျိုးကို ခေါ်ပါတယ်။ အဓိဋ္ဌာန်ပု[...] စိပ်ရာမှာ ပုတီးမစိပ်မီ အောက်ပါ ကျင့်ဝတ်တွေကို လိ[...] နာဖို့ လိုပါတယ်။

ဆာလောင်မှုကင်းအောင် တစ်ခုခုစားထားရမယ်။ [...] ခန္ဓာကိုယ်နဲ့ အဝတ်အစားတွေက သန့်ရှင်း သန့်ပြန့်[...] တယ်။ ပုတီးစိပ်တဲ့ နေရာမှာလည်း သန့်ရှင်းရမယ်[...] အဓိဋ္ဌာ[...] ပြုတဲ့ အချိန်ကို ပုံမှန်ဖြစ်ဖို့အတွက် ရွေးချယ်ဖို့ လိုပါတယ်[...]

အဓိဋ္ဌာန်ပုတီးစိပ် မစမီ ပထမဆုံး လုပ်ရမှာကတော့[...]

www.burmeseclassic.com

အနန္တော အနန္တငါးပါးကို ကန်တော့ရပါမယ်။ သရဏဂုံသီလ ဆောက်တည်ရမယ်။ မေတ္တာပို့ပြီး ဘုရားပင့်ရမယ်။

အဓိဋ္ဌာန်ပြုစဉ်ကာလမှာ မိမိခန္ဓာကိုယ်ကို ဘုရားထံမှာ လှူဒါန်းလိုက်သင့်တယ်။ မိမိတတ်နိုင်သလောက် အဓိဋ္ဌာန်ပြုဖို့ လိုပါတယ်။

ပုတီးစိပ်နေစဉ်မှာတော့ အောက်ပါ ကျင့်ဝတ်တွေကို လိုက်နာရပါမယ်။

မိမိခန္ဓာကိုယ်ကို မတ်၍ တင်ပလ္လင်ခွေ (သို့မဟုတ်) ဆစ်ဒူးတုပ် ထိုင်သင့်တယ်။ စိပ်ပုတီးကို လက်နှစ်ဖက်နဲ့ ကိုင်ပြီး စိပ်ဖို့ လိုပါတယ်။ မိမိအနှစ်သက်ဆုံး အရာတစ်ခုခုကို ယုံယုံကြည်ကြည် သမာဓိရရန် ကြိုးစားစိပ်သင့်တယ်။ ပုတီးစိပ်နေဆဲကာလမှာ စိတ်ကူးအတွေးတွေ ဝင်လာရင်လည်း ဖယ်ရှားပစ်သင့်တယ်။ အကျိုးတရားကို မျှော်လင့်တဲ့ လိုချင်စိတ် လုံးဝ မထားရဘူး။

စိပ်ပုတီးစိပ်ပြီးတဲ့ ကာလမှာတော့ မိမိစိပ်ခဲ့တဲ့ အဓိဋ္ဌာန်သုပ်ငန်းကို ပြန်လည်ဆန်းစစ် သုံးသပ်ရမယ်။ ပြီးတော့မှ ဆိဋ္ဌာန်ကို ဆုတောင်းရလိမ့်မယ်။

**အကြောင်းကောင်းလို့ အကျိုးကောင်းခြင်း**

ပုတီးစိပ်ခြင်းဆိုသော အကြောင်းကောင်းကို ပြုလုပ်ခြင်းကြောင့် ကံကောင်း၊ လာဘ်ရွှင်၊ ထီပေါက်ဆိုသော အကျိုးကောင်းကို မလွဲမသွေ ခံစားရပေလိမ့်မယ်။

ကိစ္စတိုင်းမှာ အကြောင်းကြောင့် အကျိုးရရှိစမြဲဖြစ်ပါတယ်။ ပုတီးစိပ်ခြင်းရဲ့ အကြောင်းမှာလည်း အကျိုးတရားတွေ များလှပါတယ်။ မဆုံးနိုင်သော၊ မရေမတွက်နိုင်သော အကျိုးကျေးဇူးတွေ ရပါလိမ့်မယ်။

ဘုရားဂုဏ်တော်တွေကို စွဲစွဲမြဲမြဲ ဆင်ခြင်ပွားများတဲ့အတွက် မြတ်ဗုဒ္ဓအပေါ် ယုံကြည်မှု လေးနက်လာလိမ့်မယ်။ သိတ်လန့်ကြောက်ရွံ့မှု ကင်းလိမ့်မယ်။ သည်းခံနိုင်စွမ်းအား ရှိလာလိမ့်မယ်။ ဉာဏ်ပညာထက်မြက်ပြီး သတိပိုကောင်းလာလိမ့်မယ်။ မိမိကိုယ်မိမိ ယုံကြည်မှု ပိုလာလိမ့်မယ်။ အစရှိတဲ့ ကောင်းကျိုးအနန္တကို ခံစားရမှာ အသေအချာဖြစ်ပါတယ်။

ပုတီးစိပ်နေစဉ်အခိုက်အတန့်မှာလည်း ဂုဏ်တော်နဲ့ စိတ် အဆက်မပြတ်စေရန် ကြံစည် သုံးသပ်မှု ပြုလုပ်သင့်တယ်။ ဂုဏ်တော်ပေါ်မှာ ကျေနပ်ပီတိဖြစ်ပေါ်လာလို့ စိတ်ရော ကိုယ်ပါ တည်ငြိမ်အေးချမ်း၊ ကြီးမားသော ချမ်းသာသုခဖြစ်ပေါ်လာပါလိမ့်မယ်။ ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအပေါ် သက်ဝင်ယုံကြည်မှု "သဒ္ဓါ" ပိုတိုးလာပါလိမ့်မယ်။

**သဗ္ဗမင်္ဂလာဂါထာတော် ပုတီးစိပ်ကျင့်စဉ်**

ကျန်းမာ ချမ်းသာ၍၊ လာဘ်လာဘတွေ တိုးပွားပြီး ထီပေါက်ချင်တယ်ဆိုရင်တော့ အောက်မှာ ဖော်ပြထားတဲ့ "သဗ္ဗမင်္ဂလာ ဂါထာတော် ပုတီးစိပ်နည်း"ကို အစအဆုံး ရွတ်ဆိုပြီး ပုတီးတစ်လုံးချနဲ့ ပုတီးတစ်ပတ်(၁၀၈ လုံးပုတီး) ရွတ်ဆိုပွားများစိပ်ဖို့ လိုပါတယ်။

နေ့စဉ် ပုတီးတစ်ပတ်(၁၀၈ လုံးပုတီး) ရွတ်ဆို စိပ်ပေးပါ။ ပါဠိလို ရွတ်ဆိုတိုင်း အနက်အဓိပ္ပာယ်ကို ဆင်ခြင်ပွားများပါ။

**သဗ္ဗမင်္ဂလာဂါထာတော် ပုတီးစိပ်နည်း**

ဒိဝါ တပတိ အာဒိစ္စော၊ ရတ္တိမာဘာတိ စန္ဒိမာ။
သန္နဒ္ဓေါ ခတ္တိယော တပတိ၊ ဈာယီ တပတိ ဗြာဟ္မဏော။
အထ သဗ္ဗမဟောရတ္တိံ၊ ဗုဒ္ဓေါ တပတိ တေဇသာ။

**မြန်မာပြန်**

အာဒိစ္စော - ရောင်ခြည်တစ်ထောင် အလင်းဆောင်သည့် ထွန်းပြောင်ပဝင်း ရှင်နေမင်းသည်၊ ဒိဝါ - နေ့အခါ၌၊ တပတိ - လောကအလယ် ဂုဏ်မြင့်ကြွယ်၍ တင့်တယ်ပါပေ၏။

စန္ဒိမာ - စန်းငွေယုန်ခ သော်တာလသည်၊ ရတ္တိံ - ညဥ့်အခါ၌၊ အာဘာတိ - နှစ်သက်စဖွယ် တင့်တယ်ပါပေ၏။

သန္နဒ္ဓေါ - ချပ်ဝတ်တန်ဆာ ကိုယ်မှာ စုံလင် ဆင်ယင်ထားသော၊ ခတ္တိယော - လူတို့သနင်း ပြည့်ရှင်မင်းသည်၊ တပတိ - ကြီးမြင့်ခံ့ထည် တင့်တယ်ပေ၏။

ဈာယီ - ဘက်စုံ ကောင်းမြတ် သမာပတ်ကို မပြတ်ထင်ရှား ဝင်စားလျက်ရှိသော၊ ဗြာဟ္မဏော - ကိလေသာကို အပပြုပြီးသော အာသဝေါကင်းကွာ ရဟန္တာပုဂ္ဂိုလ်သည်၊ တပတိ - ဈာန်မင်္ဂနှစ်သွယ် စွယ်စုံခြယ်၍ တင့်တယ်ပါပေ၏။

အထ- ထိုမှကြူး၍ ထူးသည်မှာကား၊ ဗုဒ္ဓေါ- သစ္စာလေးဆင့် ခိုင်လုံးရင့်ကာ ပွင့်လာခေါင်ဖျား အောင်တော်မူမြတ်စွာဘုရားသည်၊ သဗ္ဗံ - အလုံးစုံသော၊ အဟောရတ္တိံ- နေ့ညဥ့်ကာလပတ်လုံး၊ တေဇသာ- ကြီးကဲစိုးရ တန်ခိုးတော်အနန္တဖြင့်၊ တပတိ - အံ့ချီးလောက်ဖွယ် လောကအလယ်၌ တင့်တယ်ထော်မူပါပေ၏။

ကိုသန့်အနေဖြင့် ပုတီးစိပ် အဓိဋ္ဌာန်ကို ယုံကြည်မှုရှိလျှင် ရှိသလောက် လာဘ်ရွှင်၊ ကံပွင့်၊ ထီပေါက်မှုများ ကြုံရပါလိမ့်မည် ■.

* * *

တက္ကသိုလ်ငြိမ်းမိုးနိုင်



www.burmeseclassic.com

www.burmeseclassic.com

# ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း၏လက်ဆောင်မွန်

# ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

ဘဝရဲ့အောင်မြင်မှုမှာ အရေးအကြီးဆုံးက ဒသနနဲ့ မှန်ကန်တဲ့ အသိတရားရှိဖို့လိုပါတယ် ရေလိုက်လွဲရင် အောင်မြင်မှုနဲ့ ဝေးလိမ့်မယ်။ တစ်ခါတစ်ခါ ယောင်ဝါးဝါးနဲ့လျှောက်နေရင်း ဘဝခရီးထဲမှာ မော လမ်းပျောက်နေမှုတွေ ရှိတတ်ပါတယ်။

ဒါ့ကြောင့် . . . ဒသနိကဗေဒ၊စိတ်ပညာပိုင်းဆိုင်ရာ၊နက္ခတ္တဗေဒအမြင်၊ဂဏန်းဗေဒင်ပညာ တိုင်းရင်းဆေးပညာအမြင် ရှုထောင့်စုံမှ သင့်ဘဝအောင်မြင်ရေးအတွက် ဆရာနိုင်သမျှ သင့်ကိုကူညီမှာပါ။

အောက်ဖော်ပြပါ အချက်အလက်များထဲမှ သင်နှစ်သက်ရာတစ်ခုကိုသာ မေးခွင့်ရှိပါသည်။

- **A** - ဒီနှစ်ထဲမှာ ကံကောင်းမလား။
- **B** - ကံကောင်းခြင်းရဲ့လက်ဆောင်၊ ယတြာတစ်ခု လိုချင်ပါသည်။
- **C** - ကျန်းမာရေးဓာတ်စာကို ပေးပါ။(ခံစားနေရမှု ဝေဒနာကို ဖော်ပြရန်လိုသည်။)
- **D** - ကျန်းမာရေးကောင်းစေရန် ယတြာကိုပေးပါ။
- **E** - အချစ်၏ ပုစ္ဆာတစ်ပုဒ်ကို အဖြေထုတ်လိုပါသည်။ (ချစ်သူ၏ မွေးနေ့ရက်၊လ၊ ခုနှစ်၊ မွေးဒေသ လူမျိုးတို့ကို ဖော်ပြရန်လိုပါသည်။)
- **F** - ဘဝအောင်မြင်ရေး ကျင့်စဉ်တစ်ရပ်ကို သိလိုပါသည်။(အမည်၊ မွေးနေ့၊ရက်၊လ၊ခုနှစ်၊အချိန် မွေးဒေသ၊ အရပ်အမြင့်၊ ကိုယ်အနလေးချိန်၊ ပညာအရည်အချင်းတို့ကို ဖော်ပြရန် လိုပါသည်
- **G** - အပ်စပ်သော အဓိဋ္ဌာန်တစ်ရပ်ကို သိလိုပါသည်။

## ဆရာတက္ကသိုလ်စိုးမိုးနိုင်၏ ဘဝပုစ္ဆာအဖြေရှာကဏ္ဍ

အမည် ။ ။ ____________________

မွေးခုနှစ်၊လ၊ရက် ။ ။ ____________________

နေရပ်လိပ်စာ ။ ။ ____________________

____________________

____________________

မိမိမေးလိုသည့် ။ ။ ____________________

မေးခွန်းအကြောင်းအရာ ____________________

သင်သိလိုသောမေးခွန်းတစ်ခု၏အက္ခရာကိုအမှန်(✓)ခြစ်၍ ဖော်ပြပါ။

A ( ) B ( ) C ( ) D ( ) E ( ) F ( ) G ( )

ဤပုံစံတွင်ဖြည့်စွက်၍ဖြတ်ပြီးလျှင် အောက်ပါလိပ်စာသို့ပို့လိုက်ပါလေ၊ (သို့မဟုတ်)

ဤပုံစံအတိုင်းမိမိလက်ရေးဖြင့်လည်းပေးပို့လို့ရပါတယ်၊

ဂမ္ဘီရဆန်းကြယ်မဂ္ဂဇင်း

ဘဝပုစ္ဆာအဖြေရှာကဏ္ဍ


အမှတ်-၁၇၉(ဒုတိယထပ်/ဝဲ)၊၃၁-လမ်း(အထက်)၊ပန်းဘဲတန်းမြို့နယ်၊ရန်ကုန်မြို့၊ဖုန်း-၃၇၄၄၈၅

www.burmeseclassic.com

www.burmeseclassic.com

# ရွှေဥဒေါင်းငှက်နှင့် မောရသနပလ္လင်

ဇရာမြေကျော်ဇေ



“ဥဒေါင်းမင်း”ဆိုသည်မှာ တစ်ချိန်က မြတ်စွာဘုရား ဥဒေါင်းမင်းဘဝကို ရောက်ခဲ့စဉ် အိပ်တန်းတက် အိပ်တန်းဆင်းချိန်တွင် မောရသုတ်တော်ကို ရွတ်ဆိုခြင်းဖြင့် ဘုရားလောင်းတော် ဥဒေါင်းမင်းကို မုဆိုးတို့ မည်သို့မျှ ဖမ်းလို့မမိနိုင်ခဲ့ပေ။ နောက်ဆုံးတွင် ဒေါင်းမလေးနှင့် မျှားဖမ်းမှ မိတော့သည်။

ရွှေဥဒေါင်းငှက်အမျိုးအနွယ်တွင် ဥဒေါင်းမှာ ငှက်တို့၏ ဘုရင်ဖြစ်သည်။ အမြီးတွင် “စ·ဒ·ဗ·ဝ”ဟူသော စမအက္ခရာလေးလုံးပါရှိပြီး ထိုဒေါင်းတောင်ကို လူတို့ ဆောင်ထားပါက အန္တရာယ်ကင်းသည်။

ငှက်တကာတို့ထက် ဥဒေါင်းမှာ အကြီးဆုံးဖြစ်ရုံမက၊ သိဒ္ဓိဝင်ငှက်ဖြစ်သဖြင့် လူတကာတို့က ချစ်ခင်သနားပြီး ပစ်ခတ် ဖမ်းယူသတ်ဖြတ်ခြင်း မပြုကြပေ။ မြန်မာ့တောတောင်သစ်တော ကြိုးဝိုင်းများတွင်လည်း ဥဒေါင်းငှက်ကို ဖမ်းယူသတ်ဖြတ်ခြင်းမပြုရဟု တားမြစ်ထားသည်။

မြန်မာတစ်နိုင်ငံလုံးတွင်မက၊ နိုင်ငံရပ်ခြားအနှံ့အပြားများတွင်လည်း ဥဒေါင်းငှက်ကို ပစ်ခတ် ဖမ်းဆီးပါက ကြီးလေးသော အပြစ်ဒဏ်ခံရမည်ဟု အမိန့်ထုတ်ထားကြပါသည်။

- ရွှေဥဒေါင်းငှက်သည် အိန္ဒိယနိုင်ငံမှ ဆင်းသက်ပေါက်ဖွားလာသော မျိုးရိုးဖြစ်သည်။ အိန္ဒိယရှေးဟောင်းသမိုင်းများတွင် ဥဒေါင်းငှက်ကို နတ်ငှက်ဟု ယုံကြည်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

"သျှိဝ"နတ်မင်းကြီး၏ သားတော်၊ နတ်ဒေဝါအားလုံး၏ နတ်စစ်သူကြီးဖြစ်ပြီး သူ့စီးတော်ယာဉ်မှာ ဥဒေါင်းငှက်ဖြစ်သည်။ စီးတော်ယာဉ်အဖြစ် ငှက်အမျိုးမျိုးကို ရွေးချယ်ကြသော်လည်း မိုးနတ်မင်းဖြစ်သော ဒေဝရာဇာ ဣန္ဒြာသိကြားမင်းကမူ အလှပဆုံး အခမ်းနားဆုံး စီးတော်ယာဉ်အဖြစ် ဥဒေါင်းငှက်ကိုသာ ရွေးချယ်လေသည်။ ထိုအချိန်က စပြီး ဣန္ဒြာသိကြားမင်းသည် ပထဝီ ကမ္ဘာမြေပေါ်သို့ မိုးရွာသွန်းချသောအခါတိုင်း ဥဒေါင်းငှက်တို့ ပျော်ရွှင်မြူးတူး ကခုန်ကြလေသည်။ ဥဒေါင်းငှက်တို့ ရွှင်မြူးကခုန်သော မြင်ကွင်းကို နတ်ဒေဝါအပေါင်းတို့က ရှုစားကြသည်။ ဥဒေါင်းတို့သည် နတ်ဒေဝါတို့အတွက် ဖျော်ဖြေမှုရှင်းဖြစ်သည်။

နာမည်ကျော် "ရာမယဏ"ဇာတ်တော်ကြီးတွင်လည်း ဥဒေါင်းငှက်များက အခန်းများစွာ ပါရှိလေသည်။

ဗုဒ္ဓဘာသာနှင့် ဂျိန်းဘာသာဝင်များ၏ ရှေးဟောင်းသမိုင်းများတွင် ဥဒေါင်းငှက်၏ အရေးပါမှုအခမ်းကဏ္ဍများကို များစွာတွေ့ရသည်။

အိန္ဒိယသမိုင်းလာ ဥဒေါင်းငှက်များကို အစောဆုံးတွေ့ခဲ့ရသည်မှာ အိန္ဒုမြစ်ဝှမ်းယဉ်ကျေးမှုတွင် နှစ်ပေါင်း ၅ထောင်ခန့်ကတည်းက ဥဒေါင်းငှက်ကို တွေ့ခဲ့ရသည်။

မောရိယနှင့် ဂုပတားမင်းများသည် ရွှေနန်းတော်ဥယျာဉ်ခြံတွင် တော်ဝင်ငှက်များအဖြစ် မွေးမြူခဲ့သည်။

ကေရာဇ် အသောကမင်းကြီးကလည်း ဥဒေါင်းငှက်များကို သတ်ဖြတ်စားသောက်ခြင်းမှ တားမြစ်ထားသည်။ အသောကမင်းကြီး စိုက်ထူထားသော ကျောက်စာတိုင်များတွင် ဥဒေါင်းငှက်ပုံပါ ရုပ်များကို ထင်ရှားစွာ ထွင်းထုထားသည်။

ဘီစီ ၂ရာစုလောက်ကတည်းက နာမည်ကျော် ဆန်ချီထူပါရုံစေတီ၌လည်း ဥဒေါင်းငှက်ပုံများကို ဖော်ပြထားသည်။

အေစီ ၅ရာစု ဂုပတားမင်းဆက်များ ပေါ်ပေါက်လာသောခေတ်တွင် ဥဒေါင်းငှက်ပုံပါသော ဒင်္ဂါးများ သွန်းလုပ်၍ ပိုက်ဆံအဖြစ် ထုတ်ဝေကြောင်း တွေ့ရသည်။

အိန္ဒိယနိုင်ငံ၏ ပထမဆုံး မဂိုဧကရာဇ်ရေးသားသော မှတ်တမ်းမှတ်ရာများတွင်လည်း ဥဒေါင်းငှက်အကြောင်းကို ဖော်ပြထားသည်။ ဥဒေါင်းငှက်ကို အမြင့်ဆုံး ဂုဏ်ပြုသူမှာ မဂိုဧကရာဇ်ကြီး ရှားဂျဟန်းဖြစ်သည်။ ရှားဂျဟန်းသည် ကျောက်မျက်ရတနာများဖြင့် မောရသန ဥဒေါင်းရုပ်ခံ ပလ္လင်တော်ကို လက်ရာမြောက်စွာ ထုလုပ်ခဲ့သည်။

၁၆၄၈ ခုနှစ်တွင် မောရသန ပလ္လင်ကြီးကို အဂ္ဂရာမှ ဒေလီသို့ ရွှေ့ပြောင်းလိုက်သည်။ ၁၇၃၇ ခုနှစ်တွင် နဒါရှာ ဘုရင်သည် အိန္ဒိယသို့ ဝင်ရောက်တိုက်ခိုက်ပြီး ဒေလီ တော်ကို သိမ်းပိုက်ကာ အခြားပစ္စည်းများနှင့်အတူ မော သနပလ္လင်ကြီးကိုပါ ပါရှားနိုင်ငံသို့ ယူဆောင်သွားခဲ့၏။

နှစ်ပေါင်း ၂၀၀ကျော်ကြာအောင် မောရသနပလ္လင်ကြီး သည် တဟီရန်မြို့တော်တွင် ရှိနေခဲ့သည်။ ထို့နောက် ဆန်းအံ့ဩဖွယ်ရာ ထိုပလ္လင်ကြီး ပျောက်ကွယ်သွား၏။

ထိုပလ္လင်ကြီး ပျောက်ကွယ်သွားပြီးနောက်ပိုင်း နန်း တက်လာသော မဂိုဧကရာဇ်တို့တွင် ၁၈၅၇ ခုနှစ်တွင် နန်း ခံရသော မဂိုဧကရာဇ် "ဘဟာဒူးရှား"လက်ထက်အထိ သား နှင့် ပြုလုပ်ထားသော မောရသနပလ္လင်ကြီးကို ထုလုပ် ခဲ့ကြသည်။

လွန်ခဲ့သော နှစ်ပေါင်း ၁၀၀ကျော်ခန့်က ဂျာမနီဘုရင် "လုဒ်ဝစ်"သည် သူ့အတွက် မောရသနပလ္လင်ငယ်တစ်ခု ဥဒေါင်းရုပ်သုံးရုပ်ဖြင့် ရွှေနှင့် ထုလုပ်ပြီး ဆေးရောင်စုံ ခြယ် ထားသည်။

ဘီစီ ၃ရာစုက မဟာအလက်ဇန္ဒား ခေါ်မဘုရင်ကြီး သည် အိန္ဒိယကို သိမ်းပိုက်ပြီး မက်ဆီဒိုးနီးယားသို့ ပြန် တွင် အိန္ဒိယနိုင်ငံမှ ဥဒေါင်းငှက်များကို ဖမ်းယူပြီး သယ် ဆောင်သွား၏။

ခရစ်ယာန်ဘာသာဝင် သူတော်စင် စိန့်ဩဂတ်စတင်း က မိန့်ကြားခဲ့သည်မှာ ဥဒေါင်းငှက်တို့သည် လှပမှု၊ ဂုဏ် သိက္ခာရှိမှု၊ အဆင့်အတန်းမြင့်မားမှုသဘောကို ဆောင်သည် ဟု ဆို၏။

တရုတ်ပြည် မင်းမင်းဆက်ကလည်း ဘုရင်တို့၏ တံဆိပ်တော်အဖြစ် ဥဒေါင်းငှက်ကို သတ်မှတ်သည်။

ဥဒေါင်းငှက်များသည် တောတောင်များတွင် ကျက် စားလေ့ရှိပြီး ချုံတောများတွင် နေထိုင်လေ့ရှိသည်။ အိန္ဒိယ မှ ပေါက်ဖွားသော ဥဒေါင်းငှက်များကို အလွန်နှစ်သက်ကြ သဖြင့် နိုင်ငံများစွာရှိ တိရစ္ဆာန်ဥယျာဉ်များတွင် တယုတယ မွေးမြူကြလေသည်။

ဥဒေါင်းငှက်သည် အိန္ဒိယနိုင်ငံ၏ အထိမ်းအမှတ် တော်ဝင်ငှက်တစ်မျိုးလည်း ဖြစ်ပေသည်။

* * *

ဇော်မြေကျော်


ကျမ်းကိုး

- အိန္ဒိယနိုင်ငံ တော်ဝင်ငှက် (ဒေါက်တာ ခင်မောင်ညွန့်)။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

"ကိုရွှေသွား… ဆရာ ဦးဝင်းထွန်းထွန်း ရောက်နေတယ်။ ခင်ဗျားကို ခေါ်ခိုင်းလိုက်လို့"

"ဆရာ… အခု ဘယ်မှာလဲ"

"အောက်ထပ်မှာ၊ အခုလာခဲ့ပါတဲ့"

ကိုရွှေသွား အောက်ထပ်ရှိ ဆောက်လုပ်ရေး ကန်ထရိုက် ဦးဝင်းထွန်းထွန်းရှိရာသို့ ထွက်လာခဲ့ပြီး…

"ဆရာ…ကျွန်တော့်ကို ခေါ်တယ်ဆိုလို့"

"ဟုတ်တယ် ကိုရွှေသွား၊ လာထိုင်ဗျာ၊ ခင်ဗျားတို့အဖွဲ့ ဒီတိုက်ကို ဒီညနေ လက်စသတ်ပြီမဟုတ်လား"

"ဟုတ်ကဲ့ ဆရာ၊ အားလုံးပြီးသွားပါပြီ။ အလုပ်သမားတွေတောင် ရေမိုးချိုး အဝတ်အစားလဲနေကြတယ်"

"ကျုပ် နောက်အလုပ်တစ်ခု လက်ခံထားတာ ရှိတယ်။ ရန်ကုန်မှာတော့ မဟုတ်ဘူး။ မော်လမြိုင်ဘက်မှာ ကျုပ်မိတ်ဆွေ ဦးမိုးကျော်ရဲ့ အိမ်ပဲ။ သူတို့က မော်လမြိုင်အစစ်တွေ။ သူ ပြောပြတာကတော့ သူ့အဘိုးဟာ တစ်ချိန်တုန်းက မုဒုံနယ်ဘက်မှာ အတော်ကို ချမ်းသာတယ် ဆိုပဲဗျ။ လယ်တွေ၊ ရာဘာခြံတွေ၊ ဒူးရင်းခြံတွေ လက်ညှိုးထိုးမလွဲ ပိုင်ဆိုင်တယ်တဲ့။ သူ့အဖေလက်ထက်ကျတော့ ရောင်စုံသူပုန်တွေ သောင်းကျန်းလွန်းလို့ မော်လမြိုင်မြို့ပေါ် ပြောင်း၊ အဲဒီက တစ်ဆင့် ရန်ကုန်ပြောင်းပြီး အခြေချတာလို့ ပြောပြတယ်။ သူ့အဘိုးလက်ထက်ကတည်းက အဲဒီအိမ်ကြီးမှာ လူမနေတာ အတော်ကြာပြီ ဆိုတော့ ဟောင်းနွမ်း ဆွေးမြည့်နေပြီပေါ့။ အဲဒီအိမ်ကြီးကို သူ ပြန်ပြင်ချင်လို့တဲ့။ ကျုပ်ကတော့ အဲဒီအိမ်ကို ပြင်ပေးဖို့ လက်ခံလိုက်ပြီ၊ ခင်ဗျားတို့အဖွဲ့ သွားလုပ်နိုင်မလားဆိုတာ မေးမလို့"

"မော်လမြိုင်ဘက်မှာ… ဟုတ်လား ဆရာ။ နယ်မှာဆိုရင်တော့ ဒီမှာ ကျန်ခဲ့တဲ့ မိသားစုတွေအတွက် အခက်အခဲရှိမယ်ထင်တယ် ဆရာ"

"အဲဒီအတွက် ဘာမှမပူနဲ့ ခင်ဗျားတို့ကို လုပ်အားခ နှစ်ဆပေးမယ်။ နောက်ပြီး ကြိုတင်ငွေလည်း ထုတ်ပေးထားမယ်။ စားသောက် စရိတ်ငြိမ်း၊ ခင်ဗျားတို့ ကြိုက်တဲ့ ဇေ(အရက်)က အစ တာဝန်ယူတယ်"

"ဒါဆိုရင် ကျွန်တော် အဖွဲ့နဲ့ တိုင်ပင်လိုက်ဦးမယ်"

"ခင်ဗျားတို့အဖွဲ့ ဘယ်နှယောက်လဲ"

"ကျွန်တော်အပါအဝင် (၇) ယောက်ပါ ဆရာ"

"လိုက်မယ်ဆို တစ်ဖွဲ့လုံးကို ခေါ်တယ်လို့ ပြောလိုက်ပါ။ မနက်ဖြန် ခရီးစထွက်မယ်လို့၊ မနက်ဖြန်အတွက်လည်း နေ့စားခ ပေးမယ်လို့ ပြောလိုက်ဗျာ"

"ဟုတ်ကဲ့ ဆရာ"

ကိုရွှေသွား သူ့အဖွဲ့နှင့် တိုင်ပင်ပြီး သွားလုပ်ဖို့ အားလုံးသဘောတူကြသဖြင့် ကြိုတင်ငွေယူပြီး ကန်ထရိုက် ဦးဝင်းထွန်းထွန်း၊ ပွဲရုံပိုင်ရှင် ဦးမိုးကျော်တို့နှင့်အတူ မော်လမြိုင်ဘက်သို့ ခရီးထွက်လာခဲ့ကြ၏။

အိမ်ပိုင်ရှင်၊ ပွဲရုံပိုင်ရှင် သူဌေး ဦးမိုးကျော်က တစ်လမ်းလုံး လိုလေသေးမရှိ ဧည့်ခံလာသည်။ ကားနောက်ခန်းတွင် မြန်မာဘီယာ နှစ်ဖာ၊ ဝီစကီ၊ အမြည်း၊ ကြက်ကြော်၊ ဘဲကင်၊ ငါးမုန့်၊ အာလူးကြော် အလျှံအပယ်။ ကြိုက်သလောက်သောက်၊ ကြိုက်သလောက်စား။ ကိုရွှေသွားတို့အဖွဲ့ ဖိုးကြိုင်းတုတ်ဖြစ်သွားသည်။ အလုပ်လုပ်ဖို့ သွားနေသည်နှင့် မတူဘဲ၊ အပျော်ခရီးထွက်လာသည်နှင့်ပင် တူနေတော့၏။

ကိုရွှေသွားတို့ အဖွဲ့သားတွေ အားလုံးဟာ ဇိုးသမားတွေချည်း။ ညနေ အလုပ်သိမ်းပြီဆိုသည်နှင့် အလုပ်နှင့်နီးရာ ဘုံဆိုင်သို့ ချီတက်ကြသည်မှာ နေ့စဉ်လိုလို။ ရေချိန်ကိုက်ပြီဆိုမှ လမ်းခွဲကြသည်။ သို့သော် တစ်ဖွဲ့လုံး အလုပ်ချိန်တွင်တော့ လုံးဝ မသောက်။ ကိုရွှေသွားတို့အဖွဲ့သားများမှာ ကြီးမိုက်ကြီး အောင်သိန်း၊ ဟောင်ပွာ၊ သန်းစိုးကြီး ဖိုးဆိုချင် သန်းစိုးလေး၊ ပေါက်ကရ အောင်ထူး၊ ဖွန်ကြောင် ရဲနိုင်၊ ကရင်ကြီးခေါ် ဗျက်ကြီးနှင့် ကိုရွှေသွားတို့ပဲ ဖြစ်သည်။

ကြီးမိုက်ကြီး အောင်သိန်းမှာ အသက် ၄၀ ကျော်၊ အရက်အလွန်ကြိုက်သူဖြစ်၏။ အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သော်လည်း မူးလာရင် သူ့ပဲ လိုက်ထိန်းနေရသဖြင့် "ကြီးမိုက်ကြီး"ဟု နာမည်ပေးထားသည်။

နောက်တစ်ယောက် သန်းစိုးကြီး၊ ကိုယ်လုံးကိုယ်ပေါက် ကြီးထွားပြီး အသက်လည်း အနည်းငယ်ကြီးသော သန်းစိုးကို "သန်းစိုးကြီး"ဟု ခေါ်သည်။ အသက်ငယ်၍ အကောင်သေးသော သန်းစိုးကို "သန်းစိုးလေး"ဟု ခေါ်ကြသည်။ သန်းစိုးကြီးမှာ မူးလာလျှင် ဟောင်ဖွာ ဟောင်ဖွာနှင့် စကားပြောတတ်သူဖြစ်ပြီး၊ သန်းစိုးလေးမှာ လူကောင်ပုသေးသေး။ မူးလာလျှင် ပါးစပ်မှ တွေ့ကရာ သီချင်းတွေ မနားတမ်း အော်ဆိုတတ်သူဖြစ်၏။

ပေါက်ကရ အောင်ထူး အနောက်သန်၏။ တွေ့ရာလူကို



www.burmeseclassic.com

www.burmeseclassic.com

နောက်ပြီး ပေါက်ကရလုပ်တတ်သူဖြစ်၏။ နောက် ဖွန်ကြောင် ရဲနိုင်၊ သူက ချွန်ကြောင် ကြွား။ တွေ့သမျှ ကောင်မလေးတွေကို မလွတ်တမ်း ကြောင်တဲ့သူ။ ကြောင်လွန်းသဖြင့် ရဲနိုင်အစား "ကြောင်ကြီး"ဟု အမည်တွင်သွားသည်။

နောက်တစ်ယောက်က ကရင်ကြီး။ နာမည်ရင်း မသိ။ အရပ်ပုပု၊ အသားဖြူဖြူ၊ ခပ်တောင့်တောင့်၊ မျက်စ လေးထောင့်စပ်စပ်၊ ပါးစပ်မှာ ဘယ်တော့မှ ကွမ်းမပြတ်။ ဖဲကလည်း အလွန်သိသနားပါသူ။ သူ့ကို အားလုံးက ကရင်ကြီးအစား "ဖျက်ကြီး"ဟု ခေါ်ကြသည်။

ကိုရွှေသွားကတော့ အပေါ်ရှေ့သွားနှစ်ချောင်းမှာ ရွှေသွားဖြစ်သဖြင့် "အောင်မြင့်"ဟူသော အမည်အရင်းပျောက်ပြီး "ကိုရွှေသွား"ဟုသာ လူသိများသူဖြစ်၏။

ကိုရွှေသွားတို့အဖွဲ့မှာ နေ့စဉ် ဇေဘီအီး)အရက်သန့်ကိုသာ သောက်နေသူတွေဖြစ်ပြီး ယခု မြန်မာဘီယာ၊ ဝီစကီ၊ ကြွက်ကြော်တို့ စိတ်ကြိုက် သောက်ချင်သလောက် သောက်ခွင့်ရသဖြင့် တစ်လမ်းလုံး အသားကုန် သောက်စားမူးရူးပြီး အိပ်ပျော်သွားကြတော့၏။ ကားရပ်မှပင် အိပ်ရာမှ နိုးတော့သည်။

ကန်ထရိုက်ကြီး ဦးဝင်းထွန်းထွန်းကြီးက…

"ကိုရွှေသွား… ခင်ဗျားတို့အဖွဲ့ အားပေါ်က ပစ္စည်းတွေ အောက်ကို ချ"

"ဟုတ်ကဲ့ ဆရာ"

ကားပေးတွင် တင်ယူလာသော ဆန်အိတ်၊ ဆီပုံး၊ ငါးခြောက်၊ အချိုမှုန့် ကြက်သွန် အစရှိသည့် ရိက္ခာခြောက်များနှင့် ဇေအရက်သန့် နှစ်ဖာကို ကားပေါ်မှ ချလိုက်ကြသည်။ ကန်ထရိုက်ကြီးက…

"ကိုရွှေသွား… ခင်ဗျားက ဒီအဖွဲ့မှာ ခေါင်းဆောင်နော်။ ကျွန်တော် ခင်ဗျားနဲ့ လက်တွဲပြီး လုပ်လာတာ ကြာပြီဆိုတော့ ထွေထွေထူးထူး ထပ်မှာချင်တော့ဘူး။ ဒီအိမ်ကြီးရဲ့ အပျက်အစီးတွေကို ခင်ဗျားတို့ ပညာနဲ့ အကောင်းဆုံး လုပ်သွားလိမ့်မယ်လို့ ကျုပ် ယုံကြည်တယ်။ အလုပ်နဲ့ ပတ်သက်ပြီး အဖွဲ့ရဲ့ အကောင်းအဆိုးတွေ အားလုံး ခင်ဗျားမှာ တာဝန်ရှိတယ်။ နားလည်တယ်နော်။ အားလုံး နားထောင်။ ဒီအိမ်ကြီး ပြီးသွားရင် ခင်ဗျားတို့ကို ဗောက်စူး သီးသန့်ထပ်ပေးမယ်။ အိမ်ဘေးမှာ အုတ်၊ သဲ၊ ကျောက်၊ ဘိလပ်မြေတွေနဲ့ လိုအပ်မယ့် သစ်တွေ အဆင်သင့်ပဲ။ မနက်ဖြန်က စပြီး အလုပ်စ,ဝင်တော့။ ကျုပ်လည်း မကြာမကြာ ခင်ဗျားတို့ဆီ လာခဲ့မယ်။ ခင်ဗျားတို့ဘက်က ဘာပြောစရာရှိသေးလဲ"

"မရှိပါဘူး ဆရာ"

ဦးဝင်းထွန်းထွန်းက အိမ်ရှင် ဦးမိုးကျော်အား…

"ကိုမိုးကျော်… ဒီအဖွဲ့က ကျုပ်ရဲ့ အားအကိုးရဆုံး၊ စိတ်အချရဆုံး အဖွဲ့ပေပဲ။ လက်ရာနဲ့ စနစ်ကျမှုကလည်း စိတ်ချရတယ်။ ခင်ဗျား ကျုပ်တပည့်တွေကို ဘာပြောစရာရှိသေးလဲ"

"မရှိပါဘူးဗျာ။ ကျုပ်ကလည်း ဒီအိမ်ကြီး ပြီးသွားရင် ဗောက်စူး ကောင်းကောင်းပေးပါ့မယ်လို့ပဲ ဟောဒီက မောင်ရင်တို့အဖွဲ့ကို ပြောပါရစေ"

"ကောင်းတာပေါ့ဗျာ။ ကျုပ့်တပည့်တွေလည်း အားတက်တာပေါ့။ ကဲ - ကိုရွှေသွား၊ ကျုပ်တို့ ပြန်မယ်။ မကြာမကြာ လာခဲ့မယ်၊ ဟုတ်ပြီလား"

"ဟုတ်ကဲ့ပါ ဆရာနဲ့ သူဌေး။ စိတ်ချလက်ချသာ ပြန်ပါ"

"ကဲ - ဒါဆို ကျုပ်တို့ ပြန်မယ်ဗျာ"

ဟု ဆိုရင်း ကန်ထရိုက်နဲ့ သူဌေးတို့ ကားပေါ်တက်ပြီး မောင်းထွက်သွား၏။

သူတို့ပြန်သွားတော့ ကိုရွှေသွားက အိမ်ကြီးနဲ့ ပတ်ဝန်းကျင်ကို သတိထား ကြည့်လိုက်မိသည်။ အိမ်ကြီးမှာ နှစ်ထပ်အိမ်ကြီးဖြစ်၏။ အောက်ထပ်မှာ အုတ်တက်ထားပြီး အပေါ်ထပ်မှာ သစ်ဖြင့် ဆောက်ထားသော ရှေးဟောင်း နှစ်ထပ်အိမ်ကြီးဖြစ်၏။ အိမ်ကြီးမှာ လူမနေတာ အတော်ကြာပြီဖြစ်သဖြင့် ရာသီဥတုဒဏ်ကြောင့် အပေါ်မိုး ကာပျဉ်အချို့မှာ ဆွေးမြည့်နေပြီး တွဲလောင်းကျနေသည်။ ရှေးဟောင်းအိမ်ကြီးဖြစ်သဖြင့် ကနုတ်ပန်းများ အနုစိတ်ဖော်ထားသည်ကိုလည်း အောက်မှ လှမ်းမြင်ရသည်။ အိမ်ဘေးမှ နွယ်ပင်များလည်း ဟိုနေရာ၊ ဒီနေရာ တွယ်တက်နေကြသည်။ ခြံကြီးမှာ ၅ဧကခန့် ကျယ်ဝန်းသည်ကို တွေ့ရ၏။ ခြံထဲတွင် ပိန္နဲပင်၊ သရက်၊ အုန်း၊ မာလကာ၊ တည်ပင်များနှင့် ဝါးရုံများ တောဖြစ်လျက်ရှိပြီး အိမ်ကြီး၏ ခေါင်းရင်းဘက်တွင် တည်ပင်အကြီးကြီးတစ်ပင်ကို တွေ့ရ၏။

ခြံကြီးမှာ မရှင်းလင်းဘဲ ထားတာ ကြာပြီဖြစ်သဖြင့် ချုံနွယ်ပိတ်ပေါင်းများ ထူထပ်လို့ နေသည်။ စိတ်ထဲတွင် ဖုန်းဆိုးမြေနှင့်ပင် တူနေသယောင်ယောင် ခံစားမိသည်။ ဘေးပတ်ဝန်းကျင်တွင်လည်း အိမ်ခြေတစ်လုံးမှ မတွေ့ရဘဲ ရာဘာခြံ၊ ဒူးရင်းခြံများသာ တွေ့ရသည်။ အိမ်နှင့် ခြံကို တစ်ပတ်ပတ်ကြည့်ရင်း စိတ်ထဲမှာ တစ်မျိုးကြီး မသိုးမသန့်သလို ခံစားလိုက်မိသည်။ အိမ်ကြီးကို လှည့်ပတ်ကြည့်ပြီး အိမ်ရှေ့



www.burmeseclassic.com

www.burmeseclassic.com

သို့ ပြန်ရောက်တော့ အဖွဲ့သားများ မရှိတော့ပေ။ ပစ္စည်းတွေ သယ်၍ အိမ်ထဲသို့ ဝင်သွားကြပြီဖြစ်သဖြင့် အိမ်ထဲသို့ လိုက်ဝင်လာခဲ့သည်။ အိမ်ရှေ့ ဧည့်ခန်းတွင်းရှိ ဆက်တီများပေါ်တွင် အဖွဲ့သားများ ဟိုတစ်ယောက် ဒီတစ်ယောက် ထိုင်နေကြသည်ကို တွေ့လိုက်ရ၏။ ကိုရွှေသွား ဝင်လာသည်ကို မြင်သည်နှင့် အဖွဲ့တွင် အသက်အကြီးဆုံးဖြစ်သော ကြီးမိုက်ကြီး အောင်သိန်းက-

"ဟော့... ကိုရွှေသွား ကျုပ် ဒီအိမ်ကြီးထဲ ဝင်လိုက်တာနဲ့ စိတ်ထဲမှာ တစ်မျိုးကြီးပဲ ခံစားလိုက်ရတယ်။ ဘယ်လိုကြီး မသိဘူး"

ထိုအခါ သန်းစိုးကြီးက...

"ဟုတ်တယ်ဗျ။ ကျုပ်လည်း သူပြောသလိုပဲ ခံစားလိုက်ရတယ်။ ကျုပ်ကိုယ်စောင့်နတ်တွေက ကျုပ်ကို တစ်ခုခု သတိပေးနေသလိုပဲ"

"ဟာဗျာ...ခင်ဗျားတို့ကလဲ"

လက်မှ နာရီကို ကြည့်လိုက်ရင်း...

"ကဲ - ခြောက်နာရီတောင် ထိုးတော့မယ်။ ကျုပ်တို့အဖွဲ့ အိမ်ကြီးကို လောလောဆယ် သန့်ရှင်းရေးလုပ်မှ ဖြစ်မယ်။ ပြီးတော့ ဒီညအိပ်ဖို့လည်း နေရာလိုက်ကြည့်ကြရအောင်။ ကဲ - ထကြ၊ အရင်ဆုံး အောက်ထပ်ကို ဖုန်တွေ၊ အမှိုက်တွေ သန့်ရှင်းရေးလုပ်ကြရအောင်။ ခဏနေရင် မှောင်သွားတော့မယ်"

◈◈◈

အဖွဲ့သားများ သန့်ရှင်းရေးလုပ်နေစဉ် ကိုရွှေသွား အိမ်ကြီးကို လိုက်လေ့လာကြည့်ပြီး အောက်ထပ်တွင် ဧည့်ခန်းတစ်ခန်း၊ အိပ်ခန်းနှစ်ခန်း၊ ထမင်းစားခန်း၊ ရေချိုးခန်း၊ မီးဖိုချောင်၊ အိမ်သာတို့ ရှိပြီး အပေါ်ထပ်သို့ တက်



သော ကျွန်းလှေကားကြီးတစ်ခုရှိ၏။ အိပ်ခန်းတိုင်းတွင် နှစ်ယောက်အိပ် ခုတင်တစ်လုံးစီ ရှိလေသည်။ ခုတင်များမှာ ကနုတ်ပန်းများဖြင့် အလှဆင်ထားသော ရှေးဟောင်း ခုတင်များဖြစ်သည်။ အောက်ထပ်ကို လေ့လာကြည့်ပြီး ကျွန်းလှေကားနားတွင် ရပ်လိုက်ကာ...

"ကြီးမိုက်ကြီး ... ကျုပ်တို့ အပေါ်ထပ်ကို လေ့လာကြရအောင်"

ဟု ဆိုပြီး အပေါ်ထပ်သို့ တက်သွားသဖြင့် နောက်မှ အဖွဲ့သားအားလုံး လိုက်တက်လာကြသည်။ လှေကားထစ်များနှင့် ကြမ်းပြင်တို့တွင် ဖုန်မှုန့်များ ဒုတက်နေပြီး ပင့်ကူအိမ်များ ပြည့်နှက်နေသည်။ အပေါ်ထပ်တွင် ဧည့်ခန်း၊ စာကြည့်ခန်း၊ အိပ်ခန်း၊ ရေချိုးခန်း၊ အိမ်သာတို့ ရှိပြီး- ဧည့်ခန်းနံရံတွင် ဓာတ်ပုံနှစ်ပုံချိတ်ဆွဲထား၏။ တစ်ပုံမှာ သျှောင်ထုံး ထုံးထားသော ယောက်ျား

ကြီးတစ်ဦးပုံဖြစ်ပြီး ထူထဲသော နှ
ခမ်းမွေးများ ရှိသည်။ မျက်နှာက
ထောင့်စပ်စပ်ဖြင့် အံကြိတ်ထားသ
မျက်နှာထားနှင့် စိုက်ကြည့်နေသ
ဘေးပုံမှာ ရင်ဖုံးအင်္ကျီနှင့် ဆံထုံးအ
ကြီးထုံးထားသော အမျိုးသမီးကြီးတ
၏ ပုံဖြစ်သည်။ အမျိုးသမီးမှာ ပြ
မျက်နှာထားရှိ၏။ တစ်အိမ်လုံး
ကျွန်းသစ်များဖြင့် ဆောက်လုပ်ထ
သည်ကို တွေ့ရသည်။ နှစ်ကြာမြင့်
ပြီဖြစ်သော်လည်း ပျက်စီးခြင်း မ
ရဘဲ၊ အပေါ်ထပ် ဘေးမျဉ်ကာ နည်
နည်းသာ သံချက်ပြုတ်နေသည်ကို
ရသည်။ အပျက်အစီး ကြီးကြီးမာ
မတွေ့ရ။ ကိုရွှေသွားတို့အဖွဲ့မှာ အိမ်
ဝရန်တာဘက်သို့ ထွက်လာခဲ့ကြ
အပေါ်စီးမှနေ၍ ပတ်ဝန်းကျင်ကို ထ
ကြည့်လိုက်သည်။ ထိုအချိန်တွင်
လုံးကြီးမှာ အနောက်မိုးကုတ်စက်ဝိုင်း
အတွင်း ငုပ်လျှိုးသွားလေသည်။ အလ
ရောင်က ကမ္ဘာမြေပေါ်သို့ ဖြန့်ကျ
ထားဆဲ၊ ခဏကြာရင် အမှောင်ကြီး
လာလေတော့မည်။ အောက်ထပ်
ဆင်းလာကြပြီး အားလုံး ဧည့်ခန်းတွင်
ရှိ ထိုင်ခုံများပေါ်သို့ ထိုင်လိုက်ကြသည်
ကြီးမိုက်ကြီး အောင်သိန်းက...

"ကဲ - သူငယ်ချင်းတို့၊ မကြ
ခင် မှောင်သွားတော့မယ်။ အချိန်ရှိတုန်း
လေး ဝိုင်းဖွဲ့လိုက်ကြစို့"

ဟု အဆိုပြုလိုက်သဖြင့် အာ
လုံး သဘောတူ ဝိုင်းဖွဲ့လိုက်ကြသည်
တစ်ယောက် တစ်ခွက် သောက်လိုက်
စားလိုက်၊ ငြင်းလိုက် ခန့်လိုက်နှင့်
အရက်ဝိုင်းမှာ စိုပြည်လျက်ရှိသည်
အမှောင်ထုမှာ တဖြည်းဖြည်းကြီး
လာတော့သည်။ ဖယောင်းတိုင်
အလင်းရောင်အောက်တွင် ကိုရွှေသွား
တို့အရက်ဝိုင်းမှာ ရှိန်မပျက်။

www.burmeseclassic.com

ဖွန်ကြောင် ရဲနိုင်၊ ဟောင်ဖွာ သန်းစိုးကြီးနှင့် ဇရုတ်သုတ်ခ အောင်ထူးတို့က ရုပ်ရှင်မင်းသမီး မော်ဒယ်ကောင်မလေးတစ်ယောက်အကြောင်း အော်ကြီးဟစ်ကျယ်နဲ့ ငြင်းခုန်နေကြသည်။

ကိုရွှေသွား၊ ကြီးမိုက်ကြီးနှင့် ဇျက်ကြီးတို့က အိမ်ကြီးကို ဒီလိုပြုပြင်ရင် ကောင်းမယ်၊ ဟိုလိုပြုပြင်ရင် ကောင်းမယ်ဆိုပြီး တစ်ယောက် တစ်ပေါက်နဲ့ ပြောနေကြ၏။

သန်းစိုးလေး ဖိုးဆိုချင်က သူတို့အဖွဲ့နှင့် ခပ်လှမ်းလှမ်းတွင် တစ်ယောက်တည်း ခုံခေါက်ပြီး သီချင်းဆိုနေသည်။ ထိုအချိန်တွင် အပေါ်ထပ် သူတို့ထိုင်နေရာတည့်တည့်လောက်ဆီမှ လေးလံသော အရာဝတ္ထုတစ်ခု ကြမ်းပြင်ပေါ်သို့ အရှိန်ပြင်းပြင်းပြုတ်ကျသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"ဝုန်း..."

"အား..."

"အမလေးဗျ..."

အားလုံး လန့်ပြီး အော်လိုက်ကြသည်။ သန်းစိုးလေးမှာ တစ်ယောက်တည်း သီးသန့်ခွဲနေရာမှ ကြောက်လန့်တကြား တွေ့ရာလူပေါ် အတင်းခွတက်တော့သည်။ ကျယ်လောင်လှသော အသံကြောင့် အားလုံး အသံတိတ်သွားကြပြီး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လိုက်ကြသည်။

"အှး...ဝှး...ဝှး...ဝှး"

ထိုစဉ်မှာပင် ခပ်ဝေးဝေး တစ်နေရာမှာ ခွေးအူသံများ ထွက်ပေါ်လာ၏။ ခွေးအူသံမှာ တဖြည်းဖြည်းနီး.နီးလာပြီး အိမ်ရှေ့တံခါးမကြီးနားသို့ ရောက်လာသည်။ မကြာခင်မှာပင် ခွေးအူသံကြီးက အိမ်ထဲသို့ ဝင်လာတော့မလိုလို။ အားလုံး အထိတ်တလန့်ဖြင့် တံခါးမပေါက်ကြီးကို လှမ်းကြည့်လိုက်ကြသည်။ တံခါးပေါက်ကြီးက ဖွင့်လျက်သား။ အပြင်ဘက်တွင် ပိန်းပိန်းမှောင်လို့ နေပြီ။ ခွေးအူသံက ရုတ်တရက် ရပ်သွားပြီး ပတ်ဝန်းကျင်တစ်ခုလုံး ငြိမ်သက် တိတ်ဆိတ်သွားသည်။ ထိုသို့ တိတ်ဆိတ်သွားသည်မှာပင် ချောက်ချားစရာ။ တံခါးပေါက်နှင့် အနီးဆုံးဖြစ်သည့် ကိုရွှေသွားက တံခါးပေါက်နား တစ်လှမ်းချင်း ချဉ်းကပ်သွားပြီး တံခါးပေါက် ပိတ်ရန် တံခါးကို လှမ်းအကိုင်...

"အှူး...ဝူး...ဝူး...ဝူး"

ဆိုပြီး ရုတ်တရက် အနီးကပ် ခွေးအူသံ ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

"အှူး...ဝူး...ဝူး...ဝူး"

"အား...အမလေးဗျ"

ရုတ်တရက် လန့်ဖျပ်သွားပြီး ကြောက်လန့်တကြားအော်၍ အဖွဲ့ရှိရာသို့ ပြန်ပြေးလာခဲ့တော့သည်။ ရင်အစုံက ပွင့်ထွက်မတတ် တဒိန်းဒိန်းခုန်နေသည်။

"ကိုရွှေသွား... ရဲ့လား၊ ရော့ ရော့၊ တစ်ခွက်ချလိုက်"

အရက်ခွက်ကို မော့လိုက်တော့မှ အနည်းငယ် သက်သာသွား၏။

"ဟူး... လန့်လိုက်တာကွာ။ ကြီးမိုက်ကြီး...တံခါးသွားပိတ်ဗျာ"

"အေး၊ ဇျက်ကြီး ငါနဲ့ လိုက်ခဲ့"

နှစ်ယောက်သား တံခါးနား ချွတ်နင်းလာခဲ့၏။ တံခါးပေါက်ဝနားအရောက် အပြင်ဘက် အမှောင်ထဲမှ လူတစ်ယောက် ဘွားခနဲပေါ်လာသည်။

"အား..."

ခေတ်ပုံထဲမှ လူကြီး။ တောင့်တောင့်ကြီးရပ်၍ နီရဲသော မျက်လုံးတစ်စုံဖြင့် သူတို့အား စိုက်ကြည့်နေသည်။ နှစ်ယောက်သား ဆံပင်မွေးတွေ ထောင်တက်သွားပြီး နောက်လှည့်ပြေးတော့သည်။

"သရဲ...သရဲ"

အနားရောက်တော့ ရင်ဘတ်တစ်ခုလုံး ဖားဖိုကဲ့သို့ နိမ့်ချီမြင့်ချီ။ မျက်နှာမှာ ဖြူဖတ်ဖြူရော်နှင့် သွေးမရှိတော့။

ထိုစဉ် လေပြင်းတစ်ချက်ဆောင့်တိုက်လိုက်ပြီး ဖယောင်းတိုင်မီးမှာ ဟုတ်ခနဲ ငြိမ်းသွားကာ တစ်အိမ်လုံး မှောင်မည်းတိတ်ဆိတ်သွားတော့သည်။ တစ်ယောက်နဲ့ တစ်ယောက် မမြင်ရတော့ပေ။ ထိုစဉ် ခွေးအူသံ ကျယ်လောင်စွာ ထွက်ပေါ်လာပြန်သည်။

"အှူး...ဝူး..."

မှောင်မှောင်မည်းမည်းထဲတွင် ခွေးအူသံမှာ ချောက်ချားစရာကောင်းလှသည်။ ထိုအချိန်မှာပင် ညှော်ခန်း ခေါင်းရင်း ပြတင်းပေါက်ဆီမှ...

"ဂျစ်...ဂျစ်...ဂျစ်ဂျစ်"

ဆိုပြီး ကုတ်ခြစ်သံ ပေါ်လာပြန်သည်။ ထိုအခါ သန်းစိုးလေးထံမှ ငိုသံဖြင့်...

"ကိုရွှေသွား၊ ကြီးမိုက်ကြီး... လုပ်ပါဦးဗျ၊ ကျုပ်ကြောက်တယ်။ အီး...ဟီးဟီး...ဟီး"

တခဏတည်းမှာပင် ခေါင်းရင်းဘက်မှ တညင်းပင်ကြီး ပြိုလဲသံ ထွက်ပေါ်လာသည်။

"ဝုန်း..."

"အား..."

"အမလေး..."

ကြောက်လန့်တကြား အော်ဟစ်သံများနှင့်အတူ အမှောင်ထဲတွင် စားပွဲ ကုလားထိုင်များကို တိုက်မိသဖြင့် အလဲလဲအပြိုပြိုသံများ ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ဒီလိုအချိန်မျိုးတွင် အသည်းငယ်သူဆို လိပ်ပြာပင်


www.burmeseclassic.com

www.burmeseclassic.com

လွင့်သွားနိုင်သည်။ အားလုံး ဆောက်တည်ရာမရ ဖြစ်ကုန်တော့သည်။ ကိုရွှေသွားက···

"ဟေ့···မီးခြစ် ဘယ်သူ့ဆီမှာရှိသလဲ၊ မီးခြစ် ခြစ်စမ်းကွာ"

ခဏအကြာ မီးခြစ် ခြစ်ပြီး ဖယောင်းတိုင်သုံးတိုင် မီးထွန်းလိုက်သည်။ အခန်းတွင်း၌ လင်းထိန်သွားပြီး မီးရောင်မြင်ရတော့ အားတက်လာသည်။ ကိုရွှေသွားက···

"ကဲ - တံခါး ဘယ်သူသွားပိတ်မှာလဲ"

သန်းစိုးကြီးက···

"ကျုပ်သွားမယ်"

ဟု ဆိုကာ အရက်တစ်ခွက် ကောက်မော့လိုက်ပြီး တံခါးပိတ်လိုက်၏။ ကြီးမိုက်ကြီးက···

"ကျုပ် မပြောဘူးလား၊ အိမ်ထဲ စဝင်ကတည်းက စိတ်ထဲ မသန့်ပါဘူးလို့"

"အေးဗျ၊ ဒါကြောင့်မို့ ကျုပ်တို့ကို ကန်ထရိုက်နဲ့ သူဌေးက လိုလေသေးမရှိအောင် ပံ့ပိုးတာ ဖြစ်ရမယ်"

"ဘာပဲဖြစ်ဖြစ်ကွာ၊ ငါတို့က ယောက်ျားတွေချည်း ခုနစ်ယောက်တောင်၊ ဘာမှ ကြောက်နေစရာ မလိုဘူး၊ ကဲ - စားသောက်စရာရှိတာ စားသောက်ပြီးရင် အိပ်ကြမယ်"

"ဘယ်လိုအိပ်မလဲ၊ အားလုံး တစ်ခန်းတည်း စုအိပ်ကြမလား"

"အေး"

◈◈◈

စားသောက်ပြီးသည်နှင့် အခန်းတစ်ခန်းထဲတွင် အားလုံးစုအိပ်လိုက်ကြသည်။ စောစောက အဖြစ်ကြောင့် တော်တော်နှင့် အိပ်မပျော်ကြ။ ထိုအချိန်မှာပင် အပေါ်ထပ်မှ ခြေထောက် ရပ်တိုက်၍ လမ်းလျှောက်သံများ ထွက်ပေါ်လာသည်။

"ရှပ်···ရှပ်···ရှပ်"

သန်းစိုးလေးက···

"ဟော···အပေါ်ထပ်မှာ လမ်းလျှောက်သံ ကြားနေရတယ်"

ဟု ဆိုရင်း လူအုပ်ကြား အတင်း ကျော်ခွတိုးတော့သည်။

ခဏအကြာ အခန်းအပြင်ဘက်မှ စကားပြောသံ၊ ငြင်းခုန်သံများ ကြားရပြန်သည်။ ထို့နောက်···

"ဘုန်း···ဘုန်း···ဘုန်း"

အိပ်ခန်းတံခါးကို လက်ဖြင့် ခပ်ကြမ်းကြမ်းထုသံ ကျယ်လောင်စွာ ထွက်ပေါ်လာသဖြင့် အားလုံး လဲအိပ်နေရာမှ ငုတ်တုတ်ထထိုင်လိုက်ကြပြီး အခန်းတံခါးကို အားလုံး ပြူးကြည့်နေကြသည်။

သန်းစိုးလေးမှာ ငုတ်တုတ်ထိုင်ကာ၊ ကြောက်လွန်းသဖြင့် အသွားများ တဆတ်ဆတ်တုန်နေသည်။ ရင်တွေ တဒိန်းဒိန်းခုန်နေသည်။ ထိုစဉ် အေးစက်စက် လက်တစ်ဖက်က သူ့ပခုံးပေါ်သို့ လာရောက်ဆုပ်ကိုင်လိုက်စဉ်···

"အောင်းမလေး"

လန့်ဖျပ်ပြီး ထခုန်ကာ သူ့ရှေ့က လူကို ပြေးဖက်တော့သည်။ သန်းစိုးကြီးက ကြောက်ကြောက်နှင့် ငါချင်းမိုးမွှန်အောင် စိန်ခေါ်ဆဲတော့သည်။

"ဝုန်း···ဒိုင်း···"

"ဘုန်း···ဘုန်း···ဘုန်း"

သန်းစိုးကြီး ဆဲကာမှ တံခါးထုသံများ ပို၍ပင် ကျယ်လောင်လာတော့သည်။ ထိုအခါ ကိုရွှေသွားက···

"ကဲ - အားလုံး တိတ်တိတ်နေကြ။ ဒီအဖွဲ့မှာ ငါ ခေါင်းဆောင်ပဲ။ ငါ့ပြောစကားကို မင်းတို့တွေ နားထောင်ကြ။ မင်းတို့ ဘာအသံမှ မကြားသလို အားလုံး နားပိတ်ပြီး အိပ်ကြ၊ ငါ သူ့ကို ဘုရားရှိခိုး မေတ္တာပို့ အမျှဝေပေး မယ်။ သူတို့က ငါတို့ မေတ္တာပို့ အမျှ ဝေတာ ခံယူချင်လို့ အသိပေး ကဲ-ကဲ···မင်းတို့တွေ စိတ်ချလက်ချ နားပိတ်ပြီး အိပ်ကြပေတော့"

ကိုရွှေသွားက ခေါင်းရင်းတွင် ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး စိတ်မှ မြတ်စွာဘုရားရှင် သူ့ရှေ့တွင် သီတင်း သုံးနေသည်ဟု အာရုံပြုကာ အသံကျယ်ကျယ်ဖြင့် ဘုရားရှိခိုး မေတ္တာ အမျှဝေလေတော့သည်။ ထိုအခါ အသံများ တိတ်သွားပြီး အနေ အယုက်ကင်းကင်းနှင့် အိပ်လို့ရ ၏။

နောက်နေ့···နောက်နေ့တွေ လည်း ဘုရားရှိခိုး၊ မေတ္တာပို့၊ အမျှ ပြီး အခန်းတစ်ခန်းထဲတွင်သာ အား စုအိပ်ကြသည်။ ရှပ်တိုက်၍ လ လျှောက်သံ၊ စကားပြောသံ၊ ငြင်းခုန် များမှာ ညစဉ်လိုလို ကြားနေရ လည်း နားယဉ်သွားပြီး အထူးအဆ မဟုတ်တော့ပေ။

ကိုရွှေသွားတို့အဖွဲ့ ထိုအိမ် တွင် ၁၅ရက်ကြာ အလုပ်လုပ်ခဲ့ ပြီး၊ ယခုအချိန်တွင် ထိုအိမ်ကြီး တခြားသူတစ်ဦးကို ရောင်းလိုက် ကြောင်း သူ့ဆရာမှတစ်ဆင့် ကြား သည်ဟု ဆို၏ ■

တရှုသူ အပေါ်

ရွှင်လန်းချမ်းမြေ့ပါစေ—

* * *

ဇော်မင်း(ဒဂုံ/ခြော



www.burmeseclassic.com

www.burmeseclassic.com

# ၂၀၁၄ - ဇူလိုင်လအတွက် ကံကောင်းစေမည့် အကြံပြုစာမျက်နှာ

## ဒေဝတ္တရာ ဆရာကျော်

ဒီစာမျက်နှာကတော့ ပင်လယ်ပြင်မှာ မုန်တိုင်းထတဲ့အခါ သံလိုက်အိမ်မြှောင်က တောင်-မြောက် လမ်းညွှန်ပြသလို၊ ခုနစ်ရက်သားသမီးတို့ရဲ့ ဘဝကံပွင့်လန်းဖို့ အထောက်အကူပြုပေးမှာ ဖြစ်ပါတယ်။

"ဘဝဆိုတာ အလုပ်ပဲ။ သဘာဝတရားရဲ့ လျှို့ဝှက်ချက်တွေကို ရှာဖွေဖော်ထုတ်ပြီး လူသားများ ပိုပြီးပျော်ရွှင်ချမ်းမြေ့ရေးအတွက် အသုံးချဖို့ အလုပ်လုပ်နေတာဟာ ဘဝပါပဲ"

***(Thomas Alva Edison)***

**၂၀၁၄၊ ဇူလိုင်လ စန်းပွင့်ရက်များ**

| | |
|---|---|
| ၁၊ ၂၊ ၃၊ ၁၀၊ ၁၁၊ ၁၂၊ ၁၉၊ ၂၀၊ ၂၇၊ ၂၉၊ ၃၀ ရက်များ | အရှေ့အရပ် စန်းပွင့်သည်။ |
| ၄၊ ၅၊ ၁၃၊ ၁၄၊ ၂၁၊ ၂၂၊ ၃၁ ရက်များ | တောင်အရပ် စန်းပွင့်သည်။ |
| ၆၊ ၇၊ ၁၅၊ ၁၆၊ ၂၃၊ ၂၄၊ ၂၅ ရက်များ | အနောက်အရပ် စန်းပွင့်သည်။ |
| ၈၊ ၉၊ ၁၇၊ ၁၈၊ ၂၆၊ ၂၇ ရက်များ | မြောက်အရပ် စန်းပွင့်သည်။ |

အထက်ပါ ဇယားကွက်အတွင်းရှိ ရက်များမှာ ဆိုင်ရာ ရက်အလိုက် စန်းပွင့်ရက်များကို ဖော်ပြပေးထားခြင်းဖြစ်ပါသည်။ ရက်အလိုက် ဆိုင်ရာ စန်းပွင့်အရပ်ကို ဉာဏ်ရှိသလို အသုံးချနိုင်ပါသည်။

ဥပမာ- (၁-၇-၂၀၁၄)ရက်နေ့တွင် အရှေ့အရပ်သို့ မျက်နှာမူကာ အကြံအစည်ပြုနိုင်ပါသည်။ ထို့အပြင် အရှေ့ဘက်သို့ လှည့်၍ ဂါထာ၊ မန္တန်ရွတ်ဆိုခြင်း၊ သိဒ္ဓိတင်ခြင်း၊ အင်းဆွဲခြင်း၊ ဆေးသက်ဝင်အောင် ဆိုင်ရာ ဂါထာ မန္တန်များ ရွတ်ဖတ်သရဇ္ဈာယ်ခြင်း၊ ထိုအရပ်သို့ ခရီးသွားခြင်း၊ ဈေးရောင်းထွက်ခြင်း စသဖြင့် ဉာဏ်ယှဉ်ကာ အသုံးပြုနိုင်ပါသည်။

စန်းသည် မိဿ၊ သိဟ်၊ ဓနုရာသီများတွင် ရှိပါက အရှေ့အရပ် စန်းပွင့်သည်။ ပြိဿ၊ ကန်၊ မကာရ ရာသီများတွင် ရှိပါက တောင်အရပ် စန်းပွင့်သည်။ တူ၊ ကုမ်၊ မေထုန်ရာသီများတွင် ရှိပါက အနောက်အရပ် စန်းပွင့်သည်။ ကရကဋ်၊ ဗြိစ္ဆာ၊ မိန်ရာသီတွင် ရှိပါက မြောက်အရပ် စန်းပွင့်သည်။ စန်းပွင့်အရပ်များကို မျက်နှာမူ၍ ဉာဏ်လွှာသုံးနိုင်ကြပါသည်။

**ရတနာအဆောင်**

ဤလအတွင်း…

* တနင်္ဂနွေနှင့် အင်္ဂါသားသမီးများ အနီရောင်ရှိသော ရတနာ။
* တနင်္လာနှင့် သောကြာသားသမီးများ အဖြူရောင်ရှိသော ရတနာ။
* ဗုဒ္ဓဟူးသားသမီးများ အစိမ်းရောင်ရှိသော ရတနာ။
* ကြာသပတေးသားသမီးများ အဝါရောင်ရှိသော ရတနာ။



www.burmeseclassic.com

www.burmeseclassic.com

## ငွေကြေးကံ ပွင့်လန်းရန်

နီးစပ်ရာ ဘုရားတစ်ဆူသို့ ရောက်အောင်သွားပါ။ ဘုရားတွင် ရှိသော အလှူခံပုံးများထဲသို့ တတ်နိုင်သော ငွေကြေးကို ထည့်ဝင် လှူဒါန်းပါ။ နေအိမ်ရှိ ဘုရားတွင် တနင်္လာနေ့မနက်တိုင်း လက်ဖက်ဆွမ်း၊ ကြံရည် ကပ်လှူပေးပါ။ နေ့စဉ် "အရဟံ သိဒ္ဓိ"ပုတီးတစ်လုံးချ၍ ပုတီး (၉)ပတ်စိပ်ပါ။ နတ်ဒေဝတာများကို မေတ္တာပို့ပါ။

### ဖြေဆေးယတြာ

- * **တနင်္ဂနွေသားသမီးများသည်** တနင်္ဂနွေနေ့၊ မွန်းတည့်ချိန်၌ ဘုရားတစ်ဆူတွင် ရွှေချ လှူဒါန်းခြင်း၊ ရွှေသင်္ကန်းကပ်လှူခြင်း၊ ရွှေဆိုင်းလှူခြင်းပြု၍ ပြီးသည်နှင့် တနင်္ဂနွေဂြိုဟ်တိုင်ကို သန့်ရှင်းရေးလုပ်ပေးပါ။ ဘုရားတစ်ဆူကို ရေသပ္ပာယ်ပါ။ မိတ်ဆွေတစ်ဦးကို ကြံသကာ ကျွေးပါ။
- * **တနင်္လာသားသမီးများသည်** ဘုရားတစ်ဆူဆူအား ငွေထီးနှစ်လက်လှူဒါန်း၍ ရေသပ္ပာယ်ပေးပါ။ ထိုနေ့ မွန်းတည့်တွင် ရွက်ဆောင်ရပါမည်။ ပြီးသော် တနင်္လာထောင့် ဂြိုဟ်တိုင်ကို ထုံးရေကြည်ဖြင့် ပက်ဖျန်း၍ သန့်ရှင်းရေးလုပ်ပါ။ ပြီးမှ ခင်မင်ရာ အမျိုးသမီးတစ်ဦးအား နွားနို့တိုက်ပါ။
- * **အင်္ဂါသားသမီးများသည်** အင်္ဂါနေ့ မွန်းတည့်တွင် ဘုရားတစ်ဆူဆူအား ရွှေထီးသုံးလက် ပူဇော် ကပ်လှူပါ။ ပြီးသော် ဂြိုဟ်တိုင်ကို တရော်ကင်ပွန်းရည်ဖြင့် ပက်ဖျန်း၍ သန့်ရှင်းရေးလုပ်ပါ။ ပြီးမှ ဥပုသ်သည်တစ်ဦးဦးအား ငွေကြေးလှူဒါန်းပါ။
- * **ဗုဒ္ဓဟူးသားသမီးများသည်** ဗုဒ္ဓဟူးနေ့ မွန်းတည့်၌ ဘုရားတစ်ဆူဆူတွင် အစိမ်းရောင်ထီးတစ်လက်လှူပေးပါ။ ဂြိုဟ်တိုင်ကို ရေဖြင့် ပက်ပါ။ သန့်ရှင်းရေးလုပ်ပါ။ ပြီးသော် ကျောင်းသားငယ်တစ်ဦးကို ဟာလဝါမုန့် ဝယ်ကျွေးလိုက်ပါ။
- * **ကြာသပတေးသားသမီးများသည်** ကြာသပတေးနေ့ မွန်းတည့်တွင် အဝါရောင်ပန်းများ လှူဒါန်းပူဇော်ပါ။ ဂြိုဟ်တိုင်ကို နွားနို့ရည်ဖြင့် ပက်ပေးပါ။ သန့်ရှင်းရေးလုပ်ပါ။ ပြီးသော် ဥပုသ်သည်တစ်ဦးဦးအား လည်းကောင်း၊ သီလစောင့်ထိန်းနေသူဟု ယုံကြည်သူအား လည်းကောင်း၊ နောက်နေ့မနက်တွင် စားသုံးရန် သကြားလှူရမည်။
- * **သောကြာသားသမီးများသည်** ထိုနေ့ မွန်းမတည့်မီလေးတွင် ဘုရားရှင်အား ရေမွှေး၊ နံ့သာတိုင် ပူဇော်ကပ်လှူရမည်။ ဂြိုဟ်တိုင်အား ထုံးရေကြည်ပက်ပေးပါ။ သန့်ရှင်းရေးလုပ်ပါ။ ထို့နောက် အနည်းငယ် ချို့တဲ့သော မိန်းကလေးတစ်ဦးအား အဝတ်အစားနှင့် ပရုတ်လုံး ဝယ်ပေးပါ။
- * **စနေသားသမီးများသည်** ထိုနေ့ မွန်းတည့်တွင် ဘုရားတစ်ဆူဆူအား ကျောက်ပြားလှူပါ။ ဂြိုဟ်တိုင်ကို ရေဖြင့် ပက်ပေးပါ။ သန့်ရှင်းရေးလုပ်ပါ။ ထို့နောက် အဘိုးအိုတစ်ဦးအား ထမင်းပေါင်းအိုး၊ နမ်းနက် တစ်မျိုးမျိုးလှူပါ။

မကောင်းကျိုးများ ပ,ပျောက်ပါမည်။ ပရာသနမဂ္ဂကျမ်းမှ ကောက်နုတ်ကာ ဉာဏ်ကစား၍ ခုနစ်ရက်သားသမီးများ အကျိုးဟု ဝေငှလိုက်ရပါသည်။

### အကြံပြု ယတြာ

ခုနစ်ရက်သားသမီးများအားလုံး မွေးနေ့တိုင်း သတ္တဝါတို့၏ အသက်ကို မစားမသောက် ရှောင်ကြဉ်လျက်၊ "မေတ္တာသုတ်"ကို သက်စေ့ ရွတ်ပွားကြပါ။ မွေးနေ့၏ နောက်ရက်များတွင် "သမ္ဗုဒ္ဓေ ဂါထာတော်"ကို ရွတ်ပွားပါ။ မွေးနေ့ပြန်ရောက်လျှင် သက်သတ်လွတ်စားပြီး "မေတ္တာသုတ်"ကို သက်စေ့ ပြန်ရွတ်ပါ။ စသဖြင့် ဤအစ်လလုံး ထိုနည်းအတိုင်းသာ ကျင့်ပွားပါဟု အကြံပြုပါသည်။

* * *

ဇေယျာလှ ဆရာကျော်



www.burmeseclassic.com

www.burmeseclassic.com

ရှေး ကဝိပညာရှိတို့သည် ဘုရားဟော တရားဒေသနာနှင့် ကျမ်းဂန် အဘိဓမ္မာတို့ကို ကျမ်းပေါက်မျှ လေ့လာဆည်းပူးသင်ယူအပ်၍၊ ပြင်ပ ဗဟုသုတများစွာတို့ကိုလည်း ရှာဖွေသင်ယူကာ မိမိတို့၏ ကိုယ်ပိုင်အတွေးအခေါ်တို့ကို ဆင်ခြင်အားထုတ်၍ လောကီကျမ်းများစွာတို့ကို ရေးသားခဲ့ကြပေသည်။ ထို ကဝိပညာရှိတို့၏ ရေးစကားများသည် ယနေ့တိုင် မမေ့နိုင်စွာ အသုံးပြုနေရဆဲလည်း ရှိနေပါသည်။ သို့ဖြစ်ရာ မည်မျှပင် ခေတ်ကာလပြောင်းလဲတိုးတက်နေပါစေ၊ မြန်မာလေ့ထုံးစံ ဘာသာအယူဝါဒနှင့် ကိုက်ညီသော ရှေးထုံးများကိုကား ယနေ့တိုင် အသုံးပြုနေရဆဲမှာ မျက်မြင်ရှိပါသည်။

# နေ့အလိုက် ဉစ္စာပျောက်ဟောနည်း

■ မင်းကြည်ဖြူ ■





www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်ရာ ရေးထုံးလည်း မပယ်နဲ့၊ ဈေးသုံးလည်း မကြွယ်နဲ့ဆိုသော စကားကဲ့သို့ မိမိ၏ ကိုယ်ပိုင်အတွေးအခေါ်ဖြင့် ဆင်ခြင်အသုံးပြုအပ်လှပေသည်။ "လောကတိတ ရာသီကျမ်း"သည် လောကအကျိုးစီးပွားအတွက် ရည်ရွယ်ရေးသားခဲ့သော ရှေးဟောင်း ကျမ်းစာအုပ်ဖြစ်လေရာ လောကီနယ်အတွင်း ဖြစ်လေဖြစ်ထရှိသော အခက်အခဲများအတွက် ဆောင်ရွက်ရန် နည်းပေါင်းများစွာ ပါရှိပါသည်။ ယခု တင်ပြမည့် အကြောင်းအရာသည်ကား ပစ္စည်းပျောက်အဟောဖြစ်ပါသည်။ ဥစ္စာပစ္စည်းတစ်ခုခုပျောက်ဆုံးသွားပါက ဗေဒင်သွားမေးနေစရာမလို။ ယခု ဖော်ပြမည့်စာကိုသာ အလွတ်ကျက်ထား၍ နေ့အလိုက် ဟောဖော်ညွှန်ပြလိုက်ရုံနှင့် ပြီးလေသည်။ လေ့လာမှတ်သားကြပါကုန်။

**အို၊ ကြင်၊ ရာ၊ ဥဒကေ။**
**ကြာ၊ ကန်၊ သူ၊ ဝနေ။**
**စိတ်၊ တူ၊ ၏၊ ဂူပေ။**
**လု၊ ဒီ၊ သာ၊ ဂါမေ။**
**ပျော်၊ ရာ၊ ရှင်၊ ပဗ္ဗတေ။**
**သင်၊ တို့၊ မောင်၊ မဂ္ဂေ။**
**တို့၊ ဆောင်၊ ပန်း၊ အာသန္နေ။**

ဟူသော ဖော်ပြပါ ဂါထာကို အလွတ်ကျက်မှတ်ပါလေ။ ထိုဂါထာပါ နေ့အလိုက်ကို ကျက်မှတ်၍ အောက်ပါနေ့ရက်အတိုင်း အဟောကျင့်၍ ဟောပြောပါကုန်။

**တနင်္ဂနွေနေ့ဟောပုံ။** (အို) တနင်္ဂနွေနေ့တွင် ရွှေ ငွေ ရတနာ၊ ဥစ္စာ၊ ကျွဲ၊ နွား ပျောက်ဆုံးပါက (ကြင်) တနင်္လာမည်သော အရှေ့အရပ်သို့ ထုတ်ယူလေ၏။ (ရာ) ရာဟုမည်သော အနောက်မြောက်အရပ်တွင် (ဥဒကေ)ရေ၏ အနီး၌ရှိလေ၏ဟူ၍ ဟောရာ၏။ (အို ကြင်၊ ရာ၊ ဥဒကေ။)

**တနင်္လာနေ့ဟောပုံ။** (ကြာ) တနင်္လာနေ့ ဥစ္စာပစ္စည်းပျောက်မူ (ကန်)တနင်္လာမည်သော အရှေ့အရပ်သို့ ထုတ်ယူလေ၏။ (သူ)သောကြာမည်သော မြောက်အရပ်တွင် (ဝနေ)တော၌ ရှိလေ၏ဟူ၍ ဟောရာ၏။ (ကြာ၊ ကန်၊ သူ၊ ဝနေ။)

**အင်္ဂါနေ့ဟောပုံ။** (စိတ်)အင်္ဂါနေ့ ဥစ္စာပျောက်မူ၊ (တူ)စနေမည်သော အနောက်တောင်အရပ်သို့ ထုတ်ယူလေ၏။ (၏)တနင်္ဂနွေမည်သော အရှေ့မြောက်အရပ်တွင် (ဂူပေ) လိုဏ်ဥမင်၌ ရှိ၏ဟူ၍ ဟောရာ၏။ (စိတ်၊ တူ၊ ၏၊ ဂူပေ။)

**ဗုဒ္ဓဟူးနေ့ဟောပုံ။** (လု)ဗုဒ္ဓဟူးနေ့ ဥစ္စာပျောက်မူ (ဒီ)စနေမည်သော အနောက်တောင်အရပ်သို့ ထုတ်ယူလေ၏။ (သာ)သောကြာမည်သော မြောက်အရပ်တွင် (ဂါမေ)ရွာ၌ ရှိ၏ဟူ၍ ဟောရာ၏။ (လု၊ ဒီ၊ သာ၊ ဂါမေ။)

**ကြာသပတေးနေ့ဟောပုံ။** (ပျော်)ကြာသပတေးနေ့ ဥစ္စာပျောက်မူ (ရာ)ရာဟုမည်သော အနောက်မြောက်အရပ်သို့ ထုတ်ယူလေ၏။ (ရှင်)ဗုဒ္ဓဟူးအရပ်တွင် (ပဗ္ဗတေ)တောင်၌ ရှိ၏။ မြင့်သော အရပ်ဟုလည်း ဆို၏။ (ပျော်၊ ရာ၊ ရှင်၊ ပဗ္ဗတေ။)

**သောကြာနေ့ဟောပုံ။** (သင်)သောကြာနေ့ ဥစ္စာပျောက်မူ (တို့)စနေမည်သော အနောက်တောင်အရပ်သို့ ထုတ်ယူလေ၏။ (မောင်)ကြာသပတေးမည်သောအရပ်တွင် (မဂ္ဂေ)ခရီးသွားရာလမ်း၌ ရှိ၏ဟူ၍ ဟောရာ၏။ (သင်၊ တို့၊ မောင်၊ မဂ္ဂေ။)

**စနေနေ့ဟောပုံ။** (တို့)စနေနေ့၌ ဥစ္စာပျောက်မူ (ဆောင်)အင်္ဂါမည်သော အရှေ့တောင်အရပ်သို့ ထုတ်ယူလေ၏။ (ပန်း)ကြာသပတေးမည်သော အနောက်အရပ်တွင် (အာသန္နေ)အနီး၌ ရှိ၏ဟူ၍ ဟောရာ၏။ (တို့၊ ဆောင်၊ ပန်း၊ အာသန္နေ။)

အထက်ဖော်ပြပါ ပြဆိုခဲ့ပြီးသော နည်းအတိုင်း နေ့အလိုက် ဥစ္စာပျောက်ခဲ့ပါမူ နေရပ်ဌာနနှင့်တကွ ဟောကြားကြပါဟူ၍ "လောကတိတ ရာသီကျမ်း"တွင် ဖော်ပြပါရှိပါသည်။ ဗေဒင်အဟော ဝါသနာပါသူများ လေ့လာဆည်းပူး ဟောပြောနိုင်ကြစေရန် ရည်သန်၍ ရှာဖွေလေ့လာအပ်သော စာပေ ဗဟုသုတတစ်ခုအား လက်ဆောင်ပါးအပ်ပါသတည်း။

***ခုနစ်ရက်သားသမီးအပေါင်း ကိုယ်စိတ်ချမ်းသာသုခပြည့်စုံကြပါစေ...***

* * *

မင်းကြည်ဖြ



www.burmeseclassic.com

www.burmeseclassic.com



# အစာအိမ်တွင် အနာဖြစ်၍ အဖတ်စားမရဖြစ်နေခဲ့သော်

မောင်ကျော်(ဘီးလင်း)

ကျွန်တော်တို့ ဘီးလင်းမြို့၏ တောင်ဘက် သုံးမိုင်ခန့် အကွာတွင် နှင်းပုလဲကျေးရွာရှိသည်။ မြောက်ပိုင်းနှင့် တောင်ပိုင်းဟူ၍ နှစ်ပိုင်းရှိရာ အရှေ့မှ အနောက်တန်းလျက် မီးရထားလမ်းက ကန့်လန့်ခံထားပေးသကဲ့သို့ ဖြစ်နေသည်။ ရွာ၏ အရှေ့ဘက် လမ်းထိပ်တွင် ဘီးလင်းမြစ်ကို ဖြတ်၍ တည်ဆောက်ထားသော မီးရထား ကုန်းကျော်တံတားကြီး ရှိသည်။ တံတား၏ အနောက်တောင်ထောင့်တွင် ရွာလယ် ကျောင်းဆိုသော ရှေးဟောင်း ဘုန်းတော်ကြီးကျောင်းရှိသည်။ ကျွန်တော်တို့ မိခင်ကြီး၏ ဦးရီးတော်ဖြစ်သူသည် လသား အရွယ်လောက်တွင် မိဘများမှ ရွာလယ်ကျောင်း ဆရာတော်ကြီးထံသို့ ပညာသင်ကြားရန် အပ်နှံခဲ့သည်။ အဲဒီကမှတစ်ဆင့် ရွာနှင့် ချောင်းဦး၊ စစ်ကိုင်း၊ မန္တလေးမြို့များတွင် ပရိယတ္တိစာပေများ သင်ကြားပြီးနောက် နှင်းပုလဲရွာလယ်ကျောင်းသို့ ခေတ္တ ပြန်ကြွလာစဉ် ဘီးလင်းလေဘာ စာသင်တိုက်တွင် ကျောင်းထိုင်ဖြစ်သွားသည်။ နှစ်ပေါင်း ရေတွက်ကြည့်လျှင် အနှစ် (၇၀)ကျော်ပေပြီ။ ယခုအခါ နှင်းပုလဲ ရွာလယ်ကျောင်း တွင် ကျောင်းထိုင်နေသော ဆရာတော်ကြီး ဦးဇာဂရသည် လွန်ခဲ့သော ၄၇ နှစ်လောက်က လေဘာစာသင်တိုက်တွင် စာချဆရာတော်ဖြစ်၍ ကျွန်တော်သည်ပင် ဆရာတော် ဦးဇာဂရထံတွင် ၂နှစ်ခန့် စာဝါလိုက်ခဲ့ဖူးသည်။ ရွာလယ် ကျောင်းသည် ခြံဝင်းကျယ်၍ စားပင်သီးပင်များဖြင့် ဝေဝေ ဆာဆာဖြစ်နေသည်။ အဆောက်အဦများလည်း ပြည့်စုံနေ၍ နောက်ထပ် အသစ်ဆောက်လုပ်ရန်ပင် မလိုတော့ပေ။ တစ်နေ့ ကျွန်တော် ကိစ္စတစ်ခုနှင့် နှင်းပုလဲသို့ ရောက်သွားရာ ကိစ္စပြီးသည်နှင့် ရွာလယ်ကျောင်းဘက်သို့ ထွက်လာခဲ့သည်။ ကျွန်တော် ကျောင်းမုခ်ဝမှအဝင် ဇရပ်တစ်ခု၏ ဘေးတွင် ရှိသော မရန်းပင်အောက်တွင် တံမြက်စည်းလှည်းနေသော ဆရာတော်ကြီးကို တွေ့လိုက်ရသည်။ ကျွန်တော်သည် ဆရာ တော်ကြီးနားသို့ ဝတ်ပြုသည်။ ဆရာတော်ကြီးမှ···

"ဒကာ မောင်ကျော်··· ဘယ်ကနေ လှည့်ဝင်လာ တာလဲ၊ ဒီတောင်ပိုင်းကိုပဲလား"

"တင်ပါ့ တပည့်တော် ဒီတောင်ပိုင်းမှာရှိတဲ့ မိတ်ဆွေ တစ်ဦးဆီ လာရင်း ဆရာတော်ဆီဝင် လာခဲ့တာပါ ဘုရား"

"အားလုံး နေထိုင်လို့ ကောင်းကြပါတယ်။ ကလေး တွေကတော့ ကျောင်းပြီးတဲ့သူနဲ့ လုပ်ငန်းခွင် ဝင်နေတဲ့သူနဲ့ ပါပဲ ဘုရား။ ဆရာတော် အခုလို တံမြက်စည်းလှည်းနေတာ မြင်ရတော့ မန္တလေးမြို့ မစိုးရိမ်တိုက် ပထမဆရာတော်ကြီး ဦးသူရိယာဘိဝံသကို လွမ်းမိသလိုလိုဖြစ်မိတယ် ဘုရား"

"ဘာဖြစ်လို့လဲ မောင်ကျော်ရဲ့"

"ဒီလိုပါ ဘုရား၊ မစိုးရိမ်တိုက်ကြီးဟာ အဲဒီအချိန်က သံဃာတော်အပါး (၉၀၀)ကျော်လောက်ရှိတယ်လို့ ဆိုတယ် ဘုရား။ မစိုးရိမ်တိုက်ကို သာသနာရေးဌာနမှ ပါဠိတက္ကသိုလ်

www.burmeseclassic.com

ဖွင့်ခွင့်ပြုလိုက်တဲ့ အချိန်ကပါ ဘုရား။ အလယ်တိုက်ကြီးမှာ "မစိုးရိမ် ပါဠိတက္ကသိုလ်"ဟူ၍ ဆိုင်းဘုတ်တင်ပြီး မဟာနာယက အစည်းအဝေးကို မကြာခဏကျင်းပကြပါတယ်။ တစ်နေ့တော့ အစည်းအဝေးပြီးခါနီးမှာ မဟာနာယကအဖွဲ့ဝင် ဆရာတော်တစ်ပါးနဲ့ ကထိက ဆရာတော်တစ်ပါးတို့က အလယ်တိုက်ကြီးမှာ အထွေထွေ သန့်ရှင်းရေးဝန်ထမ်းတစ်ဦး ခန့်ထားဖို့အတွက် အဆိုပြုပါတယ်။ မဟာနာယကချုပ် ဆရာတော်ကြီး ဦးသုရိယာဘိဝံသက "ကိုယ်တော်တို့ သန့်ရှင်းရေးဝန်ထမ်းထားရင် တပည့်တော်ကို ထားပါ"လို့ မိန့်ကြားလိုက်ပါတယ်။ ဆရာတော်ကြီးက အဲဒီလို မိန့်ကြားလိုက်တော့ အစည်းအဝေးမှာ အင်္ကျည်းတောင် မကြားရလောက်အောင် တိတ်ဆိတ်သွားပါတယ်။ အဲဒီနောက် မဟာနာယကဆရာတော်များ တစ်ပါးနဲ့တစ်ပါး တိုးတိုးပြောဆိုဆွေးနွေးရာမှ သန့်ရှင်းရေးဝန်ထမ်း မထားဖြစ်တော့ဘဲ တပည့်တော်တို့ ကိုယ်တိုင်ပဲ အလှည့်ကျ စနစ်နဲ့ သာသနာ့ဝတ်ကို ဆောင်ရွက်ပါတော့မယ် ဘုရားလို့ ကျေးဇူးရှင် မဟာနာယကချုပ် ဆရာတော်ကြီးကို လျှောက်တင်ကြတယ်လို့ ဆရာတော်တစ်ပါးက မိန့်ကြားဖူးပါတယ် ဘုရား"

"ဒကာ မောင်ကျော်တော့ ကြဲကြဲဖန်ဖန်ပြောတတ်တယ်"

"ကြဲကြဲဖန်ဖန် မဟုတ်ပါဘူး၊ မစိုးရိမ် ဆရာတော်ကြီးရဲ့ ထေရုပ္ပတ္တိမှာလည်း ပါတယ်လို့ ကြားဖူးလို့ပါ ဘုရား"

ဟု လျှောက်ထားလိုက်သည်။

ဆရာတော်ကြီး ဦးဇာဂရမှ "လာ၊ ကျောင်းပေါ် သွားကြမယ်"ဟု ခေါ်တော့သည်။ ကျောင်းကြီးပေါ်တွင် ကျွန်တော်နှင့် ဆရာတော်ကြီးတို့ အာလာပ၊ သလ္လာပ စကားဆက်ပြောကြသည်။ အရင်တစ်ခေါက်က ကျွန်တော် ဆရာတော်ကြီးကို မဂ္ဂဇင်းစာအုပ်သုံးအုပ်လှူထားသည်။ ဆရာတော်ကြီးမှ "စာအုပ်တွေ ဖတ်လို့ ကောင်းတယ်။ ကျန်းမာရေးဆောင်းပါးတွေ ကောင်းသလို၊ ဒကာ မောင်ကျော်တို့သားအဖ ဆောင်းပါးတွေလည်း ကောင်းတယ်ကွယ့်"ဟု မိန့်သည်။

ကျွန်တော်သည် ဆရာတော်ကြီးနှင့် စကားပြော၍ အရှိန်ရနေတုန်း ဦးဇင်းကြီး ဦးဉာဏ အနားတွင် လာထိုင်သည်။ ဆရာတော်ကြီးမှ ဦးဇင်းကြီးအား···

"အရှင်ဘုရားကိုယ်တိုင် သက်သာပျောက်ကင်းခဲ့တဲ့ ဝေဒနာအကြောင်းကို တိုတိုတုတ်တုတ်ပဲ ဒကာ မောင်ကျော်ကို ပြောပြလိုက်ပါလား"

ဟု မိန့်သည်။ ကျွန်တော်မှ ဦးဇင်းကြီးအား···

"အရှင်ဘုရား··· ဘာဝေဒနာ ခံစားခဲ့ရဖူးလို့လဲ ဘုရား"

ဟု မေးလျှောက်ကြည့်သည်။

"ဒီလို ဒကာ မောင်ကျော်ရဲ့၊ ဦးဇင်းကြီးက [illegible] သုံးနှစ်သာသာလောက်က အစာစားပြီးတိုင်းလိုလို မကြာ[illegible] ပျို့အန်တယ်။ လေချဉ်တွေကလည်း မကြာခဏ အန်[illegible] ဗိုက်ထဲလည်း မကြာခဏ အောင့်နေသလိုလို၊ ဝမ်းဗိုက်[illegible] တင်းနေသလိုလိုနဲ့ အစာမစားချင်ဘူး။ လူလည်း တ[illegible] ပြည်းနဲ့ ပိန်လာတယ်။ နောက်ပိုင်းတော့ ဆန်ပြုတ်ပူပူ[illegible] လောက်သာ သောက်ရတော့တယ်။ ဒီလိုနဲ့ ဟိုဆေးကော[illegible] နီးနီး၊ ဒီဆေး ကောင်းနိုးနိုးပေါ့လေ။ ငါးလကျော်လော[illegible] ကြာလာတော့ ကျောင်းဒကာတစ်ဦးက အကြံပေး[illegible] မော်လမြိုင်မှာ သွားပြကြည့်တယ်။ အဖတ်မစားပါနဲ့၊ အ[illegible] များများသောက်နိုင်ရင် ပိုကောင်းတယ်လို့ ပြောလိုက်[illegible] ဦးဇင်းကြီး ထပ်မေးတော့ "အစာအိမ်မှာ အနာလိုလို [illegible] တယ်၊ ဆေးပေးလိုက်မယ် သက်သာသွားမှာပါ။ ညွှန်ကြ[illegible] အတိုင်း ဆေးဆက်သောက်ပါ"လို့ ပြောပြန်တယ်။ မော်[illegible] ကို နောက်နှစ်ခေါက်ထပ်သွားသေးတယ်၊ အဲဒီနောက်[illegible] မသွားတော့ဘူး။ စိတ်တိုင်းကျ မဖြစ်လို့ဘဲလို့ ပြောရမှာ[illegible] လေ။ ဦးဇင်းကြီးလည်း အရိုးပေါ် အရေတင်လို ဖြစ်လာ[illegible] ပေါ့။ အဲဒီလိုနဲ့ ဆရာတော်ကြီး ဦးဇာဂရက ဆေးတ[illegible] ဖော်စပ်ပေးမယ်၊ သောက်ကြည့်မလားလို့ မေးတယ်။ ဦး[illegible] ကြီးက ပျောက်ချင်နေတဲ့သူဆိုတော့ သောက်ပါ့မယ် ဘု[illegible] လို့ ပြန်လျှောက်လိုက်တယ်"

ဟု ရှည်လျားစွာ ပြောပြသည်။ ကျွန်တော်သည် ဦး[illegible] ကြီးအား ဆေးနည်းကို မေးလျှောက်ကြည့်ရာ···

"တမာပင်ရဲ့ အခေါက်အစို လက်တစ်ဝါးစာလော[illegible] ကို ဓားနှင့် ခုတ်ဖဲ့ပြီး နုပ်နုပ်စဉ်း နေပူလှန်းရမယ်။ ခြော[illegible] သွားလျှင် နုညက်အောင် အမှုန့်ထောင်းပြီး ပိတ်စပါး[illegible] စစ်ယူရမယ်။ ပြီးရင် ပျားရည်စစ်စစ်ကို သင့်တော်ရုံထည့်[illegible] မပျစ်မကျဲ ရောမွှေ၍ သောက်ရမယ်။ ပျားရည်မှာ[illegible] ပိုကောင်းတယ်။ တစ်ကြိမ်သောက်ရင် ကော်ဖီဇွန်းတစ်ဇွ[illegible] စာကို ရေနွေးနဲ့ သောက်ရမယ်။ နံနက်၊ နေ့လယ်၊ ည[illegible] ညဥ့်အိပ်ခါနီးတိုင်း ပုံမှန်သောက်ပေးရင် တစ်လမပြည့်[illegible] ထူးခြားသက်သာပြီး ပျောက်ကင်းသွားလိမ့်မယ်"

ဟု ဆိုသည်။

ကျွန်တော်သည် ဦးဇင်းကြီး ပြောပြသော ဆေးနည်း[illegible] လွန်စွာ နှစ်သက်သွားသည်။ ငွေကြေးအကုန်အကျ[illegible] ပျားရည်တစ်မျိုးတည်းသာ ရှိသည်။ အဲဒါကြောင့် အစာ[illegible] မှာ အနာဖြစ်နေမှန်း သိရသော ဝေဒနာရှင်များ အကျိ[illegible] သက်သာစွာနှင့် အသုံးပြုနိုင်ကြစေရန် ရေးသားပို့[illegible] သည်■

* * *

မောင်ကျော်(ဘီး[illegible]



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင်ဖက် ရွေးချယ်မှုနဲ့ကြွေစေ

ကျော်မိုးလွင် (ဝါးခယ်မ)



တစ်နေ့ ယခင်က အလုပ်ဝင်လုပ်ခဲ့ဖူးသော "စန်းလွင် ဓာတ်ပုံဆိုင်ကို ကျွန်ုပ်ရောက်သွားခဲ့သည်။ စန်းလွင်ဦး ပုံဆိုင်မှာ ယခုအခါ "မေပုလဲ" အလှပြင်ဆိုင်ဖြစ်သွားခဲ့ပါ

ဓာတ်ပုံဆိုင်ပိုင်ရှင် ကိုစန်းလွင်မှာ ကွယ်လွန်သွားခဲ့ပြီ နီးဖြစ်သူ မမြမြဝင်းက အလှပြင်ဆိုင်ပြောင်းဖွင့်လိုက် င် ဖြစ်ပါတော့သည်။

ပြောင်းလဲလာသောခေတ်နှင့်အညီ မေပုလဲ အလှပြင် ဆိုင်မှာ အထူးအောင်မြင်ခဲ့ပါသည်။

ကျွန်ုပ် ဆိုင်ရှေ့ ခုံတန်းတွင် ထိုင်နေစဉ် အမျိုးသမီး ငယ်နှစ်ဦး ကျွန်ုပ်ရှေ့ ရောက်လာသည်။ ဆိုင်ပိုင်ရှင် မမြမြဝင်း ၏ သတင်းပေးချက်ဖြင့် ဗေဒင်ကြည့်ရန် ရောက်လာခြင်းပင် ဖြစ်ပါတော့သည်။

နှစ်ဦးစလုံးမှာ ရုပ်ရည်သန့်ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

မသန့်သည်ကား သူတို့နှစ်ဦးစလုံး၏ ဇာတာဖြစ်နေတော့၏။ နှစ်ဦးစလုံး အကြောင်းမညီညွတ်၍ ခင်ပွန်းများနှင့် လမ်းခွဲခဲ့ရသူများ ဖြစ်နေတော့သည်။ ကုန်ရုံးလျှင် တစ်ခေါက်၊ လင်ကုန်ရုံးလျှင် တစ်သက်လုံးမှောက်ဆိုသော စကားက သူတို့အတွက် ထားခဲ့လေရော့သလား။

ကျွန်ုပ်စစ်ဆေးကြည့်ခဲ့သော အိမ်ထောင်ရေးဗေဒင် နည်းတစ်နည်းမှာ ဤသို့ဖြစ်သည်။




* ရာသီ (မိဿ)
အရုပ် (ခြင်္သေ့)
မတ်လ ၂၁ရက်မှ ဧပြီလ ၂၀ရက်အတွင်း မွေးဖွားသူ။

* ရာသီ (တူ)
အရုပ် (ဆင်)
စက်တင်ဘာလ ၂၁ရက်မှ အောက်တိုဘာလ ၂၂ရက် အတွင်း မွေးဖွားသူ။

* ရာသီ (ကုမ်)
အရုပ် (သမင်)
ဇန်နဝါရီလ ၂၀ရက်မှ ဖေဖော်ဝါရီလ ၁၈ရက်အတွင်း မွေးဖွားသူ။

ခြင်္သေ့၊ ဆင်၊ သမင် အပြန်အလှန်စုံဖက်ခြင်း ရှောင်ရမည်။

* ရာသီ (ပြိဿ)
အရုပ် (လယုန်)
ဧပြီလ ၂၁ရက်မှ မေလ ၂၀ရက်အတွင်း မွေးဖွားသူ။

* ရာသီ (ဓနု)
အရုပ် (နေမင်း)
နိုဝင်ဘာလ ၂၂ရက်မှ ဒီဇင်ဘာလ ၂၀ရက်အတွင်း မွေးဖွားသူ။

အပြန်အလှန် စုံဖက်ခြင်း ရှောင်ရမည်။

* ရာသီ (မေထုံ)
အရုပ် (ကြိုး)
မေလ ၂၁ရက်မှ ဇွန်လ ၂၀ရက်အတွင်း မွေးဖွ

* ရာသီ (မကာရ)
အရုပ် (ခင်ပုတ်)
ဒီဇင်ဘာလ ၂၁ရက်မှ ဇန်နဝါရီလ ၁၉ရက်အ
မွေးဖွားသူ။

အပြန်အလှန်စုံဖက်ခြင်း ရှောင်ရမည်။

* ရာသီ (ကရကဋ်)
အရုပ် (ကျား)
ဇွန်လ ၂၁ရက်မှ ဇူလိုင်လ ၂၁ရက်အတွင်း မွေး

* ရာသီ (တူ)
အရုပ် (ဆင်)
စက်တင်ဘာလ ၂၂ရက်မှ အောက်တိုဘာလ ၂
အတွင်း မွေးဖွားသူ။

* ရာသီ (သိဟ်)
အရုပ် (ဖား)
ဇူလိုင်လ ၂၂ရက်မှ ဩဂုတ်လ ၂၁ရက်အ
မွေးဖွားသူ။

* ရာသီ (ဗြိစ္ဆာ)
အရုပ် (ငါး)
အောက်တိုဘာလ ၂၃ရက်မှ နိုဝင်ဘာလ ၂
အတွင်း မွေးဖွားသူ။

* ရာသီ (မိန်)
အရုပ် (ငါး)
ဖေဖော်ဝါရီလ ၁၉ရက်မှ မတ်လ ၂၁ရက်
မွေးဖွားသူ။

ဖား၊ မြွေ၊ ငါး အပြန်အလှန်စုံဖက်ခြင်း ရှော

ကျွန်ုပ်သည် အမျိုးသမီးငယ်နှစ်ဦးကို စစ်ဆေ
လိုက်သောအခါ တစ်ဦးမှာ ဖား၊ မြွေဖြစ်၍ တစ်ဦး
ခင်ပုတ်ဖြစ်နေသည်ကို တွေ့လိုက်ရပါတော့သည်။

အိမ်ထောင်ဖက် ရွေးချယ်မှု မှန်ကြပါစေ။

* * *

ကျော်မိုးလွင်

www.burmeseclassic.com



"ဒီဘက်က ဂန္ဓမာပန်း"

"အစ်မ မစန်းဝေ…ဂန္ဓမာပန်း ကလေးတွေ လှကာ လှနဲ့ ယူပါဦးလား"

ဒီအသံပိုင်ရှင်ကလေးတွေကတော့ မနက်ခင်း လင်းရောင်ခြည်နဲ့ အတူ နေ့စဉ် ရောက်ရောက်လာတတ်တဲ့ နံနက်ချိန်ခါ တေးသံသာလေးများပဲ ဖြစ်ပါတယ်။ မိုးလင်းပြီဆိုတာနဲ့ သူတို့ရဲ့ အသံစာစာလေးတွေကို ကြားရစမြဲပါ။ ဈေးသည်တိုင်းလိုလို အိမ်ရှေ့ကနေ လှမ်းပြီး နှုတ်ဆက် မေးမြန်းနေကျ ရာသီစာတွေဖြစ်တဲ့ ပြောင်းဖူးသည်၊

www.burmeseclassic.com

www.burmeseclassic.com

တညင်းသီးသည်၊ ဒူးရင်းသီးသည်၊ ဖားသည်၊ ငါးသည်၊ အို…စုံလို့ စုံလို့။ သူတို့လေးတွေရဲ့ ကျေးဇူးကြောင့် ဈေးသွားစရာမလိုလောက်အောင် စုံလင်လှပါတယ်။ ဒီနေ့လည်း ပန်းသည်မလေးက အသံစာစာနဲ့ လှမ်းမေးနေတာမို့ ဘုရားဝတ်တက်နေရာက ကပျာကယာဆင်းခဲ့ရပါတော့တယ်။

"ဟဲ့…ညည်းဟာက ဂန္ဓမာပန်းတွေချည်းပဲ၊ တခြားပန်းတွေ မပါဘူးလား"

"ဟုတ်တယ် အစ်မရေ၊ ဒီနေ့ ဂန္ဓမာပန်းလေးတွေ တအားလှတာနဲ့ တစ်မျိုးတည်းပဲ ယူလာခဲ့တယ်၊ ဘုရားစင်မှာဆိုရင် သိပ်လှတာ အစ်မရဲ့"

ပန်းသည်မလေးက ရွှန်းရွှန်းဝေအောင် ပြောနေပေမယ့် ကျွန်မက ဂန္ဓမာပန်းကို ကြိုက်သူမဟုတ်။ ဒီပန်းကို မနှစ်သက်စရာအကြောင်းက ကျွန်မမှာ ရှိနေခဲ့သည်။ လွန်ခဲ့တဲ့လက မှတ်မှတ်ရရ အိမ်မှာ ဂန္ဓမာပန်းတွေ ဝေနေအောင် ပူဇော်ပြီး အဲဒီနေ့မှာပဲ အမေ မြင်းလှည်းမှောက်၍ ထိခိုက်ဒဏ်ရာတွေ ရခဲ့ဖူးသည်မို့ ကျွန်မ ဂန္ဓမာပန်းကို မဆီမဆိုင် ဒေါသထွက်နေခဲ့သည်။ တိုက်ဆိုင်မှုတစ်ခုလို့ သဘောထားနိုင်ပေမယ့် ဂန္ဓမာပန်းကိုတော့ ကျွန်မ မနှစ်မြို့တော့။ ယခုလည်း ဂန္ဓမာပန်းကလေးတွေက အဝါရောင်တောက်တောက်ကလေးတွေမို့ ယူရရင် ကောင်းမလား စဉ်းစားနေခိုက်…

"ယူလိုက်ပါ အစ်မရယ်၊ အခုမှ ဈေးဦးပေါက်မို့လို့ပါ၊ နောက်ပြီး ဘယ်သူမှ မရွေးရသေးဘူးလေ၊ အစ်မက ဦးဦးဖျားဖျား အရင်ဆုံးရတာ၊ စိတ်ကြိုက်သာ ရွေး အလှတွေချည်းပဲ"

"ကဲ…ကဲ…ဒါဆိုလည်း ငါးရာဖိုးလောက် ညည်းပဲ ရွေးခဲ့ပါတော့အေ၊ ဘုရားတင်ရအောင်လို့"

ဂန္ဓမာပန်းလေးတွေကို ဒုတိယအကြိမ် ဘုရားတင်လှူ ပူဇော်ခြင်းပါပဲ။ ဘာပဲဖြစ်ဖြစ် ဘုရားကို သန့်ရှင်းလှပမွှေးကြိုင်တဲ့ ပန်းကလေးတွေနဲ့ ကပ်လှူပူဇော်တာဟာ ကောင်းမှုကုသိုလ်အလုပ်၊ မင်္ဂလာရှိတဲ့ အလုပ်မို့ ပြီးခဲ့တာတွေကိုလည်း ဘာမှထွေထွေထူးထူး စဉ်းစားမနေတော့ဘဲ ဘုရားစင်မှာ ဂန္ဓမာပန်းကလေးတွေကို ဝေနေအောင် ကပ်လှူပူဇော်ထားလိုက်ပါတော့တယ်"

အဲဒီနေ့မှာပဲ "အစကတည်းက ယဉ်သကို"လို့ပဲ ဆိုရမလား၊ "ရောက်ရောက်ချင်း ဆောက်နဲ့ထွင်း"လို့ပဲ ပြောရမလား မဆိုတတ်တော့ပါဘူး။ အဲဒီပန်းကလေးတွေရောက်တဲ့နေ့ နေ့လယ်မှာတော့…

"အား…"

ရုတ်တရက် ကျွန်မပိုင် လိုင်စင်ရသစ်စက်ထဲက စူးစူးဝါးဝါးအော်သံတစ်ချက်ကြားလိုက်ရပြီး တပည့်ဖြစ်တဲ့ ဆန်းညွန့်အောင် အပြေးရောက်လာတာကို တွေ့လိုက်ရပါတယ်"

"ဟဲ့…ဆန်းညွန့်အောင်၊ စက်ထဲက ဘာဖြစ်တာလဲ၊ ပြောစမ်း"

"ဟို… ကိုမင်းသိန်း၊ လက်တစ်ချောင်း စက်ထဲဝင်ပြီး ပြတ်သွားလို့"

"ဘာ…"

"လက်တစ်ချောင်းပြတ်သွားတယ်ဟုတ်လား"

"မဟုတ်ပါဘူး ဆရာမရဲ့ လက်မတစ်ချောင်းပြတ်သွားတာပါ၊ တစ်ဖက်လုံးပြတ်သွားတာ မဟုတ်ပါဘူး"

"ဘုရား…ဘုရား၊ တော်ပါသေးရဲ့ဟယ်၊ ကဲ…ကဲ…ဆေးရုံပို့ဖို့ အမြန်လုပ်"

"ဟုတ်ကဲ့…ဟုတ်ကဲ့"

သည်ဂန္ဓမာပန်းတွေ ရောက်တဲ့နေ့မှာပဲ အဖြစ်ဆိုးတစ်ခုကို ကျွန်မ တွေ့လိုက်ရပြန်ပါပြီ။ "ဒီအဖြစ်အပျက်နဲ့ ဂန္ဓမာပန်း ဘာမှ မဆိုင်ပါဘူးလေ" လို့ တွေးပြီး ဖြေသိမ့်ခဲ့ပေမယ့် ဂန္ဓမာပန်းအကြောင်း ကျွန်မခေါင်းထဲကို ဘာကြောင့် ရောက်ရောက်နေတာလဲ ဆိုတာကို ကျွန်မဘာသာ စဉ်းစားမရ။ "မဖြစ်နိုင်ပါဘူးလေ" လို့ ဖြေတွေးတွေးပြီး အဲဒီ ဂန္ဓမာပန်းတွေကို ကျွန်မ ဝေးဝေးက ရှောင်ခဲ့ပါတော့တယ်။ ကျွန်မကပဲ အယူသီးပြီး အစွဲအလမ်းကြီးတာလား၊ ဂန္ဓမာပန်းတွေကပဲ ကျွန်မအတွက် ကျိန်စာသင့်နေတာလား ဆိုတာကို ဝေခွဲလို့ မရခဲ့ပါဘူး။ ဒါကြောင့် ကျွန်မ ဘယ်လောက်ပဲ လက်ရှောင်နေခဲ့ပေမယ့် ဂန္ဓမာနဲ့ ကျွန်မ ရေစက်က ဆုံဆုံနိုင်လွန်းလှတယ်လေ။ ကာလအတန်ကြာအောင် ရှောင်နေခဲ့ပေမယ့် သူကတော့ ဆိုက်ဆိုက်မြိုက်မြိုက်ကို ရောက်လာခဲ့ပြန်ပါတယ်။ အဲဒီနေ့က…

"ဟဲ့…ဘုရားစင်ပေါ်က ပန်းအိုးထဲမှာ ဂန္ဓမာပန်း ဘယ်သူတင်ထားတာလဲ"

"သမီးတင်ထားတာ အမေ"

ကျွန်မခင်ပွန်း ကိုတင်မြင့် (LLB တရားရုံးချုပ်ရှေ့နေ)ရဲ့ ညီမဖြစ်သူ "မစု"က ပျာပျာသလဲ ဖြေလိုက်ရင်း အထိတ်တလန့်ဖြစ်နေတဲ့ ကျွန်မကို ငေးကြည့်နေပါတယ်။

"ဘာဖြစ်လို့လဲ အမေ"

တကယ်တော့ "မစု"နဲ့ ကျွန်မက သမီးယောက်မတော်ပေမယ့် အသက်ကွာလွန်းတာက တစ်ကြောင်း သူတို့ ငယ်ရွယ်စဉ်ကတည်းက မိဘလို ကျွန်မက အုပ်ချုပ်လာခဲ့တာမို့

www.burmeseclassic.com

www.burmeseclassic.com

"မစု"က ကျွန်မကို "အမေ"လို့ တလေးတစားခေါ်တာကိုပဲ ကျွန်မက ကျေနပ်ခဲ့ရတာပါ။

"ဩော်… အေးအေး ဘာမှ မဖြစ်ပါဘူး၊ ရတယ်…ရတယ်"

ကျွန်မပါးစပ်က ရတယ်သာ ပြောနေပေမယ့် ကျွန်မမျက်နှာ ညှိုးကျသွားတာကို "မစု"သတိထားလိုက်မိတယ် ထင်ပါရဲ့၊ သူလည်း တစ်နေကုန် မျက်နှာမကောင်းရှာဘူးလေ။ ကျွန်မမျက်နှာ ဘာကြောင့်ပျက်သွားရတာလဲဆိုတာကို စဉ်းစားနေဟန် တူပါရဲ့၊ ကျွန်မလည်း တစ်နေကုန် စိတ်တွေလေးနေတော့တာပါပဲ။

"ဂန္ဓမာပန်းတွေတော့ ရောက်လာပြန်ပြီ ဘာများဖြစ်ဦးမလဲ မသိဘူး"

"ကျွန်မတွေးရင်း ကြောက်နေမိပါတယ်၊ အမေ မြင်းလှည်းမှောက်တုန်းက တစ်ခါ၊ စက်ထဲက အလုပ်သမားတစ်ယောက် လက်မတစ်ချောင်းပြတ်သွားတုန်းက တစ်ခါ၊ တိုက်တိုက်ဆိုင်ဆိုင် ဂန္ဓမာပန်းနဲ့ ဘုရားတင်လှူခဲ့တဲ့ နေ့တွေဖြစ်လို့ အခုလည်း ကျွန်မတွေးရင်း ဂနာမငြိမ်အောင် ဖြစ်နေမိပါတယ်။ ညနေစောင်းတဲ့အထိ စက်ထဲမှာရော အလုပ်ထဲမှာပါ ဘာမှပြဿနာ မကြုံခဲ့ပါဘူး"

"ငါကိုက အစွဲအလမ်းကြီးပြီး အယူသီးတာနေမှာပါ"

လို့ တွေးမိနေတုန်း…

"အစ်မ…အစ်မ လုပ်ပါဦးဗျ"

"ဟဲ့… ဖိုးသာအောင်၊ ဘာဖြစ်လာတာလဲ"

"ဟိုအိမ်က ကျွဲကြီး (ဂါးကြီး)နဲ့ တခြားကျွဲတစ်ကောင်ခတ်တာ အခု ဂါးကြီးသေပြီလား မသိဘူးဗျ။ လိုက်ကြည့်ပါဦး"

"ဟင်…ဘုရား၊ ဘုရား"

ဂါးကြီးဆိုသည့် ကျွဲကြီးမှာ အလွန်လိမ္မာပြီး အလွန်ထူးဆန်းသော လူဝင်စား ကျွဲကြီးဖြစ်၏။ ကျွန်မ ရောက်သွားချိန်မှာတော့ ဂါးကြီးဟာ ဗိုက်ထဲက အူတွေထွက်ပြီး သေဆုံးနေခဲ့ပါပြီ။ အဲဒီကျွဲကြီးဟာ ထိုင်ဆို ထိုင်၊ ထဆို ထ၊ ကဆိုရင် ကပြတတ်တဲ့ ကျွဲကြီးပါ။ အိမ်သားတစ်ယောက်လို ချစ်ခင်ရသော လိမ္မာလွန်းလှသည့် ဂါးကြီးကို ကျွန်မ အလွန်သနားနေမိပါသည်။ ရက်အတော်ကြာကြာ ကျွန်မ ငိုနေမိတဲ့အထိ ဖြစ်ခဲ့ရပါသည်။ ကျွန်မ ရင်သွေးသားတစ်ယောက် ဆုံးပါးသွားသလို ခံစားနေခဲ့ရသည်။ ဒါကြောင့်လည်း အဲဒီအချိန်ကတည်းက ကျွန်မ ဂန္ဓမာပန်းတွေကို မုန်းတီးနေခဲ့တော့တာပါပဲ။ ဂါးကြီးကို သတိရလေ ဂန္ဓမာတွေကို မုန်းလေဖြစ်ခဲ့ရပါတယ်။ ကုန်ကုန်ပြောရရင် ဂန္ဓမာပန်းလာရောင်းတဲ့ ပန်းသည်မလေးတွေကို ကျွန်မ မောင်းထုတ်မိတဲ့အထိ ကျွန်မရင်ထဲက ခံစားချက်က ပိုပြီးပြင်းထန်ခဲ့ပါတော့တယ်။

"ဟေ့…နောက်ကို နင်တို့ ငါ့ခြံထဲ လုံးဝ မဝင်ကြနဲ့၊ အဲဒီ ဂန္ဓမာပန်းတွေကိုလည်း ဘယ်တော့မှ မယူလာကြနဲ့၊ သွားကြ…သွားကြ"

ပန်းသည်မလေးတွေကို ကျွန်မ အရူးတစ်ယောက်လို အော်ဟစ်မောင်းထုတ်မိတဲ့အထိပါပဲ။

"ဟေ့… မိန်းမ၊ ဘယ်လိုဖြစ်တာလဲကွာ၊ ပန်းသည်မလေးတွေကို ဒီလောက်အထိ ပြောစရာ မလိုပါဘူးကွ၊ သူတို့ ဘာမှ သိတာမှမဟုတ်တာ"

ခင်ပွန်းသည် ကိုတင်မြင့်က ကျွန်မကို ရှေ့ပြည်အေး တရားဟောချင်နေပုံရပါတယ်။ ဒါပေမဲ့ ကျွန်မကလည်း ဒီအစွဲအလမ်းကြီးကို ဘယ်လိုမှ ဖျောက်ပစ်လို့ မရခဲ့ပါဘူး။

"အေး…၊ မင်းပြောသလို ဒီဂန္ဓမာပန်းတွေ တင်လိုက်မိတိုင်း မင်းအမေ မြင်းလှည်းမှောက်ပြီး ဒဏ်ရာတွေ ရသွားတယ်၊ နောက်တစ်ခါ စက်ထဲက ဝိုင်းဆရာ မင်းသိန်း လက်မတစ်ချောင်း စက်ထဲဝင်ပြီး ပြတ်သွားတယ်၊ အခုတစ်ခါ ဂါးကြီးက သေပြန်ပြီဆိုတော့ မင်းဘက်က ပြောစရာဖြစ်နေတာပေါ့။ အမှန်ကတော့ ဒါတွေဟာ တိုက်ဆိုင်မှုတွေပါကွာ"

"ကံသာလျှင် အမိ၊ ကံသာလျှင် အဖ"လို့ ဘုရားဟော ရှိတယ်မဟုတ်လား။ အတိတ်ဘဝက ပြုခဲ့ဖူးတဲ့ ကမ္မသတ္တိတွေကြောင့် ဒီလိုဖြစ်ကြရတာပါ၊ မင်း စဉ်းစားကြည့်စမ်း။ မင်းဟာ ပညာတတ် ဘွဲ့ရ ဆရာမတစ်ယောက်၊ ပြီးတော့ ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ယောက်၊ ဒီ ဘာမဟုတ်ဘဲ့ ဂန္ဓမာပန်းတွေက လူတွေ၊ သက်ရှိ သတ္တဝါတွေရဲ့ ကံကြမ္မာကို ဆိုးအောင်၊ သေအောင် လုပ်နိုင်ပါ့မလား၊ စဉ်းစားစမ်းပါ မိန်းမရယ်။ ဘုရားရှင်ကိုယ်တော်မြတ်ကြီးတောင်မှ နှစ်ဘဝက ပြုခဲ့ဖူးတဲ့ အကုသိုလ်ကံတွေကို ဘုရားဖြစ်တဲ့ ဘဝမှာတောင် ပြန်ခံရသေးတာပဲ။ သိပ်ပြီး တစ်ဖက်စွန်းရောက်လွန်းရင် မကောင်းဘူး"

"ဟုတ်တော့ ဟုတ်ပါတယ် ကိုတင်မြင့်ရယ်။ ဒါပေမဲ့ ဒီပန်းတွေ အိမ်ရောက်လာတာနဲ့ တစ်ခုမဟုတ်တစ်ခု ဖြစ်ဖြစ်နေလို့ ကျွန်မ ကြောက်နေခဲ့ရတာ၊ စိုးရိမ်နေခဲ့ရတာ။ ဒီပန်းတင်တိုင်း ဖြစ်ဖြစ်နေလို့ ကျွန်မ ဒီပန်းတွေကို မြင်တိုင်း စိတ်ထိခိုက်ရပါတယ်၊ အဲဒီ ဂန္ဓမာပန်းကို ကျွန်မ အရမ်းမုန်းတယ်"

"အေးပါကွာ၊ မင်းမုန်းချင်လည်း မုန်းပါ။ ဒါပေမယ့် "ဥပါဒါန်ကြောင့် ဥပဒ်ရောက်"ဆိုတာလို ဖြစ်နေမှာစိုးလို့ ငါ သတိပေးတာ၊ မင်းစိတ်တွေ ပျော့လိုက်"



www.burmeseclassic.com

www.burmeseclassic.com

◈◈◈

အဲဒီလိုနဲ့ ကျွန်မတို့ နေလာကြရင်း အချိန်အတော်ကြာလာတော့ ကျွန်မ မေ့မေ့ပျောက်ပျောက်ဖြစ်အောင် နေလာခဲ့ပါတယ်။ အချိန်က ကုစားပေးလာတာနဲ့အမျှ ကျွန်မလည်း အားလုံးကို မေ့နိုင်အောင် ကြိုးစားပြီး နေခဲ့ရပါတယ်။ ဖြေသိမ့်နိုင်ခဲ့ပါပြီ။ မေ့လည်း မေ့နိုင်ခဲ့ပါပြီ။

နောက်တော့ ကျွန်မတို့လည်း ထန်းတပင်မြို့ အနောက်ပိုင်းကနေ အရှေ့ပိုင်းကို ပြောင်းခဲ့ကြပါတယ်။ စီးပွားရေးအရ ပြောင်းခဲ့ကြတာဆိုပေမယ့် အရှေ့ပိုင်းမှာ ခြံကလည်း ကျယ်ပြီး အိမ်ကလည်း ကျယ်ကျယ်ဝန်းဝန်း ရှိတာမို့ ကျွန်မတို့မိသားစု ပျော်ပျော်ရွှင်ရွှင်ပဲ နေထိုင်ခဲ့ကြရပါတယ်။

အဲ · · · အဲဒီအပျော်တွေက ကြာကြာတော့ မခံလိုက်ဘူးရှင့်၊ အရှေ့ပိုင်းအိမ်ရောက်ပြီး မကြာခင် ကျွန်မ အမုန်းဆုံး၊ ကျွန်မအကြောက်ဆုံး ဂန္ဓမာပန်း စတုတ္ထအကြိမ် ရောက်ရှိလာပြန်ပါလေရော။ ဒါပေမယ့် အဲဒီအချိန်မှာ ကျွန်မ ဂန္ဓမာပန်းတွေအပေါ် သိပ်ပြီး အစွဲအလမ်းမထားတော့ပါဘူး။ တိုက်ဆိုင်မှုတွေလို့ပဲ သဘောထားလိုက်ပါတော့တယ်။

"ကဲ···ရော့ဗျာ ဆရာမ၊ ကျုပ်စိုက်ထားတဲ့ အခင်းတွေထဲက ဂန္ဓမာပန်းတွေ လက်ဆောင်ပေးချင်လို့ ယူလာတာ၊ ရော့ဗျာ···ဘုရားလှူပေါ့"

ကျွန်မကို ကိုတုတ်လုက ဂန္ဓမာပန်းတွေ တစ်ပွေ့ကြီး လက်ဆောင်ပေးနေတာမို့ မယူချင့် ယူချင်နဲ့ ယူထားလိုက်ပြီး ခင်ပွန်းသည်ကို လှမ်းကြည့်လိုက်မိပါတယ်။

"ပန်းတွေ လက်ဆောင်ပေးတော့လည်း ယူရတာပေါ့ဗျာ၊ ပန်းလက်ဆောင်ပေးတဲ့အတွက် ရေလို အေးလို့ပန်းလို မွှေးမြပါစေဗျာ"

ခင်ပွန်းသည် ကိုတင်မြင့်က ဘာကိုမှ အစွဲအလမ်းထားသူ မဟုတ်ပေမယ့် ကျွန်မရင်ထဲ ထိတ်ခနဲဖြစ်သွားမိပါသေးတယ်။ နောက်ပြီး ကျွန်မကိုယ်တိုင် စမ်းကြည့်ချင်တဲ့ စိတ်ကထိန်းမရအောင် ဖြစ်နေတာမို့ ဂန္ဓမာပန်းတွေကို ယူပြီး ဘုရားမှာရော၊ စက်ထဲက ဘုရားစင်မှာပါ ဝေနေအောင် ကပ်လှူထားလိုက်ပါတယ်။ အမှန်ကတော့ ဒီပန်းတွေ ရောက်လာတိုင်း တစ်ခုမဟုတ် တစ်ခု ဖြစ်နေကျမို့ ဒီတစ်ခါတော့ တမင်ကို စမ်းသပ်လိုက်တာပါပဲ။ တစ်ခုခုဖြစ်ရင် ဒီပန်းကြောင့်ဆိုတာ သေချာပြီပေါ့။ လေးကြိမ်မြောက်ကိုး။ ဘာမှမဖြစ်ရင်တော့ ကျွန်မအစွဲအလမ်းကြီးတာ နေမှာပေါ့နော်။ ဘုရားမှာ ဂန္ဓမာပန်းတွေ ပူဇော်ပြီးတာနဲ့ အခြားနေ့တွေတုန်းကထက် အချိန်ပိုပြီး မေတ္တာပို့နေမိပါတယ်။ ခင်ပွန်းသည်ကလည်း ကိုးနဝင်း အဓိဋ္ဌာန်ဝင်နေတဲ့ အချိန်မို့ တမင်ကို အချိန်ပိုယူပြီး လောကဓာတ်တစ်ခုလုံးကို မေတ္တာပို့ပေးခဲ့ပါတယ်။

အဲဒီနေ့တစ်နေ့လုံး အလုပ်ထဲမှာရော စက်ထဲမှာပါ အေးအေးချမ်းချမ်းနဲ့ အဆင်ပြေပြေရှိလှပါတယ်။ တပည့်ဖြစ်တဲ့ ဆန်းညွှန့်အောင်၊ ဖိုးသာအောင်၊ ကိုခဲတိုတို့ကိုတော့ ကျောက်ကြီးပေါက်ဘက်က သစ်တွေသယ်ဖို့ ကားတစ်စီးနဲ့ မနက်ခင်းကတည်းက လွှတ်လိုက်တာမို့ သူတို့အတွက်လည်း မေတ္တာပို့ ဆုတောင်းပေးနေခဲ့ပါတယ်။ ဒီလိုနဲ့ တစ်နေကုန်လို့ တစ်မိုးချုပ်ခဲ့ပါပြီ။ နေ့တစ်နေ့ကို အေးချမ်းစွာ ပြီးဆုံးခဲ့ပါတယ်။ ကျွန်မရင်ထဲက နှစ်ပေါင်းများစွာ သနေ့တည်လာခဲ့တဲ့ ဂန္ဓမာနဲ့ ပတ်သက်တဲ့ အကြိတ်အခဲတွေ၊ အမုန်းတွေ၊ အစွဲအလမ်းတွေ၊ အငြိုးတွေ အားလုံး ဘာတစ်ခုမှ မကျန်တော့

လောက်အောင် ကျွန်မ ခဝါချခဲ့ပါ

သုံးဆယ့်တစ်ဘုံမှာ ကျင်လည်နေ

တဲ့ လောကီဘုံသားအားလုံးကို

တောင်းမေတ္တာတွေ ပို့သပြီး အိပ်

ဝင်ခဲ့ကြပါတယ်။

ညလယ် ဆယ့်နှစ်နာရီ

လောက်မှာ ကျွန်မအမုန်းတွေကို

ဖုံးကားချခဲ့တဲ့ မိဂန္ဓမာတို့ အစွ

လာပါတော့တယ်။ တုန်လှုပ်ချောက်

စွာ ကျွန်မ မယုံနိုင်အောင် ဖြစ်ခဲ့ရ

◈◈◈

"ဆရာ···ဆရာ၊ ကိုတင်

ထပါဦး"

"ဆရာမ ခဏထပါဦး၊

တော် ဆန်းညွှန့်အောင်ပါ"

ည ၁၂နာရီထိုးအပြီးမှာ အိမ်

က ခေါ်သံကြားတာနဲ့ ခင်ပွန်းဖြစ်သူ

နှိုးရင်း ကျွန်မ ထလာခဲ့ပါတယ်။

ရှေ့တံခါးဖွင့်လိုက်တော့ ဆန်း

အောင်၊ ဖိုးသာအောင်နဲ့ ကိုခဲတိုတို့

ဆိုင် ကယ်ကိုယ်စီနဲ့ တွေ့လိုက်

တယ်။

"ဆန်းညွှန့်အောင်···သစ်တ

တဲ့ ကားရော ပြန်ရောက်ပြီလား၊ နှ

မိုးချုပ်လိုက်တာဟယ်"

ကျွန်မက သံဘာဂျာတံခါးကို

ဖွင့်လိုက်ရင်း အလျင်စလို မေးနေ

မယ့် သူတို့ကတော့ မျက်နှာငယ်

တွေနဲ့ ချက်ချင်း စကားမပြန်နိုင်

ပါဘူး။

"ဟိတ်ကောင်တွေ··· မေး

တယ်လေ၊ ကားရော"

ခင်ပွန်း ကိုတင်မြင့်က သူ့တ

တွေကို ခပ်ဆတ်ဆတ်ငေါက်ပြီး

လိုက်တော့မှ···

"ဆရာ··· ကျွန်တော်တို့

တွေတင်တဲ့ကား လမ်းမှာ တံတား

ပြီး မှောက်သွားလို့ ဆရာ"

"ဘာလဲ···"





www.burmeseclassic.com

www.burmeseclassic.com

ခင်ပွန်းသည်က ရုတ်တရက် မမျှော်လင့်ဘဲ ကြားလိုက်ရတဲ့ ဆန်းဩွန်အောင်ရဲ့ စကားကြောင့် မူးလဲတော့မလိုဖြစ်သွားလို့ ကျွန်မ မနိုင့်တနိုင် ထိန်းရင်း...

"လူတွေ ဘာဖြစ်ကြသေးလဲ၊ မြန်မြန်ပြောစမ်း"

ကျွန်မ ရင်တွေ ခုန်ပြီး စိတ်ကို မနည်းထိန်းထားရင်း မေးလိုက်တော့-

"သစ်တင်တဲ့ အလုပ်သမား အမျိုးသမီး ခြောက်ယောက်လုံး ကားအောက်မှာ ပိပြီး သေကုန်ကြပြီ ဆရာမ"

"ဘာ..."

"အားလုံးသေကုန်ပြီ၊ ဟုတ်လား"

ကျွန်မနားထဲကို မိုးကြိုးပစ်သလို ကြားလိုက်ရပြီး ခြေပစ်လက်ပစ် ပုံကျသွားတော့တာပါပဲ။ ကျွန်မတစ်သက်နဲ့ တစ်ကိုယ် မကြုံဘူးတဲ့ အဖြစ်ဆိုးတွေ ကြုံနေရပါပြီ။ အကြီးအကျယ်တုန်လှုပ်ချောက်ချားခဲ့ရပါတယ်။

အဲဒီညဟာ ကျွန်မနဲ့ သေဆုံးသွားကြတဲ့ အလုပ်သမလေးတွေရဲ့ မိသားစုတွေ ကမ္ဘာပျက်တဲ့ ညပါပဲ။ မကြာခင်မှာပဲ သူတို့မိသားစုတွေ ရောက်လာပြီး ကမ္ဘာပျက်သလို ငိုသံတွေနဲ့ ဆူညံပွက်လောရိုက်သွားပါတော့တယ်။

ကျွန်မဘဝ ကောင်းစားဖို့ အတွက် တပည့် အလုပ်သမလေးတွေရဲ့ အသက်များစွာ စတေးလိုက်ရသလိုပါပဲ။ အဲဒီအချိန်ကတည်းက လိုင်စင်ရ သစ်စက်လုပ်ငန်းကို လုံးဝ အပြီးအပိုင် စွန့်လွှတ် လိုက်ပါတော့တယ်။ ရက်ပေါင်းများစွာ ကျွန်မ မျက်ရည်ဖြိုင်ဖြိုင်ကျအောင် ငိုကြွေးခဲ့ရပါတယ်။ လပေါင်းများစွာ မချိအောင် တနင့်တပိုး ခံစားခဲ့ရပါတယ်။ စိတ်ဆင်းရဲခြင်းကြီးစွာ ယူကျုံးမရဖြစ်ခဲ့ရပါတယ်။ တကယ်လို့များ အဲဒီနေ့က ဂန္ဓမာပန်းတွေ လက်မခံခဲ့ရင် ဒီလို အဖြစ်ဆိုးတွေနဲ့ ကြုံနိုင်ပါ့မလား။ ကျွန်မလည်း မစဉ်းစားတတ်တော့။ အဲဒီနောက် ကျွန်မ ဂန္ဓမာပန်းတွေကို ရဲရဲ မကြည့်ရဲတော့တာ ခုထိပဲ ဆိုပါတော့လေ။

ဂန္ဓမာတောင် ပတ်ပျိုးကိုတောင် ယောင်လို့မှ မညည်းရဲတော့ပါဘူး။ ဒီပန်းဂန္ဓမာနဲ့ ကျွန်မ ဘယ်လို အငြိုးတွေ၊ ကျိန်စာတွေ ရှိခဲ့လေသလဲဆိုတာကတော့ဖြင့် ဘုရားရှင်ကိုယ်တော်မြတ်ကြီးသာ သိနိုင်ပေရော့မည်။

◈◈◈

"ကျွန်မနဲ့ ဂန္ဓမာက အဲဒီလောက်ကို အငြိုးကြီးခဲ့ကြတာ ကိုစန်းလွင်ရဲ့၊ ရှင်ရော ကျွန်မနဲ့ ဂန္ဓမာကို ဘယ်လိုမြင်လဲ၊ ပြီးတော့ ဘယ်လိုထင်လဲ"

"အင်း... ကျွန်တော်ကတော့ မစန်းဝေကို မစန်းဝေလို့ပဲ မြင်ပြီး ဂန္ဓမာကိုလည်း ဂန္ဓမာလို့ပဲ မြင်တယ်ဗျ"

"ကျွန်မ နားမရှင်းဘူး"

"ဒီလိုလေ ဆရာမရဲ့ ဆရာမနဲ့ ဂန္ဓမာကြားမှာ ဘာမှ တစ်စုံတစ်ရာ ဆက်သွယ်မှု၊ အငြိုးတွေ၊ အမုန်းတွေ၊ ကျိန်စာတွေ ဘာတစ်ခုမှ မမြင်မိဘူးဗျ"

"ဒါဆိုရင် လေးကြိမ်လုံး တိုက်ဆိုင်မှုသက်သက်လို့ ဆိုချင်တာလား"

"အဲဒီလိုလည်း တပ်အပ် ကျွန်တော် မပြောချင်ဘူး"

"ဆရာမ စဉ်းစားကြည့်ဗျာ၊ ပန်းကလေးတွေဟာ ပန်းဘဝကို ရောက်ပြီး လေးငါးရက်ပဲ အသက်ရှည်ကြတာပါ။ ဒီလေးငါးရက်အတောအတွင်းမှာ အဲဒီ ပန်းကလေးတွေဟာ ကျရာရောက်ရာ နေရာကနေ လောကကို အလှဆင်ပေးသွားကြတာပဲ မဟုတ်လား။ နေရာတိုင်းမှာ လူတွေအတွက် အတတ်နိုင်ဆုံး အသုံးတော်ခံသွားကြတာပါပဲ။ ဒီလို နူးညံ့သိမ်မွေ့ပြီး သနားစရာကောင်းတဲ့ ပန်းကလေးတွေက သက်ရှိ လူတွေကို ဒုက္ခပေးနိုင်ပါ့မလား။ ဆရာမ စဉ်းစားကြည့်။ တကယ်လို့ ဆရာမနဲ့ ဂန္ဓမာ စပ်ဆက်မှုရှိတယ် ဆိုရင်တောင် ဆရာမကို သတိနဲ့ နေဖို့ သတိထားပြီး လုပ်ကိုင်ဖို့ ဘုရားတရားကို မမေ့ဖို့ သတိပေးချင်တဲ့အနေနဲ့ ရောက်လာကြတာပဲ ဖြစ်မှာပါ။

အဲဒီနေ့က ဆရာမ ပန်းတွေကို ယူလိုက်သည် ဖြစ်စေ၊ မယူလိုက်သည် ဖြစ်စေ၊ ကားမှောက်လို့ သေမယ့်သူတွေဟာ အဲဒီနေ့၊ အဲဒီအချိန်၊ အဲဒီနေရာမှာ ကားမှောက်မှုကို သေကြရမှာပါ။ အတိတ်ကမ္မသတ္တိကြောင့် ဖြစ်ရတဲ့ ကိစ္စတွေကို ဘယ်သူမှ မဖြစ်အောင် တားလို့ မရသလို၊ ဖြစ်အောင်လည်း ဘယ်သူကမှ မဖန်တီးနိုင်ကြပါဘူး။

ပန်းတွေကြောင့် ဖြစ်ရတယ်ဆိုတာ အသာထား၊ ဘုရားရှင်တောင်မှ မတတ်နိုင်တဲ့ ကိစ္စတွေပါဗျာ။ အဲဒါကို နှလုံးသွင်းမှန်အောင် မြင်ကြည့်စမ်းပါ ဆရာမရယ်"

"အို... ဘာပဲဖြစ်ဖြစ် ကျွန်မအတွက်တော့ အဲဒီ ဂန္ဓမာပန်းပွေဟာ အဆိပ်သင့်နေတဲ့ ပန်း၊ ကျိန်စာသင့်နေတဲ့ ပန်းလို့ ထင်နေတုန်းပဲ"

"သဗ္ဗေသတ္တာ ကမ္မသကာ-ပေါ့ဗျာ"

(ထိုနေ့က သေဆုံးသွားခဲ့ကြသော အလုပ်သမလေးများအားလုံး ကောင်းမွန် မြင့်မြတ်သော ဘုံဘဝမှာ ခံစားနိုင်ကြပါစေ။) ■

* * *

ဆန်းတာပင်စန်းလွင်




www.burmeseclassic.com

www.burmeseclassic.com

ဖောင်လေဝီးအောင်

# ထူးဆန်းတွေလာ ဤကမ္ဘာ




### သဘာဝ၏ အကျိုးအာနိသင်

မိမိတို့လောကကြီးသည် သဘာဝအလှတရားများဖြင့် တန်ဆာဆင်ထားသည်။ လောကတွင်းရှိ သက်ရှိ သတ္တဝါတို့ သည်လည်း သဘာဝ ပတ်ဝန်းကျင်က ပေးသော အကျိုးများ စွာကို ရရှိခံစားကြရသည်။ ဤပုံလေးသည် သစ်ပင်တစ်ပင် တည်းကပင် လူအသီးသီးကို အကျိုးပြုပုံလေးကို ထင်ဟပ် စေသည်။ သဘာဝ အလှတရားကြီးကို မဖျက်ဆီးကြပါနှင့်။

### လိုင်းနှင့် ဆည်းဆာ

အမေရိကန်ပြည်ထောင်စု၊ ဟာဝိုင်အီကမ်းခြေတွင် ဓာတ်ပုံဆရာက လှိုင်းတစ်ခု၏အကြား နေဝင်နေချိန်ကို အမိ အရ ရိုက်ကူးထားနိုင်ပုံလေးဖြစ်သည်။



www.burmeseclassic.com



### လိုအပ်သော အိပ်စက်ချိန်

လုံလောက်စွာ အိပ်စက်ခြင်းသည် လူတစ်ဦးချင်းစီအတွက် အဓိက အရေးပါသော အချက်တစ်ချက်ဖြစ်သည်။ အသက်အရွယ်အပိုင်းအခြားအလိုက် လိုအပ်သော အိပ်စက်အနားယူသင့်သည့်အချိန်များကို ဖော်ပြထားသည်။

(၁) မွေးကင်းစ ကလေး (တစ်လမှ နှစ်လအရွယ်)၊ ၁၄နာရီမှ ၁၈ နာရီ။

(၂) နို့စို့အရွယ် (သုံးလမှ ဆယ့်တစ်လအရွယ်)၊ ၁၃နာရီမှ ၁၆နာရီ။

(၃) မတ်တတ်ပြေးအရွယ်(တစ်နှစ်မှ သုံးနှစ်အရွယ်)၊ ၁၂နာရီမှ ၁၄နာရီ။

(၄) မူကြိုအရွယ် (သုံးနှစ်မှ ငါးနှစ်)၊ ၁၁နာရီမှ ၁၃နာရီ။

(၅) ကျောင်းနေအရွယ်(ငါးနှစ်မှ တစ်ဆယ့်နှစ်နှစ်)၊ ၁၀နာရီမှ ၁၁နာရီ။

(၆) ဆယ်ကျော်သက် (တစ်ဆယ့်သုံးနှစ်မှ တစ်ဆယ့်ခုနစ်နှစ်)၊ ၉နာရီမှ ၁၀နာရီ။


(၇) လူကြီး (တစ်ဆယ့်ရှစ်နှစ်အထက်)၊ ၇နာရီမှ ၉နာရီ။

သင်ရော တစ်နေ့ အိပ်ချိန် ဘယ်နှနာရီရှိပါသနည်း။ အလုံအလောက်ရပါရဲ့လား။

### ဆင်ပေါက်လေး ရေသောက်ပုံ

ဆင်များ ရေသောက်လျှင် နှာမောင်းကို အသုံးပြု၍ သောက်ကြသည်။ သို့သော် ဆင်ပေါက်လေးများသည် သူတို့၏ နှာမောင်းအသုံးပြုနည်းကို အပြည့်အဝ နားမလည်သေးသောကြောင့် ပါးစပ်ဖြင့်သာ ရေသောက်တတ်ကြသည်။ ငယ်ရွယ်သူတို့သည် လူကြီးသူမများထံမှ အဆင့်ဆင့်သင်ယူကြရသည်။






### အနန္တဂိုဏ်းဝင် ကျေးဇူးရှင်ဆရာ

မိမိတို့ကို အသိပညာ၊ အတတ်ပညာများကို သင်ကြားပြသပေးသော အနန္တဂိုဏ်းဝင် ဆရာသမားများသည် ဂုဏ်ကျေးဇူးအလွန်ကြီးမားကြသည်။ ပုံတွင် ဆရာတစ်ဦးသည် တပည့်များကို စာသင်ကြားပေးရန် မြစ်ကို သက်စွန့်ဆံဖျား နေ့စဉ် ဖြတ်ကူး၍ ကျောင်းသို့ လာရလေသည်။ ထိုဆရာ၏ စေတနာ၊ မေတ္တာစွမ်းကား အံ့မခန်းပင်တည်း။ နောက်ထပ်ပုံတွင် အိန္ဒိယနိုင်ငံ၌ အိမ်ခြေရာမဲ့ ကလေးများကို ဆရာတစ်ဦးက လူစုစေ၍ တံတားကြီးတစ်စင်းအောက်တွင် စာသင်ကြားပေးနေပုံဖြစ်သည်။ အံ့ချီးဖွယ် ကျေးဇူးရှင်ဆရာများပင်တည်း။




www.burmeseclassic.com

www.burmeseclassic.com




**ဂီတကျောင်း**

မြင်လိုက်ရုံနှင့်ပင် ဂီတပညာနှင့် ဆက်စပ်သော အဆောက်အအုံဆိုသည်မှာ ထင်ရှားသည့် တရုတ်နိုင်ငံမှ အနုပညာကျောင်းတစ်ကျောင်းပုံဖြစ်သည်။




**အရိပ်**

ငှက်ပျောသီးများဖြင့် မျောက်တစ်ကောင်၏ အရိပ်ကို ပုံဖော်ထားသည့် အနုပညာလက်ရာတစ်ခုဖြစ်သည်။




**အသစ်တစ်ဖန်ပြန်ရခြင်း**

ဖယောင်းတိုင်ထွန်း၍ ဖယောင်းရည်များ ပျော်သွားသော်လည်း ဖယောင်းတိုင်အသစ်တစ်ချောင်း ပြန်ရစေမည့် ဆန်းသစ်သော တီထွင်မှုဖြစ်သည်။



**မြစ်အောက်မှ ဖြတ်သန်း၍**

မြစ်ကို ဖြတ်၍ တံတားထိုးခြင်းမျိုး မဟုတ်ဘဲ၊ မြစ် အောက် ကြမ်းပြင်ကို ဖြတ်၍ ကားလမ်းဖောက်ထားခြင်းဖြစ် သည်။ နယ်သာလန်နိုင်ငံတွင် တည်ရှိပြီး ဗိသုကာပညာအစွမ်း ပြထားခြင်းဖြစ်သည်။



Things You Didn't Know


**ကမ္ဘာ့အသံ အလုံဆုံးအခန်း**

ကမ္ဘာ့အသံ အလုံဆုံးအခန်းဟု သတ်မှတ်ထားသည့် အခန်းငယ်လေးသည် ဗြိတိန်နိုင်ငံတွင် တည်ရှိသည်။ ပုံမှန် ကြားနေကျ အသံများကို ၉၉ ရာခိုင်နှုန်း ပိတ်ဆို့ထားသည်။ ထိုအခန်းတွင် ထိုင်နေမည်ဆိုပါက သင်၏ သွေးကြောများ အတွင်း သွေးများ စီးဆင်းနေသံနှင့် အစာအိမ်တွင်းမှာ အစာ ချေဖျက်နေသည့်အသံများကို ကြားနိုင်စွမ်းရှိသည်ဟု ဆိုထား သည်။ သို့ရာတွင် ယခုအချိန်ထိ မည်သူတစ်ဦးတစ်ယောက် မျှ ထိုအသံလုံခန်းအတွင်း၌ ၄၅မိနစ်ထက် ပိုမနေနိုင်သေး



www.burmeseclassic.com

www.burmeseclassic.com




**COPY and PASTE**

လူတိုင်း ကွန်ပျူတာတွင် အသုံးပြုကြသည့် copy နှင့် paste စနစ်ကို တီထွင်ခဲ့သော LARRY TESLER ဆိုသူဖြစ်သည်။ ကျောင်းသားတိုင်း၏ ကျေးဇူးရှင်ကြီးပင်တည်း။


© Perkdix Palme / Newsteam

**ထီးကလေးနဲ့ ကိုရွှေဖား**

အင်ဒိုနီးရှားနိုင်ငံ၊ ဂျာဗာကျွန်း တောတွင်းတစ်နေရာတွင် ဖားလေးများသည် သစ်ရွက်များ၌ မိုးဒဏ်၊ လေဒဏ် အကာအကွယ်ယူနေပုံကို မှတ်တမ်းတင်ထားခြင်းဖြစ်သည်။



**မျောက်များ၏ ကယ်တင်ရှင်**

Rita Miljo အမည်ရသော အဘွားအိုသည် ဘာဘွန်း (Ba boons) မျောက်ငယ်လေးများကို ကယ်တင်ထားပြီး ပြုစုစောင့်ရှောက်ပေး၍ ကြီးသောအခါ တောတွင်းသို့ ပြန်လွှတ်ပေးသည်။ သူသည် အသက် ၈၁ နှစ်အရွယ်တွင် ကွယ်လွန်ခဲ့ပြီး၊ မကွယ်လွန်ခင်အချိန်အထိ မျောက်ထောင်ကျော်၏ ဘဝများကို ကယ်တင်ပေးခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com





**ဆောင်းအခါ ပန်းခြံ၊ မိုးအခါ ရေကန်**

ဩစတြေးလျနိုင်ငံ St yria အရပ်ရှိ ပန်းခြံတစ်ခု
ဆောင်းတွင်းအခါတွင် ခြောက်သွေ့သော လှပသည့် ပ
ဖြစ်နေပြီး မိုးအခါနှင့် နွေအခါတွင် အနက် ၁၂မီတာ
သော ရေကန်အဖြစ် ပြောင်းလဲသွားသည်။

**သမ္မတကြီး ပြုံးဖြီးဖြီး**

အမေရိကန်သမ္မတ အိုဘားမားကို ကြည့်လိုက်လျှင် အမြဲ တက်ကြွ ပျော်ရွှင်နေသည်ကို တွေ့ရသည်။ ယခုအခါတွင်လည်း ပါလီမန်အမတ်တစ်ယောက် ပေါင်ချိန်နေသည်ကို အနောက်မှ တက်နင်း၍ နောက်ပြောင်နေသည်။ ဒီမိုကရေစီနိုင်ငံများမှ ခေါင်းဆောင်အများစုသည် ပြည်သူတို့နှင့် တစ်သားတည်း နေကြသည်။ ရာထူးဂုဏ်၊ အာဏာဂုဏ်တို့ဖြင့် ဂုဏ်မောက်၍ မနေပေ။





**လလိပ်ပြာ**

Comet Moth (သို့မဟုတ်) Moon M
(လလိပ်ပြာ)ဟု အမည်ရသော ပိုးဖလံမျိုးနွယ်စုဝင် လိ
ပုံဖြစ်သည်။

**ရေပိုက်တွင်းမှ ဘဝ**


အိန္ဒိယနိုင်ငံတွင် ဆင်းရဲ ချမ်းသာ ကွာဟမှု ကြီးမားခြင်းကြောင့် အချို့သော မိသားစုများသည် နေအိမ်အပိုင်မရှိဘဲ လမ်းဘေးတွင် ချထားသော ရေဆိုးထုတ် ပိုက်ကြီးများအတွင်း အိမ်လုပ်၍ နေကြရသည်။ ကမ္ဘာလောကကြီးတွင် မြေနေရာအလွန်ပေါများသော်လည်း ဆင်းရဲသော လူတန်းစားအတွက် ကျောချစရာနေရာ တစ်နေရာရနိုင်ရန်ပင် အလွန်ခက်ခဲလှသည်။ မမျှတမှုကြီးပေတည်း။






www.burmeseclassic.com

www.burmeseclassic.com




**Window XP**

ကမ္ဘာပေါ်ရှိ ATM စက်များအနက် ၉၅ ရာခိုင်နှုန်းသည် Microsoft Window XP ကို အသုံးပြုကြသည်။




**ထောင်နှင့် အိမ်မွေး တိရစ္ဆာန်**

အမေရိကန်ပြည်ထောင်စု ဝါရှင်တန်တွင် အကျဉ်းသားများ စိတ်ဓာတ် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူဖြစ်စေရန် ကြောင်လေးများကို မွေးမြူခွင့်ပေးထားသည်။ အိမ်မွေး တိရစ္ဆာန်လေးများ ရှိခြင်းဖြင့် စိတ်ပျော်ရွှင်မှုကို ရရှိစေနိုင်သည်။







**အများပြည်သူသုံး အိမ်သာ**

လန်ဒန်မြို့ကြီးတွင် လူသွားလမ်းပေါ်၌ အများပြည်သူသုံး အိမ်သာများကို ယခုကဲ့သို့ ကြည့်မှန်များ ကာလျက်ထားရှိပေးထားသည်။ သာမန် အဆောက်အအုံပုံမျှ မဟုတ်ဘဲ ကြည့်မှန်များဖြင့် တည်ဆောက်ထားသောကြောင့် အိမ်သာတက်မည့်သူလည်း ရှက်ရွံ့၍နေမည် မဟုတ်တော့ပေ။

**တောကြီးပင့်ကူ**

ဩစတြေးလျနိုင်ငံ၊ တောနက်ထဲတွင် နေထိုင်ကျက်စားသော ပင့်ကူကြီးတစ်မျိုးသည် မြွေတစ်ကောင်ကို အလွယ်တကူ ဖမ်းယူ စားသောက်နိုင်လောက်အောင်ပင် ကြီးမားသည်။ ထိတ်လန့်ဖွယ်ရာပင်တည်း။




www.burmeseclassic.com

www.burmeseclassic.com



## ဆွာဇီလန်ရိုးရာဝတ်စုံ


ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ အထွေထွေညီလာခံသို့ ဆွာဇီလန်(Swa ziland) မှ ကိုယ်စားလှယ်များ တက်ရောက်ပုံဖြစ်သည်။ အနောက်တိုင်းဝတ်စုံ မဝတ်ဘဲ၊ သူတို့၏ ရိုးရာဝတ်စုံကို အမြတ်တနိုး ဂုဏ်ယူစွာဖြင့် ဝတ်ဆင်ကြသည်ကို လေးစားဖွယ် တွေ့မြင်ရသည်။ တိုင်းပြည်တစ်ပြည်တွင် ရိုးရာယဉ်ကျေးမှု အမွေအနှစ်သည် လွန်စွာမှ အရေးကြီးသည်။



Be careful when u hold or carry your child hand.
You may not know if u will accidentally injured them.

## သတိပြုပါစေ

နုနယ်သော ကလေးငယ်လေးများကို လက်ဆွဲသွားခြင်း၊ ချီမခြင်းပြုပါက ကလေးများ၏ လက်မောင်းဆစ်များ နာကျင်သွားစေမည်ကို အထူးဂရုစိုက်မိစေရန် သတိပေးထားသော ပညာပေး ရုပ်ပုံများဖြစ်သည်။



## ရောင်စုံ လိပ်ပြာငယ်လေးများ

လှပသော ပန်းဥယျာဉ်ကြီးထဲတွင် ရောင်စုံ လိပ်ပြာလေးများ၊ ငှက်လေးများ၏ တေးသီချင် သီဆိုနေသံများ တသွင်သွင်စီးဆင်းနေသော စမ်းချောင်းလေးမှ ရေစီးသံလေးများ၊ မွှေးကြိုင်လန်းဆန်းစေသည့် ပန်းရနံ့များနှင့် ထုံမွှမ်း၍သော နေရပါလျှင် ဘဝ၏ သုခဘုံလေးပင် ဖြစ်ပေတော့မည်■

* * *

မောင်လင်းအောင်

# ထူးဆန်းတွေလား ဤကမ္ဘာ




www.burmeseclassic.com

www.burmeseclassic.com



# လေးညှင်းပွင့်ငယ် ဆေးသုံးကြွယ်

ကျော်စွာဟိန်း (ရွှေလှော်ကား)



မြန်မာအမည်မှာ လေးညှင်းပင်ဖြစ်ပြီး ရုက္ခဗေဒအမည်မှာ Aromaticum linn' ဟု ခေါ်ပါသည်။

လေးညှင်းပင်သည် နှစ်ရှည်ခံ သင်ကြီးမျိုးဖြစ်ပြီး အမြင့် ၂၅ပေမှ ပေ ၅၀ အထိမြင့်၏။ အရွက်မှာ ရှည်မျောမျော ဘဲဥပုံ၊ လုံးစွပ်ပုံရှိပြီး အပေါ်မျက်နှာပြင် အစိမ်းရင့်ရောင်၊ အောက်မျက်နှာပြင် အဝါဖျော့ရောင်ရှိ၏။ အရွက်ကို လက်နှင့်ခြေ၍ နမ်းကြည့်လျှင် မွှေးသောအနံ့ကို ရရှိ၏။ အပွင့်မှာ သုံးပွင့်တစ်ခိုင်ဖြစ်သည်။ ပွင့်စ၌ ခရမ်းနုရောင်ရှိပြီး တဖြည်းဖြည်း အဝါရောင်သို့ ပြောင်းသွားသည်။ အပင်တစ်ပင်ထဲတွင် အဖိုပွင့်၊ အမပွင့် သီးခြားရှိသည်။ ဆေးဘက်၌ အဖိုပွင့်ကိုသာ သုံးစွဲကြ၏။ အသီးမှာ ရှည်မျောမျော ပုံသဏ္ဍာန်ရှိ၍ အညိုရောင်ဖြစ်သည်။

လေးညှင်းပွင့်သည် ရှားပါး၍ တန်ဖိုးကြီးမားလှသည့် ပရဆေးပစ္စည်းဖြစ်သည်။ လေးညှင်းပွင့်ဟု ဆိုရသော်လည်း မပွင့်မီ အငုံကလေးများကို ဆွတ်ခူး၍ ဆေးဝါးအဖြစ် အသုံးပြုကြခြင်းသာဖြစ်သည်။ မြန်မာတိုင်းရင်းသားတို့သည် လေးညှင်းပွင့်ကို တိုင်းရင်းဆေးဝါးများ၌သာမက ဟင်းခတ်အမွှေးအကြိုင်၊ ကွမ်းစားသည့်အခါ ခံတွင်းနံ့ မွှေးစေရန် လေးညှင်းပွင့်ကို ထည့်၍ စားလေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

လေးညှင်းပွင့်သည် ပရဆေးလောက၌ ၁၃ ရာစုနှစ် လောက်ကပင် ကမ္ဘာတစ်ဝှမ်း မျက်နှာပန်းပွင့်၍ ဂုဏ်တင့်ခဲ့သော ပရဆေးပင်ဖြစ်သည်။ လေးညှင်းပွင့်၏ သမိုင်းကြောင်းသည် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

လေးညှင်းပွင့်၏ မူရင်းဒေသမှာ အင်ဒိုနီးရှားပြည်ရှိ ဟင်းခတ်အမွှေးအကြိုင်များ ထွက်ရှိရာ မိုလတ်ကာကျွန်းဖြစ်သည်။ ထိုကျွန်းကို ပေါ်တူဂီတို့က သိမ်းပိုက် အုပ်ချုပ်ခဲ့သည်။ ထိုအချိန်မှစ၍ ပေါ်တူဂီတို့သည် လေးညှင်းပင်များ တခြားနိုင်ငံများသို့ မျိုးမပြန့်ပွားစေရန် တင်းတင်းကျပ်ကျပ် အုပ်ချုပ်ခဲ့ကြသည်။

သို့သော်လည်း လေးညှင်း၊ ဇာတိဖိုလ်သီး စီးပွားဖြစ်သည်ကို အကြောင်းပြု၍ ပေါ်တူဂီများ အုပ်ချုပ်ထားသော မိုလတ်ကာကျွန်းကို ဒတ်(ချ်)တို့က တစ်ဖန်တိုက်ခိုက် သိမ်းယူကြပြန်သည်။ လေးညှင်းပင်နှင့် ဇာတိဖိုလ်ပင်ကို အကြောင်းပြု၍ ဌာနေတိုင်းရင်းသားများကို ပေါ်တူဂီက တိုက်၊ ပေါ်တူဂီတို့ကို ဒတ်(ခ်)က တိုက်နှင့် သွေးချောင်းစီးခဲ့ကြရ၏။

၁၇၇၀ ခုနှစ်၌ ပြင်သစ်တို့က သူလျှိုများ စေလွှတ်၍ လေးညှင်းပျိုးပင်များကို အောင်မြင်စွာ ခိုးယူနိုင်ခဲ့ကြသည်။ ခိုးယူရရှိသော လေးညှင်းပျိုးပင်များကို မော်ရေးရှပ်(စ်)နှင့် ရီယူယံကျွန်းတို့၌ စမ်းသပ် စိုက်ပျိုးခဲ့ရာ အောင်မြင်သွားပေသည်။ ဤသို့ဖြင့် နိုင်ငံများစွာက လိုလားနေသော လေးညှင်းပင်သည် အကျဉ်းစံဘဝမှ လွတ်မြောက်၍ ကမ္ဘာတစ်ဝှမ်းသို့ မျိုးဆက်များ ပျံ့နှံ့သွားလေတော့သည်။

မြန်မာတိုင်းရင်းသားများ အလွန်နှစ်သက်သော လေးညှင်းပွင့်သည် ယခုအခါ မြန်မာနိုင်ငံ၌လည်း စိုက်ပျိုး ဖြစ်ထွန်းလျက်ရှိကြောင်း သိရပါသည်။

မြန်မာတိုင်းရင်းဆေးများအဆိုတွင် လေးညှင်းပွင့်သည် စပ်ဖျဉ်းဖျဉ်းရှိ၏။ ခါးသက်သက်ရှိ၏။ မျက်စိကို အကျိုးပြု၏။ ဝမ်းမီးကို တောက်စေ၏။ ကြေကျက်လွယ်၏။ နှုတ်မြိန်စေ၏။ သလိပ်၊ သည်းခြေ သွေးရောဂါများနှင့် အပုပ်အစပ်တို့ကို ငြိမ်းအေးစေ၏။ ရေငတ်ခြင်း၊ မူးဝေခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ ဝမ်းဗိုက် ထိုးအောင့်ခြင်းနှင့် အဆုတ်နာတို့ကို နိုင်၏။ အခိုးအာကာသကို ရစေ၏။ နှလုံးနှင့် သင့်မြတ်၏။ အဖျားရောဂါ၊ လေနာ၊ ပျို့အန်နာ၊ ခေါင်းကိုက်နာတို့ကို နိုင်၏။

ဆေးအဖြစ် အသုံးပြုပုံမှာ -

* ဝမ်းဗိုက် အမြဲထိုးအောင့် နာကျင်၍၊ ဝမ်းဖြူဖြူ အရည်ကျဲကျဲ၊ မကြေကျက်သောဝမ်းများ သွားပါက လေးညှင်းပွင့်မှုန့်ကို ပျားရည်နှင့်ရော၍ လျက်ပေးသော် ပျောက်စေ၏။
* ကိုယ်ဝန်တည်စ ပျို့အန်သော လေးညှင်းပွင့်ကို သွေး၍ သကြားခဲကျိုရည်ပျစ်ပျစ်နှင့် ရောလျက်သော် ပျောက်ကင်းစေ၏။
* အဖျားရောဂါနှင့် အားအင်ကုန်ခန်းခြင်းအား လေးညှင်းပွင့်ကို ဆေးခါးကြီးနှင့် ရောကြိတ်ပြီး ရေနွေးပူပူနှင့် သောက်သော် ပျောက်ကင်းစေ၏။
* အဆစ်အမြစ်ကိုက်ခဲနာကျင်ပါက လေးညှင်းဆီကို မုန်ညှင်းဆီနှင့် ရောလိမ်းသော် ပျောက်ကင်းစေ၏။
* ခေါင်းကိုက်သော် လေးညှင်းဆီကို နားထင်နှစ်ဖက်၌ လိမ်းပေးလျှင် ပျောက်ကင်း၏။
* လေးညှင်းပွင့်နှင့် နနွင်းကို ဆတူစပ်၍ ကြိတ်ပြီး မြံနေသော အနာပေါ် လိမ်းပေးသော် ပျောက်၏။
* အထိုင်အထတို့၌ မူးခနဲ၊ မိုက်ခနဲဖြစ်သော် လေးညှင်းပွင့်ကို ရေအေးနှင့်သွေးပြီး မျက်စဉ်းခတ်ပေးလျှင် ပျောက်ကင်း၏။
* ကြက်ညှာ ချောင်းဆိုးဖြစ်သော် လေးညှင်းပွင့်ကို မီးနှင့် လော်၊ ညက်ညက်ကြိတ်ပြီး ပျားရည်နှင့် ရော၍ လျက်ပေးလျှင် ပျောက်ကင်း၏။
* မျက်လုံး၌ တိမ်ဖြူစွဲခြင်း၊ မျက်စိနာခြင်းဖြစ်သော် လေးညှင်းပွင့်နှင့် ပျားရည်ကို ကြေးနီခွက်၌ ကြိတ်ခြေ၍ မျဉ်းစဉ်းခတ်ပေးက ပျောက်ကင်း၏။
* ပျို့အန်လိုခြင်း၊ လျှာခြောက်ခြင်း၊ အရသာ မပေါ်ခြင်း၊ ချွဲခြင်း၊ ရေငတ်ခြင်းဖြစ်သော် လေးညှင်းပွင့်ကို ရေနှင့်ကြိတ်၍ ခပ်နွေးနွေးပြုတ်သောက်သော် ပျောက်ကင်းစေ၏ ■

* * *

ကျော်စွာဟိန်း(ရွှေလော့ကား)

ကျမ်းကိုး

မြန်မာ့ဆေးဝါးပင်များ (လယ်၊ စိုက်၊ ရှင်း)။

- မြန်မာ့လျှို့ဝှက် ဆေးဝါးနှင့် အသုံးဝင် နွယ်မြက် သစ်ပင် (မောင်ယဉ်နွယ်)။



www.burmeseclassic.com

www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

"ဝင့်မှာ အမြဲ၊ ငရဲမှာ အပ"ဟူသော ဆိုစကားရှိပါသည်။ ငရဲသည် ပြေပျောက်သွားနိုင်သော်လည်း ဝင့်သည် ပြေသွားသည်၊ ကျေသွားသည်၊ ပျောက်သွားသည် မရှိ။ စွဲမြဲနေသည်။ ဝင့်ရှိလျှင် တစ်နေ့နေ့ တစ်ချိန်ချိန်မှာ ကျိန်းသေမလွဲ ပြန်ဆပ်ရ၊ ခံရပါသည်။

သုံးလူ့ထွဋ်ထား ရှင်တော်ဘုရားသည်ပင်လျှင် တင်နေသော ဝင့်ကြွေးကို ရှောင်ပြေးမရ၊ ပြန်ဆပ်သွားရသည်။ ဘုရားရှင်လက်ထက်တွင် တန်ခိုးအရာ၌ ဧတဒဂ်ရထော်မူသော ရှင်မောဂ္ဂလာန် ရဟန္တာမထေရ်မြတ်ကြီးသည် သူခိုးဓားပြတို့၏ ရိုက်ပုတ်ဒဏ်ကို ခံပြီး ပျံလွန်တော်မူကာ၊ မိခင်၏ တစ်ချိန်တစ်ဘဝက ဝင့်ကြွေးကို ပြန်ဆပ်သွားရပါသည်။ ကျွန်ုပ်တို့လို ပုထုဇဉ် လူသားများအဖို့မှာမူ ဆိုဖွယ်ရာ မရှိပေ။

ကျွန်တော် ငယ်စဉ်က ငှက်ကလေးများကို ဖမ်းပြီး လှောင်အိမ်နှင့် မွေးထားတတ်သည်။ ကျွန်တော်မွေးသည့် ငှက်ကလေးများမှာ ကျွန်တော်တို့ တောအရပ်မှာ ရှိသည့် ခို၊ ချိုး၊ ဆက်ရက်နှင့် စာကလေးများဖြစ်သည်။ ကျွန်တော့်နည်း ကျွန်တော့်ဟန်နှင့် ဖမ်းသည်။ မရလျှင် သူများထံမှ ပိုက်ဆံပေး၍ ဝယ်မွေးသည်။

အမေက မကြိုက်။ မွေးထားသည့် ငှက်ကလေးများကို ပြန်လွှတ်ရန် ပြောသည်။ ကျွန်တော်က မလွှတ်။ ဇွတ်အတင်းမွေးသည်။ အမေ့ကိုလည်း အကြောင်းပြလိုက်သေးသည်။

"အမေကလည်း ပြန်လွှတ်ဖို့ပဲ ပြောနေတာပဲ။ ကျွန်တော်က သူတို့ကို ချစ်လို့ မွေးထားတာ။ အပြင်မှာဆို သူတို့ အစာလိုက်ရှာနေရတယ်။ လေးခွ သမားတွေနဲ့ တွေ့ရင် သေဦးမယ်။ အခု သားက အစာတို့၊ ရေတို့ကို ကောင်းကောင်းကျွေးပြီး မွေးထားတာလေ"

"သားက ချစ်လို့ မွေးတယ်၊ ကျွေးတယ်ဆိုပေမယ့် သူတို့မှာ သူတို့ရဲ့ မိဘတွေ၊ အပေါင်းအဖော်တွေနဲ့ ကွဲနေရတာပေါ့။ ပြီးတော့ ငှက်ဆိုတာ လွတ်လွတ်လပ်လပ် ပျံသန်းသွားလာနေကြတာ။ ခုတော့ အချုပ်အနှောင်ခံနေရသလို ဖြစ်နေတယ်။ ဝင့်လိုက်တတ်တယ် သားရဲ့၊ ပြန်လွှတ်လိုက်နော်"

အမေက ဘယ်လိုပင် ပြောပြော၊ ကျွန်တော်က လက်မခံ၊ မွေးမြဲတိုင်းမွေးသည်။ ကျွန်တော် ကျောင်းသွားနေစဉ် ငှက်ကလေးများကို အမေက လွှတ်ပစ်သည်။ ကျောင်းက ပြန်ရောက်သည်နှင့် အမေနှင့် စကားများရသည်။ အမေ့မေတ္တာ၊ အမေ့စေတနာကို နားမလည်ခဲ့။ အမေသည် ကျွန်တော့်ကို စိတ်ဆင်းရဲအောင် လုပ်သည်ဟု ထင်ခဲ့သည်။ ငှက်ကလေးများကို မရ,ရအောင် အစားပြန်ရှာပြီး မွေးခဲ့သည်။

"ကျွန်တော် အရွယ်လေး ကြီးလာသောအခါ မိဘ၊ ညီအစ်ကို မောင်နှမများနှင့် ခွဲပြီး တစ်နယ်တစ်ကျေးမှာ တစ်ယောက်တည်း နေရသည်က များသည်။ မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းနေချင်သော်လည်း နေခွင့်မရ။ အကြောင်းအမျိုးမျိုးနှင့် ခွဲခွာသွားရသည်။ အိမ်ထောင်ကျပြီး သားသမီးများ ရသော်လည်း မိသားစု အံ့တူတကွ နွေးနွေးထွေးထွေး နေခွင့်မရပါ။ မိသားစုနှင့် ဝေးပြီး ဆွေးကာ အထီးကျန်ဘဝနှင့် နေရသည်က များသည်။

သည်တော့မှ အမေ့စကားကို ပြန်ကြားယောင်ပြီး အမေ့မေတ္တာ၊

အမေ့စေတနာကို နားလည်သဘော
ပေါက်လာသည်။ ငှက်ကလေးများ
ပြန်လည်နေပြီဟု အတွေးအမြင်
ဝင်လာသည်။ သို့သော် နောက်ကျ
ပြီ မဟုတ်ပါလော။ ကျွန်တော်
လည်သည့်ဝင့်က ပါးပါးလေးဟု ဆို
ပါသည်။

ယခု တင်ပြချင်သည်က ဖ
ကြီး မိသားစုအပေါ် ထားရှိသည့် မေ
စေတနာကို နားလည်သဘောပေါ
သော ဝင့်ကြွေးပြန်ဆပ်ပေးသွားသ
ဖြစ်ရပ်ဖြစ်ပါသည်။ မျက်မြင်ကိုယ်
လည်း ဖြစ်၊ ရင်ထဲမှာလည်း ခံ
လွန်းသဖြင့် မမေ့နိုင်ဘဲ တင်ပြလို
ပါသည်။

◈◈◈

စာတိုက်နှင့် ကြေးနန်းဌာ
ကြေးနန်းစာ(ထိုစဉ်က တယ်လီဖုန်း
ယခုလို မကိုင်နိုင်ကြပါ) တစ်
ကျွန်တော့်ထံ ရောက်လာသည်။
နန်းစာကို ဖတ်ပြီး အမှုလုံးကြီးက
ကို တက်ဆို့သည်။ တစ်ကိုယ်
ဆောက်တည်မရ တုန်လှုပ်နေသ
မျက်လုံးအစုံမှာ မျက်ရည်များ
လာပြီး ပြာဝေနေသည်။

ကြေးနန်းစာမှာ ဖခင်ကြီး
ကျန်းမာရေးအခြေအနေ မကော
အမြန်လာရန် အစ်မကြီးက ဝါးခယ်
စာတိုက်မှ ကြေးနန်းရိုက်လိုက်ခြင်း
သည်။ ကျွန်တော့်မိသားစုမှာ ဝါးခယ်
မြို့တွင် နေသည်။ ကျွန်တော်
တာဝန်ကျနေသော မော်လမြိုင်ကျွ
(မော်ကျွန်း)မြို့မှာ နေပါသည်။

ဝါးခယ်မနှင့် မော်လမြိုင်ကျွ
သည် သိပ်တော့ မဝေးပါ။ သ
သွားလျှင် ၅နာရီခန့် သွားရသည်။
သော် လမ်းပန်းဆက်သွယ်ရေးက
ကဲ့သို့ မကောင်းသေး။ ကားလမ်



www.burmeseclassic.com

www.burmeseclassic.com

ပေါက်။ တံတားလည်း မဆောက်။ ရလမ်းတစ်ခုသာ။ ရေလမ်းမှာလည်း မြည်တွင်းရေကြောင်းပိုင် သင်္ဘောကြီး များ မခုတ်မောင်း။ ပုဂ္ဂလိကပိုင် မော်တော်လေးများသာ ခုတ်မောင်းသည်။ မော်တော်လေးကလည်း တစ်စင်းသာ ရှိသည်။ နံနက်စောစောထွက်ပြီး ညမှ ပြန်ဆိုက်သည်။ ကြေးနန်းကလည်း ရိုက်ချိန်က နံနက် ၁၀နာရီ၊ ရောက်ချိန်က ညနေ ၅နာရီ။ သွားစရာ ဘာမျှမရှိတော့။ အတောင်ရှိပါလျှက် မပျံနိုင်သော ငှက်လို၊ ခြေထောက်ရှိပါလျှက် မလျှောက်နိုင်သောလူလို စိတ်ကသာ သွားနေပြီး လူက မရောက်တဲ့ သောကကို ရင်ဝယ်ပိုက်ကာ တစ်ညတာကို ကုန်လွန်ခဲ့ရသည်။

, နောက်တစ်နေ့ နံနက်စောစော ထွက်သည့် ကူးတို့မော်တော်လေးနှင့် လိုက်ခဲ့သည်။ ကူးတို့ မော်တော်လေး က တစ်ရွာဝင် တစ်ရွာထွက်နှင့် အဆိုက်အကပ် အတက်အဆင်းများ လှသည်။ ရောက်ချင်သည့် စိတ်ဇောနှင့် ရင်မောနေရသည်။ နေ့လယ် ၁နာရီခန့်မှ ဝါးခယ်မဆိပ်ကမ်းရောက်သည်။ ကူးတို့မော်တော် စက်သတ်သည်အထိ မစောင့်နိုင်။ တံတားပေါ်သို့ ခုန်တက်၊ ဆိုက်ကားတစ်စီးခေါ်ပြီး အိမ်သို့ အမြန်လာခဲ့သည်။

ဖခင်ကြီးကို ဘုရားခန်းရှေ့တွင် ပက်လက်ကလေး မလှုပ်မယှက် ငြိမ်သက်စွာ တွေ့လိုက်ရသဖြင့် ရင်ထဲ ဆို့သွားသည်။ အမေ၊ အစ်မကြီး၊ အစ်ကို၊ ညီနှင့် ဆွေမျိုးအချို့တို့ မနီးမဝေးတွင် ထိုင်ပြီး ငိုင်နေကြသည်။

"သားရေ . . . မင်းအဖေက မနက်ကတည်းက ဘာမှလည်း မစား၊ စကားလည်း မပြော၊ ခေါ်လည်း မထူး။ အခု သားမြင်တဲ့အတိုင်း ဖြစ်သွားတာ ပဲ"

အမေက ငိုပြီး ပြောသည်။

"ဆရာဝန်ခေါ်မပြဘူးလား"

"ပြနေကျ ဆရာဝန်ကို ခေါ်ပြတယ်။ သူ့ပဲ ကုနေတာပဲလေ။ ဒီနေ့တော့ လက်လျှော့သွားတဲ့ သဘောပါပဲ။ ဘာမှမပြောဘဲ ပြန်သွားတယ်"

အစ်မကြီးက ငိုရင်း ပြောပြသည်။ ကျွန်တော် သဘောပေါက်သွားသည်။ ဖခင်ကြီးသည် ရင်ဘတ်ပေါ် လက်နှစ်ဖက်ကို ယှက်တင်ပြီး မျက်စိမှိတ်ထားသည်။ အသက်တော့ မှန်မှန်ရှူနေသည်။

"အဖေ . . . သားရောက်လာပြီလေ။ မျက်လုံးဖွင့်ကြည့်ပြီး စကားပြောပါဦး"

သတိရလာလို့ လားဗြား၊ အဖေ့နားမှာ ကပ်ပြီး ပြောလိုက်သည်။ အဖေ့နှုတ်ခမ်းနှစ်လွှာမှာ လှုပ်လာသလို၊ မျက်လုံးကလည်း ဖွင့်လာသည်။ အဖေသည် ကျွန်တော်ရောက်လာသည်ကို သိသလို၊ စကားပြောချင်ပုံလည်း ရှိနေသည်။

"ဟော . . . သတိရလာပြီ"

အစ်ကိုကြီးက ဝမ်းသာအားရ ပြောလိုက်သည်။ အားလုံးမှာလည်း ဝမ်းသာနေကြသည်။ အဖေသည် ကျွန်တော်နှင့် စကားပြောလိုဟန်ရှိသဖြင့် ကပ်ပြီး နားထောင်လိုက်သည်။

"အ . . . ဖေ့ . . . ကို ဆေး . . . . မကုနဲ့၊ မ . . . မရဘူး။ ကျွေး . . . ကျွေးလည်း . . . မ . . . မကျွေးနဲ့၊ စားမှုရဘူး။ ဝင့် . . . ဝင့်ခံနေရတာ။ မနက်ဖြန် ဝင့် တစ်ခုခံပြီးရင် ည . . . ညနေ ၆နာရီမှာ အသက် . . . ထွက် . . . ထွက် . . . မယ်"

အဖေ့စကားကို မနည်းနားထောင်ယူရသည်။ အဖေသည် သူပြောချင်သည့် စကားကို ကြိုးစားပြောပြီး ပါးစပ်ကို ပိတ်၊ မျက်လုံးကို မှိတ်ပြီး တိတ်ဆိတ် ငြိမ်သက်စွာပင် ပုံမှန်အတိုင်း နေသည်။ အဖေပြောသည်ကို သိလိုကြသဖြင့် အားလုံးက ဝိုင်းမေးကြသည်။ ကျွန်တော်က မပြော၊ သိလျှင်လည်း ဘာမျှ ထူးမည်မဟုတ်။ ပို၍ပင် စိတ်ဆင်းရဲကြရမည်။

"ဘာတွေပြောမှန်း မသိဘူး။ မသဲကွဲဘူး၊ နားမလည်ဘူး"

ဟုသာ ဘူးခံလိုက်ရသည်။ ကျွန်တေ ာ့်ရင်ထဲမှာ မချိတင်ကဲ ခံစားနေရသည်။

ဝင့်နာ၊ ကံနာဟူ၍ နှစ်မျိုးရှိရာ ယခု အဖေခံစားနေရသော ဝေဒနာသည် ဝင့်နာများ ဖြစ်နေသလော၊ ဘယ်လို ဝင့်ကြွေးကို ခံစားနေရပါသနည်း။ စဉ်းစားရင်း အဖေ့အကြောင်းကို ပြန်တွေးမိသည်။

အဖေနှင့် ကျွန်တော်သည် ရှေးဘဝကပင် ပဋ္ဌာန်းဆက်ရှိခဲ့ကြသည်။ ဆက်နွယ်မှုရှိသော ဆရာတော်ကြီးများ၊ ဘိုးတော်ကြီးများက ပြောကြသလို၊ အဖေကိုယ်တိုင်ကလည်း သိသည်။ ထို့ကြောင့် မိသားစုထဲတွင် အဖေနှင့် ကျွန်တော်သည် အရင်းနီးဆုံး ဖြစ်သလို၊ အဖေ့အကြောင်းကို အသိဆုံးမှာ ကျွန်တော်သာ ဖြစ်သည်။

အဖေသည် ယခု အသက် ၈၁ နှစ်ရှိပြီဖြစ်သည်။ အသက် ၄၀ ကျော်လောက်က စပြီး ကောင်းမှုကုသိုလ်များသာ ပြုလုပ်ခဲ့သည်။ ဝါတွင်းတိုင်း ဥပုသ်ရက်ရှည် မပျက်မကွက် စောင့်ခဲ့သည်။ ပရိတ်တရားတော်များကို မပြတ်ရွတ်ဖတ်ပူဇော်ခဲ့သည်။ ဝိပဿနာတရားအလုပ်ကို နေ့ညမပြတ် ယခု အိပ်ရာထဲ လဲနေသည်အထိ အားထုတ်ခဲ့သည်။ အလှူဒါနများကိုလည်း တတ်နိုင်သလောက် ပြုခဲ့သည်။ တတ်အား



www.burmeseclassic.com

www.burmeseclassic.com

သည့် ဆေးပညာ၊ ဂမ္ဘီရပညာတို့နှင့် ခုနစ်ရက်သားသမီး အတော်များများ၏ အသက်ကို ကယ်တင်ခဲ့သည်။ ရပ်ရေး ရွာရေး ဘာသာရေး၊ သာသနာရေး လုပ်ငန်းများတွင်လည်း ရှေ့တန်းမှ အမြဲ ပါဝင်ဆောင်ရွက်ခဲ့သည်။

အဖေ၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်ကို အားလုံးက လေးစားကြသည်။ ပူဇော်မှု၊ ဆည်းကပ်မှု ပြုလုပ်ကြသည်။ အဖေသည် သူ၏ သမာဓိအား၊ ဂမ္ဘီရစွမ်းအားကို မည်ရွေ့မည်မျှအဆင့်ရှိနေသည်ကို မည်သူ့ကိုမျှ မပြော။ ကျွန်တော့်ကိုတော့ အရိပ်အမြွက်မျှလောက်သာ ပြောသည်။ သူ့အမွေကို ဆက်ခံရန်တော့ အမြဲတမ်း ပြောသည်။

ဤသို့ ကုသိုလ်ကောင်းမှုနှင့် ကျင့်ကြံအားထုတ်မှုများ ပြုလုပ်နေသော သူတော်ကောင်း ဖခင်ကြီးမှာ မည်သို့သော ဝင့်ကြွေးများ တင်နေပါသနည်းဟု တွေးနေမိသည်။ တွေးရင်းပင် တစ်ညတာကုန်ပြီး နောက်တစ်နေ့သို့ ကူးခဲ့ပါသည်။ အဖေ့နားမှာ အလှည့်ကျ စောင့်ရင်း တစ်မနက်ကုန်သွားသည်။ တစ်အိမ်လုံးမှာ ခံစားချက် ကိုယ်စီနှင့် တိတ်ဆိတ်နေသည်။ တူညီသော သက်ပြင်းချသံကိုတော့ ကြားနေရသည်။

နေ့လယ်ပိုင်းသည် အဖေ့ကို စောင့်ကြည့်ရန် ကျွန်တော့်အလှည့်ဖြစ်သည်။ အဖေ့အခြေအနေမှာ ထူးခြားလာသည်။ လူးလိမ့်လာသည်။ ခေါင်းထောင်လိုက်၊ ခါးကော့လိုက်၊ ခြေနှစ်ချောင်းထောင်လိုက်နှင့် အကြောဆွဲသလိုဖြစ်လာသည်။ ကျွန်တော်တို့ ညီအစ်ကို အတင်းဖက်ထားသော်လည်း မရပါ။

"ပူတယ်…ပူတယ်…ချွတ်ပေး



…ချွတ်ပေး"

ကော့ပျံ လူးလိမ့်နေသည့်ကြားမှ အော်ဟစ်ပြီး အဝတ်များကို အတင်းဆွဲချွတ်သည်။ ဘာမှလည်း လုပ်ပေး မရ။ မကြည့်ရက်နှင့် ကြည့်နေရသည်။ မမြင်ရက်နှင့် မြင်နေရသည်။ နေမှာ အတော်စောင်းပြီး ညနေချမ်းသို့ ရောက်လာသည်။ အဖေသည် အလိုလိုငြိမ်သွားသည်။ လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်မှာ ယှက်တင်ပြီး အသက်ကို မှန်မှန်ရှူနေသည်။ တရားမှတ်နေခြင်း ဖြစ်သည်။

အဖေပြောသည့် ဝင့်တစ်ခုဆိုသည်မှာ နေ့လယ်က ဖြစ်ပျက်သွားသော ပြယုဂ်ဖြစ်ပေမည်။ အဖေ မရှုမလှ ခံစားသွားခဲ့သော ဝင့်ကြွေး၏ အတိတ်က ပုံရိပ်ကို ကျွန်တော် ထင်ထင်ရှားရှား ပြန်မြင်ယောင်နေမိပါသည်။

◈◈◈

သည်တုန်းက ကျွန်တော်က ဆယ်တန်းကျောင်းသား။ ကျွန်တော့်ညီက ကိုးတန်းကျောင်းသား။ ရွာအစိုးရ မူလတန်းကျောင်းမှ စတုတ္ထတန်းအောင် ပြီး မြို့တက် ပညာဆက်သင်သူ ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် သာ ရှိသည်။ ကျန်လူများမှာ ပ လည်း ဆက်မသင်၊ ဟိုယောင်ယော ဒီယောင်ယောင်နှင့် နောက်ဆုံး ထ ထဲ ချောင်းထဲနှင့်သာ ဘဝကို နှံ ကြရသည်။

"ဒီရွာမှာ သားတွေအတွ တန်ဖိုးမဖြတ်နိုင်တဲ့ အမွေကို အ အမြင်ကြီးစွာနဲ့ ပေးနေတာက ဒကာ မောင်နှစ်နဲ့ ဒကာမ မအေ ငနီးမောင်နံ့ပဲ။ တော်တယ်၊ ဘုန် ချီးကျူးတယ်"

ရွာဦးဆရာတော်က ဥပု တွင် အများရှေ့၌ ကျွန်တော့်ဖခ မိခင်ကို ချီးကျူးစကား မိန့်ကြာ သည်။ တကယ်တော့ ကျွန်တော့် များသည် ချမ်းသာကြွယ်ဝ၍ မဟု ပညာရေးကို အထူးလိုလားသည်။ နှစ်ယောက်ကို ပညာတတ် ဖြစ်စေ သည်။ လယ်သမားသား လယ်သ ဖြစ်ရမယ်ဆိုသော အစဉ်အလာယေ ကို ကျွန်တော့်ဖခင်က လုံးဝ လက် ပါ။

မြို့မှာ ကျောင်းထားရသ စရိတ်ကလည်း မသက်သာလှပါ။ မျိုးတော်စပ်သူအိမ်တွင် ထမင်းစ သာမက၊ နေစရိတ်ပါ ပေးသည်။ တော့ ကျောင်းစရိတ်၊ အဝတ်အ အသုံးအဆောင်စရိတ်၊ နေ့စဉ် မု အားလုံးပေါင်းလိုက်လျှင် ကုန်ကျ က မနည်းပါ။ သည်တော့ အမွေရ သော လေးကေမျှသော လယ်နှင့် တစ်ရှဉ်းကိုသာ အားကိုးလို့ မ မလုံလောက်။ အမေနှင့် မမ ထ မှ ပြန်လာသည်နှင့် ခေ သော န စက်ချုပ်ရသည်။ အ က လယ်မှ



www.burmeseclassic.com

www.burmeseclassic.com

သည်နှင့် ရေနွေးကြမ်းလေးတစ်ခွက် ခွက်သောက်၊ ကွမ်းတစ်ယာကို စောင်ထဲသို့ ထည့်ငုံပြီး ဆယ့်နှစ် တောင်ကွန်ကို ကျောပိုးကာ ငါးရှာသွား သည်။ လေ့ပဲ့ကိုင်ကိုတော့ အိမ်နီးနား င်းတစ်ယောက်ကို ဟင်းစားပေးနှင့် သွားရသည်။

ရွာလယ်ကို ဖြတ်စီးနေသော ချောင်းသည် ငါး၊ ပုစွန် အလွန်ပေါ သည်။ ဘုန်းတော်ကြီးကျောင်း ပရဝဏ် နှင့် ဆက်စပ်နေသော နယ်နိမိတ်မှ ပြီး ကျန်နေရာများတွင် မည်သူမဆို တွတ်လပ်စွာ ရှာဖွေစားနိုင်သည်။ အခြားငါးများထက် ငါးမြွေထိုးက ပိုပေါ သည်။ အဖေ ကွန်ပစ်ရာ၌ ငါးမြွေထိုး ရများသည်။

အဖေသည် ကွန်ပစ်ရာမှ ရလာ သော ငါးမြွေထိုးများကို အိမ်ရောက် သည်နှင့် ကျပ်တိုက်ပါသည်။ ငါးမြွေထိုး များကို မီးကင်ခြင်းဖြစ်သည်။ ကျပ် တိုက်၊ မီးကင်ပုံမှာ ခုတ်ခဲနှစ်လုံးစီ ထပ်ပြီး ဖိုခနောက်ဆိုင်လိုက်သည်။ ၎င်း ပေါ်သို့ သံဆန်ခါတစ်ချပ်တင်လိုက် သည်။ သွပ်ပြားတစ်ချပ်ကို သံဆန်ခါပေါ် တင်ပြီး အောက်မှ ထင်းတုံးများနှင့် မီးပြင်းတိုက်သည်။ ထင်းတုံးများမှာ မီးရဲရဲတောက်လာသောအခါ အပေါ်မှ သွပ်ပြားကလည်း ခြစ်ခြစ်တောက်ပူနေ သည်။ အဖေသည် ရေဆေးထားသော ခြင်းထဲမှ ငါးမြွေထိုးများကို ထိုသွပ်ပြား ပေါ်သို့ လောင်းချလိုက်ပါသည်။

ငါးမြွေထိုးများမှာ အရှင်က များ သည်။ ခြစ်ခြစ်တောက်နေသော သွပ် ပြားအပူကြောင့် ငါးမြွေထိုးများမှာ အမြီး ထောင်၊ ခေါင်းထောင်၊ ခါးကော့နှင့် တွန့်လိမ် လူးပုံနေကြသည်။ လုံးထွေး နေသော ငါးမြွေထိုးများကို တုတ်နှင့် ထိုးပြီး ဖြန့်ပေးသည်။ အတန်ငယ်ကြာ သောအခါ ငါးမြွေထိုးများမှာ ဆန့်ဆန့် လေးနှင့် ငြိမ်ငြိမ်သက်သက်ဖြစ်သွား သည်။ အကျက်ညီအောင် လှည့်ပေးရ သည်။ တစ်ကောင်လုံးစီ အကျက်ညီ သောအခါ မီးကို ငြိမ်းသတ်ပြီး အအေး ခံထားရသည်။

"ဆင်းရဲတော့လည်း ငရဲမကင်း ဘူးပေါ့ကွာ။ ငါးပါးသီလလည်း မစောင့် ထိန်းနိုင်တော့ဘူးပေါ့"

အဖေက ဤစကားကိုတော့ မကြာမကြာပြောသည်။ အဖေ့ရင်ထဲမှာ ခံစားချက်ရှိသလို၊ အသိလည်း ရှိပါ သည်။ သို့သော် သိလျက်နှင့် မလွှဲသာ မရှောင်သာ လုပ်နေရခြင်းဖြစ်ပါသည်။ ငါးမြွေထိုး ကျပ်တိုက်သည့်လုပ်ငန်းကို မည်သူ့ကိုမျှ မခိုင်း။ သူကိုယ်တိုင်ပဲ လုပ်သည်။ ကျောင်းပိတ်ရက် ပြန်လာ သည်နှင့် ကြုံပြီး ဝင်လုပ်ပေးမည်ဆို လျှင်လည်း မလုပ်ရ။

"မလုပ်နဲ့ သား၊ အဖေလုပ်နေ တာကို လာတောင် **မကြည့်**နဲ့ကွာ။ ဒီ လုပ်ငန်းကို **ဘယ်သူ့မှ** လွှဲမပေးဘူး။ မခိုင်းဘူး။ **အဖေတစ်**ယောက်တည်းပဲ လုပ်မယ်။ လုပ်လည်း လုပ်နိုင်တယ် ကွာ"

ထိုစဉ်က အဖေ့ကို နားမလည် သလိုဖြစ်ခဲ့ရသည်။ ဘာကြောင့် ဒီလုပ် ငန်းကို အဖေက တစ်ယောက်တည်း လုပ်ချင်ရသနည်း။ အတွေးများသာ ဝင် ခဲ့သည်။ အဖြေကို မရခဲ့ပါ။

ခုမှ သိပါသည်။ အဖေ၏ မိသား စုနှင့် သားသမီးများအပေါ် ထားရှိသည့် မေတ္တာ၊ စေတနာကို သဘောပေါက် နားလည်ပါသည်။ အဖေက မိသားစုကို တုတ်ဝေမပေးချင်ပါ။ မှန့်သာ ဝေပေး ချင်ပါသည်။ ခံရမည့် ငရဲ ပြန်ဆပ်ရမည့် ဝဋ်ကြွေးကို မိသားစုအား ခွဲဝေမပေးချင် ပါ။ သူတစ်ဦးတည်းသာ ခါးစည်းခံသွား သည့်သဘောဖြစ်ပါသည်။

ကျပ်တိုက်ပြီးသား ငါးမြွေထိုး ခြောက်များကို ဝါးခယ်မ ကုန်စိမ်းတန်း သို့ သွားရောင်းသည်။ ရသမျှငွေနှင့် ကျွန်တော်တို့ စားစရိတ်၊ ကျောင်းစရိတ် တို့ကို ပေးခဲ့သည်။ ကျန်ငွေနှင့် အိမ် အတွက် လိုအပ်သည်တို့ကို ဝယ်၍ ပြန်သည်။ မိသားစု စားဝတ်နေရေးနှင့် သားနှစ်ယောက် ပညာသင်စရိတ် အတွက် ငရဲနှင့် ရင်း၊ ဝဋ်နှင့် ရင်းပြီး ရှာဖွေကျွေးမွေးသွားခဲ့သည့် ကျေးဇူးရှင် ကြီး ဖြစ်ပါသည်။

စံတော့ တစ်မိသားစုလုံး၊ ခံတော့ အဖေတစ်ယောက်တည်း။ သို့သော် အဖေက သူခံရသော ဝဋ်ကြွေးကို ကျွန်တော်မှလွဲပြီး မိသားစုကို မသိစေ လိုပါ။ အဖေ့ဆန္ဒအတိုင်းပင် ကျွန်တော် ကလည်း မပြောပြခဲ့ပါ။

ညနေ နေညိုချိန်ရောက်လာပြီ။ ပတ်ဝန်းကျင်ဝယ် အလင်းအားက ဖျော့တော့ အားနည်းလာသည်။ အိမ် ခေါင်းရင်းနံရံတွင် ကပ်ချိတ်ထားသော နာရီလက်တံရှည်နှင့် လက်တံတိုသည် အထက်-အောက် တန်းနေသည်။ အဖေ့ကို ကြည့်လိုက်သည်။ ငြိမ်ငြိမ် သက်သက်နှင့် အသက်ရှူရပ်နေသည်။ မျက်နှာမှာ နှုတ်လန်းဆန်းနေသည်ဟုပင် ထင်ရသည်။

မိသားစု၏ ရွှေတောင်ကြီး ကွယ် သွားပေပြီ။ အလင်းဖျော့ ကောင်းကင် တွင် နေရောင်ခြည်တို့ ကွယ်ပျောက်ပြီး အမှောင်ရိပ်တို့ သမ်းစ ပြုလာသည်။ ဝဋ်ကြွေးကို ဘုရားသော်မှ မလွန်ဆန် နိုင်သော်လည်း၊ ဖခင်ကြီး၌ ဝဋ်ကြွေး တုံ့တင်ရှိပါလျှင်လည်း ဤဘဝ၊ ဤမျှ နှင့် ကျေပါစေဟူ၍ . . . ■

* * *

မောင်အေးနှစ်(ပညာရေး)



www.burmeseclassic.com

www.burmeseclassic.com



မြိုင်သောယာမှ
သောတရှင်
ဘိုဘို(ရွှေဆံတူ)

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် စစ်ကိုင်းတိုင်း၊ စစ်ကိုင်းခရိုင်၊ ငါန်းငွန်မြို့နယ်အတွင်းရှိ "မြိုင်သာယာ"ဟူသော တိုက်နယ်အဆင့်ရှိ မြို့ကလေး (သို့မဟုတ်) ရွာကြီးတစ်ရွာတွင် တော်လှန်ရေးကောင်စီတက်သော ၁၉၆၂ ခုနောက်ပိုင်းတွင် မွေးဖွားခဲ့၍ ၁၉၈၆ ခုနှစ်တိုင် လမ်းစဉ်ပါတီခေတ်တစ်လျှောက်လုံး မြိုင်သာယာမှာပင် နေထိုင်ကြီးပြင်းခဲ့သူ ဖြစ်ပါ၏။ မြိုင်သာယာသည် တစ်ရွာထဲတော့ မဟုတ်ပါ။ အရှေ့ မြိုင်သာယာသည် ကုန်းမြင့်ထက်တွင် တည်ရှိပြီး အနောက်မြိုင်သာယာသည် မြေနိမ့်ချိုင့်ဝှမ်းတွင် ရှိပါသည်။ ရွာနှစ်ရွာကြားတွင် မိုးစပ်တောင်ချောင်း စီးဆင်းလျက်ရှိပြီး တစ်ရွာလျှင် အိမ်ခြေ ၇၀၀ စီမျှအထိ ရှိပါ၏။ (ကျွန်တော်တို့သည် ၁၉၈၆ခုနှစ်တွင် စဉ့်ကိုင်မြို့သို့ ပြောင်းရွှေ့ နေထိုင်ခဲ့သည်မှာ ဤယနေ့တိုင်ဖြစ်ပါသည်။)

မြိုင်သာယာသည် ကျယ်ဝန်းသော ကုန်းတွင်းပိုင်းကျေးရွာများ၏ အလယ်ဗဟိုတွင် ရှိနေပြီး၊ ဤအနီးအနားတွင် မြို့ (သို့မဟုတ်) ရွာကြီးမျှပင် မရှိ၍ မြိုင်သာယာသည် ရောင်းဝယ်ဖောက်ကားမှုများနှင့် စည်ပင်ဖွံ့ဖြိုးကာ ဤဒေသတွင်တော့ မြို့ကလေးတစ်မြို့သဖွယ် ဖြစ်နေပါသည်။ အချက်အချာကျလျက် ရှိပါ၏။

မြိုင်သာယာတွင် တွဲဖက်အထက်တန်းကျောင်း၊ တိုက်နယ်ဆေးရုံ၊ ဈေး၊ တိုက်နယ် ရဲခခန်း၊ ဝါအဝယ်ဒိုင်၊ ပဲအဝယ်ဒိုင်၊ မြေကျေးရှင်ရုံး၊ သမဝါယမဆိုင်၊ စာတိုက်၊ ကောင်စီရုံး၊ သမဝါယမဆေးခန်း၊ အရန်မီးသတ်တပ်ဖွဲ့ရုံးတို့ ရှိသည်။ စက်မှု(၁)မှ ပြည်သူပိုင်သိမ်းထားသော ဝါးကြိတ်စက်ရုံကြီး ရှိသည်။ ပုဂ္ဂလိက ဆီကြိတ်စက်များ ရှိသည်။ စနေ နွားပွဲဈေးရှိသည်။ လော်ရီကား ၃စီးခန့်ရှိသည်။ ထို့ကြောင့် မြို့လေးသဖွယ် ဖြစ်နေပါ၏။

ထိုစဉ်က မြန်မာနိုင်ငံသည် လမ်းပန်းဆက်သွယ်ရေး မကောင်းမွန်သေးပါ။ ထို့ကြောင့် ဤဒေသသည် မြို့ကြီးပြကြီးများနှင့် ဆက်သွယ်ကူးလူးမှု၊ အခြားသော ဒေသများနှင့် ဆက်သွယ်ကူးလူးမှုတို့ မရှိပါ။ ဒေသစိမ်းမှ လူတို့လာရောက်မှု နည်းပါးသကဲ့သို့ ဤရွာမှ လူများသည်လည်း တစ်နယ်တစ်ကျေးသို့ ရောက်ပေါက်ဖူးသူ နည်းပါးလှပါ၏။

ထို့ကြောင့် မြိုင်သာယာသည် မြို့စရိုက်ထက် အညာကျေးလက်တို့၏ စရိုက်အတိုင်းပင် ရွာကြီး၍ အိမ်ခြေများသော်လည်း တစ်ဦးနှင့် တစ်ဦး ချစ်ခင်ရင်းနှီးစွာ နေထိုင်ကြပြီး လှည့်ပတ်၍ စပ်လျှင် တစ်ရွာလုံး အမျိုးများသာ ဖြစ်ပါသဖြင့် မုန်းသူ ရန်ငြိုးဟူ၍ မရှိကြပါ။ ညရေးညတာ အိမ်တံခါးများ ဖွင့်ထားကြလျှင်လည်း မည်သည့်ပစ္စည်းမှ ပျောက်ရခြင်း မရှိ။ ညအခါ မည်သည့်ရပ်ကွက်၊ မည်သည့်လမ်းသွားသွား ရန်ပြုမည့်သူ မရှိကြပါ။ ရွာကြီးတစ်ခုလုံးမှာ မိသားစုသဖွယ်ဖြစ်ပါ၍ ပူပင်ကြောင့်ကြမဲ့ သွားလာနေထိုင်ကြလျက် ပျော်ရွှင်ဖွယ်အတိပင် ဖြစ်ပါ၏။

ကျွန်တော်သည် ကံထူးသည်ဟု ဆိုရပါမည်။ အိမ်တွင် ကျွန်တော်သည် အငယ်ဆုံးမဟုတ်ပါ။ နို့ညှာသာ ဖြစ်ပါ၏။ သို့သော် တစ်အိမ်သားလုံးမှ ကျွန်တော်ညီမ(ရွှေကံကူမယ်တော်ကြီး)မှ ကျွန်တော့်ကို ဦးစားပေးကြပြီး ညှာတာကြပါသည်။ ကျွန်တော်သည် အိမ်တွင် လိုချင်တာမှန်သမျှ ရပြီး ပင်ပန်းသောအလုပ်များဖြစ်သည့် ရေခပ်၊ ထင်းခွဲ၊ ထင်းခြုတ် စသော အလုပ်များကိုလည်း ကျွန်တော် မလုပ်ရပါ။

ကျွန်တော်သည် ထိုစဉ်က ဖြူဖြူနုနု သေးသေးသွယ်သွယ်ဖြစ်ရာ မိန်းကလေးနှင့်ပင် မှားကြရသည်အထိ ဖြစ်ကြရ၍ ကျွန်တော်တို့အိမ်မှ ကျွန်တော့်ကို ပျော့သည်၊ နုသည်ဟု ယူဆကြပြီး အလုပ်ကြမ်းများ မခိုင်းစေကြခြင်းဖြစ်ပါသည်။

ထို့အပြင် ကျွန်တော်သည် ကျောင်းတွင်လည်း ဆရာ၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူတို့၏ ချစ်ခင်မှုကို အထူးရရှိနေခဲ့ပြန်ပါသည်။ ကျောင်းတက်လျှင် အဖြူအစိမ်းဝတ်ရမည်၊ ဆံပင်ရှည် မထားရဟူသော စည်းကမ်းထားရှိသော်လည်း ကျွန်တော်သည် ဂျင်းဘောင်းဘီ၊ ဂျင်းအင်္ကျီနှင့် ဆံပင်ရှည်ထားလျက် ကျောင်းတက်သော်လည်း ကျောင်းအုပ်ဆရာမကြီး ဒေါ်ပေါ်မှ တားမြစ်ခြင်း မပြုပါ။

အမှန်မှာ ကျောင်းသားများအား စာသင်သော Black Board ပေါ်တွင် စာရေးခြင်း၊ ရုပ်ပုံရေးဆွဲခြင်းတို့ ခွင့်မပြုပါ။ ထိုသို့ ပြုလုပ်လျှင် အတန်းဝင်ဆရာများမှ တားမြစ်အရေးယူ အပြစ်ပေးခြင်း ခံရမည်ဖြစ်ပါသည်။ သို့သော် ကျွန်တော်သည် နေ့စဉ် ကျောင်းသို့ စောစောလာပြီး သင်ပုန်းကြီးပေါ်တွင် ကဗျာတိုကလေးများ ရေးစပ်ထားမြဲဖြစ်သော်လည်း မနက်စောအချိန် အင်္ဂလိပ်စာသင်သော ဆရာကြီး ဦးမြင့်ဆွေမှ ကျွန်တော့်ကို အပြစ်မတင်သည့်အပြင် "ဟော့ကောင်မလေးတွေ… ကဗျာကူးချင်ရင် ကူးကြနော်၊ ရက်မနေကြနဲ့။ ဖျက်တော့မှာနော်"ဟု ကျောင်းသူများကို ရယ်ရွှင်ဖွယ် ပြောပါသေးသည်။ ထို့နောက် အသံနေ အသံထားဖြင့် ကျွန်တော့်ကဗျာကို ဖတ်ပြပြီးမှ ဖျက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်က ကျွန်တော်သည် ဆယ်တန်းဖြစ်နေ၍ တွဲဖက်ကျောင်းတွင် ဆရာ၊ ဆရာမတို့၏ အုပ်ချုပ်မှု အာဏာစက် မသက်ရောက်၍လောဟု ထင်နိုင်စရာရှိသော်လည်း ထိုသို့မဟုတ်ပါ။ ကျွန်တော်တို့တွင် အစိုးရကျောင်းနှင့်မခြား ဆရာ၊ ဆရာမတို့ကို ရှိသေကြောက်ရွံ့ လေးစားကြပါသည်။ ဆရာမ ဒေါ်နွဲ့ရီဆိုလျှင် စည်းကမ်းကြီးလွန်းလှပါသည်။ ဆရာမ၏မောင် ဘိတ်ကြည် (အမည်ရင်း သိန်းနိုင်)ဆိုလျှင် ကျွန်တော်တို့နှင့် တစ်တန်းတည်းပင် ဖြစ်သော်လည်း စည်းကမ်းဖောက်ဖျက်လျှင် ခွင့်မလွှတ်ပါ။ ရိုက်နှက်ဆုံးမလေ့ ရှိပါ၏။

ကျွန်တော်သည် ကျွန်တော်၏ လေ့ကျင့်ခန်းစာအုပ်ပေါ်တွင် နာမည်ထိုးသောအခါ နာမည်ရိုးရိုးမရေးဘဲ "ဗီလင်ကောရာဇ် အေးမင်းစံ"ဟု ရေးလေ့ရှိပါသည်။ လေ့ကျင့်ခန်းစာအုပ်များ ထပ်ထားရပြီး ဆရာမက စစ်ဆေး၍ စာအုပ်များ ပြန်ပေးသောအခါ "ဗီလင်ကောရာဇ် အေးမင်းစံ"ဟု နာမည်ခေါ်၍ ပေးပါသည်။

ဒူလမန် (အမည်ရင်း စိန်ဟန်) သည်လည်း နာမည်အဆန်းထွင်၍ ကျွန်တော့်လို လိုက်ရေးရာ၊ ထိုသို့မရေးရန် တားမြစ်ပြီး အသစ်ပြန်လည်ရေးစေပါသည်။

အမှန်မှာ ဆရာ၊ ဆရာမတို့သည် ကျွန်တော့်ကို မျက်နှာလိုက်သလို ဖြစ်နေသော်လည်း တစ်ကျောင်းလုံးက ကျေနပ်နေကြပြီး ကြေးမတွက်ကြသဖြင့် မည်သည့်ပြဿနာမှ မရှိပါ။

ကျွန်တော်သည် ကံကောင်းလှပါ၏။ အိမ်တွင်လည်း ကောင်း၊ ကျောင်းတွင်လည်း ထို့အတူသာ ဖြစ်ပါ၏။ ကျွန်တော့်ယောက်ဖဝမ်းကွဲ ကိုကိုဝင်းမောင်၏ "ကမ္ဘာသစ် လက်ဖက်ရည်ဆိုင်"သည် ကျွန်တော့်အတွက် လက်ဖက်ရည်၊ ဆေးလိပ် အမြဲတမ်း အခမဲ့ဖြစ်သကဲ့သို့၊ မြို့မောင်၏ ကွမ်းယာဆိုင်၊ ဝင်းအောင်၏ ကွမ်းယာဆိုင်တို့သည် အားမနားတမ်း အခမဲ့ဆိုင်များသာ ဖြစ်ပါ၏။ ဦးကျော်စိန်၏ ဆံသနှင့် စတိုးဆိုင်ဆိုလျှင် ကျွန်တော့်အတွက် ဆံပင် အခမဲ့ ညှပ်ရပြီး ဆေးလိပ်၊ ဂစ်တာကြိုးတို့ပါ အခမဲ့ဖြစ်ပါသည်။ တစ်ရွာလုံး လူကြီး လူငယ် လူရွယ် ကလေးအားလုံးက ကျွန်တော့်ကို ချစ်ခင်ကြပါသည်။

အချုပ်အားဖြင့်ဆိုသော် ကျွန်တော်သည် မြိုင်သာယာတွင် နေစဉ်က ထူးထူးခြားခြားပင် ရွာသူရွာသားများ၊ ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးများ၊ သူငယ်ချင်းများ၏ မေတ္တာတရားများကို ရရှိ၍ ပျော်ရွှင်ချမ်းမြေ့မှု အတိပြီးသော ဘဝကို ပိုင်ဆိုင်ရရှိခဲ့ရခြင်းကို တင်ပြလိုရင်းဖြစ်ပါ၏။

◈◈◈

ကျွန်တော်သည် ငယ်စဉ်ကာလမှ စ၍ စာပေ၊ ကဗျာ၊ ဂီတ၊ ပန်းချီတို့ကို ဝါသနာပါရှိခဲ့သူဖြစ်ပါ၍ ကျောင်းနေပြီး အတန်းပညာများ သင်ယူနေသည့်ကြားမှပင် တစ်ဖက်မှလည်း ဝါသနာပါရာ အနုပညာတို့ကို တစ်ခုမဟုတ် တစ်ခုသင်ယူလေ့ကျင့်လျက်သာ ရှိခဲ့ပါ၏။ ထို့ကြောင့် ၆တန်းနှစ်မှ စပြီး ဂစ်တာတီးသင်ခဲ့ပါသည်။ ကျွန်တော့်အစ်ကို ကိုဝင်းကိုထံမှ ဂစ်တာတီးနည်း အခြေခံကို သင်ယူ၍ အခြားသူများထံမှလည်း လေ့လာဆည်းပူးခဲ့ရာ ရှစ်တန်းနှစ်သို့ ရောက်သောအခါ အတော်အသင့် ကျွမ်းကျင်လာပြီး ကိုးတန်းနှစ်မှ စ၍ တီးဝိုင်းအဆင့်သို့ ရောက်ရှိလာခဲ့ပါသည်။

ရွာတွင် ဘုရားပွဲ၊ ကျောင်းပွဲ၊ ကထိန်၊ မင်္ဂလာဆောင် စသည်တို့တွင် ကျွန်တော်တို့ တီးဝိုင်းအဖွဲ့ မပါလျှင် ပွဲမစည်သလို ဖြစ်လာပါ၏။ နဂိုကမှ ကျွန်တော့်အပေါ်တွင် မေတ္တာထားရှိကြသော ရွာသူရွာသားတို့သည် ကျွန်တော့်ကို အထူးအားပေးကြပါသည်။ ထို့ကြောင့် ကျွန်တော်သည် ပင်တိုင် တေးသံရှင်ဖြစ်လာပါ၏။

နောက်ပိုင်းတွင် ကျွန်တော်တို့အဖွဲ့၏ အောင်မြင်မှုသည် မြိုင်သာယာနှစ်ရွာမျှသာ မကတော့ပါ။ မြိုင်သာယာနှင့် ရွာနီးချုပ်စပ် ကျေးရွာများသို့ပါ ပျံ့နှံ့လာခဲ့ပါသည်။ တခြားရွာများမှပါ ငှားရမ်းလာသဖြင့် ကျွန်တော်သည် နယ်လူထု၏ မေတ္တာတရားကိုပင် ရရှိလာခဲ့ရာ မြိုင်သာယာနယ်၌ ဘယ်ရွာသွားသွား ကျွေးမွေးပြုစုမည့်သူ၊ ကူညီစောင့်ရှောက်မည့်သူများသာ တိုးပွားလာနေပါ၏။

ကျွန်တော့်တွင် ပရိသတ်ရှိလာပြီဖြစ်ရာ ကျွန်တော့်အပေါ် မေတ္တာထား၍ အားပေးကြသော ပရိသတ်တို့အပေါ်၌လည်း ပြန်လည် မေတ္တာတုံ့ပြန်သောအားဖြင့် အကောင်းဆုံး ပေးဆပ် ဖျော်ဖြေမှုဖြစ်စေရန် ကျွန်တော်ကြိုးစားရပါတော့သည်။

ထို့ကြောင့် ကျွန်တော်သည် တေးစီးရီးပေါ်ထွက်လာသည့်အခါတိုင်း ပထမ သီချင်းအလိုက်နှင့် တီးကွက်များ၊ Intro နှင့် Solo များကို လိုက်လံမှတ်သားရပါသည်။ စီးရီးအသစ်တစ်ခွေ ထွက်ရှိလာလျှင် ၁၅ရက်ခန့် လေ့ကျင့်လိုက်ပါက စာသားနှင့် အတီးပိုင်းပါ အလွတ်ရရှိသွားပြီဖြစ်ပါ၏။ နေ့တွင် စာအုပ်ကြည့်၍ သီဆို တီးခတ်ရသည်တို့ကို ညပိုင်းရောက်လျှင် အလွတ်ပြန်လည်လေ့ကျင့်ရပါ၏။ ထို



www.burmeseclassic.com

www.burmeseclassic.com

သို့ အထပ်ထပ်အခါခါ လေ့ကျင့်ထားမှ သာလျှင် ကျွန်တော်သည် တေးသီချင်းများကို ပိုင်နိုင်ကြေညက်နေမည် ဖြစ်ပါသည်။

ထိုသဘောကြောင့်ပင် ကျွန်တော့်တွင် ညပိုင်းရောက်လျှင် အပြင်ထွက်ပြီး ဂစ်တာတီးသောအလေ့ ဖြစ်ပေါ်လာခဲ့ရပါ၏။

အိမ်မှာပင် လေ့ကျင့်တီးခတ်လျှင်လည်း ကျွန်တော့်မိသားစုမှ ကန့်ကွက်မည်မဟုတ်ပါ။ သို့သော် ကျွန်တော်သည် ကြဲကြဲဖန်ဖန်ပင် အရှက်ကြီးသူဟု ဆိုရပါမည်။ မိသားစုများရှေ့တွင် အချစ်သီချင်းများကို မဆိုရဲပါ။ အခြား သီချင်းများကိုလည်း ဟန့်၊ မာန်ထည့်၍ ဆိုရမည်ကို ရှက်လှပါ၏။ မိသားစုများရှေ့တွင် မည်သည့်သီချင်းမှ မဆိုရဲပါ။ စင်ပေါ်သို့ တက်ရောက် သီဆိုသောအခါများတွင်လည်း ကျွန်တော့်မိသားစုများကို လာရောက် မကြည့်ရန် မှာကြားထားပါသည်။ ထို့ကြောင့် ကျွန်တော်သီဆိုသော ပွဲများတွင် ကျွန်တော့်မိသားစုများသည် ကျွန်တော်မသိအောင် မမြင်ကွယ်ရာမှသာ လာရောက် ကြည့်ရှုကြပြီး၊ ထိုအကြောင်းကိုလည်း ဖုံးကွယ်ထားကြမြဲဖြစ်ပါ၏။

ကျွန်တော်တို့ မြိုင်သာယာသည် စေတီပုထိုးများ ပေါများလှသကဲ့သို့၊ ဘုရားပွဲများလည်း ပေါများလှပါသည်။ နှစ်စဉ် တပေါင်းလပြည့်နေ့တွင် ကျင်းပမြဲဖြစ်သော ဆုတောင်းပြည့် ဘုရားပွဲကြီးသည်ကား မြိုင်သာယာ နှစ်ရွာလုံးနှင့် သက်ဆိုင်ပြီး ညတွင် ဇာတ်ပွဲများ ပါဝင်၍ ပွဲလှည့်လည်ခြင်း မရှိပါ။ ဆွမ်းလောင်းပွဲနှင့် ပဋ္ဌာန်းပွဲတို့သာ ပါဝင်ပါ၏။

မြိုင်သာယာအရှေ့ရွာတွင် တော်သလင်းလပြည့် ရွှေကျောင်းဘုရားပွဲ (ရွာတောင်မှ တာဝန်ယူ ကျင်းပသည်)နှင့် တော်သလင်းလကွယ် အရိုးအိုးဘုရားပွဲ (ရွာမြောက်ပိုင်းမှ တာဝန်ယူ ကျင်းပသည်)၊ မြိုင်သာယာ အနောက်ရွာမှ ဝါခေါင်လကွယ် ရွှေဘုံသာဘုရားပွဲတို့သည် သူ့ထက်ငါ အပြိုင်အဆိုင် ကျင်းပကြသော ဘုရားပွဲများ ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့ကတော့ ပွဲတိုင်းကျော်များဖြစ်၍၊ ထိုပွဲများအားလုံး မလွတ်တမ်း ပါဝင်သီဆိုကြရသည်သာ ဖြစ်ပါ၏။

ယခုလည်း ရွှေကျောင်းဘုရားပွဲ ပြီးသွား၍ အရိုးအိုးဘုရားပွဲအတွက် ပြင်ဆင်ကြရပြန်ပါသည်။ ရွှေဘုံသာ၊ ရွှေကျောင်း၊ အရိုးအိုး အစရှိသော ဘုရားပွဲသုံးပွဲမှာ တစ်ပွဲနှင့် တစ်ပွဲ ဥပုသ်ကြီးတစ်ပတ်သာ ကွာခြားသဖြင့် ဆက်တိုက်လို ဖြစ်နေပါသည်။ ရွှေဘုံသာဘုရားပွဲတွင်လည်း ကျွန်တော်တို့သည် အကောင်းဆုံး ဖျော်ဖြေနိုင်သကဲ့သို့၊ ရွှေကျောင်းဘုရားပွဲတွင် ပို၍ကောင်းအောင် ဖျော်ဖြေနိုင်ခဲ့ပြန်ပါသည်။ အရိုးအိုးဘုရားပွဲသည်ကား နောက်ဆုံးဘုရားပွဲဖြစ်၍ ရွာသူရွာသားများက ကျွန်တော်တို့အဖွဲ့မှ အကောင်းဆုံးဖြစ်အောင် ဖျော်ဖြေတင်ဆက်ကြမည်ဟု မျှော်လင့်ထားကြ၏။ ကျွန်တော်၏ ရပ်ကွက်ပွဲဖြစ်နေသည့်အပြင် ဦးစီးကျင်းပသော အင့်ကျောင်းဆရာတော်မှာ ကျွန်တော့်ဘကြီး ဦးဝိမလဖြစ်နေပြန်ရာ၊ ဤပွဲတွင် အကောင်းဆုံးဖြစ်ရန် ကျွန်တော်ကြိုးစားရမည် ဖြစ်ပါသည်။

နှစ်ပတ်ဟူသောအချိန်မှာ လုံလောက်မှု မရှိပါ။ ပြီးခဲ့သောပွဲများတွင် သီဆိုပြီး သီချင်းများကို မပါဝင်စေဘဲ၊ သီချင်းအသစ်များချည်း တင်ဆက်မည် ဖြစ်သောကြောင့် ကျွန်တော့်မှာ ပို၍ပင်ပန်းလှပါသည်။ ကျွန်တော့်နည်းတူ Ledad ဂစ်တာတီးမည့် ကိုခွေငြိမ်း၊ Rhythm ဂစ်တာတီးမည့် ကိုစိုးဝင်းတို့လည်း အပြင်းအထန်လေ့ကျင့်နေကြရသကဲ့သို့၊ ပါဝင်သီဆိုမည့် တေးသံရှင်များကလည်း သူတို့ သီဆိုမည့် သီချင်းများကို အလွတ်ကျက်မှတ်နေကြရ၏။ ကျွန်တော်ကတော့ Bass ဂစ်တာတီးခတ်မည်ဖြစ်ပါ၍ Bass ထုကွက်များကို လေ့ကျင့်နေရပါသည်။

ထို့ကြောင့် ကျွန်တော်သည် ညစဉ် စာသင်ကျောင်းဝင်းအတွင်းသို့ သွားရောက်ပြီး ဂစ်တာတီး လေ့ကျင့်နေရပါသည်။ ဆိုသည့်အတိုင်း ကျွန်တော့်တွင် ချစ်သူခင်သူ သူငယ်ချင်းတို့ ပေါများလှရာ ညတွင် သီချင်းသွားဆိုရာ၌ အမြဲတမ်း လိုက်ပါသူတို့ ရှိပါ၏။

◈◈◈

ယနေ့သည် လပြည့်ကျော် ၈ရက်ညဖြစ်ပါသည်။ အရိုးအိုးဘုရားပွဲတော်ရက်မှာ နီးကပ်လှပြီဖြစ်၍ ကျွန်တော် အပြင်းအထန်လေ့ကျင့်နေရပါသည်။ နောက်နှစ်ရက်ဆိုလျှင် လူအားလုံးဆုံ၍ သီချင်းတိုက်တော့မည်ဖြစ်ရာ၊ ထိုရက်မတိုင်မီ သီချင်းအားလုံးရနေရမည်ဖြစ်ပါသည်။ ကျွန်တော်သည် ရရှိပြီး သီချင်းများကို တစ်ခေါက်စီ ပြန်လည်တီးခတ်ပါသည်။ ကျွန်တော်တို့အဖွဲ့တွင် သီချင်းဆိုမည့်သူ ၁၅ဦး ပါဝင်ပြီး တစ်ဦးလျှင် သုံးပုဒ်နှုန်း သတ်မှတ်ထားပါသည်။ ကျွန်တော်တို့ ဂစ်တာသမား သုံးယောက်လည်း သီဆိုကြပါဦးမည်။ ဒရမ်သမားတစ်ယောက်သာ တီးဝိုင်းပစ္စည်းများနှင့် ငါန်းငွေမှ လိုက်လာသူဖြစ်၍ သီချင်းမဆိုခြင်း ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် သီချင်းအပုဒ်ရေ ၅၀ ကျော် လေ့ကျင့်


www.burmeseclassic.com

www.burmeseclassic.com

ရမည်ဖြစ်ပါသည်။

အမှန်တော့ ကျွန်တော်တို့သည် လူအများကြီး မပါဝင်စေလိုပါ။ သို့ သော် တီးဝိုင်းပစ္စည်းများ ဖုံးရမ်းရသော စရိတ်တို့ သက်သာစေရန် ရန်ပုံငွေထည့်ဝင်မှုနှင့် အလှူခံရာတွင်လည်း လူများလျှင် မိတ်များမည်ဟူသော တွက်ကိန်းဖြင့် လည်းကောင်း၊ ဝါသနာရှင်တို့၏ ဆန္ဒကို ဖြည့်ဆည်းလိုသောအနေအားဖြင့် ဤသို့ လူများများထည့်သွင်းထားရပါသည်။

မြို့သာယာ စာသင်ကျောင်းဝင်းကြီးမှာလည်း ကျယ်ဝန်းလှပါသည်။ ကျောင်းသည် အနောက်ဘက်လှည့်ဖြစ်၍ လမ်းမကျယ်ကြီးခြားပြီးမှ လူနေအိမ်ခြေများ ရှိပါသည်။ ကျောင်း၏ မြောက်ဘက်တွင် ရဲစခန်း၊ အရှေ့ဘက်တွင် ဘောလုံးကွင်း၊ တောင်ဘက်တွင် လူနေအိမ်ခြေအချို့နှင့် ရွှေကျောင်းဘုရား၊ ဘုန်းကြီးကျောင်းဝင်းတို့သာ ရှိ၍ ညအခါတွင် စာသင်ကျောင်းဝင်းအတွင်း၌ လူသူပြတ်လပ်ကာ မှောင်မဲတိတ်ဆိတ်လျက်ရှိပြီး တမာပင်ကြီး၊ မျောက်ဆိပ်ပင်ကြီး၊ ဇောင်ဂျမ်းပင်ကြီးတို့ဖြင့် အုပ်ဆိုင်းလျက် ခြောက်ခြားဖွယ်ကောင်းလှပါ၏။

ကျွန်တော်တို့သည် စာသင်ကျောင်းဝင်းအတွင်း အနောက်မြောက်ထောင့်ရှိ ကြီးမားလှသော တမာပင်ကြီးကို ဝိုင်းပတ်၍ ရိုက်ထားသော ကွပ်ပျစ်ပေါ်တွင် သီချင်းဆိုနေကြခြင်းဖြစ်ပါသည်။ ည ၁၁နာရီခန့်ရှိပြီဖြစ်ရာ ရွာငလေးသာရှိသေးသော ကျွန်တော်တို့မြို့သာယာတွင် လူခြေတိတ်လျက်၊ လှုပ်စစ်မီးမရရှိသော အချိန်အခါဖြစ်၍ တစ်ရွာလုံး မှောင်မဲလျက်ရှိပါသည်။ ထို့အပြင် မိုးကလည်း အုံ့နေပြန်ရာ ကြယ်ရောင်မှိန်ပျပျကိုမျှ မတွေ့မြင်ရဘဲ ပိန်းပိတ်အောင် မှောင်လျက်ရှိပါသည်။ ပို၍ဆိုးသည်ကား ကျွန်တော်တို့သည် မိုးအုံ့သော၊ လ မထွက်သေးသော ညအမှောင်တွင် အရိပ်ကောင်းလှသော သစ်ပင်အောက်တွင် ရောက်နေပြန်၍ ပို၍မှောင်မိုက်လှပါ၏။

ထိုညတွင် အဖော်အဖြစ် ကြီးထွန်း(အမည်ရင်း ထွန်းထွန်းဦး)၊ ဂျပ်ပုန်း(အမည်ရင်း ဇော်ဝင်းနိုင်)တို့ နှစ်ဦးသာ ပါရှိပါသည်။ ကျွန်တော့်မှာသာ ကျွန်တော့်အာရုံနှင့် ကျွန်တော်မို့ အိပ်ချင်စိတ် မဖြစ်ပေါ်သော်လည်း သူငယ်ချင်းနှစ်ဦးမှာကား ငိုက်မျဉ်းလျက် ရှိပါ၏။

ကျွန်တော်တို့ ထိုင်နေသော ကွပ်ပျစ်ကြီးမှာလည်း လူကြီးသုံးဖက်စာမျှ ရှိသော တမာပင်ကြီးကို အမှီပြုထား၍ ကျယ်ဝန်းလှပြီး ကျွန်တော်သည် တမာပင်ကြီးကို ကျောမှီ၍ တောင်ဘက်သို့ လှည့်ထိုင်နေလျက်ရှိသည်။ ဂျပ်ပုံးသည် တမာပင်၏ အရှေ့ဘက်မှ တောင်ဘက် ခေါင်းပြု၍ ဝမ်းလျားမှောက် အိပ်နေသကဲ့သို့၊ ကြီးထွန်းသည် ဂျပ်ပုံး၏ ခါးလယ်လောက်မှ အရှေ့ဘက်လှည့်၍ ဒူးနှစ်လုံးပေါ် လက်နှစ်ဖက်ယှက်ပြီး မျက်နှာအပ်ကာ ထိုင်လျက် အိပ်ငိုက်နေခြင်းဖြစ်သည်။ အနေအထားမှာ သူတို့က နှစ်ယောက်တွဲ၊ ကျွန်တော်က တစ်ယောက်တည်း နေရာကွဲလျက် ရှိပါသည်။

ညဉ့်က နက်လာပြီ။ သို့သော် လေ့ကျင့်ရန် သီချင်းတို့က များစွာကျန်နေပါသေးသည်။ ထိုစဉ် စိမ်းရွှေရွှေအနံ့က မည်သည့်နေရာမှ ထွက်ပေါ်လာသည် မသိပါ။ သို့သော် တစ်ခဏမျှသာဖြစ်၍ စိတ်အထင်မှားခြင်းသာ ဖြစ်ပါမည်။ ခဏအကြာတွင် စကားဝါပန်းရနံ့ထွက်ပေါ်လာပြန်၏။ ထိုအချိန်တွင် ကျွန်တော်သည် စိတ်အားငယ်သလိုဖြစ်လာပြီး ကြက်သီးများလည်း ထ,လာမိပါသည်။ စဉ်းစားကြည့်သောအခါ ကျွန်တော်သည် အဖော်များပါသည် ဆိုသော်လည်း လူစုကွဲနေသဖြင့် တစ်ယောက်တည်းလို ဖြစ်နေခြင်းကို သတိပြုမိသည်။ ထို့ကြောင့် ကျွန်တော်သည် ဆိုလက်စ သီချင်းကို လက်စသတ်ပြီးသည်နှင့် အောက်သို့ ဆင်းလိုက်ပါသည်။ သူငယ်ချင်းနှစ်ယောက်ကားအားကိုးရပါ၏။ တုတ်တုတ်မျှ မလှုပ်ကြ။ ငြိမ်သက်နေကြပါ၏။

ဂျပ်ပုံး၏ ဒူးခေါင်းအနား သွားထိုင်မည်ဟု စိတ်ကူးပြီး ကွပ်ပျစ်ပေါ် တက်ရန် လက်တစ်ဖက်က ဂစ်တာကိုကိုင်ထားပြီး၊ ကျန်လက်တစ်ဖက်ဖြင့် ထောက်၍ ထိုင်ရန် အားပြုလိုက်စဉ် ဂျပ်ပုန်း၏ ခြေထောက်အနီးတွင် ကပ်လျက် ထိုင်နေသော မည်းမည်းကြီးကို တွေ့လိုက်ရပါသည်။ ကျွန်တော်က ကွပ်ပျစ်ပေါ် တက်ရန် အရှိန်ယူလိုက်သဖြင့် ရှေ့သို့ ခေါင်းစိုက်သွားရာ ကျွန်တော့်မျက်နှာသည် ထိုမည်းမည်းအရာဝတ္ထု၏ မျက်နှာနှင့် ထိလုခမန်းဖြစ်သွားပါ၏။ ကျွန်တော်သည် ဆံပင်များ ထောင်သွားကာ၊ လိပ်ပြာလွင့်မတတ် ကြောက်လန့်သွားမိပါသည်။

မည်းမည်းအရာမှာ လူတစ်ယောက် ဒူးပိုက်ပြီး ခေါင်းမော့ကာ ထိုင်နေဟန်ဖြစ်ပါ၏။ ပိန်းပိတ်အောင် မှောင်နေသော သစ်ရိပ်အောက်တွင် ငုတ်တုတ်ထိုင်နေသော မည်းမည်းကြီးကို အနီးကပ် မြင်တွေ့လိုက်ရခြင်းဖြစ်သည်။

"သရဲ···သရဲ···ဟေ့ကောင်တွေ···သရဲကြီးကွ"

ကျွန်တော် အလန့်တကြားနှင့် ငယ်သံပါအောင် ကျွန်းအော်လိုက်မိပါ

www.burmeseclassic.com

www.burmeseclassic.com

သည်။

"ဘယ်မှာလဲ···ဘယ်မှာလဲ"

သူငယ်ချင်းနှစ်ယောက်လည်း လန့်နိုးလာပြီး ကယောင်ချောက်ချားဖြင့် မေးကြပါသည်။ ထိုအချိန်တွင် မည်းမည်း အရာဝတ္ထုကြီးကို မတွေ့ရဘဲ ကွယ်ပျောက်သွားပြီဖြစ်ရာ···

"အေးမင်းစံ၊ မင်းဟာကလည်း ဟုတ်မှလည်း လုပ်ပါကွာ။ မင်း အမြင်မှားတာ ဖြစ်ပါလိမ့်မယ်"

"ငါ တကယ်ပြောတာကွ။ စိမ်းရွှေရွှေနဲ့လာတယ်။ ပြီးတော့ စကားဝါနံ့ရလာပြီး တွေ့ရတော့တာပဲ"

"ဟင်···ဟုတ်လား။ အခု ငါ စိမ်းရွှေရွှေအနံ့ ရလာတယ်"

ဟု ကြီးထွန်းမှ ပြောလျှင်···

"အေး၊ ငါကတော့ စကားဝါနံ့ ရလာပြီကွ"

ဟု ဂျပ်ပုန်းမှ ပြောပြန်လျှင်···

"ဟေ့ကောင်တွေ··ဒါဆို သတိထားကြပေ့၊ သရဲလာတော့မှာ။ မပြေးကြနဲ့နော်၊ ပြေးရင် ဒုက္ခရောက်တတ်တယ်တဲ့"

ကျွန်တော်တို့ သုံးယောက်စလုံး ထိတ်လန့် တုန်လှုပ်လျက် ဇောချွေးများ ပြန်နေပါသည်။ ကျွန်တော်သည် ဂစ်တာကို နောက်ကျောသို့ သိုင်းလွယ်လိုက်ပြီး သူငယ်ချင်းနှစ်ယောက်၏ လက်များကို ကျစ်ကျစ်ဆုပ်ကိုင်လျက် ထိုနေရာမှ ကျောင်းပေါက်ဆီသို့ ခပ်သုတ်သုတ် လှမ်းထွက်လာကြပါသည်။ ထိုအချိန်မှာပင် ကျွန်တော်တို့ ထိုင်ခဲ့သော တမာပင်ကြီးတစ်ပင်တည်းမှ လေတိုက်သကဲ့သို့ တဝေါဝေါမြည်လာပြီး "ဖြောင်းဖြောင်း···ဝုန်းဝုန်း" ဟု သစ်ကိုင်းကျိုးကျသံများ ထွက်ပေါ်လာသည်နှင့်···

"အောင်းမလေးဗျ···အောင်းမလေးဗျ"

ဟု အော်၍ သူငယ်ချင်းနှစ်ယောက်က အတင်းပြေးကြရာ ဆုပ်ကိုင်ထားသော သူတို့၏ လက်ကောက်ဝတ်များမှာ ချွေးတို့ဖြင့် ချောပြီး လွတ်ထွက်သွားကြပါသည်။

ကျွန်တော်လည်း ဂစ်တာထမ်းပြီး တစ်ချိုးတည်း အိမ်သို့ သုတ်ခြေတင်ခဲ့ပါတော့သည်။ အိမ်သို့ ရောက်သော် အဖေတို့၊ အမေတို့ မအိပ်ကြသေးပါ။ ရင်တုန်ပန်းတုန်ဖြင့် ကျွန်တော်က ဖြစ်ကြောင်းကုန်စင်ကို ပြောပြရာ အဖေဝင်းမှ···

"ဟိုတစ်ခါလည်း လူလေးတို့ ဆုတောင်းပြည့်ဘုရားဝင်းထဲမှာ ကြုံခဲ့ပြီးပြီကို အမှတ်မှ မရှိကြတာ"

ဟု အပြစ်တင်သလို ပြောပြီး အမေမှ···

"ရော့···လူလေး၊ ရေသောက်လိုက်"

ဟု ဆိုကာ ရေတိုက်ပါသည်။ ကျွန်တော်လည်း ခဏကြာမှ ကြောက်စိတ်တို့ ပြေလျော့ကာ တည်ငြိမ်သွားပါတော့သည်။

◈◈◈

နောက်တစ်နေ့တွင် ကျွန်တော်တို့သုံးယောက် တွေ့ကြုံခဲ့ရသော အကြောင်းမှာ မြို့သာယာနစ်ရွာလုံးတွင် ပျံ့နှံ့သိရှိသွားပါသည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့ ကျောင်းသို့ ရောက်သောအခါ နေ့ခင်း ကြောင်တောင် လူအများနှင့်ပင် ထိုတမာပင်ကြီးအနားသို့ မကပ်ရဲအောင် လိပ်ပြာလန့်နေမိပါသည်။ ထိုအခါ ကျောင်းဒရဝမ်ကြီး ဘကြီး ကြာသောင်းမှ···

"အဲဒီ တမာပင်က ရာဇဝင်ရှိတယ်ကွ။ တစ်ခါတုန်းက နွေရာသီမှာ အိုက်တာနဲ့ လေညင်းခံရင်း အဲဒီ ကွပ်ပျစ်ပေါ် လှဲအိပ်ပြီး ဆေးလိပ်သောက်နေတာ။ ညတစ်နာရီလောက်ပေါ့ကွာ၊ "ဟေ့လူ···မီးတစ်တို့လောက်၊ ဟေ့လူ မီးတစ်တို့လောက်"လို့ တောင်းနေတော့ ဒီအချိန် ဘယ်က လူကများ မီးတောင်းနေပါလိမ့်ဆိုပြီး လှည့်ကြည့်တာပေါ့ကွာ။ ဘာမှ မတွေ့ရတာနဲ့ ငါလည်း ထပြန်လာခဲ့ရတယ်"

ဟု ပြောရာ အားလုံး ကြောက်လန့်နေကြပါသည်။

ထူးဆန်းသည်မှာ တမာကိုင်းများ တစ်ကိုင်းမှ ကျိုးမနေခြင်းပင် ဖြစ်ပါ၏။ ကျောင်းတက်ပြီးနောက် ဆရာမ ဒေါ်နွဲ့ရီ၏ အချိန်သို့ ရောက်သောအခါ ဆရာမက···

"ဗိုလင် ကောရာဇ် အေးမင်းစံတို့ သီချင်းဆို၊ ဂစ်တာတီးကောင်းလိုက်ပုံကတော့ မြို့သာယာနယ်က လူတွေတင် မကဘူး၊ တစ္ဆေ သရဲတွေက တောင် မနေနိုင်လို့ လာပြီး နားထောင်အားပေးကုန်ကြပြီ"

ဟု ပြောလိုက်ရာ တစ်တန်းလုံး ဝါးခနဲ ရယ်သံများ ထွက်ပေါ်လာပါ၏။

ကျွန်တော်သည် ရှက်လွန်းသဖြင့် မျက်နှာနီမြန်းလျက် ခေါင်းငုံ့၍ နေမိပါသတည်း ■

* * *

ဘိုဘို(ခရွှေဘား)



www.burmeseclassic.com

www.burmeseclassic.com

# နဂါးလှည့်လကြည့် နဂါးပေါ်လဲသိပါ

မောင်တင်ကြွယ်(ပြည်)




နံနက် ၉နာရီထိုးရန် မိနစ်အနည်းငယ်သာ လိုတော့သည်။ အပေါင်းအသင်းများက တစ်ယောက်မှ ပေါ်မလာ။ ကျွန်တော်နှင့် မောင်စိုးမြင့် နှစ်ယောက်တည်း။ ချထားသော ရေနွေးကြမ်းအိုးမှာလည်း ဆရာတပည့် သောက်၍ ကုန်တော့မည်။ စီးကရက်ကတော့ မီးညှိလက်စကုန်လျှင် တစ်ပွဲပြတ်ပြီ။

လက်ဖက်ရည်ဖိုး ရှင်းတော့မည်အပြုတွင် ဒေါ်စန်းခင်နှင့် အမျိုးသမီးငယ်တစ်ဦး ကျွန်တော်တို့ စားပွဲဝိုင်းသို့ ရောက်လာသည်။

"ဩော်… ဒေါ်စန်းခင်တို့ပါလား။ ထိုင်ကြ… ထိုင်ကြ။ ဘာသုံးဆောင်ကြဦးမလဲ၊ စားချင်တာရှိ မှာကြဗျာ"

ကျွန်တော်က ကျွန်တော့်ဖောက်သည်ကြီး ဒေါ်စန်းခင်နှင့် အမျိုးသမီးငယ်သည်တို့ကို ဧည့်ဝတ်စကားဆိုရသည်။

"ကျေးဇူးပါပဲ ဆရာရယ်။ ဘာမှ မစားတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အိမ်က စားသောက်ပြီးခဲ့ပါပြီ။ ဆရာ့ကို တိုင်ပင်စရာလေး ရှိလို့ပါ"

"ဟုတ်ကဲ့၊ ပြောပါခင်ဗျာ။ ဘာကိစ္စများပါလိမ့်"

"ဒီလိုပါ ဆရာ၊ သူက ကျွန်မအမေရဲ့ ညီမ သမီးပါ။ သူတို့ရွာကို အမေက အလည်သွားရင်း ရွာမှာ မကျန်းမမာ ဖြစ်နေတယ်။ အဲဒါ သွားခေါ်မလို့"

"ကောင်းတာပေါ့ဗျာ။ သွားခေါ်သင့်တာပေါ့။ လူကြီးကလည်း ဖြစ်၊ ရွာမှာဆိုတော့ မြို့ပေါ်လို ဆေးကောင်းဝါးကောင်း၊ ဆရာဝန်ကောင်း ဘယ်ပြည့်စုံပါ့မလဲ"

"ဟုတ်ပါတယ် ဆရာ။ ဒါပေမယ့် ကျန်းမာရေးက မကောင်း၊ နဂါးလှည့်ကလည်း မသင့်ဖြစ်နေလို့ ခေါ်သင့်၊ မခေါ်သင့် စဉ်းစားနေတာ။ အမေကလည်း ရှေးလူကြီးဆိုတော့ အယူအဆကလည်း ကြီးပါဘိသနဲ့။ ပြည်ပြန်ရင် နဂါးခံတွင်းဝင်ဖြစ်နေတယ်လို့ပဲ ပြောနေတာ"

"ဟုတ်လား၊ အခု ဒေါ်စန်းခင်အမေက ဘယ်ရွာရောက်နေလို့လဲ"

"မှော်ဇာမှာပါ ဆရာ"

"ဩော်…ဒီနားလေးက ရွာမှာပဲ။ ဝေးမှ မဝေးတာ။ မှော်ဇာဆိုတော့ ကျွန်တော်တို့ ပြည်ရဲ့ အရှေ့ဘက်ကျတယ်။ မှော်ဇာက နေပြီး ပြန်လာဖို့ကျတော့ အရှေ့ကနေ အနောက်ကို လာရမှာ။ ဒီလက နဂါးခေါင်း အရှေ့လှည့်တော့ နဂါးခံတွင်းဝင်ဖြစ်နေတယ်"

"အဲဒါကြောင့် ခက်နေတာပေါ့ ဆရာရယ်။ ကျွန်မလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်းတောင် မသိတော့ဘူး"

ဒေါ်စန်းခင်က စိတ်ပျက်လက်ပျက်ဖြင့် ညည်းတွားသည်။ အတူပါလာသည့် သူ့ညီမကလည်း မျက်နှာမသာမယာ။ သည်တော့လည်း ကျွန်တော်တတ်သိ နားလည်သရွေ့ ဒေါ်စန်းခင်ကို ရှင်းပြဖို့ ဖြစ်လာသည်။

"ဒီလိုရှိပါတယ် ဒေါ်စန်းခင်။ နဂါးလှည့်မသင့်တာတော့ ရှိမှာပေါ့။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ ဒီသုံးလမှာ နဂါးခေါင်း အရှေ့လှည့်တယ်။ အနောက်သို့ မသွားကောင်းလို့ အကြမ်းဖျင်း သိကြ၊ နားလည်ကြတာကိုး။ ပထမဦးစွာ နဂါးလှည့်နဲ့ ပတ်သက်ပြီး ဒေါ်စန်းခင်ကို ကျွန်တော်ရှင်းပြပါ့မယ်။ တစ်နှစ်မှာ တစ်ဆယ့်နှစ်လရှိတယ်။ အဲဒီမှာ သုံးလတစ်ကြိမ် နဂါးလှည့်ပြောင်းတယ်။ အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာ တစ်ကြိမ် လှည့်ရင် သုံးလစီ ဦးခေါင်းပြုတယ်။ နဂါးလှည့်ကို ပြက္ခဒိန် အချို့မှာ ဖော်ပြကြပေမယ့်၊ များသောအားဖြင့်တော့ မပါကြဘူး။

ပြက္ခဒိန်မှာ ရှာစရာမလိုဘဲ လကို သိရင် နဂါးလှည့် သိနိုင်တဲ့ အတိုကောက်နည်းလေး ပြောပြပါ့မယ်။ ဗဟုသုတ အဖြစ်နဲ့ မှတ်သားပေါ့ဗျာ"

◈◈◈

"ပေါင်း၊ ခူး၊ ဆုန်နှောက်၊ နဝါဝါ မြောက်၊ တော်ကျွတ် မုန်းရှေ့၊ နတ်ပြာတွဲတောင်လို့ အဆိုရှိတယ်။ သိသာအောင် အကျယ်ရှင်းပြရရင်တော့ တပေါင်း၊ တန်ခူး၊ ကဆုန်လတွေမှာ နဂါးခေါင်း အနောက်လှည့်တယ်။ နယုန်၊ ဝါဆို၊ ဝါခေါင် လတွေမှာ မြောက်ဘက်ကို လှည့်တယ်။ တော်သလင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေမှာ အရှေ့ကို လှည့်တယ်။ နတ်တော်၊ ပြာသို၊ တပို့တွဲလတွေမှာ တောင်ဘက်ကို လှည့်တယ်လို့ သိထားရမှာ ဖြစ်ပါတယ်။

အဲဒီ နဂါးလှည့်ကို ကြည့်ပြီး အရှေ့လှည့်သော် အနောက် မသွားကောင်း၊ မြောက်ဘက်လှည့်သော် တောင်ဘက် မသွားကောင်း စသည်ဖြင့် အဆိုရှိထား၊ သိထားကြတယ်။ သွားခဲ့သည်ရှိသော် နဂါးခံတွင်းဝင်ဖြစ်လို့ ဒုက္ခရောက်တတ်တယ်လို့ အယူရှိတယ်။ များသောအားဖြင့် ကျန်းမာရေး မကောင်းတဲ့အခါ၊ အိမ်အပြောင်းအရွှေ့ လုပ်ငန်းစီးပွားရာတဲ့ အခါမှာ သွားရမယ့်အရပ်က နဂါးလှည့်မသင့်ရင် အခက်တွေ့နေရော။ နဂါးခံတွင်းဝင်ဖြစ်လို့ သွားသင့်၊ မသွားသင့် တွန့်ကုန်ရော"

ကျွန်တော့်စကားအဆုံးတွင် ဒေါ်စန်းခင်က ဝင်ထောက်ပေးသည်။

"ဟုတ်တာပေါ့ ဆရာရယ်။ အခုလည်း ကျွန်မ တွန့်နေတာက အဲဒီကိစ္စပဲ။ ခေါ်ရမှာက နဂါးခံတွင်းဝင်ဖြစ်နေ၊ မခေါ်ဘဲ နေပြန်တော့လည်း မတော် ရောဂါသည်းမှ ခေါ်ရကုရရင် မလွယ်မှာ စိုးရနဲ့ ဖြစ်နေတယ်"

"အင်း… ဒေါ်စန်းခင်တို့ နားလည်ထားတာကလည်း နဂါးလှည့်ပဲ သိထားတာကိုး။ စိုးရိမ်စရာပဲပေါ့။ ဒါပေမယ့်ဗျာ၊ နဂါးလှည့်မှာပဲ နဂါးပေါ်ရက်၊ နဂါးငုပ်ရက်ဆိုတာက ရှိသေးတယ်။ နဂါးလှည့်အရတော့ မသင့်ဘူးဆိုပေမယ့် နဂါးပေါ်ရက် မဟုတ်ဘူး။ ငုပ်ရက်ဆိုရင် ထိခိုက်မှု မရှိဘူးဗျ"

"ဟုတ်လား ဆရာ။ အဲဒီ ပေါ်တာ၊ ငုပ်တာတွေ ကျွန်မလည်း မသိဘူး။ ကြားလည်း မကြားဖူးဘူး။ အဲဒါလေး ရှင်းပြပေးပါဦး"

"ဟုတ်ကဲ့ပါ ဒေါ်စန်းခင်။ ကျွန်တော်ကလည်း အဲဒီ အကြောင်းလေး သိစေချင်လို့ ခြေဆင်းလေးလုပ်နေတာပါ။



www.burmeseclassic.com

www.burmeseclassic.com

နဂါးလှည့်မသင့်ဘူး။ နဂါးခံတွင်းဝင်ဖြစ်မယ်၊ ရက်အရလည်း နဂါးပေါ်ရက်ဖြစ်မယ်ဆိုရင် မသင့်လို့ လုံးဝ ရှောင်ရမယ်။ နဂါးငုပ်ရက်ဆိုရင်တော့ ခံတွင်းဝင်ချင်လည်း ဝင်၊ အကြေးလှန်လိုက လှန်၊ ဝမ်းဗိုက်ဖောက်၊ ခါးဖောက်၊ လုပ်ချင်ရာလုပ်၊ ဘာပြဿနာမှ မရှိဘူး။ မထိခိုက်ဘူး"

"ဟုတ်ပြီ ဆရာ။ ဆရာပြောမှပဲ ကျွန်မ အားနည်းနည်းရှိသွားပြီ။ အဲဒီ နဂါးပေါ်ရက်၊ ငုပ်ရက်ဆိုတာလေး ရှင်းပြပေးပါဦး"

"နဂါးပေါ်ရက်က တစ်လမှာ နှစ်ရက် သုံးရက်ထက် မပိုဘူးဗျ။ ကျန်တဲ့ ရက်က ငုပ်ရက်။ အဲဒါလေး သိရင် သုံးလလုံးလုံး စိုးရိမ်နေစရာမလိုဘူး။ ပေါ်တဲ့ရက်မှာ ဂရုစိုက်ရှောင်ရင် ရပါတယ်။ နဂါးလှည့်ကျတဲ့ သုံးလမှာပဲ တစ်လနဲ့ တစ်လ နဂါးပေါ်တဲ့ရက် မတူဘူးဗျ။ လဆန်းရက်အရ တစ်လနဲ့ တစ်လ ပေါ်တဲ့ရက် ကွာတယ်။ အဲဒီတော့ တစ်နှစ်မှာ နဂါးပေါ်ရက်ကို ဒီလို အမှတ်အသားပြုထားတယ်"

* *တနင်္ဂနွေဆန်းသောလ၌ လဆန်း ၂ရက်၊ ၁၀ ရက်နှင့် လဆုတ်ရက် ၃ရက်။*
* *တနင်္လာဆန်းသောလ၌ လဆန်း ၁ရက်၊ လဆုတ် ၃ရက်။*
* *အင်္ဂါဆန်းသောလ၌ လဆန်း ၉ရက်၊ လဆုတ် ၁၁ရက်။*
* *ဗုဒ္ဓဟူး ဆန်းသောလ၌ လဆန်း ၂ရက်၊ လဆုတ် ၄ရက်။*
* *ကြာသပတေးဆန်းသောလ၌ လဆန်း ၁၂ရက်၊ လဆုတ် ၂ရက်။*
* *သောကြာဆန်းသောလ၌ လဆန်း ၄ရက်၊ လဆုတ် ၃ရက်။*
* *စနေဆန်းသောလ၌ လဆန်း ၂ရက်၊ လဆုတ် ၆ရက်...*

ဖြစ်ပါတယ်။ ဒီလိုသိထားရင် နဂါးလှည့်ကြည့်ပြီး အကြောက်ပိုနေစရာ မရှိပါဘူး။ ဥပမာပြောရရင် တော်သလင်းလမှာ အရှေ့ကို လှည့်တယ်။ နဂါးပေါ်ရက်ကို သိချင်ရင် တော်သလင်းလဆန်း ၁ရက်နေ့က ဘယ်နေ့ကျသလဲ။ ပြက္ခဒိန်မှာ ရှာကြည့်"

ကျွန်တော်က အသင့်ပါလာသည့် မြန်မာရက်စွဲပါ အိတ်ဆောင် ပြက္ခဒိန်ကို သူ့ရှေ့ချပြီး လက်ထောက် ရှင်းပြရသည်။

"ဒီမှာ တော်သလင်းလဆန်း ၁ရက်က ကြာသပတေး နေ့ကျတယ်။ ဒါကြောင့် တော်သလင်းလဆန်း ၁၂ရက်နဲ့ တော်သလင်းလဆုတ် ၂ရက်နေ့တွေက နဂါးပေါ်ရက်ဖြစ်တယ်။ အဲဒီလိုပဲ သီတင်းကျွတ်လမှာ သီတင်းကျွတ်လဆန်း ၁ရက်နေ့က စနေနေ့ကျတယ်။ အဲဒီတော့ သီတင်းကျွတ်လဆန်း ၂ရက်နဲ့ လဆုတ် ၆ရက်နေ့က နဂါးပေါ်ရက်တွေပါ။ အလားတူပဲ ဘယ်လ၊ လဆန်း ၁ရက်က ဘယ်နေ့ကျသလဲဆိုတာ ကြည့်ပြီး နဂါးပေါ်ရက်ကို သတိထား ရှောင်ပါလို့ အကြံပေးလိုပါတယ်။ အထူးအားဖြင့် ထပ်ပြောချင်တာက နဂါးလှည့်လည်း ကြည့်၊ နဂါးပေါ်လည်း သိပါလို့ ပြောချင်ပါတယ်"

ကျွန်တော့်စကားဆုံးတော့ ဒေါ်စန်းခင်တို့ ညီအစ်မနှစ်ဦး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးနေသည်။ ဒေါ်စန်းခင်က ကျွန်တော့်အိတ်ဆောင် ပြက္ခဒိန်လေးကို နောက်တစ်ရွက်ဆက်လှန်သည်။ သူကြည့်သည်က တန်ဆောင်မုန်းလ။ တန်ဆောင်မုန်းလဆန်း ၁ရက်နေ့က အနီရောင် စာသားဖြင့် တနင်္ဂနွေကို ပြထားသည်။

"မောင်စိုးမြင့်ရေ... အဒေါ်ကို လဆန်း ၂ရက်၊ လဆန်း ၁၀ရက်၊ လဆုတ် ၃ရက်တွေကျတဲ့ ရက်တွေကို အင်္ဂလိပ်ရက်စွဲနဲ့ မှတ်ပေးစမ်းပါကွယ်"

ဟု ပြောကာ စာရွက်လွတ်တစ်ရွက်ကို ထုတ်ပေးသည်။

ကျွန်တော် ဒေါ်စန်းခင်အား ရှင်းပြခဲ့သည်များအနက် သိစရာ၊ မှတ်စရာများကို အတိုနည်းဖြင့် လိုက်လံမှတ်သားနေသည့် မောင်စိုးမြင့်က ဒေါ်စန်းခင် သိလိုသည့်ရက်တို့ကို ရေးမှတ်ပေးလိုက်သည်။

"ကဲ - ဆရာရေ၊ အခုမှပဲ ပြဿနာအလုံးကြီးကျသွားတော့တယ်။ ဆရာ့ကိုလည်း ကျေးဇူးအများကြီးတင်တယ်။ နည်းတယ်လို့လည်း မထင်နဲ့၊ များတယ်လို့လည်း ငြင်းမနေနဲ့။ ဉာဏ်ပူဇော်ခ တိုင်ပင်ကြေးလေး ကန်တော့ခဲ့ပါရစေ။ လက်ဖက်ရည်ဖိုးပဲ ယူပါနော်" ■

စေတနာမုန်လျှင် ကံကောင်းမည်

* * *

မောင်တင်ကြွယ်(မြေညီ)



www.burmeseclassic.com

www.burmeseclassic.com




မောင်မောင်ကြီး (လှိုင်နယ်မြေ)

# တံခါးနောက်ကွယ်က တစ္ဆေလက်ပုတ်

www.burmeseclassic.com

www.burmeseclassic.com

အချိန်ကာလအားဖြင့် ၁၉၃၆ ခုနှစ်က ဖြစ်သည်။ ကယားပြည်နယ်ရှိ ရှေးဟောင်းအိမ်ကြီး၏ ဖြစ်ရပ်ဆန်းကြယ်ဖြစ်၏။

သူမ၏ အမည်မှာ "မခင်ရီ" ဖြစ်သည်။ အသက်အားဖြင့် ၃၀ ကျော်အရွယ်ဆိုတော့ ခေတ်ကာလ သတ်မှတ်ချက်အရ သူမကို အပျိုဟိုင်းကြီးတစ်ဦးဟူ၍ သတ်မှတ်ရပေမည်။

သူမသည် ကံကောင်းထောက်မစွာဖြင့် အိမ်ကြီးတစ်ဆောင်ကို အမွေရရှိခဲ့လေသည်။ ထိုအိမ်ကြီးမှာ ခမ်းနားကြီးကျယ်စွာ တည်ဆောက်ထားပြီး အခန်း (၁၂)ခန်းပါရှိသော ဟော်နန်းတစ်ခုဖြစ်ကာ၊ ဘုရားရှိခိုးကျောင်းတစ်ခု၏ ဘေးတွင် တည်ရှိသည်။ အိမ်ကို အပြင်အားဖြင့် ကြည့်မည်ဆိုပါက အလွန်နေချင်စဖွယ်ကောင်းသည်မှာ အမှန်ပင် ဖြစ်ပေသည်။

သို့ရာတွင် မခင်ရီတွင် နေထိုင်စရာရှိပြီးဖြစ်သောကြောင့် ထိုအိမ်ကြီးအား ငှားရန်အတွက် တူဖြစ်သူနှင့် လွှဲအပ်ထားလိုက်လေသည်။ သူမ၏ တူဖြစ်သူမှာ "မောင်စစ်တင်"ဖြစ်သည်။

တစ်နေ့တွင် မောင်စစ်တင်ထံသို့ အိမ်ငှားလိုသူတစ်ဦး ရောက်ရှိလာလေ၏။ ထိုသူမှပင် စတင်ကာ...

"ကျုပ်နာမည်က ဘိုကြည်လို့ ခေါ်ပါတယ်။ ကျုပ်က ရှားတောမှာ နေပါတယ်။ ခင်ဗျား အိမ်ငှားရန် ရှိလို့ ဒီလမ်းထိပ်က လက်ဖက်ရည်ဆိုင်ရှင်က ကျုပ်ကို ညွှန်လိုက်လို့ပါ"

"ဟုတ်ပါတယ် ဦးဘိုကြည်။ ခင်ဗျား အခုနေတဲ့အိမ်က ပြောင်းလာဖို့လား"

"ဟာ...မဟုတ်ပါဘူးဗျာ။ ကျုပ်ရဲ့ တူမ နေဖို့အတွက်ပါ"

"ဪ..."

"တူမက အိမ်ထောင်ကျတာ မကြာသေးဘူးဗျ။ သူတို့ ဇနီးမောင်နှံအတွက် လွတ်လွတ်လပ်လပ်နေနိုင်အောင်လို့ ကျုပ်က အိမ်ငှားပေးတာပါ။ မြို့ပေါ်မှာဆိုတော့ လုပ်ငန်းနဲ့ အဆင်ပြေကြတာပေါ့"

"ဟုတ်ပါပြီဗျာ၊ ကျုပ် သဘောပေါက်ပါပြီ"

မခင်ရီ၏ တူဖြစ်သူ မောင်စစ်တင်က အိမ်ငှားခ စပေါ်ငွေ၊ အိမ်လခ အစရှိသည်များကို ဦးဘိုကြည်နှင့် ညှိနှိုင်းကာ၊ ထိုအိမ်ကြီးအား ငှားရမ်းလိုက်လေတော့သည်။

ဦးဘိုကြည်၏ တူမ မချိုနှင့် ခင်ပွန်းဖြစ်သူ မောင်နေလင်းတို့ ကြင်စဦး မောင်နှံနှစ်ယောက်တို့သည် အိမ်ဖော် ဒေါ်ဆယ်နှင့်အတူ ထိုအိမ်ကြီးသို့ မကြာမီမှာပင် ပြောင်းရွှေ့ ရောက်ရှိလာခဲ့ကြတော့သည်။

မောင်နေလင်းမှာ အဆောင်ယောင်အခမ်းနားဖြင့် ကြီးကျယ်ခမ်းနားလွန်းလှသည့် ထိုအိမ်ကြီးကို ငေးမောကြည့်နေသဖြင့်...

"ကြည့်စမ်းပါဦး ကိုနေလင်းရယ်၊ ကောင်းလိုက်တဲ့ အိမ်ကြီး။ ကျွန်မဖြင့် ဦးလေးကို သိပ်ကျေးဇူးတင်တာပဲ"

ဟူ၍ ပြောလိုက်လေရာ မောင်နေလင်းက သူမ၏ ပခုံးစွန်း တစ်ဖက်အား ကြင်နာစွာဖြင့် ဆုပ်ကိုင်လိုက်ပြီး...

"အလှမှာ အယဉ်ဆင့်ဆိုသလို ဖြစ်သွားအောင် ဒီအိမ်ကြီးကို မွမ်းမံခြယ်သပြီး နေကြတာပေါ့ အချစ်ရယ်"

ဟု ပြောလိုက်လေသည်။

◈◈◈

မောင်နေလင်းတို့ ဇနီးမောင်နှံ ထိုအိမ်ကြီးသို့ ရောက်ရှိပြီး နောက်တစ်နေ့တွင်ဖြစ်သည်။ အချိန်က နေဝင်ရီတရောအချိန်။ အမှောင်ထုက ဝင်ရောက်စပြုပြီးဖြစ်သည်။

ထိုအချိန်ဝယ် မချိုဝင်းသည် အေးဆေးငြိမ်သက်စွာဖြင့် အိမ်ကြီးပေါ်ရှိ ပြတင်းပေါက်တစ်ခုအနီးတွင် တစ်ကိုယ်တည်းထိုင်လျက် ရှိလေသည်။ ထိုနေရာမှ နေ၍ သူမသည် နှင်းဆီရိုင်းရုံများဆီသို့ ငေးမောကြည့်ရှုနေလေသည်။ ထိုသို့ ကြည့်နေရာမှ သူမသည် တစ်စုံတစ်ရာကို ရုတ်တရက် မြင်တွေ့သွားကာ၊ ဟင်းခနဲ အာမေဋိတ်တစ်ခွန်း ထွက်သွားလေသည်။ မျက်လုံးအပြူးသားဖြစ်၍ ထိုမြင်ကွင်းကို မမိုတ်မသုန် ကြည့်ရှုမိလိုက်ပြန်ပါသည်။

မြင်ကွင်းက မယုံကြည်နိုင်စရာအဖြစ်မျိုးပင် ဖြစ်လေသည်။ ပြတင်းပေါက်ဘောင် ကျောက်သားပေါ်ဝယ် လက်တစ်ဖက်ရောက်ရှိနေ၏။ ပုံစံက တစ်စုံတစ်ယောက် အောက်မှ နေ၍ တွယ်တက်လာသလိုမျိုး လက်မှာ ပြည့်ပြည့်ဖြိုးဖြိုးရှိ၏။ အမျိုးသမီးလက်ဖြစ်သည်။ သို့ရာတွင် ထိုလက်မှာ လက်ကောက်ဝတ်နေရာလောက်မှ တုံးတိပြတ်နေသည်။

သူမ၏ တစ်ကိုယ်လုံး ကြောက်စိတ်များ ဖုံးလွှမ်းလာကာ၊ စိတ်မထိန်းနိုင်တော့ဘဲ စူးစူးဝါးဝါးအော်လိုက်မိတော့သည်။

"အား..."

သူမ၏ အော်သံကြား၍ ထင်သည်။ ပြတင်းပေါက်ဘောင်ပေါ်မှ လက်သည် တဖြည်းဖြည်းချင်း ပြန်ရုတ်သွားသည်ကို မြင်တွေ့လိုက်ရင်း ထမင်းချက် ဒေါ်ဆယ်မှာလည်း အိမ်ပေါ်သို့ ပြေးတက်လာကာ...

"တူမလေး"

www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့လဲ တူမလေး"

"လက်…လက်ပြတ်…လက်ပြတ်ကြီး"

သူမတစ်ယောက် ထစ်ထစ်ငေါ့ငေါ့ဖြင့် ဖြေလိုက်၏။ ဒေါ်ဆွယ်က ဟိုဟိုသည်သည် လိုက်လံရှာဖွေကြည့်သည်။ ပြတင်းပေါက် အောက်တည့်တည့်ကို ငုံ့ကြည့်လိုက်သည်။ အောက်တွင် ပန်းအိုးကြီးများသာလျှင် ရှိသည်။ လူဟူ၍ မမြင်တွေ့ကြရပေ။

"ဟုတ်ရဲ့လား တူမလေးရဲ့ စိတ်ထင်တာများလား"

"မျက်စိနဲ့ တပ်အပ်မြင်လိုက်ရတာ"

"ရှာတာလည်း နေရာနဲ့နေပြီ တူမလေးရဲ့။ ဘာကိုမှ တွေ့ရတာမှ မဟုတ်တာ"

ဒေါ်ဆွယ်တို့မှာ အောက်ထပ်သို့ ပြန်ဆင်းသွားကြပြီး မကြာမီမှာပင် သူမ၏ ချစ်ခင်ပွန်းဖြစ်သူ မောင်နေလင်း ပြန်ရောက်လာသည်။ မောင်နေလင်းက သူမ၏ မျက်နှာလေးအား လှမ်းကြည့်ရာမှ…

"နေမှ ကောင်းရဲ့လားကွယ်"

"လူက နေကောင်းပါတယ်၊ စိတ်က…"

"ဟင်…"

"ဟုတ်တယ် ကိုနေလင်းရဲ့။ စောစောလေးက ဟောဒီနေရာမှာ လက်ပြတ်ကြီးတစ်ဖက် မြင်လိုက်ရလို့ ကြောက်နေတာ"

"မဖြစ်နိုင်တာကွာ"

"ဟုတ်ပါတယ်ဆိုမှ ကိုနေလင်းရယ်"

"ကဲပါ… ထပါကွာ၊ ညစာတစ်ခုခုစားပြီး အိပ်ကြရအောင်"

ကိုနေလင်းက သူမ၏ ပခုံးလေးအား ဖက်ကာဖြင့် ခေါ်ဆောင်သွားလေတော့သည်။

◈◈◈

ထိုည သန်းခေါင်ယံအချိန်သို့ ရောက်ရှိလာသောအခါဝယ်၊ လူအများ အိပ်မောကျနေကြစဉ် ထိုအိမ်ကြီး၏ အောက်ထပ်ရှိ နံရံအား တဒေါက်ဒေါက်ဖြင့် ခေါက်နေသံ ထွက်ပေါ်၍လာလေသည်။

"ဒေါက်…ဒေါက်…ဒေါက်"

အသံမှာ စူးရှ ပြင်းထန်သည်။ ထို့ကြောင့် အောက်ထပ်ရှိ ထမင်းချက် ဒေါ်ဆွယ်တစ်ယောက် လန့်နိုးသွားသည်။ တံခါးခေါက်သံ တဒေါက်ဒေါက်မှာ မီးဖိုချောင်၏ ပြတင်းပေါက်ကို ခေါက်နေခြင်းဖြစ်၏။ ထို့ကြောင့် အိပ်အကူ ဒေါ်ဆွယ်က နောက်ဖေးတံခါးကို ဆွဲဖွင့်ကာ၊ ထိုအသံထွက်ပေါ်လာရာသို့ လှမ်းကြည့်လိုက်သည်။

"ဟင်…ဘာမှလည်း မရှိပါလား"

ထိုညက အောက်ထပ်ရှိ အိမ်သားအားလုံးအဖို့ ချောက်ချားသော ညတစ်ညဖြစ်ခဲ့ရတော့သည်။

နောက်တစ်နေ့ ညနေခင်းအချိန်တွင်လည်း မီးဖိုချောင်အတွင်းဝယ် ဒေါ်ဆွယ် ချက်ပြုတ်ကြောက်လော့လျက်ရှိနေစဉ်၊ မှန်ပြတင်းပေါက်အပြင်မှ လက်တစ်ဖက်ကို ရုတ်တရက် မြင်တွေ့လိုက်ရသည်။ လက်ဖဝါးပြင်ကို အထင်းသား မြင်ရပြီးနောက် အသေအချာစူးစိုက်၍ ကြည့်မိသည်တွင် လက်ကောက်ဝတ်မှ ပြတ်နေသော လက်တစ်ဖက်ဖြစ်သည်ကို တွေ့ရှိလိုက်ရလေ၏။ ဒေါ်ဆွယ်၏ အလန့်တကြား ဟစ်အော်သံကို အားလုံးကြားလိုက်ရလေသည်။

◈◈◈

နောက်နေ့ညများတွင်လည်း ထိုကဲ့သို့ပင် တံခါးခေါက်သံများ၊ လက်ဖဝါးဖြင့် မှန်ပြတင်းအား ပွတ်ဆွဲသံများကို ကြားကြရသည်။ မောင်နေလင်းတို့ ဇနီးမောင်နှံ နေထိုင်သည့် အပေါ်ထပ်ရှိ အခန်းကိုလည်း ညစဉ်ညတိုင်းလိုလိုပင် တဒေါက်ဒေါက်ဖြင့် ခေါက်သံပေးလျက် ရှိသည်။ တစ်ချိန်တွင်မူ ကိုနေလင်းကိုယ်တိုင် ထိုလက်ပြတ်ကြီးအား မြင်တွေ့လိုက်ရ၏။ ဇနီးဖြစ်သူ မချိုဝင်းက…

"ဘယ့်နှယ့်လဲ ကိုနေလင်း၊ အခု ယုံသွားပြီမဟုတ်လား။ ဒီအိမ်ကြီးက ပြောင်းကြပါစို့ အစ်ကိုရယ်။ လူတွေအားလုံးလည်း အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်း မစားရနဲ့ သွေးပျက်ကုန်ကြပြီ အစ်ကိုရဲ့"

ကိုနေလင်းက ခေါင်းတစ်ချက်ညိတ်ပြီးလျှင်…

"ဟုတ်တယ်၊ ဒါဟာ ဒီအိမ်ကြီးနဲ့ ပတ်သက်နေတဲ့ မကျွတ်မလွတ်သေးတဲ့ ဝိညာဉ်တစ်ခုက ဒီအိမ်ကြီးပေါ် နေကြတာကို မကြိုက်လို့ ခြောက်လှန့်နေတာပဲ ဖြစ်မယ်။ စာချုပ်ထားတာက တစ်နှစ်ဆိုတော့ ခက်နေတယ်လေ"

"ပေးထားတာတွေ အဆုံးရှုံးခံလိုက်ကြစို့ အစ်ကိုရယ်။ ကြာရင် လူတွေ ရူးသွပ်ကုန်လိမ့်မယ်"

"ကောင်းပါပြီကွာ၊ ကောင်းပါပြီ"

နောက်ဆုံးတော့ ကိုနေလင်းတို့ ကြင်စဦး ဇနီးမောင်နှံတို့သည် ထိုမာယာများလှသည့် ရှေးဟောင်း ဟော်နန်းအိမ်ကြီးမှ အမြန်ဆုံး ပြောင်းရွှေ့လာကြပါတော့သည်■

* * *

မောင်မောင်ကြီး(လှိုင်နယ်မြေ)

Ref : J Shori Dan Le Fany ၏ Nararive of the Ghost of a Hen ကို မှီးသည်။

www.burmeseclassic.com

၁ နွေ ၂ လာ ၃ ဂါ ၄ ဟူး ၈ ဟု
၅ တေး ၆ ကြာ ၇ နေ

ဂမ္ဘီရ ဆန်းကြယ်

# ခုနစ်ရက်သားသမီး ကံကြမ္မာဟောစာတမ်း

အောင်အတိတ် အောင်နိမိတ်ဆရာ

## ➢တနင်္ဂနွေသားသမီးများ

ယခုလ တနင်္ဂနွေသားသမီးများ ကံဇာတာ ကောင်းမွန်လာပြီ၊ ဘဝအတွက် အဓိက လိုအပ်သော အပြောင်းအလဲကြီးများ ပြုလုပ်ရတတ်သည်။ ရဲရဲလုပ်ပါ။ စီးပွားရေးပြန်လည် ဦးမော့လာပြီ၊ ဆုံးရှုံးထားတဲ့ ငွေကြေးတွေ ပြန်ရမည်။ အလုပ်တွေ ပြန်လည်ပတ်မည်။ မိတ်ဆွေကောင်းတစ်ဦးနှင့် ဆုံပြီး အကူအညီကောင်းရမည်။ သတင်းထူးတစ်ခုကြားရမည်။ ရွှေဝင်မည်။ ဘုရားဖူးခရီးသွားရမည်။ ယခုလမှ နှစ်လကျော်လျှင် စီးပွားတက်မည်၊ ရပ်ဝေးမှ ဆွေမျိုးတစ်ဦးရောက်လာမည်။ ယော်ရွယ်သူများ ချစ်သူဟောင်းနှင့် ပြန်ဆုံမည်။

**ယတြာ။** ။ မေတ္တာဘာဝနာများများပွားပါ။ အုန်းသီးတစ်လုံးကို မွေးနေ့ညမှာ ရေစီးနေတဲ့မြစ်ချောင်းထဲပစ်ချလိုက်ပါ။ ဘုရားစင်မှာ နှင်းဆီပန်းတွေ ဝေနေအောင် လှူထားပါ။ သို့မဟုတ် သင့်အလုပ်စားပွဲ၊ ညှိခန်းမှာ နှင်းဆီပန်းတွေ အလှထိုးထားပါ။

**ထီကံစမ်းရန်။** ။ ၂၊ ၁၊ ၇။ ( ကိုးနဝင်း အမိဋ္ဌာန်ဝင်ပါ)။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤တနင်္လာသားသမီးများ

ယခုလတွင် တနင်္လာသားသမီးတွေ ဝန်းကျင်နှင့် သဟဇာတဖြစ်အောင် နေပေးရမည့်အချိန်ပါ။ စီးပွားရေး အထူးအဆင်ပြေမည်။ အလုပ်နှစ်ခု တစ်ပြိုင်တည်းလုပ်ရမည်။ ငွေကြေးစုဆောင်းမိမည်။ အပြောင်းအလဲတွေ ကြုံမည်။ ကောင်းသည်။ နာရီတစ်လုံးပျက်တတ်သည်။ ပြင်သုံးပါ။ ယခုလအတွင်း ကောင်းကျိုးအထူးဖြစ်မည်။ ရက်တရက် အလုပ်နှင့် စီးပွားတိုးတက်မည်။ ရပ်ဝေးမှ ဧည့်သည်လာတည်းမည်။ လက်ခံပါ။ ဇူလိုင် ၂၄ရက်အတွင်း ငွေအစုလိုက်အပုံလိုက် ဝင်ကိန်းရှိသည်။ ငယ်ရွယ်သူများ ချစ်သူအပေါ် သည်းခံပေးလိုက်ပါ။ ကောင်းကျိုးဖြစ်မည်။

**ယတြာ။** ။ အသွင်အပြင်တွေ ပြောင်းလိုက်ပါ။ အသုံးအစွဲချွေတာ စုဆောင်းပါ။ ဘုရားစင်မှာ ရတနာသုံးပါးပွဲတင်လှူပေးပါ။ စနေထောင့်မှာ မကြာခဏ ထီးလှူပါ။

**ထီကံစမ်းရန်။** ။ ၅၊ ၆၊ ၀။ (ယခုလတစ်လလုံး ပဋ္ဌာန်းရွတ်ပါ။ မေတ္တာသုတ်ရွတ်ပါ။)

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤အင်္ဂါသားသမီးများ

ယခုလတွင် အင်္ဂါသားသမီးများ ပညာရေးထူးချွန်မည်။ အောင်မြင်မှု ရမည်။ ဆရာအကြီးအကဲတွေ ကူညီ မ,စတာ ခံရမည်။ စားကောင်းသောက်ဖွယ်တွေ လက်ဆောင်ရမည်။ အလုပ်အကိုင်တွင် ယခင်က မလုပ်ခဲ့ရဘူးသော အလုပ်သစ်မျိုး ယခုလ စတင် လုပ်ကိုင်ရတတ်သည်။ ရပ်ဝေးမှ ဆွေမျိုးတွေ ရောက်လာမည်။ (နိုင်ငံခြားခရီးဆောင်ရွက်နေသူများ အဆင်ပြေမည်။) အိမ်တွင် အသေးစား ပြင်ဆင်မှု ကြုံမည်။ သတိပြုရန်မှာ ယခုလ ပြဿနာမဖြစ်အောင်နေပါ။ ပြဿနာရှောင်ပါ။ လူရင်းတစ်ဦးက သစ္စာဖောက်တတ်သည်။ ငွေကြေးကိစ္စအကုန်အကျနည်းနိုင်သမျှနည်းအောင် ချွေတာ စိစစ်ပါ။ ငယ်ရွယ်သူများ ချစ်သူအသစ်ရမည်။ ရက်တရက် အိမ်ထောင်ကျတတ်သည်။

**ယတြာ။** ။ ကိုယ်ဖြစ်ချင်တာကို ကျကျနန သစ္စာပြုပါ။ ထပ်ကာထပ်ကာပြုပါ။ ဘုရားတွင် သောကြာဂြိုဟ်တိုင်မှာ ရေသပ္ပာယ်ပါ။ မကြာခဏလုပ်ပါ။ နေအိမ် ဘုရားစင်မှာ သစ်သီးဆွမ်း မကြာခဏ ကပ်လှူပါ။

**ထီကံစမ်းရန်။** ။ ၄၊ ၆၊ ၈။ ယခုလတစ်လလုံး သမ္ဗုဒ္ဓေဂါထာတော်ကြီးကို နေ့စဉ် ၄၆ခေါက် မပျက်တမ်း ရွတ်ပွားပေးပါက ကောင်းကျိုးထူးမည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤ဗုဒ္ဓဟူးနှင့် ရာဟုသားသမီးများ

ယခုလတွင် ဗုဒ္ဓဟူးသားသမီးများ လိမ်ညာလှည့်ဖြားမှုတွေ ခံရတတ်သည်။ အပေါ်ယံသမားတွေကို သတိထားရှောင်ပါ။ အိမ်တွင် အနေအထားပြုပြင်ပြောင်းလဲမှုတွေ ကြုံမည်။ ခေါင်းကိုက်ဝေဒနာ ခံစားရတတ်သည်။ လောင်းကစားလုပ်တတ်သူများ လုံးဝ ရပ်ထားပါ။ ဆက်လုပ်က ဒုက္ခရောက်မည်။ ငွေကတော့ ဝင်မည်။ ဆက်တိုက်ဝင်မည်။ ကုန်စရာတွေလည်း များသည်။ ဘုရားဆင်းတု (သို့) ပုံတော် ကြွလာတတ်သည်။ ကောင်းသည်။ ငယ်သား၊ သားသမီးအတွက် စိတ်ပင်ပန်းရတတ်သည်။ အဆိပ်ရှိသော သတ္တဝါကိုက်တတ်၍ သတိရှိပါ။ ဘာပဲဖြစ်ဖြစ် ဗုဒ္ဓဟူးသားသမီးများ ယခုလ ကံဇာတာ မညံ့ပါ။ လာဘ်ရှင် ငွေဝင်ပါမည်။ ငယ်ရွယ်သူများ လှည့်ဖြားတတ်သူကို တွေ့တတ်သည်။ ဆင်ခြင်တုံကင်းမဲ့သော ချစ်သူ၏စရိုက်ကြောင့် စိတ်ပင်ပန်းရတတ်၏။

**ယတြာ။** ။ မေတ္တာ ဘာဝနာ များများပွားပါ။ ဘုရားတစ်ဆူသို့သွားပြီး ရေသပ္ပာယ်ပါ။ ရွှေကပ်ပါ။ ပြီးက ခေါင်းလောင်းထိုးပြီး အမျှဝေပါ။ မကြာခဏလုပ်ပါ။

**ထီကံစမ်းရန်။** ။ ၂၊ ၄၊ ၈။ ယခုလ ကိုးနဝင်း မိုးလင်းမှသိမယ် အဓိဋ္ဌာန်ကို စပြီးဝင်သင့်သည်။ ကောင်းကျိုးထူးမည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •



www.burmeseclassic.com

www.burmeseclassic.com

## ➤ကြာသပတေးသားသမီးများ

သည့်လကတော့ ဘာမဆို ပြတ်ပြတ်သားသား ဖြေရှင်းရမည့်လ။ လုပ်ကိုင်ရမည့်လ။ ဘာမဆို ရဲရဲဝံ့ဝံ့ ပြတ်ပြတ်သားသားလုပ်ကိုင်ပါ။ ကံဇာတာ ကောင်းနေပါပြီ။ ဆုံးဖြတ်ချက် ခိုင်မာပါစေ။ အိမ်တွင်းရေးလုပ်ငန်း အဲတွင်းရန်ရှိနေသည်။ မေတ္တာသာ ထားပါ။ စီးပွားရေးတွင် ဆင်ပြောင်ကြီး အမြီးကျမှ တစ်ဆို့သလိုဖြစ်တတ်၍ တအားတွန်းကြီးစားပါ။ သတိရှိပါ။ စပ်တူအလုပ်လုပ်ရမည်။ ကောင်းသည်။ စိတ်အနှောင့်အယှက်တချို့ ကြုံပြီးတာနှင့် ကောင်းကျိုးခံစားရမည်။ ကျန်းမာရေးအနည်းငယ် ဂရုစိုက်ပါ။ ဘာမှ အရေးမကြီးတာလေးတွေနှင့် စကားများရတာမျိုး ဆင်ခြင်ပါ။ ယခုမှ သုံးလအတွင်း စီးပွားတက်မည်။ ယခုလ ငွေအထူးဝင်မည်။ ငယ်ရွယ်သူများ ချစ်သူက အတိုက်အခံလုပ်တာ ကြုံမည်။ ဘာမဆို တွန်းတိုက်ပြီး လုပ်ကိုင်ဆောင်ရွက်ပါ။

**ယတြာ။** ။ ဘုရားစင်တွင် ကံ့ကော်ညွှန့်တွေ ဝေနေအောင် လှူထားပါ။ ဘုရားသွားတိုင်း ကံ့ကော်ညွှန့်တွေ ဝေနေအောင် လှူပါ။

**ထီကံစမ်းရန်။** ။ ၉၊ ၂၊ ၇။ ယခုလ "ဒိဝါတပတိ"ဂါထာတော်ကြီးကို နေ့စဉ် ၂၇ခေါက် ပုံမှန်(နံနက်စော) ပူဇော်ပေးပါက မုချ ကောင်းကျိုးထူးပါမည်။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

BURMESE CLASSIC

## ➤သောကြာသားသမီးများ

ယခုလတွင် အပျော်အပါးများဖြင့် ရှုပ်ထွေးတတ်သည်။ အမျိုးသားများ မိန်းမအဖျက်ပေါ်မည်။ အမျိုးသမီးများ ယောကျ်ားလေးအဖျက် ပေါ်မည်။ စုတ်ရော လာဘ်ပါဝင်မည်။ စန်းပွင့်လွန်းသဖြင့် အလုပ်အကိုင်၊ စီးပွားရေးနှင့် အောင်မြင်မှုကိုပါ ထိခိုက်မည်။ အကူအညီကောင်းတွေ ရမည်။ မြေကိစ္စ၊ အိမ်ကိစ္စ ကောင်းကျိုးထူးမည်။ ဆရာသမား အကြီးအကဲတွေ၏ ချစ်ခင်အားကိုးမှုကို ခံရမည်။ စက်ပစ္စည်းတစ်ခုဝင်မည်။ အိမ်အနီးအနား မြွေတွေ့လျှင် ထီထိုးပါ။ ထီပေါက်တတ်သည်။ ငယ်ရွယ်သူများ အချစ်ရေးတွင် အဖျက်ပေါ်မည်။ သို့သော် ကိုယ့်ကို ချစ်သူက အရိပ်တကြည့်ကြည့်ဖြစ်နေမည်။

**ယတြာ။** ။ မေတ္တာဘာဝနာ များများပွားပါ။ အိမ်မှာ ရှိမယ့် ယပ်တော်အဟောင်းတချို့ကို ရေမျှောလိုက်ပါ။ ဘုရားမှာ စံပယ်ပန်းတွေ ဝေနေအောင် လှူပါ။ ထပ်ကာ ထပ်ကာ လှူပါ။

**ထီကံစမ်းရန်။** ။ ၃၊ ၅၊ ၈။ ယခုလတစ်လလုံး နံနက်စောစောထပြီး အသံထွက်ကာ မေတ္တာသုတ်ကို (၈)ခေါက်ရွတ်ပွားပါ။ ကောင်းကျိုးထူးပါအံ့။

• • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • • •

## ➤စနေသားသမီးများ

ယခုလတွင် စနေသားသမီးများ ကိုယ်ကျင့်သီလကို အထူးစောင့်ထိန်းကာ ဘာသာရေးဖိလုပ်ပါ။ စကားအပြောအဆို အထူးသိပ်မွေ့ ချိုသာရမည့်လပါ။ မောက်မာမှုမှန်သမျှ လုံးဝချိုးနှိမ်ပါ။ ရှေးဟောင်းပစ္စည်းရတတ်သည်။ အလုပ်နှင့် လက်မပြတ်အောင် လုပ်နေရမည်။ အလိုလို စိတ်တိုနေတတ်သည်။ ငွေကုန်များမည်။ သို့သော် ချီးမြှင့်မှုတွေ ခံရမည်။ သတင်းကောင်း ကြားရမည်။ ခရီးသွားရမည်။ ထူးခြားသည့် ဓာတ်ပုံများ ရမည်။ မိတ်ဆွေတစ်ဦး မကောင်းကြံနေတတ်၏။ သတိရှိပါ။ ကျန်းမာရေးကတော့ ကောင်းမည်။ စိတ်တိုတာ၊ စိတ်ဒိုက်တာ ပြေပျောက်အောင် လွတ်လပ်ပေါ့ပါးစွာ နေပါ။ ခရီးတိုလေးတွေ များများသွားပါ။ ကိုယ့်ဘာသာ အလိုမကျဖြစ်နေတာသာ ပြင်ပါ။ စကားပြော အထူးချိုသာပါ။

**ယတြာ။** ။ ဘုရားတွင် သပြေပန်းတွေ ဝေနေအောင် လှူပါ။ ရေသပ္ပာယ်ပါ။ နေအိမ်ဘုရားမှာ သောက်တော်ရေ (၄)ခွက် နေ့စဉ် အမြဲလှူထားပါ။

**ထီကံစမ်းရန်။** ။ ၈၊ ၄၊ ၆။ ယခုတစ်လလုံး သမ္ဗုဒ္ဓေဂါထာကို ပုတီးတစ်ပတ်စိပ်ပေးပါ။ ကောင်းကျိုးထူးအံ့။ နီးစပ်ရာ ဘုရားတွေ လှည့်လည်ပြီး ပူဇော်ပါ။

**အားလုံးသဗ္ဗဓါ ချမ်းသာပါစေ**

* * *

www.burmeseclassic.com

www.burmeseclassic.com



# ငါး၊ ငါးရှဉ့်တို့၏ ဆေးမြီးတိုအသုံးများ

ဒေါက်တာအောင်ဆန်းလင်း (ဘီ - အေ)



ကျွန်ုပ်တို့ မြန်မာနိုင်ငံသည် ကျေးလက်တောရွာနေ ပြည်သူလူထုက အများစုဖြစ်ပါသည်။ ထိုလူတို့သည် သွား လာရ ခက်ခဲသော၊ ဝေးလံသော ဒေသများတွင်လည်း ဖြစ် နေတတ်ကာ၊ ကျန်းမာရေးစောင့်ရှောက်မှု လက်လှမ်းမမီ သော နေရာများဖြစ်နေ၍ မလွှဲမရှောင်သာ ရောဂါဝေဒနာ နှင့် ထိခိုက်ဒဏ်ရာရရှိခဲ့လျှင် အခက်ကြုံရလေတော့သည်။

"ကတိသစ္စာ၊ တည်သောခါဝယ်၊ ဩဇာလေးနက်၊ ပေါ်ခီတက်၍၊ နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"ဟု ရှေး လူကြီးတို့ စာဆိုထားခဲ့သည်နှင့်အညီ မိမိတို့ဒေသရပ်ရွာ အခြေပြု နေထိုင်ရာတွင် လွယ်ကူစွာ ရရှိနိုင်ပြီး ငွေကုန်ကျမှု မရှိ၊ ဘေးထွက်ဆိုးကျိုး မရှိသော တိုင်းရင်းဆေး ဆေးမြီးတို နည်းလမ်းများကို သိရှိထားမည်ဆိုက မိမိ၏ ရောဂါဝေဒနာ ကို အချိန်မီ ကုစားနိုင်ကြအောင် သဘာဝ သီးနှံနှင့် သားငါး တို့ကို အသုံးပြုကုသနည်းတချို့ကို အများအကျိုးငှာ တင်ပြ လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

* ဆီးအောင့်၊ ဆီးကျန်၊ ဆီးနည်း၊ ဆီးသွားမရဖြစ်ခဲ့လျှင် လိပ်ကျောက်ဆူးကို အနီရောင်သန်းရုံ မီးကင်ပြီး သံဆုံမှာ ထောင်းပါ။ အမှုန့်တစ်ဇွန်းစာ ရပါက သံပရာရည် (သို့မဟုတ်) အုန်းရည်နှင့် သောက်ပါ။
* ဆီးလမ်းကြောင်း ကျောက်တည်လျှင် ငါးရှဉ့်ကို ခွေးတောက်ရွက်နှင့် ဟင်းချိုချက်သောက်ပါ။
* သည်းခြေ ကျောက်တည်လျှင် ငါးပြေမကို စောင်းလျားသီးနှင့် ဟင်းချက်စားပါ။
* သွေးဝမ်း၊ ဒူလာနှင့် ကျောက်ကပ်ရောဂါဖြစ်လျှင် ငါးရှဉ့်ကို ဆီးဖြူသီးခြောက်နှင့် ဟင်းချက်စားပါ။
* သွေးဝမ်း၊ ဒူလာဖြစ်လျှင် ငါးရှဉ့်သွေးနှင့် သံပရာရည် ရောစပ် ဖျော်သောက်ပါ။
* သွေးဝမ်း၊ ဒူလာ၊ မီးယပ်ဖြစ်လျှင် ငါးရှဉ့်နှင့် ဆီးဖြူသီးကို ကြော်စားပါ။ သို့မဟုတ် ငါးရှဉ့်ပါးနီနှင့် ခွေးသီးကို ရော၍ ကြော်စားပါ။ ဒါမှမဟုတ် ငါးလိပ်ကျောက်(အခြောက်)ကို မီးဖုတ် ထုထောင်းပြီး ပျားရည်နှင့် တို့၍ ဝအောင် စားပါ။
* ခါးကိုက် ခါးနာဖြစ်လျှင် ငါးရှဉ့်ပါးနီခြောက်ကို နူးအောင် ပြုတ်ပြီး နမ်းဖြူနှင့် ထောင်းပါ။ ထို့နောက် ကြက်သွန်နီ၊ ကြက်သွန်ဖြူထည့်ပြီး တစ်နေ့ တစ်ကြိမ် ဟင်းချက်စားပါ။
* သွေးတိုးသော် ငါးကျည်းခြောက်နှင့် ပေါက်ပန်းဖြူရွက်ကို ကြော်စားပါ။ ဒါမှမဟုတ် ငါးခူကို ကေရာင်ရွက် (သို့မဟုတ်) ဩဇာရွက်နုနှင့် ဟင်းချက်စားပါ။
* အဖျားရောဂါရှိလျှင် ငါးရံ့ငါးကို ပေါက်ပန်းဖြူရွက်နှင့် ကြော်စားပါ။ ဒါမှမဟုတ် ဉသျှစ်သီးခွံကို အမှုန့်ပြုပြီး ကျပ်ခိုးနှင့် ရော၍ ရေနှင့် ဖျော်သောက်ပါ။
* ထမင်းစားပျက်နေလျှင် ကြက်ဟင်းခါးသီး မီးဖုတ်ကို ပုစွန်၊ ငါးကင်နှင့် သံပရာရည် (သို့မဟုတ်) ရောက်ရည်သုံးပြီး သုပ်စားပါ။
* အူကျ(ဘောကျ)ဖြစ်သော် ပြည်ကြီးငါးအရိုးကို နေလှန်း၍ ဆန်ဆေးရည်နှင့် သွေးပြီးသောက်ပါ။ လိမ်းလည်း လိမ်းပေးနိုင်ပါသည်။
* သူငယ် နှာပိတ်၊ နှာစေး၊ အသက်ရှူမဝ အခက်အခဲရှိလျှင် ပုစွန်ဆိတ်တစ်ကောင်(ကြီးကြီး)နှင့် ရှိန်းခိုအား အလေးချိန် ဆတူယူပြီး မီးအကျွမ်းဖုတ်၍ အမှုန့်ပြုပါ။ ထို့နောက် နှာနှာရှူပေးပါ။
* ပန်းသေ၊ ပန်းညိုးဖြစ်လျှင် ငါးကြင်းသားကို ထောပတ်၊ ဆီ၊ ဆား၊ နနွင်း သင့်ရုံထည့်ပြီးနောက် ငှက်ပျောဖက်နှင့် မီးဖုတ်စားပါ။ (ခွေးလေးယားသီး အစေ့ကို ထမင်းထဲမှာ အုံပြီး စားပါ။
* တင်းတိတ်များ ပျောက်ကင်းအောင် ကင်းမွန်ငါး၏ ကျောမှ ရရှိသော ရေမြှုပ်ကို ရေနှင့် သွေးပြီး တစ်နေ့ သုံးကြိမ်လိမ်းပါ။ တစ်ပတ် တစ်ကြိမ် ဝမ်းနုတ်ပေးပါ ■

လုံးစုံများစွာ သတ္တဝါ
ချမ်းသာ ကိုယ်စိတ်မြဲပါစေ···

* * *

အောင်ဆန်းလင်း(ဘီ–ဓာ)

မဂ္ဂဇင်း

အယ်ဒီတာအဖွဲ့ ရုံးခန်းနှင့် ဖြန့်ချိရေး
အမှတ်-၁၇၉၊ တတိယထပ်(ဝဲ)၊ (၃၁)လမ်း(အထက်)၊
ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၇၃၀၅၀၄၇၁။

www.burmeseclassic.com

# ပျက်လျှင် ဖြစ်ရသည့် ပျက်မထိ

ဦးကျော် (ပြည်)

မြန်မာ့ရိုးရာအဟောပညာရပ်များထဲမှာ မိမိတို့ရဲ့ မွေးနံ အလိုက် အသက်ကို ရှာပြီး အဟောထုတ်ပေးရတဲ့ ဇနက္က ဟောကိန်းဟာ လူသိများလှပါတယ်။

စိတ်တွက်နှင့်ပင် တွက်နိုင်လောက်အောင် လွယ်ကူသလောက် အတိုင်းအတာတစ်ခုအထိလည်း မှန်ကန်တတ်ပါတယ်။

ဇနက္ကမင်းသား သဘော်တည်ဆောက်သည်မှ စပြီး နန်းစံရသည်အထိ ဖြစ်ရပ်ကို ကိန်းဆင်ထားတဲ့ သဘောဖြစ်တာကို လေ့လာမိသူတိုင်း သိနေပြီးသားပါ။

တည်၊ တွက်၊ ပျက်၊ ကျောက်၊ ထီး၊ နန်း၊ စံ ဆိုပြီး ကိန်းဆင်ထားပါတယ်။

တွက်ယူပုံကတော့ မိမိတို့ရဲ့ မွေးနံဂဏန်းမှာ နှစ်ခုစီတိုးပြီး ရောက်တဲ့နှစ်တိုင်အောင် တွက်ယူသွားရုံပါပဲ။ နှစ်ခုစီတိုးပြီးသား ဂဏန်းများကို ကိန်းဆင် ဇယားထဲမှာ သွင်းမှတ်လိုက်ရုံသာ ဖြစ်ပါတယ်။

ဥပမာ - တနင်္ဂနွေသားသမီး နံသင့်ဂဏန်း (၁)ကို နှစ်ခုစီတိုးရင် ၁၊ ၃၊ ၅၊ ၇၊ ၉၊ ၁၁၊ ၁၃ ဆိုပြီး ရပါမယ်။ ကိန်းဆင်ဇယားနဲ့ သွင်းကြည့်ရအောင်။

| တည် | တွက် | ပျက် | ကျောက် | ထီး | နန်း | စံ |
|---|---|---|---|---|---|---|
| ၁ | ၃ | ၅ | ၇ | ၉ | ၁၁ | ၁၃ |
| ၁၅ | ၁၇ | ၁၉ | ၂၁ | ၂၃ | ၂၅ | ၂၇ |
| ၂၉ | ၃၁ | ၃၃ | ၃၅ | ၃၇ | ၃၉ | ၄၁ |

ဒီပုံစံတွေ့ရပါမယ်။ ဇေဒင်ကို အရွယ်ရောက်ပြီးမှ တွက်သင့်တာမို့ . . .

၁၅နှစ်က "တည်"ကိန်း၊

၁၇နှစ်က "တွက်"ကိန်း၊

၁၉နှစ်က "ပျက်"ကိန်း၊

၂၁နှစ်က "ကျောက်"ကိန်း၊

၂၃နှစ်က "ထီး"ကိန်း၊

၂၅နှစ်က "နန်း"ကိန်း၊

၂၇နှစ်က "စံ"ကိန်း၊

အဲဒီလိုတွေ့နိုင်ပါတယ်။ ရှေ့ကို လိုအပ်သည့် ရောက်သက်တိုင်အောင် နှစ်ခုစီတိုးကာ တွက်သွားနိုင်ပါတယ်။

ခုထိ ကျွန်တော် ရေးပြောခဲ့တာဟာ ဇနက္ကဟောကိန်းရဲ့ တွက်ချက်ပုံကို ရေးပြောရခြင်းဖြစ်ပါတယ်။ အခြားသော နေ့နံသားသမီးများလည်း မိမိရဲ့ မွေးနံဂဏန်းမှာ နှစ်ခုစီတိုးပြီး ဇယားသွင်းသွားလျှင် အဖြေကိန်းထွက်ပါမယ်။

တကယ်တမ်း ဒီစာမူမှာ တင်ပြလိုတာကတော့ တွက်နည်း၊ ဟောနည်းမဟုတ်ပါဘူး။

"ပျက်"ဆိုတဲ့ အကွက်ကိန်းကို ရောက်တဲ့ နှစ်မှာ ဘယ်လိုများ ပြုပြင်နေထိုင် ကာကွယ်သွားလျှင် "ပျက်" သဘာဝက လွန်ပြီး "ပျက်"ရဲ့ ထိခိုက်မှုက လွတ်ကင်းရအောင်ဆိုတဲ့ အစီအရင်တစ်မျိုး၊ အပြုအပြင်တစ်မျိုးကိုသာ ရေးပြောလိုတာ ဖြစ်ပါတယ်။

ပို၍ရှင်းလင်းအောင် ပြောရလျှင် တနင်္ဂနွေသားသမီး

www.burmeseclassic.com

တိုင်းဟာ ဇနက္ကပဟောကိန်းအရ ၁၉၊ ၃၃၊ ၄၇၊ ၆၁၊ ၇၅၊ ၈၉ နှစ်များဟာ ပျက်ကိန်းကျပါတယ်။ ဒါကြောင့် ထိုနှစ်များနဲ့ အနီးစပ်ဆုံး ရှေ့တစ်နှစ်စီနဲ့ ကျတဲ့ နှစ်မှာ ဂရုစိုက်သင့်ပါတယ်။

ပျက်ရဲ့ ပရိယာယ်ကတော့ သဘော်ပျက်တာကို ယူဆထားကိန်းဖြစ်ပါတယ်။ ဒါကြောင့် ထိုနှစ်များမှာ စီးပွားရေးလုပ်ရာမှာ အထူးဆင်ခြင်ပြီး လုပ်သင့်ပါတယ်။ လူမှုရေးကိစ္စများမှာလည်း အဆင်မပြေဖြစ်တတ်သလို စိတ်ရှုပ်ရှာ၊ စိတ်လေလွင့်တာ၊ လုပ်ငန်းဆုံးရှုံးတာနဲ့ အဆင်မပြေမှုတွေ များတတ်ပါတယ်။

ဒီလိုနှစ်မှာ လုပ်ငန်းသစ်တွေ မတိုးချဲ့သင့်ပါ။ အာမခံခြင်းများ သတိပြုပါ။ ငွေကုန်များတတ်ပြီး ပြဿနာပေါ်တတ်ပါတယ်။ လုပ်လက်စ အလုပ်များကိုသာ မေ့ပြီး လုပ်သင့်ပါတယ်။ ဒီလိုပါပဲ . . .

* **တနင်္လာသားသမီးများအဖို့** ၂၀၊ ၃၄၊ ၄၈၊ ၆၂၊ ၇၆ စသော နှစ်များ။
* **အင်္ဂါသားသမီးများအဖို့** ၂၁၊ ၃၅၊ ၄၉၊ ၆၃၊ ၇၇ နှစ်များ။
* **ဗုဒ္ဓဟူးသားသမီးများအဖို့** ၂၂၊ ၃၆၊ ၅၀၊ ၆၄၊ ၇၈ နှစ်များ။
* **ကြာသပတေးသားသမီးများအဖို့** ၂၃၊ ၃၇၊ ၅၁၊ ၆၅၊ ၇၉နှစ်များ။
* **သောကြာသားသမီးများအဖို့** ၂၄၊ ၃၈၊ ၅၂၊ ၆၆၊ ၈၀ နှစ်များ။
* **စနေသားသမီးများအဖို့** ၂၅၊ ၃၉၊ ၅၃၊ ၆၇၊ ၈၁ နှစ်များ။

ထိုနှစ်များဟာ "ပျက်"ကျတဲ့ နှစ်တွေ ဖြစ်ပါတယ်။

ထို့ကြောင့် ဂရက်သားသမီးအားလုံးဟာ မိမိတို့မွေးနံ့အလိုက် ထိုနှစ်များကို ကျရောက်၍ "ပျက်ကိန်း"၏ ထိခိုက်မှုဘေးမှ ကင်းဝေးကြစေရန် အာစရိယ ဩဝါဒလည်း ဖြစ်၊ လက်တွေ့ လုပ်ဆောင်ကြသူတိုင်းလည်း အကျိုးထူးလုပါသောကြောင့် အပြုအပြင် အစီအရင်တစ်မျိုးကို ထိုနှစ်ရောက်လုနီး လပိုင်းအလိုလောက်မှစ၍ တစ်ပိုင်တစ်နိုင်ရှက်ဆောင်နိုင်စေဖို့ တင်ပြပေးပါရစေ။ တကယ်တမ်းသာ လုပ်ဆောင်ပါ။ "ပျက်"၏ဘေးမှ ကင်းဝေးပါလိမ့်မယ်။

**လုပ်ဆောင်ရန်များ**

* ဘုန်းတော်ကြီးကျောင်းများမှ ပျက်စီးနေသော ကုဋီများကို ပြန်လည်ပြုပြင်ပေးရန်။
* မိဘတို့၏ နေအိမ်များ၊ အိမ်သာများ ပျက်စီးနေပါက ပြန်ပြုပြင်ပေးရန်။
* ဆရာတော်ကြီးများအား သင်္ကန်းထပ် အလှူပေးရန်။
* ဗုဒ္ဓဆင်းတုတော်များ၊ စေတီ၊ ပုထိုး၊ ကျောင်းကန်များ ပျက်စီးနေပါက ပြင်ဆင်ပေးရန်။
* မိမိနေထိုင်ရာ နေအိမ်အဝင်ဝ လမ်းတွင် မြေနိမ့်နေပါက မြှင့်ရန်၊ ဖို့ရန်။ ချိုင့်ခွက်များကို ဖြည့်၍ မြေညီအောင် လုပ်ရန်။

အထက်ပါတို့ကို မိမိတို့ အဆင်ပြေနိုင်သရွေ့ လုပ်ပေးသင့်သလို၊ အောက်ပါတို့ကိုလည်း မွေးနေ့အလိုက် လုပ်ပါဟု အကြံပြုပါတယ်။

**တနင်္ဂနွေသားသမီးတိုင်း** မွေးနေ့ညနေတွင် မသန်မစွမ်းသူများကို ငွေကြေးလှူဒါန်းပါ။ **ကူညီပါ။**

**တနင်္လာသားသမီးတိုင်း** မွေးနေ့ညနေတွင် လူသွားလမ်းတစ်နေရာ၌ အုတ်ခဲ ၆လုံး ခင်းပေးပါ။

**အင်္ဂါသားသမီးတိုင်း** မွေးနေ့ညနေတိုင်း ခွေးများကို အစာကျွေးပါ။

**ဗုဒ္ဓဟူးသားသမီးတိုင်း** မွေးနေ့ညနေတိုင်း စိတ်မနှံ့သူကို ဆေးလှူပါ။ သို့မဟုတ် စိတ်ကျန်းမာရေးဆေးရုံသွားပြီး တစ်ခုခုလှူပါ။

**ကြာသပတေးသားသမီးတိုင်း** မွေးနေ့ညနေတွင် ဝက်စာကျွေးပါ။ (သို့မဟုတ်) ယုန်များကို အစာကျွေးပါ။

**သောကြာသားသမီးတိုင်း** မွေးနေ့ညနေတွင် တိရစ္ဆာန်ရုံသို့ သွား၍ မျောက်များကို အစာကျွေးပါ။

**စနေသားသမီးတိုင်း** မွေးနေ့ညနေတွင် ဘုန်းကြီးကျောင်းဝင်းအတွင်း သန့်ရှင်းရေးလုပ်ပေးပါ။

ကဲ - စာဖတ်ပရိသတ်များခင်ဗျား . . .

မိမိရဲ့ အသက်ဟာ "ပျက်"ကိန်းများထဲ ရောက်နေပါက ဖော်ပြပါအတိုင်း ပြင်ကြည့်လိုက်စမ်းပါ။ ပျက်၏ ထိခိုက်မှုဘေးမှ ကင်းဝေးပြီး ပျက်ကျပါစေ၊ မထိခိုက်နိုင်တော့ပါ။ "ပျက်လျှင် ပြင်ကြည့် ပျက်မထိ"ဟုသာ ပြောပါရစေတော့။

* * *

ဦးကျော် (မြည်)



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၄ ခုနှစ်၊ ဇူလိုင်လအတွက်

# လိုအင်ဆန္ဒပြည့်ဝ အောင်မြင်စေမည့်

## (ကာ၊ ကု၊ ဖွင့်) နဝင်းယတြာအစီအရင်များ

**ဆရာ မြတ်ထွင့်ခေါင်** (မြန်မာ့ရိုးရာဗေဒင်ပညာရှင်)

## တနင်္ဂနွေသားသမီးများအတွက်

**ချစ်သူနှင့် အဆင်ပြေစေရန်** - ဗုဒ္ဓဟူးနေ့ နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ်(၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဝါတပ်တိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုကာ မိမိလိုရာ ဆုတောင်းပါ။

**အိမ်ထောင်ရေးအဆင်ပြေစေရန်** - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုကို တောင်းပါ။

**ငွေကြေးအခက်အခဲအတွက်** - စနေနေ့ နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပျဉ်းမ (၉)ညွန့်၊ ထီးနီ (၉)လက်ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**အလုပ်အကိုင်အခက်အခဲအတွက်** - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ပဲပေါင်မုန့် (၅)ခု၊ ကြက်လျှာ (၅)လက်နှင့် ရေသက်စေ့တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

**ကျန်းမာရေးအတွက်** - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကိတ်မုန့်တစ်ခု၊ ကြိုဟ်တံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

**နိုင်ငံခြားခရီးအတွက်** - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆပ်ပြာ (၅)တုံးလှူပါ။

**စီးပွားရေးလုပ်ငန်းများအတွက်** - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သရက်သီး (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

**အိမ်/ ကားရောင်းလိုလျှင်** - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ပျဉ်းမ (၁၉)ညွန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများသို့ ပက်ဖျန်းပါ။

**ထီကံကြမ္မာ** - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## တနင်္လာသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သရက်သီး (၂)လုံးနှင့် ဆူးတံခွန် (၁)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့ နံနက် ၆နာရီခွဲမှ ၇နာရီခွဲအတွင်း ရဟန်းတစ်ပါးအား နန်းကြီးသုပ်လှူဒါန်းပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ပွင့်နှင့် ငြိမ်းတံခွန် (၉)လက်တို့ကို သွားရောက်လှူဒါန်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၆နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး (၈)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံတို့ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - တနင်္လာနေ့မနက် ၉နာရီခွဲမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သပြေ (၆)ညွှန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ရဟန်းတစ်ပါးကို ဆန်(၉)လုံးလှူဒါန်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် လက်ဖက် (၉)ကျပ်သား၊ တံခွန်လုံးအဝါ (၉)လုံးတို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆု တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဇော်စိမ်း (၈)ညွှန့်ကို ဖလားတစ်ခုအတွင်း ထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၂)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (တ)အက္ခရာပါသောထီကို ရွေးထိုးပါ။

BURMESE CLASSIC

## အင်္ဂါသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် နှင်းဆီ (၉)ညွှန့်၊ ထီးနီ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ရွက်လှ(၉)ညွှန့်၊ ထီးဖြူ(၉)လက်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုကို တောင်းပါ။

ငွေကြေးအခက်အခဲအတွက် - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် အုန်းညွှန့်(၉)ညွှန့်နှင့် ကြက်လျှာ (၉)လက်တို့ကို သွားရောက်လှူဒါန်းပြီး လိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက်- ကြာသပတေးနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် သီဟိုဠ်စေ့ (၉)စေ့ကို ဆွမ်းနှင့်တကွ သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - မိမိမွေးနေ့တွင် ဘုန်းကြီးတစ်ပါးကို ရေသန့်တစ်ဘူးနှင့် ခရမ်းသီးနှပ်ဆွမ်းဟင်းတစ်ခွက် လောင်းပါ။

နိုင်ငံခြားခရီးအတွက် - မွေးနေ့တွင် ငွေ (၉၀၀)ကျပ်ကို ဘုန်းကြီးတစ်ပါးအား လှူပါ။

စီးပွားရေးလုပ်ငန်းများအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း ဘုရားတစ်ဆူရှိ မိမိမွေးနံထောင့်တွင် သရက်ရွက် (၉)ရွက်နှင့် ထီးနီ (၉)လက်ကို လှူဒါန်းပြီး လိုရာဆုကို တောင်းပါ။

အိမ်/ကားရောင်းလိုလျှင် - ကြာသပတေးနေ့ နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း နေအိမ်ရှိ ဘုရားတွင် ကော်ဖီတစ်ခွက်နှင့် နှင်းဆီပန်း (၉)ပွင့်ကို လှူဒါန်းပါ။

ထီကံကြမ္မာ - (၃)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ဂ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## ဗုဒ္ဓဟူးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် အုန်း (၉)ညွန့်ကို သွားရောက်လှူဒါန်း၍ ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ရေသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး(၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွန့်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၁၈)ပတ်စိပ်ပါ။

အလုပ်အကိုင်အခက်အခဲအတွက် - အင်္ဂါနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ကိတ်မုန့် (၉)ခု လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆိုပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် မေမြို့ပန်း (၉)ညွန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - သောကြာနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ပိတောက် (၂၉)ညွန့်နှင့် တံခွန်ကုက္ကား (၃)စုံတို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - စနေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ကား ရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သီဟိုဠ် (၆)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၃)ထိပ်စီး၊ (၄)နောက်ပိတ်နှင့် (န)အက္ခရာပါသောထီကို ရွေးထိုးပါ။

BURMESE CLASSIC

## ကြာသပတေးသားသမီးများအတွက်

ချစ်သူနှင့် အဆင်ပြေစေရန် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ကံ့ကော် (၁၅)ညွန့်ကို သွားရောက်လှူဒါန်းပြီး ဒိဗ္ဗတပတိဂုဏ်တော်ကို (၉)ခေါက် ရွတ်ဖတ်ပူဇော်ပါ။

အိမ်ထောင်ရေးအဆင်ပြေစေရန် - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် သီဟိုဠ် (၆)ညွန့်ကို သွားရောက်လှူဒါန်း၍ ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။

ငွေကြေးအခက်အခဲအတွက် - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့်တွင် ဇော်စိမ်း (၈)ညွန့်ကို သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

အလုပ်အကိုင်အခက်အခဲအတွက် - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ဆီးယိုနှင့် ကိတ်မုန့်ဆွမ်းလှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

ကျန်းမာရေးအတွက် - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် လောက်သေ (၉)ညွန့်၊ အမွှေးတိုင် (၉)တိုင်တို့ကို လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။

နိုင်ငံခြားခရီးအတွက် - တနင်္ဂနွေနေ့ ညနေ ၄နာရီခွဲမှ ၇နာရီခွဲအတွင်း အင်ကြင်း (၂၁)ညွန့်ကို တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် သွားရောက်လှူဒါန်းပြီး မိမိလိုရာဆုတောင်းပါ။

စီးပွားရေးလုပ်ငန်းများအတွက် - တနင်္ဂနွေနေ့ နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့်တွင် ပဲပေါင်မုန့် (၉)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။

အိမ်/ ကားရောင်းလိုလျှင် - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ဆီး (၈)ညွန့်ကို ဖလားတစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။

ထီကံကြမ္မာ - (၅)ထိပ်စီး၊ (၅)နောက်ပိတ်နှင့် (ခ)အက္ခရာပါသောထီကို ရွေးထိုးပါ။



www.burmeseclassic.com

www.burmeseclassic.com

## သောကြာသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - သောကြာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ထန်း (၁၀)ညွှန့်လှူဒါန်းပြီး ဒိ ဘပတိဂုဏ်တော် (၉)ခေါက်ရွတ်ဖတ်ပူဇော် |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - တနင်္လာနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် မီးသက်စေ့လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ဆီး(၈)ညွှန့် သွားရောက်လှူဒါန်းပြီး အရဟံဂုဏ်တော်ကို ပုတီး (၂၇)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - ကြာသပတေးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ အင်္ဂါထောင့် တွင် ရေသန့်ဘူး (၄)ဘူး သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆို |
| ကျန်းမာရေးအတွက် | - တနင်္လာနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ထန်းလျက် (၉)ကျပ်သား၊ နှင်းဆီ (၉)ပွင့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ မိမိလိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး | - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ဇီဇဝါ (၇)ညွှန့်နှင့် တံခွန်ကုက္ကား (၃)စုံကို လှူဒါန်း၍ မိမိလိုရာဆုတောင်း |
| စီးပွားရေးလုပ်ငန်းများအတွက် | - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ဆီ (၉)ကျပ်သားကို သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆို |
| အိမ် / ကား ရောင်းလိုသော် | - တနင်္ဂနွေနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း ရွက်လှဲ(၄)ညွှန့်ကို တရော်ကင်ပွန်းနှင့် ဖလား တစ်ခုအတွင်းထည့်၍ မိမိရောင်းလိုသော ကုန်ပစ္စည်းပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြွမ္မာ | - (၆)ထိပ်စီး၊ (၇)နောက်ပိတ်နှင့် (ဆ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

## စနေသားသမီးများအတွက်

| | |
|---|---|
| ချစ်သူနှင့် အဆင်ပြေစေရန် | - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မေမြို့ (၉)ညွှန့်ကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ် ဖတ်ပါ။ |
| အိမ်ထောင်ရေးအဆင်ပြေစေရန် | - စနေနေ့ ညနေ ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေးထောင့် တွင် မီးသက်စေ့သွားရောက်လှူဒါန်းပြီး ဂုဏ်တော်ကိုးပါးဖြင့် ပုတီး (၉)ပတ်စိပ်ပါ။ |
| ငွေကြေးအခက်အခဲအတွက် | - စနေနေ့နံနက် ၉နာရီမှ ၁၁နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ မွေးနံထောင့်တွင် ကံ့ကော် (၁၅)ညွှန့် လှူဒါန်း၍ အရဟံဂုဏ်တော်ကို ပုတီး (၉)ပတ်စိပ်ပါ။ |
| အလုပ်အကိုင်အခက်အခဲအတွက် | - အင်္ဂါနေ့နံနက် ၁၀နာရီခွဲမှ ၁၂နာရီအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္လာထောင့်တွင် ပေါင်မုန့် (၉)ခုကို သွားရောက်လှူဒါန်းပြီး ဒိဝါတပတိဂုဏ်တော်ကို (၉)ခေါက်ရွတ်ဆို |
| ကျန်းမာရေးအတွက် | - ဗုဒ္ဓဟူးနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ စနေထောင့်တွင် ပုလဲပန်း (၉)ညွှန့်၊ ထီးနီ (၉)လက်၊ အမွှေးတိုင် (၉)တိုင်တို့ကို သွားရောက်လှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| နိုင်ငံခြားခရီး | - ကြာသပတေးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ ကြာသပတေး ထောင့်တွင် ပိတောက် (၂၉)ညွှန့်နှင့် တံခွန်ကုက္ကားတစ်စုံလှူဒါန်း၍ လိုရာဆုတောင်းပါ။ |
| စီးပွားရေးလုပ်ငန်းများအတွက် | - တနင်္ဂနွေနေ့နံနက် ၉နာရီမှ ၁၀နာရီခွဲအတွင်း တန်ခိုးကြီးဘုရားတစ်ဆူ၏ တနင်္ဂနွေထောင့် တွင် ပဲပေါင်မုန့် (၅)လုံးလှူဒါန်း၍ ဂုဏ်တော်ကိုးပါးကို (၉)ခေါက်ရွတ်ဆိုပါ။ |
| အိမ်/ ကားရောင်းလိုလျှင် | - ဗုဒ္ဓဟူးနေ့နံနက် ၆နာရီမှ ၇နာရီခွဲအတွင်း သိပ္ပိဋ္ဌ (၂၁)ညွှန့်ကို ဖလားတစ်ခုအတွင်းထည့် ၍ မိမိရောင်းလိုသော ကုန်ပစ္စည်းများပေါ်သို့ ပက်ဖျန်းပါ။ |
| ထီကံကြွမ္မာ | - (၇)ထိပ်စီး၊ (၉)နောက်ပိတ်နှင့် (မ)အက္ခရာပါသောထီကို ရွေးထိုးပါ။ |

*****



www.burmeseclassic.com